www.burmeseclassic.com

ကျေးဇူးရှင်
"မဟာကမ္မဋ္ဌာနာစရိယ"
"အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ"

မောင်းထောင်မြေဗင်းတောရဆရာတော်ဘုရားကြီး

ထန့်နည်းဥဝန့်ထျ

# ဗဓနုဖါရဂူကျမ်း

BURMESE CLASSIC

ဓမ္မာစရိယဦးဌေးလှိုင်
စုစည်းစီစဉ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ဝီရိယအရေးကြီး

ဝီရိယရှိလို့ရှိရင်

မပြီးတာမရှိဘူး၊

မရတာမရှိဘူး၊

ဝီရိယရှိရမှာပေါ့၊

နိဗ္ဗာန်သွားရတဲ့ခရီးဆိုတာ

ဝီရိယ အရေးကြီးတယ်။

မောင်းထောင် - မြေဖြင်းတောရဆရာတော်ဘုရားကြီး

BURMESE CLASSIC

www.burmeseclassic.com


www.burmeseclassic.com




သိဒ္ဓတ္ထဘုရားလောင်း ဒုက္ကရစရိယာကျင့်တော်မူစဉ်
(ဂန္ဓာရလက်ရာ)

www.burmeseclassic.com

www.burmeseclassic.com



ယောဂီပါရဂူကျမ်း၊ သစ္စပါရဂူကျမ်းစသည် ပြုစုတော်မူခဲ့ပြီး၊
ကန်နည်း သမထ – ဝိပဿနာတရားပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့သော
ကန်ရွှေသိမ်တော်တောရဆရာတော်ဘုရားကြီး
( ၁၂၄၁ - ၁၃၂၈ )

www.burmeseclassic.com


www.burmeseclassic.com



သက်တော် (၄၈)နှစ်၊ သိက္ခာတော် (၂၉)ဝါအရ
၁၃၃၁(၁၉၆၉)ခုနှစ် တောထွက်တော်မူ၍ ဧကစာကျင့်သုံးကာ
ပတ္တပိုဏ်ဆွမ်းခံဘုဉ်းပေးတော်မူသော
မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com



(၁-၉-၂၀၀၆) နေ့က ခန္ဓာဝန်ချသွားတော်မူသော
ကျေးရူးရှင် မောင်းထောင်မြေဖင်းတောရ ဆရာတော်ဘုရားကြီး
ဘဒ္ဒန္တသောဘိတ မဟာထေရ်
(၁၂၈၂ - ၁၃၆၈)

www.burmeseclassic.com

www.burmeseclassic.com





မောင်းထောင်မြေဖင်းတောရ ဆရာတော်ဘုရားကြီး၏
မီးမလောင်သော မျက်စုံးတော်နှင့်
သွားတော်၊ အံတော် ဓာတ်မြတ်များအား ဖူးတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com





မောင်းထောင်မြေဖင်းတောရ ဆရာတော်ဘုရားကြီးအား
အန္တိမဈာပန မီးပူဇော်ရာမှ ကြွင်းကျန်ရစ်သော
အသွေးအသားတော်တို့မှ
ဖြစ်ပေါ်လာသော ဓာတ်တော်များ။

www.burmeseclassic.com

www.burmeseclassic.com






မောင်းထောင်မြေဖင်းတောရ ဆရာတော်ဘုရားကြီးအား
အန္တိမစျာပန မီးပူဇော်ရာမှ ကြွင်းကျန်ရစ်သော
အရိုးဓာတ်တော်များ။

www.burmeseclassic.com

www.burmeseclassic.com



မောင်းထောင်မြေဖင်းတောရ ဆရာတော်ဘုရားကြီး၏
မီးမလောင်သော ဦးခေါင်းတော်မှ ဓာတ်တော်၊ အံတော်၊ အသွေးအသား အရိုးတော်
တို့မှဖြစ်သော ဓာတ်တော်များအား ဖူးတွေ့ရစဉ်။

www.burmeseclassic.com


www.burmeseclassic.com



မောင်းထောင်မြေဖင်းတောရ ဆရာတော်ဘုရားကြီး၏
သရီရဓာတ်တော်များအား ဌာပနာထားသော
ဓာတုစေတီတော်

www.burmeseclassic.com

www.burmeseclassic.com



ရန်ကင်းအေးငြိမ်းရိပ်သာ(ပုသိမ်ကြီးမြို့နယ်)ကြီးကို တည်ထောင်ဖွင့်လှစ်ကာ
ကန္တီနည်းသမထ - ဝိပဿနာပြန့်ပွားရေးအတွက် အပြည်ပြည်ဆိုင်ရာ
အာနာပါနကမ္မဋ္ဌာန်းတရားတိုက်ကြီးဖြစ်လာအောင်
ကွယ်လွန်ချိန်အထိ မရပ်မနား ကြိုးစားဆောင်ရွက်ခဲ့သော
ထေရဝါဒဗုဒ္ဓသာသနာပြု - ကျမ်းပြု စာရေးဆရာကြီး
ဓမ္မာစရိယဦးဌေးလှိုင် ( ၁၉၃၁ - ၂၀၀၄ )

www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးရှင်

'မဟာကမ္မဋ္ဌာနာစရိယ'

'အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ'

မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး

ကန္နီနည်းဥပနိသျှ

# ပဋ္ဌာနပါရှုကျမ်း

ဓမ္မာစရိယဦးဌေးလှိုင်

စုစည်းစီစဉ်၍ အမှာနိဒါန်းရေးသည်။

သာသနာ-၂၅၅၀ ကောဇာ-၁၃၆၈ ခရစ်-၂၀၀၆

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်ထုတ်ဝေမှုတ်တမ်း

ရန်ကုန်မြို့

ကမ္ဘာအေး-သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်အတွက်

ဦးလှချို (၀၄၈၂၉)

တိုက်ဂါးအော့ဖ်ဆက်

၁၆၁၊ နှင်းဆီလမ်း၊ ၃၁-ရပ်ကွက်

သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်-က

ပုံနှိပ်ပြီး၊

သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူး

ဦးဓာနည်ဝင်း (မှတ်ပုံတင်အမှတ် - ၀၃၈၄၃ /၀၂၄၀၅)က

တာဝန်ယူထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ပြဝါဒ

မနေ့ကလည်း ဒီလို၊
ဒီကနေ့လည်း ဒီလို၊
ဒီလလည်း ဒီလို၊
ဟိုနှစ်ကလည်း ဒီလို၊
ဒီနှစ်လည်း ဒီလို၊
ကြာလာတော့ ....
အိုနာလို့ - သေတယ်၊
ဘာမှမသိဘူး။
လူ့ဘဝ ရလာတဲ့အခါလေး
သူလို ကိုယ်လို
ကိုယ်လို သူလိုနဲ့ ပြီးရော။

ကျေးရွာရှင်
မောင်းထောင်မြေဇင်းတောရ
ဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

# လုပ်အားခရ

ကိုယ့်လုပ်အားခ

ကိုယ်ဂုဏ်။

ကိုယ့်နေ့အကျက်

ကိုယ်ဂုဏ်၊ ကြိုးစား ။

မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

# ခြံဝါဒ

မနေ့ကလည်း ဒီလို၊
ဒီကနေ့လည်း ဒီလို၊
ဒီလလည်း ဒီလို၊
ဟိုနှစ်ကလည်း ဒီလို၊
ဒီနှစ်လည်း ဒီလို၊
ကြာလာတော့ ....
အိုနာလို့ - သေတယ်၊
ဘာမှမသိဘူး။
လူ့ဘဝ ရလာတဲ့အခါမှလေး
သူလို ကိုယ်လို
ကိုယ်လို သူလိုနဲ့ ပြီးရော။

ကျေးရွာရှင်
မောင်းထောင်မြေဇင်းတောရ
ဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

**မရှိ**

**လူ့ဘဝလောက်**

**အပိုးတန်တဲ့ ဘဝ**

**မရှိဘူး ။**

**မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီး**

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဗန်းမော်ဆရာတော်ဘုရားကြီးအမှာစာ | ဃ |
| | ကျေးဇူးစကား | ဇ |
| | အရိယာနယ်မြေသို့ ခြေတစ်လှမ်း (ရှေးဦးရှုဖွယ်) | ၎ |
| | ကိုယ်တွေ့ဖြစ်အောင်ကြိုးစား | ၃ |
| | တရားဘာဝနာ အခြေကောင်းသော်လည်း | ၁၆ |
| | နောက်ကျတယ်ဆိုတာ မရှိ | ၂၆ |
| | အဟုတ်ကြောက်ရင် အဟုတ်လှုပ် | ၄၂ |
| | ထိုင်တာနဲ့ ကုသိုလ်ရနေ | ၅၂ |
| | မခိုနဲ့ မကတ်နဲ့ | ၇၀ |
| | ဓမ္မစကျွ | ၈၀ |
| | မျှော်နေစရာမလိုဘူး | ၈၄ |
| | တရားအားမထုတ်သူဘဝရှုံး | ၉၀ |
| | အေးတာအားကြီးတော့ ပျင်း | ၉၇ |
| | ဘုရားပေးတဲ့ဆု | ၁၀၂ |
| | မဖြစ်မရှိဘူး၊ မရတဲ့လူ မရှိဘူး | ၁၀၇ |
| | သွားပြီးမစမ်းနဲ့ | ၁၂၄ |
| | မဆုံတဲ့သူကို မပြောရဘူး | ၁၃၈ |
| | ခိုင်းလို့ရတိုင်း တအားမခိုင်းနဲ့ | ၁၄၆ |
| | သူလိုကိုယ်လိုနဲ့ပြီးရော | ၁၅၂ |
| | ကိုယ်ဖူးရတာတွေ စာအုပ်ထဲရေးမှတ်ထား | ၁၇၁ |
| | အားထုတ်ရင်လွတ်နိုင်ကျွတ်နိုင်သေးတယ် | ၁၈၈ |


www.burmeseclassic.com

www.burmeseclassic.com


ဘဝတန်ဖိုးဖြတ်လို့မရ ၁၉၂
စေတနာ-သဒ္ဓါ တန်ဖိုးဖြတ်မရ ၁၉၈
တစ်သက်လုံးရဲ့သမိုင်း ၂၁၃
ကိုယ့်စေတနာအတိုင်းအကျိုးပေးတယ် ၂၄၈
အလွန့်အလွန်ခဲယဉ်း ၂၅၈
ဘုရားကကယ်မှာမဟုတ် ၂၆၁
ဒါမှဆွေမျိုးအစစ် ၂၇၃
ဘယ်တုန်းကမှ မကြုံခဲ့ဖူးဘူး ၂၉၁
စိတ်ဓာတ်မကျနဲ့ ၃၀၆
မခက်တာကို ခက်တာထင်နေ ၃၁၇
အကြောင်းကောင်းမှ အကျိုးကောင်း ၃၂၉
'ငါ'မပါစေနဲ့ ၃၄၅
ဖြစ်ချင်တာအကုန်ရ ၃၅၈
ဒါတွေကအပိုတွေ ၃၇၀
ဝီရိယရှိရင် မရမရှိ ၃၈၁
ကြည်ညိုအံ့ဩမဆုံး ၃၉၂
ဗိုလ်ငါးပါးလက်ကိုင်ထား ၃၉၈
ယထာဘူတလမ်းမှန်ကျမှ ၄၁၈
ကမ္ဘာဖျက်မီးထက်ဆိုး ၄၂၈
ဘာနဲ့မှမလဲနိုင် ၄၂၇
သုမ္မောဇရပ်နဲ့ဝေဇယန္တာပြာသာဒ် ၄၃၁
ဗုဒ္ဓမ္မအစိန္တေယျ ၄၃၆
ရောက်ဖူးမှသိ ၄၄၆
တစ်သက်လုံးပြောလို့မကုန် ၄၄၉
အရင်က,လေတွေနဲ့မတူ ၄၆၂
နဂါးပြည်ကစွယ်တော်အရှည် ၄၆၉
မိမှ မမိဘဲကိုး ၄၇၉
ကိုယ်တိုင်အားထုတ်တော့ ပိုသိရ ၄၈၇
မကြောက်ဘူးတဲ့ ၄၉၂
ပုံတော်မှန်းမျှော် ဂုဏ်တော်လွှမ်းဖော် ၄၉၆


www.burmeseclassic.com

www.burmeseclassic.com


ဘုရားဆေးစားလို့မမှား ၅၀၄
သူတော်ကောင်းကြီးတွေရဲ့အကျင့် ၅၁၀
ဖတ်တဲ့သူသဒ္ဓါတရားဖြစ် ၅၁၉
ထိ-သိ သတိ ဆန္ဒပြည့် ၅၂၀
ကံထူးတွေပါလို့ဖူးရ ၅၂၂
သမ္မသနညာဏ် (နာမပရိဂ္ဂဟ) ၅၃၈
သူ့ဟာသူသိလာ (သမ္မသနညာဏ်) ၅၄၉
အသစ်ကံဖြစ်အဟောင်းကံပျက်(ပစ္စယပရိဂ္ဂဟ) ၅၅၄
ဝိပဿနာအကျိုးတကယ်ခိုင်ခံ့ ၅၆၃
မဖြစ်ပါမှ ငြိမ်းအေးရ (သမ္မသနညာဏ်) ၅၇၀
အိမ်ရှေ့မင်းသားဘဝရောက်ပြီ ၅၇၆
ဥဒယဗ္ဗယညာဏ် ၅၈၇
ဘင်္ဂညာဏ် ၅၈၉
သံသရာတစ်ခွင်လုံးကျင်လည်နေရ ၅၉၁
ဖြစ်တာမှန်သမျှ ပျက်ကြရ (ဘင်္ဂညာဏ်) ၅၉၄
သံဝေဂရစရာကောင်းတယ် (ဘယညာဏ်) ၅၉၇
ဘယညာဏ် ၆၁၁
ငါတစ်နေ့သေရဦးမည် (ဘယညာဏ်) ၆၂၄
အာဒီနဝညာဏ် ၆၃၄
နိဗ္ဗိဒါညာဏ် ၆၃၈
မုဉ္စိတုကမျတာညာဏ် ၆၅၃
ပဋိသင်္ခါညာဏ် ၆၆၀
ဇာတိရလာ မသက်သာ ၆၆၃
သင်္ခါရုပေက္ခာညာဏ် ၆၇၃
ထပ်ပြီးတော့ ပွားများကြ ၆၈၁
အားထုတ်ဖူးမှသိ ၆၈၄
ဂုဏ်တော်ပွားပြီးမြစ်ကြီးကူး ၆၉၁
အနုလောမညာဏ် ၆၉၅
လမ်းမတော်ကြီး ၆၉၇


မာတိကာပြီး၏

www.burmeseclassic.com

www.burmeseclassic.com

# လုပ်အားခရ

ကိုယ့်လုပ်အားခ

ကိုယ်ရတာ။

ကိုယ့်နေ့စွက်

ကိုယ်ရတာ၊ ကြိုးစား ။

မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com


အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ဒု–ပါမောက္ခချုပ်
(အဂ္ဂမဟာပဏ္ဍိတ)
**ဗန်းမော်ဆရာတော်ဘုရားကြီး၏**
**အမှာစာ**

မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး၏ ပဋ္ဌာနပါဠိရဂုဏ်ကျမ်းကို ဖတ်ရှုကြည့်ပါသည်။ ဆရာတော်ဘုရားကြီးနှင့် ယောဂီပုဂ္ဂိုလ်တို့ တွေ့ရှိချက်တွေကို မေးဖြေနေတာ တွေ့ရှိရသည်။ အချို့အချက်အလက်တွေကို ဆရာတော်ဘုရားကြီးက နည်းလမ်းမှန်အောင် ဖြည့်စွက်ပြင်ဆင်ပေးသည်ကို တွေ့ရသည်။

အာနာပါနကမ္မဋ္ဌာန်းမှ အနုလောမဉာဏ်အထိ ရှင်းလင်းပြသည်ကို တွေ့ရှိရသည်။ ဤစာအုပ်၌ ထူးခြားချက်မှာ အာနာပါနကမ္မဋ္ဌာန်း အားထုတ်ပြီး နိမိတ်တွေရလာသည်။ ၎င်းရလာသော နိမိတ်ကို ကြီးထွားအောင် ခိုင်မြဲအောင် အားထုတ်ပြီး, ၎င်းနိမိတ်ဖြင့် အနီးအဝေး ဘုရားစေတီများကို ဖူးခွင့်ရခြင်း ဖြစ်ပေသည်။

ဤကဲ့သို့ ဘုရားစေတီများကို ဖူးလို့ရပါသလား ? ဟု မေးဖွယ်ရှိ၏။ ထေရဝါဒကျမ်းစာတွေထဲမှာ ဤလိုနည်းတွေ ပါပါရဲ့လား – ဟုလည်း မေးဖွယ်ရှိ၏။ အောက်ပါ အရုဏဝတီသုတ္တန်ပါဠိတော်နှင့် အဋ္ဌကထာလာ အဖွင့်များကို ကြည့်ရှုလေ့လာလျှင် ရှင်းသွားပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

ဤကမ္ဘာမှ ပြန်၍ရေသော် နောက် ၃၁-ကမ္ဘာထက်၌ သိခီမြတ်စွာဘုရား ပွင့်တော်မူသည်။ သိခီဘုရားရှင်အား အဘိဘူနှင့် သမ္ဘဝ-ဟူသော အဂ္ဂသာဝက ရဟန္တာ ၂-ပါး ရှိသည်။ တစ်ရံရောအခါ သိခီမြတ်စွာဘုရားနှင့် လက်ယာတော်ရံ အဘိဘူ ရဟန္တာတို့သည် ဗြဟ္မာ့ဘုံသို့ ကြွသွားကြသည်။ သိခီမြတ်စွာဘုရား၏ စေခိုင်းချက်အရ အဘိဘူရဟန်းသည် အောက်ပါ ၂-ဂါထာကို စကြဝဠာတစ်ထောင် အတွင်းရှိ သတ္တဝါအားလုံး ကြားအောင် မြင်အောင် ဟောကြားလေသည်။

အာရမ္ဘထ နိက္ခမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ၊
ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။
ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟဿတိ၊
ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။(သံ၊၁။၁၅၈-၉)

ယခုခေတ် ရုပ်လွှင့် သံလွှင့် စက်များဖြင့် တစ်ကမ္ဘာလုံး ကြားအောင် မြင်အောင် ထုတ်လွှင့်သကဲ့သို့ အဘိဘူရဟန်းသည် တန်ခိုးဖြင့် ကြားအောင် မြင်အောင် ထုတ်လွှင့်ခဲ့လေသည်။

ဤနေရာ၌ အဋ္ဌကထာဆရာတော်က အဘိဘူရဟန်း ထုတ်လွှတ်ပုံကို ဖွင့်ပြထားသည်မှာ-

အဘိဘူရဟန်းသည် ရှေးဦးစွာ 'နီလကသိုဏ်းစျာန်'ကို ဝင်စား၍ နီလကသိုဏ်းနိမိတ်ဖြင့် စကြဝဠာတစ်ထောင်ကို ဖြန့်လိုက်သည်။ ထိုအခါ စကြဝဠာတစ်ထောင်လုံး ညကဲ့သို့ ဖြစ်သွားသည်။ မှောင်သွားသည်။

ထို့နောက်မှ 'ဩဒါတကသိုဏ်းစျာန်' ဝင်စား၍ ဩဒါတကသိုဏ်း နိမိတ်ဖြင့် စကြဝဠာတစ်ထောင်ကို ဖြန့်လိုက်သည်။ ထိုအခါ စကြဝဠာတစ်ထောင်လုံး နေကဲ့သို့ လင်းထိန်သွားသည်။ ထိုအခါမှ ယခင် 'အာရမ္ဘထ-

www.burmeseclassic.com

www.burmeseclassic.com



နိဂ္ဂမထ'စသည့် ၂–ဂါထာကို ဟောကြားရာ အားလုံးသော သတ္တဝါတို့ အဘိဘူရဟန်း၏ ရုပ်အဆင်းကိုလည်း မြင်ရသည်။ တရားသံကိုလည်း ကြားကြရသည်–ဟု အဋ္ဌကထာဆရာ ဖွင့်ပြသည်။

မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီး၏ နည်းသည်လည်း အရုဏဝတီသုတ် အဋ္ဌကထာဖွင့်နှင့် ညီညွတ်သဖြင့် ယုံကြည်စိတ်ချစွာဖြင့် အားထုတ်သင့်ကြပေသည်။

အကယ်၍ ဘုရားမဖူးချင်လျှင်လည်း မိမိခန္ဓာကိုယ်ရှိ ၃၂–ကောဋ္ဌာသ အာရုံများကို အာနာပါနနိမိတ်ဖြင့် ထိုးကြည့်ပြီး ရုပ်နာမ်ဖြစ်ပျက်ကို ရှုလျှင်လည်း အလွန်တရာမှ ကြည်လင် ပြတ်သားစွာ ဖြစ်မှုပျက်မှုများကို မြင်နိုင်ပါသည်။ အာနာပါနသမာဓိနှင့် ကသိုဏ်းနိမိတ်တို့၏ အကူအညီဖြင့် ဝိပဿနာရှုလျှင်လည်း ဝိပဿနာသက်သက်ထက် ပို၍ ကောင်းပါသည်။ ထို့ကြောင့် မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီး၏ 'ပဓာနပါရဂူ' ကျမ်းကို ကြည့်ရှု၍ တရားအားထုတ်လိုသူများ စိတ်ချ လက်ချ ယုံကြည်စွာဖြင့် အားထုတ်သင့်ကြပေသည်။

ဗန်းမော်ဆရာတော်

(အဂ္ဂမဟာပဏ္ဍိတ)၊

အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ဒု–ပါမောက္ခချုပ်။

www.burmeseclassic.com

www.burmeseclassic.com



# ကျေးဇူးမော်ကွန်း

စာအုပ်ဖြစ်မြောက်လာစေရန် အဘက်ဘက်ကနေ၍ကူညီ ဆောင်ရွက် အားပေးကြသော သဒ္ဓမ္မဇောတိကဖောင်ဒေးရှင်း (အထက်မြန်မာပြည်)၊ ရန်ကင်းအေးငြိမ်းရိပ်သာဂေါပက အဖွဲ့ ဝင်များ၊ယောဂီကြည့်ကြပ်ရေး တာဝန်ရှိ ပုဂ္ဂိုလ်များ၊ လက်ထောက် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဥတ္တမ၊ ဆရာတော် ဦးမင်္ဂလ၊ ဆရာတော်ဦးသောပါက၊ ဆရာတော်ဦးကေလာသ၊မောင်းထောင် မြေဖြင်းတောရ ရုပ်/သံစာပေအဖွဲ့၊ ပစ္စည်းလေးပါးအလှူ့ရှင်များ၊ ဝေယျာဝစ္စ အလှူ့ရှင်များ၊ ရန်ကင်းတောင်တော်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ ၊ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ကွန်ပျူတာစာစီ၊ ဖလင်၊ ဒီဇိုင်း၊ ပုံနှိပ်တိုက် စသည်တို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အထူးသဖြင့် တရားတိပ်ခွေများ သွင်းယူပေးကြသော ပင်မကျောင်းဒကာ–ဦးသိန်းအောင်၊ဦးဆွေ၊ဦးသန်းဝင်း.....စသော ပုဂ္ဂိုလ်များ၊ တရားတိပ်ခွေမှ စာမူဖြစ်အောင် ကူးယူပေးကြသူများ၊ ဤကျမ်းစာနှင့်ပတ်သက်သော ကျေးဇူးတင်ထိုက်သူများနှင့် စာအုပ် ဖြစ်မြောက်အောင် ဆောင်ရွက်ပေးသော ဦးညွန့်တင်(စိတြ) စသည်တို့အား ကျေးဇူးတင်မဆုံး ဖြစ်ရပါကြောင်း ဂုဏ်ပြု မော်ကွန်း ပြုအပ်ပါသည်။

ဗုဒ္ဓအသံစာပေမိသားစု

www.burmeseclassic.com

www.burmeseclassic.com



## အရိယာနယ်မြေသို့ ခြေတစ်လှမ်း

"အာနာပါနကမ္မဋ္ဌာန်းသည် အလေးအမြတ်ပြုအပ်သော ဘာဝနာ ကမ္မဋ္ဌာန်းတရားကြီးပေတည်း။ ဘုရား-ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ သားတော်ဖြစ်ကုန်သော ယောကျ်ားမြတ် အာဇာနည်တို့၏သာလျှင် နှလုံးသွင်းရာဖြစ်၏။ထိုမှတစ်ပါး အခြားသူတို့၏ နှလုံးသွင်းရာ မဟုတ်ချေ။" (ပဋိသံ၊ဋ္ဌာ-၉၈)

မွေးသည်မှစပြီး အသက်ခန္ဓာ ကုန်ဆုံးသည်တိုင်အောင် မရပ်မနား ရှူလိုက်-ရှိုက်လိုက်ဖြင့် ထွက်သက်-ဝင်သက်ကို ကျွန်ုပ်တို့ အသုံးချခဲ့ကြ၏။ အသက်ရှင် နေထိုင်ရန်မှတစ်ပါး အခြားအကြောင်း မရှိ။ကောင်းသည့်အနံ့အသက်ကိုရလျှင် ရှင်မြူးပြီး၊မကောင်းသည့် အနံ့အသက်ကို ခံစားရလျှင် အောင့်သက်သက်ဖြစ်ကြစမြဲ။

တရားစခန်းအသီးသီးတို့မှ လမ်းညွှန်ပြလိုက်သော တစ်ရှူ-တစ်ရှိုက်တို့၏ ကျေးဇူးကြောင့်သာ ကျွန်ုပ်တို့ အသက်ရှူချောင်ကြရခြင်း ဖြစ်ပါ၏။ တစ်နည်းဆိုရသော် ထွက်သက်-ဝင်သက်တို့၏ ကျေးဇူးကြီးမားပုံကို သိရှိရခြင်းဖြစ်ပါ၏။ သို့သော် ထွက်သက်-ဝင်သက်၏ အခြေခံ သဘောမျှကိုသာ သိရှိရခြင်းဖြစ်ပြီး လောကီ-

www.burmeseclassic.com

www.burmeseclassic.com



လောကုတ္တရာ နှစ်ဖြာသော အကျိုးကျေးဇူးများပုံကို ကောင်းကောင်း သဘောမပေါက်နိုင်ခဲ့သေးပါ။

ခေတ်ကာလ ရွေ့လျား တိုးတက်လာသည်နှင့်အမျှ ခေတ်မီ သင်ထောက်ကူ ပစ္စည်းမျိုးစုံတို့ကလည်း နေရာယူလာကြ၏။ မြတ်ဗုဒ္ဓ၏တရားတော်များကလည်း နောက်ကျ မကျန်ရစ်။ ခေတ်နှင့်အညီ ရင်ပေါင်တန်း လိုက်လာနိုင်၏။ သိပ္ပံနည်းကျလေလေ၊ ဗုဒ္ဓ၏ တရားတော်များနှင့် အံဝင်ခွင်ကျရှိလေ ဖြစ်လာ၏။ သန္နိဋ္ဌိက (လက်တွေ့) ဖြစ်လာ၏။သိပ္ပံနည်းကျ လက်တွေ့မှပဟုဆိုသော ဖီလော်ဆော်ဖာကြီးတွေ အကြိုက်တွေ့လာကြ၏။ကမ္ဘာ့လူသားတို့ မျက်စိအမြင် ပွင့်လာကြလေပြီ။

ကမ္ဘာကတောင်းဆိုလာသော ခေတ်မီဘာသာရေး ယုံကြည် ကိုးကွယ်မှုဆိုင်ရာ သဘောတရား အနှစ်သာရ ပြည့်ဝရုံမျှမက၊ လက်တွေ့လိုက်နာနိုင်လျှင် စိတ်ချမ်းသာစေပြီး၊တဒင် ငြိမ်းအေးမှုကို ခံစားရသူတွေ ပေါ်များလာရာ အဆီဩဇာပြည့်နှက်နေသော ဗုဒ္ဓတရားတော်များအပေါ် မျက်နှာမူလာကြခြင်းမှာ မထူးဆန်း။

ခြုံ၍ဆိုရသော် ကျွန်ုပ်တို့၏ 'အသိ နှင့် အရှိ' မကိုက်ညီ ခဲ့ရခြင်းကို သဘောပေါက်လာမိ၏။'ပညာနှင့် သညာ'ကို နားလည် ခံစားလာမိ၏။'အသိ နှင့် အကျင့်' ကို မခွဲခြားနိုင်ခဲ့မှုသည်လည်း အပြစ်တစ်ရပ်ဟု ဆိုနိုင်၏။ 'အသိ–အရှိ ၊ ကိုက်ညီဘိ၊ ရ၏ မင်္ဂလာဖိုလ်ဆင့်' ဆိုသော ဩဝါဒ ဥပဒေသ တစ်ရပ်ကလည်း ကျွန်ုပ်တို့၏ အားနည်း ချွတ်ယွင်းမှုကို ထောက်ခံလျက်ရှိနေပြန်၏။ ဟိုဟာကောင်းနိုးနိုး သည်ဟာကောင်းနိုးနိုးဖြင့် ဝက်ပါထောင်ချောက် အတွင်း သက်ဆင်းခဲ့ရသည်မှာလည်း အကြိမ်ကြိမ်ပင်ရှိခဲ့ပြီ။

www.burmeseclassic.com


သည့်တိုင်အောင် မင်္ဂလိဖိုလ်ရဖို့ ဝေးစွာ၊လောကုတ္တရာ အစော်ပင် မနံ့ချင်သေး။

ရန်ကင်းအေးငြိမ်းရိပ်သာ ဖွင့်လှစ်ချိန်မှစ၍ အနီးကပ်ကြီးကြပ်သူအဖြစ် ဆောင်ရွက်ရင်း အချိန်ရသမျှ ရှုမှတ်ပွားများနိုင်ခဲ့၏။နောင်တော်ကြီး(မြေဖင်းတောရဆရာတော်)အား အမှီရရှိသဖြင့် ချမ်းချမ်းသာသာ လွယ်လွယ်ကူကူပင် အားထုတ်နိုင်ခဲ့၏။ နောင်တော်ကြီး၏ ဟောပြောချက်တို့ကိုလည်း မကျ,မကျန်ရအောင် ကျောင်းဒကာ–ဦးသိန်းအောင်၊ ဆရာဦးသန်းဝင်း၊ ဆရာကိုဆွေတို့၏ အကူအညီဖြင့် တိတ်ခွေသွင်းယူနိုင်ခဲ့၏။

အဆိုပါဟောပြောချက်များကို စုပေါင်းပြီး၊မြေဖင်းတောရဆရာတော်ဘုရားကြီးရေးသားရန်ကြံရွယ်ထားသည့်'ပဓာနပါရဂူကျမ်း' ဖြစ်မြောက်လာနိုင်မည်ဟု သတိပြုမိ၏။ သမထရော ဝိပဿနာပါ အမြင်သန်လှသဖြင့် ထိထိရောက်ရောက် အားထုတ်လိုသူတို့အတွက် အလွန်အဖိုးတန်လိမ့်မည်ဟု မျှော်မှန်းတွက်ဆမိပါ၏။အခြေအနေ အချိန်အခါအရ ထွက်ပေါ်သင့်သော ကျမ်းမြတ်တစ်စောင်အဖြစ်လည်း ဂုဏ်ယူစရာ ဖြစ်ကောင်း ဖြစ်နိုင်ပါလိမ့်မည်။ ရေရှည်မဟုတ်ဘဲ၊ အချိန်တိုအတွင်း ရုပ်နာမ်ဖြစ်ပျက်ကို တစ်တစ်ခွခွ ကျကျနန ပြသနိုင်ခဲ့သော ဤကမ္မဋ္ဌာန်းနည်းကျင့်စဉ်တရားမှာ ဗုဒ္ဓတရားတော်နှင့် မဆန့်ကျင်ရုံမျှမက၊ဗုဒ္ဓအလိုတော်ကျ ကျင့်စဉ်ဖြစ်ကြောင်း ပညာရှင် အသီးသီးတို့က အသိအမှတ်ပြုခဲ့ကြပြီးလည်း ဖြစ်ပါ၏။နိုင်ငံရပ်ခြားကိုင်းတစ်ပါးသားတို့အား ပြသရာ၌ များစွာပင် အထောက်အကူပြုနိုင်မည့် ကျင့်စဉ်တစ်ခုလည်း ဖြစ်နိုင်ခြေ ရာနှုန်းပြည့်နီးပါး ရှိလိမ့်မည်ဟု ခန့်မှန်းတွက်ဆမိပါ၏။

ဝမ်းသာမှု၊ကျေနပ်မှု ပီတိတဝေဝေဖြစ်နေရပါသော်လည်း ကျွန်ုပ်၏ကျန်းမာရေးမှာ လွန်စွာပင် ချည့်နဲ့နေ၏။ယောဂီများအား

www.burmeseclassic.com

www.burmeseclassic.com

တာဝန်ယူကြီးကြပ်နေရသော်လည်း ဟန်သာရှိပါတော့သည်။ရေရှည် နာလန်ထူနိုင်ဖို့ မလွယ်ကူတော့ပါ။

သို့ဖြစ်၍ အချိန်တိုအတွင်း မှတ်တမ်းတင်ထားနိုင်ရန် စာအုပ်ထုတ်ဝေဖို့ စီစဉ်ရပါ၏။ကိုယ့်တွေ့မျက်မြင် မှတ်တမ်းတင်နိုင်ခဲ့သော တရားအတွေ့အကြုံစာအုပ်ဆို၍ များများစားစားမရှိကြပါ။ ကျွန်ုပ်တို့ ထုတ်ဝေခဲ့သော 'ဓမ္မရသ' စာအုပ်ကလေးများကိုသာ ဖတ်ရှုကြရင်း တရားအာသာ ဖြေနေကြရသည်ကို ကိုယ်ချင်းစာမိပါ၏။တစ်ဝကြီး ဖတ်ရှုစေလိုသော ကျွန်ုပ်၏ အာသီသမှာလည်း မပြည့်ဝသေးပါ။

ကိုယ်တိုင် အားထုတ်ရသည်ကိုလည်း အားမလို အားမရ ခံစားရပါ၏။ မိမိသိသလို၊ မိမိမြင်သလို ဓမ္မမိတ်ဆွေတို့ကိုလည်း ခံစားစေချင်သည့် စေတနာများ လျော့ပါးသွားသည်ဟူ၍ မရှိ။ မိတ်ဆွေကောင်းတို့၏ ဝတ္တရားအတိုင်း မကွယ်မဝှက် ထပ်ဆင့် ပြောပြချင်၊ ဝေငှချင်နေမိ၏။

ယခင်အခါက ဤကဲ့သို့ နည်းမှန်လမ်းမှန်ပြသပေးနိုင်သော ဆရာကောင်း၊ ကမ္မဋ္ဌာန်းနည်းပြကောင်းများ မရှိခဲ့ကြပါ။ ရှိပါသော်လည်း မိမိမိမိတို့၏ အပွိစ္စတာဂုဏ် စသည်တို့ကြောင့် ထိမ်ဝှက်ထားခဲ့ကြ၏။နည်းပေးရုံမျှလောက်သာ သိမ်သိမ်မွေ့မွေ့လေး ရှင်းလင်းပြခဲ့ကြပါ၏။

ယခုတော့ ခရေစေ့တွင်းကျ နှိုက်နှိုက်ချွတ်ချွတ် ခဲခဲကပ်ကပ် ပြသပေးလိုက်ရာ၊အားထုတ်ကြရသည့် ယောဂီတို့မှာ အံ့သြ ဝမ်းသာမဆုံး ခံစားကြရ၏။ရာသက်ပန် ဥပုသ်သီတင်း စောင့်သုံးပါတော့မည်၊အကုသိုလ် မဖြစ်ရအောင် ရာသက်ပန် သီလစောင့်ထိန်းပါမည်၊အကုသိုလ်ဟူသမျှ မြူမျှမခအောင် နေထိုင်ပါမည်..စသော ခံဝန်ချက်များကိုပင် ခံညီသူ တစ်ဦးတစ်ယောက်၏ တိုက်တွန်း လှုံ့ဆော်မှုမျှ မပါပဲ မိမိတို့၏ဆန္ဒအလျောက် လျှောက်ထားသွားကြ

www.burmeseclassic.com


သဖြင့် ပီတိများ ထပ်ဆင့်ကာ ခံစားရပါ၏။

လွန်စွာပင် ကျေးဇူးတင်ထိုက်သော၊ကိုယ်ကျိုးမငဲ့ဘဲ အများအကျိုး ရှေ့ရှုသည်ဟု ဆိုနိုင်သော၊ လောကုတ္တရာ ဓမ္မရတနာ အမွေအနှစ်များကို မျှဝေပေးသူ-ဟု ဆိုနိုင်သော မြေဖြင်းတောရ ဆရာတော်ဘုရားကြီး၏ကျေးဇူးတော်တို့မှာ ဆပ်၍ပင်မကုန်နိုင်။ ဘုရားရှင်အား မျက်မြင်ကိုယ်တွေ့ ဖူးမြင်ရသူတွေပင် ရှိလာခဲ့ရာ ပို၍ပင် ဂုဏ်ယူအားတက်ဖွယ် ဖြစ်လာခဲ့ပေပြီ။

သို့သော် ဤစာအုပ်တွင် ယောဂီတို့၏အမည်များကို ဖော်ပြမထားပါ။တရားကြီးကြပ်သူတို့ ပြောသံဆိုသံ အချို့လည်း ပါဝင်နေပါ၏။မြေဖြင်းတောရဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် စစ်ဆေး မေးမြန်း ရှင်းလင်း ဟောကြားချက်တို့မှာ ကမ္မဋ္ဌာန်းနည်းပြ ဆရာများအတွက်လည်း အထောက်အကူ ဖြစ်နိုင်ပါလိမ့်မည်။ ယောဂီတို့အတွက်လည်း မှတ်တမ်းသဖွယ် ဖြစ်နိုင်ပါသည်။ တရားအားထုတ် ကျင့်ကြံလိုကြသော ဓမ္မမိတ်ဆွေတို့အတွက်လည်း ဘဝတစ်သက်တာ အဖော်မွန်ကောင်း, လက်ဆောင်ကောင်း ဖြစ်ပါလိမ့်မည်။

**ရန်ကင်းတောင်ခြေ ရန်ကင်းအေးငြိမ်းရိပ်သာ ပထမအကြိမ် ဓာရားစခန်း (၉-၄-၀၃)မှ(၇-၆-၀၃) နေ့အထိ ဖွင့်လှစ်စဉ်က မှတ်တမ်းတင်ထားသည့် ယောဂီစစ်တမ်း အမေး-အဖြေများ ဖြစ်ပါ၏။ထို့ကြောင့် သာသနာတော်အတွက်လည်း မှတ်ကျောက်တင် ခံနိုင်သည့် ပဋိပတ်ဂန္ထဝင် ကျမ်းမြတ်တစ်ဆူ ဖြစ်နိုင်ပါလိမ့်မည်။**

ပို၍ ထင်ရှားစွာ သိရှိလိုပါက ကျွန်ုပ်တို့ ထုတ်ဝေခဲ့ပြီး ဖြစ်သော 'ဓမ္မရသ'စာအုပ်နှင့် တွဲဖက်ဖတ်ရှုကြစေလိုပါ၏။

www.burmeseclassic.com

www.burmeseclassic.com


သို့တိုင် ကျွန်ုပ်မှာ ခန္ဓာဗျာဓိ မချိလျော့ရဲ အားနည်း ဖောက်ပြန် ရုပ်နာမ်ဓမ္မ သင်္ခါရတို့ ဖြစ်ကပျက်မြဲ မလွဲမှန်စွာ ဝေဒနာတို့ကြောင့် သေရွာစခန်းသို့ ခြေတစ်ဖက်လှမ်းလျက် ရှိနေသည်ကို ခံစားနေရပါ၏။နောင်တော်ကြီးဖြစ်သော မြေဖင်းတောရဆရာတော်ဘုရားကြီးမှာလည်း နည်းတူ သက်တော် ရွယ်တော် လွန်စွာပင် ကြီးမားတော်မူခဲ့ချေပြီ ဖြစ်ပါ၏။

မည်သို့ဆိုစေ...

ရေဆာ ငတ်မွတ်နေသူအား ရေအေးအေးလေး တစ်ခွက် သောက်လိုက်ရဘိသကဲ့သို့ ၊ ကန္တာရခရီးကြမ်းမှ လှမ်းလာရသူအဖို့ အရိပ်ကောင်းလေးမှာ ခိုနားရဘိသကဲ့သို့ နောင်တော်ကြီးဖြစ်သော မြေဖင်းတောရဆရာတော်ကြီး၏ကျမ်းစာကို ဖတ်ရှုလိုက်ရလျှင် အားသစ်အင်သစ် စွမ်းရည်သစ်များ ဖြစ်ပွားပေါ်ပေါက်လာရုံမျှမက တရားအတွက် အားတက်စရာတွေ အလွန်ကောင်းကြောင်း ဓမ္မမိတ်ဆွေတို့ သဘောပေါက်လာကြပါလိမ့်မည်။

အသိကိုသတိနှင့်ရင်း၍ မြေဖင်းတောရဆရာတော်ဘုရားကြီး ဟောပြောပြသသည့်အတိုင်း လိုက်နာကျင့်ကြံ အားထုတ်ပါက မုချမသွေ ဓမ္မရသ- ဓမ္မပီတိထူးများကို ကာလမခြား ခံစားကြရမည်မှာ အမှန်ဖြစ်သည်ဟု ဆိုဝံ့ပါ၏။

စက်ဘီးစီးတတ်သွားပြီဆိုလျှင် ဘယ်ရွေ့ဘယ်မျှပင် ကြာသော်လည်း မမေ့မသွား။ ကားမောင်းတတ်သွားလျှင်လည်း ထို့အတူပင် မေ့သွားသည်ဟူ၍ မရှိ။ မိမိတို့ လေ့ကျက်ထားခဲ့သည့် တရားဆိုသည်မှာလည်း အချိန်တွေ မည်မျှ ကြာသည်ပင်ဖြစ်စေ မေ့ပျောက်မသွား။မေ့နေသည်ထားဦး။ပြန်လည် ဆင်ခြင် ဆွေးဆ

www.burmeseclassic.com

www.burmeseclassic.com


လေ့ကျက်ပါက အသိဉာဏ် ပြန့်လည် ကွန့်မြူးလာမည်ဖြစ်၏။

သို့ဆိုလျှင် ယောဂီမွေ့မိတ်ဆွေသည် မဝေးတော့သော အချိန်အခါတွင် အရိယာနယ်မြေသို့ ခြေတစ်လှမ်း လှမ်းနိုင်တော့မည် ဟု ကြိုတင်ဟောကိန်းထုတ်နိုင်သည့် အခြေအနေသို့ ရောက်ရှိတော့မည်မှာ မလွဲပါချေပြီတမုံ့။

အားလုံး အသိမှန်ရ၍ ချမ်းသာကြပါစေ
ဗွေးလှိုင်
(မွှာစရိယဦးဗွေးလှိုင်)

ရန်ကင်းတောင်ခြေ၊ရန်ကင်းအေးငြိမ်းရိပ်သာ
၁၃၆၅–ခုနှစ်၊နယုန်လဆုတ်(၈)ရက်၊
(၂၂–၇–၀၃)

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ကိုယ်ဘွေ့ဖြစ်အောင်ကြိုးစား

မနုဿတ္တ ဒုလ္လဘ ရခဲတယ်၊ ရပြန်တော့လည်း သာသနာနဲ့ကြုံဖို့၊ ကြုံပြန်တော့လည်း သူတော်စစ် သူတော်မှန်ဖြစ်ဖို့ ခဲယဉ်းပြန်ရော။

မိမိတို့ရရှိလာတဲ့ ခန္ဓာကိုယ်ကလည်းပဲ မျက်စိပွင့်ပွင့်၊ နားပွင့်ပွင့်ဖြစ်ဖို့ရာ ခဲယဉ်းပြန်ရော၊ ဒေသအားဖြင့်လည်း ပတိရူပဒေသအားဖြင့်ဆို သင့်တင့်လျောက်ပတ်တဲ့အရပ် ဖြစ်ရမယ်။ ဟုတ်တယ်မဟုတ်လား။

(ဟုတ်ပါတယ်ဘုရား။)

ပုဗ္ဗေစ ကတပုညတာ ဆို။

ပုဗ္ဗေစ - ရှေးက၊ ကတ - ပြုလုပ်ခဲ့တဲ့၊ ပုည - ကောင်းမှုကုသိုလ်တွေ၊ အဲဒီကုသိုလ်တွေကြောင့် ယခု မန္တလေးမှာ ဖြစ်နေရတာ မဟုတ်လား။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ယခု မန္တလေးမှာဖြစ်နေတော့ သဒ္ဓါတရားကလည်း ခု ဘုရားရှင်ကိုယ်တော်မြတ်ကြီး လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကျင့်ပြီး ပေးတော်မူခဲ့တဲ့ အာနာပါန အဿာသ ပဿာသ ကမ္မဋ္ဌာန်းကို အားထုတ်နေတယ်။

(မှန်ပါတယ်ဘုရား။)

ထွက်လေဝင်လေ တရှူတရှိုက် သတိလေးနဲ့ ရှူတာကို မဂ္ဂင်ရှစ်ပါးထဲက သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ လို့ဆို တဲ့ သမာဓိမဂ္ဂင်နော်။

(တင်ပါ့ဘုရား။)

လူ့ဘဝရလို့ ရှူတာရှိုက်တာ ခဲယဉ်းတယ်လို့ အောက်မေ့မိ မှာပေါ့။ အာနာပါနဆိုတဲ့ ထွက်လေဝင်လေဆိုတာ အမြဲအသက်ရှိ တဲ့ ဘယ်သတ္တဝါမဆို ဘယ်ပုဂ္ဂိုလ်မဆို ရှိတာချည်းပဲ။

(တင်ပါ့ဘုရား။)

တိရစ္ဆာန်အရေအတွက်တော့ ဘယ်ရေတွက်လို့ရမလဲ။ အဲဒီ သတ္တဝါတွေလည်း ထွက်သက်ဝင်သက် ရှိတာပဲ။

လူဆိုတာရော။

(ရှိပါတယ်ဘုရား။)

အချို့ အချို့သော တိုင်းကြီးပြည်ကြီးကလူတွေကော သိပါ့မလား။

(မသိပါဘုရား။)

အေး ... မလွယ်ဘူး၊ ဒီ တရှူတရှိုက်ကလေးကိုသိဖို့ရာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်း ကျင့်ခဲ့ရတာ။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့၊ မှန်ပါတယ်ဘုရား။)

အဲဒီလိုကျင့်ကြံအားထုတ်ပြီး ဘုရားဖြစ်ခါနီး ဒုက္ကရစရိယာ ၆ နှစ်ကြာအောင် ကျင့်လိုက်ရတာ၊ ယခု ဦးပဉ္စင်းတို့၊ ဒကာကြီးတို့၊ ဒကာမကြီးတို့ ကျင့်တယ်ဆိုတာ ခြင်ထောင်တို့၊ စောင်တို့၊ ခေါင်းအုံးတို့ မပါဘူးလား၊ ပါတယ်နော်။

(ပါပါတယ်ဘုရား။)

ညကို ကိုယ့်စိတ်တိုင်းကျ အိပ်လို့ရတယ်ပေါ့၊ မချမ်းသာဘူးလား။

(ချမ်းသာပါတယ်ဘုရား။)

ဘုရားရှင်ကိုယ်တော်မြတ်ကြီး သိဒ္ဓတ္ထမင်းသားဖြစ်တော့ မြင်းလေးစီးပြီး သံလျက်ကလေးတစ်ခုပါသလား။

(မပါပါဘူးဘုရား။)

သံလျက်ကလေးတစ်ခု ပါတယ်မဟုတ်လား၊ နေ့ချင်း သန်းခေါင်ယံအချိန် ထွက်ချလာတာ။

ဟိုရောက်တော့ ဆံတော်ပယ်တယ်။ ဆံတော်ပယ်ပြီး မြှောက်၊ သိကြားမင်းကပင့်ဆောင်ယူသွား၊ စူဠာမဏိစေတီ သိကြားမင်းကတည်ထား။

(တင်ပါ့ဘုရား။)

ဝတ်လဲတော်တွေကို ဃဋိကာရဗြဟ္မာကြီးကယူပြီး ဒုဿ စေတီတည်ထား။

သင်္ကန်းကလေးဝတ်ပြီး သပိတ်ကလေးနဲ့ထွက်သွား၊ ဥရု ဝေလတောင်ရောက်။ ဒုက္ကရစရိယာကျင့်တာ။

www.burmeseclassic.com

www.burmeseclassic.com


(မှန်လှပါဘုရား)

ဥရုဝေလတောင် ဘုန်းကြီးရောက်ခဲ့တယ်။ အရှေ့အနောက် တောင်မြောက် မြင့်လည်းမြင့်တယ်၊ ကြီးလည်းကြီးတယ်၊ ရှည်လည်းရှည်တယ်။

ဒုက္ကရစရိယာ ၆-နှစ်ကြာအောင်ကျင့်တာ လိုဏ်က ဒီဘက်က။

(တင်ပါ့ဘုရား။)

အဲဒီလိုဏ်က ဘယ်လောက်ကျယ်သလဲဆိုတော့ ဘုန်းကြီးက တိုင်းစရာလည်းမပါဘူးလေ။

မတ်တပ်ရပ်ပြီးတော့တိုင်းတယ်၊ လက်သုံးလုံးလောက်လိုတယ်၊ အမိုးမမီဘူး။

တောင်မြောက် အဲဒီလိုပဲ မမီဘူး၊ အရှေ့အနောက်လည်း အဲဒီလိုပဲ၊ မြတ်စွာဘုရား ဒုက္ကရစရိယ (၆)နှစ်တားကျင့်တဲ့လိုဏ်။

(တင်ပါ့ဘုရား။)

ဟိုဘက်ကလည်းပဲ မိတ်ဆွေတွေ အတူတူလာကြတာ၊ ဘုန်းကြီးကလည်း အထက်ရော အောက်ရော စမ်းသပ်စစ်ဆေးတယ်၊ ဟိုဘက်ကလည်း ဆူနေတယ်။ တပည့်တော်တို့လည်း ပူဇော်ချင်သေးတယ်ဘုရားတဲ့။

ဈေးသည်တွေနဲ့ ဆူလို့ပူလို့၊ စိတ်အေးလက်အေး မပူဇော်ရပါဘူး။ တစ်ဖက်ကပူဇော်နေတဲ့သူကို ဆူလို့ပူလို့ဖြစ်နေတဲ့သူက အားနာရသေးတာကိုး။ ဖွေးနေတာ အမိုးပေါ်မှာ၊ ဒီကနေလှမ်းကြည့် မြင်နေရသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

ဘုရားရှင်ကိုယ်တော်မြတ်ကြီး တောကြီးမျက်မည်း တစ်ယောက်တည်းရယ်။

(တင်ပါ့ဘုရား။)

ဘုရားရှင်ကိုယ်တော်မြတ်မှာ ဖျာမပါဘူး၊ ခေါင်းအုံး၊ ခြင်ထောင်လည်းမပါဘူး။

(တင်ပါ့ဘုရား။)

ဘာမှမပါဘူးနော်၊ တစ်ခါတလေ အောက်မေ့မိတယ်၊ ဘယ်လိုများ သီတင်းသုံးပြီးနေသလဲလို့၊ ဖျာလည်းမပါဘူး၊ ခေါင်းအုံးလည်းမပါဘူး၊ ခြင်ထောင်လည်းမပါဘူး၊ ခြုံထည်လည်း မပါဘူး၊ မျက်နှာသုတ်ပုဝါ၊ လက်သုတ်ပုဝါ ဘာမှမပါဘူး။ သူ့မှာ သပိတ်နဲ့သင်္ကန်းပဲပါတယ်။

(တင်ပါ့ဘုရား။)

အဲဒါနဲ့ တောထွက်တာ၊ ကဲ - မှန်းကြည့်စမ်း။

(မှန်ပါဘုရား၊ အင်မတန် ဆင်းရဲလွန်းပါတယ်ဘုရား။)

အဲဒီလိုကျင့်သုံးတာ၊ တရားတန်ဖိုးဟာ ဒကာကြီးတို့ အဲဒီလိုနေကြည့်စမ်းပါလား၊ ဖျာမပါ၊ ခေါင်းအုံးမပါ၊ ခြင်ထောင် မပါ၊ ခြုံထည်မပါ များများမဟုတ်ပါဘူး၊ တစ်လလောက်ပါ၊ နေနိုင်ပါ့မလား။

(မနေနိုင်ပါဘူးဘုရား။)

ဟိုမှာ (၆)နှစ်၊ နေရဋ္ဌရာမြစ်ဆိုတာ အဝေးကြီး၊ ဘယ်နှစ မသိဘူး။

www.burmeseclassic.com

www.burmeseclassic.com


တောထဲတောင်ထဲ ကျောက်ခဲတွေ၊ ဆူးတွေ ဘာတွေနဲ့ အလောင်းတော်မြတ်ကြီး ကျင့်ကြံအားထုတ်တာ၊ နားရွက်ကလည်း လေဖြတ်မှာမပူဘူး။

နှာခေါင်းတွေပိတ်၊ ဘာတွေပိတ်၊ မူးမိုက်ပြီးလဲရော၊ မေး မယ့်သူမရှိဘူး၊ ဘာဖြစ်တာတုန်းလို့ မေးမယ့်သူမရှိဘူး၊ စဉ်းစား ကြည့်စမ်း၊ ဒါ ဘယ်သူ့အတွက်တုန်း၊ သတ္တဝါတွေ အားလုံး အတွက်။

သားတို့သမီးတို့အတွက်ပါ၊ အဲဒီလောက် ရက်ရက်စက်စက် လုပ်ပြီးတော့မှ ကျင့်တာ၊ ဘယ်လောက်ထိ ကြည်ညိုစရာကောင်း သလဲ။

(ကြည်ညိုစရာကောင်းပါတယ်ဘုရား။)

သူတော်ကောင်းတစ်ယောက် ဖြစ်ထွန်းပေါ်ပေါက်လာလို့ ရှိရင် လူတွေရော၊ နတ်တွေရော ကျေးဇူးမများဘူးလား။

(များပါတယ်ဘုရား။)

အဲဒီတော့ ဂုဏ်တော်ကျေးဇူးကလည်းပဲ သိမှကြည်ညို တာ၊ ကြည်ညိုမသွားဘူးလား။

(ကြည်ညိုပါတယ်ဘုရား။)

တောကြီးမျက်မည်း တစ်ယောက်တည်း၊ ဒီမှာ တရားအား ထုတ်နေကြတဲ့ယောဂီတွေ ရေအိုးနဲ့၊ ရေခွက်နဲ့ အဆင်သင့်၊ မြတ်စွာ ဘုရားမှာတော့ ရေအိုးလည်းမရှိဘူး၊ ရေခွက်လည်းမရှိဘူး။

ဆွမ်းလည်း ဘယ်ဆွမ်းခံရမှန်းမသိဘူး၊ နတ်တွေ သိကြား တွေကမ႑လို့ သစ်သီးဆွမ်းစားရတာ၊ အဲဒီလို တောကြီးမျက်မည်း

www.burmeseclassic.com

www.burmeseclassic.com


တစ်ယောက်တည်းသီတင်းသုံးနေတာ၊ ရမ္မ-သုဘ-သုရမ္မဆိုတဲ့ ရွှေနန်းအသုံးအဆောင်တွေလည်း စွန့်ပစ်ထားခဲ့တယ်။

ယသော်ဓရာထေရီ အချောအလှကဆိုရင်လည်း လူ့ပြည် (သူကလွဲလို့) မရှိဘူး၊ ဗြဟ္မာ့ပြည်မှာလည်းမရှိဘူး၊ နတ်ပြည် ၆-ထပ်မှာလည်း မရှိဘူး၊ အဲဒီလောက်ချောတာ၊ လှတာ။

ဗြဟ္မာတို့ရဲ့အဆင်းသဏ္ဌာန်နဲ့တူတယ်တဲ့၊ ချောတာ၊ လှတာ တူတာနော်၊ လူ့ပြည်မှာမရှိဘူးတဲ့။ ယသော်ဓရာထေရီ ပရိနိဗ္ဗာန် စံခါနီး ဒါလေးဟာ မေ့နေလိုက်တာနော်၊ ကြီးလာတော့ မေ့တတ် တာ၊ နတ်ပြည် ၆-ထပ်က နတ်သမီးတွေထက် သာလွန်တယ်တဲ့။

ရမ္မ-သုဘ-သုရမ္မ ဆိုတဲ့ ရွှေနန်းအသုံးအဆောင် စွန့်ပစ် လိုက်တယ်၊ အဲဒီလိုပဲ ကျင့်ကြံအားထုတ်ပြီးမှနေတဲ့ ဘုရားတစ်ဆူ။ တန်ဖိုးမကြီးဘူးလား။

(ကြီးပါတယ်ဘုရား။)

သေသေချာချာလည်းသိမှ၊ ဘုရားရှင်မှာ အာနာပါနရဲ့ စွမ်း ရည်ဓာတ်တွေ၊ ဗုဒ္ဓ ဓမ္မ အစိန္တေယျတွေ …။

ခုမှ စခါရှိသေးတယ်၊ ကြည်ညိုစရာလည်း မသိသေးဘူး။ ထိတာ သိတာတွေကို ကြိုးကြိုးစားစားမှတ်ကြ။

(တင်ပါဘုရား။)

ဟိုအရေး ဒီအရေး ရပ်အရေး ရွာအရေး သားရေး သမီး ရေး ဒါက ရှောင်လို့တိမ်းလို့မရဘူး၊ ကင်းနေလို့လည်းမဖြစ်ဘူး၊ ကင်းလည်းမကင်းပါဘူး၊ ကင်းတဲ့လူလည်းမရှိပါဘူးလေ။

(တင်ပါဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



အရဟံဂုဏ်တော်ကို သုံးရက်တောင် ပွားခိုင်းတယ်လို့ မအောက်မေ့ဘူးလား။

(အောက်မေ့ပါတယ်ဘုရား။)

မသိဘဲကိုး၊ အရဟံဂုဏ်တော်ရဲ့အကျိုးတွေသိတော့ ဘယ့်နှယ့်တုန်း။

(တန်ဖိုးရှိပါတယ်ဘုရား။)

အေး ... ယခုလည်း တစ်ရှုတစ်ရှိုက် ဝင်လေထွက်လေကို ကြိုးစားပြီးမှတ်နော်။

ကြိုးစားမှတ်ကြ၊ တရားတော်ရဲ့ ဗုဒ္ဓ ဓမ္မ အစိန္တေယျ ဖြစ်ပုံတွေကို သိမှလည်းကြည်ညိုမှာ။

တချို့ကပြောကြတယ်၊ သမထဆိုတာ သာသနာ့အပြင်ဘက်မှာ အားထုတ်တာပါလို့ဆိုတယ်၊ ဘယ်လိုစာတတ်ကြီးတွေပြောပြော၊ ဘယ်လိုပုဂ္ဂိုလ်ကြီးတွေပြောပြော မယုံနဲ့၊ ဘုရားထက် ဘယ်သူ့ကို ယုံရဦးမှာတုန်း။

(တင်ပါ့ဘုရား။)

ဘုရားက ဘယ်သမထက သာသနာပမှာ၊ ဘယ်သမထက သာသနာအတွင်းမှာ အားထုတ်ရမယ်လို့ ခွဲခြားမဟောခဲ့ဘူး။

(တင်ပါ့ဘုရား။)

သမထပဲဆိုပြီး ဖွတ်မိုတ်အပြစ်ပြောတာဟာ တရားကို ပုတ်ခတ်တာပဲ။ စွပ်စွဲတာပဲ။ အဲဒါ သတိပြုရမယ်။

ဘုရားထက် ဘယ်သူသိဦးမှာတုန်း၊ သူများယောင်လို့ ယောင်မနေနဲ့။

www.burmeseclassic.com

www.burmeseclassic.com


ခန္ဓာကိုယ်မှာရောင်ရင် သေတယ်မဟုတ်လား၊ ဆေးကုလို့မရဘူး၊ ဝါယောဓာတ်တွေ ဘယ်မှာမှမရှိတော့ဘူး၊ ပျက်နေပြီ။

ရောင်တာ ဝါယောဓာတ်တွေမဟုတ်ဘူးလား။

(တင်ပါဘုရား။)

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဆိုတဲ့ ဓာတ်ကြီး ၄-ပါးဆိုတာ ဒီလိုပဲ၊ ကိုယ့်အလုပ်သာ ကိုယ်လုပ်။

မင်းက ဘယ်လောက်ရတုန်း။

(၁၃၀ ပါဘုရား။)

ဘယ်လို ဖြစ်လို့တုန်း။

(ဘာမှမတွေ့ပါဘူးဘုရား။)

မင်းက ဘယ်လောက်ရတုန်း။

(၁၅၀ ပါဘုရား။)

ဘယ်လိုဖြစ်လို့တုန်း။

(လင်းနေတာကိုတွေ့တယ်ဘုရား။)

ဘယ်လိုတွေ့တယ်။

(လသာနေတဲ့အရောင်လို မျက်စိမှိတ်ထားရင် တွေ့တယ်ဘုရား။)

ဘယ်နှစ်ခါလောက်တုန်း။

(ခဏခဏတော့ တွေ့ရတယ်ဘုရား၊ အခေါက်ရေတော့ မှတ်မထားမိဘူးဘုရား။)

မနက်ထိုင် မနက်၊ နေ့လယ်ထိုင် နေ့လယ်၊ ညနေထိုင် ညနေ တွေ့သလား၊ ဒါကိုပြောတာ။

www.burmeseclassic.com

www.burmeseclassic.com


မင်းကရော ဘယ်လောက်ရတုန်း။

(၁၂၀ ထဲ ရပါတယ်ဘုရား။)

ဘယ်လိုဖြစ်လို့တုန်း။

(တပည့်တော် ကြိုးစားမှုနည်းနေသေးလို့ပါဘုရား။)

ဒကာကြီးကရော ဘယ်လောက်ရတုန်း။

(တပည့်တော် ၁၄၀ ထဲပါဘုရား။)

ဘာဖြစ်လို့တုန်း။

(တပည့်တော် အရောင်ပဲတွေ့ပါတယ်ဘုရား၊ ဆံပင်ထိပ်ဖျားတွေမှာနဲ့ မျက်လုံးနားမှာ ဖြူနေတဲ့အရောင်တွေ တွေ့ပါတယ်ဘုရား။)

ထိုင်တိုင်းထိုင်တိုင်း တွေ့သလား။

(တင်ပါ့ဘုရား၊ တပည့်တော် မနေ့မနက်ကလည်း တွေ့ပါတယ်ဘုရား။)

အေးလေ ··· နေ့ထိုင် နေ့၊ မနက်ထိုင် မနက်၊ ညထိုင် ည၊ ထိုင်တိုင်းထိုင်တိုင်း တွေ့သလား။

(တင်ပါ့ဘုရား၊ထိုင်တိုင်းတော့မဟုတ်သေးပါဘူးဘုရား။)

ဟိုဒကာကြီးကရော ဘယ်လောက်ရတုန်း။

(၁၈၀ ရပါတယ်ဘုရား။)

ဘာတွေတွေ့တုန်း။

(တပည့်တော် မနေ့နေ့လယ်က စက်ဝိုင်းပုံသဏ္ဌာန် အဝိုင်းပုံစံလေးတွေ တွေ့ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


အေး ... အေး ... ထိုင်တိုင်းတွေ့သလား။

(ထိုင်တိုင်းမတွေ့ပါဘူးဘုရား)

မနေ့ကရော ဘယ်နှစ်ခါလောက်တွေ့တုန်း။

(တစ်ခါပဲတွေ့ရပါတယ်ဘုရား၊ အားထုတ်တဲ့အခါတွေ့ရတာ။)

ဖာသာလဝါနေတဲ့အခါ ဘာတွေ့တုန်း။

(ဘာမှမတွေ့ပါဘူးဘုရား။)

ဘာဖြစ်လို့တုန်း။

(မေ့နေလို့ပါဘုရား။)

အားမထုတ်လို့ပေါ့။

(တင်ပါ့ဘုရား။)

အားမထုတ်လို့ မတွေ့တာပေါ့။

(တင်ပါ့ဘုရား။)

ဟိုဒကာမကြီးရော ဘယ်လောက်ရတုံး။

(၁၆၀ ထဲရပါတယ်ဘုရား။)

ဘယ်လိုဖြစ်လို့တုန်း။

(အလင်းတန်းကလေး တွေ့ပါတယ်ဘုရား။)

ထိုင်တိုင်းထိုင်တိုင်း တွေ့သလား။

(မဟုတ်ဘူးဘုရား၊ ဒီကနေ့မနက်မှတွေ့တာပါ။)

ဟိုဒကာမကြီးက ဘယ်လောက်ရတုန်း။

(၁၁၀ ဖါဘုရား။)

ဘာတွေတွေ့တုန်း။

www.burmeseclassic.com

www.burmeseclassic.com


(ယနေ့တော့ ဘာမှမတွေ့ဘူးဘုရား။)

ရှက်စရာမရှိဘူး၊ ကိုယ့်လုပ်အားခ ကိုယ်ရတာနော်၊ ဘာမှ ရှက်မနေကြနဲ့။

ဟိုဒကာမကရော ဘယ်လောက်ရတုန်း။

(၁၇၀ ပါဘုရား။)

ဘာတွေတွေ့တုန်း။

(အလင်းတန်းကြီးက အတော်ကြီးနေတယ်ဘုရား။)

ကြိုးစားကြ။

(တစ်ယောက်ကျန်သေးတယ်ဘုရား။)

ကြိုးစား ကြိုးစား။

(တပည့်တော်က ၁၂၀ ရပါတယ်ဘုရား။)

ဘာရတုန်း။

(တပည့်တော်က လိုဏ်ကြီးလိုပုံစံထဲမှာ အလင်းကြီးတွေ့ ပါတယ်။)

ဘယ်နေ့ကတုန်း။

(တစ်နေ့ကတော့ တွေ့ပါတယ်၊ မနေ့က မတွေ့ဘူး ဘုရား။)

(သူက ဓမ္မာစရိယတန်းဘုရား၊ စာတတ်တယ်ဘုရား။)

ဓမ္မာစရိယာဆို၊ ခုနေက သူများတွေပြောတာလို သူများ ယောင်လို့ မယောင်နဲ့။

ရောင်တယ်ဆိုတာ ဘာဖြစ်တာတုံး၊ ဝါယော ဓာတုပေါ့။

(အမျိုးသမီးတစ်ယောက်တွေ့တယ်ဘုရား၊ မျက်နှာလေး

www.burmeseclassic.com

www.burmeseclassic.com


တော့ မြင်ရပါတယ်ဘုရား၊ စိုက်ပြီးကြည့်နေလို့ တပည့်တော် မေတ္တာပို့ရပါတယ်ဘုရား။)

ကိုယ်တွေ့ဖြစ်မှယုံတာ၊ ပြောတိုင်းမယုံဘူး၊ ကိုယ်တွေ့ ဖြစ်အောင်ကြိုးစားကြ။

ကိုင်း သွားကြ။

(သာဓု … သာဓု … သာဓု)

* * *

www.burmeseclassic.com

www.burmeseclassic.com

## တရားဘာဝနာအခြေကောင်းသော်လည်း

အမှတ် ဘယ်လောက်ရတုံး။

(နေ့လယ်ကတော့ ရပါတယ်ဘုရား၊ ဒီကနေ့မနက်တော့ မရသေးဘူးဘုရား။)

မနေ့က အမှတ်ဘယ်လောက် ဒကာကြီးကရတုံး။

(၂၄၀ ပါဘုရား။ ဒီကနေ့မနက် အနီရောင်ကြီးတွေ့ပါ တယ်ဘုရား၊ အကြာကြီးတွေ့ပါတယ်ဘုရား။)

မနေ့ကရော။

(မနေ့က အဖြူရောင်ပဲတွေ့ပါတယ်ဘုရား။)

ထိုင်တိုင်းထိုင်တိုင်း ရသလား။

(ဒီကနေ့မနက်တော့ ထိုင်စကနေ ရပါတယ်ဘုရား။)

မနေ့ကရော ရသလား။

(ရပါတယ်ဘုရား။)

မင်းကရော ရသလား။

(၁၇၀ ထဲရပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


မနေ့ကရော။

(မနေ့က နေ့လယ် တရားမဖြုတ်ခင်မှာ ရပါတယ်ဘုရား)

ထိုင်တိုင်းထိုင်တိုင်း ရသလား။ မနေ့က ဘာမှမတွေ့ဘူး လား။

(မရဘူးဘုရား၊ တရားမဖြုတ်ခင်မှာ ခေါင်းကြီးက ပေါ့ခနဲ ဖြစ်သွားပါတယ်။)

ဘယ်အချိန်လောက်တွေ့တုန်း။

(မနေ့က ၁၀ မိနစ်လောက်ကြာတော့မှ တွေ့ပါတယ်။)

နောက်မတွေ့ဘူးလား။

(မတွေ့တော့ပါဘုရား)

ဟိုကတစ်ယောက် ဘယ်လောက်ရတုန်း။

(၂၃၀ ရပါတယ်ဘုရား။)

ဘာတွေ့တုန်း။

(အဖြူရောင်လေးတွေ၊ ဆီမီးအလင်းရောင်လေးတွေ တွေ့ပါ တယ်ဘုရား။)

ထိုင်တိုင်း ထိုင်တိုင်း ရသလား။

(မရသေးပါဘုရား။)

နေ့ထိုင်ရင်ရော။

(အဖြူရောင်ပဲရပါတယ်ဘုရား။)

ညထိုင်ရင်ရော။

(အဖြူရောင်ပဲရပါတယ်ဘုရား)

ဒကာကြီးက ဘယ်လောက်ရတုန်း။ ဘာတွေတွေ့တုန်း။

www.burmeseclassic.com

www.burmeseclassic.com


(၁၈၀ ရပါတယ်ဘုရား၊ ဝါဠွမ်းခွဲလို ဟို တိမ်အဖြူရောင်တွေ တွေ့ပါတယ်ဘုရား။)

ထိုင်တိုင်းထိုင်တိုင်း ရသလား။

(မရသေးပါဘုရား၊ ဒီကနေ့ညနေ လေးနာရီ ငါးနာရီလောက်မှ ရတာပါဘုရား။)

ဒကာကြီးက ဘယ်လောက်ရတုန်း။

(၄၅၀ ရတယ်ဘုရား။)

ဘာတွေတွေ့တုန်း။

(မနေ့က လေးနာရီ ငါးနာရီလောက်မှာဘုရား၊ ကျောက်ကလပ်တစ်ခုမှာ ကျောက်ပွင့်အဖြူရောင်ဟာ ဝင်းလဲ့တောက်ပနေတာကို မတွေ့တယ်ဘုရား။)

ထိုင်တိုင်းထိုင်တိုင်း တွေ့တယ်ပေါ့။

(ထိုင်တိုင်း ထိုင်တိုင်း မတွေ့ပါဘူးဘုရား။)

နေ့ဆို နေ့၊ ညဆို ည အဲဒီလိုကော မရဘူးလား။

(မတွေ့သေးပါဘူးဘုရား။)

နောက်တစ်ယောက်ကရော။

(၂၉၀ ရပါတယ်ဘုရား၊ အလင်းရောင်မရသေးပါဘူးဘုရား။)

တစ်ချိန်မှ မရသေးဘူးလား။

(မရသေးဘူးဘုရား။)

ထိုင်နေတဲ့အချိန်ရော မရဘူးလား။

(မရပါဘူးဘုရား။)

ဟိုတစ်ယောက်ကရော။

www.burmeseclassic.com

www.burmeseclassic.com


(၁၆၀ ရပါတယ်ဘုရား။)

ဘယ်လိုတွေ့တုန်း။

(ကိုယ့်လုံးကြီး အပေါ်မြောက်တက်သွားပါတယ်ဘုရား။)

လူလား။

(ခန္ဓာကိုယ်ကကျန်ရစ်ပြီး ခန္ဓာကိုယ်နဲ့ပေါင်းပြီး အပေါ်ရောက်သွားတယ်ထင်ရပါတယ်ဘုရား၊ နာရီဝက်လောက် အောက်ကျလာလိုက်၊ နာရီဝက်လောက် အထက်ပြန်တက်လိုက် ဖြစ်ပါတယ်ဘုရား။)

ထိုင်တိုင်း ထိုင်တိုင်းလား။

(မဟုတ်ဘူးဘုရား။)

ဟိုကရော ဘယ်လောက်ရတုန်း။

(၁၅၀ ရပါတယ်ဘုရား။)

ဘာတွေတွေ့တုန်း။

(အလင်းတန်းကြီးပေါ်လာပါတယ်၊ နောက် ကြယ်ပွင့်ကလေးက ကြွေကျသလို တွေ့ရပါတယ်။)

ထိုင်တိုင်း ထိုင်တိုင်းလား။

(တင်ပါ့ဘုရား။)

ဟိုတစ်ယောက်ရော။

(၁၅၆ ရပါတယ်ဘုရား။)

ဘာတွေတွေ့တုန်း။

(မကျည်းခြောက်အပွင့်လေးတွေ တွေ့ပါတယ်ဘုရား။)

ထိုင်တိုင်း ထိုင်တိုင်းပေါ့။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

(တပည့်တော်က ၃၅၀ ရပါတယ်ဘုရား၊ တပည့်တော်ထံ အလင်းတန်းတွေ ရောက်လာပါတယ်၊ ခဏကလေး ပြန်မှိန်သွားပါ တယ်ဘုရား။)

ထိုင်တိုင်း ထိုင်တိုင်း ရရဲ့လား။

(ထိုင်လိုက်လို့ လေးမိနစ်လောက်ဆို ရတယ်ဘုရား၊ တစ်ခါ ထိုင် တစ်ကြိမ်လောက်တော့ ရပါတယ်ဘုရား။)

နေ့ထိုင်ရင်ရော။

(မရပါဘုရား)

ညထိုင်ရင်ရော။

(တစ်ခါတစ်ခါ ရပါတယ်ဘုရား၊ တစ်ခါတစ်ခါမှ ရပါတယ် ဘုရား၊ အမြဲတမ်းမရဘူးဘုရား)

နောက်တစ်ယောက်က ဘယ်လောက်ရတုန်း။

(၂၀၀ ပါဘုရား။)

မင်းဘယ်လိုတွေ့တုန်း။

(လင်းနေပါတယ်ဘုရား။)

မနေ့ကရော။

(လင်းနေတာ တွေ့ပါတယ်ဘုရား။)

ဒီနေ့ရော။

(လင်းနေတာတွေ့ပါတယ်ဘုရား။)

ဘယ်လိုလင်းနေတာတုန်း။

www.burmeseclassic.com

www.burmeseclassic.com


(နှာခေါင်းပေါက်နားမှာ ခပ်မြင့်မြင့်ဖွမ်းပုံလို တွေ့ပါတယ် ဘုရား။)

ထိုင်တိုင်း ထိုင်တိုင်းလား။

(ဒီလိုတော့မဟုတ်ပါဘူးဘုရား ၊တစ်ခါထိုင်ရင် တစ်ခါ တစ်ခါ တွေ့တတ်ပါတယ်ဘုရား။)

ဟိုတစ်ယောက်ရော။

(၃၀၀ ရပါတယ်ဘုရား။)

ဘယ်လိုတွေ့တုန်း။

(အလင်းတန်း သေးသေးကလေး တွေ့ပါတယ်ဘုရား။)

မနေ့ကကော။

(မနေ့က မတွေ့ပါဘုရား။)

နောက်တစ်ယောက်ရော။

(၅၀၀ ရတယ်ဘုရား။ မနေ့ကတော့ တပည့်တော် ၇-နာရီ ၅၀ လောက်မှ ၈ နာရီအချိန်မှာ ဝုန်းဆို တိမ်တိုက်ကြီး လွင့်သလို ခန္ဓာကိုယ်ကြီး ဆယ်ကြိမ်လောက် လွင့်ထွက်သွားပါ တယ်ဘုရား။)

ထိုင်တိုင်း ထိုင်တိုင်း ရသလား။

(မရပါဘုရား၊ ည ၇ နာရီ ၅၀ နှင့် ၈ နာရီ နှစ်ကြိမ်ပဲ ရပါတယ်၊ တစ်ခါတစ်ခါ အပြာရောင်အလင်းတန်း ၅ စက္ကန့် လောက် တွေ့ပါတယ်ဘုရား။)

ထိုင်တိုင်းရသလား။

(မရပါဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်ယောက်ကရော။

(၁၈၀ ပါဘုရား။)

ဘာတွေတွေ့တုန်း။

(တိမ်ခိုးတွေ တွေ့ပါတယ်ဘုရား၊ မနက်ပိုင်းမရပါဘုရား၊ မြေကြီးက အရောင်လေးတွေရော တိမ်ခိုးမျှင်လေးတွေရော တွေ့ရပါတယ်ဘုရား)

ထိုင်တိုင်းရသလား။

(ရပါတယ်ဘုရား။)

ဝီရိယရှိလို့ရှိရင် မပြီးတာမရှိဘူး၊ မရတာမရှိဘူး၊ ဝီရိယရှိရမှာပေါ့၊ နိဗ္ဗာန်ကိုသွားရတဲ့ခရီးဆိုတာ ဝီရိယအရေးကြီးတယ်။

**သိဒ္ဓတ္ထကော အကာလိကော ... ။**

တရားရှုမှတ်နေတဲ့အခါ ဒေါသမလာဘူးလား၊ ဒေါသရော၊ မောဟရော၊ မိစ္ဆာဒိဋ္ဌိရော လာသေးလား။

(မလာပါဘူးဘုရား။)

နှာလေးကို သတိလေးနဲ့မှတ်နေတဲ့အချိန်အခါမှာ အာရုံက ဘယ်မှမရောက်တော့ဘူး၊ ဘုရားဟောထားတဲ့အတိုင်း သတိလေးနဲ့မှတ်တာ၊ အဿာသဆိုတာ ထွက်လေ၊ ပဿာသက ဝင်လေ။

သတိလေးနဲ့ရှုလိုက်တာ၊ သတိလေးနဲ့မှတ်လိုက်တာ။

အဲဒီလို ဘုရားဟောတဲ့အတိုင်း သတိလေးနဲ့ လိုက်နာကျင့်သုံးတာမဟုတ်လား။

ဘုရားစကား လိုက်နာကျင့်သုံးတယ်ဆိုတယ်။

ထွက်သက်ဝင်သက် အမှတ်သတိလေးနဲ့ ပူဇော်လို့မရဘူးလား။

www.burmeseclassic.com

www.burmeseclassic.com


အသက်နဲ့လဲပြီး ကျင့်ကြံတော်မူခဲ့တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘဝဇာတ်သိမ်းရာ နိဗ္ဗာန်စံဝင်သွားကြပြီ။

နှောင်လာနောက်သား ဆင်းရဲပြီးကျန်ရစ်ကြလိမ့်မယ်၊ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခတွေ မရဏဒုက္ခတွေ။

**သော သတောဝ အဿသတိ**

**ဒီဃံ ဝါ အဿသန္တော၊**

**ဒီဃံ ဝါ ပဿသန္တော၊**

**ဒုက္ခာဇာတိ ပုနပ္ပုနံ။**

ဒုက္ခတွေ အဖန်ဖန်၊ ဇာတိတွေ အဖန်ဖန်။

(မှန်ပါ့ဘုရား။)

ဇာတိရလာတော့ ဇရာလာမှာပေါ့။

ဇာတိလာပြီးတော့ ဇရာနဲ့ခွဲထားလို့မဖြစ်ဘူး။

ဗျာဓိခွဲထားနေလို့လည်းမဖြစ်ဘူး။

(တင်ပါ့ဘုရား။)

ဘုရားက သိတော်မူ၊ မြင်တော်မူ၊ သနားတော်မူလို့၊ သနားတော်မူလို့ သနားပေးဦးမှ၊ ယူဦးမှ၊ ယူတတ်မှကိုး။

(တင်ပါ့ဘုရား။)

ဘယ်လိုအားထုတ် အားထုတ်၊ တစ်ချိန်ကျတော့ ပစ္စည်းပစ္စယတွေ အကုန်စွန့်ပစ်သွားရတာ။

(တင်ပါ့ဘုရား။)

ဘုရားက ဘယ်လိုဘယ်လို ဖြစ်နေဖြစ်နေ ပျက်ချိန်တန်ပျက်မယ်ရယ်လို့ ဟောမြွက်သား။

www.burmeseclassic.com

www.burmeseclassic.com


အဲဒီတော့ ဒီလိုရှုရှုက်ကို အမြဲကြိုးစားကြ၊ ကြိုးစားပြီး တော့ မှတ်ကြ။

လိုချင်တဲ့ဆန္ဒ၊ ရချင်တဲ့ဆန္ဒ၊ ဆန္ဒတွေမွေးထုတ်ထားတော့ ဘုရားဖြစ်ချိန်ရောက်ပြီ၊ ဆန္ဒဆိုတာ အာရုံ၊ အဓိပတိက အကြီးအကဲပေါ့၊ ဆန္ဒလည်းတူ၊ ဝီရိယလည်းတူ၊ စိတ္တလည်းတူ၊ စိတ်ကလည်းတူတယ်။

အဲဒီတော့ ဆန္ဒနည်းတူ၊ စိတ္တနည်းတူ၊ ဝီရိယနည်းတူ၊ ဝိမံသနည်းတူ၊ အဲဒီတော့ ဝီရိယလေးတွေထုတ်ပြီး ကြိုးစားကြ၊ မရမရှိဘူး။

ဘယ်လောက်ရတုန်း။

(၂၄၀ ရပါတယ်ဘုရား။)

ဘယ်လိုရတုန်း။

(တွေ့ရပါတယ်ဘုရား၊ မနေ့က တစ်နေ့လုံးတွေ့ရပါတယ်၊ ဒီဘက်အလင်းရောင်က ထိုးကျလာပြီးတော့ ဒီရှေ့ရောက်တဲ့အခါ ကျတော့ အဖျားက တောက်ပြီးတော့ အဝိုင်းကြီးဖြစ်သွားပါတယ် ဘုရား။ ယူပုံသဏ္ဌာန်က တစ်ခါလာပါတယ် ဘုရား။)

ဒကာရော မတွေ့လိုက်ဘူးလား။

(မနေ့က မတွေ့ပါဘုရား။)

စိတ်ကလေးကို ငြိမ်ငြိမ်ကလေးထားရတယ်။

(မှန်ပါဘုရား။)

စိတ္တသုခ စိတ်ကလေးငြိမ်းချမ်းနေမှရတာ။

www.burmeseclassic.com

www.burmeseclassic.com


သခင်ကိုယ်တော်မှိုင်းကြီးဆိုတာ ကြားဖူးလား၊ သခင်ကိုယ်တော်မှိုင်းကြီးက အမေက မောင်ထောင်းသူ၊ အဖေက ကျီးသဲလေးထပ်၊ ဘုရားလာရင် ကိုင်းတောင်ကြီး၊ ဖိုထိုးတောင် အဲဒီတုန်းက ယောဂီ၊ သီလရှင်တွေရော တရားအားထုတ်ကြတယ်၊ ဘုရားကလည်း တိုက်တွန်းထားတာကိုး။

သခင်ကိုယ်တော်မှိုင်းက အဲဒါတွေကြည့်ပြီးတော့ တရားကိုတော့ သူအားမထုတ်နိုင်ဘူး။ တရားမထိုင်နိုင်တော့ သူ့ဟာသူဖျက်ပစ်ရတာပေါ့၊ သူ့ဟာသူ အိုစာလွန်းလို့ အားမထုတ်နိုင်တော့လို့ လျှော့ပစ်ရတာ။

သူ့ဟာသူရေးတဲ့လေးချိုး၊ ရှေးကလူကြီးတွေကလည်း ကဗျာတွေ စာတွေကျက်ထားတယ်၊ ဘုန်းကြီးကလည်း ကျက်ထားဖူးလို့ မှတ်မိနေသေးတယ်။ သခင်ကိုယ်တော်မှိုင်းက ရေးထားတယ် …

*"တရားဘာဝနာ အခြေကောင်းသော်လည်း*
*အတွေ့လှမ်းသော် အခုအခြေဖြင့်*
*လှူပြည်မှာ ဂုဏ်တွေစောစောကြောင့်*
*ရှုတည်ကာ မျက်ရည်စေတာတို့*
*ခက်နေသနော် တွက်ခြေနှမျောခဲ့ပါရဲ့*
*သဘောတော် ဟိုယခင်အခါက*
*အပိုထင်ကာ မသိတဲ့အရေးတွေကြောင့်*
*အလိုတွေ တစ်မှ မတွေးခဲ့ပါဘူး*
*မချိစရာ အရေးတွေ တစ်ခါကြုံ၍"*

အရွယ်ကြီးလာတော့ မတတ်နိုင်တော့ဘူးဗျာ … တဲ့။

* * *

www.burmeseclassic.com

www.burmeseclassic.com

## နောက်ကျတယ်ဆိုတာ မရှိ

ဟိုက ဘယ်လောက်ရတုန်း။

(၂၄၀ ပါဘုရား။)

ဘာတွေ တွေ့တုန်း။

(မတွေ့ပါဘူးဘုရား။)

ဟိုတစ်ယောက်ကရော။

(၃၀၀ ရပါတယ်ဘုရား။)

ဘာတွေတွေ့တုန်း။

(မတွေ့ပါဘူးဘုရား။)

ရအောင်ကြိုးစား၊ ဘုရားသာသနာတွေနဲ့တွေ့မှ၊ လမ်းညွှန်ပြတဲ့ ဆရာသမားလည်းရှိမှ၊ ဟုတ်ပြီလား။

(တင်ပါ့ဘုရား။)

လမ်းညွှန်ပြတဲ့ဆရာသမားမရှိရင် သွားတတ်ပါ့မလား။

(မသွားတတ်ပါဘူးဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


တို့ဘုရားရှင်သာ လောကမှာပွင့်တော်မမူခဲ့ရင် ၃၁-ဘုံ အကုန်လုံးရောက်မှာ။ ဘုရားမပွင့်ရင် ဘယ်လမ်းက ဘယ်ရောက်မယ်၊ ဘယ်လမ်းက ဘယ်ရောက်မယ်ဆိုတာ ဘယ်သိလိမ့်မတုန်း။

ဘုရားပွင့်တော်မူလာလို့ ဘယ်လမ်းကို ဘယ်လိုသွားရတယ်။ ဘယ်လမ်းက ဘယ်ရောက်တယ်ဆိုတာ သိရတာ။

(တင်ပါ့ဘုရား။)

အဲဒီသိတော်မူလို့ လမ်းတွေညွှန်ပေးခဲ့တာ၊ ဘယ်လမ်းကို တော့ဖြင့် မသွားနဲ့၊ ဘေးတွေ့လိမ့်မယ်၊ ဘယ်လမ်းကိုတော့ဖြင့် သွား၊ ငါဘုရားလည်း ဒီလမ်းလိုက်လာတာ၊ လမ်းညွှန်တွေ ပေးမထားဘူးလား။

(တင်ပါ့ဘုရား၊ ပေးထားပါတယ်ဘုရား။)

အေး ... ပေးထားတယ်၊ ဒီသာသနာ ဒီလိုကြုံလို့ ဘုရား ပွင့်တော်မူတဲ့အခါနဲ့ တိုက်ဆိုင်လို့ ကြုံကြ ဆုံကြရတဲ့ အခိုက် ကလေးမှာ သဒ္ဓါတရားဖြစ်ဖို့၊ သဒ္ဓါတရားဟာ အရေးကြီးတယ်၊ ဘုရားကလည်း သဒ္ဓါတရား အဓိကထားပြီးဟောတာ။

**သဒ္ဓါယ တရတိ ဩဃံ။**

သဒ္ဓါတရားနဲ့ ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ ဆိုတဲ့ ဩဃ ၄-ပါးကို လွှန်မြောက်နိုင်တယ်လို့ ဆိုပါတယ်။

လောကုတ္တရာတရားမှာ အားထုတ်နေမှ ရတာ။ ကြိုးစား နေမှရတာ။ လောကီစီးပွားရေးကတော့ တစ်သံသရာလုံး ရခဲ့ပြီ။ ဒီဘဝလည်းပဲ လူ့လ၊ ဝီရိယ၊ ဉာဏ်အား၊ ကံအား အားရှိရခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com


လောကုတ္တရာကြီးပွားရေးက လောကုတ္တရာဆိုတဲ့အတိုင်း ကုတ်ပြီးအားထုတ်မှ၊ လောကီရေးတွေ လျှောက်တွေးနေလို့ မရဘူး၊ လောကီဆိုတာ ကျယ်ဝန်းတယ်နော်။

(တင်ပါ့ဘုရား။)

အဘိဓမ္မာ သဘောတရား၊ ပရမတ္ထသဘောတရား၊ လောကီစိတ်က ကောသီတိ=၈၁ ပါးသောစိတ်ရှိတယ်၊ လောကုတ္တရာစိတ်က ရှစ်ခုရှိတယ်။

လောကီက မကျယ်ဘူးလား၊ အဲဒီတော့ လောကုတ္တရာဆိုတာ ကိုယ့်ဟာကိုယ် ကုတ်ပြီး မရရအောင် ပို့လိုက်ယူလိုက်၊ ယူလိုက်ပို့လိုက် လုပ်မှ။

မနေ့ကတုန်းက ယူလာပါဆိုတော့ ဒုတိယနိဒါန်းပို့းလိုက်တော့ ...

မောင်ရွှေ ဒုတိယနိဒါန်းရွေးပြီးပြီးလား။

(မရွေးရသေးပါဘူး။)

နိမိတ်ကရော ရလား။

(ရပါတယ်ဘုရား။)

အလင်းတန်းရော မရသေးဘူးလား။

(တစ်ခါတော့ ရပြီးပါပြီဘုရား။)

နိမိတ်ရတာက သူ့ကလည်း သဘောပါမှ၊ ဟိုဟာတွေက မျက်စိမှိတ်ထားတာမဟုတ်လား၊ မျက်စိနဲ့ တစ်ကိုက်အတွင်းမှာ မှောင်နေသလား။

(တင်ပါ့ဘုရား။)

မှောင်နေတာလား၊ လင်းနေတာလား။

www.burmeseclassic.com

www.burmeseclassic.com


(မှောင်နေတာပါဘုရား။)

အမြဲတမ်းမှောင်နေတာလား၊ ဒီလိုတရားအားထုတ်တဲ့အခါ တစ်ကြိမ်တစ်ခါမှ မရသေးဘူးလား၊ မတွေ့ဘူးလား။

(အလင်းရောင်ကလေး တစ်ချက်လားပဲ တွေ့ဖူးပါတယ်ဘုရား။)

ဘယ်နှယ်နေတုန်း။

(ခတ်မီးလုံးကဲ့သို့ ၂-ခါလားတွေ့ဖူးပါတယ်ဘုရား။)

၂-ခါထဲပဲလား။

(မှန်ပါ အရှင်ဘုရား၊ ၂-ခါပဲတွေ့ဖူးပါတယ်။)

နောက်ရော မှောင်နေတာပေါ့။

(မှန်ပါဘုရား။)

ဟုတ်ပါ့မလား၊ မလွတ်စေနဲ့ ထိန်းထား။

(ကြက်သီးမွေးညှင်းတွေကတော့ မနေ့က ၁၀-ခါ၊ ၁၅-ခါလောက်ရှိတယ်၊ ဖြစ်တာ။)

အေးပေါ့၊ လောကီပညာ၊ လောကုတ္တရာပညာ၊ ဗဟုသုတ စီးပွားရေးတွေ၊ ဘာရေးညာရေးတွေ ဘေးခဏဖယ်ထားနော်။

(မှန်ပါဘုရား။)

ဒါ အားထုတ်တယ်ဆိုတာ ဒါရမှကိုး၊ ကြိုးစားရင် မရမရှိပါဘူး။

မင်းကရော ...။

(ရပါတယ်ဘုရား။)

မင်းကရော ...။

www.burmeseclassic.com

www.burmeseclassic.com



(မရသေးပါဘူးဘုရား။)

ရအောင်ကြိုးစားကြ၊ လိုချင်တဲ့ဆန္ဒ၊ ရချင်တဲ့ဆန္ဒရှိလို့ရှိရင် မရတာမရှိဘူး။ ကြိုးစားရင်ရပါတယ်၊ လုံ့လ၊ ဝီရိယထည့်လုပ်။

**ဆန္ဒဝတော ကိံ နာမကမ္မံ နသိဇ္ဈတိ-ဘုရားဟောတွေ မဟုတ်** ဘူးလား။

ဘုရားအဆူဆူ ဒီတရားတော်ကြီးနဲ့ ဘုရားတောင်မှပဲ ဘုရားဖြစ်ပြီးမှ လောကီစည်းစိမ်ဆို ဘာမှလိုလေသေးမရှိတော့ဘူး။

ဘုရားမဖြစ်ခင်က ဘာမှလိုလေသေးမရှိဘူး၊ ဘာမဆိုလိုလေသေးမရှိ ပြည့်စုံနေတဲ့ကြားက ကိုယ်တော်တိုင် အသေအလဲ အဲဒီလိုကျင့်ကြံအားထုတ်ရတာ။

ဓမ္မံ သရဏံ ဂစ္ဆာမိဆိုတာ တရားကိုဖက်တွယ်ပြီး အသေအလဲ အသက်ကိုတောင် ပဓာနမထားဘဲ အဲဒီလို အားထုတ်ရတာ။

ဒကာကြီးတို့လည်း အဲဒီလိုအသက်စွန့်ပြီး အားထုတ်ရမယ်ဆိုရင် အားထုတ်မယ့်သူရှိမှာမဟုတ်ပါဘူး၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး အားထုတ်တာပြောတာပါ။

တောကြီးမျက်မည်းထဲ တစ်ယောက်တည်းပဲ တကယ့်တိုင်းတော်ပြည်တော် ထီးနန်းတော်ကိုအကုန်စွန့်၊ ဘုန်းကြီးတော့ကြည့်ညိုတယ်၊ သက်သောင့်သက်သာမရှိဘူးလား၊ ဘယ့်နှယ့်တုန်း။

(တင်ပါ့ဘုရား။)

အဲဒီလို ဆင်းရဲခံပြီးတော့ ပေးခဲ့တော်မူတယ်ဗျာ၊ ဘုန်းကြီးတော့ နေ့တိုင်းရှိခိုးပြီးအိပ်တယ်၊ အဲဒီတိုက်က ဓမ္မစေတီတိုက်။

www.burmeseclassic.com

www.burmeseclassic.com


ဒကာကြီးက တရားနိမိတ်မရသေးဘူးနော်၊ မရသေးရင် ရအောင်ကြိုးစားပါ၊ ရှေ့ရောက်တယ် နောက်ကျတယ်ဆိုတာ မရှိပါဘူး၊ ရှေ့ကျနေတယ်၊ နောက်ကျနေတယ် မရှိပါဘူး၊ ကြိုးစားကြပါ၊ ကြိုးစားရင် ရပါတယ်၊ မှန်မှန်ကလေးသာကြိုးစား၊ ဒကာကြီးတို့က ဆက်ပြီးတော့ကြိုးစားကြဦး။

ရပြီးသားလူတွေလည်း ကြိုးစားကြဦး၊ နိမိတ်မရကြတာတွေက အိမ်ခဏခဏပြန်၊ သားတွေသမီးတွေဆီရောက်။ အဲဒီတော့ အပူတွေက အအေးတွေရှာပြန်တော့ အပူတွေပါလာသေးတာ။

ဘုရားတရားဆိုတာ အအေးဆုံးဖြစ်တဲ့ တရားပါ၊ ဒါပေမယ့် အပူတွေက ရောက်လာသေးတာ၊ အပူတွေက လျော့လျော့ မသွားဘူးလား။

(မလျော့သွားဘူးဘုရား။)

တစ်ခါရှူလိုက်ရင် သတိ လေးနဲ့ရှူရတယ်၊ တစ်သံသရာလုံး လောင်လာတဲ့လောဘမီးတွေ အဲဒီအခါမှပဲ မီးတွေငြိမ်းသွားတယ်။

အဲဒါကြောင့် ခမ္ဘ သရဏံ ဂစ္ဆာမိကို မိမိရရအားထုတ်ပါ၊ ဘုရားဖြစ်တယ်ဆိုတာ တရားအားကိုးလို့ ဘုရားဖြစ်တာ။

ဘုရားတောင် အသေအလဲအားထုတ်ရတယ်လို့ ခုနကပြောတာဟာ တရားကို အားကိုးတာ၊ ပစ္စေကဗုဒ္ဓါတွေလည်း တရားကို အားကိုးတာ၊ ဟုတ်လား။

(မှန်ပါ့ဘုရား။)

ရဟန္တာတွေလည်း တရားအားကိုးတာ၊ အဲဒီတရားတော်တွေကို ကိုယ်ကိုယ်တိုင်က အားကိုးပြီးတော့ ကိုယ်ကိုယ်တိုင်က

www.burmeseclassic.com

www.burmeseclassic.com


ကြိုးစား၊ ကိုယ်ကိုယ်တိုင်က သိတော်မူသည့်တရားတော်တွေကို သုတ္တန်တွေကို၊ အဘိဓမ္မာတွေကို၊ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်ထားပြီး ရဟန်းတော်များအတွက် အပြည့်အစုံ ထားခဲ့တယ်။

ရဟန်းတော်များအတွက်ဆိုရင် ဝိနည်း သိက္ခာပုဒ်တွေ ဘာမှ လိုလေသေးမရှိဘူး။

အားထုတ်ရင်ရတာပေါ့၊ အားမထုတ်ရင် မရဘူးပေါ့၊ လွဲရင် ဘယ်လောက်လွဲသွားမလဲ၊ တစ်သံသရာလုံး လွဲသွားမယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သနားလို့ပေးတာ၊ သနားလို့ပေးတဲ့ ပုဂ္ဂိုလ်က အကောင်းဆုံးပစ္စည်းပစ္စယတွေကို ပေးလျက်သားနဲ့ မယူချင်ဘူးဆိုရင် ကိုယ်ပဲမရမှာပေါ့။ ကိုယ်ပဲ ဆုံးရှုံးမှာပေါ့။ တစ်သံသရာလုံးရှုံးမယ်။

အဲဒီတော့ တရားဓမ္မ တစ်ခါရှု ရအောင်ယူသွား၊ ရှည်ရှည် ကလေးရှု ရှည်ရှည်ကလေးထုတ်၊ ရှေးဦးစွာ တရားနိမိတ် **များများရအောင်သွား၊** ကိုယ်နေတဲ့ကျောင်းနံရံနှင့် တစ်တောင် လောက်ခွာပြီးတော့ထိုင်၊ အဲဒီလို ထိုင်ပြီးတော့ ကိုယ်သွားနေကျ အတိုင်း အားထုတ်နေကျအတိုင်း နိမိတ်တွေလာနေတယ် မဟုတ်လား။

(လာပါတယ်ဘုရား။)

ဒါဟာ ထွက်လေဝင်လေမှတ်လို့လာတာ၊ မမှတ်ဘဲ နေလို့ လာပါ့မလား။

(မလာပါဘူးဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


အခုလည်း ထွက်လေကို ကြားက ဒီဃံဝါ ပဿသန္တော၊ ဒီဃံဝါဆိုတာ ရှည်ရှည်၊ ပဿသန္တောဆိုတာ ရှည်ရှည်ရှူ၊ လေကို ရှည်ရှည်ကလေးရှူပြီးပို့၊ ပန်းတိုင်ဆိုတဲ့၊ မှတ်တိုင်ဆိုတဲ့ နှာသီးဖျားနဲ့တည့်တည့် အဲဒီလေကလေးကို နှာသီးဖျားနဲ့တည့်တည့် ဆွဲပြီးပို့တော့ လေကိုတော့ ဘယ်မြင်ရမတုန်း။

အာရုံကလည်းပြောင်းပေး၊ ရှည်ရှည်ရှူပြီးတော့ အဲဒီနေရာကို ပို့တာ၊ ရောက်တယ်လို့ အမှတ်သညာတွေကပြတယ်၊ ဒီလေကလေးရောက်တာ မြင်တော့မမြင်ရပါဘူး။

ဘယ်မြင်ရမတုန်း၊ အခုတိုက်နေတဲ့လေကိုရော မြင်ရရဲ့လား။

(မမြင်ရပါဘုရား။)

တိုက်တာကိုပဲ သိတာမဟုတ်လား။

(တင်ပါ့ဘုရား။)

ဒါလည်း ဒီအတိုင်းပေါ့၊ မြဟ္မာ့ပြည်တောင်ရောက်တယ်၊ ကာယကံစိတ်ကို ပြောင်းပေး၊ အဲဒီလိုမှတ်။ တရားနိမိတ်က စောစောစီးစီးက ရအောင်သွားထားတယ်။

ရလည်းရတယ်၊ ထွက်လေကို ရှည်ရှည်ရှူ၊ လေလေးကလည်း ဖြိုင်ဖြိုင်သွားတယ်၊ ဖြောင့်ဖြောင့်တန်းတန်းသွားတယ်၊ အဲဒီလို အာရုံပြောင်းပေးသွားတာလဲ ငါမမြင်မရပါဘူးလို့ ဒီလိုသွားမတွေးနဲ့၊ ရောက်တယ်လို့ သညာလေးကလည်းပြောင်းပေး၊ အဲဒီလိုလည်းမှတ်၊ ရောက်တယ်လို့မှမထင်ဘဲ ဘယ်ရောက်မှာတုန်း။

အဲဒီတော့ ပို့လိုက်တိုင်းရောက်တယ်၊ ဝမ်းမြောက်ဝမ်းသာနဲ့ ပို့၊ ဘုရားရှင်ရဲ့တရားတော်ဆိုတာ ဘာမှယုံမှားသံသယမဖြစ်နဲ့၊ အဲဒီတော့ ရောက်အောင်ပို့။

www.burmeseclassic.com

www.burmeseclassic.com


ဗြဟ္မာ့ပြည်ကို နှာသီးဖျားနဲ့ပို့၊ ဒီဃံဝါ ပဿသဒ္ဒော ထွက်လေလေးကို ရှည်ရှည်ဆွဲ ရှည်ရှည်ရှူ၊ ဗြဟ္မာ့ပြည်ရောက်သွားရင် နိမိတ်က ဟောဒီမှာပို့တော့ မြင်ရတယ်။

ဟော့ဒီနှာသီးဖျားမှာ ဗြဟ္မာ့ပြည်နှာသီးဖျားကို အာရုံပြုယူ၊ ဗြဟ္မာ့ပြည်ရောက်လာရင် ရှည်ရှည်ကလေးရှူ၊ ဒီနေရာရောက်သွားပြီ။

ဒီနေရာဆုံပြီးသွားပြီ၊ နိမိတ်ကလေးက ဒီနေရာရောက်သွားရင် ဗြဟ္မာ့ပြည်ပို့လိုက်၊ ရှည်ရှည်ရှူပြီး အသာလေးရှူတာနဲ့ ခုန်ကူးလာတယ်။

ရှူပြီးပြန် ဟိုခုန်ကူးသွားတယ်၊ ပို့လိုက်ရင် ကူးသွားပြန်ရင်၊ မင်းယူလာခဲ့လို့ ခေါ်စရာမလိုဘူး၊ မင်းဟိုသွားလို့လည်း ပြောစရာမလိုဘူး။

ငါဒီနေရာပို့တယ်၊ ဒီနေရာပို့တယ်၊ ထွက်လေလေးဟာ မှတ်ပြီးတော့ ဒီနေရာလာတာပဲ၊ ဗြဟ္မာအောင်ပြီးရင် ဗြဟ္မာလာမှာပေါ့၊ အဲဒါ သူများဗြဟ္မာ တီခနဲ တည့်တည့်မြင်ရပြီ၊ ရှည်ရှည်ရှိုက်ပြီး အသာကလေးရှိုက်ရတယ်၊ တအားကြီးကုန်းပြီး နောက်ပြန်လာအောင် တအားကြီးမကုန်းရပါဘူး။

အဲဒီလိုလေးပို့လိုက်၊ ဘဝကူးခိုင်းပြီးတော့ ယောဂီဟိုဘက်ကမ်းကူးနော်၊ သံသရာကြီးက ပင်လယ်ကြီးလိုပဲ ပင်လယ်ထက်ကျယ်တာပေါ့၊ ဟိုဘက်ကမ်း ဒီဘက်ကမ်းမမြင်ရဘူး။

ဒါကူးသွားရင် ဟိုဘက်မှာအောင်သွားပြီ၊ ဘာမှ ခက်ခဲတာမရှိတော့ဘူး၊ ဒီက ကူးကတည်းက သဘောမပါရင် ကြာတတ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com


သဘောမပါရင် ကြာတတ်တယ်၊ ဒါ ပင်လယ်ကူး ဘဝကူး ကောင်းအောင် ယောဂီတို့ ဟိုဘက်ကမ်းကူးပါ၊ ဟိုဘက်ကမ်းကူး ဖို့ရန်အတွက် နိမိတ်ပွားရမယ်။

(၁) နိမိတ်ပွားမယ်၊

(၂) ရှည်ရှည်ကြီးရှုပြီးတော့ပို့ရမယ်၊

(၃) ပို့တာ ယူတာ ဘဝကျွတ်တမ်းယောဂီ၊

နိမိတ်က မမြင်ရသေးဘူးဆိုရင် မတွေ့ရသေးတာပေါ့။

(တင်ပါ့ဘုရား။)

ဖြောင့်ဖြောင့်တန်းတန်းသွားမယ်၊ ရောက်တယ်၊ သံသရာက လွတ်ကြောင်းဘေး၊ အဲဒီလိုပြောင်းပေးတော့ မကြာဘူး၊ သံသရာ ကြီးက ပို့လို့ဘယ်တုန်းကရောက်လို့တုန်း။

လေးတိုးတာလည်း ငါမမြင်ရပါဘူး၊ အဲဒီလိုဆိုရင် ငါဘယ် တော့မှ ရမှာမဟုတ်ဘူး၊ ရှေးဦးစွာ ဘာလုပ်ရမှာတုန်း။

(၁) နိမိတ်ရအောင်ယူရမယ်၊

(၂) ရှည်ရှည်ရှုရမယ်၊

အသွားအပြန်ယူတဲ့အခါ နှာသီးဖျားကိုရအောင်ရှု၊ ဗြဟ္မာ့ ပြည်ကိုကြည့် မြင်ရတယ်နော်၊ ဒီတစ်ခါ တရားနိမိတ်က ရနေပြီ။

အသက်ရှုလိုက် ပျောက်သွားလိုက်ဖြစ်မယ်၊ ပြန်ယူတယ် ဆိုတာ အသက်ရှုလို့ပြန်ယူတာ၊ အဲဒီလိုပဲ ဖြစ်တတ်တယ်။

အဲဒီလိုမဖြစ်အောင်သတိပြုပါ၊ ဒီဃံဝါ ပဿသန္တော ဆိုတာ ထွက်လေကို ရှည်ရှည်ပို့၊ ဝင်သက်လည်း ရှည်ရှည်လေးယူ၊ ရှုရှိုက်နိုင်ရမယ်၊ သဘောကျပြီလား။

www.burmeseclassic.com

www.burmeseclassic.com


(ကျေပါပြီဘုရား။)

ဒါ ပင်လယ်ကူးခေါ်တာနော်၊ မင်းတို့ရှေ့မကျဘူး၊ ကြိုးစား လို့သွားကြ၊ ဆရာမရှိနည်းမသိတဲ့၊ ဆရာရှိမှ နည်းနာရ၊ ဆရာ ကောင်းသော် မဂ်လမ်းဖော်၊ ဆရာမကောင်း မဂ်လမ်းစောင်း။

အဲဒီတော့ မင်းတို့ကြိုးစားကြ။

ဒါက အခုမှအစရှိသေးတာပဲ၊ လူတိုင်းလူတိုင်း ကိုယ့်ဟာနဲ့ ကိုယ် ရောက်ကြတာပဲ၊ အဲဒါ မြင်ရရဲ့လား။

(မြင်ရတယ်လို့ထင်တာပဲဘုရား။)

မှန်မှန်ထင်တာလား။

(ထိထိရောက်ရောက်ထင်ပါတယ်ဘုရား၊ လေပြန်ပြီးတော့ ယူတော့လည်း ပြန်ရောက်ပါတယ်ဘုရား။)

ပြန်ယူတော့ကို နှာသီးဖျားမှာပြန်ရောက်သလား။

(ပြန်ရောက်ပါတယ်ဘုရား။)

ရနေပြီပဲ၊ မှန်တယ်ဆိုလို့ရှိရင် ကြည်စေ၊ လင်းစေလို့ခိုင်း၊ ဒါဆိုရင် ကြည်သွား လင်းသွားလိမ့်မယ်၊ အဲဒီလိုအားထုတ်၊ ဘယ်နှစ်ခန်းတုန်း။

(သုံးခန်းပါဘုရား။)

ရရင် ခုနယ်က ကြည်စေ၊ လင်းစေလုပ်ခိုင်းရတယ်။

နောက်တစ်ယောက် ...။

(တပည့်တော်မရသေးဘူးဘုရား။)

ဝဲတာလား၊ ရွဲတာလား၊

www.burmeseclassic.com

www.burmeseclassic.com


(မဟုတ်ဘူးဘုရား၊ အားလုံးက ဒီဘက်ရောက်နေတယ်၊ ခေါ်လို့မလိုက်ဘူး၊ ငြိမ်နေတယ်။)

ဖြဟ္မာပို့တယ်ဆိုတော့ ဖြောင့်ဖြောင့်တန်းတန်းမသွားဘူးပေါ့။

(တင်ပါ့ဘုရား၊ အဲဒီလို ဝေးတော့မသွားဘူးဘုရား၊ နီးတော့သွားတယ်။)

အဝေးမရဘူးပေါ့၊ အနီးတော့ရတယ်။ နိမိတ်ကတော့ရသလား။

(တင်ပါ့ဘုရား၊ နိမိတ်ကပေါ်လိုက် ပျောက်လိုက်ဘုရား၊ အမြဲတော့ မမြင်ဘူးဘုရား။)

ဖြဟ္မာပို့တာ တစ်ခါမှမရောက်ဘူးလား။

(နီးရင်ရောက်တယ်ဘုရား၊ ဝေးတော့ တာဝတိံသာကျတော့ မရတော့ဘူးဘုရား။)

ဘာ့ကြောင့်မရောက်တာလဲလို့ အထင်မှားမရှိမိဘူးလား။

(တင်ပါ့၊ ရှိပါတယ်ဘုရား။)

အဲဒီတော့ မင်းစိတ်နဲ့အညီဖြစ်သွားတာပေါ့၊ ပြီးတော့ မင်းစိတ်နဲ့အညီ အကျိုးပေးတာကွ၊ ငါခဏခဏပို့ကြည့်တာ တစ်ခါမှ မရောက်သေးဘူးလို့ မင်းက အဲဒီလိုစိတ်ထားတော့ ဘယ်ရောက်မှာတုန်း။

မင်းထင်တာကိုက မရဘူးလို့ထင်ထားတာကိုး။

(တင်ပါ့ဘုရား။)

အဲဒါကြောင့် တရားဟာ သိမ်မွေ့တယ်ဆိုတာ ပြောတာပေါ့၊ ဖြစ်မှန်းမသိဖြစ်၊ မင်းအတည်မပြုနေနဲ့၊ ရောက်စေချင်လို့ပို့တာ မရောက်ဘူး၊ မင်းစိတ်ကကို မရောက်ဘူးထင်နေတာကိုး။

www.burmeseclassic.com

www.burmeseclassic.com


ဗြဟ္မာ့ပြည်ကိုပို့ရတာ ဝမ်းသာတဲ့ပီတိစိတ်နဲ့ ပို့ရတာ၊ ကုသလဆိုတာ တကယ့်ကုသိုလ်တော်ကြီး၊ ဝမ်းမြောက်ဝမ်းသာနဲ့ ငါဘုရားသာသနာတော်နဲ့တွေ့၊ သဒ္ဓါတရားလည်းရှိနေလို့၊ ဝီရိယလည်းရှိလို့၊ အကုန်လုံးစုံလို့၊ အဲဒါကြောင့် မင်းတို့အားထုတ်ဖြစ်တာ၊ ကြည့်လေ၊ ယထာဘူတ လမ်းမှန်ကျဖို့ဆိုတာ မလွယ်ဘူး၊ ကြိုးစားကြ။

နောက်တစ်ယောက် ...။

နိမိတ်ရရဲ့လား ...။

(တင်ပါ့ဘုရား။)

ဗြဟ္မာ့ပြည်ပို့ကြတော့ နိမိတ်ကဘယ်လိုရတာတုန်း။

(ဒီလိုသွားလိုက်ရင် ဒီလိုနေရာမှာရပ်နေတယ်ဘုရား၊ တစ်ခါတလေကျရင် ပြန်မလာဘူးဘုရား)

မေတ္တာတွေပို့၊ မေတ္တာတွေပို့ထားမှ၊ ဒါတွေကရှိတတ်တယ်နော်၊ မရမရှိဘူး။

နောက်တစ်ယောက် ...။

(ကိုယ့်အခန်းတင် ကိုယ်ကို ထပ်ခါတလဲလဲမြင်ရတယ်ဘုရား၊ တခြားအခန်းတွေ မမြင်ရဘူးဘုရား၊ နောက် တစ်ခါတစ်ခါလေနဲ့ ပျံ့ပြီးရောက်လာတယ်၊ မောတော့မောတယ်ဘုရား။)

ရပြီ ရပြီ။

နောက်တစ်ယောက် ...။

(နိမိတ်တွေပို့တဲ့အခါ ပျံ့နှံ့နေတယ်ဘုရား။)

ပျံ့နေတာတွေကို ရှောရှောရှူရှူ ပို့လို့ရောရရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com


(ရပါတယ်ဘုရား၊ ရပ်တဲ့အခါလည်း မြင်ရပါတယ်ဘုရား၊ နှာသီးဖျားကို ယူလို့ရပါတယ်ဘုရား။)

ပို့တဲ့နေရာမှာ ဝမ်းသာအားရနဲ့ ပို့ရမှာနော်၊ အစကတည်းက ဝမ်းသာအားရနဲ့ ပို့ရမယ်၊ သံသယစိတ်တွေမဝင်နဲ့။

ဘုရားရှင်ရဲ့တရားဆိုတာ မရမရှိဘူး၊ ယုံမှားသံသယမရှိရဘူး၊ ဘုရားက သိတော်မူ မြင်တော်မူလို့ထားခဲ့တာ၊ ယုံမှားသံသယဖြစ်မနေနဲ့၊ အဲဒီလိုလုပ်ပါ။

ပါရမီတွေပါလို့ မင်းတို့အားထုတ်ဖြစ်တာ။ အားထုတ်ဖို့လွယ်ပါ့မလား။

(မလွယ်ပါဘုရား။)

နောက်တစ်ယောက်ရော ...။

(ဝေးတဲ့နေရာရော နီးတဲ့နေရာရော ရပါတယ်ဘုရား၊ ဒါပေမယ့် နည်းနည်းတော့မောတယ်ဘုရား)

အိပ်နေတဲ့အခါပို့ကြည့်စမ်း၊ ဗြဟ္မာ့ပြည်ရောက်သလား။

(ရပါတယ်ဘုရား။)

ရောက်နေတာပဲ၊ ရရင် ဟိုဘက်လည်းရတာပဲ၊ သံသယကုက္ကုစ္စတွေမဖြစ်နဲ့၊ အေး ... ဝမ်းမြောက်ဝမ်းသာနဲ့ တရားတော်ဂုဏ်တော် ကျေးဇူးတော်တွေကို အောက်မေ့ကြ။ အင်မတန်ရခဲတယ်။

ကြားရနှာရခဲတယ်၊ ဒီဘက် ဒီကိုဘက်ပြီးယူရမယ်၊ အဲဒီလိုဝမ်းမြောက်ဝမ်းသာနဲ့ဖူးရမှာ၊ တကယ့် လူသူတော်ကြီးတွေ၊ မင်းတို့က ခုမှ စခါစရှိသေးတာကွာ။

www.burmeseclassic.com

www.burmeseclassic.com


ဖြဟ္မာ့ဘုံပို့တာ ဖြဟ္မာ့ပြည်ရောက်အောင်သွား၊ နတ်ပြည်ပို့ရင် နတ်ပြည်ရောက်အောင်သွား၊ များများသွားမလုပ်နိုင်ရင် ပြန်ခဲ့၊ မြင်ပြီလား၊ ခု ဒီလိုခိုင်းနေရသေးလား။

မခိုင်းရဘူးမဟုတ်လား၊ ကဲ… မင်းစိတ်က အာရုံပြုထား၊ ပြန်ပြီးယူလိုက်တဲ့အခါကျလည်း ဖတ်ဆိုပြီးပြန်ရောက်သွားတယ်။

အသက်ရှူတတ်ဖို့လိုတယ်ကွ၊ လူလူချင်းဆို သူသွားချင်ရာ သွားမှာ၊ ဂျစ်တီးဂျစ်ကန်နဲ့၊ ဘုရားရှင်ရဲ့တရားတော်က ဒီလို မဟုတ်ဘူး။

နောက်တစ်ဖယောက်၊ ဒကာကြီးကရော …။

(ပို့လို့ရပါတယ်ဘုရား၊ တိုင်ထိပ်ပို့တာပါဘုရား။)

ဘယ်ရောက်ရောက်ပေါ့။

(မှန်ပါ့ဘုရား။)

အခုမှ ဝလုံးရေ ၀, စတာ။

ဟိုလူကျန်သေးလား။

(ရပါတယ်ဘုရား။)

ဘာမှ အပူအပင်မရှိ၊ ပါရမီတော်တွေ လေးအသချေနဲ့ ကမ္ဘာတစ်သိန်းကျင့်ပေးတာ၊ ဒုက္ကရစရိယာ အသေအလဲကျင့်၊ အသက်စွန့်ပြီးကျင့်တာ။

တိုင်းတော်ပြည်တော် ထီးဖော်နန်းတော် သားသမီးလည်း လှည့်မကြည့်ဘူး၊ ပစ်ထားခဲ့တာ။ မျက်လုံးဘာတွေဖောက်လှူ တယ်။ လောကမှာ ကောင်းမှုတွေ အကြီးအကျယ်ပြုခဲ့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com


မျက်လုံးတစ်လုံးဖောက်လှူဒါန်းမယ်၊ ဘယ်သူဖောက်လှူဒါန်းမှာတုန်း၊ ရပ့ါမလား။

(မရပါဘုရား။)

တစ်လုံးတောင်မလှူနိုင်ဘူးနော်၊ ဘုရားရှင်အလောင်းတော်ရဲ့ ဒါနတစ်ခုလို လှူနိုင်ပ့ါမလား။

(မလှူနိုင်ပါဘုရား။)

မမီနိုင်ဘူး၊ ကမ္ဘာကြီးပျက်စီးတဲ့အခါ ဒီကုသိုလ်ပါရမီတွေက ပျောက်ပျက်မသွားဘူး။ ဘဝအသခင်္ချေ အကျိုးပေးတာ။

သာဓု … သာဓု … သာဓု …။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်ကြောက်ရင် အမှတ်လုပ်

ရရဲ့လား။

(ရပါတယ်ဘုရား၊ နိမိတ်ကြိုပို့လုပ်ကြည့်ပါတယ်ဘုရား၊ ပထမအခန်းလည်း ဖောက်သွားပါတယ်။)

ဒုတိယအခန်းရော ...။

(ဒုတိယအခန်းလည်း ဖောက်သွားပါတယ်ဘုရား။)

တတိယအခန်းလည်း ဖောက်သွားသလား။

(ဖောက်သွားပါတယ်ဘုရား။)

ရချင်တဲ့တရားစိတ်ရှိရင် ရတာပဲ၊ တရားဟာ အင်မတန် ဆန်းကြယ်တယ်၊ အင်မတန် သိမ်မွေ့တယ်။

(မှန်လှပါဘုရား။)

ဒီအခန်းလောက်ဖောက်လို့ရလား၊ အုတ်တွေစီထားတာ၊ ဘိလပ်မြေတွေနဲ့ ကိုင်ထားတာ၊ ဘယ်နှယ့်လုပ်ဖောက်မှာတုန်း၊ ဟုတ်ဘူးလား။

(မှန်ပါ့ဘုရား)

www.burmeseclassic.com

www.burmeseclassic.com



တရားရှင်က တရားနားလည်တော့ သူဟာနဲ့သူ ဖောက်သွားတာ၊ ဘာလက်နက်တွေမှ မလိုဘူး။

(မှန်ပါ့ဘုရား၊ မှန်ပါ့)

လောကမှာ ကမ္ဘာမှာရှိတဲ့ အမေရိကန်တို့ ဂျပန်၊ အိန္ဒိယတို့၊ တရုတ်တို့ဆိုတဲ့ တိုင်းကြီးပြည်ကြီးသားတွေအကုန်လုံး ကမ္ဘာမှာရှိ သမျှ ၂ သိန်း ၄ သောင်းအထုရှိတဲ့ ကမ္ဘာမြေကြီးကို ဖောက်စမ်း ပါလို့ဆိုရင် လက်နက်ရှိသလား။

(မရှိပါဘုရား။)

မဖောက်နိုင်ဘူး၊ ကမ္ဘာမှာရှိသမျှလူတွေစုပြီးတော့ ဖောက် နိုင်းပါ၊ ရမလား။

(မဖောက်နိုင်ပါဘူးဘုရား။)

အမေရိကန်တို့၊ ဂျပန်တို့၊ တရုတ်တို့ စွမ်းပေ့ဆိုတဲ့ လက်နက် ကိရိယာတွေနဲ့ မြေကြီးကိုဖောက်စမ်းပါ၊ ခြံတောင်ပို့သာသာပဲ ရမယ်၊ သူတို့ စွမ်းတယ်ဆိုတာ တရားအစွမ်းကိုမမီပါဘူး။

(မမီပါဘူးဘုရား။)

မရဘူးလား၊ တရားထက်စွမ်းနိုင်တဲ့ လက်နက်တွေမရှိဘူး လား။

(မရှိပါဘူးဘုရား။)

သူတို့လက်နက်တွေ စွမ်းတယ်ဆို။

(မစွမ်းပါဘူးဘုရား။)

ဘုရားရှင်ရဲ့တရားတော်က မဟာပထဝီမြေကြီး နှစ်သိန်း လေးသောင်းမကဘူး၊ ရေထုပါ ဖောက်တယ်၊ လေထုကိုဖောက်

www.burmeseclassic.com

www.burmeseclassic.com


တယ်၊ လေထုကိုဖောက်ပြီး အာကာသခန်းကိုရောက်တယ်၊ အဲဒီ လောက်စွမ်းတယ်။

(မှန်လှပါဘုရား။)

အာကာသခန်းကိုရောက်တယ်၊ ဒီအုတ်စီထားတာလေးတွေ က အင်္ဂတွေလေးတွေနဲ့ ကိုင်ထားတာ။

(မှန်ပါ့ဘုရား။)

အစိန္တေယျဉာဏ် အင်မတန်ဆန်းကြယ်တာ၊ နက်နဲတာ၊ ဘုရားရှင်တွေရဲ့ တရားတော်တွေဟာ ယုံမှားသံသယမဖြစ်နဲ့။

(တင်ပါ့ဘုရား။)

အဲဒါ သိတော်မူလို့ထားခဲ့တာ။

(မှန်ပါ့ဘုရား။)

ကျွတ်သင့်ကျွတ်ထိုက်တဲ့သတ္တဝါတွေ အများကြီးရှိသေး တယ်၊ ကျန်သေးတယ်၊ ငါဘုရားက သက်တမ်းတိုလွန်းတဲ့အတွက် သတ္တဝါတွေအကုန်လုံး မချွတ်နိုင်ဘူး။

အဲဒါကြောင့် အဆုံးအမသာသနာတွေ ထားခဲ့တာ၊ သာသနာ ၅၀၀၀ ထားခဲ့တာလေ၊ မဟုတ်ဘူးလား၊ ဘုရားရဲ့ဆုံးမ ဩဝါဒ တွေ ပရိယတ္တိ-ပဋိပတ္တိ-ပဋိဝေဓ သာသနာသုံးရပ်ထားခဲ့တယ်။

ပရိယတ်ကတော့အမျိုးမျိုး၊ စာတွေပေတွေကလည်း အမျိုး မျိုး၊ ပဋိပတ္တိသာသနာက ဘုရားသာသနာနဲ့လည်းတွေ့မှ၊ သဒ္ဓါ တရားလည်းရှိမှ၊ တရားလည်းအားထုတ်မှ ယထာဘူတလမ်းမှန် ကျအောင် ပြနိုင်အောင် ဆရာသမားလဲရှိမှ။

(မှန်ပါတယ်ဘုရား။)

www.burmeseclassic.com

လိုချင်တဲ့သဒ္ဓါတရားလဲရှိတယ်၊ လမ်းမှန်ပြမယ့်ဆရာသမား မရှိဘူးဆိုရင်လည်း ရနိုင်ပါ့မလား။

(မရနိုင်ပါဘူးဘုရား။)

လမ်းမှန်ကို ရှေ့ရှုသွားနိုင်ပါ့မလား။

(မသွားနိုင်ပါဘူးဘုရား။)

အဲဒီလောက်ခဲယဉ်းတယ်နော်၊ တရားကောင်းရဖို့ရန်လည်း ခဲယဉ်းတယ်၊ အခွင့်မတန်ခဲယဉ်းတယ်၊ အလွန့်အလွန်ခဲယဉ်းတယ်။

လယ်တီဆရာတော်ကြီးရေးထားတယ်။

"အရိမေတ္တယျဘုရားရှင်

ယခု အန္တရကပ်ကုန်၍

နောက် ဆုတ်ကပ်တွင်

တစ်သိန်းတမ်းပွင့်လတ္တံ့၊

အနှစ်နှစ်သိန်း၊ သုံးသိန်း

သာသနာထွန်းလင်း၍ ကွယ်လတ္တံ့။

ဘုရားသာသနာ ကွယ်သည့်နောက် ပွင့်လာရန် ဘုရားမရှိပြီ။ ဤကမ္ဘာကုန်လျှင် သုညကမ္ဘာတွေများစွာလာ၍ မှောင်အတိ သွားတော့မည် ..." တဲ့။

(မှန်လှပါဘုရား။)

ဒီကမ္ဘာ သုညကမ္ဘာကနေ အရိမေတ္တေယျမြတ်စွာဘုရား ပွင့်ပြီးလျှင် ပွင့်လာမယ့်ဘုရားမရှိတော့ဘူး၊ အမှောင်ကျသွားပြီ ဗျာ။

အန္တရကပ်ဆိုတာ သိလား။

www.burmeseclassic.com

www.burmeseclassic.com


(မှန်ပါဘုရား။)

အာယုကပ်တွေ အသင်္ချေယျကပ်တွေ ဆက်ခါဆက်ခါဖြစ်သွားတယ်၊ တစ်ကပ်ကို အသင်္ချေ ၇ ကပ်၊ အခုက ဆုတ်နေတာ မဟုတ်လား။

(မှန်ပါဘုရား။)

ဆုတ်နေတာနော်၊ အသက်အသင်္ချေကနေ ရာတန်းဆင်းလာတာနော်၊ ကြာတော့ ဆုတ်လာတာ၊ တဖြည်းဖြည်းဆုတ်ဆုတ်နဲ့ လာနေတာ။

တစ်သိန်းတန်းတို့ ရှစ်သောင်းတန်းတို့နဲ့ ဆုတ်လာတာဗျာ၊ ယခု ရာတန်းရောက်နေပြီ။ တစ်ရာပြည့်အောင် ဘယ်သူနေရတုန်း။

(မနေရပါဘူးဘုရား။)

ဘုရားတောင် သက်တော် (၈၀)နေရတာ၊ ဝါတော်က (၄၅) ဝါ၊ မဆုတ်ဘူးလား၊ သက်တမ်းတွေလျော့လာနေတယ်၊ ဘာဖြစ်လို့ ဆုတ်လာရတာတုန်း၊ ဒေါသ၊ လောဘ၊ မောဟတွေ အားကြီးလို့ ဆုတ်လာရတာ။

(မှန်ပါဘုရား။)

အဲဒီလိုဆုတ်တာ ဟော့ဒီလိုဆုတ်လာရတာ၊ ဘယ်အထိဆုတ်မှာတုန်း။

(၁၀–နှစ်တန်းထိပါဘုရား။)

၁၀–နှစ်တန်းအထိဆုတ်မှာ ဿမီးက အမေလား၊ သားက အဖေလား အထင်မှား။ ဘယ်ကုသိုလ်ပြုလို့မှမရဘူး၊ အဲဒီကပ်ကြီးကလည်း ရှိသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com


(မှန်ပါဘုရား။)

ဒီလိုနဲ့ ၁၀–နှစ်တန်းရောက်တော့ သတ်ပွဲကြီးတွေ ဖြစ်ကုန်ပြီ၊ တစ်ပြည်လုံး သတ်ပွဲကြီးတွေဖြစ်ကုန်ကြပြီ၊ သတ်ကုန်ကြတော့ ဟိုကလည်း အသတ်မခံဝံ့၊ ဒီကလည်းအသတ်မခံဝံ့တော့ ပုန်းလျှိုးနေကြရတယ်၊ အဖေအမေတွေမတွေ့၊ မောင်နှမတွေမတွေ့ နေကြရတယ်။

(တင်ပါ့ဘုရား။)

အဲဒါနဲ့ ရှိတဲ့လူကလေးနဲ့ နေကြထိုင်ကြ ပေါင်းသင်းကြနဲ့ ၁၀–နှစ်တန်းမှာမွေးတဲ့သားသမီးက ၂၀–နေရတယ်၊ ခေါက်ချိုး ပြန်တက်လာတာ။

၂၀–နှစ်မှာမွေးတဲ့လူက ၄၀–နေရတယ်၊ ၄၀–နှစ်မှာမွေးတဲ့ လူက ၈၀–နေရတယ်၊ အသချေတန်းပြန်တက်လာတယ်၊ အခုမှ ဆုတ်နေတုန်းရှိသေးတယ်၊ ၁၀–နှစ်တန်း မရောက်သေးဘူး။

ဘယ့်နှယ့်တုန်း …။

(ကြောက်စရာကောင်းပါတယ်ဘုရား။)

တကယ်ကြောက်တာလား …။

(မှန်ပါဘုရား။)

အဟုတ်ကြောက်တာလား။

(မှန်ပါဘုရား။)

အဟုတ်ကြောက်ရင် အဟုတ်လုပ်၊ အဟုတ်ကြောက်ရင် အဟုတ်ကြိုးစားမှလွတ်မှာ၊ အနှစ်တစ်သိန်းတာမ်း သာသနာ ထွန်းလင်းပြီးရင် ကွယ်လတ္တံ့၊ အရိမေတ္တေယျပွင့်ပြီးရင် သာသနာ

www.burmeseclassic.com



ကွယ်လတ္တံ့တဲ့၊ သာသနာကွယ်ပြီးရင် နောက်ပွင့်လာမယ့်ဘုရားက မရှိသေးဘူးတဲ့၊ လယ်တီဆရာတော်ကြီးက –

"အန္ဓကမ္ဘာတွေ များစွာလာတော့မည်"

အန္ဓကမ္ဘာဆိုတာ ဘုရားမပွင့်တဲ့နေရာ။ လူတိုင်းလူတိုင်း အသိဉာဏ်လည်းရှိမယ်၊ သဒ္ဓါတရားလည်း ရှိမယ်ဆိုရင် မကောင်းဘူးလား။

(မှန်ပါဘုရား။)

ယခုအချိန်မှာ ဘယ်လောက်တန်ဖိုးရှိတုန်း၊ အခုကြည့်လေ ဗြဟ္မာဆက်ကပ်ပြီးတော့ ပူဇော်ရတာ၊ ကမ္ဘာကြီးခြားလိုက်ချင်သေးတယ်၊ အရိမေတ္တေယျဘုရားပွင့်မှာကိုး။

(ဒီကပဲ စောင့်မယ်ဘုရား။)

ဟဲ့··ငါ့ဆီကပဲစောင့်မယ်ပေါ့၊ အဲသလိုဗျာ··ကြောက်တာကလည်း သိမှကြောက်တာ၊ မသိရင် မကြောက်ဘူး၊ သိမှ ကြည်ညိုတာ၊ ဘုရားဟောထားတာတွေ။

အစိန္တေယျဗုဒ္ဓ ···။

ဘုရားက အကုန်သိလို့ အကုန်မှာထားခဲ့တာနော်၊ တို့ဘုရားရှင်ကလည်း အစိန္တေယျ ဗုဒ္ဓ၊ ရပါတယ်၊ ဘာမှ ကုက္ကုစ္စသံသယ မဖြစ်နဲ့၊ သူ့နည်းနဲ့သူ မဟုတ်လား၊ အုတ်နံရံကိုဖောက်တယ် မဟုတ်လား။

ဒီအုတ်နံရံဟာ ဘယ်နှယ့်ကြောင့်ဖောက်မှာတုန်း၊ အုတ်တွေ အင်္ဂတွေတွေနဲ့ ကိုင်ထားတာ။

(မှန်ပါဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


မဆန်းကြယ်ဘူးလား။

(ဆန်းကြယ်ပါတယ်ဘုရား။)

မိမိတို့နေတဲ့အဆောင်နဲ့ အခန်းတွေဘယ်လောက်ဝေးတုန်းဟိုဘက်ဆောင်၊ ဒါက ကိုယ်နေတဲ့အခန်း၊ ဘယ်နှစ်ခန်းကျန်သေးတုန်း။

(တပည့်တော်မက ဒီဘက်ကတစ်ခန်းကျန်ပါသေးတယ်ဘုရား၊ ကျန်တဲ့ခုနစ်ခန်းတော့ ဖောက်ပြီးပါပြီဘုရား၊ အဆောင်ကုန်သွားပါပြီဘုရား၊ ဟိုအထဲမှာ တစ်ဆောင်ရှိပါသေးတယ်။)

အထဲမှာရှိနေတဲ့ယောဂီတွေ မကြည့်ပါနဲ့။

(မကြည့်ပါဘူးဘုရား၊ ထောင့်ဘက်ပေါ့၊ တပည့်တော်တို့နေတဲ့အဆောင် ပြီးသွားပြီလေ၊ လမ်းလေးခြားပြီး တစ်ဆောင်ရှိသေးတယ်လေ၊ ခုနစ်ခန်းရှိပါတယ်ဘုရား။)

ဒါနဲ့ မိမိတို့အခုနေတဲ့နေရာနဲ့ ဇာမ်းဖက်ကအခြမ်းနဲ့ ဟိုတိုက်နဲ့ဝေးလား။

(မဝေးပါဘူးဘုရား၊ ဒီလောက်တော့ ရှည်ပါတယ်ဘုရား။)

ရှည်တာ မရှည်တာမေးတာမဟုတ်ဘူး၊ ခုနပြောတဲ့အခန်းနဲ့ အဲဒီလောက်ဝေးလား၊ ကြားထဲမှာဘာရှိသေးလဲ။

(ကြားထဲမှာမရှိဘူးဘုရား၊ အခန်းလေးပဲခြားထားတယ်၊ အကွာအဝေးတို့ အဲသလောက်အကွာအဝေးကို ကိုယ့်နေရာ အဲဒီလောက် ရှိပါတယ်ဘုရား၊ ပေတစ်ရာငါးဆယ် ပေတစ်ရာလောက်။)

www.burmeseclassic.com

www.burmeseclassic.com


ဟိုဘက်က အုတ်နံရံက အဆောင်(၉)၊ ပို့တာယူတာ ယူတာ ပို့တာ ဒီလိုလုပ်။

(တစ်ခါတည်း တောက်လျှောက်ဘုရား၊ အခန်းခွဲမထားဘူး၊ ကန့်တော့ကန့်မထားဘူး၊ ၁၀-ခန်းစာလောက် ရှိပါတယ်ဘုရား။)

ဒီနံရံဖောက်၊ ဒီဘက်ကိုအရင်ပို့နော်၊ နောက် ဒီနံရံဖောက်၊ ဒီဘက်နံရံက ဟိုဘက်နံရံမဟုတ်လား၊ ဒီဘက်ထိပ်ကိုလာ၊ ဒါ ပန်းတိုင်ထားလိုက်၊ ဟိုဘက်လွှန် မသွားစေနဲ့။

ဒီအခန်းက ၁၀ ခန်းစာလောက်ရှိတယ်၊ ဒီ ၅ ခန်းက ရှိတယ်လေ၊ ဟိုဘက်က မရှိတာ၊ ဒီဘက်ခြေရင်းကပို့ရင်း နောက် နံရံရှိတယ်၊ ၅ ခန်းရှိတယ်။

တောင်ဘက်ထိပ်က ယောဂီကလည်းရသလား။

(ရပါတယ်ဘုရား။)

အဆောင် ၅ ခန်းအထိ သူ့အဆောင်နဲ့သူ့အခန်းကလေးတွေ ပါသလား။

(ပါတဲ့သူက ပါတယ်ဘုရား၊ မပါတဲ့သူက မပါဘူးဘုရား)

ဒကာကြီးတွေပို့တာ အဆောင်တွေပါသလား။

(မပါဘူးဘုရား။ တပည့်တော်က ဓမ္မာရုံကြီးနံဘေးမှာ ဘုရား။)

အုတ်ကာထားတာပေါ့၊ သူ့အခန်းနဲ့သူပေါ့။

(တင်ပါ့ဘုရား။)

ဒါဖြင့်ရင် တန်းလျားထဲမှာ အဆောင်လေးတွေပါတဲ့သူ ဘယ်နှယောက်ရှိသလဲ။

www.burmeseclassic.com

www.burmeseclassic.com


(၄-ယောက်ရှိပါတယ်ဘုရား။)

တန်းလျားထဲမှာ အဆောင်လေးတွေ အခန်းပါတဲ့တန်းလျား ကနေ တောင်နဲ့မြောက်ပေါ့။

(တင်ပါ့ဘုရား)

တောင်ဘက်ကနေ မြောက်ဘက်ကို ယူလိုက်ပို့လိုက် ပို့လိုက်ယူလိုက်၊ ရပါစေ ရပါစေ၊ တစ်ခါ မိမိနေတဲ့ အခန်းဟိုဘက် က အခန်းရှိသေးတယ်မဟုတ်လား။

(ရှိပါသေးတယ်ဘုရား။)

ဒီဘက်အခန်းကနေ အုတ်နံရံကိုဖောက်ပြီးတော့ ဟိုဘက် အခန်းကို ပို့လိုက်ယူလိုက် ပို့လိုက်ယူလိုက်လုပ်ပါ။ အုတ်တွေ အင်္ဂတေတွေနဲ့ ဖောက်လို့ရော ရပါဦးမလား။

(ရပါတယ်ဘုရား။)

ဘုရားရှင်ရဲ့ တရားတော်ဆိုတာ အစိမ္မေယျ ကြံ့စည်လို့မရ ဘူး၊ ၂ သိန်းလေးသောင်းလောက်အထုရှိသော မဟာပထဝီမြေကြီး တောင် ဖောက်သေးတာပဲ။

ဒီမြေကြီးထဲမှာ ကျောက်တုံးတွေ ကျောက်ဆံတွေ ကျောက် ခဲတွေမပါဘူးလား။

(ပါပါတယ်ဘုရား။)

ဘာမှ အပိတ်အပင် အဆီးအတားမရှိဘူး။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## ထိုင်တာနဲ့ ကုသိုလ်ရနေ

အခုလာနေတဲ့ဒကာကြီးတွေက တရားမှတ်နေကြတာ ပေါ့နော်။

(တင်ပါ့ဘုရား။)

ပို့လွှတ်တဲ့ဟာမှာ ကိုယ့်ကံလေးနဲ့ကိုယ်ပေါ့၊ အခုနေတာ အခန်းလေးတွေနဲ့ပေါ့။

(အခန်းမပါပါဘူးဘုရား။)

မိမိနေတဲ့အခန်းကနေ အုတ်နံရံတွေကို ပို့လိုက်ယူလိုက်၊ ယူလိုက်ပို့လိုက်လုပ်ပါ၊ အဲဒီလိုလုပ်နော်၊ အဲဒီလိုရှောရှောရှူရှူ ရှိနေရင် ပထမတစ်ခန်းပြီးရင် ဒုတိယတစ်ခန်းကူး။

အာရုံနိမိတ်နဲ့ဖောက်ထား၊ ဒုတိယနံရံရောက်၊ အဲဒီလိုပို့တာ အကြိမ်ကြိမ်အခါခါ ပို့လိုက်ယူလိုက် ယူလိုက်ပို့လိုက်လုပ်၊ အဲဒီလို လုပ်လို့ ရှောရှောရှူရှူရသွားပြီဆိုရင် ဒုတိယတစ်ခန်းပြီးတော့ တတိယတစ်ခန်းကူး၊ ဒုတိယအခန်းအုတ်နံရံကို နိမိတ်နဲ့ဖောက်၊ တတိယနံရံကိုရောက်မယ်၊ အုတ်နံရံကိုပို့၊ ဟိုဘက်ကဘယ်နှစ်ခန်း ကျန်သေးသလဲ။

www.burmeseclassic.com

www.burmeseclassic.com


(၃-ခန်းပဲကျန်တော့တယ်ဘုရား။)

အခု ၃-ခန်းပြီးသွားပြီလေ။

(ရှိပါသေးတယ်ဘုရား။)

အဲဒါလဲ တန်းလျားပဲလား။

(တန်းလျားပါဘုရား။)

တန်းလျားက ဘယ်နှစ်ခန်းရှိတာတုန်း။

(အခန်းမရှိပါဘုရား။)

၁၀-ခန်းလောက် မရှိဘူးလား။

(ရှိပါတယ်ဘုရား။)

ဒကာကြီးရပ်နေတဲ့တန်းလျားက ဆုံးသွားပြီးနော်၊ အဲဒီတန်းလျားကနေ ဟိုဘက်တန်းလျားတစ်ခုကို ပို့လိုက်ပေါ့။

(တင်ပါ့ဘုရား။)

တစ်ခါတည်း မပို့လိုက်နဲ့ဦး၊ တစ်ခါတည်း ပို့လိုက်ယူလိုက် ယူလိုက်ပို့လိုက် အားသန်ပြီးတော့မှလုပ်။

(တင်ပါ့ဘုရား။)

ငါးခေါက်လောက်လုပ်ပြီးမှ ဟိုဘက်တစ်ခန်းကိုကူးပေါ့၊ ငါးခေါက်လောက်ဆိုရပ်ထား။

(တင်ပါ့ဘုရား။)

ကလေးလေးတွေကို လမ်းသွားသင်သလို သင်ရတာ၊ မတ်တတ်ရပ်ကလေး ကလေးတွေကိုလက်ဆွဲပြီး သွားရတာ၊ လှမ်းသွား "ဖြစ်တယ်၊ ဖြစ်တယ်"ဆိုပြီးတော့ မြှောက်ပေး၊ အဟုတ်မှတ်လို့ နှစ်လှမ်းသုံးလှမ်းလောက်လှမ်းတော့ မိုင်အနဲလဲ။

www.burmeseclassic.com

www.burmeseclassic.com


အဲဒီလို လဲတော့ ပွေ့ချီချော့ပြန်ရော..၊ ရှေ့နားရောက်ပြန်တော့ "ဖြစ်တယ် ဖြစ်တယ်" ဆိုပြီးတော့ ချပြန်ရော၊ သွားပြန်ရော၊ လဲပြန်ရော။

အဲဒါ ဘာဖြစ်လို့ လဲတာတုန်း၊ ခြေသလုံးကလဲနုသေးတယ်၊ ဒခေါက်ကွေးကလဲ နုသေးတယ်၊ ခြေထောက်ကလေးတွေကလဲ နုသေးတယ်။ ခါးကလဲ နုသေးတယ်၊ သွားလိုရာ ဆွဲဆန့်မလိုက်နိုင်သေးဘူး၊ အတော်ကလေးနုသေးတာကိုး။ ဖြစ်တယ်ဖြစ်တယ် ဆိုပြီး သွားခိုင်းတာ၊ လဲသွားတာပေါ့။

အဲဒါလိုပဲ၊ ခုတော့ ဖြစ်တယ် ဖြစ်တယ်နဲ့ သွားမလုပ်နဲ့၊ ကလေးဆိုတာက လဲရင်ထူလို့ရတယ်။

ဒါက ထူလို့ရမှာမဟုတ်ဘူးနော်။

(တင်ပါ့ဘုရား။)

ဝမ်းမြောက်ဝမ်းသာနဲ့ပို့၊ ယုံမှားသံသယ ကုက္ကုစ္စမဖြစ်နဲ့။

(တင်ပါဘုရား။)

ဒီအချိန်ခါမှာ ဖြစ်လာတဲ့လူတွေဟာ အင်မတန်ကံကောင်းတယ်။

ဘုရားသာသနာနဲ့တွေ့ဖို့ မလွယ်ဘူး၊ ဒီလိုယူဖို့ရာ မလွယ်ဘူး၊ ကြိုးစားအားထုတ်ကြ။ ကြိုးစားပြီးတော့သာ အားထုတ်ကြ။ ဝမ်းမြောက်ဝမ်းသာနဲ့ပို့။ ဘုရားရှင်ရဲ့တရားတော်တွေ တွေ့နေရပြီ။ အခု အစနဲ့မတူတော့ဘူးလေ။

တဖြည်းဖြည်းနဲ့ နေ့တိုင်းနေ့တိုင်း တစ်ရက်ထက်တစ်ရက် တိုးတိုးပြီးတော့ ယူရတော့မယ်၊ ဝမ်းမြောက်ဝမ်းသာနဲ့နော်။ ကုက္ကုစ္စ မဖြစ်နဲ့။ တကယ့်ကုသိုလ်တော်ကြီး၊ အဲဒီလိုတွေးနော်။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

နိမိတ်ကို ရှောရှောရှူရှူလွတ်လို့ ရနေကြပြီနော်။

(တင်ပါ့ဘုရား။)

မှိန်နေတယ်ထင်ရင် ကြည်စေလင်းစေ အဲဒီလိုခိုင်း၊ ခိုင်းလိုက်တော့ ကြည်မသွားဘူးလား။

(ကြည်သွားပါတယ်ဘုရား။)

အဲဒီလိုခိုင်းရတယ်။

(တင်ပါ့ဘုရား။)

(နိမိတ်တော့ မမြင်ဘူးဘုရား၊ အာရုံမဲရောက်နေတယ်ဘုရား)

ဒီကနေ မင်းအိမ်မရောက်ဘူးလား။

(ရောက်ပါတယ်ဘုရား။)

၁၀-အိမ်မင်းသွား ၁၀-အိမ်ရောက်မှာပေါ့ကွ၊ ရန်ကုန်က မင်းအိမ်ကော မရောက်ဘူးလား။

(ရောက်ပါတယ်ဘုရား။)

မရောက်တဲ့နေရာမရှိဘူးကွ၊ သွားနေတာ။

(တင်ပါ့ဘုရား။)

အာရုံနဲ့ရောက်တာမဟုတ်ဘူး၊ ရှေးဦးစွာ တရားနိမိတ်ရအောင် ကြိုးစားရမယ်၊ အဲဒီလိုသွားရဲ့လား။

(သွားပါတယ်ဘုရား။)

ရရဲ့လား။

(ရပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


လွှတ်ရမှာက နိမိတ်လွှတ်ရမှာမဟုတ်ဘူး။

(တင်ပါဘုရား။)

ထွက်လေဝင်လေ ရှုတာယ်မဟုတ်လား။

(တင်ပါဘုရား။)

ထွက်လေဝင်လေရှုတဲ့၊ အဲဒီလေကလေးကို ရှည်ရှည်ကလေးပို့ရမှာ။

(တင်ပါဘုရား။)

မင်းအခုမှတ်တာက ထွက်လေဝင်လေ မှတ်တာမဟုတ်လား၊ ထွက်လေဝင်လေမှတ်တာ တရားနိမိတ်က သူ့ဟာသူပေါ်လာတာမဟုတ်လား။

(တင်ပါဘုရား။)

သဘာဝနိမိတ် သူ့ဟာသူရောက်လာတာ၊ ခုလည်းပဲ ထွက်လေဝင်လေရှုရမှာ၊ တရားနိမိတ်ကို ပို့လို့ဘယ်ရမှာတုန်း၊ ထွက်လေဝင်လေ အလုပ်မှမပါဘဲနဲ့။

(တင်ပါ့ဘုရား။)

မရှိတာထက် မသိတာခက် ဆိုတာလိုပေါ့ကွာ၊ မဟုတ်ဘူးလား။

(တင်ပါ့ဘုရား။)

မရှိတာက ကိုယ့်နည်းကိုယ့်ဟာန် ရှာစားလို့ရတယ်၊ လည်ရင်လည်သလိုရှာစားရတယ်၊ ဆင်းရဲခံနိုင်ရင် ခံနိုင်သလိုရတယ်၊ နည်းအမျိုးမျိုးနဲ့ရှာရင်ရတယ်။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


မသိတာက အခက်ဆုံး။ လောကမှာ အသိတစ်လုံးက အရေးကြီးတာပေါ့ကွ၊ အသိရှိဖို့အရေးကြီးပါတယ်၊ လောကီမှာ တော့ မလိုပါဘူးကွ၊ လောကုတ္တရာမှာတော့ လိုတယ်။

လောကုတ္တရာဆိုတဲ့အတိုင်း ခပ်ကုပ်ကုပ်ကလေးကြိုးစားမှ ရတာ၊ ကိုယ်သိထားတဲ့ လောကီရေးတွေ စီးပွားရေး၊ ကြီးပွားရေး တွေ ဘေးဖယ်ထား၊ ဒါဆိုဒါမှ ရတာ။ လောကုတ်ဆိုတဲ့အတိုင်း ခပ်ကုတ်ကုတ်ကလေး ကြိုးစားမှရတာ။

ကိုယ်သိတဲ့လောကီပညာ၊ လောကုတ္တရာပညာအသိတွေ ဘေးဖယ်ထား၊ လောကီရေးရာတွေ ဘေးဖယ်ထား၊ စီးပွားရေး ကြီးပွားရေးတွေ ဘေးဖယ်ထား၊ မရရအောင် ကုတ်လုပ်မှရတာ၊

အဲဒီတော့ ရှည်ရှည်ရှူပြီး ဗြဟ္မာ့ပြည်ပို့တာ၊ ကြားနေရာ တွေ မမြင်ရသေးဘူး၊ ပို့တဲ့အခါ ရှည်ရှည်ပို့တယ်၊ အာရုံက ပြောင်းပေး။

(တင်ပါ့ဘုရား။)

ဗြဟ္မာ့ပြည်ရောက်တာ မမြင်ရသေးပေမယ့် အကြိမ်ကြိမ် အဖန်ဖန်ပို့ရင် ရောက်တယ်၊ သဘာဝနည်းနဲ့ သူ့ဟာသူ ရောက် သွားမှာပေါ့။

ဒီဘက်ကမ်းကနေ ဟိုဘက်ကမ်းကူးနေတာလေ၊ နှာသီး ဖျားကလေးကိုဆွဲပြီးတော့ ရှည်ရှည်လေး ရှည်ရှည်လေးဆွဲ။

ရှည်ရှည်ကလေးဆိုတာ အဲဒီလိုမှတ်ထား၊ အဲဒီလို ပြောင်းပေး၊ ပို့လိုက်ရင်ရောက်တယ်လို့ အဲဒီလိုအမှတ်ကို ပွဲပိုးပေး၊ မမြင်ရပါဘူး၊ ရောက်တာများ ဟုတ်ပါ့မလား သံသယဖြစ်နဲ့။

www.burmeseclassic.com

www.burmeseclassic.com


လေကို ဘယ်မြင်ရမလဲကွ၊ ယခု လေတိုက်နေတာမဟုတ်လား၊ မင်းတို့မြင်ရသလား။

(မမြင်ရပါဘူးဘုရား။)

အသားတွေ အေးသွားတာပဲမဟုတ်လား။

(အေးသွားပါတယ်ဘုရား။)

မမြင်ရဘဲနဲ့ မင်းသိတယ်နော်။

(တင်ပါ့ဘုရား။)

အေး‥အဲဒါလိုပေါ့ကွ၊ မမြင်ရပေမယ့် အာရုံကပြောင်းနေတယ်။

နောက်တစ်ယောက်ကရော …။

(တစ်ကြိမ်၊ နှစ်ကြိမ်ပဲ မြင်ရပါတယ်ဘုရား။)

တစ်ကြိမ်၊ နှစ်ကြိမ်မြင်ရတာပေါ့၊ အကြာကြီးရောရသလား။

(အကြာကြီးက နှာသီးဖျားကနေရတယ်ဘုရား။)

ဝမ်းမြောက်ဝမ်းသာနဲ့ ပို့ရယူရမှာ။

(တင်ပါ့ဘုရား။)

နောက်တစ်ယောက် …။

(မရပါဘုရား။)

မင်းစိတ်က မရဘူးဖြစ်နေတာ၊ ခုနေက ရတယ်၊ ခု မရဘူးလို့ မင်းစိတ်က မအောက်မေ့ဘူးလား။

(အောက်မေ့ပါတယ်ဘုရား)

အဲဒီလို အောက်မေ့လို့ မရတာ။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


မရဘူးဆို၊ မရရင် ရအောင်ကြိုးစားယူရမှာပေါ့ကွ။

(တင်ပါ့ဘုရား။)

မင်းစိတ်က မရဘူးထင်နေလို့မရတာ၊ စိတ်နဲ့တူသော အကျိုးပေးတယ်၊ ဝမ်းမြောက်ဝမ်းသာနဲ့ပို့ရမှာ၊ ယူရမှာ။

(တင်ပါ့ဘုရား။)

ရရင် ရတယ်၊ ဘာမျှသံသယမဖြစ်နဲ့၊ ကြိုးစားရင်ရတယ်၊ အားထုတ်ရင်ရတယ်၊ တကယ့် အစစ်အ္တေယျတရားတော်ကြီး။

(မှန်ပါဘုရား။)

ဒကာကြီးကရော …။

(မှန်ပါဘုရား၊ ပေါ်လာလိုက် ပျောက်လိုက် ဖြစ်နေပါတယ် ဘုရား၊ ပိုးစုန်းကြူးလိုပဲ ဖြစ်နေပါတယ်ဘုရား။)

ဒါဆို နိမိတ်တော့ရတယ်ပေါ့။

(တင်ပါ့ဘုရား။)

မပို့ရသေးဘူးပေါ့။

(မပို့ရသေးပါဘုရား။)

ဘာလို့မပို့သေးတာလဲ။

(နိမိတ်က ဒီကနေ့မှရလို့ပါဘုရား။)

နောက်နောက်က ရက်တွေက နိမိတ်မရဘူးလား။

(တင်ပါ့ဘုရား။)

နိမိတ်ကိုမရဘူး။

(မှန်ပါ့ဘုရား။)

ဒီကနေ့က တော်တော်များများရခဲ့သလား။

www.burmeseclassic.com

www.burmeseclassic.com


(ရပါတယ်ဘုရား။)

ပေါ်လာလိုက် ပျောက်လိုက်ဖြစ်နေဦးမှာပေါ့။ ဘယ်မြဲဦးမလဲ။

နောက်တော့ မြဲနေမှာ၊ ထွက်လေကို ရှည်ရှည်ရှူလို့ပို့၊ မင်းများများရအောင်ပွားနော်။

(တင်ပါ့ဘုရား။)

ရပြီလို့ဆိုတဲ့အခါ ခုနေက နိမိတ်တွေရလာတယ်၊ လေကို ရှည်ရှည်ဆွဲပို့၊ ပို့လိုက်ပြီ၊ ပို့လိုက်ပြီနော်၊ အဲဒီလိုပို့၊ လေကို ပို့ရတာလား၊ နိမိတ်ပို့ရတာလား၊ လေပို့ရတာလား။

(လေပို့ရတာပါဘုရား။)

ထွက်လေဝင်လေနဲ့ ပို့ရတာ၊ ဗြဟ္မာ့ပြည်ပို့တာလဲ ထွက်လေဝင်လေနဲ့ပို့ရတာ၊ ဗြဟ္မာ့ပြည်ပို့ ဗြဟ္မာ့ကိုရောက်တယ်၊ ကိုယ်ပို့ချင်တဲ့နေရာကို ရောက်တယ်၊ အဲဒီလိုပို့ အဲဒီလိုလုပ်ရတာ။

(တင်ပါ့ဘုရား။)

မင်းကရော ...။

(မရသေးပါဘူး ဘုရား။)

တစ်ခါမှ မရသေးဘူးလား။

(မရသေးပါဘူးဘုရား။)

နိမိတ်ရောရရဲ့လား။

(ရပါတယ်ဘုရား၊ ပို့လို့မရသေးတာပါ။)

ဟိုကိုပို့တာက နိမိတ်ပို့တာမဟုတ်ဘူး၊ လေကို ရှည်ရှည်ရှူပြီးတော့ လေကိုပို့တာ၊ ဘဝကိုတမ်း ကျွတ်တမ်းယောက် ...၊

www.burmeseclassic.com

www.burmeseclassic.com


ယောဂီတွေ ဟိုဘက်ကမ်းကူးနေတာ၊ သံသရာပင်လယ် မြစ်ပြင်ကျယ်မှ သံသရာကြီးကို ပင်လယ်ကြီးနဲ့ ဥပမာပြုထားတာ။

ပင်လယ်ကြီးဟာ ကမ်းမြင်ရရဲ့လား။

(မမြင်ရပါဘူး ဘုရား။)

သဘော်တွေ မော်တော်တွေ ကူးနေတာပဲမဟုတ်လား၊ ကူးနေတာရောက်တာပဲမဟုတ်လား၊ အဲဒီလိုပဲပေါ့၊ သံသရာပင်လယ် မြစ်ပြင်ကျယ်မှ လှိုင်းလေမကြောက်၍ ကူးလာစေချင်ဉာဏ်နဲ့ယှဉ်လော့။

ဉာဏ်နဲ့ယှဉ်ပြီးကူးရမှာပေါ့၊ နို့မို့ရင် လှိုင်းတို့၊ ဝဲတို့ထဲ ပါသွားမှာပေါ့။

(တင်ပါဘုရား။)

မကူးဘဲနေရင် ပင်လယ်ထဲမြုပ်သွားမှာပေါ့၊ မကူးတတ်ဘဲ ကူးရင်လည်း ပင်လယ်ထဲ လှိုင်းအောက်ရောက်သွားမှာပေါ့။

"မျိုးငယ်မျိုးမည် အတည်မကျ မျောပြန်ရ၏။" ဘာဖြစ်လို့လဲ၊ မကူးတတ်လို့။ ဝဲတွေ၊ ဇလုပ်တွေ၊ လေပြင်းတွေကထန်၊ လှိုင်းတွေထဲ မျောသွားမှာ။

မျောသွားရင် ဘဝတိုင်း သေ,မဆုံးတော့ဘူး၊ လွတ်နိုင်မှာမဟုတ်တော့ဘူး၊ ရုန်းလို့ရတော့မှာမဟုတ်ဘူး။

(တင်ပါဘုရား။)

"လောဘ၊ ဒေါသ၊ မောဟ ထုပြော၊ ကိလေသာကို" လောဘ ဒေါသ၊ မောဟရေစီးထဲ စီးနေတာ၊ ဘယ်ချိန်ရပ်နေတာရှိတုန်း။

www.burmeseclassic.com

www.burmeseclassic.com


(မရှိပါဘုရား။)

ကိလေသာ ရေစီးထဲမှာ မျောနေတာ၊ ကိလေသာ ရေစီးကို မြင်ရသလား။

(မမြင်ရပါဘုရား။)

အဲဒါလိုပါပဲ၊ ဒီအလုပ်က ဝမ်းမြောက်ဝမ်းသာနဲ့ပို့ရမှာ လေကို ရှည်ရှည်ရှူလို့ ပို့ရင် ရောက်တယ်။

(တင်ပါဘုရား။)

အဲဒီလိုရှူပြီး အမှတ်လဲ မှတ်၊ ငါတော့ရမှာမဟုတ်ဘူးလို့ ထင်နေရင် ဘယ်တော့မှ မရတော့ဘူး၊ ယုံမှားသံသယမဖြစ်ရဘူး။

ဘုရားရှင်ရဲ့တရားတော်ကို ယုံမှားသံသယဖြစ်နေရင် ဘယ်ရတော့မလဲကွ၊ မခက်ဘူးလားကွ၊ သူများတွေ ရတဲ့လူ ရကုန်ပြီ၊ ပြည့်နေတယ်။

(တင်ပါဘုရား။)

ဘာမှ အယုံအကြည်မလွဲမှားနဲ့၊ ကြိုးစားပြီး ရတဲ့အချိန် ကလေးကို အားထုတ်၊ ကြားလား။

(တင်ပါဘုရား။)

ဘုရားရှင်ရဲ့ အကာလိကတရားတော်တွေ အားထုတ်ရတာ ငါ့မှာ ကံကောင်းလေစွလို့ တွေးမိပြီး ဝမ်းသာပီတိဖြစ်ပါ။

အရင်တုန်းက ဒါတွေ ငါ့မှာ ကြားတောင်မကြားဖူးဘူး၊ ယခုမှ ကြားနာရတာလို့ ဝမ်းသာပါ၊ ရှုရှိုက်ရမယ်ဆိုတာလည်း ငါမှာ တစ်သက်လုံး သတိကလေးနဲ့ မရှုမရှိုက်ခဲ့ရဖူးဘူး၊ ငါ ကံကောင်းလေစွလို့ တွေး၊ ဟုတ်တယ်မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါဘုရား။)

မင်းတို့ သခင်ကိုယ်တော်မှိုင်းကြီးလိုဖြစ်နေပြီကွ၊ အမေက မောင်းထောင်သူ၊ အဖေက ကျီးသဲသား၊ ဖိုထိုးတယ်၊ ဖိုထိုးဝါသနာ ပါတယ်၊ ဖိုပဲထိုးနေတယ်။

သီလရှင်တွေ အားထုတ်ကြ၊ ယောဂီတွေ အားထုတ်ကြ၊ ဘုန်းတော်ကြီးတွေ အားထုတ်ကြနဲ့ ဖြစ်နေတာကို သူကြည့်နေ တယ်။

နောက် အရွယ်ကအို၊ စပြီး သူတရားဝင်ထိုင်တယ်၊ မထိုင် နိုင်တော့ဘူး၊ သူကြာကြာထိုင်ကြည့်တယ်၊ မရဘူး၊ သူရှက်လာ တာပေါ့၊ သူ့ကိုယ်သူ အချိန်တွေနှမြောလို့ မထိုင်နိုင်တော့ဘူး၊ ဖျက်ဖျက်ပစ်ရတယ်၊ အသက်ကကြီးလာပြီလေ၊ သူက ဘယ်လို ရေးထားခဲ့သလဲ။

"တရားဘာဝနာအခြေကောင်းသော်လည်း
အတွေ့နှောင်းတာ ယခုအချိန်ဖြင့်
လူပြည်မှာရက်တွေစောတာကြောင့် ..."

ဘာကိုပြောတာတုန်း။

(ရက်တွေ အလကားကုန်ဆုံးရတာကို ပြောတာပါဘုရား။)

အလကားဖြစ်သွားရတာ၊ အဲဒါကို နှမြောနေတာ၊ အသက် ကြီးလာတဲ့အထိ တစ်ခါမှ အသိကလေး အမှတ်ကလေးနဲ့ မရှုခဲ့ ဘူး၊ မရှိုက်ခဲ့ဘူးပေါ့။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ထွက်လေ ဝင်လေကို ပြောတာပေါ့၊ တစ်နာရီလျှင် ထွက်လေဟာ (၃၆၀)၊ ဝင်လေဟာလည်း (၃၆၀)ရှိတယ်။

ထွက်လေဝင်လေ အလကားဝင်နေတာပေါ့။

(တင်ပါ့ဘုရား။)

ထွက်လေ ဝင်လေကို စစ်ကြည့်ရင် -

ထွက်လေသည် တစ်နာရီ (၃၆၀)၊

ဝင်လေသည် တစ်နာရီ (၃၆၀)၊

၂-ခုပေါင်း (၇၂၀) ရှိတယ်။

(တင်ပါ့ဘုရား။)

တစ်ရက်ကို တွက်ကြည့်လိုက်လေ နာရီဘယ်လောက်ရှိသလဲ။

(၂၄-နာရီပါဘုရား။)

တစ်နာရီမှာ (၇၂၀) ရရင် (၂၄) နာရီမှာ ဘယ်လောက်ရသလဲ။

(အများကြီးပါဘုရား။)

"ထွက်လေတွင် နမြော်မိပါရဲ့၊

ဟိုတစ်ချိန်အခါ မသိတဲ့အရေးတွေကြောင့်"

ဒါန၊ သီလပြည့်စုံရင် တော်ပြီ၊ တရားထိုင်တဲ့အလုပ်ကို အပိုလို့ သူထင်ခဲ့တယ်။

"အပိုထင်ကာ မသိတဲ့အတွေးတွေကြောင့်

အပိုဆိုတာ တစ်ကယ်မှမတွေးခဲ့ပါဘူး ..."

www.burmeseclassic.com

www.burmeseclassic.com


တစ်ရှုဆို တစ်ရှု၊ တစ်ရှိုက်ဆို တစ်ရှိုက် တရားတော်ကြီးနဲ့ တွေ့ပြီး ကိုယ်တိုင်ရှုမှတ်လို့ရလို့ ကိုယ်တိုင်တရားနဲ့တွေ့ရမှ ကုန်ခဲ့သော ရက်တွေ၊ လတွေ နှမြောလိုက်လေခြင်းလို့ မျက်ရည်ကျမိတယ်။

အဲဒီလို ရှုရမှတ်ရတာပေါ့၊ အဲဒီလို မကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

သတိကလေးနဲ့ မဟုတ်ဘူးလား။

(တင်ပါ့ဘုရား။)

အဲဒီသတိက မဂ္ဂင်ရှစ်ပါးက သတိကွယ့်၊ မင်္ဂဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုရောက်မှာဗျာ၊ လောကီစီးပွားရေးနဲ့ အချိန်ကုန်နေတာ၊ ကြိုးစား၊ ယောဂီတို့ဆုတောင်းလို့ ရတာမဟုတ်ဘူး။ ဇာတိမီးတွေ၊ ဇရာမီးတွေ၊ မရဏမီးတွေ၊ ကိလေသာမီးတွေ ဖြစ်လာရင် ဘုရားဆီလာ။

မင်းမကြားနိုင်ရင် ဘယ့်နှယ့်လုပ်မတုန်း၊ ဆေးရုံပို့နိုင်လောက်အောင် ရောဂါတွေဖြစ်နေရင် ဘယ့်နှယ်လုပ်မတုန်း။ ဆေးရုံရောက်တယ်ဆိုတာ ဇာတိ၊ ဇရာ၊ မရဏမီးတွေပေါ့ကွ။

ငါ ဆေးရုံရောက်တယ်၊ ဆရာမကလေးက အသက်နှစ်ဆယ်ကျော်ကလေးပါ၊ ပုလင်းထဲထည့်တယ်၊ ဒေါက်တာကန်ဘေးက။ ဆရာမလေးက "ဘုန်းဘုန်း"တဲ့၊ "သက်န်းနည်းနည်း လျှော့ပါဦး"တဲ့။

လျှော့လိုက်ပြန်တော့ တစ်ခါ "ဘုန်းဘုန်း အထက်နားတိုးလိုက်ပါဦး"၊ တိုးရပြန်ပါရောတစ်ခါ၊ "ခြေထောက်ကလေးလည်း

www.burmeseclassic.com


နည်းနည်းကွေးလိုက်ပါဦး''၊ ဩော် ငါ့ခန္ဓာကိုယ် အမျိုးမျိုးဖြစ်နေပါလားလို့တွေးမိရတယ်။

မဟုတ်ဘူးလား။

(မှန်ပါဘုရား။)

ခန္ဓာကိုယ်ကြီးက ခိုင်းနေတာ၊ ထွက်လေ ဝင်လေကို ရအောင်ကြိုးစား၊ ရှေ့မှာ ရှောရှောရှူရှူ ဘာမှခက်တာမဟုတ်ဘူး။

နောက်တစ်ယောက်ရော ...။

(မနက်ကမှ ရတာဘုရား။)

အပို့အယူ မလုပ်ရသေးဘူးလား။

(မလုပ်ရသေးပါဘူးဘုရား။)

ကြိုးစား၊ ဘုရားကလည်း ထွက်လေဝင်လေကို အာရုံပြုတာမဟုတ်လား။

(တင်ပါ့ဘုရား။)

ထွက်လေ ဝင်လေကိုကြိုးစား၊ အသိကလေးနဲ့မှတ်၊ ရှည်ရှည်ရှူ၊ တဖြည်းဖြည်းနဲ့ နိဗ္ဗာန်သွားမှာဗျာ၊ စိတ်တွေက ဟိုကူးဒီကူး ဖြစ်နေတာ၊ ကိလေသာရေစီးနဲ့ မမျောစေနဲ့၊ ကြိုးစားမှတ်ကြ။

(တင်ပါ့ဘုရား။)

နောက်တစ်ယောက် ...။

(ရပြီ ဘုရား။)

ဟို အပို့အယူရော ရသလား။

(ရပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ထိုင်တိုင်း ထိုင်တိုင်းရသလား။

(တစ်ချက် တစ်ချက် မရဘူးဘုရား။)

နောက်တော့ ရလာပါလိမ့်မယ်၊ ကြိုးစား။

နောက်တစ်ယောက် ...။

ရသလား။

(မရ တရ ဖြစ်နေတယ်ဘုရား။)

ဘာ...။

(စဉ်းစားနေတာဘုရား။)

အဲဒီစိတ်တွေထားမနေနဲ့၊ ယုံမှားသံသယ ဖြစ်မနေရဘူး၊ ဘုရားသာသနာနဲ့တွေ့ပြီး ပဋိပတ်တွေ ပရိယတ်တွေ ဘုရားသာသနာကလဲ ထားခဲ့လို့၊ မင်းတို့ကလည်း အားထုတ်ဖြစ်လို့ ဒီတရားတွေရတာလို့ ဝမ်းမြောက်ရတယ်၊ ဝမ်းမြောက်ရမှာ။

(တင်ပါ့ဘုရား။)

လာပြီးထိုင်တာနဲ့ကို ကုသိုလ်ကရနေတာ၊ ဒီတရားတွေ ဘုရားကပေးခဲ့တာ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတွေဖြည့်ကျင့်ခဲ့ရတာဗျာ။

အဲဒါ ယုံမှားသံသယမဖြစ်နဲ့။

နောက်တစ်ယောက် ...။

မြင်ရပြီလား။

(မြင်ရပါပြီဘုရား။)

မပို့ဖူးဘူးလား။

(မပို့ဖူးပါဘူးဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ပို့လိုက် ယူလိုက် အဝေးကို ရှည်ရှည်ကလေးဆွဲပြီးမှပို့၊ အဲဒါ ကုသိုလ်ရနေတာ၊ တကယ့်ကုသိုလ်တော်ကြီး။

နောက်တစ်ယောက် …

နိမိတ်မြင်ရသလား။

(မြင်ရပါတယ်ဘုရား။)

အပို့အယူလုပ်သလား။

(လုပ်ပါတယ်ဘုရား၊ ဒါပေမယ့် မောပါတယ်ဘုရား။)

ဖြည်းဖြည်းချင်း အားသန်ပြီးလုပ်ပါ၊ နည်းတဲ့ကုသိုလ်ကြီး မဟုတ်ဘူး၊ ပို့တဲ့အခါ ဝမ်းမြောက်ဝမ်းသာစွာနဲ့ပို့။

နောက်တစ်ယောက် …။

နိမိတ်ရသလား။

(ရပါတယ်ဘုရား။)

အပို့အယူလုပ်သလား။

(လုပ်ပါတယ်ဘုရား၊ ဒါပေမယ့် တစ်ခါတည်းရှိပါသေး တယ်ဘုရား။)

ဆက်ပြီးကြိုးစား၊ နောက်တစ်ယောက် …။

နိမိတ်ရရဲ့လား …။

(နိမိတ်မရသေးပါဘူးဘုရား)

မရသေးဘူးလား။

(တင်ပါ့ဘုရား။)

ထိတာ၊ သိတာရော မှတ်ရဲ့လား။

(မှတ်ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ဘုရားရှင်ကိုယ်တော်မြတ်ကြီးထားခဲ့တဲ့အတိုင်း ကျင့်ကြံအားထုတ်တာ၊ ထိတာ၊ သိတာလေးမှတ်တာလေးကို ကုသိုလ်ရနေပြီ၊ ထွက်လေ ဝင်လေရော တစ်နာရီလောက် မှတ်သေးသလား။

(မှတ်ပါတယ်ဘုရား။)

ကြိုးစား၊ အားလုံးကြိုးစားကြ။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## မခိုနဲ့ – မကာပ်နဲ့

ရရဲ့လား … ။

(အာရုံက နှာခေါင်းဖျားကိုမရဘဲမျက်စိနားမှာ ဖြစ်နေတယ်ဘုရား)

ရပါတယ်၊ မျက်စိနားမှာမြင်ရင် မျက်စိနားမှာယူရမှာပေါ့၊ အဲ့သလိုမဟုတ်ဘူးဗျာ၊ အဲဒါ ဘယ်နှစ်ခါလောက်ရသလဲ၊ ထိုင်တိုင်းရသလား။

(ထိုင်တိုင်းတော့မဟုတ်ဘူးဘုရား၊ အလင်းတန်းကလေးဖြစ်ပြီး မျက်လုံးနားပဲ ဝဲနေတာဘုရား။)

နောက်တစ်ယောက်ရော … ။

(ရပါတယ်ဘုရား၊ ဟော့ဒီလို ဝိုင်းဝိုင်းကြီးဘုရား။)

အဝိုင်းကြီးက မည်းသလား၊ မမည်းဘူးလား။

(မမည်းဘူးဘုရား၊ မည်းမည်းကြီးလို့ ပထမထင်တော့မည်းတယ်ဘုရား၊ မမည်းတော့ဘူးလို့ထင်တော့ မမည်းတော့ဘူးဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


မင်းစိတ်က ဘာလို့ မည်းမည်းကြီးထင်တာတုန်း၊ မင်းစိတ်ထင်တဲ့အတိုင်းဖြစ်တာ၊ စိတ်က ကြည်စေလင်းစေဆိုရင် ကြည်တယ်၊ လင်းတယ်၊ အဲဒီလိုခိုင်း၊ ခိုင်းရင်ရတယ်။

မျက်နှာနားဝဲနေတယ် ဟုတ်သလား၊ ဟိုကိုပို့လို့မရဘူးဆို၊ ပို့တယ် ယူတယ်၊ လုပ်ပေးသလား။

(မလုပ်ပေးရသေးပါဘူးဘုရား။)

အဲဒါကြောင့် မရှိတာထက် မသိတာခက်ဆိုတာ ဒါပေါ့၊ ခုနကပြောသလို အာရုံနိမိတ်တွေရရင် အလင်းတွေရရင် အပို့အယူခိုင်း။

(တင်ပါ့ဘုရား)

အဲဒီလိုခိုင်းရတယ်၊ မှုန်နေရင် မသဲကွဲရင် ကြည်စေ လင်းစေလို့ ခိုင်းရတယ်။

(တင်ပါ့ဘုရား။)

တရားသဘောဆိုတာ အင်မတန်သိမ်မွေ့တယ်၊ ကြိုးစား။

နောက်တစ်ယောက်ရော … ။

(ရပါတယ်ဘုရား။)

ပို့လို့ရောရသလား။

(မရဘူးဘုရား၊ အလင်းတန်းက ပျောက်လိုက် ပေါ်လိုက်ဖြစ်ပြီး လင်းနေတာဘုရား။)

စိတ်ကို ပို့ရမှာမဟုတ်ဘူး၊ စိတ်တွေ အာရုံတွေက လောကီစီးပွားရေးတွေ ရောက်ကုန်တာပဲ၊ အလင်းကိုရရင် ခိုင်းရတယ်၊ မခိုင်းဘဲနဲ့ ဘယ်ရမလဲ။

www.burmeseclassic.com

www.burmeseclassic.com


(မှန်ပါဘုရား။)

အဿာသ ပဿာသ ထွက်လေ၊ ဝင်လေ ဘုရားရှင်ကိုယ်တိုင် ရှုမှတ်တော်မူတာ၊ တရားတော်တွေ ဘုရားအဆူဆူ ရှုမှတ်တော်မူလို့ ဘုရားရှင်ကိုယ်တိုင် တရားဓမ္မတွေကို အလေးဂရုပြုပြီးတော့ သေချင်သေ အသက်ပါစွန့်ပြီးတော့ ကျင့်ကြံခဲ့လို့ ဘုရားအဖြစ်ကို ရောက်တော်မူတာ။

လူ့ပြည်ကလူတွေ ဘယ်သူရောက်သလဲ၊ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်ဆိုတဲ့ ၃၁ ဘုံမှာ တစ်ယောက်ထဲပေါ်တာ၊ အင်မတန်ကြည်ညိုစရာကောင်းတဲ့ မြတ်စွာဘုရား။

သားတွေ၊ မယားတွေ၊ ထီးတွေနန်းတွေစွန့်ပြီး ဒီတရားတွေကို အားထုတ်တာဗျာ၊ ယသော်ဓရာ အချောအလှဟာ လူ့ပြည်မှာ မရှိဘူး၊ ဗြဟ္မာ့ပြည်မှာလည်း မရှိဘူးတဲ့ဗျာ။

အဲသလောက်ချောတယ်၊ အဲဒီလောက်လှတယ်။ အဲဒီ အချောအလှနဲ့၊ ရွှေနန်းတော်ကြီးနဲ့၊ ဒါတွေကို စွန့်ပစ်တယ်၊ ညသန်းခေါင်ယံမှာ ဘယ်သူမှမသိအောင် မြင်းမြီးဆွဲမောင်ဆန်ကိုခါပြီးတော့ တောထွက်တယ်။

နေရဉ္စရာမြစ်နားရောက်တော့ မောင်ဆန်နှင့် သူ့မြင်းကို ပြန်လွှတ်တယ်၊ သခင့်စကားသံလဲကြားရော မြင်းကြီး ရင်ကွဲနာကျပြီး သေရော။

ဆံတော်ကို ပယ်တယ်၊ သိကြားမင်းက ပန်းခြင်းနဲ့ ကယ့်ယူပြီး စူဠာမဏိစေတီတည်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com


ဒုဿစေတီ-တဲ့။ မြန်မာလို ဝတ်လဲတော်စေတီက ဗြဟ္မာကြီးက အလောင်းတော်ရဲ့ ဝတ်လဲတော်တွေယူပြီးတော့ ဗြဟ္မာ့ပြည်မှာ စေတီတည်တယ်။

**မောင်ဆန်ကမြင်းသေကြီးကိုသဲသောင်ပြင်မှာမီးသဂြိုဟ်ပြီးတရှုတ်**ရှုတ်နဲ့ ငိုပြန်ရတယ်။ အဲဒီလို စွန့်သွားတာဗျာ၊ လူ့ဘုံမှာ သူတစ်ယောက်ထဲ ကမ္ဘာပေါင်းများစွာကျင့်တာ၊ ဒုက္ကရစရိယ ၆ နှစ်ကြာကျင့်တာ၊ သစ်သီးကလေးတစ်လုံးကို တစ်ခါတလေ တစ်ခြမ်းပဲစားတယ်။

ဒကာမကြီး အသေအလဲမဟုတ်ပါဘူး၊ ကနေ့ ငှက်ပြောသီးတစ်လုံးပေးမယ်၊ သုံးရက်လောက် ငါးရက်လောက် ငှက်ပျောသီးတစ်လုံးနဲ့ နေနိုင်ပါ့မလား။

(မနေနိုင်ပါဘူးဘုရား။)

မသေပါဘူး၊ သုံးရက်လေးရက်လောက် နေနိုင်သလား။

(အစာအာဟာရအသက် ၇ ရက်ဆိုတော့ ၃ ရက်တော့နေနိုင်ပါတယ်ဘုရား။)

တကယ်နေနိုင်သလား မနေနိုင်ဘူးလား။

(နေတော့ မနေနိုင်ပါဘူးဘုရား)

ကဲ... ဟိုမှာ သစ်သီးကလေးတစ်လုံး တစ်ခါတလေ တစ်ခြမ်းပဲစားတယ်၊ အဲဒီလို ကျင့်တော်မူတဲ့တရားတော်တွေ သာမန်မဟုတ်ဘူး။ မိမိတို့ ကံကောင်းလို့ ထိုက်လို့ ပူဇော်ခွင့်ရတာ။

ဒကာမကြီး အသက်က ဘယ်လောက်ရှိပြီတုန်း။

www.burmeseclassic.com

www.burmeseclassic.com


(၆၅-နှစ်ပါဘုရား။)

ကဲ... ၆၅ နှစ် ရှိပြီ၊ ယခုလို ရှုခဲ့ရှိက်ခဲ့ဖူးသလား။

(မရှုခဲ့၊ မရှိုက်ခဲ့ရပါဘူးဘုရား။)

မှိုင်းကြီး (သခင်ကိုယ်တော်မှိုင်း) ကျနေပြန်ပြီ။

(ဝိပဿနာရိပ်သာတွေတော့ သွားဖူးပါတယ်ဘုရား၊ ယခုလို သမထကို အရင်ထူထောင်တာတော့ မလုပ်ဖူးသေးပါဘူးဘုရား။)

တစ်နာရီလျှင် (၃၆၀)ဝင်လေ၊ (၃၆၀)ထွက်လေ၊ နှစ်ရပ်ပေါင်း (၇၂၀)၊ တစ်နေ့ (၂၄)နာရီ တစ်နေ့ဘယ်လောက်ရသလဲ၊ လွတ်ကုန်ကြပြီ၊ လွတ်ကုန်တော့ အလကားဖြစ်ကုန်ပြီ၊ မသိတော့ ပစ်ထားတာပေါ့၊ ပစ်ထားတော့ အလကားဖြစ်ကုန်တာပေါ့။

(တင်ပါ့ဘုရား။)

**အဖိုးတန်မှန်းမသိလို့ ပစ်ထားတာ၊ ဘုရားကဟောတာ သော သတောဝါ အဿသတိ၊သော သတောဝါ ပဿသတိ-တဲ့၊သတိလေးနဲ့ ရှူကြတဲ့၊သတိလေးနဲ့ ရှူရစ်ကြတဲ့၊ရှုမှတ်တော့မှ ဖြဟ္မာ့ပြည်တွေ ဘာတွေ တွေ့တာ မဟုတ်လား။**

(တင်ပါ့ဘုရား။)

တစ်ခါမှ မမှတ်ဘူးရင်၊ တစ်ခါမှ မတွေ့ဘူးနော်၊ ဒါကြောင့် သိတဲ့ပုဂ္ဂိုလ်တွေက သနားတာပေါ့။ သနားတယ် ကယ်မရဘူး၊ ကံတရားတွေက ဆန်းကြယ်တာ။ သူ့ကံနဲ့သူလို့ ဒီအတိုင်းထား လိုက်ရတာ။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ကယ်တယ်ဆိုတာ ကယ်မ,နိုင်တဲ့ကံရှိမှ ကယ်လို့ရတာ၊ သူတို့မှာ အယုံအကြည်မရှိရင် မရဘူး။

(တင်ပါ့ဘုရား။)

သူတို့က မတွေ့ဖူးဘူး၊ မလုပ်ဖူးဘူး၊ မကြုံဖူးဘူး၊ ဒါကြောင့် အယုံအကြည်မရှိဘူး၊ ယုံကြည်မှုမရှိရင် ကယ်မ,ဖို့ ခက်တယ်။

စိတ်ကရောက်တာမဟုတ်ဘူး၊ တရားရှာကိုယ်မှာတွေ့တဲ့။ ကိုယ်မှာတွေ့လိုက်ရင် တရားနိမိတ်က ကိုယ့်မှာမြင်ရမှာ၊ အဲဒီလို မမြင်ရသေးဘူးလား။

(တပည့်တော်မတို့ အဲဒီလိုတော့ မမြင်ရသေးပါဘူးဘုရား။)

ထွက်လေ ဝင်လေကလေးကို ရှည်ရှည်ကလေးပို့ပေး၊ လေကလေးက သွားတာလို့မှတ်။

(တင်ပါ့ဘုရား။)

လေကလေးနဲ့သွားတာ ငါမမြင်ရပါဘူးလို့ မအောက်မေ့နဲ့၊ လေဆိုတာ မမြင်ရတဲ့အရာတွေ၊ ငါပို့လိုက်တာ ရောက်တယ်လို့ အမှတ်ကို အဲဒီလိုပြောင်းပေး၊ အဲဒီပန်းတိုင်ကလေးနော်။

(တင်ပါ့ဘုရား။)

အဲဒီလိုပြောင်းပေး၊ အဲဒီလို ပြင်ရတယ်။ နှာသီးဖျားကို ထွက်လေ ဝင်လေ ရှည်ရှည်ရှူရှိုက်ပေး။

(တင်ပါ့ဘုရား။)

ပို့လိုက်တယ်၊ မူလနေတဲ့နေရာရောက်သွားတယ်၊ ပြန်ယူလိုက်တယ်၊ ဒီကနေ ဟိုခုန်ကူးလိုက်၊ ဟိုကနေ ဒီခုန်ကူးလိုက်နဲ့ ထွက်လေဝင်လေ ယူနေရတဲ့အချိန် ပါးစပ်က ခေါ်နေစရာမလိုဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သားသမီးတွေ မရှိဘူးလား။

(ရှိပါတယ်ဘုရား။)

သားသမီးတွေ ကလေးတွေရော ခေါ်လို့ရရဲ့လား။

(မရပါဘူးဘုရား။)

ကိုယ့်သားသမီးတောင် ခေါ်မရဘူး၊ တရားက ဒီလိုမဟုတ်ဘူး၊ အနီးအဝေး ဘယ်လောက်ဝေးဝေး ဘယ်လောက်နီးနီး ယူလို့ရတယ်။

ရှေ့အရောက်ဆိုက်စေချင်ရင် ရှေ့ကိုဆိုက်တယ်၊ အင်မတန်တရားသဘောက နက်နဲသိမ်မွေ့တာ၊ ဒီအမှတ်ကလေး မှတ်ထားလို့ရှိရင် တဖြည်းဖြည်း တိုးတိုးပြီးသွားရမှာ၊ တိုးတိုးပြီး ကြည်ညိုသွားရမှာ။

(တင်ပါ့ဘုရား။)

ဒီဘက်ကရော ရကြပြီလား၊

(ရကြပါပြီဘုရား။)

ရပြီနော်။

(တပည့်တော်ကတော့ တစ်ချိန်ထဲရပါတယ်ဘုရား၊ ညက ၁ နာရီအထိမှတ်ရင်းနဲ့ နိမိတ်ကိုပွားတာ၊ ပေါ်လာလိုက် ပျောက်သွားလိုက် ဖြစ်ပါတယ်ဘုရား။)

နောက်တစ်ဦးလျှောက် ... ။

(ပို့တာတော့ တပည့်တော် မလုပ်ရသေးပါဘူးဘုရား။)

တဖြည်းဖြည်း တိုးယူရတယ်။

(မနေ့က တပည့်တော် စိတ်ပူသွားတာလည်း ပါ,ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


မပူနဲ့၊ တရားဆိုတာ အအေး၊ သတ္တဝါတွေဟာ ဒေါသအပူတွေ၊ လောဘအပူတွေ၊ မောဟအပူတွေ၊ ဣဿာမစ္ဆရိယအပူတွေ၊ အဲဒီအပူတွေကြောင့် ဆင်းရဲနေကြတာ။

အဲဒီအပူတွေ အေးအောင်လို့ တရားတွေထိုင်နေကြတာ၊ ယခု မအေးဘူးလား။

(အေးပါတယ်ဘုရား။)

မဂ်တို့ဖိုလ်တို့ မရသေးဘူးနော်၊ ယခုတောင်မှ ချမ်းသာနေပြီ၊ ထမင်းစားရင်တောင် လက်ဆေးစားရုံ မဟုတ်ဘူးလား။

(တင်ပါ့ဘုရား။)

လက်သုတ်ပုဝါကလည်း အရန်သင့်မဟုတ်လား။

(တင်ပါ့ဘုရား။)

ရေကလည်း အရန်သင့်၊ သောက်ရေသုံးရေ အရန်သင့်၊ နိဗ္ဗာန်မရသေးဘူး၊ ယခုကစပြီး ချမ်းသာနေပြီ၊ ဘယ်သူက ပေးတာတုန်း၊ ဘယ်သူက ကျွေးတာတုန်း၊ ဘုရားက ကျွေးတာ၊ တရားကကျွေးတာ၊ ဘာမှလိုလေသေးမရှိဘူး၊ နိဗ္ဗာန်တောင် မရောက်သေးဘူး။

လောဘဆိုတဲ့ ကိလေသာတရားတွေကို သတ်သတ်ပြီး တော့လုပ်တာ နိဗ္ဗာန်သွားမယ့်လမ်းတဲ့၊ ဒီဥစ္စာက ...

ဥဒ္ဓုဂစော မင်္ဂေါ။

မဂ္ဂင်ရှစ်ပါးသည် နိဗ္ဗာန်လမ်းခရီးကို ဖြောင့်ဖြောင့်ကြီးဖြစ်ပါပေသည်တဲ့၊ တရားကတော့ တကယ့်ကိုဖြောင့်တာ၊ ကိုယ့်စိတ်ကသာ ဟိုကွေ့ ဒီကွေ့ကွေ့တာ၊ အဲဒီလို မကွေ့နဲ့နော်။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

ထိုင်တဲ့အထဲမှာ ကိုယ့်အခန်းတွေနဲ့ ကိုယ်နေတာရှိသလား။

(ရှိပါတယ်ဘုရား။ အခန်းတွေနဲ့က များပါတယ်ဘုရား။)

ကိုယ်အခန်းနဲ့နေတဲ့သူက ဘယ်နှစ်ယောက်နေသလဲ။

(နှစ်ယောက် သုံးလေးယောက်ပါဘုရား။)

အေး··အေး··ကိုယ်နေတဲ့အခန်းကနေ အခြားတစ်ဘက်ခန်းရဲ့ အုတ်နံရံအထိပို့၊ ပို့လိုက်ယူလိုက်၊ ယူလိုက်ပို့လိုက် လုပ်ပါ။

(တင်ပါ့ဘုရား။)

မိမိနေတဲ့အခန်းကနေ ဒုတိယအခန်းကိုပြောတာနော်။

(တင်ပါ့ဘုရား။)

မိမိနေတဲ့အခန်းက အုတ်နံရံကိုလည်း အကြိမ်ကြိမ်အဖန်ဖန်ပို့ဦးနော်၊ ပို့လိုက်ယူလိုက် ရသွားပြီဆိုမှ အဲဒီလို လုပ်ရတယ်နော်၊ ကြိုးစားပို့၊ ကြိုးစားပို့၊ တတိယအခန်းထိ ပို့ရတယ်နော်။

ပထမ မိမိနေတဲ့အခန်း၊

ဒုတိယ မိမိနေတဲ့အခန်းရဲ့နောက်တစ်ခန်း၊

တတိယ မိမိနေတဲ့အခန်းရဲ့တစ်ခန်းကျော် ··· ။

ပို့လိုက်ယူလိုက် ပို့လိုက်ယူလိုက် တဖြည်းဖြည်းချင်းပို့ရမယ်နော်။

(တင်ပါ့ဘုရား၊ တပည့်တော်တို့က ဟောကြီး ဘုရား၊ အခန်း မဟုတ်ဘူး။)

အကာလေး ဘာလေးမရှိဘူးလား။

(မရှိဘူးဘုရား၊ ကာလို့ရပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


အဲဒီလိုလုပ်နော်၊ နှစ်ခန်းသုံးခန်းလောက်လုပ်ယူနော်၊ ကြိုးစားကြ၊ အစကောင်းမှ အနှောင်းသေချာတယ်နော်၊ ပရိကံအားကောင်းမှ၊ များများရအောင်ကြိုးစားကြ။

(တင်ပါ့ဘုရား။)

ဒီနေရာ မခိုနဲ့ မကပ်နဲ့၊ လောကီအာရုံတွေ ဘေးချိတ်ထား၊ တွေ့ခဲ့တယ်၊ ဆုံခဲ့တယ်၊ ဓာတ်ခံပါရမီအားကောင်းခဲ့လို့ အားထုတ်ဖြစ်တာ၊ ကိုယ့်နှာခေါင်းထဲ ထွက်လေဝင်လေရှိရဲ့သားနဲ့ ပစ်ထားရသလား။ ဘာဖြစ်လို့ ပစ်ထားတာတုန်း။

(မသိလို့ပါဘုရား။)

နှာမြောစရာမကောင်းဘူးလား၊ ထွက်လေဝင်လေ တရှူတရှိုက်လုပ်တာ တန်ဖိုးမရှိဘူးလား။

(ရှိပါတယ်ဘုရား။)

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## ခမ္မစက္ခု

အခန်းဘယ်နှစ်ခန်း အပို့အယူလုပ်သလဲ။

(အခန်းနှစ်ခန်းပဲ အပို့အယူလုပ်ပါတယ်ဘုရား။)

နှစ်ခန်းဟုတ်သလား။

(တင်ပါ့၊ နှစ်ခန်းပဲရသေးတာဘုရား။)

မင်းနေတဲ့အခန်း ဟိုဘက်က ဒုတိယတစ်ခန်း၊ ဒုတိယတစ်ခန်းက မဖောက်ရသေးဘူးပေါ့။

(ဖောက်ပြီးပြီဘုရား။)

ဒါဆိုရင် ဒုတိယတစ်ခန်းဖောက်ပြီးတော့ တတိယတစ်ခန်းရောက်နေပြီးပေါ့နော်။

(သံဃာဆောင်ကိုဖောက်တော့ နှစ်ခန်းနဲ့ ကျော်သွားတော့ဟိုဘက်က ရန်ကင်းတောင်နဲ့ တိုက်နေပါတယ်ဘုရား။)

ဘယ်တောင်လဲ။

(သံဃာဆောင်ဘက်က တောင်နဲ့ပါဘုရား။)

အေး··အေး··ဒီဘက်ကရော၊ ဘယ်နှစ်ခန်းရသလဲ။

www.burmeseclassic.com

www.burmeseclassic.com


(တပည့်တော်က တဲမှာနေလည်း ဒီဘက်အခန်းမရှိပါဘူး ဘုရား။)

ဟိုဘက်က အခန်းတွေကိုပို့တော့ ရှည်ရှည်ကြီးပို့တာ ရှော ရှောရှူရှူဖြစ်သလား။

(နှစ်ခါလောက်တော့ ပို့ရပါတယ်ဘုရား။)

ဘာဝနာအားနည်းလို့၊ ဘာဝနာအားများလာရင် ဘာမှ အပိတ်အပင် အဆီးအတားမရှိဘူး၊ ရှောရှောရှူရှူပဲဗျာ။

(တင်ပါ့ဘုရား။)

တချို့က တစ်ခုထဲကို လေးခါ,ငါးခါ,ခြောက်ခါပို့ရတယ်၊ ဘယ်ဒီလိုဟုတ်မတုန်း။ ဘာဝနာအားကောင်းရင် တစ်ခါတည်းနဲ့ ပေါက်သွားတာ။

(တင်ပါဘုရား။)

နောက်တစ်ယောက် ... ။

(တပည့်တော်က အမျိုးသမီးဆောင်ကို ပို့ပါတယ်ဘုရား၊ တစ်ခန်းတော့ ရပါပြီ၊ ဒါနဲ့ အပို့အယူလုပ်တာ၊ တစ်ဆောင်လုံး ရသွားပါတယ်ဘုရား)

နောက်တစ်ယောက် ... ။

(တပည့်တော်က ၇ ခန်းရှိပါပြီဘုရား၊ သံဃာဆောင်ပါ ဆို ရှစ်ခန်းဘုရား၊ မနေ့ကတော့ ၆ ခန်းပဲရပါတယ်၊ ဒီကနေ့မှ ၈ ခန်းရပါတယ်ဘုရား။)

နောက်တစ်ယောက် ...။

www.burmeseclassic.com

www.burmeseclassic.com


(အမျိုးသမီးဆောင်က ၁၀ ခန်းရှိပါတယ်ဘုရား၊ ၁၀ ခန်း စလုံး ဖောက်လိုက်တယ်ဘုရား၊ သံဃာဆောင်ဘက်က ၁၂ ခန်း ရှိပါတယ်၊ ၁၂ ခန်းလည်း ဖောက်လို့ရပါတယ်ဘုရား။)

အေး… အေး … မင်းကရော…။

(တပည့်တော်က ၆ ခန်းလောက်ပဲရတာဘုရား။)

အေး… နောက်တစ်ယောက်…။

(တပည့်တော်က နံရံတွေကိုပို့တာ လေးခန်းထဲရသေးတယ် ဘုရား။)

ရော်ရော်ရှုရှုရသလား။

(ရပါတယ်ဘုရား)

ဒကာကြီးကရော…။

(တပည့်တော်က လေးခန်းကျော် ငါးခန်း နံရံကို ရောက်နေ ပါပြီဘုရား။)

ရော်ရော်ရှုရှုရသလား။

(ရပါတယ်ဘုရား။)

ဒကာမကြီးကရော…။

(တပည့်တော်မက ရှစ်ခန်းလောက်ရပါပြီဘုရား၊ ဒီဘက်က ၈ ခန်းစလုံးရပါတယ်ဘုရား၊ ဟိုဘက်ကတော့ ၆ ခန်းပဲရပါ သေးတယ်ဘုရား။)

အဲဒီကနေပြီးတော့ ဒီဘက်ကျောင်းဆောင်ပို့။

(တင်ပါ့ဘုရား။)

ဟိုဘက်က ဆရာသမားနေတဲ့ကျောင်းပို့ရတယ်၊ ဒကာကြီး ရော။

www.burmeseclassic.com

www.burmeseclassic.com


(မရသေးဘူးဘုရား။)

ကြိုးစား…။

ဒါဟာ ဓမ္မ အစိမ်းသွေ့ယျတရား …။

ဓမ္မစက္ခု …။

ဓမ္မမျက်လုံး …။

လောကီမျက်လုံးတွေ ဒီလောက်မစွမ်းမြင်နိုင်ကြပါဘူးကွ၊ ကြားသလား။

(ကြားပါတယ်ဘုရား။)

ဘုရားက ဓမ္မမျက်လုံး၊ ဒီနိုင်ငံမှမဟုတ်ပါဘူးကွ၊ ကမ္ဘာအရပ်ရပ် ဘယ်သူမှ မစွမ်းနိုင်ပါဘူး။

(တင်ပါ့ဘုရား။)

ဒကာကြီးတို့ ပိုသိမယ်နော်၊ ကိုယ့်ဟာကိုယ်ကြိုးစား။

(သာဓု … သာဓု … သာဓု …)

* * *

www.burmeseclassic.com

www.burmeseclassic.com

## မျှော်နေစရာမလိုဘူး

ယောဂီစကားပြောကြတယ်၊ တရားရှာကိုယ်မှာတွေ့ဆို၊ ကိုယ်တွေ့မှ ကိုယ့်တရားပေါ့၊ သူများတွေ့တော့ သူများတရားပေါ့။

(မှန်ပါဘုရား။)

ကိုယ်တွေ့တဲ့တရားမှ ကိုယ်ပိုင်ပစ္စည်းမဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တရားတွေပေးထားခဲ့တာ၊ ၁ နာရီပြည့်သွားပြီ၊ ရှုမှတ်ပွားများပြန်ရော၊ နာရီတိုင်း နာရီတိုင်း တရားအမွေတွေ ရှုရှိုက်နိုင်လို့ မမိဘူးလား။

(မိပါတယ်ဘုရား။)

မရဘူးလား။

(ရပါတယ်ဘုရား။)

အဖိုးမတန်ဘူးလား။

(တန်ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ရှေ့တိုးပြီး ကြိုးစားသွားရင် ရှေ့ရောက်လေ ဝမ်းသာစရာတွေ တွေ့ရလေပေါ့။

ကြိုးစားမှရမှာ၊ အစကောင်းမှ အနှောင်းသေချာတာ၊ ခုချိန်မှာ မခိုကပ်ကြနဲ့၊ ကြိုးစား။

ဓမ္မအမွေအစစ်ရတာ၊ ဒီဓမ္မအမွေကမှ ဘုရားအဆူဆူလေးအသချေ်နဲ့ ကမ္ဘာ့တစ်သိန်းကျင့်ပြီးပေးမှ၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံ ရှိသမျှ လူနတ်ဗြဟ္မာ သတ္တဝါတွေအားလုံးကို ဘယ်သူမှ မပေးနိုင်ဘူး၊ နတ်ပြည်သွားမလား၊ လူ့ပြည်သွားမလား၊ ဗြဟ္မာ့ပြည်သွားမလား၊ ဘုရားကလွဲလို့ ဘယ်သူမှမပေးနိုင်ဘူး။

ဘုရားက သူကိုယ်တိုင်ကျင့်ခဲ့တာလေ၊ ကိုယ်ကိုယ်တိုင်မှတ်လာတာ၊ ကိုယ်ကိုယ်တိုင် အားထုတ်လာတာ၊ အသေအကျေအသက်စွန့်ပြီးတော့မှ ဘုရားအဖြစ်ကိုရောက်တာ။

(တင်ပါ့ဘုရား။)

ကိုယ့်သားသမီးလေး၊ ကိုယ့်မြေးလေး ကိုယ်ဘယ်လောက်ချစ်ချစ် စွန့်နိုင်ပါ့မလား။

(မစွန့်နိုင်ပါဘုရား။)

ဒကာကြီးတို့ကရော…။

(မစွန့်နိုင်ပါဘူးဘုရား၊ ချစ်တော့ ချစ်ပါတယ်ဘုရား။)

ဘုရားလောင်းက ဒီလိုမဟုတ်ဘူး၊ အားလုံးသတ္တဝါတွေအတွက် ရင်ဝယ်သားကဲ့သို့ သားတော်ရာဟုလာကဲ့သို့ သနားတော်မူလှတဲ့အတွက် တချို့လူတွေ မြင်တောင်မြင်ဖူးမှာ မဟုတ်ဘူး၊ အလောင်းတော်က အဲဒီလိုကို ရက်ရက်စက်စက်စွန့်တာ၊ စွန့်တော့

www.burmeseclassic.com


ဘုရားအဖြစ်ကိုရောက်ပြီ၊ တရားတော်ကြီးနဲ့ ညနေတစ်ချိန်၊ မနက်တစ်ချိန် ကျွတ်ထိုက်တဲ့သတ္တဝါတွေကို တန်ခိုးတော်နဲ့ ဖြန့်ကျက်ကြည့်တော်မူတာ၊ သက်တော်အားဖြင့် ၈၀၊ အဲဒီအထိ တစ်နေ့ ၂ ကြိမ်ကျ ကြည့်တော်မူတာ၊ အဲဒီလို လုပ်ကိုင်ဆောင်ရွက်တော်မူတာ။

ဓမ္မ သရဏံ ဂစ္ဆာမိဆိုတာ အဲဒီလောက် ကြိုးစားခဲ့ရတာ။

(တင်ပါဘုရား။)

ကြိုးစားကြ၊ ဘုရားဟောတဲ့ဓမ္မစကြာထဲမှာ ...

"စက္ခုံ ဥဒပါဒိ

အာလောကော ဥဒပါဒိ" မပါဘူးလား။

(ပါပါတယ်ဘုရား။)

ဝိဇ္ဇာ ဥဒပါဒိ မပါဘူးလား။

(ပါပါတယ်ဘုရား။)

ဘုရားက ဓမ္မစကြာဟောသွားတာ၊ ယခုကိုယ်တွေ့ဖြစ်နေပါပကော။

အာလောကော ဥဒပါဒိ...။

အရောင်တွေလင်းလာပြီနော်၊ ကြိုးစားပြီးတော့မှ ထိုင်၊ ဒကာကြီးက ဘယ်လောက်ပို့တုန်း။

(တပည့်တော်က နှစ်ထောင်လောက်တော့ရပါပြီဘုရား။)

နှစ်ထောင်လောက်ရသွားပြီလား။

(တင်ပါ့ဘုရား၊ တပည့်တော်က ခုနစ်ခန်းလောက်ရပါပြီဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ဘာ…၊ ခုနစ်ခန်းရပြီဟုတ်လား၊ မင်းထိုင်တဲ့အခန်းရဲ့ နောက်ဘက်မှာ ဘယ်နှစ်ခန်းရှိသေးလဲ၊ ကျန်သေးသလား။

(မကျန်တော့ပါဘူးဘုရား။)

ဒါဆိုရင် မြောက်ဘက်ကနေ တောင်ဘက်ထိပ်ထိပို့ပါ၊ ဆွမ်းစားဓမ္မာရုံရော ပါသလား။

(တင်ပါ့ဘုရား၊ ဒီဘက်ထိပ်အထိဘုရား။)

ဒကာမကြီးကရော…။

(ရပါတယ်ဘုရား၊ သံဃာဆောင်တွေ ဒီဘက်အထိရပါပြီ ဘုရား။)

ကိုယ်ထိုင်တဲ့အခန်း အလွတ်လား၊ ဟိုဘက် ဆက်မပို့သေး ဘူးလား။

(တင်ပါ့ဘုရား၊ တပည့်တော်တို့အခန်းက ၅ ယောက်ထဲ နေပါတယ်ဘုရား)

ဒကာမကြီးကရော…။

(ရပါပြီဘုရား။)

ဒကာကြီးကရော…။

(မရသေးဘူးဘုရား။)

နိမိတ်ရော မရသေးဘူးလား။

(မရသေးပါဘူးဘုရား။)

ကြိုးစားဦး၊ ဟုတ်လား။

(တပည့်တော် ၅ ခန်းပဲရပါတယ်ဘုရား။)

(တပည့်တော်မက ၂ ခန်းပဲရပါသေးတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ကြိုးစားဦး။

(တပည့်တော် ၅ ခန်း ရပါတယ်ဘုရား။)

ဓမ္မာရုံထဲကလား။

(တင်ပါဘုရား။)

အခန်းဘယ်နှစ်ခန်းရှိသလဲ။

(၁၀-ခန်းရှိပါတယ်ဘုရား။)

အေး… အလယ်လောက်မှာ နေတဲ့လူကလည်း တောင်ဘက် မြောက်ဘက် ပို့လိုက်ယူလိုက်လုပ်၊ တောင်ထိပ်ကလူက မြောက်ဘက်ခန်းဆုံးအောင်၊ မြောက်ဘက်ကလူက တောင်ဘက်ဆုံးအောင်ပို့၊ အဲဒီလိုပို့။

အလယ်ကနေတဲ့လူကလည်း မြောက်ဘက်ခန်းဆုံးအောင်၊ တောင်ဘက်ခန်းဆုံးအောင်ပို့ပါ၊ အဆောင်ကြီးနဲ့ နေတဲ့သူက အဆောင်ကြီးဘက်လှည့်ပြီး ပတ်ဝန်းကျင်အဆောင်တွေကိုပို့။

(တင်ပါ့ဘုရား။)

အားလုံးရအောင်ပို့ ကြိုးစားပါ၊ ဒီနေရာမှာ ကြိုးစားရမှာ၊ ထိထိရောက်ရောက် ကြိုးစားရမယ်၊ ပေါက်ပေါက်မြောက်မြောက် ကြိုးစားရမယ်။

ဝီရိယရှိတဲ့သူ၊ ဖွဲရှိတဲ့သူ၊ လုံ့လဝီရိယရှိတဲ့လူမှ သမထအားကောင်းမယ်၊ သမထအားကောင်းမှ အာရုံနိမိတ်တွေအားကောင်းမယ်။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


မျှော်နေစရာမလိုဘူး၊ ကြိုးစားလေ တိုးတက်လာလေ၊ တိုးတက်လာလေ ဝမ်းသာပီတိဖြစ်ရလေ ဖြစ်ရမှာ။

နောက်ကပဟာကလည်း ကုသိုလ်၊ ရှေ့ဖြစ်တာတွေကလဲ ကုသိုလ်၊ ဒါမှ ကုသိုလ်အစစ်၊ မိတ်ဆွေအစစ်။

(တင်ပါ့ဘုရား။)

ဒါမှ သံသရာပါမှာ၊ ကြိုးစားကြ၊ အများကြီးကျန်သေးတယ်၊ ယခုမှ စခါရှိသေးတယ်၊ သိစရာတွေ၊ မှတ်စရာတွေ အများကြီးကျန်သေးတယ်၊ ကြိုးစားကြနော်။

(တင်ပါ့ဘုရား။)

ပို့တဲ့ယူတဲ့ဟာ လုပ်လို့ရရင် နဖူးဆို နဖူးပို့လို့ရတယ်၊ ပါးကိုဆို ပါးကိုပို့လို့ရတယ်၊ သူက အသက်ရှိတာမဟုတ်ဘူး၊ နိမိတ်အယူအပို့ ကျွမ်းကျင်သွားပြီဆိုရင် ခိုင်းချင်သလို ခိုင်းလို့ရတယ်၊ ဝမ်းမြောက်ဝမ်းသာနဲ့ ကြိုးစားကြ။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## တရားအားမထုတ်သူ ဘာဝရှုံး

ရှည်ရှည်ရှူရှူရတယ်ကွယ့်။

(တင်ပါ့ဘုရား။)

ထွက်လေဝင်လေ ရှည်ရှည်ရှူရှူရတယ်၊ အမှတ်ကလေးနဲ့ မရှူရင် အလကားဖြစ်ကုန်ရော၊ နှမြောစရာမကောင်းဘူးလားဟေ့၊ တရားဆို "ဟိုယခင်အခါက အပိုထင်ကာ မသိတဲ့အရေးတွေကြောင့်…" ဒါနလောက်နဲ့ဆို တော်ပြီ၊ သီလနဲ့ဆိုတော်လောက်ပြီပေါ့၊ ဒီလိုထင်ခဲ့တယ်။

"အပိုအလုပ်ဆို တစ်ကယ်မှ မတွေးခဲ့ပါဘူး" တဲ့၊ တရားအလုပ်ကို ဟုတ်သလား။

(မဟုတ်ပါဘူးဘုရား။)

ထိတာ သိတာလေးမှတ်တာနဲ့တင် အေးချမ်းမှုကို တစ်မင်္ဂ တစ်ဖိုလ် မရနိုင်ဘူးလားဟေ့။

(ရနိုင်ပါတယ်ဘုရား။)

ဒကာမကြီးကရော…။

www.burmeseclassic.com

www.burmeseclassic.com


(တပည့်တော်မ နှစ်ခန်းပါဘုရား။)

အခွေဆောင်နှားက အခန်းတွေနဲ့နေတာလား။

(မှန်ပါ့ဘုရား။)

ဒီဘက်ကရော။

(တပည့်တော်မ ၆ ခန်းရပါပြီဘုရား၊ နောက်ထပ်ရဖို့ ၄ ခန်းကျန်သေးတယ်ဘုရား။)

ဒကာမကရော…။

(တပည့်တော်မက ၆ ခန်းလောက်ရပါပြီဘုရား။)

ဘယ်ဘက်ကိုရတာလဲ။

(တောင်ဘက်ကို ရတာပါဘုရား။)

တောင်ဘက်ကအခန်းတွေ ပြီးအောင် ရောက်အောင်ပို့၊ တောင်ဘက်ပြီးရင် မြောက်ဘက်အခန်းတွေပို့။

(တင်ပါ့ဘုရား။)

ဒကာမကြီးကရော…။

(တပည့်တော်က အားနည်းနည်း နည်းနေသေးလို့ဘုရား။)

ဘာအားနည်းတာလဲ။

(အာရုံကြွေ့အားနည်းတာပါဘုရား။)

နိမိတ်ရော်ရသလား။

(ရပါတယ်ဘုရား။)

ပို့လို့ရောရသလား။

(ပို့လို့လည်းရပါတယ်ဘုရား၊ ခဏလေးပဲရသေးလို့ပါ။)

ဘယ်နှစ်ခေါက်ရပြီလဲ။

www.burmeseclassic.com

www.burmeseclassic.com


(တစ်ခေါက်လောက်ပဲ ပို့ရသေးတယ်ဘုရား။)

အားနည်းတယ်ဆိုပေမယ့် ခဏခဏကြိုးစား၊ ကြိုးစားရင် ရတယ်၊ အစပိုင်းသာ အားနည်းတာ၊ နောက်ပိုင်း တစ်စတစ်စ ကြိုးစားလာရင် အားများလာမယ်။

ကြိုးစားရင် ကြိုးစားသလောက်ရလာမယ်၊ ပထမတော့ သတိကလေးကို အမြဲသတိထားရမယ်၊ ထွက်လေဝင်လေ ထိတိုင်း သိတိုင်း အမြဲမှတ်နေရမယ်။

အဲဒီလိုမှတ်နေတာမဟုတ်လား။

(တင်ပါ့ဘုရား။)

ဒကာမကြီးကရော။

(တပည့်တော်မက ၃ ခန်းပါဘုရား။)

အလယ်လောက်ကဆို ဟိုဘက်ရော ဒီဘက်ရောပို့။

(တပည့်တော်မက ၂ ခန်းပါဘုရား။)

လွှတ်တိုင်း လွှတ်တိုင်းရသလား၊ နှာသီးဖျားကနော်။

(တင်ပါ့ဘုရား။)

ဟိုဒကာမကရော…။

(တပည့်တော်ကတော့ ၂-တောင့်ထွာလောက်ပဲရပါတယ် ဘုရား၊ မနက်တုန်းကတော့ အဲဒီလောက်ရပါတယ်၊ ယခုမှပဲ ပို့တာ ယူတာ သိရတာပါ၊ မသိလို့ပါဘုရား။)

အတ္တာပဟိ အတ္တနော နာထော။

ကိုယ့်ကိုယ်ကိုအားကိုးရမယ်လို့ မြတ်စွာဘုရားက ဟော ထားတယ်မဟုတ်လား၊ ကြိုးစား၊ ကြိုးစားရင်ဖြစ်မယ်။

www.burmeseclassic.com

www.burmeseclassic.com


ခမ္မ သရဏံ ဂစ္ဆာမိ-ဆိုတာကို မိမိရရဖြစ်အောင်လုပ်၊ လောကီစီးပွားရေးဆိုတာ ဘယ်လောက်ပေါပေါ တစ်နေ့ ပစ်ထားခဲ့ရမှာ။

သူခိုးကြောက်ရသေးတယ်၊ ဓားပြကြောက်ရသေးတယ်၊ ရန်သူမျိုးငါးပါးတို့ရဲ့ အန္တရာယ်ကို ကြောက်ရသေးတယ်။

ရန်သူမရှိတာကောင်းမှ ကိုယ့်ဟာကိုယ် စိတ်မချတာနဲ့ ဟိုနားရွှေ့သိမ်း ဒီနားရွှေ့သိမ်း၊ ဒါကိုတင် စိတ်မချသေးဘူး၊ မြေကြီးထဲ တူးမြှုပ်သေးတယ်။

(မှန်ပါတယ်ဘုရား။)

ဘယ်လိုထားထား၊ ကိုယ့်ခန္ဓာ ကိုယ်ပစ်သွားရမှာ။

(တင်ပါဘုရား။)

သေသွားတာနဲ့ ပြီးပြတ်ပြီ၊ ဘုန်းကြီးတစ်ပါးပင့်၊ ရေစက်ချမယ်၊ မဟုတ်ဘူးလား။

(မှန်ပါဘုရား။)

ဘာမှမပါဘူး၊ ရန်သူမျိုးငါးပါးနဲ့မဆိုင်ဘူး၊ လေးအသချေနဲ့ ကမ္ဘာတစ်သိန်းကျင့်လို့ ပေးလာတဲ့အမွေ၊ ဒီအမွေရဖို့ မလွယ်ဘူး။

ရှင်းရှင်းပြောရရင် ကြားတဲ့သူက ခံနိုင်မှာမဟုတ်ဘူး၊ မှန်တာမပြောရဘူးတဲ့ ယခုခေတ်က၊ ဟုတ်ဘူးလား။

(မှန်ပါ့ဘုရား။)

ပစ္စည်းတွေဘယ်လောက်ပေါပေါ၊ ထားခဲ့ရတာ။

(မှန်ပါ့ဘုရား။)

တရားအားမထုတ်တဲ့သူ ဘဝရှုံးတယ်နော်။

www.burmeseclassic.com

www.burmeseclassic.com



(မှန်ပါ့ဘုရား။)

တရားအားမထုတ်ရင် လူဖြစ်ရှုံးတယ်၊ ကိုယ့်ဆီမှာ ထွက်လေ ဝင်လေ ရှိရဲ့သားနဲ့ မလုပ်လိုက်ရဘူး။

ဒကာမကြီးက ဘယ်နှစ်နှစ်လဲ။

(၅၆-နှစ်ပါဘုရား။)

တစ်နာရီမှာ ဝင်လေ (၃၆၀)၊ ထွက်လေ (၃၆၀)၊ တစ်နာရီ (၇၂၀)ရှိတယ်၊ တစ်နေ့နာရီပေါင်းနဲ့တွက်ကြည့်၊ ပြန်ယူလို့ မရတော့ဘူး။

(တင်ပါ့ဘုရား။)

နောက်ထပ် ၅၆ နှစ်ရော နေရပါဦးမလား။

(မနေရတော့ပါဘူးဘုရား။)

၅၀ ရော နေရပါဦးမလား။

(မနေရပါဘူးဘုရား။)

အိုသွားကုန်ပြီ၊ အိုသွားကြတော့ ခန္ဓာကိုယ်က ကိုယ့်စကားနားမထောင်ကြတော့ဘူး၊ ခုချိန်လေး မာမာကျန်းကျန်း ရှိတုန်းလေးကိုနိုင်း၊ ဟုတ်ဘူးလား။

(မှန်ပါ့ဘုရား။)

အရွယ်ကလေးကောင်းတုန်း နိုင်းထား။

(တင်ပါ့ဘုရား။)

ဒီဒကာမကြီးကရော...။

(၂-ခန်းပါဘုရား။)

၂-ခန်းရတယ်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

နောက်ဘက်ကရော။

(တပည့်တော်က ၂-တောင်ပဲရသေးတယ်ဘုရား။)

ဒါထက်တိုးတိုးပြီးတော့ ကြိုးစား၊ နောက်တစ်ယောက်ကရော။

(တပည့်တော်တို့က ၂-ခန်းပဲရတယ်ဘုရား။)

ဝေးတာ၊ နီးတာ အပို့အယူလုပ်လို့ ရသလား၊ မင်းတို့နေတဲ့အခန်းက နံရံတွေပို့၊ နောက် အခန်းနားကပ်နေတဲ့ အခန်းနံရံတွေကိုပို့၊ ကြားသလား။

(တင်ပါ့ဘုရား။)

အကြိမ်ကြိမ်အဖန်ဖန် ပို့လို့ရပြီဆိုရင် ဟိုဘက်အခန်းကနံရံကို ဆက်ပြီးပို့၊ အဲဒီလို ကြိုးစား။

(တင်ပါ့ဘုရား။)

တရှူတရှိုက်မှာ သတိကလေးမပါဘူး၊ ဝီရိယလဲမပါဘူးဆိုရင် အလကားဖြစ်ကုန်မယ်၊ ဒီသတိက မဂ္ဂင်ဖောင်က သတိ၊ ဝီရိယက မဂ္ဂင်ဖောင်ကြီးပေါ်က ဝီရိယ ကိလေသာတွေပယ်ပြီး ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတွေ ကြွသွားတဲ့လမ်းမှန်ကို လိုက်နေတာ။

"မဂ္ဂင်ဖောင်ကြီး ပျော်ပျော်စီး"လို့ ဘာတုန်း၊ ကထိန်ညဘာသံ အမေးဆိုတာ အသံအားကောင်းပါတယ်၊ အဖြေဆိုတာက အသံအားစီတယ်၊ ကြည်တယ်၊ သူက အဖြေကိုး။

www.burmeseclassic.com

www.burmeseclassic.com


သူက မင်းသားများလို ချွဲပြီးလှည့်နေတာ၊ လွမ်းစရာလည်း ကောင်းတယ်၊ ဒကာမတစ်ယောက်ကဆိုပြီး အိမ်ပြန်သွားတယ်၊ အိမ်ပြန်သွားတော့ မျက်နှာသုတ်ပုဝါကတစ်ထည်၊ ဆပ်ပြာက တစ်ကဒ်၊ မီးခြစ်ထုပ်ရသွားတယ်၊ ဟိုမေးတဲ့လူက ဘာမှမရဘူးတဲ့။

မဂ္ဂင်ဖောင်ကြီးပျော်ပျော်စီးဆိုတာနဲ့ ရသွားတာ၊ ကြိုးစား ကြ။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## အေးတဲ့အားကြီးတော့ ပျင်း

သမာဓိရအောင်ထူထောင်ကြ၊ ယခုဘယ်ရောက်ပြီလဲ။

(ကိုယ့်အခန်းကအုတ်တံတိုင်းကို ဖောက်လို့ရပါပြီဘုရား။)

ရပြီလား။

(တင်ပါ့ဘုရား။)

ဒီက ဒကာရော။

(ရပါတယ်ဘုရား။)

ဒကာမတွေရော။

(ရပါတယ်ဘုရား။)

တရားရှု ကိုယ်မှာတွေ့ ဒါကိုယ်တွေ့ပဲ၊ ထွက်လေ ဝင်လေက အမေမွေးတုန်းကချည်းနဲ့ ထွက်လေဝင်လေတွေက အကုန်ထွက်။ အကုန်ဝင်နေတာ။

ပြန်ပြီးတော့ရှုလိုက်တယ်၊ စပြီးမွေးတဲ့အချိန်ကတော့ ဝိညာဉ်ချုပ်တဲ့အထိ မသိတော့၊ ထွက်လေ ဝင်လေဟာ လှုတိုင်းလှုတိုင်းပါတာပဲ။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

ဒါကို ပစ်ထားကြတယ်၊ သူ့ဟာသူ ထွက်ချင်ထွက်၊ မထွက်ချင်နေ၊ စီးပွားရေးပဲလုပ်မယ်ကွာ၊ ရှမကောင်းတဲ့အခါ တစ်ဖက်ပိတ် တစ်ဖက်အမျိုးမျိုးပြုပြင် ရှုကြတယ်၊ လုပ်ကြတယ် ကွ။

ဘုရားရှင်ကဟောတယ်၊ ထွက်လေ ဝင်လေကို ပစ်ထားကြတယ်တဲ့။ လွှတ်ထားတာ ပစ်ထားတာနော်။

(မှန်ပါ့ဘုရား။)

နှမြော့စရာမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

ထွက်လေရော မြင်ရသလား။

(မမြင်ရပါဘူးဘုရား။)

ဝင်လေရောမြင်ရသလား။

(မမြင်ရပါဘူးဘုရား။)

နှမြော့စရာကောင်းတယ်၊ သေသေချာချာစဉ်းစားရင် တရှူ ဆို တရှူ၊ တရှိုက်ဆို တရှိုက်။

ဟိုမှာ သိကြားမင်း နတ်ပြည်ကို ဒီလေနဲ့ပို့တာ။

(တင်ပါ့ဘုရား။)

ဒီရှူတာနဲ့ ပို့တာ၊ ဒီတရှူဘယ်လောက်တန်ဖိုးရှိတုန်း၊ နှမြော့စရာမကောင်းဘူးလား၊ ကုန်ခဲ့တဲ့အချိန်တွေ နှမြော့စရာနော်၊ ထွက်လေဝင်လေက ရတနာတွေပြည့်စုံတာပေါ့။

(မှန်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


မဟုတ်ဘူးလား၊ ရတနာတွေဖြစ်ကုန်တာပေါ့။

ဗုဒ္ဓရတနာ၊

ဓမ္မရတနာ၊

သံဃာ့ရတနာ၊

ရတနာ (၃)ပါးဆို မဟုတ်ဘူးလား၊ ထွက်လေ ဝင်လေဟာ ဓမ္မရတနာတွေ ဖြစ်ကုန်တာပေါ့။

(တင်ပါ့ဘုရား။)

အဲဒီတော့ တရှုတရှိုက်ဟာ အဖိုးမတန်ဘူးလား။

(တန်ပါတယ်ဘုရား။)

တရှူဆို တရှူ၊ တရှိုက်ဆို တရှိုက် အသိကလေးနဲ့လုပ်၊ မဟုတ်ဘူးလား ဒကာကြီး။

(တင်ပါ့ဘုရား။)

လူတိုင်းရနိုင်ရဲ့လား၊ မရဘူး၊ ဒါကိုယ်တွေ့ဖြစ်သွားပြီနော်။

(တင်ပါ့ဘုရား။)

ဒါတွေပြောရင် ယုံပါ့မလား၊ မယုံလို့ ခက်တာဗျာ။

(မှန်ပါ့ဘုရား။)

ပြောလို့လည်း မယုံကြဘူး၊ မယုံတော့လည်း အဲဒီလိုဖြစ်မှာ၊ ပြောတဲ့လူကတော့ သိစေချင် မြင်စေချင်လို့ ပြောပါတယ်၊ သူတို့က မယုံကြည်ကြဘူး၊ အဲဒါကြောင့် မပြောကြဘူး။

ဟိုဒကာကြီး ...။

(မုဒ္ဓဂယာကို လှမ်းကြည့်တာ ဗောဓိပင်တွေကို တွေ့ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ဗောဓိပင် တွေ့တယ်နော်။

(တင်ပါ့ဘုရား။)

ဗောဓိပင်ပတ်လည်မှာ ဘုရားတွေလည်းမြင်ခဲ့တယ်နော်၊ လှမ်းဖူး။

(တင်ပါ့ဘုရား။)

လှမ်းဖူး၊ လောကီကိစ္စတွေ ဝင်မလာစေနဲ့။

(တင်ပါ့ဘုရား။)

ကုက္ကုစ္စ ယုံမှားသံသယမဖြစ်စေနဲ့၊ ကြိုးစားရင်ရတယ်။ ကာယိကသုခ ကိုယ်ကဆင်းရဲမခံဘဲနဲ့ ကာယသုခရပါ့မလား။

(မရပါဘုရား။)

လောကီအလုပ်တွေက ဘယ်လောက်နေပူသလဲ။

(တင်ပါ့ဘုရား။)

လောကုတ္တရာက အရိပ်ထဲမှာလုပ်ရတာ။

(တင်ပါ့ဘုရား။)

အေးအေးဆေးဆေးလုပ်ရတာ၊ အေးတာအားကြီးတော့ ပျင်းရော၊ ဘာလို့ပျင်းတာတုန်း၊ အိမ်က သားရေးသမီးရေးတွေ စိတ်ချလွှတ်ထားလိုက်၊ ယခုတရားတွေ့တော့ မပျင်းတော့ဘူးမဟုတ်လား။

(မပျင်းတော့ပါဘူးဘုရား။)

ဓမ္မော ဟဝေ, ရက္ခတိ ဓမ္မစာရိံ = တရားစောင့်သူကို တရားကစောင့်ရှောက်တယ်၊ တရားကခေါ်သွားပြီ၊ ရှေ့လျှောက်

www.burmeseclassic.com

www.burmeseclassic.com


ဒါထက်ကြည်ညိုစရာတွေ ဝမ်းသာစရာတွေ အများကြီးရှိသေးတယ်၊ ခုမှ စခါရှိသေးတယ်။

(တင်ပါ့ဘုရား။)

ဒါကြောင့် မရှိတာထက် မသိတာခက်တယ်လို့ဆိုတာ၊ မရှိတာက ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှာစား၊ မရဘူးလားဟေ့။

(ရပါတယ်ဘုရား။)

တရားက လိမ်လို့ မရဘူး။

(တင်ပါ့ဘုရား။)

တိတ်တိတ်ဆိတ်ဆိတ်ကလေး ကိုယ့်အလုပ်ကလေးလုပ်နေရတာ၊ အဲဒီနားမှာ ဗောဓိပင်ဘုရားတွေရှိတယ်လေ၊ ဖူးကြ။

(တင်ပါ့ဘုရား။)

ဘုရားတွေ အကြိမ်ကြိမ်အဖန်ဖန်ဖူး၊ ဘုရားတွေဖူးပြီးတော့မှ ကျောင်းက သူ့ဝင်းထရံနဲ့သူ။

(တစ်ကျောင်းတည်း သီးသန့်ဖြစ်နေတာပါဘုရား။)

ဗောဓိပင်နဲ့ဘုရားကျောင်းက အဲဒီကျောင်းပေါ့။

ကဲ… အဲဒါပဲ၊ ဒီနေ့တော့ ကြိုးစားကြ။

(သာဓု … သာဓု … သာဓု …)

* * *

www.burmeseclassic.com

www.burmeseclassic.com

# ဘုရားပေးတဲ့ဆု

ထွက်လေ ဝင်လေ ဘုရားရှင်ဟောတော်မူတဲ့အတိုင်း သတိကလေးနဲ့ မှတ်ယူကြဗျာ။

အပ္ပမာဒေန သမ္ပာဒေထ - သတိမမေ့မလျော့ကြစေနဲ့။

ဘုရားရှင်ဂုဏ်တော်တွေက ပြည့်ပြည့်စုံစုံဖြစ်အောင် ကြိုးစားရစ်ကြ မှာထားခဲ့တာ၊ ကြည့်စမ်း ၄၅-ဝါကြာအောင် သုတ္တန်-ဝိနည်း-အဘိဓမ္မာ လိုလေသေးမရှိဘူး။

လူ့ပြည်နတ်ပြည် အကုန်လုံး ဘုရားချွတ်ခဲ့တယ်၊ ဘုရားရှင်ရဲ့ မဟာကရုဏာတော်တွေနဲ့ တစ်နေ့ကို နှစ်ကြိမ်၊ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ချွတ်တော်မူခဲ့တာ၊ ပရိနိဗ္ဗာန်စံတဲ့အထိ မှာခဲ့တာ။

ဒါတင်လားလို့၊ ဘယ်ဟုတ်မှာတုန်း ...၊ ရှေးရှေးတုန်းက ဘုရားဓာတ်တော်တွေက အစိတ်စိတ်အမွှာမွှာမကျန်ဘူး၊ ရွှေတုံးကြီးလို တစ်ခုပဲကျန်တာ၊ ပေါင်းစုပြီးတော့ ကိုးကွယ်ကြရတာ၊ ပူဇော်ကြရတာ။

www.burmeseclassic.com

www.burmeseclassic.com


တို့ဘုရားသခင်ကလည်း သက်တမ်းက တိုတဲ့အတွက် ဓာတ်တော်တွေ ခွဲခြမ်းစိတ်ဖြာပြီး ချန်ထားခဲ့တာ၊ ခန္ဓာကိုယ်မှာ ဓာတ်တော်တွေကို ဓာတုစေတီတို့ ပရိဘောဂစေတီတို့ ဟုတ်လား။

(တင်ပါ့ဘုရား။)

အကုန်ထားခဲ့တာ၊ ဓာတ်တော် မွေတော်တွေကော ဘာမှ လိုလေသေးမရှိဘူး၊ ထားခဲ့တာ၊ ဒါနဲ့ မိမိတို့နေ့စဉ်သုံးစွဲဖို့ရန် ပစ္စည်း ပစ္စယတွေလည်း ထားခဲ့သေးတယ်။

နှစ်အပိုင်းအခြားကလည်း ထားခဲ့သေးတယ်၊ နှစ်အပိုင်း အခြားက လူဖြစ်ဖို့ရန် တော်ရုံတန်ရုံနဲ့ လူမဖြစ်ဘူး၊ အပါယ်လေးဘုံ ကျသွားရင် ဆက်ကာဆက်ကာ ကျသွားတာ၊ လူမဖြစ်ဘူး၊ အပါယ်လေးဘုံမှာ ကျသွားတဲ့သတ္တဝါတွေ ကယ်လို့ရသလား။

(ကယ်လို့မရတော့ပါဘုရား။)

ငါတို့ မင်းတို့ အဲဒီဘဝတွေက လွတ်ထွက်လာကြတာ။

(မှန်ပါ့ဘုရား။)

သတ္တဝါတွေအကုန်လုံး အကောင်ရေ အသေးအကြီး ရေတွက်နိုင်ပါ့မလား။

(မရေတွက်နိုင်ဘူးဘုရား။)

မရေတွက်နိုင်ဘူးနော်၊ ကမ္ဘာ့မြေပြင်မှာ၊ ရေပြင်မှာ ပုရွက် ဆိတ်တွေ ပြည့်လို့ပဲ။

(မှန်ပါ့ဘုရား။)

ဒါတစ်မျိုးထဲရှိသေးတာ၊ တခြားဟာတွေ အများကြီးကျန် သေးတာ၊ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်ရှိတဲ့ လူဦးရေစာရင်း ကောက်လို့မရဘူးလား။

www.burmeseclassic.com

www.burmeseclassic.com


(ရပါတယ်ဘုရား။)

မြန်မာပြည် လူဦးရေကော စာရင်းကောက်လို့မရဘူးလား။

(ရပါတယ်ဘုရား။)

ကမ္ဘာ့မြေပြင်မှာရှိတဲ့ လူဦးရေစာရင်းကောက်လို့ရတယ်။

(ရပါတယ်ဘုရား။)

အခု ဒီအနားမှာရှိတဲ့ ပုရွက်ဆိတ်ကလေး စာရင်းကောက်လို့ ရမလား။

(မရပါဘူးဘုရား။)

မရဘူး၊ မကောက်နိုင်ဘူးလားဗျာ။

(မကောက်နိုင်ပါဘူးဘုရား၊ ကောက်မရလို့ပါဘုရား)

ဒီအကောင်တွေ စာရင်းမကောက်နိုင်ဘူးနော်။

(မှန်ပါဘုရား။)

အဲဒီဘဝတွေက လွတ်လာတာ နည်းတဲ့ကုသိုလ်တွေမဟုတ်ဘူး၊ ကြိုးစားကြ၊ တရှုတရှိုက်ရအောင် ဝမ်းပမ်းတသာနဲ့ကြိုးစားကြ။

(မှန်ပါဘုရား။)

တိရစ္ဆာန်ကွေကလဲ ရေထဲမှာလည်းပြည့်လို့၊ မြေထဲမှာလည်း ပြည့်လို့၊ လေထဲမှာလည်းပြည့်လို့၊ ငရဲခံနေရတဲ့ သတ္တဝါတွေက လည်း ပြည့်လို့၊ မမြင်ရတဲ့ သရဲတစ္ဆေတွေကလည်း ပြည့်လို့၊ ပြိတ္တာတွေကလည်း ပြည့်လို့၊ ဘီလူးတွေကလည်း ပြည့်လို့ … အဲဒီဘဝက လွတ်လာတာ။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


မဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

ခုလိုချိန်ခါ အဲဒီဟာတွေဖြစ်နေရင် ခုလိုနေနိုင်ပါ့မလား။

(မနေနိုင်ပါဘူးဘုရား။)

ရှင်းနိုင်ပါ့မလား။

(မရှင်းနိုင်ပါဘူးဘုရား။)

အဲဒီဟာတွေနဲ့ လူနဲ့ ဘယ်ဟာကတန်ဖိုးရှိတုန်း။

(လူတွေက တန်ဖိုးရှိပါတယ်ဘုရား။)

ဘာနဲ့ပို့တာလဲ၊ ဒီရှုတာနဲ့ပို့တာမဟုတ်လား။

(တင်ပါ့ဘုရား။)

အဲဒါ ဒသနိက ရှုနည်းကြီးတွေ၊ ဒသနမြင်ရသလား၊ ကိုယ့်နေရာက လှမ်းကြည့်တာမဟုတ်လား၊ ညမိုးချုပ်လည်း ရတယ်၊ မှောင်မိုက်လည်း ရတယ်၊ မှောင်မိုက်နေတဲ့အခါလည်း ရတယ်၊ ဒသနနည်း ဘုရားပေးတော်မူတဲ့ ဆုတော် လာဘ်တော် တွေ အဲဒါ ခဏရယ်။

ဖြည့်ဆည်းလာတာ၊ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီ တွေဖြည့်ပြီး ဒုက္ကရစရိယ (၆)နှစ်ကြာအောင်ကျင့်ခဲ့ရတဲ့ ဆုတော် လာဘ်တော်တွေ။

(တင်ပါ့ဘုရား။)

ဒါနကုသိုလ် သီလကုသိုလ် ရဖို့လွယ်သလား။

(မလွယ်ပါဘူးဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


နောက်တော့ တဖြည်းဖြည်းသိလာမှာပေါ့၊ အဲဒီတော့ ကြိုးစားပြီးတော့ အားထုတ်ကြ၊ ကိုယ့်နေ့တွက် ကိုယ်ရတာ၊ ကိုယ်ကြိုးစားသလောက် ကိုယ်ရတာ။

အားထုတ်လို့မသေဘူး၊ သေသွားရင် နတ်ပြည်ရောက်သွားမှာ၊ လောကီရေးရာတွေ၊ သာရေးသမီးရေးတွေ ဘေးချိတ်ထား၊ အိမ် ခဏခဏရောက်မနေနဲ့။

(တင်ပါ့ဘုရား။)

မရောက်စေနဲ့၊ ရောက်ရင်ပြန်ဆွဲယူ။

(တင်ပါ့ဘုရား။)

အဲဒီနားမှာ ဗောဓိပင်ရှိတယ်မဟုတ်လား။

(ရှိပါတယ်ဘုရား။)

အဲဒီဗောဓိပင်နားက ဘုရားလည်း ခဏခဏဖူး၊ ဗောဓိပင်နားမှာ ကျောင်းလည်းရှိတယ်၊ အဲဒီအနီးပတ်ဝန်းကျင်မှာလည်း ကြည်ညိုစရာတွေရှိမှာပေါ့။

အဲဒီဗောဓိပင်နားကကျောင်း ကျောင်းသုံးလေးကျောင်းရှိတယ်၊ လှည့်ပတ်ပြီးတော့ဖူး။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## မဖြစ် မရှိဘူး၊ မရတဲ့လူ မရှိဘူး

ဘုရားတရားတော်တွေဟာ အစိန္တေယျ ကြံစည်လို့မရဘူး၊ အထူးပြီးတော့ ရမှာလား၊ ရောက်မှာလား၊ မဝေဖန်နဲ့၊ မရမရှိဘူး၊ ကံတွေပါလာလို့ အားထုတ်ဖြစ်တာ။

ဘဝဟောင်းက ကံတွေပါခဲ့တယ်၊ ပစ္စုပ္ပန်ကံတွေကလည်း ကောင်းလို့၊ ပါရမီတွေပါလို့ အားထုတ်ဖြစ်တာ။

သမာဓိကို အကျိုးပြုတယ်၊ဒါနကုသိုလ်၊ သီလကုသိုလ်၊ အာနာပါနရှူပွားနေတဲ့ကုသိုလ်၊ ဘာဝနာကုသိုလ်၊ အာနာပါနတွေပွားတာလဲ ကုသိုလ်မဟုတ်ဘူးလား၊ အမြတ်ဆုံးကုသိုလ်တွေပေါ့။

(တင်ပါ့ဘုရား။)

အဲဒီကုသိုလ်တွေက ဘယ်သူ့ကိုကျေးဇူးပြုတုန်း၊ သမာဓိကို ကျေးဇူးပြုတာ၊ ဒကာမကြီးတို့က ဟိုပို့ဒီပို့ ပို့လို့ရတယ်ဆိုတာ သမာဓိစိတ်ကလေးထားလို့၊ သမာဓိဆိုတာ တည်ကြည်မှုစိတ်ကလေး ငြိမ်ဝပ်နေပြီးမှ တရားကလည်း ရလာတာ။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်အလိုရှိသလို ခိုင်းလို့ရတာ၊ ပြီးတော့ ကြည်ညိုရတာ ပေါ့၊ မလွယ်ဘူး။

ဒါကြောင့် လောကီရေးတွေ ထည့်ပြီးစဉ်းစားမနေနဲ့၊ တွေးမနေနဲ့နော်၊ သမာဓိက အဓိကအချက်၊ ကိုယ့်စိတ်ကဖြစ်တာ။ ကြောင့်ကြစရာတွေ ပူပင်စရာတွေ၊ လောကီရေးတွေ ကိုယ့်စိတ်က ဖြစ်လာတာ၊ အဲဒါက အကုသိုလ်အလုပ်တွေချည်းပဲ၊ သမာဓိကို အနှောင့်အယှက်ဖြစ်စေတယ်။ အဲဒါ ကိုယ့်စိတ်ကဖြစ်တာ၊ သူများက ဖြစ်တာမဟုတ်ဘူး။

ဒါတွေ ကြောင့်ကြမှုများနေရင်၊ ပူပန်မှုများနေရင် ဒီသမာဓိ က ရပါ့မလား။

(မရပါဘူးဘုရား။)

ယခု ရှောရှောရှူရှူ သမာဓိအားကောင်းနေကြပြီနော်၊ ဆက်ကြိုးစားကြ၊ ဝမ်းမြောက်ဝမ်းသာ တရှူဆို တရှူ တရှိုက် ဆို တရှိုက် တိုးလို့လုပ်ကြ၊ ရှေ့ဆို ဝမ်းမြောက်ကြရတော့မှာ၊ ယခုမှ တရှူ တရှိုက် စကာရှိသေးတာ။

(တင်ပါ့ဘုရား။)

အမေ မွေးစကချည်းနဲ့ ထွက်လေဝင်လေဆိုတာရှိတယ်၊ "သတိတစ်လုံး အရှိသုံး အဆုံးနိဗ္ဗူတာ" တဲ့၊ ရှိပြီးသားတွေ၊ ဒါတွေက အသုံးမပြုတတ်တော့ ပစ်ထားတာ။

(တင်ပါ့ဘုရား။)

ကိုယ့်ဆီမှာရှိပြီး ပစ်ထားကြတာ၊ အလကားဖြစ်နေတာ ဗျာ၊ ကိုယ့်မှာပါပြီသား၊ အမေမွေးကချည်းနဲ့။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

ပစ်ထားကြတယ်၊ ဖြစ်ချင်ဖြစ် မဖြစ်ချင်နေ၊ ဝင်ချင်လည်း ဝင်၊ ထွက်ချင်ရင်လည်းထွက်၊ နေချင်သလိုနေ ထားတာ၊ ထွက်လေ ဝင်လေဟာ အသက်မရှိလို့၊ ရှိရင်ပြောဦးမှာ၊ "ငါ့ကိုပစ်ထားကြတယ်၊ ငါ မင်းတို့ကို ဂရုစိုက်တာ" လို့ အာလာပ သလ္လာပ ပြောမှာ။

(တင်ပါ့ဘုရား။)

ယောဂီဆိုလည်း "ဘုရားတွေအစုံဖူးရအောင် ဆောင်ရွက်ပေးနိုင်တယ်" လို့ မပြောပေဘူးလား။

(ပြောပါမယ်ဘုရား။)

အာလာပ သလ္လာပ ထွက်လေဝင်လေ ဒါလေးရှုမှတ်ပြီးတော့ သတိလေးနဲ့ရှု၊ သတိလေးနဲ့မှတ်၊ သတိလေးနဲ့ ရှုမှတ်နေတာ၊ နိမိတ်ရလာပြီး ပရိကမ္မနိမိတ် အစကရလာတာ၊ အခု ဥဂ္ဂဟနိမိတ်က လာပြီ၊ ဥဂ္ဂဟနိမိတ်လို့ခေါ်တယ်၊ ဥဂ္ဂဟနိမိတ်က ဟိုပို့ဒီပို့ လုပ်လို့ရတယ်။

ပရိကမ္မနိမိတ်၊
ဥဂ္ဂဟနိမိတ်၊
ပဋိဘာဂနိမိတ်၊
နိမိတ်သုံးမျိုးရှိတယ်။

ယခု ဥဂ္ဂဟနိမိတ်ရောက်လာပြီ၊ ဘယ်လောက်ဝမ်းသာစရာကောင်းသလဲ၊ မိမိတို့နှာခေါင်းမှာရှိတဲ့ ထွက်လေ ဝင်လေလေး

www.burmeseclassic.com

www.burmeseclassic.com


ပစ်ထားတာတွေ၊ မပစ်ထားတဲ့သူက မြင်တာတွေ၊ ယခု ဓမ္မရတနာ ဖြစ်နေပါပကော။

ထွက်လေကလည်း ဓမ္မရတနာ၊

ဝင်လေကလည်း ဓမ္မရတနာ၊

မဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

ဟိုပို့ ဒီပို့ ဟိုကူးဒီကူး ဒါတွေက ဓမ္မရတနာ၊ ဘုရားရတနာ ပြီးရင် ဓမ္မရတနာ ရောက်မနေဘူးလား။

(ရောက်နေပါတယ်ဘုရား။)

အဖိုးမတန်ဘူးလား။

(အဖိုးတန်ပါတယ်ဘုရား။)

ထွက်လေဝင်လေက ရတနာဖြစ်သွားပါပကော၊ ပစ်ထားတာတွေဟာ ရတနာဖြစ်ကုန်တာ မဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

ကြည့်စမ်း ...၊ ပစ်ထားတာတွေ ရတနာဖြစ်ကုန်တာ၊ အဲဒီ ရှုရှိုက်ဟာ တန်ဖိုးဖြတ်လို့ရသလား။

(မရပါဘူးဘုရား။)

အဲဒါကြောင့် မရှိတာထက် မသိတာခက်တယ်နော်၊ မသိသလိုဖြစ်သွားတာပေါ့၊ တကယ့်တန်ဖိုးရှိတဲ့ပစ္စည်း သိမ်းလိုက်ရတာ ဖွက်လိုက်ရတာနော်။

သူများသိသွားမှာစိုးလို့ ကျယ်ကျယ်တောင်မပြောရဲဘူး၊ တိုးတိုးလေးသိမ်းပြီး ပစ်ထားရတာ၊ ဒါက မပစ်ရဘူး၊ ပီတိတွေ ဖြစ်ပြီး ဝမ်းမြောက်ဝမ်းသာမဖြစ်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com


အရှေ့ဘက်လှည့်ပြီး လှည့်ပို့၊ ဗောဓိပင်ကြီးရှိတယ်၊ ဗောဓိပင်ကြီးနားမှာ ဘုရားတွေရှိတယ်။

(တင်ပါ့ဘုရား။)

ကိုင်း..ကြိုးစားကြ၊ မိဆိုင်ဖဆိုင်နတ်တွေကို မေတ္တာလည်းပို့၊ အစောင့်တွေကလည်း နှောင့်ယှက်တတ်တယ်။

သာသနာစောင့်နတ်တွေ၊ မိမိကိုယ်စောင့်နတ်တွေ၊ ကျောင်းစောင့်နတ်တွေ အကုန်လုံး မေတ္တာပို့ပြီးမှထိုင်၊ အမျှဝေလိုက်၊ ကုသိုလ်ဆိုတာ ဝေမျှရတယ်။

(မှန်ပါ့ဘုရား။)

နတ်တွေလည်း ချမ်းသာအောင်၊ ကိုယ်လည်းချမ်းသာအောင်ပေါ့နော်။

(တင်ပါ့ဘုရား။)

ဘယ်မြို့ကမဆို ဘယ်အရပ်ကမဆို ကောင်းတဲ့လူတစ်ယောက် သူတော်ကောင်းတစ်ယောက် ပေါ်ပေါက်လာသည်ရှိသော် ကောင်းတဲ့လူတစ်ယောက်၊ ကောင်းတဲ့ သူတော်ကောင်းတစ်ယောက် ဖြစ်ထွန်းပေါ်ပေါက်လာရင်တဲ့ ဘယ်အမျိုးမှာမဆို ဖြစ်ထွန်းပေါ်ပေါက်လာသည့်ရှိသော် လူတွေ နတ်တွေ၏ အားထားရာ၊ စီးပွားဖြစ်ဖို့ရာကြီး ဖြစ်ပေါ်လာတယ်တဲ့။ ဒုလ္လဘော ပုရိသာဇညော၊ န သော သဗ္ဗတ္ထ ဇာယတိ … မဟုတ်လား။ ယောကျ်ားအာဇာနည်ပုဂ္ဂိုလ်တွေကို ပြောတာ။

လေးအသင်္ချေနဲ့ကမ္ဘာ့တစ်သိန်းကျင့်ပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပေါ်ပေါက်လာတော့ လူ့ဘုံမှာရှိတဲ့ လူတွေ

www.burmeseclassic.com

www.burmeseclassic.com


ရော၊ နတ်တွေရော၊ တိရစ္ဆာန်တွေကိုရော၊ တချို့တိရစ္ဆာန်တွေဟာ ဘုရားရှင်ရဲ့ ရူပကာယကိုကြည့်ပြီးတော့ ဘယ်လောက်ကြည်ညို စရာကောင်းသလဲဆိုတော့ ခွေးတစ်ကောင်ကပြေးနေတယ်၊ နောက် တစ်ကောင်က စားချင်လို့ ဝါးချင်လို့ လိုက်နေတယ်။

ဘုရင်ရှင်ရဲ့ ရုပ်ရည်ရူပကာကိုကြည့်ပြီးတော့ ခွေးကလည်း နောက်ကရန်သူကိုမေ့ပြီးတော့ ရှုစားနေတယ်၊ နောက်က ကောင် ကလည်း ရှေ့ကအကောင်ကို မေ့ပြီးတော့ ရှုစားနေတယ်၊ အဲဒီ လောက်ကို ကြည်ညိုစရာကောင်းတယ်။

(မှန်ပါဘုရား။)

မြတ်စွာဘုရားမှာ ရောင်ခြည်တော်တွေကလည်း တဝင်းဝင်း တလက်လက် ရောင်ခြည်တော်ခြောက်ပါးလေ။

(မှန်ပါဘုရား။)

သတ္တာဒေဝ မနုဿာနံ-လူနတ်တို့ရဲ့ဆရာ လူနတ်တင်မက ဘူး၊ တိရစ္ဆာန်တွေအကုန်လုံး။

(တင်ပါ့ဘုရား။)

ကြားဖူးသလား၊ အုတ်ထီးငှက်၊ ဗေထိဗေထိဆိုပြီး ရှိခိုး တာလေ၊ ဘယ်သူရေးတာလဲ … မောင်စိတြရေးတာလေ။

ခင်ပွန်းနဲ့သား ဘုရားကိုယ်မြင်၊
တောင်ပံရိုး ကျိုးတော့မည်ထင်၊
နှုတ်သီးနဲ့ထိုး ရှိခိုးပန်ဆင်၊
ဘဝခြား နတ်သားဖြစ်မည်ထင်။

သေတော့ နတ်ပြည်ရောက်သွားတယ်၊ မောင်ဌေးလှိုင်ရေး တာလားမသိပါဘူး၊ တိရစ္ဆာန်တွေတောင် ကြည့်စမ်း

www.burmeseclassic.com

www.burmeseclassic.com



သတ္တာဒေဝမနုဿာနံ - တိရစ္ဆာန်တွေတောင်မှ ရှိခိုးကြတာ ဘယ်လောက်ဝမ်းသာစရာကောင်းတုန်း။

(တင်ပါ့ဘုရား။)

ဓမ္မကုသိုလ်တွေ ဘယ်လောက်ကျေးဇူးများသလဲ၊ သမာဓိကို အကျိုးပြုတယ်။

ကုသိုလ်ဆိုရင် ဘာကုသိုလ်ပဲဖြစ်ဖြစ်၊ ဘုရားရှိခိုးတဲ့ ကုသိုလ် အကုန်လုံးပေါ့၊ သမာဓိကို အကျိုးပြုတယ်။

အကုသိုလ်ဟာ သမာဓိရဲ့ဘေးအန္တရာယ်တဲ့၊ ယခုရှုတယ်၊ ပထမ၊ ဒုတိယ၊ တတိယရှုတယ် ရှုတယ်ပေါ့၊ အဲဒါ ကုသိုလ် တွေပေါ့။

တရားရတနာ အသိဉာဏ်ရှိဖို့၊

ဘုရားရတနာ သတိရှိဖို့၊

ဗုဒ္ဓါနုဿတိ၊

ဓမ္မာနုဿတိ မဟုတ်လား၊ ပရိက်တွေ လုပ်တယ်မဟုတ် လား။

(တင်ပါ့ဘုရား။)

ဘုရားကို အတန်တန်အောက်မေ့နေတာ၊ အကြိမ်ကြိမ် အောက်မေ့နေတာ၊ ရှုတယ် ရှုက်တယ်၊ သတိနဲ့လုပ်တယ်၊ အေး·· သတိတစ်လုံး အရှိသုံး၊ အဆုံး နိဗ္ဗာန်ရှုတာ-တဲ့။ ကိုယ့်ရှိပြီးသားပဲ၊ ထွက်လေဝင်လေ သတိလေးနဲ့ ထွက်လေလေး ထွက်လာတယ်၊ နှာသီးဖျားနဲ့ထိ၊ ထွက်လေလေး ထွက်လာတယ် နှာသီးဖျားလေးနဲ့၊

သမ္မာသတိ၊

www.burmeseclassic.com

www.burmeseclassic.com



ထွက်လေလေးထွက်လာတယ် နှာသီးဖျားနဲ့ထိ၊ ဝင်လေလေးဝင်သွားတယ် နှာသီးဖျားနဲ့ထိ၊ သမ္မာသတိဆိုတာ မဂ္ဂင်ရှစ်ပါးထဲက သတိ။

အဲဒီသတိကလေးက ဘယ်အထိပို့မှာတုန်း၊ နိဗ္ဗာန်အထိပို့မှာ။

(တင်ပါ့ဘုရား။)

သတိက သမ္မာသတိ ကောင်းသောသတိ၊ နိဗ္ဗာန်နတ်ပြည်ပို့မှာ၊ အပါယ်တံခါးလည်း ပိတ်သေးတယ်၊ ဒီထက်ကောင်းတာဘယ်ရှိမလဲ။

ဘုရားရှင်အဆူဆူ ကျင့်ကြံခဲ့တဲ့တရားတော်တွေ၊ ဘုရားကတစ်ဆူမဟုတ်ဘူး၊ ဂင်္ဂါဝါဠု သဲစုမက ပွင့်ခဲ့တဲ့ ဘုရားအဆူဆူတွေ ကျင့်ခဲ့တာ။

ထူးခြားတော်မူတဲ့တရား၊ ကိုယ်ကိုယ်တိုင်သိ၊ ကိုယ်ကိုယ်တိုင်မြင်၊ ကိုယ်ကိုယ်တိုင်ရှာတဲ့တရားတွေ၊ ဘုရားရှင်က ရင်ဝယ်သားကဲ့သို့ ထားခဲ့တာ၊ ပစ္စည်းပစ္စယတွေ ဘယ်လိုထားထား၊ သူက လူ့ပြည်ရောက်ဦးမှကိုး။ ကျင့်မှကိုး၊ လူ့ပြည် နတ်ပြည်ရောက်အောင် ကျင့်မှကိုး။

ငါ့မှာ ပစ္စည်းဥစ္စာတွေလည်း ပေါများတယ်၊ ဘာမှ လိုလေသေး မရှိဘူး၊ ငါ သူဌေးပဲဆိုနေပြီး တရားကို အားထုတ်မှကိုး။

အားထုတ်မှ ဓမ္မကျေးဇူးတော်တွေသိရမှာပေါ့၊ ဒါက အဓိကမဟုတ်လား။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ဒါတွေက ဝိစိကိစ္ဆာတွေ၊ မြင်ပါ့မလား၊ ကိုယ့်ရှိပြီးသား ထွက်လေဝင်လေကလေး ရှုရှိုက်တာ၊ မှန်မှန်ကလေးကြိုးစား။

ဟိုကိုပို့လိုက်ရင် ဘယ်လွယ်မတုန်း၊ လေတိုက်တာမြင်ရ သလား။

(မမြင်ရပါဘူးဘုရား၊ အေးသွားတာပဲသိပါတယ်ဘုရား။)

ယခုလည်းပဲ ဒီလေ ဘယ်မြင်ရမတုန်း၊ အေးလာလို့ ကြည့် လိုက်ရင် တောင်ကတိုက်လာတယ်၊ မြောက်ကတိုက်လာတယ်၊ မသိဘူးလား။

(သိပါတယ်ဘုရား။)

အရှေ့လာမယ်၊ မြောက်ကလာမယ်၊ တောင်ကလာမယ်၊ အနောက်ကတော့ မလာဘူး၊ တောင်ကြီးက ကွယ်နေလို့၊ ဒီလိုမသိ ဘူးလား။

(သိပါတယ်ဘုရား။)

ရှေ့က လေလာတယ်၊ တောင်ကလေလာတယ်၊ မြောက် ကလေလာတယ်၊ မသိဘူးလား။

(သိပါတယ်ဘုရား။)

ဒါ..ကိုယ့်ဟာကိုယ်သိတာ၊ ကိုယ်ကပို့တယ်၊ ရောက်တယ် လို့ ကိုယ့်ဟာကိုယ် စိတ်ကမှတ်ရတယ်၊ ယောဂီတွေ ရှိုက်ရင် ရှည်ရှည်ရှိုက်ပေး။

ဒကာရော။

(ခေါင်းကြိမ်လောက်မဲ့ရပြီး ပြန်ပျောက်သွားပါတယ်ဘုရား။)

မြင်ရတယ်မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

အာနာပါနလည်း ပါတယ်၊ ကမ္မဋ္ဌာန်းကြီးပဲမဟုတ်ပါဘူး၊ တချို့ကပြောကြပါတယ်၊ ဝိပဿနာက လိုရင်းကွ၊ သမထက လာဘ်လာဘတွေပဲရှိတယ်၊ ဒီလိုပဲ ဟောကြတယ်။

သူများပြောတိုင်းမယုံနဲ့၊ ဘုရားက ဘယ်သမထကဖြင့် သာသနာပအားထုတ်၊ ဘယ်သမထကဖြင့် သာသနာတွင်းမှာ အားထုတ်လို့ ဟောခဲ့တာမဟုတ်ဘူး။

(မှန်ပါ့ဘုရား။)

တချို့က ယုံတတ်တယ်၊ ယုံတတ်တော့ ဘာဖြစ်တုန်း၊ အယူအဆဟာ မှားတတ်တယ်။

(မှန်ပါဘုရား။)

ဘုရားရဲ့ သဗ္ဗညုတဉာဏ်တော်ကြီးကို အမြင်မှားတာကိုး။

အသမ္မာဒိဋ္ဌိ-တဲ့၊ မိမိက မကောင်းသောအယူကိုယူတော့ မကောင်းတာဖြစ်တတ်တယ်၊ အာနာပါနကမ္မဋ္ဌာန်းဟာ မြင့်မြတ်တယ်မှတ်။

(တင်ပါ့ဘုရား။)

ဘုရားရှင်ရဲ့ တရားတော်တွေ နိဗ္ဗာန်ထိပို့တာပဲ၊ မယုံမရှိကြနဲ့၊ ဝိပဿနာအလုပ်ကို ကြိုးကြိုးစားစားလုပ်ရမှာပေါ့။

(မှန်ပါ့ဘုရား။)

တရှုတရှိုက်ရဲ့ အဖိုးတန်ပုံကို သိပြီးပြီပဲ။

(တင်ပါ့ဘုရား၊ သမထကနေ ဝိပဿနာဘက် ကူးရတော့မလားဘုရား၊ ထွက်လေ ဝင်လေ ဒါပဲလုပ်ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ကိုက်ခဲတာတွေ၊ ဖြစ်တာပျက်တာတွေဘက် စိတ်မရောက်နဲ့၊ လေကလေးပဲထိတာ၊ လေပဲနှော၊ အဲဒါတွေပဲ ရှုရမှာ။

**သမထဆိုတာက ပည်တ်ကိုရှုတာ၊ ဝိပဿနာဆိုတာက ပရမတ်ကိုရှုတာ၊** သမထဆိုတာက တစ်နေရာထဲကို စိုက်ထားရတာ၊ ဝိပဿနာဆိုတာ ဖြန့်ပြီးရှုရတာ။

(မှန်ပါဘုရား။)

အဲဒီတော့ ထိတာလေး ထိတာလေးကိုပဲ အာရုံစိုက်နေ၊ အဲဒီထိတာလေးပဲ ပူတယ်၊ အေးတယ် လက္ခဏာဆိုက်အောင် ပရမတ်ဖြစ်အောင်ရှုနေ။

(တင်ပါ့ဘုရား။)

မဖြစ်မရှိဘူး၊ မရတဲ့လူမရှိဘူး၊ လူတိုင်းရတယ်။

(တင်ပါ့ဘုရား။)

အတော်များများ အားထုတ်ဖူးတဲ့သူတွေက ဝိပဿနာဘက် ရောက်ရောက်သွားလို့ သတိပေးရတာ။

(မှန်ပါဘုရား။)

ကိုယ်ကြိုးစားလေ တိုးတက်လေပေါ့၊ ရအောင်ကြိုးစား၊ ဒီဟာက နိဗ္ဗာန်သွားရမှာအစစ်။

(တင်ပါ့ဘုရား။)

လောကီစီးပွားကလည်းပဲ ခန္ဓာဝန်ကြီးရှိနေတော့ ရှာကြရမှာ၊ လောကီစီးပွားက သားတွေရော၊ သမီးတွေရော၊ မြေးတွေရော၊ မြစ်တွေရော အကုန်လုံးဆိုင်တာ၊ ဆိုင်တာဆိုင်တာ မပိုင်ဘူးဗျာ၊ ကိုယ်သေတော့ ပစ်ထားခဲ့ရတာ။

www.burmeseclassic.com

www.burmeseclassic.com



(မှန်ပါ့ဘုရား။)

ဒီပစ္စည်းက ပစ်လို့မရဘူး။

(မှန်ပါ့ဘုရား။)

သာသနာနဲ့တွေ့ရတဲ့အခါ ကြိုးစားဦးနော်၊ အခန်းနဲ့နေတဲ့ သူက အခန်းအုတ်နံရံတွေကိုပို့။

(တင်ပါ့ဘုရား။)

လေးငါးခန်းလောက်ပေါက်သွားပြီဆိုရင် တစ်ခါတည်းသွား ရမှာလား၊ ဒီလိုမဟုတ်ဘူး၊ ကြိမ်ဖန်များစွာ သွားတဲ့၊ အကြိမ် များစွာ မရမချင်းပေါ့။

(တင်ပါ့ဘုရား။)

ကြိုးစား၊ ကြိုးစားရင် ကြိုးစားသလောက် ကိုယ့်လုပ်အားခ ရမှာပေါ့၊ ဘာမှ ကိုယ်ပိုင်မရှိဘူး၊ တရားဆိုတာ လေ့လာ၊ လေ့လာ မှ ရတော့မှာပေါ့၊ မလေ့မလာဘဲနဲ့ တရားက ဘယ်ကလာမတုန်း။

အလေ့အကျင့် ကျင့်တယ်ဆိုတာ နတာကနေ ရင့်ရတာ၊ အလိုလိုမရင့်ဘူး၊ သူ့ဟာသူ အလိုလိုရင့်တာ ပိန္နဲသီးတို့၊ ဘူးသီးတို့၊ ငှက်ပျောသီးတို့၊ ခရမ်းသီးတို့ပဲရှိတာ၊ တရားက ဒီလိုမဟုတ်ဘူး။

လေ့လာ၊ လေ့လာရမယ်၊ ထွက်လေ ဝင်လေရှိပြီးသား၊ မရှုပဲ ဒီအတိုင်းထားရင် အလကားဖြစ်မှာပေါ့၊ တရှူဆို တရှူ၊ တရှိုက်ဆို တရှိုက်၊ ကြိုးစားကြ၊ အခု အခန်းနဲ့နေတာလား။

(တင်ပါ့ဘုရား၊ တပည့်တော်တို့က အခန်းမရှိဘူးဘုရား။)

အခန်းမရှိရင် ဟောလ်နဲ့နေတာလား။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


အခန်းမကန့်ပေမယ့် ဟိုဘက်ဒီဘက် အဟန့်အတား ကလေးတွေ လုပ်ထား။

(ဒါကတော့ ရပါတယ်ဘုရား)

အဝတ်ကလေးတွေကာ၊ ဖျာကလေးတွေကာ၊ ဒီလိုလုပ်။

(တင်ပါ့ဘုရား။)

ဆင့်ကဲဆင့်ကဲ တစ်ခန်းပြီးတစ်ခန်း အဲဒီလိုပို့။

(တင်ပါ့ဘုရား။)

ဒီက ဒကာမကြီးတွေကရော၊ ပို့လို့ရပြီလား။

(ရပါပြီဘုရား။)

ဒီကရော။

(ဘုန်းဘုန်းက မနေ့က ၃ ခန်းထဲပို့ဆိုလို့ ၃ ခန်းထဲပို့ထားတာဘုရား။)

ကိုယ့်နေတဲ့နေရာက တောင်ဘက်ထိပို့။

(တင်ပါ့ဘုရား။)

တရားရှာကိုယ်မှာတွေ့ဆိုတာ ကိုယ့်တရား ကိုယ်ပဲတွေ့တာ၊ သူများတွေ့တာမဟုတ်ဘူး၊ ကိုယ့်နှာခေါင်းက ရှူတာရှိုက်တာ လုပ်လို့ ရပြီးသားလေ။

ဘုရား ရတနာ၊

တရား ရတနာ၊

သံဃာ ရတနာ၊

ရတနာ (၃)ပါးရှိတာဆို၊ အဲဒီရတနာ (၃)ပါးဟာ ကိုယ့်နှာခေါင်းက ထွက်လေ ဝင်လေတွေဟာ ရတနာဖြစ်သွားတာ၊ ရတနာဖြစ်သွားတာမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

ဝင်လေကလည်း တရားရတနာဖြစ်သွားတယ်၊ ထွက်လေကလည်း တရားရတနာဖြစ်သွားပါပကော။

(တင်ပါ့ဘုရား။)

ထိတာ သိတာကလေးကလည်း ခမ္မံ သရဏံ ဂစ္ဆာမိ ဖြစ်သွားပါပကောလား။

(တင်ပါ့ဘုရား။)

ဟာ… အဖိုးမတန်ဘူးလား။

(တန်ပါတယ်ဘုရား။)

ဘယ်လောက်အဖိုးတန်သလဲ၊ တရှူတရှိုက်ဆိုတာ ရတနာတွေ၊ အခန်းတွေ၊ ဆင့်ကဲဆင့်ကဲပို့တာ ဒီရတနာတွေကပို့တာ။

(တင်ပါ့ဘုရား။)

ကိုယ်တွေ့ဖြစ်ပြီမဟုတ်လား။

(တင်ပါ့ဘုရား။)

အံ့ဩစရာမကောင်းဘူးလား။

(အံ့ဩစရာကောင်းပါတယ်ဘုရား။)

သားသမီးခိုင်းရင် ရချင်မှရမှာ၊ မသွားနဲ့ဆိုလဲ သွားချင်မှသွားမှာ၊ ပြန်လာဆိုလဲ ပြန်လာချင်မှပြန်လာမှာ၊ တရားက ဒီလိုမဟုတ်ဘူး၊ ရှည်ရှည်ရှူပြီးတော့ ပို့လိုက်၊ ခိုင်းချင်တိုင်းခိုင်းလို့ရတယ်၊ ပါးစပ်ကခိုင်းစရာမလိုဘူး။

အာရုံပြုတာနဲ့ ရပြီးသား၊ ဝမ်းသာပီတိဖြစ်ရမယ်၊ ရှူရှိုက်တိုးလေ ကုသိုလ်တွေတိုးလေ၊ သမာဓိက နံပါတ် (၃)၊ သီလက အရင်လာတယ်နော်။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့။)

သီလက ပိုအရေးကြီးတာပေါ့၊ ဓာတ်ရလာပြီဆိုရင် ဇရာ မရဏတရား၊ ဗျာဓိတရားတွေက လိုက်လာတာပေါ့၊ လိုက်လိုက် လာလို့ပေါ့၊ ပုခက်ထဲက မဆင်းတော့ဘူးဖြစ်နေမှာ။

(တင်ပါ့ဘုရား။)

ရှေ့ကြပ်ကြပ်တိုးလေ၊ ခေါင်းနဲ့နီးလေပေါ့။

(တင်ပါ့ဘုရား။)

သူများပြောတာနားထောင်မနေနဲ့၊ ကြပ်ကြပ်ကြိုးစား၊ ဒကာရော၊ လေပို့တာ ရောက်သလား။

(ရောက်ပါတယ်ဘုရား။)

ဒကာမကြီးကရော။

(တင်ပါ့၊ ဒီကနေ့မနက်မှရတာပါဘုရား။)

ကြိုးစား။

(တင်ပါ့။)

အခု ဓမ္မာရုံထဲနေတာလား၊ အခန်းနဲ့နေတာလား။

(တချို့က အခန်းနဲ့ဘုရား၊ တချို့က ဓမ္မာရုံထဲမှာပါ၊ တပည့်တော်မတို့က လေးဘက်လေးတန် အုတ်နံရံတွေရှိတယ်၊ အခန်းတော့ အလယ်မှာ ကန့်မထားပါဘူးဘုရား။)

အဆောင်တန်းလျားရှည်ကြီးလား။

(တင်မျှ့ဘုရား၊ အမိုးတွေ အကာတွေပဲရှိတယ်၊ အခန်းခွဲ ထားတာမရှိပါဘူးဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ဒကာကြီး ထွက်လေဝင်လေ ရှုမှတ်လို့ရရဲ့လား၊ ပို့လို့ရော ရရဲ့လား။

(ရပါတယ်ဘုရား။)

ဘယ်ထိအောင်ပို့သလဲ။

(ဗောဓိညောင်ပင်အထိ ပို့ပါတယ်ဘုရား၊ နောက်ပြီး ဗောဓိ ညောင်ပင်နားမှာရှိတဲ့ဘုရားတွေ၊ ဗောဓိပင်နားမှာရှိသော ကျောင်း အတွင်းမှဘုရားတွေကို ဖူးပါတယ်ဘုရား။)

နောက်ဒကာတစ်ယောက်ရော။

(ရပါတယ်ဘုရား)

နောက်ဒကာ တစ်ယောက်ရော။

(ဗောဓိပင်ထိပို့ပါတယ်ဘုရား၊ အများကြီးတော့မရဘူး ဘုရား)

ဒကာမကြီးကရော။

(ဗောဓိပင်အထိ ပို့ပါတယ်ဘုရား။)

အပို့အယူရရဲ့လား။

(ရပါတယ်ဘုရား)

ဗောဓိပင်ကိုပို့ပြီးရင် မှုန်နေရင် ကြည်စေအေးစေလို့ ခိုင်းရမယ်။

(တင်ပါ့ဘုရား။)

နောက် ဒကာရော ဆိုစမ်း၊ ကြည်စေ, အေးစေ, လင်းစေ အဲဒီလိုခိုင်းရမယ်။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

အကြီးတွေ့လျှင် အကြီးကိုခိုင်း၊ အသေးတွေ့လျှင် အသေးကိုခိုင်း။

(တင်ပါ့ဘုရား။)

နိမိတ်တွေ အကြီးအသေး ဒါတွေရသွားရင် နိမိတ်ကို ကြီးစေ၊ သေးစေ ခိုင်းကြည့်၊ အနီးအဝေး ခိုင်းကြည့်၊ အဲဒီလို လုပ်ရင်ရတယ်။

(တင်ပါ့ဘုရား။)

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## သွားပြီးမစမ်းနဲ့

ဒကာမကြီးရလား။

(ပို့တယ်ဘုန်းဘုန်း၊ မရဘူးဘုရား၊ ဘုရားတစ်ဆူပဲ ရတယ်)

နောက်တစ်ယောက်ကရော။

(မရသေးပါဘူးဘုရား၊ ဘာမှ ပီပီပြင်ပြင်မရှိသေးဘူး ဘုရား၊ မေတ္တာလဲပို့ပါတယ်ဘုရား၊ ဆုလည်းတောင်းပါတယ် ဘုရား။)

မင်းကကော ပို့လို့ရလား။

(ရပါတယ်ဘုရား။)

ဘယ်ရောက်တုန်း။

(ဘုရားအထိရောက်ပါတယ်ဘုရား။)

ဗောဓိညောင်ပင်ရောက်သလား။

(ထင်ထင်ရှားရှား သဲသဲကွဲကွဲတော့ မရဘူးဘုရား)

မင်းကရော ရောက်ပလား။

(ရပါတယ်ဘုရား၊ ဖူးတော့ဖူးပါတယ်၊ ပီပီသသမရှိဘူး)

ဘယ်တွေကို ရောက်သလဲ။

www.burmeseclassic.com

www.burmeseclassic.com


(ဗောဓိညောင်ပင်နှင့် ညောင်ပင်အနားမှာရှိတဲ့ဘုရားတွေကို တွေ့ပါတယ်ဘုရား။)

ဒကာမကြီးရော ရသလား။

(ဒီလိုပါပဲဘုရား။)

ပရိကံ များများလုပ်ပေး၊ မိဆိုင်ဖဆိုင်နတ်တွေကို မေတ္တာ များများပို့၊ တရားတော်ကို ယုံမှားသံသယမဖြစ်နဲ့။

(တင်ပါ့ဘုရား။)

မိမိကိုယ်စောင့်နတ်၊ မြို့စောင့်နတ်၊ ကျောင်းစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်တွေကို မေတ္တာများများပို့၊ မေတ္တာမှနိုင်တာ။

(တင်ပါ့ဘုရား၊ တပည့်တော်မ တစ်နာရီလောက်မေတ္တာပို့ပြီး ညနာရီပြန် (၂)ချက်မှာ မေတ္တာပြန်ပို့တယ်ဘုရား။)

မရဘူးလား။

(မရဘူးဘုရား။)

ကြိုးစား၊ နိမိတ်အားနည်းလို့ရမလား၊ ပရိကံအားကောင်းမှ ရတာ၊ အရေးတကြီး အဲဒီလိုမလုပ်နဲ့၊ များများရအောင်ပွားမယ်၊ ကြိုးစားမယ်ဆိုရင် ရှေ့လွယ်သွားတာ၊ ရှေ့ကို သိပ်လောမကြီးနဲ့။

(တင်ပါ့ဘုရား၊ အလင်းတန်းတွေက စုမရဘူးဘုရား၊ ကွဲနေတယ်၊ အသေးကလေးတွေဘုရား။)

အဲဒီအလင်းတွေကို စုပေး။

(တင်ပါ့ဘုရား၊ အလင်းရောင်တွေ အများကြီးရပါတယ် ဘုရား)

www.burmeseclassic.com

www.burmeseclassic.com


အဲဒီအလင်းတန်းကို ဖြန့်ပေး စုပေး၊ ပို့ကြည့် ယူကြည့် ခိုင်း၊ ခိုင်းရင်ရတယ်။

(တင်ပါ့ဘုရား။)

စမ်းစမ်းပြီး ပို့ကြည့်ခိုင်းရတယ်၊ ခိုင်းမှရတာ၊ ဖြန့်ပေး စုပေး ပို့ပေး ခိုင်းရတယ်၊ ခိုင်းမှရတာ။

(တင်ပါ့ဘုရား။)

အလင်းတန်းရတော့ ဘယ်နားထားရမှန်းမသိဖြစ်နေမယ်၊ အပို့ကလည်း ပို့ရဦးမှာပေါ့၊ ထွက်လေရှူရင် ရှည်ရှည်ရှူမယ်။

(တင်ပါ့ဘုရား၊ ဒီနေ့ပို့မယ်ဘုရား။)

ထိုင်လို့ အားများတဲ့အချိန်ပို့ရတာ။

(တင်ပါ့ဘုရား။)

များများရအောင်ရှုမှတ်၊ ကြိုးစားကြ၊ ရတယ်၊ ရှုမှတ်မှု အားနည်းသေးလို့ ရချင်တာ၊ ရောက်ချင်တာများနေတယ်၊ ရှုမှတ်မှု အားနည်းသေးလို့ကိုး၊ အဲဒီလိုဖြစ်နေတာ များများရအောင်ကြိုးစား။

(တင်ပါ့ဘုရား။)

နိမိတ်က အပြစ်မဟုတ်ဘူး၊ ပါးစပ်က အပြစ်မဟုတ်ဘူး၊ ကိုယ့်အပြစ်ပေါ့။

(တင်ပါ့ဘုရား။)

လုပ်တာကိုင်တာနဲ့ မချမ်းသာဘူး၊ လောကီဘယ်လောက် ဆင်းရဲဆင်းရဲ ဆင်းရဲမထင်ဘူး၊ ငါမို့လို့ ကြွားသေးတယ်မဟုတ် လား၊ ဆင်းရဲတယ်မထင်ဘူး။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ငါ့အပေါင်းအသင်းဆံ့လို့၊ ငါ့လူကြီးတွေနဲ့ကပ်ထားလို့ ဒီလိုလာတာ၊ ပေါက်ပန်းလေးဆယ်မလွယ်ဘူး၊ အဲဒီလို ကြွားသေးတာမဟုတ်လား။

(တင်ပါ့ဘုရား။)

လောကုတ္တရာလည်း ကြွားနိုင်အောင်လုပ်၊ ကြွားနိုင်မော်နိုင်မှ လောကုတ္တရာလည်းကောင်းတာပေါ့၊ ခုနေကပြောသလိုများများရှုမှတ်။

လောကီစီးပွားရေးက တစ်နေ့ဘယ်လောက်ရရ တစ်နေ့သိန်းသန်းချီရရ၊ အားလုံးပစ်ထားခဲ့ရမှာ၊ ကိုယ့်လုပ်အားခကိုယ်ရတာ၊ ဒါက ပျောက်ပျက်မသွားဘူး၊ တစ်နေ့ သိန်းသန်းချီရနေတဲ့ လောကီစီးပွားရေးက ရန်သူမျိုးငါးပါးနဲ့ဆိုင်တယ်၊ ဒီတရားက မဆိုင်ဘူး။

(တင်ပါ့ဘုရား။)

ဘုရားပေးတဲ့အမွေ၊ ဘုရားပေးတဲ့အမွေတဲ့နော်၊ ထွက်လေဝင်လေဟာ အမေမွေးကချည်းနဲ့ရှိတာလေ၊ ပစ်ထားကြတာ၊ ထွက်ချင်ထွက် မထွက်ချင်နေ ကိုယ့်အလုပ်ကိုယ်လုပ်မယ်၊ ပစ်ထားတာမဟုတ်လား။

(တင်ပါ့ဘုရား။)

ပစ်ထားတဲ့လေ၊ တရှူတရှိုက်ဟာ ရတနာတွေဖြစ်သွားတယ်၊ မမွေရတနာတွေ ဖြစ်မသွားဘူးလား။

(ဖြစ်သွားပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



တစ်ရှူ တစ်ရှိုက်ကလေးဟာ ရတနာတွေဖြစ်သွားတာ။

ဘုရား ရတနာ၊

တရား ရတနာ၊

သံဃာ ရတနာ ... ဆို။

ကိုယ့်ဟာကိုယ် မြှင့်တင်ကြတာ၊ ကိုယ့်အဆင့်အတန်း ကိုယ့်ဟာကိုယ် မြှင့်တင်တာ။

(တင်ပါ့ဘုရား၊ တပည့်တော် ဗောဓိညောင်နဲ့ဘုရားတွေကို ပို့တာမရဘူး ဘုရား၊ ကာထားတယ်ဘုရား။)

အေး... ဒါဆို များများမေတ္တာပို့၊ ကြိုးစားကြနော်။

(မှန်နေတာဘုရား။)

မှန်နေတာ ကြည့်လို့မရဘူး၊ မိဆိုင်ဖဆိုင် လူမျိုးစောင့်နတ်တွေ၊ ကိုယ်စောင့်နတ်တွေ၊ ကျောင်းစောင့်နတ်တွေ၊ ရေစောင့်နတ်တွေ၊ မြေစောင့်နတ်တွေကို မေတ္တာများများပို့ပေး။

(တင်ပါ့ဘုရား။)

လူနတ်ပြဟ္မာ သတ္တဝါအားလုံး ၃၁-ဘုံမှာရှိသော ဝေနေယျ သတ္တဝါတွေအားလုံး အမျှပေးဝေပါတယ်လို့ ပို့ရတယ်။

(တင်ပါ့ဘုရား။)

သာဓုခေါ်နိုင်တယ်၊ သူတို့သာဓုခေါ်တော့ ကုသိုလ်ရတာ ပေါ့။

(တင်ပါ့ဘုရား။)

ဘယ်အထိရောက်သလဲ။

(တပည့်တော်က မရသေးဘူးဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ဒကာကြီးရော။

(ဗောဓိညောင်အထိ ရောက်ပါတယ်ဘုရား။)

ဒကာကြီးရော။

(တပည့်တော်လည်း ဗောဓိညောင်အထိရောက်ပါတယ်။)

နောက်ဒကာကြီးရော။

(မရောက်သေးပါဘူးဘုရား။)

မပို့တာလား။

(မဟုတ်ပါဘူးဘုရား၊ မရသေးတာပါ။)

ဒကာကြီးရော။

(ဗောဓိညောင်အထိရောက်ပါတယ်ဘုရား။)

ရှောရှောရှူရှူရော ရရဲ့လား။

(မှုန်မှုန်မွှားမွှားပဲ ရပါသေးတယ်ဘုရား။)

အားနည်းသေးလို့၊ များများရအောင်ကြိုးစား။

(တင်ပါ့ဘုရား။)

ဒီတရားက အရေးကြီးတယ်၊ ကျန်တာတွေက အရေးမကြီးဘူး၊ ရှုတာအရေးကြီးတာပဲ၊ ရှုတာအရေးကြီးတာမဟုတ်လား။

(တင်ပါ့ဘုရား။)

အဲဒီလိုဖြစ်နေတယ်၊ ရပြီလား၊ ရပါ့မလား၊ ယုံမှားမဖြစ်နဲ့၊ ဟိုဒကာကြီးကရော။

(ဗောဓိညောင်အထိရပါတယ်ဘုရား။)

ရှောရှောရှူရှူရသလား။

(ရပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ဗောဓိညောင်ရော ဘုရားတွေရော ဖူးခဲ့ရသလား။

(ရပါတယ်ဘုရား။)

ဘာမဆိုကြိုးစားရင် ရတယ်နော်၊ အခုအားကောင်းမှ ရှေ့မှာအားကောင်းမှာ။

(တင်ပါ့ဘုရား။)

ဒကာရော။

(ဗောဓိညောင်ပင်နဲ့ ဘုရားတင်မကဘူး၊ တောင်ပေါ်ထိ ရောက်သွားပါတယ်ဘုရား။)

မင်းက ပို့တာလား။

(မဟုတ်ဘူးဘုရား၊ စမ်းကြည့်တာပါဘုရား။)

သွားပြီးမစမ်းနဲ့၊ နည်းနည်းစီ ပို့လိုက်ယူလိုက်လုပ်၊ တစ်ခါတည်း ပို့ရမှာမဟုတ်ဘူး။

(တင်ပါ့ဘုရား။)

ဒကာမတွေရော။

(ရပါတယ်ဘုရား။)

ဟိုဒကာမရော။

(ဗောဓိညောင်နဲ့ ဘုရားလေးတင်မကဘူး၊ ကျောင်းအထိ ရပါပြီဘုရား။)

အေးအေး … ကြိုးစား၊ ဟိုဒကာတွေရော။

(ရပါပြီဘုရား။)

ဒကာကြီးရော။

(ကျောင်းအထိ ရပါပြီဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ဒီက ဒကာမရော။

(အလင်းတန်းတော့ရပါတယ်ဘုရား၊ ပို့လို့မရဘူး။)

ကြိုးစားပြီးရှုမှတ်ဦး၊ ပို့လို့မရတော့ ဒေါသတွေထွက်လာတာပေါ့၊ မဟုတ်ဘူးလား၊ ကြိုးစား။

(တင်ပါ့ဘုရား။)

ဘုရားရှင်ရဲ့တရားတွေ ဘာမှ ယုံမှားသံသယမဖြစ်နဲ့၊ လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်း အသေအလဲကျင့်ခဲ့တာ၊ နောက်ပြီးသူ့မှာ စောင်တွေ၊ ခေါင်းအုံးတွေ၊ ခြင်ထောင်တွေမပါဘူး။

ဘာမှမပါဘူး၊ ဒုက္ကရစရိယ (၆)နှစ်ကျင့်တာ တစ်ယောက်တည်းရယ်၊ လဲလို့လည်း မေးမယ့်သူမရှိဘူး၊ ထူပေးမယ့်သူမရှိဘူး။ ယုံမှားသံသယမဖြစ်နဲ့၊ ကြိုးစား။

(တင်ပါ့ဘုရား။)

မြတ်စွာဘုရားရှင်ဟာ ပင်ပန်းဆင်းရဲခံပြီးတော့ ကျင့်တာ၊ မင်းတို့ကိုလည်း မြင်ဖူးတာမဟုတ်ဘူး၊ ငါတို့ကိုလည်း မြင်ဖူးတာမဟုတ်ဘူး၊ ဘုရားက ဝေနေယျသတ္တဝါတွေကို သူ့သားသမီးကဲ့သို့ ရင်ဝယ်ထားချစ်တာ၊ အဲဒါကြောင့် ထားရစ်ခဲ့တာ၊ ဘုရားသာသနာတော်နဲ့တွေ့တုန်း တရှုတရှိုက်ကစပြီးတော့ ကျင့်ရတာ။

(တင်ပါ့ဘုရား။)

တချို့ထွက်ချင်ထွက် မထွက်ချင်နေ နေကြတာ။

(တင်ပါ့ဘုရား။)

ကြိုးစားကြ၊ ယခုကျင့်လို့ နိမိတ်တွေရလာပြီ၊ ဒါတွေဟာ တရားရတနာတွေ ဖြစ်သွားတာမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

ဘုရားရတနာ၊

တရားရတနာ၊

သံဃာရတနာ ... ဆို

တရားရတနာသိလို့ နိဗ္ဗာန်ချမ်းသာရမယ်၊ အေးချမ်းမယ်၊ ဒါဟာ ရှုမှတ်လို့။

(တင်ပါ့ဘုရား။)

မရှုမှတ်ရင် ရပါ့မလား။

(မရပါဘူးဘုရား။)

ရှုမှတ်မှရမှာ၊ မေတ္တာများများပို့။

(တင်ပါ့ဘုရား။)

သာသနာဆိုတာ အဲဒီလိုဆက်တာ၊ သာသနာကွယ်ရင် ဒါတွေနဲ့ မတွေ့ရတော့ဘူး။

(တင်ပါ့ဘုရား။)

မှန်နေရင် ကြည်စေလင်းစေလို့ခိုင်း၊ ပို့လို့တော့ရသလား။

(ရပါတယ်ဘုရား။)

ဒကာကရော။

(တပည့်တော် ရပါတယ်ဘုရား။)

အကြီးအသေးရောရသလား။

(ရပါတယ်ဘုရား၊ အလုံးကြီးကြီးတွေ ရတယ်ဘုရား။ ဆရာတော်ထိုင်နေသလောက်ကြီး ရတာပါဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


အခန်းတစ်ခန်းလောက်ရောရသလား။

(ရပါတယ်ဘုရား၊ အလင်းရောင်တွေနဲ့ တဖျတ်ဖျတ် စုနေတတ်တယ်ဘုရား။)

စုမရဘူးလား။

(တင်ပါ့ဘုရား၊ ရမယ်လို့ထင်ပါတယ်၊ စုလို့ရမယ်လို့ထင်ပါတယ်ဘုရား။)

အသေးကလေး တဖျတ်ဖျတ်ဖြစ်နေတာကို စုလို့ရမလား။

(မစုဘူးထင်ပါတယ်ဘုရား။)

မေတ္တာနာနာပို့ရဲ့လား။

(ပို့ပါတယ်ဘုရား။)

ဟုတ်ရဲ့လား။

(မေတ္တာပို့တော့ ကြက်သီးတွေ ကျောတပြင်လုံးထပါတယ်ဘုရား။)

မိဆိုင်ဖဆိုင်နတ်တွေ ကျောင်းစောင့်နတ်၊ တောစောင့်နတ်တွေ မေတ္တာမပို့လို့။

(တင်ပါ့ဘုရား၊ ယခုမှ ပို့ဖြစ်တာပါဘုရား။)

ပရိကံ အားမနည်းစေနဲ့၊ မေတ္တာ အားမနည်းစေနဲ့။

(တင်ပါ့ဘုရား။)

ဒါတွေဟာ တရားတော်ရဲ့ အပြစ်မဟုတ်ဘူး၊ မင်းအပြစ်မဟုတ်ဘူးလား။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


မေတ္တာ သတ္တော အနန္တောတဲ့၊ မေတ္တာများများ ပို့ရမယ်ကွ။ မင်းနှာခေါင်းမှာမှတ်နေတဲ့ ထွက်လေဝင်လေလောက်နဲ့ ကြည့်စမ်းပါလား၊ တရားနိမိတ်တွေ၊ အလင်းတွေ ရောင်စုံဖြစ်သွားတာ ကြည့်ပါလား၊ အလင်းကို ခိုင်းချင်သလိုခိုင်းလို့ရတယ်၊ ကြည့်ပါလား၊ ဘယ်လောက်ဆန်းကြယ်သလဲ။

အစိန္တေယျဉာဏ် ဘယ်လောက်ဆန်းကြယ်သလဲ၊ ဟိုအပင်ထိအောင်သွား၊ ဟိုနံရံထိအောင် သွား၊ မင်းခိုင်းတာလုပ်လို့ရတယ်၊ မခိုင်းရင်မရဘူး။

(တင်ပါ့ဘုရား။)

ကြပ်ကြပ်မေတ္တာမပို့ရင် မရဘူး၊ ကြပ်ကြပ်မေတ္တာပို့။

(တင်ပါ့ဘုရား)

မင်းမေတ္တာကြပ်ကြပ်ပို့ရင် ရတယ်။

(တင်ပါ့ဘုရား)

နောက်ဒကာ။

(ရပါတယ်ဘုရား)

နောက်ဒကာ။

(ရပါတယ်ဘုရား၊ ဒါပေမယ့် ပန်းကန်ပြားလောက်ပဲရပါတယ်ဘုရား။)

ဆက်ကြိုးစား၊ အသက်မှမရှိဘဲ၊ ကြီးချင်သလောက်ကြီးပါစေ၊ ကိုယ့်ထွက်လေ ဝင်လေရှိရဲ့သားနဲ့ ပစ်ထားကြတာနော်။

(တင်ပါ့ဘုရား။)

ဒကာက အသက်ဘယ်လောက်ရှိပြီလဲ။

www.burmeseclassic.com

www.burmeseclassic.com


(၅၈ နှစ်ရှိပါပြီဘုရား။)

'တရားအလုပ်ဟာ အပိုထင်ကာ မသိတဲ့အတွေးတွေကြောင့်' ဒါန သီလပါရင်ပြီးတာပဲလို့ ထင်ထားတာ၊ အရှယ်ကောင်းစဉ်က ဖိုထိုးတယ်။ ဦးမှိုင်းကြီးလေ။

အသက်ရလာတော့ တရားထိုင်တယ်၊ မထိုင်နိုင်တော့ဘူး လေ၊ ခဏခဏဖြုတ်ရတယ်၊ အဲဒီလိုဖြစ်နေမယ်။

(တင်ပါ့။)

ဒကာကြီးရော။

(ရတော့ ရပါပြီဘုရား၊ စုလို့ မရသေးပါဘူး။)

မေတ္တာပို့သလား။

(ပို့ပါတယ်ဘုရား၊ အလင်းမငြိမ်သက်ဘူး၊ တုန်နေပါတယ် ဘုရား။)

ဟာ··တရားလွန်ကြီး ခိုင်းတာကိုး၊ အဝေးပို့ကြည့်၊ ပြန်ယူကြည့်၊ အပို့အယူ စမ်းပြီးလုပ်ရတယ်။

အဲဒီလို တဖြည်းဖြည်းလေ့ကျင့်ရတယ်၊ ကလေးတွေကို ပြေးခိုင်းရင် ကားတွေနဲ့တွေ့မယ်၊ ကျောက်ခဲတွေနဲ့တွေ့မယ်၊ ခလုတ်တိုက် လဲမယ်၊ ဟုတ်ဘူးလား။

(တင်ပါ့ဘုရား။)

အဲဒီလိုပေါ့၊ အဲဒီလိုဖြစ်တာ၊ တရားဘာဝနာမှာလည်း ဒီအတိုင်းပဲပေါ့။

(တင်ပါ့ဘုရား။)

ဟိုကို ပို့လို့ရသလား။

www.burmeseclassic.com

www.burmeseclassic.com


(ရပါတယ်ဘုရား။)

မြန်မြန်ကြီးမခိုင်းနဲ့၊ ကြာကြာကြီးမခိုင်းနဲ့နော်၊ ခဏခဏ အပို့အယူလုပ်ပေး၊ ဒါမှ အကျင့်ရမယ်၊ ကျင့်ပါများမှ အားကောင်း လာမှာပေါ့။

(တင်ပါ့ဘုရား။)

ဒကာကြီးကရော။

(ရပါတယ်ဘုရား။)

ဘယ်အထိပို့တုန်း။

(မနေ့ကမှ ရလို့ မပို့ရသေးပါဘူးဘုရား။)

ပို့လို့ရရင် ဗောဓိပင်ကိုပို့ပေးနော်၊ ဗောဓိပင်နားက ဘုရားတွေ ဘာတွေပါပို့ပြီးဖူး။

(တင်ပါ့ဘုရား။)

နောက်ဒကာ မြင်ရသလား။

(မြင်ရပါတယ်ဘုရား၊ ခမ္မာရုံမီးလုံးလေးတွေ ထွန်းထား သလောက်မြင်ရပါတယ်။)

နောက်ဒကာ...။

(ရပါတယ်ဘုရား၊ ပို့လို့တော့ မရသေးဘူးဘုရား။)

နိမိတ်ကို စုပေး၊ ဖြန့်ပေးခိုင်း၊ အဲဒီလိုရော လုပ်ကြည့် သလား၊ မေတ္တာလည်းများများပို့၊ မေတ္တာပို့ဖို့လဲ လိုအပ်တယ်။

ဒကာကြီးက မြောက်ဘက်ခန်းမှာနေရင် တောင်ဘက်ခန်း ထိပို့၊ တောင်ဘက်ခန်းမှာနေရင် မြောက်ဘက်ခန်းကိုပို့၊ ပတ်ပတ် လည် စုံအောင်ပို့။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

အားလုံးကုန်မေတ္တာထားပါတယ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ကျောင်းစောင့်နတ်တွေပို့၊ မနှောင့်ယှက်ပါနဲ့၊ ဤနုံပ်တို့အား ကျန်းကျန်းမာမာနဲ့ စောင့်ရှောက်ပါလို့ မေတ္တာပို့ခုတောင်း။

(တင်ပါ့ဘုရား။)

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## မယုံတဲ့သူကို မပြောရဘူး

ဒကာမကြီးရော။

(မရသေးဘူးဘုရား။)

မရလဲစိတ်ဓာတ်မကျနဲ့၊ ကြိုးစား၊ ဘုရားရဲ့တရားတော်တွေ ယုံယုံကြည်ကြည်နဲ့ ကြိုးစားရင်ရတယ်၊ ဒကာကော -

(ရတယ်ဘုရား။)

ကြိုးစား၊ အစကောင်းမှ အနှောင်းသေချာဆို မဟုတ်လား။ ပရိကံအားကောင်းမှ ရှေ့ကို ရှောရှောရှူရှူနဲ့သွားတာ၊ အဲဒီလို ကြိုးစားရမှာ၊ မပူနဲ့၊ မလောနဲ့။

ကျန်းမာရေးနဲ့ ပြည့်စုံတဲ့အချိန်ခါ၊ အကြောင်းအကျိုးတိုက် ဆိုင်တဲ့အချိန်ခါ တရှူဆို တရှူ၊ တရှိုက်ဆို တရှိုက် အရမ်းတန်ဖိုး ကြီးတယ်။ တန်ဖိုးဖြတ်လို့မရဘူး။

(တင်ပါ့ဘုရား၊ တပည့်တော်မက (၆)ခန်းလောက်ဖောက် ပြီးပါပြီဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


အခန်းကလေးတွေရှိတဲ့ နေရာလား၊ တန်းလျားဆောင်လား။

(အခန်းလေးတွေရှိတဲ့ နေရာပါဘုရား။)

ဘယ်ဘက်အခန်းလဲ။

(ဒီဘက်အခန်းပါဘုရား။)

ဟိုဓမ္မာရုံထဲလား။

(မဟုတ်ဘူးဘုရား၊ အမျိုးသမီးဆောင်မှာပါဘုရား။)

အခန်းကလေးတွေ ကန့်ထားတာရှိတယ်ပေါ့။

(နေရာလေးတွေရှိတယ်ဘုရား။)

ဒီဒကာမရော။

(၂ ခန်းပေါက်ပါပြီဘုရား)

မိမိနေတဲ့အခန်းနဲ့ဆို ၂ ခန်းပေါက်တာလား။

(မဟုတ်ဘူးဘုရား။)

နောက်ကရော။

(တပည့်တော်မက ဘုန်းကြီးအဆောင်နဲ့ အမျိုးသမီးအဆောင်တော့ ပို့ပြီးသွားပြီဘုရား။)

လွယ်လွယ်ကူကူရသလား။

(တင်ပါ့ဘုရား။)

ဒီက ဒကာမကြီးကရော။

(၂ ခန်းတည်း ရပါသေးတယ်ဘုရား၊ တောင်ဘက်က ၂ ခန်းပါဘုရား။)

မြောက်ဘက်မှာ ကျန်သေးတယ်ပေါ့၊ အဲဒါတွေ အကုန်ပို့၊ နောက်ဘက်ကရော။

www.burmeseclassic.com

www.burmeseclassic.com


(တောင်ဘက်က ၅ ခန်း၊ ဒီဘက်က ၂ ခန်းရပါပြီဘုရား။)

လွှယ်လွယ်ကူကူရသလား။

(ရပါတယ်ဘုရား။)

နောက်တစ်ယောက်ရော။

(တပည့်တော် အခန်းတော့ ရပါပြီဘုရား။)

မြောက်ဘက်ခြမ်းရော၊ တောင်ဘက်ခြမ်းပါ မပို့ရသေးဘူးပေါ့။

(တင်ပါ့ဘုရား။)

နောက်တစ်ယောက်။

(တပည့်တော်မက ဒီဘက်က သံဃာအဆောင်ထိ ပို့ပြီးပါပြီဘုရား။)

သဲသဲကွဲကွဲ ကြည်ကြည်လင်လင်ရော ရှိသလား။

(ရှိပါတယ်ဘုရား။)

နောက်ကရော။

(တပည့်တော်နေတဲ့ အခန်းရဲ့ (၆)ခန်း ပြီးပါပြီဘုရား၊ တပည့်တော်နေတဲ့အခန်းနဲ့ဆို (၇)ခန်းပါဘုရား။)

ဟုတ်ရဲ့လား။

(တင်ပါ့။)

နောက်ကရော။

(ရပါတယ်ဘုရား။)

ဘယ်တွေပို့ပြီးပြီလဲ။

www.burmeseclassic.com

www.burmeseclassic.com



(တောင်ဘက်မြောက်ဘက် အကုန်ပို့ပါတယ်ဘုရား၊ အမျိုးသားဆောင်ပဲ ကျန်ပါတော့တယ်ဘုရား။)

အေး..အေး.. မိမိနေတဲ့တန်းလျားတွေ၊ ဝရန်တာတွေရှိတယ်မဟုတ်လား။

(တင်ပါ့ဘုရား။)

အားလုံးပို့။

(တင်ပါ့ဘုရား။)

မိမိနေတဲ့နေရာဝန်းကျင်၊ တန်းလျား အကြိမ်ကြိမ်အဖန်ဖန် ၇ ပို့ပြီးရင် ဟိုဘက်မှာရုံဘက်ပို့။

(တင်ပါ့ဘုရား။)

နောက်ဘက်ရှေ့ဘက်ကျောင်းရှိသလား၊ နောက်ဘက်ဆိုရင် နောက်ဘက်လှည့်ပို့၊ ရှေ့ဘက်ဆိုရင် ရှေ့ဘက်လှည့်ပို့၊ တောင်ဘက်ဆိုရင် တောင်ဘက်လှည့်ပို့၊ မြောက်ဘက်ဆိုရင် မြောက်ဘက်လှည့်ပို့၊ အရပ်မျက်နှာအကုန်ပို့၊ အားလုံးပို့ပြီးပြီဆိုရင် ခဏခဏပို့လိုက် ယူလိုက်လုပ်၊ ကြိုးစားနော်။

ဘုရားဂုဏ်၊ တရားဂုဏ်ဆိုတာ အင်မတန်သိမ်မွေ့တယ်၊ ခုမှ စကားရှိသေးတယ်။

အဲဒီလို ကိုယ့်နှာခေါင်းက ထွက်လေဝင်လေကလေး ရှူကြာမျှနှင့် တရားတော်တွေဖြစ်နေပါပကော။

ကိုယ်က အာရုံပြု လှမ်းပြီးပို့၊ ရောက်တယ်၊ အာရုံပြုရင်း မေတ္တာတွေ ပြန်ပြန်လာတာ။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


မဆန်းကြယ်ဘူးလား၊ ဆန်းကြယ်တာပေါ့၊ ဒီဆန်းကြယ်တဲ့တရားတော်တွေဟာ ချက်ချင်းပဲ ပျောက်ပျောက်ပြီးလာတယ်၊ ယခု မိမိသိတဲ့တရားတော်ကလေးပဲ ရှုမှတ်နေ၊ ဆန်းကြယ်မှုတွေ ဖြစ်လာတာ၊ ယုံသလား။

(တင်ပါ့ဘုရား။)

**မယုံတဲ့သူကို မပြောရဘူး၊ ပြောလို့ မယုံရင် အကုသိုလ်ဖြစ်တတ်တယ်၊ မယုံရင် ဒေါသဖြစ်မှာပေါ့၊ ပြောတယ်၊ ပြောလို့ ယုံတယ်ဆိုမှ ပြော၊ ဟုတ်ပြီလား။**

(တင်ပါ့ဘုရား။)

တရားတွေ တဖြည်းဖြည်းနဲ့ဆုတ်ဆုတ်လာတယ်၊ ကျင့်ကြံမှုမရှိတော့ မယုံဘူး၊ မယုံတဲ့သူတွေများလာတော့ တဖြည်းဖြည်းနဲ့ ဆုတ်လာတာပေါ့။

နှမြောစရာမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

အေး··နှမြောစရာကြီးကွ၊ တရားသဘောဟာ သိမ်မွေ့တယ်၊ အဝေးအနီး အကုန်မြင်ရတယ်၊ အကုန်ရတယ်။

(ဘုန်းဘုန်း တပည့်တော်မ မျက်စိမှိတ်လိုက်ရင် တီတီနဲ့နေပြီး အားထုတ်မရတော့ဘူးဘုရား။)

ဒီတရားတိုက်မလာခင် ဘယ်တရားတိုက်မှာ အားထုတ်ခဲ့သလဲ။

(မဟာစည်ပါဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


တရားလည်နေတယ်၊ မေတ္တာများများပို့၊ မေတ္တာအားနည်းနေတယ်၊ မေတ္တာဖြန့်ကြက်ပြီးမှပို့၊ မေတ္တာအားနည်းနေတယ်၊ ကြိုးစားကြ။

ငါ့မှာ အားလည်းရှိတယ်၊ ဝီရိယလည်းရှိတယ်၊ တရားအားထုတ်လာတယ်၊ ကြိုးစားမယ်ဆိုတဲ့ **မခံချင်တဲ့မာနတွေ ဖြစ်တတ်တယ်၊ အဲဒါတွေ မလာစေနဲ့၊** ရပ်ဝေးကနေ ဖြစ်ပေါ်စေတာ၊ အဲဒါတွေမဖြစ်ပေါ်စေနဲ့။

(မှန်ပါတယ်ဘုရား၊ တပည့်တော် ညကလည်း (၂)နာရီလောက်ကြီး ထပြီးလုပ်တယ်ဘုရား၊ မဖြစ်တတ်ဘူး။)

တစ်ညတည်းအားထုတ်ရမှာ မဟုတ်ဘူးဒကာမကြီး၊ နေ့စဉ်မှန်မှန် အားထုတ်ရမှာ၊ ကြည်ကြည်လင်လင် ဝမ်းမြောက်ဝမ်းသာနဲ့ပို့ရမှာ၊ ဇောကပ်ပြီးမနေရဘူး၊ မလောရဘူး။

ဝမ်းမြောက်ဝမ်းသာနဲ့မရှိပဲ ဇောကပ်နေတာ ဘယ်မှာရမလဲ၊ ဘယ်သူ့မှလုပ်တာမဟုတ်ဘူး၊ ကိုယ့်စိတ်နဲ့ကိုယ်ဖြစ်တာ။

အဲဒါတွေဟာ ကုသိုလ်ရေးကို ပိတ်ပင်တယ်၊ တားမြစ်တယ်၊ အထက်ကိုတက်မယ့်ဟာ အောက်ဆွဲချတာ။

(တင်ပါ့ဘုရား။)

အဲဒါတွေ မလာစေနဲ့။

(တင်ပါ့ဘုရား။)

ဘာမှ ထည့်တွက်မနေနဲ့။

(ဘာမှ မတွက်ပါဘူးဘုရား၊ တပည့်တော် မတွက်ပါဘူးဘုရား။)

www.burmeseclassic.com


မခံချင်တဲ့ဒေါမနဿတွေ အဲဒါတွေမလာစေနဲ့။

(တင်ပါ့ဘုရား။)

ကြိုးစား၊ ကြိုးစားရင် ရမှာပေါ့၊ ဖြစ်အောင်ကြိုးစား၊ စိတ်မှာ အကုသိုလ်ဒေါမနဿတွေ မထားနဲ့၊ ပုထုဇဉ်ဆိုတဲ့လူဟာ တကယ့်ကုသိုလ်တော်ကြီးတွေ ပြုလုပ်နိုင်တယ်တဲ့။

ဒီတရှူတရှိုက်ကို ဘယ်မြင်မတုန်း၊ ဘယ်သူမြင်မှာတုန်း၊ ဒီမှာဒကာကြီး တရှူတရှိုက်ရတယ်၊ မြို့ထဲမှာ သူဌေးတွေ သူကြွယ်တွေ ဒီတရှူတရှိုက်ကိုသိပါ့မလား။

(မသိပါဘူးဘုရား။)

ဘာလို့ မရတာတုန်း။

(မလုပ်လို့ပါဘုရား။)

တရှူတရှိုက်နဲ့ကြည့်လို့ နတ်ဘုံ ဗြဟ္မာဘုံမြင်ရတာ၊ ဒါနည်းတဲ့ကုသိုလ်မဟုတ်ဘူး။

(အဲဒီဇောတွေ မျောနေလို့ပါဘုရား။)

ဇောတွေရော ဒေါသတွေရော။

(တင်ပါ့ဘုရား။)

အဲဒါတွေ မလာစေနဲ့၊ ဒေါတွေ၊ ဇောတွေ မနော့ထဲမှာ ဝင်လာရင် မရဘူး။

(တင်ပါ့ဘုရား။)

ဒီဘက်ကရော။

(ရပါတယ်ဘုရား။)

ဒီကကော. . .။

www.burmeseclassic.com

www.burmeseclassic.com


(ရပါတယ်ဘုရား။)

ရရင် ခုနေကပြောသလို အကြိမ်ကြိမ်အဖန်ဖန် အဲဒီကျောင်းဆောင်တွေပို့။

(သာဓု … သာဓု … သာဓု …)

* * *

## ဥပစာစိတ်ဟူသည်

*အိမ်-ကျောင်း-ရွာ စသည်တို့၏ အနီးအနားကို အိမ်ဥပစာ၊ ကျောင်းဥပစာ-ဟု ခေါ်ကြသည်။ ထို့အတူ ဈာန်-မဂ်-ဖိုလ်တို့၏ အနီး၌ဖြစ်သောစိတ်ကို ဥပစာစိတ်-ဟု ခေါ်သည်။ မြန်မာလိုဆိုလျှင် ဥပစာ=အနီး ဟု ဆိုလိုသည်။ ဈာန်-မဂ်-ဖိုလ်ဟူသော အပ္ပနာ၏ အနီး၌ဖြစ်သော စိတ်-ဟု သုံးနှုန်းကြသည်။*

www.burmeseclassic.com

www.burmeseclassic.com

## ခိုင်းလို့ရတိုင်း တအားမခိုင်းနဲ့

တရားက ကိုယ်မှာ ရှိပြီသား။ ရှိတာကို မသိဘူး၊

(မှန်ပါဘုရား။)

ဟုတ်ဘူးလား။

(မှန်ပါဘုရား။)

ယထာဘူတဉာဏ် ရပြီလား။

(ရပါပြီဘုရား၊ အပို့အယူတော့ မလုပ်ရသေးဘူးဘုရား။)

နောက်တစ်ယောက်. . .။

(ရပါပြီဘုရား။)

အပို့အယူရော ရပြီလား။

(ရပါပြီဘုရား။)

ညောင်ပင်ရော၊ ဘုရားတွေရော ပို့ပြီးပြီလား။

(မပို့ရသေးပါဘူးဘုရား။)

နောက်ကရော ရသလား။

www.burmeseclassic.com

www.burmeseclassic.com


(ရပါတယ်ဘုရား။)

ညောင်ပင်ရော ရောက်သလား။

(ရောက်ပါတယ်ဘုရား။)

တံတိုင်းတွေရော ရောက်သလား။

(ရောက်တယ်ဘုရား။)

ညောင်ပင်နားက ဘုရားတွေရော ရောက်သလား။

(ရောက်တယ်ဘုရား၊ ညောင်ပင်နားက ဟိုဘက်ကကျောင်း အထိ ရောက်တယ်ဘုရား။)

ရောက်သလား။

(ရောက်ပါတယ်ဘုရား။)

အဲဒီကလွဲပြီး ဘယ်နားပို့သေးသလဲ။

(ဘယ်မှမပို့ပါဘူးဘုရား။)

ကျောင်းပေါ်ထိရောက်သလား။

(ရောက်ပါတယ်ဘုရား၊ ကျောင်းပေါ်ကဘုရားပဲ ဖူးခဲ့ရ တယ်။)

နောက်တစ်ယောက်ကော…။

(ရောက်ပါတယ်ဘုရား၊ ဒါပေမယ့် သဲသဲကွဲကွဲမရှိဘူး။)

ဝမ်းမြောက်ဝမ်းသာနဲ့ပို့ရတယ်၊ စိတ်ကလေး ကြည်ကြည် လင်လင်ထား။

(တင်ပါ့ဘုရား။)

သံသယတွေမပါစေနဲ့၊ မေတ္တာများများရောပွားရဲ့လား၊ နောက်ဒကာကြီးကရော။

www.burmeseclassic.com

www.burmeseclassic.com


(ရောက်တော့ရောက်တယ်ဘုရား၊ မှုန်မှုန်မွှားမွှားပဲဘုရား။)

ဘုရားလား၊ ညောင်ပင်လား။

(ညောင်ပင်လည်းရောက်တယ်၊ ဘုရားလည်းရောက်တယ် ဘုရား။)

ညောင်ပင်ဟိုဘက်ကကျောင်းရော။

(ကျောင်းတိုက်ထဲရှိတဲ့ကျောင်းက ဘုရားနဲ့ ညောင်ပင်တွေ မှုန်နေတယ်ဘုရား။)

စိတ်က မှုန်တယ်ထင်တာကိုး၊ သူက မှုန်ပြီးနေတော့ မင်းစိတ်နဲ့ အတူအကျိုးပေးတာပေါ့၊ ဟုတ်ပြီလား၊ စိတ်ကို ကြည်ကြည်လင်လင်ထားရတယ်။

ဒကာမကြီးရော။

(ဖူးတွေ့ရပါတယ်ဘုရား)

ဟိုဒကာမ···။

(ဖူးလို့တော့တွေ့ပါတယ်ဘုရား၊ ဒါပေမယ့် ဖွေးဖွေးကလေး ပဲဖြစ်နေပါတယ်။)

ဟိုဘက်ကကျောင်းကို ရောက်ပြီး ဖူးရသလား။

(ဖူးရပါတယ်။)

ဟိုဘက်က ဒကာကြီးကရော။

(မှန်မှန်ပဲဖူးရပါတယ်ဘုရား။)

နောက် ဒကာကြီးကရော။

(ဖူးရပါတယ်ဘုရား၊ ကြည်ကြည်လင်လင်တော့ မရှိဘူး ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


မေတ္တာ များများမပွားဘူးလား။

(ပွားပါတယ်ဘုရား။)

နောက်ဘက်က···။

(သိပ်မရသေးပါဘူးဘုရား၊ ရေအကြည်ရောင်တွေ မြင်နေရသလိုမျိုး ဖြစ်နေပါတယ်။)

နေနေ··ထားထား··နိမိတ်ကို အာရုံမစိုက်နဲ့၊ ထွက်လေဝင်လေကို သတိပြု၊ ဒါကို အစိန္တေယျလို့ခေါ်တယ်။

(တင်ပါ့။)

မဆန်းကြယ်ဘူးလား။

(ဆန်းကြယ်ပါတယ်ဘုရား။)

ဆန်းကြယ်တာတွေ အများကြီးရှိသေးတယ်၊ ဒါကြောင့် အစိန္တေယျ ကြံစည်လို့မရဘူး။

(တင်ပါ့ဘုရား။)

ဗုဒ္ဓ ဓမ္မာ အစိန္တိယာဆိုတယ်မဟုတ်လား။

ဒီကနေ့ ဘာလုပ်ရမှာတုန်း။

(နိမိတ်ကို အကြီး, အသေးလုပ်ရပါ့မလားဘုရား။)

နိမိတ်ကို ကိုယ့်ရှေ့ကလေး တစ်တောင်လောက်မှာထား။

(တင်ပါ့ဘုရား။)

ဘယ်လိုခိုင်းမလဲ၊ ကြီးစေ၊ သေးစေ ဖြည်းဖြည်းခိုင်း၊ အရေးမကြီးနဲ့၊ အဲဒါကို အကြိမ်ကြိမ်အဖန်ဖန်လုပ်၊ အဲဒါရသွားရင် ပို့ရတဲ့အခါ ရှောရှောရှူရှူရသွားမယ်။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

မေတ္တာများများရအောင်ပွား။

(တင်ပါ့ဘုရား။)

သိရင် နှမြောစရာကောင်းတယ်၊ မသိလို့ မနှမြောတာပေါ့၊ တန်ဖိုးရှိတဲ့ပစ္စည်း သိမ်းထားတာမဟုတ်လား၊ တစိမ်းတွေသိမှာစိုးလို့ တိတ်တိတ်ကလေး သိမ်းထားတာမဟုတ်လား၊ ပျောက်သွားမှာစိုးလို့။

(တင်ပါ့ဘုရား။)

တန်ဖိုးမသိတဲ့လူကတော့ အမှိုက်ရှုပ်တယ်ဆိုပြီး သိမ်းပြီး လှည်းကျင်းပစ်လိုက်တာပေါ့၊ ဆင်းဆင်းရဲရဲရှာထားရတာလေ၊ တန်ဖိုးမသိရင် ဒီလိုပဲ။

(တင်ပါ့ဘုရား။)

တကယ့်ကိုက်ကောင်းလို့၊ သူများတွေများ ဒီတရား အားထုတ်ဖို့ မလွယ်ဘူး၊ ကြည်ညိုရတာ၊ ဟိုက ဒီကပေးတဲ့ဟာ စားရတာက ဒီဘဝတင်၊ တစ်သံသရာလုံး ပါပါ့မလား။

(မပါပါဘူးဘုရား။)

ဟုတ်ရဲ့လား။

(မှန်ပါ့ဘုရား။)

အင်မတန်ခဲယဉ်းတာ၊ ကြိုးစားကြနော်။

(တင်ပါ့ဘုရား။)

ကြိုးစားရင် အကုန်လုံး ရှောရှောရှူရှူရမယ်၊ ချောချော မောမော၊ ယခုဘာလုပ်ရမတုန်း။

www.burmeseclassic.com

www.burmeseclassic.com


(နို့မိတ်ကို ကြီးစေသေးစေခိုင်းရပ့်မယ်။)

ဟုတ်တယ်၊ တရားလွန်ကြီး မခိုင်းနဲ့နော်။

(တင်ပါ့ဘုရား။)

ခိုင်းလို့ရတိုင်း တအားမခိုင်းနဲ့။

(တင်ပါ့ဘုရား။)

ကဲ..ကြိုးစားကြ ... ။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## သူလိုကိုယ်လို ကိုယ်လိုသူလိုနဲ့ ပြီးရော

တရားအားထုတ်လာကြတဲ့ယောဂီတွေ ထွက်လေဝင်လေကို ရှုရတယ်၊ ကိုယ်ရှိပြီးသားဥစ္စာ ထွက်လေဝင်လေ ဒါလေးရှုမှတ်တာနဲ့ ခိုင်းလို့ရတယ်မဟုတ်လား။

(တင်ပါ့ဘုရား။)

ကိုယ်က မခေါ်ရဘူးမဟုတ်လား၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကသိလို့ မှာထားခဲ့တာပေါ့။

မှာထားခဲ့တာကို၊ မှာထားခဲ့တဲ့အတိုင်း ကျင့်ကြံအားထုတ်တော့ ယခုကိုယ်တွေ့ဖြစ်လာတာပေါ့၊ ကိုယ်တွေ့မှ ယုံတယ်၊ ကိုယ်မတွေ့ရင် မယုံဘူး၊ မခက်ဘူးလား။

(တင်ပါ့ဘုရား။)

ကိုယ်မှာပါတဲ့ ထွက်လေဝင်လေမှတ်တာနဲ့ ဘုရားတွေဖူးနေရပြီမဟုတ်လား၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးလည်း အာလာပသလ္လာပ ထွက်လေဝင်လေမှတ်ခဲ့လို့ တရားကျင့်ခဲ့လို့ ဘုရားဖြစ်တော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

ကဲ··မိမိရဲ့ထွက်လေဝင်လေ ဘယ်လောက်အဖိုးတန်သလဲ၊ ပါရဂူကြီးတွေ အမေရိကန်၊ တရုတ်၊ ဂျပန်၊ ဂျာမဏီကတွေ သူတို့ စွမ်းတယ်ဆို၊ ကိုင်း··ဘယ့်နှယ်တုန်း။

(တင်ပါ့ဘုရား။)

ဘယ့်နှယ့်တုန်းဒကာကြီး၊ ဒီတရားမျိုး အဲဒီနိုင်ငံကြီးတွေက ပေးနိုင်ပါ့မလား။

(တင်ပါ့ဘုရား၊ မပေးနိုင်ပါဘူးဘုရား။)

ဘယ့်နှယ်တုန်း ပါရဂူကြီးတွေ၊ အဲဒီလိုလုပ်ပေးနိုင်ပါ့မလား။

(မပေးနိုင်ပါဘူးဘုရား။)

စွမ်းတယ်ဆို ပါရဂူကြီးတွေ။

စက္ခုဉဒပါဒီ၊ မမွစကြာမှာ ဟောထားတာလေ။

(တင်ပါ့ဘုရား။)

အာလောကော ဉဒပါဒီ၊ မပါဘူးလား။

(ပါပါတယ်ဘုရား။)

အဲဒါ လက်တွေ့ကျင့်တာပဲကွ။

ဝိဇ္ဇာ ဉဒပါဒီ၊ ဝိဇ္ဇာကို ရှုပွားနေတာ ကြည်ညိုနေတာ။

ဝိဇ္ဇာ ဉဒပါဒီ၊ အသိဉာဏ်တွေ တိုးမလာဘူးလား။

(တိုးလာပါတယ်။)

ပညာ ဉဒပါဒီ ··· ။ ကြည်ညိုလို့မဆုံးဘူးနော်။

(ကြည်ညိုလို့ကို မဆုံးပါဘူးဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ဒါတွေကို ယောဂီလုပ်ပြီး အားထုတ်နေတဲ့သူတွေပဲသိတယ်၊ လူတိုင်းမသိပါဘူး။

(တင်ပါ့ဘုရား။)

ဘယ်သူမှမသိဘူး၊ ဘယ်သူမှ မမြင်နိုင်ဘူး၊ အားလုံး ဒါတွေသိနိုင်မလား၊ မသိနိုင်ဘူး၊ ဘယ်သိနိုင်မတုန်း၊ ဘုရားပေးတဲ့ ဓမ္မမှန်ပြောင်း ပညာမျက်စိနဲ့မှ မြင်ရတာ။

ဘုရားတို့၊ ကျောင်းတို့၊ တရားဓမ္မနဲ့နေတဲ့လူပဲ တွေ့တာ၊ တွေ့တော့လည်း ဘာအန္တရာယ်မှ မပေးပါဘူး။

(တင်ပါ့ဘုရား။)

ကုသိုလ်တွေချည်းပြုကြပါ၊ ဒါ ထိုက်လို့ မှတ်ရတာ၊ မှတ်ထားသလား။

(မှတ်ပါတယ်ဘုရား။)

ဆရာတော်ဘုရားတွေ ရေးသားတဲ့ဟာ၊ နောက်တစ်ကြိမ် စာအုပ်ထုတ်တဲ့အခါကျတော့ ပြည်သူလူထု မဆင်ခြင်ရပေဘူးလား။

(တင်ပါ့ဘုရား၊ ဆင်ခြင်ရပါတယ်ဘုရား။)

မယုံလည်း မတတ်နိုင်ဘူး၊ ဘုရားမှတစ်ပါး ဘယ်သူမှ မတတ်နိုင်တဲ့ပညာတွေ။

(တင်ပါ့ဘုရား။)

ဘုံဘယ်နှစ်ဆင့်ရှိတာ၊ သုံးထပ်ရှိတာ၊ လေးထပ်ရှိတာ၊ ငါးထပ်ရှိတာ၊ ဗြဟ္မာအဆင့်ကို ရှုပ္ပားလိုက်တော့ ဘာတွေတွေ့

www.burmeseclassic.com

www.burmeseclassic.com


တယ်၊ ဒုတိယအဆင့်ကို တက်လိုက်တော့ ဘယ်လိုအကန့်အကန့်နဲ့ ဘယ်လို။

ဘယ်တုန်းကပြည့်စုံလို့လဲ၊ ကိုယ့်သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေရှိတာကို တွေ့ရအောင် နောင်တချိန် စာအုပ်ဖတ်ကြည့်တော့ မတွေ့ရပေဘူးလား။

တွေ့ရတော့ ဝမ်းမြောက်ဝမ်းသာဖြစ်တယ်၊ အလွန့်အလွန်ခဲယဥ်းတယ်ဗျာ၊ ဒကာကြီးက ဘယ်အထိရောက်သလဲ။

(တပည့်တော်က ကုသိုလ်တော်ဘုရားနဲ့ ကျောက်တော်ကြီးထိရောက်ပါတယ်ဘုရား၊ ကုသိုလ်တော်ဘုရားက စေတီမှာ အာရုံခံလေးခု ရှိပါတယ်ဘုရား။)

နောက်··· ကျောက်တော်ကြီးဘုရား၊ ရောက်ရဲ့လား။

(ရောက်ပါတယ်ဘုရား။)

ဘယ်လိုလုပ်လွှတ်တုန်း၊ တစ်ခါတည်းရသလား။

(လွှတ်စကတော့ လုံးနေပါတယ်ဘုရား။)

ဟိုကျတော့ လင်းလင်းထင်ထင် တွေ့ရတယ်မဟုတ်လား။

(တင်ပါ့ဘုရား၊ လင်းပါတယ်ဘုရား၊ အဲဒီနားရောက်တော့ မီးဆလိုက်ထိုးထားသလို လင်းနေပါတယ်ဘုရား။)

အေးပေါ့၊ ဆလိုက်ထိုးထားသလိုပေါ့၊ အဲသလို ရှင်းရှင်းလင်းလင်း မီးဆလိုက်ထိုးထားသလို ဖြစ်မနေဘူးလား။

(တင်ပါ့ဘုရား၊ နေပါတယ်ဘုရား။)

နေတယ်၊ နဂိုတုန်းက အစတုန်းက ရှည်ရှည်ရှုဆိုတော့ ပန်းတိုင်ကိုရောက်အောင်လို့ ရအောင်လို့ ရှုခိုင်းတာ။

www.burmeseclassic.com

www.burmeseclassic.com


အဲဒီအချိန်အခါတုန်းက သွားတာလာတာလေးတွေ မမြင်ရဘူးမဟုတ်လား။

(မမြင်ရပါဘူးဘုရား။)

မမြင်ရပေမယ့်လို့ သွားတယ်၊ လာတယ်၊ ရောက်တယ်၊ အဲဒီလိုအမှတ်သညာလေးနဲ့ အာရုံပြုလို့ရှိရင် မိုလို့ရောက်တယ်၊ ထူးဆန်းတယ်နော်၊ ကျောင်းကြီးတွေ ဘုရားကြီးတွေတောင် မြင်ရပါပကော။

(တင်ပါ့ဘုရား။)

ကိုင်း ... လျှောက်ပါဦး။

(တပည့်တော် ပြီးတော့ ကျောက်စာတွေဘက်သွားပါတယ်ဘုရား။)

ကျောက်စာတွေရော မဖူးခဲ့ဘူးလား။

(ဖူးခဲ့ပါတယ်ဘုရား။)

ကျောက်စာတွေက (၇)တန်းရှိတယ်ဆို၊ ဘယ်လိုဖူးခဲ့တုန်း။

(အဲဒီကျောက်စာတွေကို လျှောက်ပြီးမှပဲ ကြည့်ခဲ့ပါတယ်ဘုရား။)

ကျောက်စာတွေဆီရောက်တယ်၊ ကျောက်စာ (၇)တန်းရှိတယ်၊ ကျောက်စာတွေကို ဖူးခဲ့တယ်။

(တင်ပါ့ဘုရား။)

ခြုံဖူးတာလား၊ ဘယ်လိုတုန်း။

(တပည့်တော် တောင်ဘက်(၃)တန်း၊ မြောက်ဘက်(၃)တန်း အလယ်တန်းတွေ တွေ့ပြီးတော့ ဖူးပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ကျောက်စာ (၇)တန်းဆိုတာ ဟုတ်သလား။

(တင်ပါ့ဘုရား။)

အဲဒီတော့ ဘယ်လိုဖူးတုန်း။

(တပည့်တော် စေတီရဲ့တောင်ဘက်က (၃)တန်း၊ မြောက်ဘက်က (၃)တန်း တွေ့ပါတယ်ဘုရား)

တစ်တန်းကိုတစ်ကြိမ်၊ တစ်တန်းကိုတစ်ကြိမ် ဒီလိုဖူးတာလား။

(တင်ပါ့ဘုရား။)

အားလုံးကို တစ်ကြိမ်တည်းလှမ်းဖူးတာလား၊ ဘယ်လိုဖူးတာတုန်း။

(တစ်ကြိမ်တည်းပါဘုရား။)

နောက်ဒကာရော။

(တပည့်တော်က ကောင်းကောင်းမဖူးရသေးပါဘူးဘုရား၊ နဖူးတော်ကိုတော့ တပည့်တော် ကောင်းကောင်းသတိမထားမိဘူးဘုရား၊ မကိုင်မှုဆောင်းထားတာတော့ တွေ့ရပါတယ်ဘုရား၊ မကိုင်မှုဆောင်းထားတာကိုပဲ တွေ့ရပါတယ်ဘုရား။)

ရေတံခွန်ကိုရောက်သလား။

(ရောက်ပါတယ်ဘုရား။)

ဖူးခဲ့ရသလား၊ ရဟန္တာငယ်ငါးရာကိုလေ၊ တောင်ပေါ်က ဆင်းလာပုံလေ၊ ကြည်ညိုစရာမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား၊ သဘာဝကျတာကို တွေ့မြင်ရပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


တစ်ဆင့်စီသွားတာလား၊ ဒါရိုက်သွားတာလား။

(ဒါရိုက် သွားတာပါဘုရား။)

အဲဒါတွေ အကုန်လုံးဖူးရတယ်မဟုတ်လား။

(ဖူးရပါတယ်ဘုရား။)

တစ်ဆူတည်းဖူးရတာလား၊ အားလုံးဖူးရတာလား။

(မနေ့ကတော့ ရဟန္တာငါးရာဆင်းလာပုံကို ဒီလိုပတ်ပြီး တော့ ဖူးလိုက်တာဘုရား။)

မြင်မြင်ထင်ထင်ကြီးရော ဖူးရရဲ့လား။

(ဖူးရပါတယ်ဘုရား။)

အဲဒါ ဘုန်းကြီးသဘောအရဆိုရင် အဲဒါ တစ်ခုလိုနေတယ်၊ နေပူမိုးရွာ ပျက်ပြားသွားနိုင်တယ်၊ အန္တရာယ်ရှိနိုင်တယ်။

ဆွမ်းစားတဲ့သဘောမျိုး ဆင်းလာရတာ၊ နေပူမိုးရွာထဲမှာ နောင်တစ်ချိန် ပျက်စီးသွားနိုင်တယ်၊ အရောင်တွေလည်း လျော့သွားနိုင်တယ်။

(တင်ပါ့ဘုရား။)

ဘာမှတော့ အကြံမပြုချင်ဘူး၊ ဒါပဲ အကြံပြုချင်တယ်၊ ပြီးတော့ရော ဒါပဲလား။

(ဒါပါပဲဘုရား။)

နောက်ဒကာရော -

(တင်ပါ့ဘုရား၊ တပည့်တော် ရေတံခွန်တောင်နဲ့ ရဟန္တာ (၅၀၀)ကို ဖူးရပါတယ်ဘုရား။)

ရှင်းသလား၊ ကျကျနန ဖူးလို့ရရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com


(ရပါတယ်ဘုရား၊ အတန်းလိုက်ဖူးတာပါဘုရား၊ တစ်ပါးချင်းမဟုတ်ပါဘူးဘုရား၊ မန္တလေးက ကျောက်တော်ကြီးဘုရားလည်း ဖူးပါတယ်ဘုရား)

အကုန်ဖူးရသလား။

(ရပါတယ်ဘုရား၊ နည်းနည်းတော့ မှုန်နေပါတယ်ဘုရား။)

နောက် ကျောက်စာတိုင်ကရော တစ်တိုင်ချင်းဖူးရရဲ့လား။

(ဖူးရပါတယ်ဘုရား။)

မြင်မြင်ထင်ထင် ရရဲ့လား။

(တင်ပါ့ဘုရား၊ ကျောက်စာတိုင်တွေမှာ ပတ်ပြီးဖူးပါတယ်ဘုရား။)

အေးပေါ့ကွ၊ ကျောက်စာတိုင်တွေမှာ မင်းနိမိတ်က ဘယ်လောက်ကြီးတုန်း။

(နိမိတ်ကတော့ သိပ်မကြီးဘူးဘုရား၊ သိပ်မထင်ရှားလို့လုံးနေပါတယ်ဘုရား။)

ဟိုကျတော့ ဖြောင့်မသွားဘူးလား၊ လင်းမသွားဘူးလား။

(ဖြောင့်သွားပါတယ်ဘုရား၊ လင်းသွားပါတယ်ဘုရား၊ မှုန်ပြီးမှ ပြန်သွားပါတယ်ဘုရား။)

ကြည်စေ၊ လင်းစေ အဲဒီလို မခိုင်းဘူးလား။

(ကြည်စေ၊ လင်းစေ၊ ဖြောင့်စေ၊ တန်းစေ အဲဒီလိုခိုင်းပါတယ်ဘုရား။)

မင်းက ရေတံခွန်အာရုံပြုတယ်၊ ဘုရားတွေဆီကို အာရုံပြုတယ်၊ နိမိတ်ကလည်း ဘုရားရှိတဲ့ဆီကို သွားတာပဲ မဟုတ်လားကွ။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

ရဟန္တာအရှင်တော်မြတ်တွေဆီကို အာရုံပြုတာ၊ အာရုံပြုတာနဲ့တင် ရောက်သွားတယ်ကွာ။

(တင်ပါ့ဘုရား။)

ပြန်လည်းခေါ်မနေရဘူး၊ ဖုန်းလည်းဆက်မနေရဘူးကွ။

(တင်ပါ့ဘုရား။)

ဖုန်းဆက်နေရင် နားနဲ့ဖုန်းကပ်ထားရသေးတယ်။

(တင်ပါ့ဘုရား။)

ယခုဟာက အာရုံပြုလိုက်တာနဲ့ ရောက်တာ။

(တင်ပါ့ဘုရား။)

အာရုံပြုတော့ နှာခေါင်းနား လေရောက်တယ်မဟုတ်လား။

(ရောက်ပါတယ်ဘုရား။)

ဗုဒ္ဓတရားတော်တွေဟာ အင်မတန်ဆန်းကြယ်တယ်၊ အလွန်ဆန်းကြယ်နက်နဲ သိမ်မွေ့တဲ့တရားတော်တွေ၊ မင်းတို့ကိုယ်တွေ့ဖြစ်တော့ ပိုလို့ ယုံကြည်ပြီမဟုတ်လား။

(တင်ပါ့ဘုရား။)

ယုံသွားတာပေါ့၊ ဒါတွေ အထပ်ထပ်ကြည်ညိုလို့ရှိရင် ဗုဒ္ဓသရဏံ ဂစ္ဆာမိဆိုတဲ့ အကျိုးတရားသည် အာစိဏ္ဏကံ ဘယ်သူမှကြံစည် လုပ်ကြံလို့ မရဘူး။

(တင်ပါ့ဘုရား။)

ဒကာကြီးရော ဘယ်ရောက်တုန်း။

(ကျောက်တော်ကြီးဘုရား ရောက်ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ရဟန္တာတွေရော ရောက်သလား။

(ရပါတယ်ဘုရား။)

ရေတံခွန်တွေရော ရောက်သလား။

(ရောက်ပါတယ်ဘုရား။)

နောက်တစ်ယောက်…။

(ရပါတယ်ဘုရား၊ တပည့်တော် ကုသိုလ်တော်ဘုရား၊ ရေတံခွန်၊ ကျောက်တော်ကြီးဘုရားတွေ ရောက်တယ်ဘုရား၊ ဂူပေါက်ထဲကဖြတ်ပြီး အလင်းကို ဆွဲယူလိုက်တယ်ဘုရား။)

ဂူပေါက်ကို ဖြတ်သွားလိုက်တာပေါ့။

(တင်ပါ့ဘုရား၊ ဂူပေါက်ကိုဖြတ်သွားပါတယ်။)

နောက်တစ်ယောက်။

(တပည့်တော်လဲ ရောက်ပါတယ်ဘုရား၊ တောင်ခြေအထိ ရောက်ပါတယ်၊ ညမီးပျက်တဲ့အချိန် မီးရောင်ကလေးတွေ ထွန်းထားသလိုဖြစ်နေပါတယ်ဘုရား။)

ကုသိုလ်တော်အထိ ရောက်တယ်နော်။

(ရောက်ပါတယ်ဘုရား။)

ဒကာကြီးရော။

(ရောက်ပါတယ်ဘုရား။)

ကျောက်စာတွေ ရဟန္တာတွေရော ရောက်သလား။

(အဲဒီကုသိုလ်တော်ဘုရားလုံးပတ်ကို လှည့်ပတ်ပြီး ကြည့်သွားခဲ့တာပါဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ထိုစဉ် ဓမ္မာစရိယဦးဒွေးလှိုင်က ကြားဖြတ်၍ -

*[ အဲဒီစေတီလုံးပတ်က တစ်နေရာရာမှာ တခြားစေတီက လုံးပတ်နဲ့ သွားတူနေတာကိုတွေ့ရမယ်၊ ဘယ်လိုတူသလဲ ဆိုတာ အသေးစိတ်နည်းနည်းလေး ဦးသိန်းဇော်က အင်ဂျင်နီယာဆိုတော့ နောင်လည်း ထူးခြားတဲ့ဘုရားတွေ၊ ထူးဆန်းတဲ့ဘုရားတွေဖူးရအောင် အဲဒီကဘုရားတွေနဲ့ လှူပြည်ကဘုရားတွေ နတ်ပြည်ကဘုရားတွေနဲ့ ဘယ်လို ဒက်ဂရေးရှင်းယူထားတယ်ဆိုတာ အင်ဂျင်နီယာကြီးတွေ မှတ်မှတ်သားသားလေးလုပ်ခဲ့ပါ။ ]*

နောက် မန္တလေးတောင် မရောက်သေးဘူးလား။

(မရောက်သေးပါဘူးဘုရား။)

နံပါတ် (၁)ပို့ရမှာ မန္တလေးတောင်နဲ့ မဟာမြတ်မုနိဘုရား။

(တင်ပါ့ဘုရား။)

မန္တလေးတောင်၊ မဟာမြတ်မုနိဘုရား၊ ရွှေကျီးမြင့်ဘုရား၊ အိမ်တော်ရာဘုရား၊ သကျသီဟဘုရား၊ ဘယ်နှစ်ဆူတုန်း။

(၅-ဆူရှိပါပြီဘုရား။)

(၁) မန္တလေးတောင်၊

(၂) မဟာမြတ်မုနိဘုရား၊

(၃) ရွှေကျီးမြင့်ဘုရား၊

(၄) အိမ်တော်ရာဘုရား၊

(၅) သကျသီဟဘုရား။

အားလုံးပေါင်း (၅)နေရာပါဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဓမ္မာစရိယဦးဒွေးလှိုင်က ကြားဖြတ်လျှောက်ထား သည်။

*[ အဲဒီ (၅)ဌာနမှာ တချို့ဟာတော့ သာမန်ပဲ ဖူးပေါ့နော်၊ မန္တလေးတောင်ကိုဖူးတဲ့အခါ ပဿဝါဓာတ်တော်ဆိုတာ ဘုရားရှင်ရဲ့ဓာတ်တော်တွေ၊ ဦးခန္တီလက်ထက်က ဘုရား ပွင့်တော်မူတဲ့နေရာက ဓာတ်တော်တွေ၊ ကမ္ဘာပေါ်မှာ အကြီးဆုံးစေတီကြီး ပျက်သွားလို့ ပဿဝါဓာတ်တော်ဆို တာ အဲဒီမှာ ဓာတ်တော်တိုက်ဆိုတာ ရှိတယ်ဘုရား။ အပေါ်ဆုံးအမြင့်အာရုံခံကြီးထဲမှာ ကျောက်မွှောရုံကြီးထဲမှာ အဲဒီတော့ အင်္ဂလိပ်အစိုးရလက်ထက်က အိန္ဒိယကဘုရား ကြီး ပြိုပျက်တော့ အဲဒီကဓာတ်တော်တွေယူခဲ့ပြီး ဗမာ ပြည်မှာပူဇော်ထားတာ၊ အဲဒီဓာတ်တော်တိုက် အရေးကြီး တယ်။*

*နောက်ပြီးတော့ မဟာမြတ်မုနိဘုရားကြီးကိုဖူးတဲ့အခါ လှည့်ပတ်ဖူးပါ၊ အောက်ခြေထောက်တော်ကနေပြီးတော့ အပေါ်အထိဖူးပါ၊ ပတ်ပတ်လည်ဖူးပါ၊ အသေးစိတ်ဖူးပါ။ ရှေ့ဝမ်းဗိုက်တော်၊ ကျောတော်၊ ခါးတော်၊ အကုန်ဖူးပါ၊ အဲဒီတစ်ဆူ အဓိကပေါ့၊ ကျန်တဲ့ဟာကတော့ သာမန်ပေါ့။ ]*

(ဦးခန္တီတောင် အမြင့်ဆုံးမြင်ရတယ်၊ မဏ္ဍပ်ကြီးဘုရား၊ ကျောက်မဏ္ဍပ်ကြီးဘုရား။)

*[ ဓာတ်တော်တိုက်ဆိုတာရှိတယ်၊ အဲဒီအထဲမှာလား၊ အဲဒီ အပေါ်မှာလားမသိဘူး၊ မှတ်ပြီးတော့ အဲဒီဓာတ်တော်တွေ*

www.burmeseclassic.com

www.burmeseclassic.com


က မူရင်း အိန္ဒိယကစာတ်တော်တွေ၊ ယခုစစ်ဖြစ်နေတဲ့ အာဖဂန်နစ္စတန်တို့ဆီက စာတ်တော်တွေ တက္ကသိုလ်ပြည်ကစာတ်တော်တွေ စာတ်တော်တိုက်ဆိုပြီးတော့ သပ်သပ်ဆိုင်းဘုတ်ရေးထားတဲ့ ဘုရားဖူးလို့ရအောင် စာတ်တော်တိုက်ဆိုပြီး လုပ်ထားတာဘုရား။ ]

ပျက်မနေဘူးလား၊ အကောင်းလား။

[ မပျက်နေဘူးဘုရား၊ အကောင်းပူဇော်ထားတာ၊ စုပေါင်းပူဇော်ထားတာ၊ တပည့်တော်လည်း ပီပီပြင်ပြင်မပြောတတ်ဘူးဘုရား၊ ကြာပြီ။

အဲ··ဒါ စာတ်တော်တွေနဲ့ ပူဇော်ထားတာ ကမ္ဘာ့အကြီးဆုံးလေးရာစုက တရုတ်ရဟန်းတော်တွေသွားတဲ့အခေါက် ကမ္ဘာပေါ်မှာ အဲဒီစေတီလောက်ကြီးတာ မရှိဘူး။

ကြီးသလောက် လှပဆန်းကြယ်တာ၊ အဲသလောက် လှပဆန်းကြယ်တာလည်းမရှိဘူးတဲ့ဘုရား၊ တပည့်တော်တို့ အိန္ဒိယအနောက်မြောက်ထဲက တလောက စစ်ဖြစ်တဲ့နေရာဘုရား၊ ပုရိသ ပုရလို့ခေါ်တယ်။

တက္ကသိုလ်ပြည် ပါကစ္စတန် မြောက်ဘက်ပေ့ါနော်၊ ပါကစ္စတန်မြောက်ဘက် အာဖဂန်အစပ်ပဲ၊ အကြီးဆုံးစေတီကြီးပြုကွဲလို့ အဲဒီကစာတ်တော်တွေ ဒီပင့်တာ၊ ပုရိသပုရတဲ့ နာမည်က၊ ပါဠိလို၊ မြန်မာလိုက ပက်ရှုးဝါးပက်ရှူးဝါးတဲ့၊ ပရှူးဝါး ပရှူးဝါး (ပသျှဝါ)စာတ်တော်များလို့ရေးထားတယ်။ ]

www.burmeseclassic.com

www.burmeseclassic.com


အဲဒါ ဖူးရရင်တော့သိပ်ကံကောင်းသွားမယ်၊ ရောက်မှ ရောက်ပါ့မလား၊ ရပါ့ ရပါ့မလားလို့ ဘာမျှမမေးနဲ့နော်၊ ယခု လက်တွေ့ဖြစ်နေပြီလေ။

(တင်ပါ့ဘုရား။)

ယုံယုံကြည်ကြည်လေးလေးစားနဲ့လုပ်၊ ဘုရားဖူးရတာ တို့ ကံကောင်းလေးစွလို့မှတ်၊ ဘုရားဓာတ်တော်တွေ ဖူးရပေသည်၊ အင်မတန်ခက်ခဲနက်နဲသော သိမ်မွေ့တဲ့တရားတော်ကြီးဗျာ။

မမြင်ရမရှိလေအောင် လူသူလေးပါး မမြင်ရအောင် လူသူ လေးပါးမသိအောင် ထိန်းသိမ်းစောင့်ရှောက်ပြီးတော့ထားတဲ့ ဓာတ်တွေ မွေတော်တွေကို ဓမ္မပူဇာ ဓမ္မတရားတွေနဲ့ ဘုရား မှန်ပြောင်းတော်ကြီးနဲ့ ကြည်ညိုပူဇော်ရတာ၊ ကံကောင်းလို့ဗျာ။

(တင်ပါ့ဘုရား။)

မေတ္တာလည်း များများပို့၊ အမျှလည်း များများဝေ။

(တင်ပါ့ဘုရား။)

ကံကောင်းလို့ဖူးရတာ။

(တင်ပါ့ဘုရား။)

ယခု ယုံသွားကြပြီပေါ့။

(တင်ပါ့ဘုရား။)

ဒကာမကြီးကရော၊ မိဆိုင်ဖဆိုင်နတ်တွေ မေတ္တာမပို့ဘူး မဟုတ်လား။

(နည်းနည်းပဲ ပို့ဖူးတာပါဘုရား၊ အများကြီး မပို့ပါဘူး ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ပို့ရမှာ။

(တင်ပါ့။)

ဘယ့်နှယ့်တုန်း၊ ဘယ်ပို့တုန်း၊ စေတီစောင့်နတ်တွေ မေတ္တာ လည်းပို့၊ ခွင့်လည်းတောင်းရတယ်။

(တင်ပါ့ဘုရား။)

ခွင့်ရောမတောင်းဘူးလား။

(တောင်းပါတယ်ဘုရား။)

မေတ္တာရောမပို့ဘူးလား။

(ပို့ပါတယ်ဘုရား။)

သံသယကုက္ကစ္စတွေနဲ့ ပို့လို့မရဘူး၊ ဝမ်းမြောက်ဝမ်းသာနဲ့ ပို့ရတယ်၊ ကုသိုလ်တော်ကြီး၊ တကယ့်ကုသိုလ်ကြီး၊ ယခုဘယ်ပို့ တုန်း၊ မန္တလေးဘုရားတွေပါသလား။

(ပါပါတယ်ဘုရား၊ ဘုရားတော့ မပါဘူးဘုရား၊ တောင်ပေါ် တင် ပို့တာပါဘုရား။)

တောင်ပေါ်တင်ပဲလား။

(ဖူးတုန်းကချည်းနဲ့ တောင်ပေါ်တင်ဖူးခိုင်းတာဘုရား၊ မန္တလေးက ဘုရားတွေမပါဘူးဘုရား။)

မပါသေးဘူးလား။

(မပါသေးဘူးဘုရား။)

မပါသေးရင်ထား။

(တောင်ပေါ်ဘုရားပါတယ်၊ မြကျောက်ပါတယ်၊ နဂါးရုံ ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ကဲ… ကဲ… ဒါတွေမရဘူးပေါ့။

(မရဘူးဘုရား၊ တပည့်တော်ဖူးလိုက်တဲ့အခါကျတော့ နိမိတ်က ရဲရဲကြီးနဲ့သွားတယ်ဘုရား၊ တပည့်တော် စေတီထဲအာရုံပြုတော့ ဝါးလက်နှစ်လက်လိုဖြစ်သွားတယ်ဘုရား၊ မမြင်ရဘူးဘုရား။)

စေတီကို မမြင်ရဘူးလား။

(တင်ပါ့ဘုရား။)

နိမိတ်ကတော့ သွားတယ်လား။

(သွားပါတယ်ဘုရား။)

နိမိတ်သွားရင် မြင်ရမှာပေါ့၊ ဟိုမှာ စေတီစောင့်နတ်တို့၊ တောစောင့်နတ်တို့၊ တောင်စောင့်နတ်တို့ကို မေတ္တာမပို့လို့၊ ခွင့်မပန်လို့၊ ခွင့်မတောင်းလို့၊ ကျွန်ုပ်တို့က အန္တရာယ်မပြုပါဘူး၊ ကူညီဝိုင်းမပါ၊ အကျွန်ုပ်တို့ လူ့ဘဝရတဲ့အခါလေး ကြည်ညိုခွင့်ပြုပါ၊ ပြည့်ပြည့်စုံစုံနဲ့ ကြည်ညိုချင်ပါတယ်၊ ကြည်ညိုပါရစေ၊ ခွင့်တောင်း၊ ဟုတ်ပြီလား။

(တင်ပါ့။)

အဲဒီလိုလည်း ခွင့်တောင်းရတယ်။

(တင်ပါ့ဘုရား။)

မေတ္တာလည်းပို့ရတယ်၊ မိဆိုင်ဖဆိုင်နတ်တွေကိုလည်း မေတ္တာပို့၊ ဟိုတောင်စောင့်နတ်တို့ စေတီစောင့်နတ်တို့ မေတ္တာပို့ရတယ်၊ ပို့ရဲ့လား၊ ခွင့်ရောတောင်းရဲ့လား။

(ခွင့်လည်းတောင်းပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ခွင့်တောင်းရင် ရရမှာပေါ့၊ နိမိတ်ကတော့ ရောက်တယ်ပေါ့။

(ရောက်ပါတယ်ဘုရား။)

ရောက်ရင်မြင်ရမှာပေါ့၊ မင်းက မမြင်ရဘူးထင်နေတာကိုး၊ နိမိတ်ကဘယ်လောက်ကြီးသလဲ၊ ဟိုရောက်တော့ လင်းမသွားဘူးလား။

(လင်းသွားပါတယ်ဘုရား။)

လင်းသွားရင် မြင်ရမှာပေါ့၊ စိတ်ထဲက မမြင်ရဘူးထင်ရင် မမြင်ရဘူးဖြစ်မှာပေါ့၊ ဟုတ်ဘူးလား။

(တင်ပါ့ဘုရား။)

တဖြည်းဖြည်းချင်း ဝမ်းမြောက်ဝမ်းသာနဲ့ ကြည်ညိုရမှာ၊ နိမိတ်ရပြီးတော့ နိမိတ်ကိုခိုင်းတာ၊ ဘယ်လောက်အံ့ဩစရာကောင်းတုန်း။

(တင်ပါ့ဘုရား။)

ကိုယ်က အဲဒီစေတီကို မှန်းပြီးတော့ ဖူးလိုက်မယ်၊ အဝိဇ္ဇာဏကက စိတ်ကပြတ်ပြီး ဒီစေတီပို့တာမဟုတ်လား၊ ငါ ဒီစေတီ လွှတ်တာပါလားလို့ နိမိတ်ကသိရဲ့လား။

မသိပေမယ်လို့ နိမိတ်လှမ်းပို့တဲ့အာရုံက ပို့နေတယ်၊ လှမ်းဖူးတဲ့သူက ခြေတော်ရင်းဖူး၊ ခြေတော်ရင်းရောက်သွားတယ်၊ အဲဒီလို မဟုတ်ဘူးလား၊ အဲဒီလိုပေါ့၊ အကုန်ရတာနော်၊ သိပ်ပြီးဆန္ဒက မစောနဲ့။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



မှန်မှန်ကလေး ကြည်ကြည်ညိုညို လေးလေးစားစားနဲ့ အဲဒီလိုဖို့၊ အဲဒီလိုဖူး။

(တင်ပါ့ဘုရား။)

ဒသနကူနည်းတွေနဲ့ ကူနေတာ၊ ဘုရားကကူနေတာ၊ နဂို ထွက်လေဝင်လေလေးမှတ်ထား၊ အမေမွေးတုန်းကချည်းနဲ့ရှိတာ၊ ခုချိန်ထိတောင် စောစောစီးစီးကချည်းနဲ့ ပစ်ထားတော့တာ အပိုပဲဆို ပြီးတော့၊ မဟုတ်ဘူးလား။

(မှန်ပါ့ဘုရား။)

ယခု ထွက်လေ ဝင်လေက ဓမ္မရတနာလည်းဖြစ်သွားပြီ၊ ဓမ္မရတနာဖြစ်မသွားဘူးလား။

(ဖြစ်သွားပါယ်ဘုရား။)

ထွက်လေဝင်လေက ဗုဒ္ဓရတနာကောမဖြစ်သွားဘူးလား။

(ဖြစ်သွားပါတယ်ဘုရား။)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိလည်းဖြစ်သွားပြီ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ ရော ဖြစ်မသွားဘူးလား။

(ဖြစ်သွားပါတယ်ဘုရား။)

ဓမ္မံ သရဏံ ဂစ္ဆာမိကို ဂရုစိုက်တော့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဟော ... ဘုရားတွေဖူးနေရပြီ၊ အဖိုးမတန်ပေဘူးလား။

(တန်ပါတယ်ဘုရား။)

မရှိတာထက် မသိတာခက်ဆို၊ မရှိတာက ကိုယ့်နည်း ကိုယ့်ဟန်နဲ့ ရှာစားလို့ရတယ်၊ လည်ရင် လည်သလိုရတယ်။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



မသိတာက ပြောမယ့်သူမရှိဘူး၊ ဆုံးမမယ့်သူမရှိဘူး၊ သတိပေးမယ့်သူမရှိဘူး၊ ဩဝါဒပေးမယ့်သူမရှိဘူး၊ ဆုံးမသွန်သင်မယ့်သူ မရှိဘူး။

**မနေ့ကလည်းဒီလို၊ ဒီကနေ့လည်းဒီလို၊ ဟိုလကလည်းဒီလို၊ ဒီလလည်းဒီလို၊ ဟိုနှစ်ကလည်းဒီလို၊ ဒီနှစ်လည်းဒီလို၊ ကြာလာတော့ အိုနာလို့သေတယ်၊ ဘာမှမသိဘူး။**

လူ့ဘဝရတဲ့အခါလေး၊ သူလိုကိုယ်လို ကိုယ်လိုသူလိုနဲ့ပြီးရော။

(တင်ပါ့ဘုရား။)

ကိုယ့်ကိုကိုယ် နှမြောဖို့မကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## ကိုယ်ဖူးတွေ့ရတာတွေ စာအုပ်ထဲရေးမှတ်ထား

နှမြောတယ်ဆိုပြီးနေလို့မရဘူး၊ ကြိုးစားအားထုတ်မှ ရတယ်။

(တင်ပါ့ဘုရား။)

ဒီက ဒကာမကြီးရော။

(အားလုံးရပါတယ်ဘုရား၊ ပထမတော့ မေတ္တာတွေပို့ပါ တယ်ဘုရား၊ အားလုံးနတ်တွေကို အမျှအတန်းပေးဝေပါတယ်၊ ပထမ စေတီကြီးရဲ့ထီးတော်ကို စပြီး ဖူးရပါတယ်ဘုရား။

ထီးတော်ပြီးတော့ ခြေတော်ရင်းထိ ထက်အောက်ဖူးရပါ တယ်ဘုရား။

တပည့်တော်ရဲ့ ဖူးနေတဲ့ရုပ်ကလေးကိုလည်း တပည့်တော် လှမ်းတွေ့လိုက်ရပါတယ်ဘုရား။

အဲဒါပြီး တောက်လျှောက် လျှောက်သွားတဲ့အခါမှာ နဂါးရုံ ဘုရားလည်း ဖူးခဲ့ရပါတယ်ဘုရား။

ဖူးပြီးတော့လည်း ဦးချတဲ့အခါမှာ တပည့်တော်ရဲ့ရုပ်ကို တပည့်တော် မြင်ပါတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com


ဒီတောင်ပေါ်တွေလည်း တပည့်တော် မရောက်ဖူးတော့ ဒီတောင်တွေကိုလည်း လှည့်ပတ်ပြီး ကြည့်လိုက်ပါသေးတယ်ဘုရား။

တောက်လျှောက် လျှောက်ပြီးတော့ ငါးရုံ့မင်း ဘာညာသိတော့ အဲဒီက ဂူလည်းရောက်သွားတယ်ဘုရား၊ ပြီးတော့ အဲဒီစေတီဆီလည်း ရောက်သွားတယ်ဘုရား။

ငရုံ့မင်းတောင်လည်း ဖူးတွေ့ရတယ်ဘုရား၊ ဆက်လျှောက်တော့ နန္ဒဂူကိုတွေ့ရပါတယ်ဘုရား၊ စေတီဘက်ကို တပည့်တော် ဖူးတွေ့တဲ့အခါမှာ စေတီဟာလည်းပဲ ဌာပနာတော်လား၊ ဓာတ်တော်တွေလားမသိဘူး။ ထီးတော်မှာရော၊ အလယ်မှာရော၊ အောက်ခြေမှာရော လင်းထိန်ပြီးတော့ ဝင်းတောက်နေတာကို ဖူးတွေ့ရပါတယ်ဘုရား။)

ဓာတ်တော်တွေ ဌာပနာတော်တွေ ဘယ်လိုပူဇော်ထားတာတုန်း။

(တပည့်တော် ဌာပနာတိုက်ထဲကိုတော့ ဝင်ပြီးမကြည့်ခဲ့ဘူးဘုရား၊ စေတီတော်ကြီးထဲက လင်းပြီးတော့ဖြစ်နေတာ ဓာတ်တော်တွေပဲလားမသိဘူး၊ အဲဒီလို အလင်းတွေပဲဖူးရပါတယ်ဘုရား။)

အဲဒါ ဆက်ပြီးတော့ ကိုယ်ဖူးနေတဲ့အခါ ဓာတ်တော်တွေ ဌာပနာထားပုံ၊ ဘာတွေနဲ့ထည့်ပြီး ပူဇော်ထားတယ်ဆိုတာ သေသေချာချာဖူးရတယ်။

(တပည့်တော် သေသေချာချာတော့မကြည့်မိပါဘူးဘုရား။)

အဲဒါတွေပါ သေချာမှတ်သားပြီး ဖူးမြော်ကြည့်ညိုရတယ်။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား၊ အဲဒီလိုတော့ တပည့်တော် မမှတ်ခဲ့မိဘူး ဘုရား။)

ဒါပဲလား။

(တင်ပါ့ဘုရား။)

မဂ္ဂလေးဘုရားတွေရော ရောက်ပြီလား။

(မရောက်သေးဘူးဘုရား။)

မင်းကရော၊ လျှောက်စမ်းပါဦး။

(တပည့်တော်နဲ့ တည့်တည့်မှာ စေတီတွေ့ပါတယ်ဘုရား၊ စေတီပြီးတော့ စောင်းတန်းအတိုင်း ဟိုဘက်ဆင်းသွားတော့ နဂါးရုံကြီးတွေ့ပါတယ်ဘုရား၊ အဲဒါရဲ့ဟိုဘက်ရောက်တဲ့အခါကျတော့ နဂါးရုံစေတီတွေ့တယ်ဘုရား၊ နဂါးရုံစေတီပြီးတော့ ငရုံမင်းစေတီတွေ့ပါတယ်၊ ငရုံတွေက ပြေးနေတယ်ဘုရား၊ အပေါ်တက်သွားတော့ နဂါးရုံစေတီတွေ့ပါတယ်၊ နဂါးရုံစေတီဖူးပြီးတဲ့နောက် ဗျာဒိတ်ဘုရား ရောက်တယ်ဘုရား။

ဗျာဒိတ်ဘုရားကိုယ်တော်က မတ်တပ်ရပ်တယ်ဘုရား၊ ရွှေရောင်တွေဝင်းနေတယ်ဘုရား၊ အဲဒီနောက်ကို မြကျောက် မြကျောက် ကိုတော့ တပည့်တော်ထီးတော်ကနေပြီးတော့ အဲဒါကတော့ သေးသေးကလေးပဲဖူးရတော့တာဘုရား၊ ထီးတော်ကနေပြီးတော့ ခြေရင်းတော်အထိ ဖူးရတယ်ဘုရား၊ အဲဒါ တစ်ခါပြီးတော့ နိမိတ်ပျောက်သွားတာနဲ့ တပည့်တော် ပြီးသွားပါတယ် ဘုရား။

www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်ခါ မနက်ကမှတစ်ခါ မြကျောက်ကိုဖူးတဲ့အခါ ကျတော့ ထီးတော်ကနေ ခြေရင်းအထိဖူးရပါတယ်၊ ဌာပနာတွေ ထဲက စုစုသေးသေးကလေး ဝင်းလက်နေတာကို တွေ့ရတယ် ဘုရား။)

အဲဒီဘုရားက ဘာနဲ့ထည့်ပူဇော်ထားတာတုန်း။

(ဒီအတိုင်းကလေးပါပဲဘုရား၊ ဒီအတိုင်း အလင်းတန်း ကလေးနဲ့ စူးစူးကလေး ဖူးရတာဘုရား။)

ဆက်လျှောက် -

(ဒါပဲဘုရား၊ မြကျောက်ရောက်ပြီးတော့ မရတော့ဘူး။)

နောက်တစ်ယောက် လျှောက်စမ်း၊ ဘယ်ဘုရား အရင် ဖူးရတုန်း။

(နဂါးရုံဘုရားကို အာရုံပြုပြီးဖူးပါတယ်ဘုရား၊ ဖူးတဲ့အခိုက် တော့ တောင်စောင့်နတ်တွေကိုလည်း မေတ္တာပို့ပါတယ်ဘုရား၊ တောစောင့်နတ်တွေကိုလည်း မေတ္တာပို့တယ်။)

နေဦး၊ မေးဦးမယ်၊ နိမိတ်က ဘယ်လောက်ရှိသတုံး။

(ဒီလောက်လောက်တော့ ရှိပါတယ်ဘုရား။)

ဟာ··· ကြီးစေ ကြီးစေ၊ လင်းစေ လင်းစေလို့ မခိုင်းဘူး လား။

(မခိုင်းပါဘူးဘုရား။)

ခိုင်းမှပေါ့၊ အဲဒါ အကြီးအသေးရသွားရင် ခိုင်းသလိုရတယ်၊ အနီးအဝေးပို့တဲ့အခါ ကြီးစေကြီးစေလို့ ခိုင်းတဲ့အခါ နိမိတ်က ကြီးသွားရော၊ ဟိုကျတော့ လင်းလင်းထင်ထင်ကြီး ဖူးရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com


သမင်ကလေးနှစ်ကောင်ပါဘုရား၊ ကျန်တာတွေက ကြည်ကြည်လင်လင်မရှိဘူးဘုရား။

ဘုရားကလည်း ခပ်သေးသေးကလေး၊ အဲဒီဌာပနာဖူးခဲ့ရပါတယ်ဘုရား၊ ဌာပနာကို ဖူးပြီးတော့ တပည့်တော် အနောက်စောင်းတန်းကတက်ပြီးတော့ နဂါးရုံဘုရားကို ဖူးတယ်ဘုရား။

ငရုံ့မင်းဂူကျတော့လည်း လိုဏ်ဂူထဲရောက်သွားတယ်ဘုရား၊ အဲဒီကနေပြန်တက်ပြီး တောင်စောင်းကနေပြန်ဆင်းခဲ့ပါတယ်ဘုရား။)

လိုဏ်ဂူထဲဘာတွေ့သလဲ။

(လိုဏ်ဂူထဲ မှောင်နေတော့ ဘုရားတစ်ဆူရှိတယ်လို့ အောက်မေ့မိပါတယ်ဘုရား၊ လိုဏ်ထဲက ဟိုလိုမျောမျောကြီး မြင်လိုက်ရတယ်ဘုရား။)

ဘယ်ဘုရားလဲ။

(ငရုံ့မင်းဂူကြီးထဲမှာဘုရား၊ ဒီတောင်ပေါ်မှာ သူ့ဟာသူ ဂူရှည်ကြီးဖြစ်နေတယ်ဘုရား၊ ငရုံ့မင်းဂူကြီးထဲက ပြန်တက်ပြီး တပည့်တော် ပြန်ဆင်းခဲ့ပါတယ်ဘုရား။)

ပြီးတော့ရော။

(တပည့်တော်ပြန်ဆင်းလာတော့ ရောက်လာတာပါပဲ၊ ဘုရားတပည့်တော် ဒီတစ်ခေါက်တည်း တက်ဖူးတယ်ဘုရား။)

ဒါပဲလား။

(တင်ပါ့ဘုရား။)

ကိုယ့်နေရာမှာ ထိုင်နေရက်နဲ့ ထိုင်ပြီးဖူးတာနော်။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

ခြေတစ်လှမ်းမှ မလှမ်းဘူးလား။

(တပည့်တော် အာရုံနိမိတ်နဲ့ဖူးတာပါဘုရား။)

ခြေတစ်လှမ်းမှ မသွားရဘူးနော်။

(တင်ပါ့။)

ကိုယ့်နေရာကဖူးတာနော်၊ ဣန္ဒြေလည်း မပျက်ဘူး၊ မချမ်းသာဘူးလား၊ အမြို့မြို့အရွာရွာက ဘုရားဖူးလာကြတဲ့အခါ ပိုက်ဆံလည်းကုန်သေးတယ်၊ လူလည်း ပင်ပန်းသေးတယ်၊ မကုန်ဘူးလားပိုက်ဆံ။

(ကုန်ပါတယ်ဘုရား။)

ထမင်းစရိတ်၊ စားစရိတ်၊ တည်းခိုစရိတ် မကုန်ဘူးလား၊ တည်းဖို့ ခိုဖို့ရာ တဲစခန်းကလေးကလည်း ကြည့်ရသေးတယ်၊ ပိုက်ဆံလည်း ကုန်တယ်။

(တင်ပါ့ဘုရား။)

လူလည်းပင်ပန်းတယ်။

(တင်ပါ့ဘုရား။)

သွားရ လာရတာ၊ ယခုတော့ ပိုက်ဆံလည်းမကုန်ဘူး၊ လူလည်း မပင်ပန်းဘူး။

(တင်ပါ့ဘုရား။)

ပိုက်ဆံအကုန်အကျခံပြီးတော့ ဟိုက ဒီကလာကြ၊ ဘုရားဖူးတွေ အမျိုးမျိုးလာကြတာတွေ၊ ဒီလိုရော ပြည့်ပြည့်စုံစုံဖူးရဲ့မလား။

www.burmeseclassic.com

www.burmeseclassic.com


(မဖူးရပါဘူးဘုရား။)

ဘုရားဓာတ်တော်တွေ ဖူးရပါ့မလား။

(မဖူးရပါဘူးဘုရား။)

ပိုက်ဆံလည်းကုန်၊ လူလည်းပင်ပန်း၊ အဝေးကိုလေယာဉ်နဲ့၊ ကားနဲ့၊ ရထားနဲ့လာရပြီးတော့ ဘေးဘီလှည့်ပတ်ပြီးဖူး၊ အဆောက်အဦတွေ့ရင် အဆောက်အဦလှည့်ပတ်ကြည့်ပြီးပြန်သွား၊ ဖာ့တ်တယ်မဟုတ်လား။

(မှန်ပါ့ဘုရား။)

ဒါပဲ ဖူးနိုင်တာပေါ့၊ ပူဇော်ထားတာ အပြင်ကပူဇော်ထားတာ၊ ယခုဆိုရင် အထဲမှာ ဌာပနာထားတာတွေကို နည်းအမျိုးမျိုးနဲ့ ပူဇော်ရတယ်။

(တင်ပါ့ဘုရား။)

ဘုရား တရား သံဃာ ဖူးမြင်ရတဲ့သူဟာ ကုသိုလ်ထူးတယ်။

(တင်ပါ့ဘုရား။)

လာဘ် လာဘ်တွေရတာ၊ ကုသိုလ်တွေ၊ လူတွေက လာဘ်ပေးကြတယ်၊ ဘာညာပေါ့၊ အဝတ်တွေ အစားတွေစုံနေတာပဲ၊ ဒါပေမယ့် ဒီလာဘ်မျိုးမရနိုင်ဘူး၊ ဒါက ဘုရားဖြစ်တော်မူတဲ့လာဘ်ကံထူးတွေပါလို့ ဆုတော်တွေ လာဘ်တော်တွေ၊ ဘုရားပေးတဲ့လာဘ်။

(တင်ပါ့ဘုရား။)

ဒါတစ်သက်လုံး မေ့ပျောက်မရတော့ဘူး။

(တင်ပါ့ဘုရား၊ မေ့လို့မရပါဘူးဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


မေ့လို့လည်း မဖြစ်တော့ဘူး။

(မှန်ပါ့ဘုရား။)

ကြိုးစား ရေးထား၊ မှတ်ထား၊ ကိုယ်ဖူးတွေ့ရတာတွေ စာအုပ်ထဲရေးထား။

(တင်ပါ့ဘုရား။)

ကိုယ့်သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေ ဒါတွေလည်း သိရတာပေါ့၊ သိရတော့ ဝမ်းမြောက်ဝမ်းသာဖြစ်တယ်၊ လူ့သာခုခေါ် နတ်သာခုခေါ်ဖြစ်တယ်၊ မဖြစ်ဘူးလား။

(ဖြစ်ပါတယ်ဘုရား။)

တစ်စုံတစ်ခု ကိုယ်က အသက်ကြီးလို့လဲနေပြီ၊ ဟိုတစ်ချိန်က ငါဘုရားတွေဖူးခဲ့ရတာဟော့၊ အဲဒီစာအုပ်ကလေး ဖတ်ပြ စမ်းပါဆို အဖောင်းက အသစ်ဖြစ်၊ ကုသိုလ်တွေတိုး၊ ဖျတ်ခနဲဆို ဝိညာဉ်ချုပ်သွား၊ နတ်ရထားပေါ်ပါသွားလေရော၊ ကဲ··· တန်ဖိုး မရှိဘူးလား။

(ရှိပါတယ်ဘုရား။)

ဘယ်တန်ဖိုး ဒီလောက်အထိ ရမှာတုန်း။

(မရပါဘူးဘုရား။)

ဟိုဒကာမကြီး။

(တပည့်တော်က စပြီးလွှတ်တဲ့အခါကျတော့ ဟိုငရုံ့မင်း ဘက်က ကျောင်းကိုရောက်သွားပါတယ်၊ ဘုရားကျောင်းပေါ်က ဘုရားကို ဖူးခဲ့ရပါတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com


အဲဒီကနေ ငရဲမင်းတွင်းထဲကို ဝင်သွားတာ ငရဲမင်းဘုရားလည်း ဖူးခဲ့ရတယ်ဘုရား၊ ဖူးပြီးတော့ နောက် မတ်တတ်ရပ်ကိုယ်တော်ကြီးထံ ရောက်သွားပါတယ်ဘုရား။

အဲဒီကနေပြီးတော့ နဂါးရုံ၊ နဂါးရုံကနေပြီးတော့ မြကျောက်ရောက်ပါတယ်၊ မြကျောက်ရောက်တော့ ထီးတော်ကနေပြီးတော့ ခြေရင်းရောက်တော့ ပြန်ခဲ့တာဘုရား၊ ဒါပါပဲ ဘုရား၊ ဆိုင်းဘုတ်ကြီးလည်း မကြည့်ခဲ့ဘူးဘုရား၊ ဘုရားပဲ ဒါရိုက်သွားခဲ့တယ်ဘုရား။

ဘုရားကို အနောက်စောင်းတန်းက ဆင်းလိုက်တော့ ဘုရားက မြကျောက်ရောက်သွားတယ်ဘုရား။)

ရေတံခွန်တောင် ရဟန္တာတွေ ဆွမ်းခံကြွနေပုံ၊ ရဟန္တာ ၅၀၀ ဆွမ်းခံကြွနေပုံ၊ ကုသိုလ်တော်ဘုရား ... ဖူးရလား။

(တင်ပါ့ဘုရား။)

ကျောက်စာတော်၊ ကျောက်စာတွေ မင်းတုန်းမင်းကြီးရဲ့ ကျောက်စာတွေ ပါဠိတော်တွေ (၇)တန်းရှိတယ်ပြောတယ်။

(တင်ပါ့ဘုရား။)

အဲဒီ (၇)တန်းကို (၁)တန်းချင်းလှည့်လည်ပြီးမှဖူး၊ (၁)တန်းပြီးရင် တစ်တန်းဖူးတော့ ကုသိုလ်တွေ ပိုရတာပေါ့။

(တင်ပါ့ဘုရား။)

နိမိတ်နဲ့လွတ်ပြီးတော့ ခြုံငုံဖူးရတော့ ရတာပေါ့၊ (၇)တန်းဆိုတော့ (၇)ကြိမ်ဆိုတော့ ပိုပြီး ကုသိုလ်မရဘူးလား။

(ရပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုလည်းဖူး။

(တင်ပါ့ဘုရား။)

ကျောက်စာတိုက်၊ ကျောက်တော်ကြီးဘုရား၊ မန္တလေးတောင်၊ ဦးခန္တီတောင် ငါး၅ာနရှိသွားပြီနော်၊ အဲဒီ ငါး၅ာနဖူးကြ။

(တင်ပါ့ဘုရား။)

ဘယ်နေ့ ဘယ်စခန်းဖူးရတယ် ရေးထားမှတ်ထား၊ ကိုယ်တွေ့တာလေးတွေ ရေးထား၊ မှတ်တမ်းကလေးတွေ ရေးထား၊ **ဆရာတော်ကို လျှောက်တာတွေ ရေးထား၊ ဆရာတော်က အဲဒါရေးစေချင်လို့၊ ကိုယ်ကိုယ်တိုင်ဖူးတွေ့မှ ယုံမှာကိုး၊ သူများပြောတာနဲ့ မယုံဘူး၊ အဲဒီလိုကိုး၊ ကိုယ်မတွေ့လို့ပေါ့။**

(တင်ပါ့ဘုရား။)

ဓမ္မရသ တရားရဲ့အရသာတွေနော်။

(တင်ပါ့ဘုရား။)

ကိုယ်ကိုယ်တိုင်တွေ့ဖူးကြုံဖူးမှ ယုံမှားကိုး၊ မဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

အဲဒီတော့ ဓမ္မရသတွေ့ရတော့ ဘုရားဟောတော်မူတဲ့အတိုင်း၊ မှာတော်မူတဲ့အတိုင်း

အပ္ပမာဒေန သမ္ပာဒေထ …

မမေ့မလျော့သတိလေးနဲ့ ပြည့်ပြည့်စုံစုံဖြစ်အောင် နေရစ်ကြဆိုတဲ့အတိုင်း သတိလေးနဲ့အားထုတ်တော့ ကိုယ့်ရှိတဲ့ ထွက်လေဝင်လေကလေး မှတ်ခါမျှနဲ့ အဲဒီလိုတရားနိမိတ်တွေကလည်း သူ့ဟာသူရောက်လာတာ။

www.burmeseclassic.com

www.burmeseclassic.com



(တင်ပါ့ဘုရား၊ တရားနိမိတ်က သူ့ဟာသူရောက်လာတာ၊ သူ့ဟာသူ ရောက်လာတာပါဘုရား။)

ပို့တာလဲ အာရုံပြုတာနဲ့ ရသွားတာပဲ၊ မိမိထွက်လေဝင်လေ ရှိရက်သားနဲ့ အလကားပစ်ထားကြတာ၊ ဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

တရှူဆိုတရှူ၊ တရှိုက်ဆိုတရှိုက် တန်ဖိုးဖြတ်လို့ရသလား။

(မရပါဘုရား။)

ဘုရားစကား နားထောင်တာကိုး၊ ဘုရားစကား နားထောင်တာ မမှားဘူး။

(တင်ပါ့ဘုရား။)

အဿာသ ပဿာသ ထွက်လေ ဝင်လေရှူရှိုက်တာနဲ့ တရားနိမိတ်တွေရတယ်၊ နိမိတ်ကို ကြီးစေ၊ သေးစေ၊ ကြီးခိုင်းရင် ကြီးတယ်၊ သေးခိုင်းရင် သေးတယ်၊ အခု ဘယ်ကိုပို့သလဲ။

(ရေတံခွန်တောင်၊ ကုသိုလ်တော်၊ မြကျောက်ပို့ပါတယ် ဘုရား)

ဒီက ဆရာတော် ဘယ်ဘုရားတွေ ဖူးပြီးပြီလဲဘုရား ...။

(ရေတံခွန်တောင်က ရဟန္တာ ၅၀၀ ဖူးပြီးပါပြီဘုရား။)

ပြန်ပြောစမ်း။

(ရေတံခွန်တောင်ကို ရောက်ပါတယ်ဘုရား၊ ရဟန္တာ ၅၀၀ ကို ဖူးပါတယ်ဘုရား။)

ပြီးတော့ရော။

(မြကျောက်ကိုဖူးပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ပြီးတော့ရော။

(ကုသိုလ်တော်ဖူးပါတယ်ဘုရား၊ နောက် ကျောက်စာတိုက် ဖူးပါတယ်ဘုရား၊ ကျောက်စာတိုက်ဟာ ကုသိုလ်တော်ဘုရားနဲ့ ကပ်ရက်ပါဘုရား၊ နဂါးရုံဘုရား ဖူးပါတယ်ဘုရား။)

၅ ဌာနပေါ့။

(တင်ပါ့ဘုရား။)

ထွက်လေဝင်လေကလေး မှတ်ခါမျှနဲ့ ကြည့်စမ်း·· ထွက်လေ ဝင်လေကလည်း ဓမ္မရတနာဖြစ်သွားတယ်၊ ဝင်လေကလည်း ဓမ္မရတနာဖြစ်မသွားဘူးလား။

(ဖြစ်သွားပါတယ်ဘုရား။)

အဿာသ ပဿာသ ထွက်လေဝင်လေမှတ်ပြီး အားထုတ်တော်မူတဲ့အတွက်ကြောင့် ဘုရားအဆူဆူတွေ ရောက်တော်မူကြတယ်၊ ဘုရားအဖြစ်ကို ရောက်တော်မူတဲ့အတွက်ကြောင့် သူကိုယ်တိုင်သိတော်မူ သူကိုယ်တိုင်မြင်တော်မူတဲ့အတွက် -

သော သတော၀ အဿသတိ ···။

မှာထားခဲ့တာ၊ မှာထားခဲ့တာ၊ ယခုလက်တွေ့ ဖြစ်မနေဘူးလား။

(ဖြစ်နေပါတယ်ဘုရား။)

လက်တွေ့ဖြစ်နေလို့ ကျောက်စာ၊ ကုသိုလ်တော် နဂါးရုံဘုရားတွေ ဖူးရတာမဟုတ်လား။

(တင်ပါ့ဘုရား။)

အဲဒီလို ဖူးတွေ့ရပြန်တော့ ဗုဒ္ဓ သရဏံ ဂစ္ဆာမိဖြစ်သွားပြန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com


(မှန်ပါ့ဘုရား။)

ခမ္မ သရဏံ ဂစ္ဆာမိ

တရားတော်တွေ ကြိုးကြိုးစားစားအားထုတ်တော့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဖြစ်လာပါပကော။

(မှန်ပါ့ဘုရား။)

ဘယ်နှယ့်လဲဒကာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိပြန်ဖြစ်လာတယ်။

(တင်ပါ့ဘုရား။)

ဘာဖြစ်လို့တုန်း။

ခမ္မ သရဏံ ဂစ္ဆာမိ ကိုးကွယ်လို့၊ အဩဘာသ ပဩဘာသ ထွက်လေ ဝင်လေကိုရှုလို့၊ သာသနာပမှာဆိုရင် ပြောသင့်မပြောသင့်။

(မပြောထိုက်ပါဘူးဘုရား။)

ခမ္မ=တရားတော်မြတ်ကို။ သရဏံ=လိုက်နာသူတို့ကို အပါယ်မကျ ဝဋ်ဆင်းရဲမှထ၍ နတ်ရွာနိဗ္ဗာန်ထိအောင် ကယ်တော်မူတတ်သော ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ=ဆည်းကပ်ပါ၏။

အဲဒီတရားတော်ဟာ နိဗ္ဗာန်ထိအောင်ပို့ဆောင်နိုင်တယ်၊ တန်ဖိုးဖြတ်လို့ ရပါ့မလား။

(မရပါဘုရား။)

တချိုတရိုက်နဲ့ တန်ဖိုးဖြတ်မရတာ၊ ဟိုဒကာရော ကုသိုလ်တော်၊ ရဟန္တာတွေဆွမ်းခံကြွတဲ့နေရာ ရောက်သေးသလား။

(ရောက်ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com

ဘုန်းကြီးတို့ ဟိုတနေ့ကတုန်းက ရေတံခွန်တောင်ရောက်ခဲ့တယ်၊ ရဟန္တာတွေ ဆွမ်းခံကြွနေတဲ့ပုံ သဘာဝကျလိုက်တာလို့ အကြံပိုင်လိုက်တာလို့ ဘုရားဟောတဲ့တရားတော်နဲ့ တယ်ညီတဲ့စာပဲ။

ဟေ့ပသိကော…။

အဲဒီလိုပြုလုပ်ထားတော့ လာသမျှလူတွေ လူရှင်ရဟန်းရောက်သမျှအကုန်လုံး မကြည်ညိုရပေဘူးလား။

(ကြည်ညိုရပါတယ်ဘုရား။)

ကြည်ညိုရရင် မူလစိတ်ဓာတ်ပြောင်းသွားတယ်၊ ကုသိုလ်စိတ်တွေပြောင်းလာတယ်။

(တင်ပါ့ဘုရား။)

ကုသိုလ်တော်ဆိုတာရချင်လို့ ရဟန္တာတွေ ဖူးနေရတာ၊ အဘိဓမ္မာလိုဆိုရင်၊ ဝိနည်းလိုဆိုရင် ဇောက ၇-ကြိမ် ကျသွားတယ်။

ဒိဋ္ဌ ဓမ္မ ဝေဒနီယကံ။

နောက်ပိတ်ဆုံး အပရာပရိယဝေဒနီယ ပထမပတ် ဒုတိယပတ် တတိယပတ် အကျိုးပေးတာ။

အပရာပရိယဝေဒနီယ ကံ။

သတ္တဝါတိုင်း သတ္တဝါတိုင်း အလယ်ဇော (၅)ချက်ကင်းတဲ့ပုဂ္ဂိုလ်ရယ်လို့မရှိဘူး၊ လူတိုင်းလူတိုင်း အဲဒီ အပရာပရိယကံပယောင်းတွေအားကုန်ရင် သဒ္ဓါတရားတွေထက်သန်လာလို့ ဘုရားတွေဖူးကြရတာ။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

တို့ညီအစ်ကိုနှစ်ယောက် သွားခဲ့တယ်လေ၊ ရေတံခွန်တောင်၊ အဲဒါ ကိုယ်တိုင်သွားမှ မြင်ခဲ့ရတာ၊ ဘယ့်နှယ်တုန်း၊ ခရီးဝေးက ဟိုရွာဒီရွာက လာရတာ ကားခ၊ ရထားခ ပိုက်ဆံမကုန်ဘူးလား။

(ကုန်ပါတယ်ဘုရား။)

လူရော မပင်ပန်းဘူးလား။

(ပင်ပန်းပါတယ်ဘုရား။)

စားဝတ်နေရေးရော မကုန်ဘူးလား။

(ကုန်ပါတယ်ဘုရား။)

ဘယ့်နှယ့်တုန်း။

(ကြည်ပါတယ်ဘုရား၊ ဖူးရပါတယ်ဘုရား။)

ဘုရားရှင်ရဲ့ အစိမ္မြေယျတရားတော်တွေ မဆန်းကြယ်ဘူးလား။

(ဆန်းကြယ်ပါတယ်ဘုရား။)

ဘယ်မှမသွားရဘူး၊ ပိုက်ဆံလည်းမကုန်ဘူးနော်၊ လေလည်းမတိုက်ဘူး၊ မိုးလည်းမစိုဘူး၊ မချမ်းသာဘူးလား။

(ချမ်းသာပါတယ်ဘုရား။)

ဒိ, ထိ ဝင်က၊ နိရောခ . . .။

ဒိ = ဒိဋ္ဌဓမ္မ အကျိုးပေးတယ်။

ထိ = ထိ,သိ၊ မှတ်ရတာ လွယ်ကူတယ်။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## အားထုတ်ရင် လွတ်နိုင်ကျွတ်နိုင်သေးတယ်

သုမေဓာရှင်ရသေ့ဘဝတုန်းက သွားတဲ့အခါ (မုတ္တော မောစေယံ)၂ လို့ ကြိမ်းဝါးလာတာ။

ယခုဘုရားအဖြစ်ကို ရောက်တော်မူတဲ့အခါ တကယ်သုတ်ရိုက်ပြီးတော့ လူ့ပြည်နတ်ပြည် (မုတ္တော မောစေယံ)၂ သံသရာက လွတ်စေရမယ်၊ ကျွတ်စေရမယ်။

ပရိနိဗ္ဗာန်စံခါနီးကျတော့လည်း (အပ္ပမာဒေန သမ္ပာဒေထ) ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သနားတော်မူလို့ထားခဲ့တာ။

(တင်ပါ့ဘုရား။)

ထားခဲ့လို့ မိမိတို့ကိုယ်တိုင်ကိုယ်ကျ အားထုတ်နေကြရပြီ။

(တင်ပါ့ဘုရား။)

ဘုရားရှင်သာသနာတော်နဲ့ တွေ့ရတဲ့ဘဝ တရှူတရှိုက်က စပြီးတော့ တန်ဖိုးဖြတ်လို့မရဘူး။

(တင်ပါ့ဘုရား။)

ကျင့်ဝတ္တရားဆိုတာ နိဗ္ဗာန်တိုင်အောင်မြဲတယ်၊ ဝမ်းသာစရာကောင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

သွားတော့ ဘယ်လိုတွေ့တုန်း။

(တွေ့ပါတယ်ဘုရား။)

ဒကာကြီးကရော တွေ့တယ်မဟုတ်လား။

(တွေ့ပါတယ်ဘုရား။)

ရူပ ပရိစ္ဆေဒ၊

နာမ ပရိစ္ဆေဒ တဲ့။

နှစ်ခုပေါင်းလိုက်တော့ နာမရူပ ပရိစ္ဆေဒဉာဏ်၊ နာမရူပ ပရိစ္ဆေဒ ဆိုတာ ကိုယ့်ခန္ဓာကိုယ်ကြီး ဖြစ်နေပုံတွေ၊ ပျက်နေပုံတွေ၊ မမြဲခြင်းသဘောတရားတွေ။

အနိစ္စ ဘယ်အချိန်မှမမြဲဘူး၊ ဒိဋ္ဌိဝိသုဒ္ဓိ အယူစင်ကြယ်သွားတာပေါ့၊ လူတိုင်းလူတိုင်း မနေ့ကလည်းတွေ့၊ ဒီကနေ့လည်းတွေ့ ကြိုးစားကြပါ။

ဒီခန္ဓာကိုယ်ကြီးဟာ အကျိုးတရားကြီးအတွက် ဒီရုပ်နဲ့ ဒီနာမ် ဖြစ်လာတာမဟုတ်ဘူး။

(တင်ပါ့ဘုရား။)

ပျက်သောမယ့်အကြောင်းတရားတွေ လယ်တီဆရာတော်ကြီး အမိန့်ရှိတာလို အကြောင်းတရားက ဘာတွေတုန်း။

အဝိဇ္ဇာ၊

တဏှာ၊

ဥပါဒါန်၊

ကံ, အာဟာရ ဆိုကြစမ်း။

www.burmeseclassic.com

www.burmeseclassic.com


အဝိဇ္ဇာ အကြောင်းတရား၊

တဏှာ အကြောင်းတရား၊

ဥပါဒါန် အကြောင်းတရား၊

ကံ အကြောင်းတရား၊

အာဟာရ အကြောင်းတရား။

တစ်သံသရာလုံးက ဒီငါးပါးနဲ့လာခဲ့တာ၊ ယခုထိတွေ့နေသည့်အထိ ဒီငါးပါးက ရှိနေဆဲ၊ အဝိဇ္ဇာကလည်း ရှိတယ်မဟုတ်လား။

(ရှိပါတယ်ဘုရား။)

တဏှာကလည်းရှိတယ်မဟုတ်လား။

(ရှိပါတယ်ဘုရား။)

အဝိဇ္ဇာ တဏှာ ဥပဒါန် ရှိမနေဘူးလား။

(ရှိပါတယ်ဘုရား။)

ခဏခဏ အိမ်ကို စိတ်ကရောက်နေတာမဟုတ်ဘူးလား။

(တင်ပါ့ဘုရား။)

ဥပါဒါန်, ကံ, အာဟာရ, ပဋိစ္စသမုပ္ပါဒ်ဉာဏ်၊ မိမိတို့ပြုခဲ့တဲ့ အကြောင်းတရား သံသရာတစ်ခွင်လုံး လောကီနဲ့လာခဲ့ရတာ၊ စဉ်းစားကြည့်စမ်း၊ အဖြစ်ပေါင်းစုံ၊ ဘုံပေါင်းစုံ မရောက်ဘူးတဲ့ဘုံ သုတိတာ မြဟ္မာငါးဘုံတဲ့။

ကျန်တဲ့ဘုံတွေ အကုန်ရောက်ခဲ့ပြီ။

(တင်ပါ့ဘုရား။)

အဝီစိလည်းရောက်ခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com


(ရောက်ခဲ့ပါပြီဘုရား။)

ရောက်ခဲ့ပြီးပြီ၊ ယခုချိန်ခါမှာ အားထုတ်ရင် လွတ်နိုင်ကျွတ်နိုင်သေးတယ်၊ ကြိုးစားအားထုတ်မယ်ဆိုရင် လွတ်နိုင်ကျွတ်နိုင်တဲ့ဘဝမျိုးရနိုင်တာ။

အကြောင်းတရားရှာလိုက်တော့ ကိုယ်ပြုခဲ့တာတွေပဲ၊ အကြောင်းတရားမဆုံးသမျှတော့ ပဋိသန္ဓေတည်လိုက်၊ အိုလိုက်၊ နာလိုက်၊ သေလိုက်၊ ဇရာဒုက္ခ ဗျာဓိဒုက္ခ မရဏဒုက္ခတွေ ဆက်နေမှာပဲ မဟုတ်လား။

(ဆက်နေမှာပါပဲဘုရား။)

မင်းတို့မဆက်ချင်ဘူးမဟုတ်လား။

(မဆက်ချင်ပါဘူးဘုရား။)

မဆက်ချင်ရင် ကြိုးစားရုံပေါ့ကွ၊ အကြောင်းတရားက ဘာတွေလဲ၊ အဝိဇ္ဇာ, တဏှာ, ဉပါဒါန်, ကံ, အာဟာရ အတိတ်အကြောင်းတရားငါးပါး၊ ကြည့်သည်၊ မြင်သည်၊ ဒီလိုမဟုတ်ရင် ကြည့်မြင်၍ဖြစ်သည်။

(တင်ပါ့ဘုရား။)

သို့မဟုတ် ကြည့်မြင်သောကြောင့် ဖြစ်သည်၊ ဒီနေ့ အဲဒါပဲ ကြိုးစားကြ အဲဒါနဲ့ပဲ သွားကြ။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## ဘဝတန်ဖိုး ဖြတ်လို့မရ

ဘုရားရှင်ရဲ့ကျေးဇူးတော်တွေ၊ ဘုန်းတော်တွေ၊ ကံတော်တွေ၊ ဉာဏ်တော်တွေ၊ တန်ခိုးတော်တွေ ပူဇော်လို့ မကုန်နိုင်တော့ဘူး၊ ဘုရားရှင်ရဲ့ အလိုတော်တွေ ကျင့်ကြံရင် ဘာမှမလိုတော့ဘူး။

ကိုယ့်ကိုယ်တိုင်လည်းပဲ အသက်စွန့်၊ မယားလည်းစွန့်၊ တိုင်းသူပြည်သားတွေလည်းစွန့် ရက်ရက်စက်စက် တောကြီးမျက်မည်း တစ်ယောက်တည်း ဒုက္ကရစရိယ (၆)နှစ်ကြာအောင် ကျင့်၊ ကိုယ်ကိုယ်တိုင်ခံစားရတဲ့ ဇာတိဒုက္ခ၊ ဇရာဓိဒုက္ခ၊ မရဏဒုက္ခ ရန်တွေရှာပေးထားခဲ့တယ်။

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရ တသံသရာလုံး ဒီအဆိပ်တက်တာပဲ။

(တင်ပါ့ဘုရား။)

ဖြစ်ဆဲ ရန်သူလည်းပဲ၊ တရားခံတွေလည်းပဲ ရှာပေးခဲ့တာတွေ။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


အဲဒီရန်သူတွေကို ရှာပေးဖို့ရာ လူတိုင်းလူတိုင်း ကိုယ်ရော သူရော အကုန်လုံးပေါ့၊ လက်နက်တွေလည်း ပေးထားခဲ့တယ်၊ တရားခံရန်သူတွေလည်း ရှာပေးထားခဲ့တယ်။

(တင်ပါ့ဘုရား။)

ဒါလည်းပဲ အရှုံးပေးနေရတာမဟုတ်လား၊ အဲဒီတရားခံဖြစ်နေရင် တစ်သံသရာလုံး နှိပ်စက်ဦးမှာ။

(တင်ပါ့ဘုရား။)

တစ်သံသရာလုံး နှိပ်စက်လာတဲ့ တရားခံကို ဒီလက်နက်နဲ့ တော်လှန်ကြလို့ ပေးခဲ့တာ။

(တင်ပါ့ဘုရား။)

သိရက်သားနဲ့ အရှုံးပေးရတာ၊ သိသိကြီးနဲ့ အရှုံးပေးနေရတာ၊ စဉ်းစားကြည့်၊ ဘုရားအလို ဘာမှမလိုဘူး။

(တင်ပါ့ဘုရား။)

အပ္ပမာဒေန ဘိက္ခဝေ ...

အဲဒါလေးတစ်ခုထဲတင် ၁၇၉၂-ကြိမ်၊ ဒါလေးကိုပဲ အရေးကြီးလို့မှာထားခဲ့တာပေါ့၊ နောက်တစ်ချိန် ပူပန်မှုမရှိကြစေနဲ့လို့ အကြိမ်ကြိမ် မှာတော်မူတာ။

(တင်ပါ့ဘုရား။)

အရှုံးပေးနေရတာမဟုတ်လား၊ ကဲ... ဖြေကြစမ်းပါဦး။

(တိုက်တွန်းပါဘုရား။)

ရန်သူကိုလည်း သူကိုယ်တိုင် ဒုက္ခတွေ့ခံပြီးရှာပေးထားတာ၊ အနုသယနည်းဗျူဟာနဲ့ မခက်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com


(ခက်ပါတယ်ဘုရား။)

အေး‥ဒီဘဝမှာ အချိန်လည်းကောင်းတယ်၊ အခါလည်းကောင်းတယ်၊ ဘဝလည်းကောင်းတယ်၊ မိမိကိုယ်ခန္ဓာကလည်း ကျန်းမာရေးနဲ့ပြည့်စုံတယ်၊ ကျန်းမာရေးပြည့်စုံတုန်းလေး ကြိုးစားကြ။

(တင်ပါ့ဘုရား၊ ဒီတပည့်ဒကာက မသိသေးဘူးဘုရား၊ တဏှာတပ်မက်မှုတွေ များနေပါတယ်ဘုရား။)

ဘုရားရဲ့ဆေး၊ ဘုရားရဲ့လက်နက်နဲ့ ဖြိုဖျက်မှရမှာ။

(တင်ပါ့ဘုရား။)

တစ်သံသရာလုံးက နှိပ်စက်လာတာ၊ ယခုဘဝမှာလည်း နှိပ်စက်နေဆဲပဲ၊ ရှေ့ဆက် သံသရာခရီးရှည်ကြီးလည်း နှိပ်စက်လတ္တံ့။

ပစ္စုပ္ပန်, အတိတ်, အနာဂတ်ကာလသုံးပါး၊ အဝိဇ္ဇာ, ဥဒပါဒိ၊ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်ဖို့ရာ ဘုရားရဲ့လက်နက်နဲ့ဖျက်မှရမှာ၊ ကြိုးစားကြ။

(တင်ပါ့ဘုရား။)

အဝိဇ္ဇာက ဖုံးထားတော့ တဏှာက ဘာမဆို အားရတင်းတိမ်နိုင်တယ်လို့ မရှိဘူး၊ ခုချိန်ခါမှာ ယထာဘူတဉာဏ်ရယ်၊ သမ္မာဒိဋ္ဌိ အမြင်မှန်ရတာရယ်၊ သမ္မာဒိဋ္ဌိဆိုတာက မဂ္ဂင်ရှစ်ပါးထဲက သမ္မာဒိဋ္ဌိ အမြင်မှန်ရလာလို့ရှိရင် -

စကြာမျက်စိတို့

သိကြားမျက်စိတို့

www.burmeseclassic.com

www.burmeseclassic.com



ဗြဟ္မာမျက်စိတို့လို ထက်မြက်တယ်တဲ့၊ ဟုတ်တာပေါ့၊ သမ္မာဒိဋ္ဌိ အမြင်မှန်ရဖို့ဆိုတာ ဘုရားသာသနာနဲ့လည်းတွေ့မှ၊ ကိုယ်ကလည်း ယုံကြည်မှုသဒ္ဓါတရားရှိမှ၊ အကြောင်းအကျိုးဆိုတာ အင်မတန် ပြည့်စုံခဲတယ်။

နတ်ပြည် ဗြဟ္မာပြည်လို့ဆိုတာက ပက်ကျိတို့၊ တီတို့၊ မျှော့တို့ကစပြီးတော့ ကမ္ဘာ့ကြီးပျက်စီးတဲ့အခါ အကုန်လုံး အဲဒီဆီ ရောက်ကြတာ။

(တင်ပါ့ဘုရား။)

မရောက်ဖူးတဲ့လူရယ်လို့မရှိဘူး။

(တင်ပါ့ဘုရား။)

မခံစားဘူးတဲ့လူ၊ မတွေ့ဘူးတဲ့လူလည်း မရှိတော့ဘူး။

(တင်ပါ့ဘုရား။)

အဲဒီတော့ ယခုအချိန်ခါမှာ ဘုရားသာသနာ့တော်နဲ့လည်း တွေ့ရ၊ ကြုံရ၊ ဆုံရ၊ ဘုရားစကားကိုလည်း လိုက်နာကျင့်သုံးနေတဲ့အတွက် သမ္မာဒိဋ္ဌိအမြင် အဓိသီလ အဓိစိတ္တ အဓိပညာဆိုတဲ့ သိက္ခာသုံးရပ်မှာ အဓိပညာဆိုတဲ့သိက္ခာ၊ မလွဲဘူး။

ဘုရားသာသနာအတွင်းမှာသာ ရှိတာ၊ လိုက်နာမှ၊ လိုက်နာကျင့်သုံးမှ အဓိစိတ္တ အဓိပညာဆိုပြီးဖြစ်တာ၊ ယခုအားထုတ်နေတာ အဓိပညာ၊ ဒီလိုပညာတွေရဖို့က မလွယ်ဘူး။

(တင်ပါ့ဘုရား။)

ယခုနေက ပြောခဲ့တဲ့ စည်းစိမ်ဥစ္စာတွေနဲ့ မလဲနိုင်ဘူး၊ အဲဒီ စည်းစိမ်ဥစ္စာက မဖြစ်ဖူးတဲ့လူလည်း မရှိဘူး၊ အဲဒါ အဝိဇ္ဇာ

www.burmeseclassic.com

www.burmeseclassic.com



တဏှာရချင်တယ်၊ ဖြစ်ချင်တယ်၊ လိုချင်တယ်၊ လောကထဲမှာ အကုန်လုံးပေါ့ လေ၊ အဲဒါ တဏှာ၊ ဘာမှပြည့်စုံတယ်ဆိုတာ မရှိဘူး၊ တင်းတိမ် နိုင်တယ်ဆိုတာ မရှိဘူး။

ဥပါဒါန် လာပြန်ပြီ အစွဲ၊ ဒီဋ္ဌိဥပါဒါန် ဟုတ်လား၊ အစိစ္စာ တဏှာဥပါဒါန် အဲဒါတွေရှိသေးတဲ့အတွက်ကြောင့် ကုသိုလ်ကံတွေ အကုသိုလ်ကံတွေဖြစ်ရတယ်။

ကုသိုလ်ကံတွေ အားကောင်းလာလို့ ဒီအချိန်ခါမှာ လူဖြစ် တာ။

(မှန်ပါ့ဘုရား။)

ဘဝတန်ဖိုးဖြတ်လို့မရဘူး၊ ယခုတရျတရှိက်ကို ဘဝတန်ဖိုး ဖြတ်လို့ရပါ့မလား။

(တင်ပါ့ဘုရား။)

နတ်ပြည်မှာရှိတဲ့ စူဠာမဏိစေတီတော်ကြီးဖူးလိုက်တာ တရှူနဲ့အားစိုက်ပြီး ဖူးလိုက်တာ ရောက်တယ်မဟုတ်လား။

(ရောက်ပါတယ်ဘုရား။)

ဗြဟ္မာပြည်မှာရှိတဲ့ ဒုဿစေတီရော။

(ရောက်သွားပါတယ်ဘုရား။)

ထွက်လေဝင်လေ တရှူတရှိုက်ကစပြီးတော့ တန်ဖိုးမနည်း ဘူး၊ ဒီပုံစံမျိုးရဖို့ကလည်း မလွယ်ဘူး။

(တင်ပါ့ဘုရား။)

တရှူဆိုတရှူ တရှိုက်ဆိုတရှိုက် ယုံကြည်မှုကလည်း အားများလာပြီ၊ ကြိုးစားကြ။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

အဝိစ္ဆာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရတွေ ရှာပေးထားခဲ့တယ်၊ တိုက်စရာလက်နက်တွေလည်း ပေးထားခဲ့တယ်၊ ကိုင်ရုံလေးကိုင်ထားလို့ ဖြစ်မှာမဟုတ်ဘူး၊ လက်နက်ကို။

(တင်ပါ့ဘုရား။)

(သာဓု … သာဓု … သာဓု …)

* * *

www.burmeseclassic.com

www.burmeseclassic.com

## စေတနာ–သဒ္ဒါ တန်ဖိုးဖြတ်မရ

ဘုရားတွေ ဖူးပြီးပြီလား။

(မဖူးရသေးဘူးဘုရား)

ဟိုနားကပ်နေတဲ့ ညောင်ပင်လေ။

(ရောက်တယ်ဘုရား၊ တပည့်တော်က။)

(တပည့်တော် မရောက်သေးဘူးဘုရား။)

(တပည့်တော် မနေ့က နိမိတ်ကိုမပေါ်လို့ နိမိတ်ပဲပွားနေရတယ်ဘုရား၊ မေတ္တာပဲပို့နေရတယ်ဘုရား၊ နိမိတ်ကိုမပေါ်ဘူး။)

(တင်ပါ့ဘုရား၊ သူက ဟိုနေ့ကပေါ်ပြီးသား၊ ပြန်ပျောက်နေလို့။)

နိမိတ်က တစ်ခါမှမရဘူးလား။

(ရပြီးသား၊ ရပါတယ်ဘုရား။)

ဟာ... နင်တစ်ယောက်တည်းလား။

(မှန်ပါ့ဘုရား၊ ပျောက်သွားတာ၊ မနေ့တုန်းက လုပ်လို့ကို မရဘူး၊ တပည့်တော် အဲဒါနဲ့ မေတ္တာတွေပို့ပြီးတော့ မှန်းပြီးတော့ လုပ်နေရတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ရရဲ့လား။

(မေတ္တာတွေချည်းပို့နေရတယ်ဘုရား၊ နိမိတ်က မပေါ်လာသေးဘူးဘုရား။)

ငါထိုင်တာလည်း အတော်ကြာပြီ၊ ဟင် မှတ်တာတဲ့၊ ကာလတွေ အခြေအနေဒီလောက်ရောက်လာပြီ၊ ကဲ‥ ဒါဖြင့်ရင် နိမိတ်ကလည်း ငါ့အခုထက်ထိ တစ်ခါမှ မပေါ်လာသေးပါလား၊ တစ်ခါမှလည်း မထင်သေးပါလား၊ ငါမှတ်နေတာ ငါ ကြိုးကြိုးစားစားမှတ်နေတာကို မပေါ်လာသေးဘူးလို့ အဲလိုမလာဘူးလား၊ လာတယ်နော်၊ အေး‥ လာလို့ မရတာပေါ့နော်။

ငါထိုင်နေတာလည်း အတော်ကြာပြီ၊ ငါမှတ်နေတာလည်း ကြာပြီ၊ ငါ ဝီရိယလည်းရှိတာပဲ၊ ကြိုးလည်းကြိုးစားနေတာပဲ၊ ဘယ့်နှယ်ကြောင့် မရတာလဲ၊ ဒါကို ဘာဖြစ်လို့ မလာရတာလဲ၊ မလာဘူးလား။

(လာပါတယ်ဘုရား။)

လာလို့မရတာပေါ့၊ အဲလိုပဲမှတ်နေရင် သူ့ဟာသူ ရသွားမှာပါပဲ၊ ပူမနေနဲ့၊ မျှော်မနေနဲ့၊ မဟုတ်ဘူးလား၊ မျှော်မနေနဲ့၊ တို့မန္တလေးမှာလို အသည်တွေဘာတွေ၊ မုန့်ရောင်းတာတွေ မလာဘူးလား၊ ကိုယ့်အိမ်နားရောက်တော့ ရောက်လာတဲ့အခါတော့ ကောက်ကာငင်ကာ ဝယ်စားလိုက်ရုံပဲ၊ သေရင်လည်း လိုဏ်ထဲမှာ ကျင့်ပြီးတော့ သေမှာ။

ဘယ်‥ အခုတော့ တစ်ရက်နှစ်ရက်တည်းနဲ့ အကုန်လုံး တပွေ့ကြီးလိုချင်လို့ ဘယ်ရမှာလဲ။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

မပဟုတ်ဘူးလား၊ တစ်ရက်နှစ်ရက်တည်းနဲ့ တပွေ့ကြီး လိုချင်တာ။

(တင်ပါ့ဘုရား။)

ရွှေနန်းတော်ကြီးတွေ ဆောက်ထားလိုက်တာ မိုးရာသီ တစ်ဆောင်၊ နွေရာသီတစ်ဆောင်၊ ဆောင်းရာသီတစ်ဆောင် သူ့ ရာသီနှင့်သူ လှည့်ပြီးတော့ စံနေတာ၊ ဒါကို ပစ်ထားလိုက်တာ။

ကြည့်စမ်း တစ်ယောက်တည်းရယ်၊ အဆောင်ကြီးလည်း အရှေ့အနောက် အရှည်ကြီး အမြင့်ကြီး၊ ဒီလိုတောင်ဘက်မှာ တောင်ဘက်မှာ ဘုန်းကြီးရောက်ခဲ့တယ်၊ အဲဒီ ရောက်တော့ မတ်တတ်ရပ်ပြီးတော့ ဦးတိုက်တာ။

တောင်နဲ့မြောက် လက်နဲ့ဖက်ကြည့်၊ သုံးလေးယောက် မမီ ဘူး၊ တောင်ဘက်ကလည်း ဒီလိုပဲ၊ မြောက်ဘက်ကလည်း ဒီလိုပဲ၊ မမီဘူး၊ အရှေ့အနောက် အဲလောက်ပဲ။

နောက်လိုဏ်ရဲ့ အကျယ်အဝန်း ဒုက္ကရစရိယာ (၆)နှစ် ကြာအောင် ကျင့်တော်မူခဲ့တဲ့ လိုဏ်ရဲ့အကျယ်အဝန်း။

(မှန်လှပါဘုရား။)

ဟောဒီ ဘယ်ဘက်ဘုကြီးထွက်နေတာ၊ မှန်ဝါးဝါး။

(တင်ပါ့ဘုရား၊ ရောက်တော့ ရောက်တယ်ဘုရား။)

မှုန်လိုက်တာပါလားလို့ အောက်မေ့တယ်မဟုတ်လား။

(မအောက်မေ့ပါဘူးဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ဟုတ်ရဲ့လားဟင်၊ ငါ့နိမိတ်ကရရဲ့သားနဲ့ မှုန်လှတာပါလား လို့၊ ပို့လိုက်တော့ကော နိမိတ်ကသွားလို့လား။

(သွားတယ်ဘုရား။)

အဲ.. သွားတော့ ဟိုရောက်တော့ လင်းစေကြည်စေ အဲလို လည်းခိုင်း၊ ကိုယ့်နားမှာမြင်မှ အလင်းတွေဘာတွေက ဝင်းနေ တယ်၊ ဟိုမှာပို့တဲ့အခါ ဖြောင့်ပေး စုပေးဆိုမှ အကုန်စုပြီးတော့ ဖြောင့်သွားမှာပေါ့။

(တင်ပါ့ဘုရား။)

အဲလိုကော မခိုင်းဘူးလား။

(ခိုင်းတော့ ခိုင်းတယ်ဘုရား၊ သို့ပေမယ့် သိပ်ပြီးတော့ ဟိုဟာမပြုဘူးဖြစ်နေတယ်ဘုရား။)

အဲဒီလိုလဲ ခိုင်းနော်။

(တင်ပါ့ဘုရား။)

နောက်တော့ မေတ္တာပို့နော်။

(တပည့်တော် ရောက်ပါတယ်ဘုရား။)

ရောက်တယ်၊ အေး။

(တပည့်တော် အုတ်တံတိုင်းကိုပို့တော့ အုတ်တံတိုင်းကို ရောက်ပါတယ်ဘုရား၊ ဒါပေမယ့် အုတ်တံတိုင်းက တပည့်တော်က အနီရောင်မှတ်ထားတာ၊ တပည့်တော်ရှေ့မှာ အုတ်တံတိုင်းက ဖြူဖြူကြီးဖြစ်နေတော့ တပည့်တော်။)

ရောက်တော့ရောက်တယ်မဟုတ်လား။

(ရောက်တယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ရောက်ရင်ပြီးတာပဲ။

(ဒီနေ့မနက်မှာ တပည့်တော်မ ဖြူဖြူကြီးတွေ့တာဘုရား။)

ပြီးတော့ ဟိုဘက်ကရော။

(တပည့်တော်က အစုတ်တံတိုင်းနီနီထင်တာ၊ ဘယ်ရောက်နေတာပါလိမ့်လို့၊ တကယ်တော့ ဖြူဖြူရောက်တယ်ဘုရား)

ရောက်သွား ပြီးတာပဲ၊ ပြီးတော့ အလင်းပို့စဉ်အခါ ဖြောင့်ပေး စုပေး၊ ဖြောင့်ပေး စုပေး၊ အကြီးအသေးမလုပ်ရသေးဘူးလား။

(မလုပ်ရသေးဘူးဘုရား။)

အေး… ရတယ်နော်။

(အစုတ်တံတိုင်းပါပဲဘုရား။)

နောက်တော့ … ။

(တပည့်တော် ဘုရားဖူးတယ်ဘုရား၊ ကျောလေးပဲဖူးရတယ်၊ မကြည်ဘူးဘုရား၊ ကျောဘက်ကပဲ။)

ရတယ်မဟုတ်လား။

(ရတယ်ဘုရား။)

အဲ… နောက်ပြီးတော့…။

(ရောက်ပါတယ်ဘုရား၊ ဒါပေမယ့် မကြည်ဘူး)

သံဝေဋ္ဌာယီကပ် ကမ္ဘာကြီးအကုန်လုံး ပျက်စီးနေပြီ။

(တင်ပါ့ဘုရား။)

မီးလောင်တဲ့ကမ္ဘာဆိုတာ မီးဖျက်လို့ပျက်စီးနေတာ၊ ဒီပလ္လင်နေရာက နောက်ဆုံးမှပျက်တာ။

www.burmeseclassic.com

www.burmeseclassic.com


(မှန်ပါ့ဘုရား။)

တစ်ကမ္ဘာလုံး ပျက်နေတာကိုကြည့်စမ်း၊ ဒီနေရာက နောက်ဆုံးမှပျက်တာ။

(မှန်ပါ့ဘုရား။)

အံ့သြစရာမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

အကုန်လုံးပျက်စီးနေတာ၊ ကမ္ဘာကြီးတည်တော့ သူက အရင်ဆုံးတည်တာ၊ အံ့သြစရာမကောင်းဘူးလား။

(အံ့သြစရာကောင်းပါတယ်ဘုရား။)

အေး‥ ဒီပလ္လင်နေရာ ပလ္လင်နေရာ။

(မှန်ပါ့ဘုရား။)

ဘုန်းကြီးတို့က အဲဒီနေရာ အဝိဇ္ဇာဏာက အသက်မရှိတဲ့ မြေကြီးကတောင် ကြည့်စမ်း။

(မှန်ပါ့ဘုရား။)

အသက်မပါဘူး။

(မှန်ပါ့ဘုရား။)

ဘယ်လိုကြံစည်မှာတုန်း၊ ဘုန်းကြီးတို့က နေ့တိုင်းရှိခိုးနေ တာ။

(မှန်ပါ့ဘုရား။)

အဲဒါရယ် ‥‥။

(မှန်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ဒုက္ကရစရိယာ (၆)နှစ်ကြာအောင်ကျင့်တော်မူခဲ့တဲ့ လိုဏ်တော်ကြီးက ဓမ္မစေတီထိုက်နေတာ။

(မှန်ပါ့ဘုရား။)

(၆)နှစ်ကျင့်ထားတာ။

(တင်ပါ့ဘုရား။)

အသေအလဲကျင့်တာ။

(မှန်ပါ့ဘုရား။)

အဲဒီလိုကျင့်ပေးလို့ ခု တို့ တရားလေးဘာလေး ရှုမှတ်ခွင့်ရတာ။

(တင်ပါ့ဘုရား။)

အဲဒီလိုဏ် ရေမွှေးတို့ ပေါင်ဒါတို့နဲ့ အဲဒီတုန်းက ပူဇော်ခဲ့တာ၊ မျက်စိထဲမှာ မြင်ယောင်နေသေးတာ။

(တင်ပါ့ဘုရား။)

အဲဒါကို အမြဲတမ်းရှိခိုးတယ်။

(မှန်ပါ့ဘုရား။)

ဝတ်ချအိပ်တယ်၊ ပြီးတော့ ကုသိနာရုံစေတီတော်ကြီးက လျောင်းတော်မူကြီး၊ တောင်နဲ့မြောက်။

(မှန်ပါ့ဘုရား။)

အဲဒီစေတီတော်ကြီး သူများတွေက ရေမွှေးတို့၊ ပေါင်ဒါတို့ ဒီလိုပုလင်းကြီးတွေ (၅)ပုလင်း ရေမွှေးက၊ ပြီးတော့ ဒီလိုဗူးကြီးတွေ (၃)ဗူး၊ စီဝိုင်စီနှစ်ထပ်သက်န်းက နှစ်ထည်၊ သူများတော့

www.burmeseclassic.com

www.burmeseclassic.com


ဖယောင်းတိုင်လေးနဲ့သွားလို့၊ သင်္ကန်းလေးဘာလေးကပ်ပြီးတော့ ရွှေစက္ကူလေးဘာလေးကပ်ထားတဲ့ သင်္ကန်းပါတယ်။

ဘုန်းကြီးတို့က အဲဒီလိုမဟုတ်ဘူး၊ ရေမွှေးတို့၊ ပေါင်ဒါတို့ သင်္ကန်းတို့ ဒါတွေပါယူသွားတယ်၊ ဟိုရောက်တော့ အဲဒီ လျောင်းတော်မူကြီးကို ရှေးဦးစွာ မျက်နှာသုတ်ပုဝါနဲ့ပွတ်လိုက်တယ်။

(မှန်ပါ့ဘုရား။)

ပွတ်ပြီးပြီဆိုတော့ အဲဒါမှ လျောင်းတော်မူကြီးက ရွှေတို့ ဘာတို့ ရှိထားတဲ့အခါကျတော့ ရေမွှေးတော့ မပူဇော်ဘူး၊ ဇရဲမီး တွေပါတဲ့အတွက် ပေါင်ဒါတွေအကုန်လုံးဟုတ်လား၊ စိုဝိုင်စီသင်္ကန်း ကြီးကို ထောင့်လေးထောင့်ကိုင်ခိုင်း၊ ကိုင်ခိုင်းပြီးတော့ ရေမွှေး တွေဖျန်း၊ ပေါင်ဒါတွေဖြူး။

(မှန်ပါ့ဘုရား။)

အဲ·· ဖြူးပြီးတော့ကာ လည်ပင်းတော်အောက်က လွှာပြီး ခြုံပြီးတော့ ပူဇော်လိုက်တာ။

(တင်ပါ့ဘုရား။)

နောက်တစ်ထည်ကလည်း အဲဒီစပ်ပြီးပူဇော်လိုက်တာ။

(မှန်ပါ့ဘုရား။)

အဲဒီလို ပူဇော်ခဲ့တာပဲ၊ အဲဒီစေတီတော်ကြီး ရှိခိုးတယ်။

(မှန်ပါ့ဘုရား။)

ဒါ ညတိုင်းရှိခိုးတယ်၊ ကဲ··အဲဒီဟာတွေ ရှိခိုးနိုင်ပါ့မလား။

(ရှိခိုးပါ့မယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ဟုတ်ပါ့မလား။

(ဒီနေ့က စရှိခိုးပါ့မယ်ဘုရား။)

ခုန ပလ္လင်နေရာ ပလ္လင်နေရာရယ်၊ လိုဏ်ဂူတော်ကြီးရယ်၊ ကုသိန္နာရုံစေတီတော်ကြီးရယ်၊ အဲ လျောင်းတော်မူကြီး၊ သီဟိုဠ်ထူပါရုံစေတီ၊ မဟာစေတီ၊ အဲ·· ဟောဒီထောင့်မယ် ထူပါရုံစေတီ၊ ထူပါရုံစေတီက ညှပ်ရိုးတော်၊ တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီတော်မှာ ရောက်ပြီးသား ပူဇော်ထားပြီးသား။

အဲဒီထူပါရုံစေတီတည်တော့ အရှင်မဟာမဟိန္ဒက သာမဏေလေးလွှတ်လိုက်တာ၊ အဲဒီညှပ်ရိုးတော် သိကြားမင်းကလည်း လွယ်လွယ်ကူကူပေးလိုက်တာ၊ ပူဇော်လိုက်တာ၊ ဒီရောက်တော့ ဌာပနာခါနီးရောက်တော့ ပူဇော်မယ်လုပ်တော့ ညှပ်ရိုးတော်က ကောင်းကင်တက်ပြီး ရေမီးအစုံစုံ တန်ခိုးပြာဋိဟာတွေ ပြသွားတာ။

အဲဒါ ထူပါရုံ ဟိုမဟာစေတီထဲမှာ ဓာတ်တော်တစ်စိတ်သားပါလာတယ်၊ အဲဒါတွေ ဘုန်းကြီးတို့က ဝတ်ချအိပ်တယ်၊ ပြီးတော့ ညောင်ပင်၊ ညောင်ပင်က ဟိုမှာ၊ ဟိုဘက်မှာ၊ ဩော်··· ဟုတ်တာပေါ့၊ သီဟိုဠ်ညောင်ပင်၊ ညောင်းကိုင်းလေးတစ်ကိုင်း ကျန်တော့တာ။

(မှန်ပါ့ဘုရား။)

ဘရိတ်ဒါးနဲ့ လှီးတယ်၊ အဲဒီညောင်ကိုင်းကိုတော့ ဘုန်းကြီးက နဖူးနဲ့အကြိမ်ကြိမ်ဦးတိုက်တာ၊ ထိုစေတီတော်တွေက ဒါစေတီထားပါတော့၊ စေတီကိုရေမွှေးတွေပူဇော်၊ ဟုတ်လား။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


အတွင်းက ဌာပနာတွေ ဘာတွေကို အာရုံပြုပြီးတော့ ဒီဘက်ကဦးတိုက်၊ ဒီဘက်ကဦးတိုက်၊ ဒီဘက်ကဦးတိုက်၊ နဖူးနဲ့ အကြိမ်ကြိမ် အဲဒီလိုဦးတိုက်ပြီး ပူဇော်လာတာ။

(တင်ပါ့ဘုရား။)

အဲဒီလို ပူဇော်လာတာ။

(တပည့်တော်ကတော့ တရားမှတ်ပြီဆိုရင် ဟို (၆)နှစ် ဒုက္ကရစရိယာကျင့်လို့ အရိုးပြိုင်းပြိုင်းကျနေတဲ့ပုံရယ်၊ နောက် မြက်ရှစ်ဆုပ်ပေါ်မှာ မြတ်စွာဘုရား အာနာပါနကမ္မဋ္ဌာန်း စကျင့်တဲ့ ပုံတော်ရယ်၊ နှစ်ပုံ နှစ်ပုံတော့။)

အဲဒီတော့ကို ထားထားထားထား၊ အဲဒီတော့ကို အိန္ဒိယ ခုနပြောတာတွေ ဝတ်ချနိုင်ပါ့မလား။

(ဝတ်ချနိုင်ပါတယ်ဘုရား။)

နေ့စဉ်ဝတ်ချအိပ်ဖို့ ပြောနေတာ။

(ချပါ့မယ်ဘုရား။)

လုပ်ပါ့မလား။

(လုပ်ပါ့မယ်ဘုရား၊ ဆရာသမားစကား နားထောင်ပါ့မယ် ဘုရား။)

ဝတ်မချလည်း ကိုယ့်ကုသိုလ်မရမှာပေါ့၊ ဘယ်နှစ်ဌာနတုန်း။

(၅-ဌာနရှိသွားပါပြီဘုရား။)

ပလ္လင်နေရာရယ်၊ တရားကျင့်တဲ့လိုဏ်ရယ်၊ နောက်ပြီးတော့ ကုသိနာရုံ၊ သီဟိုဠ်က ထူပါရုံ၊ ရွှေတိဂုံ၊ ကဲ‥ ပြောနေတော့ မှတ်မိမှာမဟုတ်ဘူး၊ တော်နေ မေ့သွားမှာ၊ မဟုတ်ဘူးလား၊

www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်လှည့်ရှိခိုး၊ နမောတဿဆို (၃)ကြိမ်၊ အနောက်တည့်တည့်နော်၊ အဲဒီနေရာတွေက ဗောဓိပင်နေရာ မြတ်စွာဘုရားပွင့်တဲ့နေရာ။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (၃)ကြိမ်။

ကျက်သရေကောမရှိဘူးလား။

(ရှိပါတယ်ဘုရား။)

မင်္ဂလာကော မရှိဘူးလား။

(ရှိပါတယ်ဘုရား။)

ကုသိုလ်ကော မရဘူးလား။

(ရပါတယ်ဘုရား။)

အန္တရာယ်ကော မကင်းဘူးလား။

(ကင်းပါတယ်ဘုရား။)

အဲ··အကုန်လုံး အကျိုးထူးရှိလား။

(ရှိပါတယ်ဘုရား။)

ကဲ··အဲဒါ အမြဲတမ်းမှတ်ထားနော်၊ အမြဲတမ်းဝတ်ယူထား၊ ဟုတ်လား။

(တင်ပါ့ဘုရား။)

မယူရင် ကိုယ်ကုသိုလ်မရမှာပေါ့၊ ကဲ·· သွားနိုင်ပြီ။

အဲ··ဟုတ်လား၊ အဲ··"ရုပ်နာမ်ကိုခွဲ၊ သူလည်း ခုန်သည်" သူလည်းက ဘယ်သူလဲ၊ နိမိတ်ပေါ့။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ဟိုခုန်ကူးလိုက်၊ ပြန်ပြီးတော့ ဒီခုန်ကူးလာလိုက်၊ ဟုတ်လား။

(တင်ပါ့ဘုရား။)

"နိဗ္ဗာန်တွေ့ လွတ်ရှုနေဝင်ပြီ"တဲ့၊ တရားနဲ့လွတ်လို့ရမလား၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ရောက်ဖို့ တရားတွေမဟုတ်လား။

(မှန်ပါအရှင်ဘုရား။)

ဝမ်းမြောက်ဝမ်းသာနဲ့ ပွားကြပါ၊ အဲဒီရောက်လို့ မင်းတို့နေတဲ့ နေရာကနေ တစ်တောင်လောက် နောက်ဆုတ်။

(တင်ပါ့ဘုရား။)

နောက်ဆုတ်ပြီးတော့ အဲဒီနေရာကိုပဲထပ်ပို့။

(တင်ပါ့ဘုရား။)

ပို့လိုက်ယူလိုက် ယူလိုက်ပို့လိုက်လုပ်။

(မှန်ပါအရှင်ဘုရား။)

အဲ·· အကြိမ်များစွာရပြီဆိုရင် ဆက်ပြီးတော့ နောက်ထပ်တစ်ထောင်လောက်ထပ်ဆုတ်။

(မှန်ပါအရှင်ဘုရား။)

အကြိမ်ကြိမ်ပို့၊ အဲ··ရသွားပြီဆိုရင် နောက်ထပ် တစ်တောင်လောက်ထပ်ဆုတ်၊ ပို့လိုက်ယူလိုက် ယူလိုက်ပို့လိုက်နော်။

(မှန်ပါ့အရှင်ဘုရား)

ရသွားပြီဆိုမှ နောက်ဆုတ် ပို့လိုက်ယူလိုက် ယူလိုက်ပို့လိုက် တစ်ခါတည်း အဝေးကြီးဆုတ်ပြီးတော့ အဲလို မပို့လိုက်နဲ့ဦး။

www.burmeseclassic.com

www.burmeseclassic.com


(မှန်ပါအရှင်ဘုရား။)

အဲ·· နောက်တစ်ခါ နောက်ဆုတ်။

(မှန်ပါအရှင်ဘုရား။)

ကဲ·· မင်းတို့ အခန်းထဲနေတာဆိုတယ်၊ အခန်းနောက်ကျော က နံရံကိုမှီပြီးတော့ အဲဒီမှာ ရှေ့နားပို့နေကျနေရာပို့။

(မှန်ပါအရှင်ဘုရား။)

များများပို့ပေါ့။

(မှန်ပါအရှင်ဘုရား။)

နော် အဲ·· ရသွားပြီ၊ ဟိုဘက်က အခန်းရှိလို့ရှိရင် ဟိုဘက် ကအခန်းကို ပို့လိုက်နော်။

(မှန်ပါအရှင်ဘုရား။)

သူ့ဟာသူ ဖောက်သွားမှာဟုတ်လား။

(မှန်ပါအရှင်ဘုရား။)

အေး·· ပို့လိုက်ယူလိုက် ယူလိုက်ပို့လိုက်လုပ်၊ မင်းတို့နေတာ ဟိုဘက်က ဘယ်နှစ်ခန်းရှိတုန်း။

(တပည့်တော်တို့ ဓမ္မာရုံရဲ့ဒီဘက်က အဆောင်ဘုရား။)

ဓမ္မာရုံမလုပ်နဲ့ အခန်းပဲပြောလေ၊ တိုင်လေးတွေက။

(တိုင်တွေရှိတယ်ဘုရား)

အဲ·· ပို့ရင် အမှတ်အသားလေးတွေနဲ့ ပို့နော်။

(တင်ပါ့ဘုရား။)

ပို့လိုက်ယူလိုက် ယူလိုက်ပို့လိုက်လုပ်၊ အဲဒီလို အကြိမ်ကြိမ် အဖန်ဖန်ကြိုးစား။

www.burmeseclassic.com

www.burmeseclassic.com


(မှန်ပါ့ဘုရား။)

အေး‥ အဲဒီလို ရှေ့ကပြီးတော့ နောက်ကျောပေါ့ကွ။

(တင်ပါ့ဘုရား။)

ဟုတ်လား၊ မျက်နှာက တောင်ဘက်လှည့်၊ အနောက်ဘက် ပြုပြန်တော့ အနောက်ဘက်လှည့်။

(မှန်ပါ့ဘုရား။)

ဟုတ်လား၊ လှည့်ပါများတော့ မလှည့်ဘဲနေပါ့မလား။

(မှန်ပါ့ဘုရား။)

ဟုတ်လား၊ အဲလိုပို့၊ ကြိုးစားကြ၊ မင်းတို့နေ့တွက် မင်းတို့ ရတာ။

(တင်ပါ့ဘုရား။)

မင်းတို့လုပ်အားခ မင်းတို့ရတာ။

(တင်ပါ့ဘုရား။)

မလုပ်ရင် မရမှာပေါ့။

(မှန်ပါအရှင်ဘုရား။)

မဟုတ်ဘူးလား။

လိုတော့ လိုချင်တယ်၊ ပျင်းတယ်ဆိုရင် ရပါ့မလား။

(မရပါဘူးဘုရား။)

ဟင်‥ လိုတော့ လိုချင်တယ်မဟုတ်လား၊ ဟင် ပျင်းလည်း ပျင်းတယ်မဟုတ်လား၊ ဟာ … ။

(မပျင်းပါဘူးဘုရား။)

စေတနာသဒ္ဓါတရားတွေဆိုတာ နော်။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပေါ့ဘုရား။)

အေး‥ ဒီစေတနာသဒ္ဒါတရားက တန်ဖိုးဖြတ်လို့မရဘူးနော်။

(မှန်ပါအရှင်ဘုရား။)

နော် ကြိုးစားကြ၊ ဝမ်းမြောက်ဝမ်းသာနဲ့ ကြိုးစား။

(မှန်ပါအရှင်ဘုရား။)

ကိုင်း … သွားကြ။

(သာဓု … သာဓု … သာဓု …)

* * *

www.burmeseclassic.com

www.burmeseclassic.com

## တစ်သက်လုံးရဲ့သမိုင်း

ပြီးသွားပြီလား။

(ပြီးသွားပြီဘုရား။)

ပြီးသွားပြီ၊ အေး ... တောင်ပေါ်ပို့တော့ကို သွားတယ်မဟုတ်လား၊ ရောက်တယ်မဟုတ်လား။

(မရောက်သေးဘူးဘုရား။)

ဟင် ... ။

(မရောက်သေးဘူးဘုရား။)

(ရောက်ပါတယ်ဘုရား၊ တပည့်တော်ရောက်ပါတယ်ဘုရား။)

အဲ·· မင်းက နိမိတ်ကတော့ ရတယ်မဟုတ်လား၊ ရရင်ပို့၊ ပို့ ရတာပေါ့၊ ရှုပြီးရင်ပို့၊ ကိုယ်မှန်းတာလေး ဖြောင့်ပေး စုပေး၊ ဖြောင့်ပေး စုပေး၊ နိမိတ်ကိုလည်း နည်းနည်းပါးပါးကြည့်၊ ပြီးတော့လွှတ်နော်။

ကဲ·· မင်းတို့ ဘယ်ဘုရားများရောက်တုန်း၊ နဂါးရုံဘုရားတို့ဘာတို့ ရောက်သလား။

www.burmeseclassic.com

www.burmeseclassic.com


(နဂါးရုံဘုရား ရောက်ပါတယ်ဘုရား။)

ရောက်တယ်။

(တင်ပါ့ဘုရား။)

အဲ ··· နောက်တစ်ယောက်။

(ရောက်ပါတယ်ဘုရား။)

ရောက်တယ်။

မြကျောက်တောင်ဆိုတာကော ရောက်သလား။

(ရောက်ပါတယ်ဘုရား။)

ဘာတွေတွေ့တုန်း။

(သိပ်တော့ သဲသဲကွဲကွဲကြီးတော့ မဟုတ်ပါဘူးဘုရား။)

ဟင် ···

(ရောက်တော့ ရောက်တယ်၊ အရမ်းသဲသဲကွဲကွဲကြီးတော့ မဟုတ်ပါဘူးဘုရား။)

ဓာတ်တော် ဌာပနာတွေဘာတွေကော မဖူးခဲ့ရဘူးလား။

(တပည့်တော် မြကျောက်တော့ မရောက်ခဲ့ဘူးဘုရား။)

မတွေ့ခဲ့တာပေါ့။

(တင်ပါ့ဘုရား။)

ဟာ ··· တောင်ပေါ်ဘုရားရယ်၊ တောင်ပေါ်ဘုရားရယ်၊ မြကျောက်ရယ်၊ ရေတံခွန်တောင်ရယ်၊ ကုသိုလ်တော်ရယ်၊ နဂါးရုံရယ်၊ အဲဒီလို တောင်ပေါ်ဘုရားဆိုတာ နဂါးရုံတို့ တောင်ပေါ်ဘုရားဆိုတာ အကုန်လုံးပါတယ်၊ လေးနေရာပေါ့၊ အဓိကကတော့ ထားနော်၊ ရေတံခွန်တောင်။

www.burmeseclassic.com

www.burmeseclassic.com


(ပါတယ်ဘုရား။)

ရဟန္တာတွေ ဆွမ်းခံကြွနေပုံ…။

(ဖူးရပါတယ်ဘုရား။)

အဲဒါလည်း ရရမယ်၊ ဝမ်းမြောက်ဝမ်းသာနဲ့ပို့၊ ဟုတ်လား၊ နိမိတ်ရရင်ရမယ်၊ အဲဒါ ဘာလုပ်မရရမှာလဲ၊ မင်းတို့နော်။

၁။ ကုသိုလ်တော်တရား၊

ပြီးတော့ ကျောက်စာတော်၊ ကျောက်စာတွေ ကျောက်စာတွေ ခုနစ်တန်းရှိတယ်တဲ့၊ အဲခုနစ်တန်းကို တစ်တန်းချင်းဖူးပေါ့၊ ပို့လိုက်တစ်တန်း၊ နောက်တစ်ခါပို့လိုက် တစ်တန်း၊ တစ်ခါတည်း အကုန်ပို့ပြီး အကုန်ဖူးလဲဖြစ်တော့ ဖြစ်တာပေါ့၊ အကြိမ်များတော့ များများကုသိုလ်ရတာပေါ့။

(တင်ပါ့ဘုရား။)

ကျောက်စာတော်၊ ကျောက်တော်ကြီးဘုရား၊ မန္တလေးဦးခန္တီ တောင်ပေါ်ဘုရား၊ ငါးဌာနပြီးပြီထင်ပါရဲ့နော်။

(မှန်ပါတယ်ဘုရား၊ ငါးဌာနပါဘုရား။)

ဘာဌာနတုန်း၊ ရေဝံခွန်တောင်တော် ရဟန္တာငါးရာ၊ ပြီး တော့ကော။

(နောက် ကုသိုလ်တော်ဘုရား တောင်ခြေကပါဘုရား။)

ပြီးတော့ကော။

(နောက် ကျောက်စာတော်ဘုရား၊ ခုနစ်တန်းရှိပါတယ်။)

ပြီးတော့ကော။

(ကျောက်တော်ကြီးဘုရားပါဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ပြီးတော့ကော။

(နောက် မန္တလေးတောင်ပေါ်ဦးခန္တီဘုရား၊ နောက် ခတ်တော်တိုက်။)

အဲဒါတွေ ဖူးကြ၊ ကြိုးစားဖူးကြ။

(တစ်ခါမှ မရောက်ပါဘူးဘုရား။)

နိမိတ်ကတော့ ရတယ်မဟုတ်လား။

(တင်ပါ့ဘုရား။)

ရရင် ရောက်ပါတယ်။

"ရှည်ရှည်ရှူမည်"ဆို ပြီးတော့ ရှည်ရှည်လေးရှူပြီးတော့ ရည်မှန်းထားတဲ့နေရာကို နိမိတ်က သူ့ဟာသူသွားမှာပါ။

(တင်ပါ့ဘုရား။)

သူ့ဟာသူ ရောက်သွားမှာပါ။

(တင်ပါ့ဘုရား။)

ရောက်သွားရင် မြင်ရတယ်။

(တင်ပါ့။)

ပြန်ခဲ့တော့လည်း သူ့နေရာသူပဲ ပြန်ရောက်လာတယ်။

နိမိတ်ကရတယ်နော်။

(ရပါတယ်ဘုရား။)

ရရင် ငါ ခုနကပို့တာလည်း မရောက်ဘူး၊ ဘာလို့ မရောက်တာလဲ၊ ခုတစ်ခါ ထပ်ပို့တာလည်းမရောက်ဘူး၊ ဘာလို့ပါလိမ့်၊ အဲဒီတော့ အဲဒီလိုမလာဘူးလား။

(လာပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


လာလို့မရတာပေါ့၊ ငါခိုင်းတာမလုပ်ဘူးပေါ့လေ၊ ဟုတ်တယ်မဟုတ်လား၊ ငါခိုင်းတာမလုပ်ဘူးပေါ့လေ၊ ခုနေကလည်း ငါခိုင်းတယ်၊ ခုမလာဘူးပေါ့၊ အဲဒီ 'ငါ' ပါနေတာ၊ မခံချင်တဲ့ မာနတွေပါနေတာ။

ကိုယ့်ပို့တာ မရောက်ဘူး၊ ကိုယ်ခိုင်းတာမရောက်တော့ ဒေါမနဿ နှလုံးမသာယာမှုတွေဖြစ်နေတာ၊ စိတ်ကမကျေနပ်ဘူး၊ မကျေနပ်တော့ ဒေါသတွေပါလာတယ်။

ကုက္ကုစ္စသံသယတွေ ဖြစ်နေတယ်၊ ဘုရားရှင်ရဲ့တရားတော်က ဘာမှလိုလေသေးမရှိပါဘူး၊ စောစောက အကြီးအသေးခိုင်းနေတာမဟုတ်လား။

(တင်ပါ့ဘုရား။)

ရတယ်မဟုတ်လား၊

(သူက အခုမှ နိမိတ်စတာ။)

ဟင်…။

(သူက အခုမှနိမိတ်ရတာ၊ အကြီးအသေး မခိုင်းရသေးဘူး ဘုရား။)

သူက … ဟုတ်လား။

(အခုမှ နိမိတ်ရတာဘုရား၊ အကြီးအသေး မခိုင်းရသေးဘူး။)

မခိုင်းရသေးဘူး၊ ဘယ်နှစ်ယောက်တုန်း။

(ကျန်တဲ့အကုန်လုံးပဲဘုရား။)

ဒါအကုန်လုံးပဲလား။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

ဘယ်သူမှ မခိုင်းရသေးဘူးလား၊ ကဲ.. ပို့လို့တော့ ရတယ်နော်။

(ရပါတယ်ဘုရား၊ ပို့လို့ရသွားပြီ။)

ဒါပေမယ့် ကနေ့ မပို့နဲ့ဦး။

(တင်ပါ့ဘုရား။)

**နိမိတ်ကို ဒီလောက်ထား၊တစ်တောင်လောက် ကိုယ့်ရှေ့ထားရင် ထားသလိုနေတယ်။**

(တင်ပါ့ဘုရား၊ ရှေ့မှာထားရမှာ။)

နိမိတ်ထားရင် ကြီးစေ ကြီးစေ ကြီးစေ၊ ဒီလောက်လောက်ဆိုရင်တော်ပြီ။

(တင်ပါ့ဘုရား။)

သေးစေ သေးစေ သေးစေ၊ ဒီလောက်လောက်ဆိုရင်တော်ပြီ၊ ပျောက်အောင်မခိုင်းနဲ့။

(တင်ပါ့ဘုရား။)

ကြီးစေ ကြီးစေ ကြီးစေ အကြီးခိုင်းရင် အကြီးသန့်သန့်ခိုင်း။

(တင်ပါ့ဘုရား။)

အသေးခိုင်းရင် အသေးသန့်သန့် ဖြည်းဖြည်းခိုင်း။

(တင်ပါ့ဘုရား။)

ကြီးစေ ကြီးစေ ကြီးစေ ဒီလိုမလုပ်နဲ့၊ သေးစေ သေးစေ သေးစေ ဒီလိုမလုပ်နဲ့၊ အသေးနဲ့အကြီးရောပြီး သေးစေ ကြီးစေ သေးစေ ကြီးစေ ဒီလိုလည်းမလုပ်နဲ့။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

အကုန်လုံး မျက်စိထဲဝင်လိမ့်မယ်။

(တင်ပါ့ဘုရား။)

နော် အကြီးခိုင်းရင် ဖြည်းဖြည်းခိုင်း။

(တင်ပါ့ဘုရား။)

အသံမထွက်ရပါဘူး။

(တင်ပါ့ဘုရား၊ စိတ်ထဲကပဲဘုရား။)

နောက်ပြီးတော့ ရွှေကျီးမြင့် နေဦး နေဦး နေဦး။

(တပည့်တော် (၃)ခုပဲဖူးရပါတယ်ဘုရား။)

အားလုံး ဘယ်နှဆူရှိတာတုန်း။

(အားလုံး မသိဘူးဘုရား။)

(၃)ဆူပဲလား။

(မကဘူးဘုရား၊ အများကြီးဘုရား၊ အများကြီးပဲရှိတာ။)

ဩော်... ပြီးတော့ကော။

(နောက်ပြီးတော့ ရွှေကျီးမြင့်ဘုရား။)

ရောက်သလား။

(ရောက်ပါတယ်ဘုရား၊)

အဲ... ပြီးတော့ကော။

(အိမ်တော်ရာဘုရား။)

ရောက်သလား။

(ရောက်ပါတယ်ဘုရား။)

ပြီးတော့ကော။

www.burmeseclassic.com

www.burmeseclassic.com


(နောက် သကျသီဟဘုရား။)

ရောက်သလား။

(ရောက်ပါတယ်ဘုရား။)

ရောက်ကောရောက်ရဲ့လား၊ သေသေချာချာ လင်းလင်း ထင်းထင်းဖူးရရဲ့လား။

(ဖူးလို့ရပါတယ်ဘုရား။)

သူက နိမိတ်လွှတ်တော့ ဘယ်လောက်ကြီးတုန်း။

(ဒီအရွယ်ပါဘုရား။)

ဩော် ... အေး အေး။

(နောက် ဘုရားနီ။)

ဟိုမှာသွားတော့ ကြောင်ကြောင်ကြီးမသွားဘူးလား၊ ကြောင်ကြောင်ကြီးမဟုတ်လား၊ တုတ်မီးစထိုးလိုက်တဲ့အခါ ကြောင်ကြောင်ကြီးမနေဘူးလား။

(အဲဒီပုံစံပါပဲဘုရား။)

အဲ.. အဲ.. ပြီးတော့ကော။

(ပြီးတော့ မဟာမြတ်မုနိ။)

မဟာမြတ်မုနိ ငါးဆူပေါ့။

(တင်ပါ့ဘုရား။)

ဟုတ်လား၊ ဒါတွေဟာ အကုန်လုံးဖူးလို့ရတယ်ပေါ့။

(ဖူးရပါတယ်ဘုရား။)

ဆန်းကြယ်မနေဘူးလား။

(ဆန်းကြယ်ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


အင်း… သူများပြော ယုံပါ့မလား။

(မယုံကြပါဘုရား။)

မယုံကြပါဘူး။

(မှန်ပါဘုရား။)

တို့ဒကာကြီးကတော့ သူများပြောရင် ယုံပါ့မလား။

(ယုံပါတယ်ဘုရား။)

ဟင် - ဟုတ်ပါ့မလားဟင်၊ ချောစုတို့က မပြောဘူးလား၊ ဟိုတုန်းက။

(ပြောပါတယ်ဘုရား။)

အဲဒါ ယုံလို့လား၊ မယုံ့တယုံပေါ့လေ။

(မယုံတယုံပါဘုရား။)

ကဲ… အခုဘယ်နှယ့်တုန်း။

(အခု ယုံပါပြီဘုရား။)

ကဲ.. ဘုရားရှင်ရဲ့ တရားတော်တွေဟာ မယုံဘူးပြောရင် ခက်၊ ယုံတယ်ပြောပြန်လည်း ခက်။

(တင်ပါ့ဘုရား။)

နော်… မယုံဘူးပြောပြန်လည်း ဘုရားတရားတော်တွေဆို တော့ အပြစ်ရောက်မှာက စိုးရသေးတာကိုး။

(တင်ပါ့ဘုရား။)

မဟုတ်ဘူးလား၊ ယုံတယ်ဆိုကြပြန်လည်း ကိုယ်တွေ့က မဟုတ်ပြန်တော့ ယုံတယ်လို့ ရဲရဲမပြောဝံ့ဘူး။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


မဟုတ်ဘူးလား။

(တင်ပါ့ဘုရား။)

အဲဗျာ အဲလိုခက်တာ။

(မှန်ပါ့ဘုရား။)

အဲလိုခက်တာ၊ ဒါကြောင့် မလွတ်နိုင် မကျွတ်နိုင်ကြတာပေါ့။

(တင်ပါ့ဘုရား။)

မဟုတ်ဘူးလား မင်းတို့။

(တင်ပါ့ဘုရား။)

အဲ... ကိုယ်ရော သူရော ဘုရားတွေ ရှိခိုးလို့ သန္တိဋ္ဌိကော ကိုယ်တိုင်ရှုကြတဲ့၊ ကိုယ်တိုင်အားထုတ်ကြတဲ့၊ အကာလိကော ချက်ချင်း အကျိုးပေးတယ်တဲ့၊ မဂ်ရပြီဆိုရင် ဖိုလ်ကိုကူးသွားတယ်။

(တင်ပါ့ဘုရား။)

ဘုရားက ကိုယ်တော်တိုင်သိလို့ ဧဟိပဿိကောတဲ့၊ ရဲရဲတင်းတင်းခေါ်ပြီးတော့ လာပြီးရှုကြစမ်းတဲ့၊ အားထုတ်ကြည့်စမ်းတဲ့။

(တင်ပါ့ဘုရား။)

ဧဟိပဿိကော ပါဠိလိုခေါ်ထားတာ၊ ဧဟိ-လာခဲ့စမ်းပါ၊ ပဿိကော-ရှုကြည့်စမ်းပါ။

(မှန်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ရှုကြည့်စမ်းတော့ ဘယ်လိုနေတုန်း၊ ဟိုအခေါ်ကြီးကနေ လှမ်းဖူးတယ်နော်။

အဲဗျာ နိမိတ်ကလည်းပဲ ကဲ‥မဟာမြတ်မုနိအာရုံပြုတယ်၊ မဟာမြတ်မုနိရှိရာ အာရုံကသွားတယ်နော်၊ သကျသီဟ အာရုံပြုတယ်၊ သကျသီဟသွားတယ်။

(တင်ပါ့ဘုရား။)

အဲ‥ အဲဒီဘုရားရောက်တော့ ထီးအာရုံပြုလိုက်တော့ ထီးဆီသွားတယ်၊ ဘယ်ဟာထီးရယ်လို့ နိမိတ်ကသိပါ့မလား။

(မသိပါဘူးဘုရား။)

မသိဘဲနဲ့ သွားတာနော်၊ မှန်လား၊ မမှန်ဘူးလား။

(မှန်ပါတယ်ဘုရား။)

ဒီလိုဆိုရင် ဘုရားရှင်ရဲ့တရားတော်တွေဟာ ကြံစည်လို့ရပါ့မလား။

(မရပါဘူးဘုရား။)

မရဘူး၊ ဘယ်လိုကြံစည်လို့မှမရဘူး၊ တရားတော်က ဆန်းကြယ်တယ်၊ နက်နဲတယ်၊ သိမ်မွေ့တယ်၊ အဲ‥ဒါလောက် သိမ်မွေ့နက်နဲခက်ခဲတဲ့ တရားတော်တွေ ခုအားထုတ်လာတာ၊ ရက်လောက်ပဲရှိသေးတယ်။

(မှန်ပါတယ်ဘုရား။)

ဟိုမှာ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းထားဦး၊ ဒုက္ကရစရိယာကို အသေအလဲခံပြီးတော့ အငတ်ခံပြီးတော့ အသေအလဲကျင့်ရတာ၊ အင်း‥ မင်းတို့ကံကောင်းတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

ဟော ... တစ်သက်လုံး ကြည်ညိုလို့မဆုံးတော့ဘူး၊ မဟုတ်လား။

(တင်ပါ့ဘုရား။)

အမှတ်ရတော့ ဝမ်းမြောက်ဝမ်းသာဖြစ်၊ အင်.. မိုးမစွတ်နေမပူ။

(မှန်ပါ့ဘုရား။)

ကိုယ့်နေရာကနေ လှမ်းဖူး၊ ဟုတ်တယ်မဟုတ်လားကွ။

(မှန်ပါ့ဘုရား။)

အဲ.. ဘယ်သူမှလည်းပဲ ပိုက်ဆံကြေးငွေလည်းမကုန်၊ ဟုတ်လား၊ ကားစီးလာပြီးတော့ ဘယ်နားကျမှ ငါဆင်းမယ်လို့လဲ ကားစီးတာမဟုတ်တော့ ပြောနေဖို့လည်းမလိုဘူး။

(တင်ပါ့ဘုရား။)

ရပ်ပါဦးကွလို့လည်း ခိုင်းမနေရဘူး။

အာ... ဘယ်ဂိတ်ဆင်းမှာလို့လဲ ပြောမနေရဘူး၊ မဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

အဲ... အဲဒီလို အဲဒီတော့ မင်းကကော။

(တပည့်တော်က ရွှေကျီးမြင့်ဘုရား။)

ရသလား။

(ရပါတယ်ဘုရား။)

အဲဒီဘုရားတွေ အကုန်ရသလား။

www.burmeseclassic.com

www.burmeseclassic.com


(ရပါတယ်ဘုရား၊ တင်ပါ့ဘုရား၊ ရပါတယ်ဘုရား။)

မင်းကတော့ ရသလား။

(ရပါတယ်ဘုရား။)

ရောက်ရဲ့လား။

(ရောက်ပါတယ်ဘုရား။)

အေး·· ဒါလည်း ဖူးရတယ်ပြောမှပဲ၊ မပြောရင် ခင်ဗျားတို့ ဥာဏက ရှက်စရာကြီး၊ ဖူးရမှ ဖူးရတယ်လို့ပြော၊ ဖူးရရဲ့လား။

(ဖူးရပါတယ်ဘုရား။)

အဲ··· ဒကာကော။

(ဖူးရပါတယ်ဘုရား။)

ဖူးရတယ်၊ အေးနော် ဘုရားတွေဖူးရတော့ ပီတိသောမနဿ တွေ မဖြစ်ဘူးလား။

(ဖြစ်ပါတယ်ဘုရား။)

စိတ်တွေဘာတွေ နူးညံ့မသွားဘူးလား။

(ကြည်သွားပါတယ်ဘုရား။)

ကာယမုဒုတာ၊ စိတ္တမုဒုတာ၊ အဲ·· ကိုယ်စိတ်တွေပေါ့လို့ ကာယလဟုတာ-စိတ္တလဟုတာ ဟုတ်တယ်မဟုတ်လား။

(တင်ပါ့ဘုရား။)

အဲ·· အဲဒီလိုဖြစ်တာကိုး၊ ဟိုနောက်ကကော။

(ဖူးရပါတယ်ဘုရား။)

ရရဲ့လား။

(ရပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


အေး‥ ခုနဘုရားတွေ အကုန်ရရဲ့လား။

(တပည့်တော် မဟာမြတ်မုနိပဲ အဓိကဖူးရပါတယ်ဘုရား။)

ကျန်တာတွေလည်း ဘုရားပဲကွ။

(တင်ပါ့ဘုရား။)

သကျသီဟဆိုလည်း ဘုရားပဲ၊ အိမ်တော်ရာလည်း ဘုရားပဲကွ။

(တင်ပါ့ဘုရား။)

ရွှေကျီးမြင့်လည်း ဘုရားပဲကွ၊ နော်‥ အဲဒီမှာလည်း ဓာတ်တွေ မွေတော်တွေပါတာပဲ။

(တင်ပါ့ဘုရား။)

နော်‥ အေးကွ၊ ဦးခန္တီတောင်ပေါ်၊ အေး‥နောက် မန္တလေး ရှိတဲ့ဘုရားတွေတော့ စုံပြီမဟုတ်လား။

(စုံပါပြီဘုရား။)

စုံသွားပြီနော်။

(မှန်ပါ့ဘုရား။)

ဘယ်ဘုရားကျန်သေးလဲ။

(စုံသလောက်ပဲရှိပါတယ်၊ ဘုရားနီကျန်သေးတယ်ဘုရား၊ ဘုရားနီတို့ ကောင်းမှုတော်တို့ပဲကျန်တယ်ဘုရား။)

ပါပြီလား။

(မပါသေးဘူးဘုရား၊ နောက်အသုတ်တွေမှ ပါမယ်ဘုရား။)

ဘုရားနီက ဘယ်ဆီမှာတုန်း။

(၁၉-လမ်း၊ ကျုံးအနောက်ဘက်မှာဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



၁၉-လမ်းနဲ့ ၈၁/၈၂ ကြား၊ ကဲ… ထားပါတော့ကွာ ဟုတ်လား။

ကဲ‥ တောင်မြို့ တောင်ပေါ်ဘုရားကောင်းမှုတော်ကြီး။

၁။ ဗားကရာကျောင်း၊

၂။ ပုထိုးတော်ကြီး၊

၃။ ဆွမ်းဦးပုညရှင်၊

တောင်ပေါ်ဘုရားများ ကောင်းမှုတော်ကြီး ငါးဌာနပေါ့။

(တင်ပါ့ဘုရား။)

ဟုတ်ရဲ့လား။

(တင်ပါ့ဘုရား။)

အဲဒီဘုရားတွေ ဖူးကြ။

(တပည့်တော်တို့ကို ဘုရားဖူးခိုင်းထားတယ်ဘုရား၊ ဒါပေမယ့် တပည့်တော်ကတော့ မေတ္တာချည်းပဲ ပို့နေရသေးတယ်ဘုရား၊ မေတ္တာပဲ ပို့နေပါတယ်။)

ဘုရားဖူးတာ မဖူးတာတော့ မေတ္တာပို့ ခွင့်တောင်း၊ သမာဓိရတယ်မဟုတ်လား၊ နိမိတ်ရတယ်မဟုတ်လားနော်။

(အခု ပျောက်နေတယ်ဘုရား၊ ပြန့်သွားလို့ဘုရား။)

ပြန့်သွားရင် ဖြောင့်ပေး စုပေးခိုင်း။

(တင်ပါ့။)

ဖြောင့်ပေးစုပေး ကိုယ်ဖူးချင်တဲ့ဘုရား၊ ဖူးလိုက်တဲ့ဘုရား။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



နိမိတ်ကလည်းလွှတ်၊ဖြောင့်ပေး စုပေး၊ သူ့ဟာသူသွားတာ၊ ဟုတ်လား။

(တင်ပါ့ဘုရား။)

မေတ္တာက မေတ္တာပို့တာက ကိုယ့်ဟာကို ပို့တတ်တယ်နော်။

(တင်ပါ့ဘုရား။)

ခု ဘုရားဖူးတဲ့အခန်းက ကိုယ်တစ်ယောက်တည်း ဖြစ်တာ မဟုတ်ဘူး။

(တင်ပါ့ဘုရား။)

ဆရာမရှိ နည်းမသိ၊ ဆရာရှိမှ နည်းနာရတဲ့။

(တင်ပါ့ဘုရား။)

ဆရာကောင်းသော် မဂ်လမ်းပေါ်၊ ဆရာမကောင်း ပါယ် လမ်းစောင်း၊ ဟုတ်လား။

(မနေ့ကတုန်းက မေတ္တာပို့ပါဦးဆိုလို့ မေတ္တာပို့နေရတယ် ဘုရား။)

မေတ္တာကြီးလည်း ပို့မနေနဲ့၊ ခဏပို့ပေါ့။

(တင်ပါ့ဘုရား။)

ကိုယ်ပို့မယ့် ဘုရားကလည်းပဲ စေတီစောင့်နတ်ကို ခွင့် တောင်း၊ အခု ဘယ်ဘုရားရောက်ပြီတုန်း။

(မဖူးရသေးပါဘူးဘုရား။)

မဖူးရသေးရင်လဲ ဖူးကြ။

(တင်ပါ့ဘုရား။)

ရအောင်ဖူး၊ နိမိတ်ပြန့်နေတာကို၊ စုပေးခိုင်းရတယ်။

www.burmeseclassic.com

www.burmeseclassic.com



(တင်ပါ့ဘုရား။)

အကြီးအသေး ပြီးပြီးသားမဟုတ်လား။

(တင်ပါ့ဘုရား။)

အကြီးအသေးအခန်းက ရတယ်မဟုတ်လား။

(တင်ပါ့ဘုရား။)

ရရင် ရတယ်။

(တင်ပါ့ဘုရား။)

ရတယ်။

(တင်ပါ့ဘုရား၊ လောလောဆယ်က နိမိတ်တွေပြန့်နေသေးလို့ဘုရား။)

ဟာ... ခိုင်းရပါတယ်ဆို။

(တင်ပါ့ဘုရား။)

ကဲ... ဘယ်ဘုရားဖူး။

(တပည့်တော် မေတ္တာပဲပို့တယ်ဘုရား။)

ဟင် ...။

(သမာဓိနည်းနည်း နည်းနေလို့ပါဘုရား။)

ဟင်... နိမိတ်က မရဘူးလား။

(ဖြောက်ဖြောက်လေးပဲ ရတယ်ဘုရား။)

ပို့လို့မရဘူးလား။

(ပို့တယ်၊ မစုဘူးဘုရား။)

ဟင်... မသွားဘူးလား။

(မနေ့က တပည့်တော် မေတ္တာပဲပို့တယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ဟာ·· မေတ္တာကတော့ အချိန်မရွေးပို့လို့ရတယ်။

(တင်ပါ့ဘုရား။)

ကိုယ့်အိမ်ရောက်လည်း ပို့လို့ရတယ်။

(တင်ပါ့ဘုရား။)

နော်·· အဲဒါဘုရားဖူး။

(တင်ပါ့ဘုရား။)

လွှတ်ပေါ့၊ နိမိတ်ပို့ပေါ့၊ ခိုင်းပေါ့၊ နိမိတ်များများရအောင်ပွား၊ ဖြောင့်ပေးစုပေး၊ အဲဒီလိုခိုင်း၊ စိတ်ဓာတ်ကကျသွား၊ စိတ်ဓာတ်ကျလျော့သွားတော့ တရားလည်း လျော့သွားတော့တာပေါ့။

(တင်ပါ့ဘုရား။)

မဟုတ်ဘူးလား။

(တင်ပါ့ဘုရား။)

အဲ·· အခုခေတ် "ရှေ့သို့" ဆိုတဲ့ မြားလိုပေါ့။

(တင်ပါ့ဘုရား။)

မဟုတ်ဘူးလား၊ အဲလို ဒကာမကြီး၊ ကိုင်း ···။

(တပည့်တော်မလည်း စိတ်ကပျံ့နေလို့ဘုရား၊ စိတ်ဓာတ်ကပျံ့နေလို့ဘုရား၊ စုစည်းလို့မရဘူးဘုရား။)

ကဲ··· ပြန့်နေလို့လား။

(မပျံ့တော့မပျံ့ဘူးဘုရား၊ တပည့်တော်ရပါတယ်ဘုရား၊ သမာဓိနိမိတ်ကလည်း မကြာခင်ပဲရပါတယ်ဘုရား၊ ပထမ ရေတံခွန်တောင်ကို ဖူးရပါတယ်ဘုရား၊ ရေတံခွန်တောင်က ရဟန္တာ ငါးရာကိုဖူးရပါတယ်)

www.burmeseclassic.com

www.burmeseclassic.com



နေဦး နေဦး‥ ကဲ‥ဘယ်ဘုရားကစဖူး။

(ရေဝတ်ခွန်တောင်က ရဟန္တာငါးရာကို စဖူးရပါတယ်ဘုရား။)

အင်း‥‥ ဟုတ်ပြီ၊ ရေဝတ်ခွန်တောင်။

(ရဟန္တာငါးရာကို စဖူးပါတယ်ဘုရား။)

ဖူးရတယ်မဟုတ်လား။

(ဖူးရပါတယ်ဘုရား။)

ရောက်တယ်မဟုတ်လား။

(ရောက်ပါတယ်ဘုရား။)

နောက်ကော‥‥။

(တပည့်တော် အဲဒါပြီးတဲ့အခါကျတော့ ကုသိုလ်တော် ဘုရားဘက်ကို ဖူးပါတယ်ဘုရား။)

အေးအေး‥‥ ကုသိုလ်တော်ဘုရား။

(ကုသိုလ်တော်ဘုရားလည်း ဖူးရပါတယ်ဘုရား။)

အေး‥‥ ပြီးတော့ကော။

(အားလုံးဖူးရပါတယ်ဘုရား၊ နောက် ကျောက်စာတိုက်က ကျောက်စာတန်းတွေလည်း တွေ့ရပါတယ်ဘုရား။)

ကျောက်စာတိုက်က ခုနစ်တန်းရှိတာ၊ ဘယ်လိုဖူးခဲ့တာတုန်း၊ တစ်ခါတည်းဖူးခဲ့သလား။

(တပည့်တော် အဲဒီကဟာကိုတော့ အသေအချာ ဒီကျောက်စာတန်းကိုတော့ အထဲထိဝင်ပြီးကြည့်ရတာမျိုး၊ ဖူးရတာမျိုးတော့ မဟုတ်ပါဘူးဘုရား၊ အပေါ်စည်းကနေပြီးတော့ ကျောက်စာတိုက် အတန်းတွေကိုပဲ တွေ့ရတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



တပည့်တော် အတန်းလိုက်စာဖတ်ကြည့်မယ်လို့တော့ အာရုံယူတယ်ဘုရား၊ အဲဒါ အတန်းလိုက်နဲ့ စီထားတဲ့ကျောက်စာတိုက်ကိုပဲ တွေ့ပါတယ်ဘုရား၊ အဲဒီလိုပဲတွေ့ပါတယ်ဘုရား၊ နောက်အဲဒါပြီးတဲ့အခါကျတော့ ကျောက်တော်ကြီးဘုရားကို ဖူးရပါတယ်ဘုရား)

ကျောက်တော်ကြီးဘုရား၊ ဟုတ်ပြီ။

(ကျောက်တော်ကြီးဘုရားကို သွားပါတယ်ဘုရား၊ ကျောက်တော်ကြီးဘုရားကို အရှေ့ဘက်မုခ်က တပည့်တော်ဝင်ပါတယ်ဘုရား၊ အရှေ့ဘက်မုခ်ကဝင်တဲ့အခါကျတော့ ရှေ့တည့်တည့်က ဖူးရတဲ့အခါကျတော့ မျက်နှာတော်က သိပ်ပြီးတော့ ထင်ထင်ရှားရှားမပေါ်လွင်တဲ့အတွက်ကြောင့် တပည့်တော် ဘယ်ဘက်ဘေးက နေပြီးတော့ပေါ့၊ မြောက်ဘက်ကနေ ဖူးတဲ့အခါကျတော့ ထင်ထင်ရှားရှား ဖူးတွေ့ရပါတယ်ဘုရား။

တပည့်တော် အဲဒါကို စိတ်ထဲက ကျောက်တော်ကြီးဘုရားကို ဖူးရတဲ့အတွက်ကြောင့် မျက်နှာတော်ကို ရှေ့မျက်နှာက ကောင်းကောင်းမမြင်ရတဲ့အတွက်ကြောင့် တပည့်တော် မကျေနပ်လို့ နောက်တစ်ခေါက် အရှေ့စောင်းတန်းက ပြန်ထွက်ပြီးတော့ ပြန်ဖူးကြည့်ပါတယ်ဘုရား။

စောင်းတန်းတက်တွေကတော့ အကုန်လုံး လက်လက်လက်လက်တွေ့ရပြီးတော့ နောက်တစ်ကြိမ်ဖူးတော့လဲ ဒီအတိုင်းပဲဘုရား၊ မြောက်ဘက်ကပဲ တပည့်တော် ကောင်းကောင်း ဒီမျက်

www.burmeseclassic.com

www.burmeseclassic.com


နာတော်ကို အကုန်လုံး ကြည်ကြည်လင်လင် ဖူးတွေ့ရပါတယ်ဘုရား။)

အဲ... သွားဖူးခဲ့ရရင် ပြီးတာပါပဲ။

(မှန်ပါတယ်ဘုရား၊ နောက် အဲဒါပြီးတော့ တပည့်တော် ဒီမန္တလေးတောင်ကို တက်ပါတယ်ဘုရား)

ဦးခန္တီတောင် ဦးခန္တီတောင် ... ။

(ဟုတ်ပါတယ်ဘုရား၊ အဲဒီမှာ တက်ပါတယ်ဘုရား၊ တက်တဲ့အခါကျတော့။)

ဘယ်နှစ်ဆူတုန်း။

(ဘုရားအဆူတွေလားဘုရား၊ အဲဒါတွေကတော့ ဘုရားအဆူ လိုက်ကတော့ တပည့်တော် ဟိုဟာမဖြစ်ပါဘူးဘုရား၊ မန္တလေး တောင် အဲဒီဘက်ကို တက်သွားတဲ့အခါ၊ ပြီးကျတော့ ဗျာဒိတ် ဘုရားတို့ ဘာတို့လည်း ဖူးတွေ့ရပါတယ်ဘုရား။

နောက် တခြားဘုရားနာမည်တွေကိုတော့ တပည့်တော် ကောင်းကောင်းမသိပါဘူးဘုရား၊ အဲဒီဘုရားတွေလည်း ဖူးရပါ တယ်ဘုရား၊ နောက်ဆုံး မန္တလေးတောင်က တပည့်တော်အဲဒီ မြေကြီးနှစ်ကောင်ထိလည်း တပည့်တော်အာရုံရောက်ပြီးတော့ နိမိတ်မှာဖူးတွေ့ပြီး အားလုံးဖူးတွေ့ပြီး တပည့်တော်ပြန်လာတဲ့ အစဉ်အတိုင်းပဲ တပည့်တော် ပြန်ခဲ့ပါတယ်ဘုရား၊ ဖူးတွေ့ရပါတယ် ဘုရား အားလုံးပဲ။)

ပြီးတော့ကော။

www.burmeseclassic.com

www.burmeseclassic.com


(တပည့်တော် အဲဒါတွေပဲဖူးတွေ့ရပါတယ်ဘုရား၊ တပည့်တော် အဲဒါတွေပဲ ခိုင်းပါတယ်ဘုရား။)

မနေ့က အဲဒါပဲလား။

(တင်ပါ့ဘုရား။)

အဲ... အဲဒါတွေ မှတ်မထားဘူးလား။

(မှတ်ထားပါတယ်ဘုရား။)

ဘယ်နေ့က ဘယ်ဘုရား။

(တင်ပါ့ဘုရား။)

ဘယ်နေ့က ဘယ်ဘုရား၊ ဒါက ကိုယ့်ရဲ့သမိုင်းဝင်။

(မှန်ပါ့ဘုရား။)

ဉဒါန်းတွင်တယ်။

(မှန်ပါ့ဘုရား။)

တစ်သက်လုံးရဲ့သမိုင်း။

(မှန်ပါ့ဘုရား။)

နှောင်းတုန်းက ဒီလို မဖူးခဲ့ရဘူးမဟုတ်လား။

(မှန်ပါ့ဘုရား။)

ဖူးချင်ရင် ကားနဲ့သွား၊ မြင်းလှည်းနဲ့သွား၊ ရထားနဲ့သွား မဟုတ်လား။

(မှန်ပါ့ဘုရား။)

နောက် လေယာဉ်နဲ့သွား၊ နိုင်ငံခြား ... ။

(မှန်ပါတယ်ဘုရား။)

အဲ... အခုဟာက ဘုရားရှင်ရဲ့ ဓမ္မမျက်လုံး ဓမ္မမှန်ပြောင်း ကြီးတွေနဲ့ လှမ်းဖူးနေတာ။

www.burmeseclassic.com

www.burmeseclassic.com


(မှန်ပါ့ဘုရား။)

အံ့သြစရာမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

အဲဗျာ နေလည်းမပူ မိုးလည်းမစွတ် ဟုတ်လား၊ ကဲ… မြူမှုန်တွေ မြူမွှားတွေလည်း လူမကပ်၊ ဟိုကာဒီကတွေ ကြော်ကြ လော်ကြတဲ့ ညှော်လည်းမနံ။

(မှန်ပါတယ်ဘုရား။)

မဟုတ်ဘူးလား။

(မှန်ပါ့ဘုရား။)

ကဲ… မချမ်းသာဘူးလား။

(ချမ်းသာပါတယ်ဘုရား။)

ကဲ… ကိုယ်ဖူးချင်သလိုလဲ ဖူးလို့ရတယ်။

(မှန်ပါ့ဘုရား။)

အဲဗျာ ဗုဒ္ဓ ဓမ္မာ အစိန္တိယာတဲ့၊ ဘုရားရှင်ရဲ့တရားက အစိန္တိယာ ကြံစည်လို့ရပ့ါမလား။

(မရပါဘူးဘုရား။)

ဆန်းကြယ်တယ်၊ နက်နဲတယ်၊ သိမ်မွေ့တယ်ဆိုတာ ဒါပေါ့။

(မှန်ပါ့ဘုရား။)

ကဲ… သူများပြောရင် သားတွေသမီးတွေ ဆွေတွေမျိုးတွေ မြေးတွေ မြစ်တွေပြောရင် ယုံပါ့မလား၊ သူများမဟုတ်သေးဘူး။

(ယုံအောင်တော့ ပြောပြရမှာပေါ့ဘုရား။)

မယုံရင် ဘယ့်နှယ်လုပ်မတုန်း။

www.burmeseclassic.com

www.burmeseclassic.com


(အဲဒါတော့လည်း သူတို့ရဲ့အပိုင်းပေါ့ဘုရား၊ တပည့်တော် ဖူးတွေ့ရတာတော့ ပြောပြရမှာပါဘုရား။)

မယုံရင် ဘယ့်နှယ်လုပ်မှာတုန်းဟင်၊ ပြောတာ မယုံကြ တော့လည်း ကိုယ်က စိတ်မချမ်းသာ၊ ကြည်ညိုစေချင်လို့ သိစေ ချင်လို့ ပြောတာ၊ မယုံတဲ့သူလည်း အကုသိုလ်ဖြစ်။

(ကိုယ်တိုင်အားထုတ်ကြည့်ကြပါလို့ ပြောရမှာပါဘုရား။)

အေး·· ကဲ··· မခက်ဘူးလား။

(ခက်ပါတယ်ဘုရား။)

ခက်တယ်၊ ဘုရားက အကာလိကောတဲ့၊ ချက်ချင်းအကျိုး ပေးတာ၊ မင်္ဂညဏ်ဖိုလ်ညဏ်ကျတော့ ဖိုလ်ကူးသွားတယ်၊ ခုဟာ က တရားကလည်းပဲ ချက်ချင်းရှည်ရှည်ရှုမိတော့ ဘုရားရောက် သွားတာ။

ကဲ··· ခုခေတ်မှာ လေယာဉ်တွေ ဒုံးပျံတွေ မြန်တယ်ဆို။

(ဒါကို မမီပါဘူးဘုရား။)

လေယာဉ်တွေ ဒုံးပျံတွေဟုတ်လား။

(မှန်ပါဘုရား။)

အဲ··· ဘယ်လောက်မြန်မြန်···။

(မှန်ပါ။)

သူတို့က ရှုပ်လို့ ပွေလို့ စက်နိုးရတာနဲ့။

(မှန်လှပါဘုရား။)

ပြင်ရတာနဲ့ ဆင်ရတာနဲ့ ဟုတ်ဘူးလား။

(မှန်လှပါဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ကဲ··· လောကမှာ အမြန်ဆုံးလေယာဉ်၊ အမြန်ဆုံးဒုံးပျံနဲ့ ဘယ့်နှယ့်တုန်း။

(အများကြီးသာပါတယ်ဘုရား၊ ယှဉ်လို့ရမှာပဲဘုရား။)

အဲ··· ဘယ်ယှဉ်လို့ရမှာတုန်း။

(မှန်ပါ့ဘုရား။)

ဒီက စက်နှိုးတာရှိသေး၊ ပြန်လာပြီ။

(မှန်ပါ့ဘုရား၊ မြန်ပါတယ်ဘုရား)

မဟုတ်ဘူးလား။

(မှန်ပါတယ်ဘုရား။)

သူက စက်အပြင်ကနေလို့ လေယာဉ်ပေါ်တောင်မရောက် သေးဘူး၊ ဒီက ပြန်လာပြီ အခေါက်ခေါက်။

(မှန်ပါတယ်ဘုရား။)

အဲ··ဒါဖြင့် လောကီသိပ္ပံနည်းတွေ ဘယ်နိုင်ငံ ဘယ်လောက် ဆန်းကြယ်ဆန်းကြယ် ဘယ်လောက်ထွန်းကားထွန်းကား ဘုရား ရှင်ရဲ့ တရားတော်နဲ့ ယှဉ်ကြည့်လိုက်ရင် ဘယ့်နှယ့်တုန်း။

(နှိုင်းယှဉ်မရပါဘူးဘုရား။)

ဘယ်ရမှာတုန်း၊ ဒီလိုဆိုရင် လောကီသိပ္ပံနည်းတွေ မသိရင် ကတော့ အံ့စရာပေါ့။

(မှန်ပါ့ဘုရား။)

သူ့နည်း သူ့ဟာန်နဲ့သူတော့ ဆန်းကြယ်ပါတယ်၊ အံ့ဩ လောက်ပါတယ်။

(မှန်ပါဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား။

အဲ.. ဘုရားရှင်ရဲ့ တရားတော်နဲ့ကျတော့ ဘယ့်နှယ့်တုန်း။

(နှိုင်းယှဉ်လို့မရပါဘူးဘုရား။)

အဲဒီလို မဟုတ်ဘူးလား။

(မှန်ပါတယ်ဘုရား။)

ယှဉ်လို့မရဘူး။

ကဲ.. လောကမှာ မှန်ဘီလူးတွေ၊ မှန်ပြောင်းတွေ နိုင်ငံ အသီးသီးရှိတယ်မဟုတ်လား။

(ရှိပါတယ်ဘုရား။)

အနီးအဝေးကြည့်တာတွေလေ။

(မှန်ပါတယ်ဘုရား။)

ကဲ..မှန်ဘီလူးတွေ မှန်ပြောင်းတွေနဲ့ အကုန်လုံး အနီးအဝေး ကြည့်တဲ့ သူတို့နိုင်ငံမှာ နိုင်ငံအသီးသီး အစွမ်းဆုံးဆိုတဲ့ အမြန်ဆုံး ဆိုတဲ့လေယာဉ်၊ အမြန်ဆုံးဆိုတဲ့ မှန်ပြောင်းကြီးတွေနဲ့ ဟိုနတ်ပြည် မှာတက်ပြီး ဘုရားတွေဖူးရင် ရပါ့မလား။

(မရပါဘူးဘုရား)

ကဲ.. ကောင်းကင်က ကပ်သွားအောင်ပျံကြည့်၊ ရမလား။

(မရပါဘူးဘုရား။)

ကဲ.. မရဘူး၊ ကဲ..ဒီကနေ့ပြီးတော့ကာ မှန်ပြောင်းနဲ့ သီဟိုဠ်တို့ ဘာတို့ လှမ်းကြည့်လို့ရမလား။

(မရပါဘူးဘုရား။)

ဟင်... အဲဒီလိုနော်။

www.burmeseclassic.com

www.burmeseclassic.com



(မှန်ပါ့ဘုရား။)

အဲဒီလို၊ အဲဒီတော့ ဓမ္မစကျ္က ဓမ္မမျက်လုံး ဘုရားပေးတော်မူတဲ့ ဓမ္မမှန်ပြောင်းတော်ကြီးနဲ့ကြည့်ရလို့ ဒဿနာ နုတ္တရိယ ကုသိုလ်ထူးတွေရတာ။

(မှန်ပါ့ဘုရား။)

လာဘာနုတ္တရိယ ကုသိုလ်ထူးတွေရတာ၊ ဘုရားပေးတော်မူတဲ့ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကျင့်ပြီး ပေးတော်မူတဲ့ ဆုတော် လာဘ်တော်တွေ၊ နည်းတဲ့ကံတွေမဟုတ်ဘူး။

(မှန်ပါ့ဘုရား။)

နည်းတဲ့ကံတွေမဟုတ်ဘူး၊ ကံထူးတွေပါလို့။

(မှန်ပါ့ဘုရား။)

ကုသိုလ်ကံတွေ ထက်သန်ကြလို့ ဒီချိန်ခါမှာ သာသနာတွင်းမှာ လူလာဖြစ်တာ။

(တင်ပါ့ဘုရား။)

လူဖြစ်တာချင်းကော တူသလား။

(မတူပါဘူးဘုရား။)

ကြားရင် မှန်တာတွေချည်းတော့ သိပ်ပြောလို့မကိုက်ဘူးနော်။

(မှန်ပါ့ဘုရား။)

ကြားရင်လည်း ခံနိုင်မှာမဟုတ်ဘူး။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူများက ဘယ်လိုပြောမှာတုန်းဆိုတော့ ငါ့ လွယ်လွယ်ကူကူမှတ်လို့၊ ဘယ်လိုမှတ်လို့ဆို ဒီကဘာထင်လို့တုန်း၊ ယောကျ်ားဆိုရင် ငါဘယ်လိုကောင်မှတ်လို့တုန်း၊ လူလူချင်းတူပေမယ့် အသက်ရှူခြင်းကွဲတယ်ကွဆိုတော့ လူ့ရပ်က စကားတွေ မသုံးကြဘူးလား။

(သုံးကြပါတယ်ဘုရား။)

ခု အဲဒီလိုဖြစ်နေတာပေါ့။

(တင်ပါ့ဘုရား။)

အရပ်စကား ရွာစကားတွေ။

(တင်ပါ့ဘုရား။)

မဖြစ်ပေဘူးလား။

(ဖြစ်ပါတယ်ဘုရား။)

အဲ… အဲဒီလိုများ မဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

ငါ့ ဘယ်လိုကောင် မှတ်လို့တုန်း၊ လူချင်းတူပေမယ့် အသက်ရှူချင်းကွာတာ၊ မင်းက ငါ့ကိုဘယ်လိုမှတ်လို့ဆိုပြီး။

(မှန်ပါ့ဘုရား။)

မပြောကြဘူးလား။

(ပြောကြပါတယ်ဘုရား။)

အဲ… အဲဒီတော့ ဘုန်းကြီးပြောတာ မကြိုက်ဘူး မဟုတ်လား။

(မှန်ပါဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

အေးဗျာ၊ ဒါ လူ့ဘဝရတာမို့ ကဲ·· ခုတစ်ခါ ထွက်လေလေး အဿာသ ပဿာသ ထွက်လေလေးက ကဲ·· ဓမ္မရတနာလေး ဖြစ်သွားပါပကော။

(မှန်ပါတယ်ဘုရား။)

ဓမ္မံ သရဏံ ဂစ္ဆာမိ ဘုရားလည်းပဲ တရားကျင့်လို့မို့၊ ဓမ္မံ သရဏံ ဂစ္ဆာမိ မိမိရရဖြစ်အောင် ကျင့်လို့မို့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဘုရားဖြစ်သွားတာ။

(မှန်လှပါဘုရား။)

ဟုတ်ဘူးလား။

(မှန်ပါတယ်ဘုရား။)

ခုနလည်း ထွက်လေဟာ ဓမ္မံသရဏံဂစ္ဆာမိ၊ ဟော··မိမိ ရရဖြစ်သွားအောင် မိမိကအားထုတ်တော့ ဓမ္မရတနာတွေဖြစ်သွား တယ်။

(မှန်ပါ့ဘုရား။)

ထူးဆန်းတယ်နော်။ အဲဒီတော့ ဓမ္မရတနာဟာ ဓမ္မံသရဏံ ဂစ္ဆာမိကနေပြီးတော့ ဗုဒ္ဓံသရဏံဂစ္ဆာမိ တစ်ခါပြန်ရောက်သွားပြန် ပြီကော။

(မှန်လှပါဘုရား။)

နော်··· ဟုတ်ရဲ့လား။

(မှန်ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


အဲဒီလိုဗျာ၊ ဆန်းကြယ်တယ်နော်။ ကဲ‥လျှောက်စမ်းပါဦး။

(တပည့်တော် ဖူးရပါတယ်ဘုရား။)

ကဲလျှောက် … ။

(ရေတံခွန်က ရဟန္တာတွေလည်း ဖူးရပါတယ်ဘုရား။)

အေး… ဘယ်ဘုရားကစတယ်။

(ရေတံခွန်တောင်က ရဟန္တာပါဘုရား။)

အေးဗျာ အကုန်လုံး။

(ဖူးရပါတယ်ဘုရား။)

ထင်ထင်ရှားရှားကို ရတယ်နော်။

(တင်ပါ့ဘုရား။)

အေး… ဒီကလှမ်းပြီးဖူးတော့ နိမိတ်တွေ ကြောင်ကြောင်ကြီးမနေဘူးလား။

(ရှိပါတယ်ဘုရား၊ ဒီလို ကွေ့ကွေ့ကောက်ကောက် ဖူးရတာပဲဘုရား။)

မင်းက ကွေ့ကွေ့ကောက်ကောက်ကြီးသွားတာကိုး။

(မဟုတ်ဘူးဘုရား၊ ဟို ရဟန္တာတွေက။)

ဩော်‥ရဟန္တာတွေကတော့ ဟုတ်တာပေါ့၊ တောင်ပေါ်က ဆင်းလာတော့လဲ ကွေ့ကွေ့ကောက်ကောက် ဆင်းလာမှာပေါ့၊ လမ်းရှိတာ ဆင်းရမှာပေါ့။

(တင်ပါ့၊ အဲလို ဖူးရပါတယ်ဘုရား။)

မဟုတ်ဘူးလား၊ ကဲ… ပြီးတော့ကော။

(ပြီးတော့ ကုသိုလ်တော်ဘုရားပါဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်တော်...။

(ကုသိုလ်တော်ဘုရားကို အပေါ်စီးကပဲဖူးရပါတယ်ဘုရား။)

အေးနော် လောကမှာရဖို့ ကုသိုလ်တော်ဟုတ်လား၊ အဲဒီဘုရားလည်း လင်းလင်းထင်းထင်း ဖူးရတယ်ပေါ့။

(တင်ပါ့၊ အပေါ်စီးကတော့ ဖူးရတယ်ဘုရား၊ အတွင်းထဲကျတော့ မဖူးခဲ့ဘူးဘုရား။)

အေး.. ခွင့်တောင်းရတယ်၊ ဟုတ်လား..စေတီစောင့်နတ်တွေကို ခွင့်လည်းတောင်းရတယ်နော်။

(တင်ပါ့။)

အေး... မနေ့က ပြောသလိုပေါ့နော်။

(ကျောက်စာတိုက်တွေလည်း ရောက်ပါတယ်ဘုရား။)

ကျောက်စာတိုက်တွေလည်း ဖူးရတယ်ပေါ့။ အေး... ကျောက်စာတိုက်က ခုနစ်တန်း။

(တစ်တန်းစီလည်းဖူးပါတယ်ဘုရား၊ အကုန်ခုနစ်တန်းစလုံးပဲ စုဖူးပါတယ်ဘုရား။)

အေး .. အေး .. အေး .. ဒါတွေရေးထား။

(နောက်ပြီးတော့ ကျောက်တော်ကြီးဘုရားကို အရှေ့ကပဲဝင်ပါတယ်ဘုရား။)

(အဲ ကျောက်တော်ကြီးဘုရား၊ အရှေ့စောင်းတန်းကပဲဝင်ပါတယ်ဘုရား၊ အဲဒါ အရှေ့စောင်းတန်းကပဲ ဖူးရပါတယ်ဘုရား၊ အဲဒီမှာ မကိုင်မှုတော်ရယ် နောက် စလွယ်တော်ရယ် ပါတာမပါတာတော့ တပည့်တော်လည်း မသိဘူး။)

www.burmeseclassic.com

www.burmeseclassic.com


အဲ ပါလို့ပေါ့၊ ရှိလို့ဖူးရတာပေါ့ ဟုတ်လား…။

(မျက်နှာတော်ကကျတော့ ရွှေရောင်ဖူးရတယ်ဘုရား၊ ဒါပေမယ့် ကိုယ်လုံးတော်ကကျတော့ အဖြူပဲဘုရား။)

အင်း‥ ကဲ‥ ဒီပြင် အဲဒီထဲမှာ ကျောက်တော်ကြီးဘုရားမှာ တိုင်တွေ ဘာတွေကော။

(စောင်းတန်းနဲ့ ဒီလိုအဆောက်အဦး ဝင်သွားတာပဲဘုရား။)

အေး‥ အေး… အဲ ပြီးတော့ကော။

(ပြီးတော့ မန္တလေးတောင်ပေါ်တက်ပါတယ်ဘုရား။)

ဩော် … ဦးခန္တီတောင်။

(တင်ပါ့ဘုရား၊ ခြသေ့်ကြီးနှစ်ကောင်ကနေ တက်သွားတာပါဘုရား။)

အေး … ။

(အဲဒီစောင်းတန်းကို တက်သွားတဲ့အခါ တပည့်တော်ဘုရားတစ်ဆူ ဖူးရတယ်ဘုရား၊ နောက်ပြီးတော့ တပည့်တော်က အဲဒီကနေပြီး တောက်လျှောက်ကြီး၊ နောက်ကျတော့ အရှေ့ထဲကို နည်းနည်းလေး ပြန်စောင်းတက်သွားတယ်ဘုရား၊ တက်သွားပြီးတော့ တစ်ခါ ဘုရားတစ်ဆူ ခပ်မြင့်မြင့်ပါဖူးရတယ်ဘုရား။)

အေး ‥ အေး … ။

(နောက်ပြီးတော့ အဲဒီကနေ တစ်ခါဆက်တက်သွားတဲ့အခါကျတော့ ကျောက်မဏ္ဍပ် ရောက်သွားတာပါဘုရား၊ ဦးခန္တီမဏ္ဍပ်ကို ရောက်သွားတာပါဘုရား၊ အဲဒီရောက်သွားပြီးတော့ အဲဒီကနေပြီးတော့ တစ်ခါ ဘုရားဝတ်ချပြီးတော့ အဲဒီကနေပြီးတော့ လိုဏ်ထဲရောက်သွားတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


အဲ ... ဟုတ်ပြီ။

(နှစ်ကျိပ်ရှစ်ဆူဘုရားဖူးရပါတယ်ဘုရား။)

အေး .. အေး .. ။

(အဲဒီကနေပြီးတော့ တစ်ခါ တောက်လျှောက်ပဲ မြွေကြီးနှစ်ကောင်ရောက်သွားတယ်ဘုရား၊ အဲဒီမြွေကြီးနှစ်ကောင် ဘုရားတစ်ဆူဖူးရသေးတယ်ဘုရား၊ ပြီးတော့မှ မြွေကြီးနှစ်ကောင် ပေါ့ဘုရား၊ မြွေကြီးနှစ်ကောင်ကျတော့ ဘုရားကို အရင်ဖူးရတယ်၊ နောက်တော့ မြွေနှစ်ကောင်က အဲဒီဘုရားဖူးနေတုန်းက မပါဘူး၊ အဲဒီဘုရားအောက်ကနေ မြွေနှစ်ကောင်က အရှင်အတိုင်းပဲ နှစ်ကောင် ဒီလိုလာပါတယ်ဘုရား။

ပါးစပ်ပိတ်ပြီးမှ လာတယ်ဘုရား၊ တပည့်တော် ဒီလို ကြည့်နေရင်းတန်းလန်းနဲ့ နောက် အဲဒီဘုရား ရှေ့လည်းရောက်ရော ပါးပျဉ်းထောင်ပြီးတော့ လျှာတွေတော့ ဒီလိုပဲ မြင်ရပါတယ်ဘုရား၊ မြွေနှစ်ကောင်ကို အရှင်ပဲမြင်ရပါတယ်ဘုရား။)

ဘယ်ဘုရားတုန်းဟ။

(မြွေနှစ်ကောင်ဘုရား ဦးခန္တီတောင်မှာဘုရား။)

ဦးခန္တီတောင် မန္တလေးတောင် ဦးခန္တီတောင် ထူးဆန်းတယ်နော်။

(အဲဒါနဲ့ပြီးတော့ တပည့်တော်က နိမိတ်ပြန်ယူလိုက်တော့ တာဘုရား၊ တပည့်တော် မေ့လည်းမေ့သွားတာ၊ ပြီးပြီ ကုန်ပြီနဲ့ အောက်မေ့နေတယ်၊မနက်ကျတော့ တစ်ခါ မနေ့က ညနေပိုင်း ကျတော့ တပည့်တော် ဖူးလို့မရဘူးဘုရား။

www.burmeseclassic.com

www.burmeseclassic.com


ခုမနက်ကျတော့ တစ်ခါ မေ့နေတဲ့ဘုရားတွေ ဖူးဦးမယ် ဆိုပြီးတော့ ဖူးလိုက်တာဘုရား။)

ရသလား။

(ရတယ်ဘုရား။)

အေး…။

(သစ်ပင်တွေနဲ့ အရင်တစ်ခါက မြင်လာတာ၊ သစ်ပင်တွေနဲ့ ဘုရားတွေနဲ့ ကျောင်းတော်မူနဲ့ မြင်လာတာဘုရား၊ အဲဒါ တပည့်တော်တော့ အင်ကြင်းတောလား ဘာလားတော့ မသိဘူး ဘုရား၊ သေသေချာချာလည်း မမှတ်မိဘူး၊ ဘုရားတွေကိုမေ့နေလို့ နိမိတ်ကခေါ်သွားမှ၊ နောက်ပြီးမှ တစ်ခါ ခြေတော်ရာ ဖူးရတယ် ဘုရား)

ခြေတော်ရာ အဲဒီတောင်မှာ ရှိသလား။

(ရှိတယ်ဘုရား၊ မေ့နေတယ်၊ မနေ့တုန်းက မေ့နေတာ၊ တပည့်တော်က အဲဒီကျောက်မဏ္ဍပ်တို့ ဘာတို့ ဒီနေ့မနက်မှ ပြန်ဖူးခဲ့ရတယ်ဘုရား။)

အေး ‥ ကြည့်စမ်း မြေပြင်ခြေလျှင်ဆို၊ တစ်လှမ်းမှ မသွား ရဘူး။

(တင်ပါ့ဘုရား။)

ဆူးတို့၊ ခြောင့်တို့၊ ခလုတ်တို့လည်းပဲ မစိုးရိမ်ရဘူးနော်။

(မှန်ပါတယ်ဘုရား။)

ဟင်း… ကြည့်စမ်း ကောင်းကင်ခရီးကနေ သွားလိုက်တာနော်။

www.burmeseclassic.com

www.burmeseclassic.com


(မှန်ပါဘုရား။)

ဟင်··· ကြည့်စမ်း၊ ကောင်းကင်ခရီးကနေသွားပြီး တက်ဖူးနော်၊ အေး··မြေပြင်ကသွားရင် စေတီတစ်ဆူကို ဖူးချင်လို့ရှိရင်နော်၊ သကျသီဟတို့နော်၊ အိမ်တော်ရာတို့၊ ဘုရားဖူး သွားရင် ထီးတော်ဖူးချင်လို့ရှိရင် ဒီလိုမော့ကြည့်ရဦးမှာ။

(မှန်ပါဘုရား။)

ဟင်··ကဲ မော့ကြည့်ဖို့မလိုဘူး၊ မြေပြင်က ဘုရားဖူးသွား တဲ့လူဆိုရင် မြေပြင်ပေါ်ရပ်ပြီးတော့ ထီးကိုဖူးချင်ရင် မော့ကြည့်ရ ဦးမှာ၊ ဟိုဘက်လှည့် ဒီဘက်လှည့်၊ ခုသွားတာက ကောင်းကင်က သွားတော့ ထီးကစဖူးတာဆိုတော့ မော့ကြည့်စရာလိုသေးလား။

(မကြည့်ရဘူးဘုရား။)

ဟုတ်ပြီလား။

(ဟုတ်ပါတယ်ဘုရား။)

(သာဓု ··· သာဓု ··· သာဓု ···)

* * *

www.burmeseclassic.com

www.burmeseclassic.com

## ကိုယ့်စေတနာအတိုင်း အကျိုးပေးတယ်

ကဲ… လျှောက်စမ်းပါ။

(တပည့်တော်က လွှတ်တာပဲဘုရား၊ လွှတ်တဲ့အခါကျတော့ ရေတံခွန်တောင်ကို စပြီးလွှတ်တယ်ဘုရား။)

အကုန်လုံးဖူးရတယ်မဟုတ်လား။

(တပည့်တော်က ရေးရေးလေးတွေပဲဘုရား၊ တပည့်တော်က ထင်ထင်ရှားရှား ဒီဒကာမကြီးတွေလိုတော့ မဖူးရဘူးဘုရား၊ တပည့်တော်တွေ့တဲ့အတိုင်း ပြောပြတာ။

ရေတံခွန်တောင်ကို စလွှတ်တော့ဘုရား၊ စေတီကိုတော့ ဖူးရတယ်ဘုရား၊ အဲနောက် စေတီလိုပုံစံတော့ ဝါးတားတားလေးဖူးရတယ်ဘုရား။)

ဝါးတားတားက ဘာဖြစ်လို့ဝါးတာတုန်း။

(မသိဘူးဘုရား၊ တပည့်တော်လည်း စုစေနဲ့လုပ်ပါတယ်ဘုရား၊ စုစေ-နောက်ပြီးတော့ ကြည်စေလို့၊ နောက်ပြီးတော့ ပြန့်နေတဲ့ဉစ္စာကို စုစေ၊ ဖြောင့်စေ၊ လင်းစေလို့လုပ်ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


စုပေး၊ ဖြောင့်ပေး၊ ကြည်စေ၊ လင်းစေလို့ ခိုင်းရတယ်။

(ခိုင်းပါတယ်ဘုရား၊ အဲလိုလေးကနေ တစ်ခါရဟန္တာတွေကို တပည့်တော်ဖူးရတဲ့ ရဟန္တာတွေကတော့ အောက်မဆင်းဘူး ဘုရား၊ သပိတ်လိုဟာမျိုးနဲ့ အထက်ကို တစ်ခါတည်းတန်းစီတက် နေတဲ့ပုံစံပေါ့။)

အဲဒီတော့ ဒေါမနဿတွေ ဖြစ်မနေဘူးလား။

(မဖြစ်ပါဘူးဘုရား၊ ဝမ်းတော့ ဝမ်းနည်းနေတာပေါ့ဘုရား)

ဟင်··အဲလို ကိုယ်ထင်သလို ကိုယ်ခိုင်းသလိုမရတော့ ဒေါမနဿတွေ ဝင်လာတာပေါ့၊ ဟုတ်လားနော်၊ အဲဒီလို မဖြစ်နဲ့၊ ကြည်ကြည်လင်လင်နဲ့ခိုင်း၊ ဝမ်းမြောက်ဝမ်းသာနဲ့ ခိုင်းရတယ်နော်။

ကြည်စေ၊ လင်းစေ အကုန်ရတယ်နော်၊ နောက်လျှောက်။

(အဲဒီကနေပြီး တပည့်တော် ဟို ကုသိုလ်တော်ကို အာရုံပြု ပြီးတော့ သိပ်မရဘူးဘုရား၊ တစ်ခါ ကျောက်စာတိုက်ကို တစ်ခါ လွှတ်ကြည့်တော့လည်း အဲဒီကျောက်စာတိုက်လည်း တစ်ခါ တည်း။)

ဘယ်ရမှာတုန်း၊ ဒေါမနဿကြီးနဲ့ ဖူးနေတာကြီးကို။

(အဲဒါကျတော့လည်း ကျောက်တိုင်လေးတွေက ဖွေးဖွေး လေးတွေပဲ မြင်ရတယ်၊ ပီပီပြင်ပြင်ကို ဘာမှမမြင်ရဘူးဘုရား၊ အဲ··တပည့်တော်လည်း နောက်တစ်ခါ အာရုံထပ်လွှတ်တာပဲဘုရား၊ နိမိတ်ကို ကျောက်တော်ကြီးကိုလွှတ်တော့ တောင်ဘက်က စောင်း တန်းလေးလိုပဲ တစ်ခါတည်း ပါးပါးလေးပဲဝင်သွားပြီးတော့ ကျောက်တော်ကြီးဘုရားကျတော့ ထင်ထင်ရှားရှားကိုမပေါ်ဘူး

www.burmeseclassic.com

www.burmeseclassic.com


ဘုရား၊ ဝါးတားတားလေးကိုမှ ကိုယ်လုံးတော်က နည်းနည်းဖြူ တူတူလေးနဲ့ သက်န်းအရောင်လေး ဒီလောက်လေးပဲဖူးပြီး တပည့်တော်လည်း ပြန်လွှတ်တဲ့အခါ ဝမ်းတွေနည်းပြီး တစ်ခါ ဦးချပြီး တစ်ခါပြန်လာ ပြန်ထွက်ပြီး၊ နိမိတ်ကို ပြန်ယူလိုက် တယ်ဘုရား။ ပီပီသသကို မဖူးရဘူးဘုရား။)

ဝါးတားတားလေးတွေ ရေးတေးတေးလေးတွေ မအောက် မေ့ဘူးလား၊ ငါ့ဟိုဘုရားဆိုပြန်တော့ ဝါးတားတား၊ အခုလည်း ဝါးတားတား၊ အဲလိုအောက်မေ့ပြီး ဝမ်းတွေနည်း၊ အောက်မေ့ပြီး ဖူးနေတာကိုး။

(တပည့်တော် စိတ်တွေညစ်ပြီးနေတယ်ဘုရား။)

ဘုရားဖူးတယ်ဆိုတာ စိတ်ကလေး ကြည်ကြည်လင်လင် ထားရမှာ၊ ဝါးတားတား ဒေါမနဿနဲ့ဖူးတော့ ဘယ်ရမှာတုန်း။

(အဲဒီကနေပြီး ကျောက်တော်ကြီးကနေပြီးတော့ ဒီမန္တလေး တောင်ကို တက်ပါတယ်ဘုရား၊ မန္တလေးတောင်ကို တက်တဲ့အခါ ကျတော့ ခြင်္သေ့ကြီးနှစ်ကောင်ကိုလည်း မြင်ရပါတယ်ဘုရား။

အဲဒီနေပြီးတက်တာ စောင်းတန်းတွေကို တက်သွားပြီးတော့ ဗျာဒိတ်ပေးကိုယ်တော်ကြီး၊ အဲဒီကိုယ်တော်ကြီးကျတော့ ဝင်းဝါ နေတာပဲဘုရား၊ တစ်ကိုယ်လုံး ဝင်းဝါပြီးတော့နေတာပဲ၊ အဲဒါ ဖူးပြီးတော့ တပည့်တော်ပြန်ပြီး နိမိတ်ယူလိုက်တာပဲ၊ မသွားတော့ ဘူးဘုရား၊ အဲဒါလေးပဲ ရပါတယ်ဘုရား၊ အများကြီးမရပါဘူး။)

ထားလိုက်ပါ။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


စိတ်ကလေးကို ဘုရားဖူးတာဆိုတော့ စိတ်ကလေးကြည်ကြည်လင်လင်နဲ့ထား။

(တင်ပါ့ဘုရား။)

ဒါလောက်ဖူးရတာကို နည်းရောလား။

(မနည်းပါဘူးဘုရား။)

ဒီကုသိုလ်တွေ နည်းတော့ရဲ့လား။

(မနည်းတော့ဘူးဘုရား။)

ကိုယ်ဖူးချင်တဲ့ဘုရားတွေ ရောက်ခဲ့ရတယ်၊ ကိုယ်ကြည်ညို ချင်တာတွေ ကြည်ညိုခဲ့ရတယ်၊ အဲဒီနောက်မှာ ဘုရားပူဇော်တော့ ကာ ဒီအရှိဟာ အရှိအတိုင်းသိလာတယ်။)

(တင်ပါ့ဘုရား။)

ကြည်လင်ရတယ်။

(မှန်ပါ့ဘုရား။)

ဟုတ်လား။

(တင်ပါ့ဘုရား။)

အေးဗျာ··· ဒါတွေကို အကုန်မှတ်တမ်းတင်ထား။

(တင်ပါ့ဘုရား။)

သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေ အမေတို့မရှိ လည်းပဲ ဟော··· သူတို့ ဒါတွေဖူးသွားရတာကို။

(မှန်ပါ့ဘုရား။)

ကံကောင်းလိုက်တာ တို့မဖူးရဘူး။

(မှန်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ဘူးလားဗျာ။

(မှန်ပါ့ဘုရား။)

ဟုတ်တယ် မဟုတ်လား။

(မှန်ပါ့ဘုရား။)

ဘယ်လိုလုပ်ဖူးကြရလိမ့်မလဲနော်။

(မှန်ပါ့ဘုရား။)

မဟုတ်ပေဘူးလား။

(တပည့်တော် အရမ်းဖူးချင်ပါတယ်ဘုရား၊ ကြည်ကြည်လင်လင်ကြီးကို ဖူးချင်တာဘုရား။)

စိတ်က သဒ္ဒါသံ ပါကံ ဇနေတိလို့ ပြောဦးမယ်၊ ကုသိုလ်ကောင်းမှုကို ပြုလုပ်တဲ့သူဟာ သဒ္ဒါသံ ပါကံ ဇနေတိဆိုတာ အဲဒီ ကိုယ့်စေတနာအတိုင်း အကျိုးပေးတယ်ဆိုတာ နောက်မှ အကျိုးပေးတာ။

(တင်ပါ့ဘုရား။)

ခုတရားတော်က ခုချက်ချင်း ကိုယ့်စိတ်ကလေးက ကြည်ရင် ကြည်တယ်။

(ကြည်ပါတယ်ဘုရား။)

ကိုယ့်စိတ်ကလေးက မှိန်ရင် မှိန်သွားမှာပဲ။

(တင်ပါ့ဘုရား။)

တူသော အကျိုးပေးတယ်ဆိုတာ ဒါပေါ့။

(အရှင်ဘုရားပြောတာ မှန်ပါတယ်ဘုရား၊ တပည့်တော်က စိတ်မကြည်လင်ဘူး။)

www.burmeseclassic.com

www.burmeseclassic.com


အဲဒီလို ကြည်ကြည်လင်လင်ထား၊ ဘယ် ဘုရားဖူးလာတာ စိတ်ညစ်ပြီးတော့ ဒေါမနဿဖြစ်ရတယ်လို့နော်၊ ခက်လိုက်တာ မဟုတ်ဘူးလား။

(ဟုတ်တယ်ဘုရား၊ အရှင်ဘုရား ကြည်ကြည်လေးမြင်ချင်တော့ မမြင်ရလို့ ဝမ်းတွေနည်းနေတာပါဘုရား။)

ကြည်ချင်ရင်တော့ ဝမ်းမြောက်ဝမ်းသာနဲ့ဖူး၊ ကုသလစ္ဆန္ဒတဲ့။

(တင်ပါ့ဘုရား။)

ကုသလစ္ဆန္ဒဆိုတာ တကယ့်ကုသိုလ်တော်ကြီးတဲ့။

(တင်ပါ့ဘုရား။)

ဟုတ်လား၊ တကယ့် ကုသိုလ်တော်ကြီး ဒီကုသိုလ်တွေ ရဖို့လွယ်ပါ့မလား။

(မလွယ်ပါဘုရား။)

နဂိုက ကြားဖူးလား။

(မကြားဖူးပါဘုရား။)

အဲဗျာ.. နောက်က ကြားတောင်မကြားဖူးဘူး၊ အခု ကိုယ်တိုင်ဖူးနေရပြီ။

(တင်ပါ့ဘုရား။)

ဟုတ်လား။

(မှန်ပါတယ်ဘုရား။)

အင်.. နောက် ကျန်တာတွေ အများကြီးရှိသေးတယ်နော်၊ စိတ်ကလေး ကြည်ကြည်လင်လင်ထား၊ ပါမောဇ္ဇ-ပါမောဇ္ဇဆိုတာ ဝမ်းမြောက်ရမှာ ဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

ဒီလို မျက်လုံးမျိုးရဖို့ လွယ်ပါ့မလား။

(တင်ပါ့ဘုရား၊ မလွယ်ပါဘူးဘုရား။)

မလွယ်ဘူး၊ ကုသိုလ်ထူးတွေ ဟုတ်လား။

(တင်ပါ့ဘုရား။)

အေးဗျာ… ကမ္ဘာအရပ်ရပ်က မြေပြင်မှာရှိတဲ့ မျက်စိကုတဲ့ ပါရဂူကြီးတွေ အကုန်စု၊ ဒီမျက်လုံးလေးမျိုး ပေးနိုင်ပါ့မလား။

(မပေးနိုင်ပါဘူးဘုရား။)

အပေါ်က တိမ်လွှာလေး ခွာပြ ဘာပြု၊ ဒါလေး ဒါလောက်ပါပဲ၊ ဟုတ်တယ်မဟုတ်လား။

(မှန်ပါတယ်ဘုရား။)

မရဘူး၊ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကျင့်ပြီးတော့ ပေးတော်မူတဲ့ မျက်လုံးတော်။

(မှန်ပါ့ဘုရား။)

မဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

ကိုယ်တိုင်ကိုက မျက်လုံးတွေ ဖောက်လှူတာ၊ မြန်မာပြည်မှာရှိတဲ့ လူဦးရေဟာ အကုန်လုံး ကလေးလူကြီး မြတ်စွာဘုရား အလောင်းတော်ဘဝက မျက်လုံးတော်တွေ ဖောက်လှူခဲ့တဲ့ မျက်လုံး အရေအတွက်လောက်ရှိမှာမဟုတ်ဘူး။

(မှန်ပါတယ်ဘုရား။)

ကဲ… ဒကာမကြီးက လျှောက်စမ်း။

www.burmeseclassic.com

www.burmeseclassic.com


(တပည့်တော် လွယ်အောင်လုပ် ကျဉ်းပြီးရေးထားတာပဲ ဘုရား၊ ရေတံခွန်တောင်ပေါ်တက်ဖူးတော့ စောင်းတန်းမြင့်မြင့်ကြီး ဖူးခဲ့ရပါတယ်ဘုရား၊ ရဟန္တာတွေ ဖူးခဲ့ရပါတယ်ဘုရား၊ သက်န်း ဝါဝါနဲ့ ရုပ်တုပုံတော်ကြီး ဖူးခဲ့ရပါတယ်ဘုရား၊ မေတ္တာပို့ အမျှ ဝေပြီး ပြန်ခဲ့ပါတယ်ဘုရား။

အဲ... ကျောက်တော်ကြီးဘုရားဖူးတော့ စိန်တုံးမှုမက လက်လက် တပည့်တော် ပကတိမျက်စိ ကျိန်းပါတယ်ဘုရား၊ မျက်စိစူးတဲ့ ခတ်တော်ဖူးခဲ့ရပါတယ်ဘုရား၊ ရတနာသေတ္တာ ကြီးတော့ တပည့်တော် မကြည့်ခဲ့ပါဘုရား၊ ဆင်တစ်ကောင် ဆင်ဖြူခေါ်ရမှာပေါ့နော်၊ ဌာပနာထဲဆိုတော့ ဆင်တစ်ဆူ ဖူးခဲ့ရ ပါတယ်ဘုရား။

အဲ... ပြီးတော့ တောင်ထိပ်တက်တော့ ဦးခန္တီတောင် တက်တော့ တောင်ထိပ်က ဘုရားဖူးခဲ့ရပါတယ်ဘုရား၊ ပန်းဆွဲ ပန်းခက်တွေနဲ့ ကျောက်မဏ္ဍပ်ကြီးဖူးခဲ့ရပါတယ်ဘုရား။)

အဲ... ကြည်ကြည်လင်လင်ရှိတယ်မဟုတ်လား။

(ရှိပါတယ်ဘုရား၊ ပြီးတော့ စန္ဒာမုနိဘုရားကျတော့ တပည့်တော်ကစိတ်က ရောက်သွားတာ၊ ကနောင်မင်းသားရဲ့ ဦးခေါင်း ရောက်သွားတဲ့အခါကျတော့ စန္ဒာမုနိဘုရားထဲမှာ နိမိတ် က မည်းပြီး ဘာမှမထင်ရှားတော့ပါဘုရား။

ဘယ်လိုခွင့်တောင်းအောင်း တပည့်တော် မနောကလည်း ဦးခေါင်းတော်ကြီးကို တပည့်တော်ရောက်သွားတဲ့အတွက် မဖူး ခဲ့ရဘူးဘုရား။

www.burmeseclassic.com

www.burmeseclassic.com


တပည့်တော် ဒါနဲ့ သြော်·· ငါနဲ့ မတော်လို့ထင်ပါရဲ့ဆိုပြီး တော့ ပြန်ခဲ့ပါတယ်ဘုရား၊ ကုသိုလ်တော်ဖူးတဲ့အခါကျတော့ ဠာပနာမှာ ရတနာတွေ ကျလာတယ်ဘုရား၊ တပည့်တော်က ရတနာကို မလိုအပ်ပါဘူး၊ ဒီဓာတ်တော်မွေတော် စေတီပုထိုးကို ဖူးလိုပါတယ်ဆိုတော့။)

အဲဒါ ဘယ်ဘုရားဖူးတာတုန်း။

(ကုသိုလ်တော်ဘုရား၊ ရွှေကြေးစည်ထုတ်ပြပါတယ်ဘုရား၊ ရွှေကြေးစည်နဲ့ ရွှေဒီလိုထိုးတဲ့မောင်းလေးဆင်ထားတဲ့ အဆင်းလေး နဲ့ ပြပါတယ်ဘုရား။)

ဟင်··· ဘယ်နှယ့်။

(ရွှေကြေးစည်ရယ် ရွှေထိုးမောင်းလေးပေါ့ဘုရား၊ ရွှေကြေး စည် ငွေကြေးစည်ပေါ့လေ၊ အဲဒါတွေပြပါတယ်ဘုရား။)

အဲဒါတွေ ဠာပနာထဲကလား။

(ဠာပနာထဲကပါဘုရား၊ ရွှေစေတီ၊ ငွေစေတီ ဖူးခဲ့ရပါတယ် ဘုရား။)

အဲဒါ ဘယ်လိုထားတာတုန်း။

(ထားပုံကတော့ ဒီလောက်ရှိတဲ့ ကန်လေးပါပဲဘုရား၊ သဘောကတော့၊ တပည့်တော်တို့ စားပွဲတစ်ချပ်စာပေါ့ဘုရား၊ ကန်ကြီးထဲမှာ ရတနာတွေထုတ်ပြတော့ တပည့်တော်က ရတနာ တွေ မဖူးလိုပါဘူး၊ မလိုအပ်ပါဘူး၊ ဒီလောက်ရှိတဲ့ နီနီကလေး နီဖျော့ဖျော့ကလေး အလုံးလေးလည်း တပည့်တော် မဖူးလိုပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com


ဒီအခါပဲ ဖူးလိုပါတယ်လို့ တပည့်တော် တောင်းတာ၊ အဲဒီကျတော့မှ ရွှေစေတီ၊ ငွေစေတီ ဖူးခဲ့ရပါတယ်ဘုရား။

ရွှေစေတီ၊ ငွေစေတီ ဖူးခဲ့ရပါတယ်ဘုရား၊ ရတနာတွေတော့ တပည့်တော် မဖူးခဲ့ပါဘူးဘုရား၊ အဲလိုဖူးပြီးတော့ မေတ္တာပို့ အမျှဝေပြီးတော့ သူတို့အတွက်ဆုတောင်း၊ တပည့်တော်အတွက် ဆုတောင်းပြီးတော့ ပြန်ခဲ့ပါတယ်ဘုရား

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## အလှန့်အလှန်ခဲယဉ်း

ဘာတွေဖူးခဲ့ရလဲ။

(ရဟန္တာ ၅၀၀ကိုတော့ တပည့်တော်မဖူးခဲ့ရပါဘူး၊ နောက် လျှောက်လာတော့ မကိုဋ်မှုတော်ကိုမြင်ရပါတယ်ဘုရား၊ ဖူးပြီးတော့ ပတ်ကြည့်တဲ့အခါမှာတော့ မီးတိုင်လေးတစ်တိုင်တွေ့ရပါတယ်၊ အဲဒီကနေ စောင်းတန်းကြီးအတိုင်းတက်သွားတဲ့အခါကျတော့ မတ်တတ်ကိုယ်တော် လက်ညှိုးထိုးနေတာကို တွေ့ရပါတယ် ဘုရား။

ကိုယ်ကလည်း ဘာမှမသိတော့ ဦးခန္တီနေတဲ့နေရာလေးကို လိုက်ပို့စမ်းပါလို့ နိမိတ်ကိုခိုင်းလိုက်တော့ လိုက်ပို့တယ်ဘုရား၊ အဲဒီဦးခန္တီတောင်ဘုရားကိုလည်း ရောက်တယ်၊ မဏ္ဍပ်ကြီးကို လည်း ရောက်တယ်၊ မြွေကြီးနှစ်ကောင်ကနေ ပြန်လာတယ်ဘုရား)

ပြီးတော့ရော။

(ပြီးတော့ ကုသိုလ်တော်လည်း ရောက်ပါတယ်ဘုရား၊ ကျောက်စာတိုင် ဒါလည်းရောက်တယ်ဘုရား။)

ဒါပဲလား။

www.burmeseclassic.com

www.burmeseclassic.com



(တင်ပါ့ဘုရား၊ အကုန်လုံး ဒါပါပဲဘုရား။)

မေတ္တာကိုလက်မလွှတ်စေနဲ့။

(တင်ပါ့။)

မန္တလေးရှိတဲ့ဘုရားတွေစုံသွားပြီ၊ ကုသိုလ်တော်နဲ့ ကျောက်စာပဲရှိသေးတယ်လား။

(တင်ပါ့ဘုရား။)

ကျောက်တော်ကြီးဘုရား မရောက်သေးဘူးလား။

(ပါတယ်ဘုရား။)

သကျသီဟလည်းပါတယ်။

(ပါပါတယ်ဘုရား။)

ရွှေကျီးမြင့်ဘုရား၊ ဘုရားနီဘုရား၊ အိမ်တော်ရာဘုရား၊ သကျသီဟဘုရား၊ မဟာမြတ်မုနိဘုရား၊ ဘယ်နှဆူတုန်း။

(၅-ဆူ ပါဘုရား)

အဲဒီ (၅)ဆူဖူးကြ၊ ဆုတောင်းပြီးတော့ဖူး။

(ရွှေကျီးမြင့်ဘုရား၊ ဘုရားနီဘုရား၊ သကျသီဟ၊ မဟာမုနိဘုရား၊ အိမ်တော်ရာဘုရားကြီးပါဘုရား)

အဲဒီဘုရားငါးဆူကို အကြိမ်ကြိမ်ရှုထား၊ မေတ္တာလဲပို့၊ ကိုယ်ဖူးမယ်ကြံရင် ခွင့်လည်းတောင်း၊ အဲဒါတွေမမေ့နဲ့၊ ဘုရားသာသနာနဲ့တွေ့လို့ ဒီလိုတစ်ကြိမ်တစ်ခါ ဖူးရဖို့ခိုတာလည်း မလွယ်ဘူး။

ဘုရားသာသနာထဲမှာ လူလာဖြစ်လည်း မျက်စိဝင်းဝင်း နားဝင်းဝင်း ဒီလိုလာဖြစ်မယ်၊ မျက်စိဝင်းဝင်း နားဝင်းဝင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com


နေပေမယ့် လူက အိပ်ယာထဲမှာဆို ဘယ်နှယ့်လုပ်မတုန်း။

လူကလည်း ကျန်းမာမှ၊ အကြောင်းအကျိုး ပြည့်စုံဖို့ အတွက်လည်း လိုသေးတယ်၊ ကျန်းမာရေး ပြည့်စုံသော်လည်း ပြသမယ့်ဆရာသမားကလည်း ရှိဦးမှ၊ ပြသပေးတဲ့ ဆရာသမား ကလည်း ယထာဘူတ လမ်းမှန်ကျမှ ဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

အလွန့်အလွန်ခဲယဉ်းတာ၊ သေသေချာချာဖူးကြ၊ စိတ် ကလေးကလည်း ကြည်ကြည်လင်လင်ဖြစ်အောင် ပြုပြင်ပေး၊ ကဲ..ကြိုးစားကြ၊ ဘယ်နှဆူလဲ။

(ငါးဆူပါဘုရား။)

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## ဘုရားက ကယ်မှာမဟုတ်

ဘုရားဖူးရတာ ကုသိုလ်သိပ်ထူးတယ်၊ ဘုရားဆိုတဲ့ အသံကြားရဖို့ မလွယ်ဘူး၊ ကြည်ညိုတယ်ဆိုတာလဲ ဘုရားဂုဏ်တော် ဂုဏ်ကျေးဇူးတွေကိုသိမှ ကြည်ညိုတတ်တာ။

များများသိလေ များများကြည်ညိုလေ၊ အဲဒီလိုဖြစ်တာ၊ ဗုဒ္ဓေါ ဗုဒ္ဓေါ ဘုရားဘုရားဟူ၍ တစ်ကြိမ်တစ်ခါသာ-ကြားရနှာရသော သူ၏ကိုယ်၌ နှစ်သက်ခြင်းပီတိဖြစ်ပါပေသည်။

ဇမ္ဗူဒိပ် တကျွန်းလုံးကို အစိုးရသောရှင်ဘုရင်ကြီးထက်သာလွန်၍ ရာထောင်မက သာလွန်ပါပေ၏၊ အဋ္ဌကထာဆရာတွေက ဒီလိုဖွင့်ထားတယ်၊ ဘုရားဆိုတဲ့ အသံကလေးကြားရတာနဲ့ တန်ဖိုးမဖြတ်နိုင်ဘူးလို့ဆိုလိုတာ။ ကမ္ဘာအသင်္ချေ လူတွေများကြသော်လည်း ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းမှာသာ ဘုရားရှင်ပွင့်တာ။

(တင်ပါ့ဘုရား။)

ကိုယ်က မြောက်ကျွန်းဖြစ်နေရင်၊ တောင်ကျွန်းမဟုတ်ဘဲ၊ အရှေ့ကျွန်းဖြစ်နေရင် ကိုယ်တွေ့ဘုရားကို တွေ့ဦးမလား၊

www.burmeseclassic.com

www.burmeseclassic.com


(မတွေ့ပါဘုရား။)

ဘုရားတစ်ဆူပွင့်လာပြန်တိုင်း ကိုယ်က အပါယ်လေးဘုံကျ နေရင်ရော ဘုရားကို တွေ့ရပါ့မလား။

(မတွေ့ရပါဘူးဘုရား)

ဘုရားနဲ့တွေ့ရဖို့ ခဲယဉ်းတယ်၊ အမျိုးမျိုးအဖုံဖုံ လွဲခဲ့ရ တာ၊ ဘုရားလေးဆူ ပွင့်ပြီးပြီ။

ကကုသန်၊

ကောဏာဂုံ၊

ကဿပ၊

ဂေါတမ၊

အဲဒီလို ဘုရား ၄-ဆူ ပွင့်ခဲ့ကြတယ်၊ အသက်တွေကလည်း ကိုးသောင်းတမ်းတို့ ရှစ်သောင်းတမ်းတို့ ရှိကြတယ်။

ရာတမ်းထက်အောက် ပွင့်ရိုးထုံးစံမရှိဘူး၊ သိန်းတမ်းထက် အထက် ပွင့်ရိုးထုံးစံမရှိဘူး၊ ဂေါတမဘုရား ရာတမ်းပွင့်တာ၊ သက်တော်မှာရှစ်ဆယ်၊ ဝါတော်မှာ ၄၅-ဝါပဲနေရတာ။

သက်တော်ရှစ်ဆယ်အတွင်း လူ့ပြည်နတ်ပြည်အကုန်လုံး တစ်နေ့ကို (၂)ကြိမ် တရားဟောခဲ့တယ်၊ ကျွတ်သင့်ကျွတ်ထိုက်တဲ့ သတ္တဝါတွေကို တရားဟောခဲ့တယ်၊ ပြာဋိဟာတွေလွှတ်၊ ကုဋေ တစ်သောင်းရှိတဲ့စကြဝဠာတိုက်တွေလွှတ်၊ ဘုရားရှင်ရဲ့တရား တော်မှာ ပရိတ်သတ်ကလည်း ဒီပရိသတ်ထက်မကဘူး၊ အသံတော် ကို ဟိုဘက်ပရိသတ်အထိ ကြားရတယ်။

www.burmeseclassic.com

www.burmeseclassic.com


စကြဝဠာ တိုက်တစ်သောင်းအထိကြားရတယ်။ အဲဒါကြောင့် ဘုရားဆိုတဲ့ အသံကလေးကြားရဖို့ မလွယ်ဘူး၊ ဘုရားဆိုတဲ့ အသံမကြားရတော့ ဘုရားရဲ့တရားတော်တွေရော ကြားရပါ့မလား။

(မကြားရပါဘုရား။)

မကြားရတော့ဘူး၊ တကြိမ်တစ်ခါ ကြည်ညိုလိုက်ရရင် မျက်စိတမှိတ်လျှပ်တပြက်အတွင်းမှာ ကုဋေတစ်သိန်းမက ဖြစ်တာဆိုတော့ စေတနာဇော သဒ္ဓါဇော၊ အဲဒီစေတနာက ဘဝဂ်အထိအကျိုးပေးတာ။

ဒိဋ္ဌဓမ္မ ဝေဒနီယကံ၊ အဲဒါ ဒုတိယဘဝ လူ့ပြည်နတ်ပြည်ဗြဟ္မာပြည်ပို့ပေးတာ၊ ဟိုဘက်သွားချင် ဟိုဘက်သွား၊အပရာပရိယ ကုသိုလ်ဇောတွေပေါ့။

မဂ်ဉာဏ်ဖိုလ်ဉာဏ်ထိသွားတာ၊ အပရာပရိယဝေဒနီယကံတော်တော်နဲ့ ဘယ်ရမှာတုန်း၊ အဲဒီလို အပရာပရိယဝေဒနီယကံကရှင်းလို့ ဘယ်ကဟာကမှ မရှိဘူး၊ အပရာပရိယကံ အဲဒီကံဟောင်းတွေမို့လို့ လူလာဖြစ်တာ။

သာသနာနဲ့ပတ်သက်ပြီး ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာကို ကြည်ညိုနိုင်တဲ့ ကြည်ညိုတတ်တဲ့ စိတ်တွေရှိမှ။

(တင်ပါ့ဘုရား။)

တရုတ်တို့ ဂျပန်တို့ ကြည်ညိုတတ်ပါ့မလား။

(မကြည်ညိုတတ်ပါဘူးဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



သိပ်သနားဖို့ကောင်းတယ်၊ စည်းစိမ်ဥစ္စာတွေ ဘယ်လောက် ချမ်းသာချမ်းသာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ မသိရင် အလကားပဲ။

သနားစရာကောင်းတယ်၊ ဘုရားကို တကြိမ်တစ်ခါ ဖူးရ တယ်ဆိုတာ နည်းသလား။

(တင်ပါ့ဘုရား။)

အဲသလိုဗျာ၊ ဘုရားရှိခိုးတယ်၊ ပူဇော်တယ်၊ တရားတော်တွေ ကို အားထုတ်လို့ လောကီရေးတွေကို ဖြန့်ကြည့်နေလို့ရတယ်၊ တရားက အဲသလိုဗျာ။

(တင်ပါ့ဘုရား။)

အဲဒီတော့ ကိုယ့်ကိုယ်ကိုလည်းပဲ အထူးကြိုးစားရင် ကြိုး စားသလောက်ရတယ်။

(တင်ပါ့ဘုရား။)

ကိုယ့်ဟာကိုယ်ကယ်မှာ၊ ဘုရားက ကယ်မှာမဟုတ်ဘူး။

(တင်ပါ့ဘုရား။)

ဘုရားတောင်ကယ်လို့မရလို့ ကျန်ခဲ့ရတာ၊ သတ္တဝါတွေ အများကြီး၊ မဟုတ်ဘူးလား။

(မှန်ပါတယ်ဘုရား။)

ဒီနေ့ဘုရားဖူးတာ ဘယ်ရောက်ပြီတုန်း။

(ဂု-ဌာနပါဘုရား။)

ဘယ်ဌာနတွေတုန်း၊ ကဲလျှောက်စမ်း။

(မန္တလေးတောင်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ရောက်ရော ရောက်ရဲ့လား။

(ရောက်ပါတယ်ဘုရား။)

မန္တလေးတောင်ကို နိမိတ်နဲ့ပို့လိုက်တော့ သေသေချာချာဖူး လို့ ရရဲ့လား။

(ရပါတယ်ဘုရား။)

လျှောက်စမ်း ... ။

(အဲဒီကနေပြီးတော့ ကျောက်တော်ကြီးဘုရားကို ဖူးပါတယ် ဘုရား။)

သေသေချာချာဖူးလို့ရရဲ့လား၊ သဲသဲကွဲကွဲရော ဖူးရသလား။

(ရပါတယ်ဘုရား။)

ဆက်လျှောက်စမ်း။

(အဲဒါပြီးတော့ ဘုရားနီကို ဖူးပါတယ်ဘုရား၊ အဲဒါကျတော့ မထင်ရှားပါဘူးဘုရား။)

ပြီးတော့ရော။

(ဘုရားနီပြီးတော့ ရွှေကျီးမြင့်ဖူးပါတယ်ဘုရား။)

ပြီးတော့ရော။

(ရွှေကျီးမြင့်ပြီးတော့ အိမ်တော်ရာဖူးပါတယ်ဘုရား။)

ပြီးတော့ရော။

(အားလုံးပြီးပါပြီဘုရား။)

မဆန်းကြယ်ဘူးလား။

(ဆန်းကြယ်ပါတယ်ဘုရား။)

ဒါ အစိမ်းတွေ့ယျတွေပေါ့။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား)

နာရီပြန်တစ်ချက် နှစ်ချက် သမ်တလင်းကလည်း ပူနေပြီး ခြစ်ခြစ်တောက်ပူနေတယ်၊ ကဲ··ဖူးချင်ရက်နဲ့ ဖူးလို့ရပါ့မလား။

(မရပါဘုရား။)

သမ်တလင်းက ခြစ်ခြစ်တောက်ပူနေတယ်၊ မိုးကလည်း ချုပ်သွားပြီ၊ မိုးမှောင်ကလည်း ကျနေတယ်၊ ဘုရားစုံဖူးကလည်း ဖူးချင်တယ်၊ ဖူးလို့ရပါ့မလား။

(မရပါဘူးဘုရား။)

ဘာဖြစ်နေလို့လဲ။

(ညမှောင်ကျနေလို့ပါဘုရား၊ မိုးချုပ်နေလို့ပါဘုရား)

ဖူးချင်ရက်နဲ့ မဖူးရတာနော်၊ ယခု အချိန်မရွေး ဖူးလို့မရဘူးလား။

(ရပါတယ်ဘုရား)

ဘုရားရှင်ရဲ့ ဘုရားစကားကို နားထောင်ပြီး အလုပ်လုပ်မယ်ဆိုရင် နေ့နေ့ညည ခြစ်ခြစ်တောက်တောက်ပူ၊ မိုးရွာရွာ ဖူးလို့ရတယ်နော်။

(တင်ပါ့ဘုရား။)

ရတယ်နော်၊ မဆန်းကြယ်ဘူးလား။

(ဆန်းကြယ်ပါတယ်ဘုရား။)

ဘာဖြစ်သလဲ၊ ယခု အေးအေးလူလူ သကျသီဟတို့ အိမ်တော်ရာတို့ သွားဖူး၊ မနက်ခင်း အေးအေးဆေးဆေးသွားဖူး။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ထီးတော်တွေ့ချင် မော့ဖူးရဦးမှာ၊ မမော့ပဲ မမြင်ရဘူး။

(တင်ပါ့ဘုရား။)

ယခု မော့စရာမလိုဘူး၊ ဘုရားရှင်ထားခဲ့တဲ့ ဓမ္မတရားတော်တွေနဲ့ ထီးတော်ကနေ စဖူးတာ၊ မော့နေရသလား။

(မော့မနေရပါဘူးဘုရား)

မော့ဖူးစရာမလိုဘူး၊ လင်းလင်းထင်းထင်းလည်း ရတယ်၊ ကြည်ကြည်လင်လင်လည်းရတယ်၊ နေလည်းမပူဘူး၊ လေလည်းမတိုက်ဘူး၊ ရတယ်။

(ရပါတယ်ဘုရား)

ရန်သူမျိုးငါးပါးလည်း မကြောက်ရဘူး။

(တင်ပါ့ဘုရား။)

ဒါက ဒိဋ္ဌဓမ္မကုသိုလ်တွေ၊ စိတ်တွေက ပြန့်နေတယ်၊ လွင့်နေတယ်၊ မရှိတော့ဘူး၊ နိဗ္ဗာန်ရတဲ့အထိ စိတ်တွေ ဆွေးနေတယ်၊ မြည့်နေတယ်၊ ပျက်စီးနေတယ်၊ မရှိတော့ဘူး။

(တင်ပါ့ဘုရား။)

ဘုရားရတနာ၊ တရားရတနာဆိုတာ တစ်ကြိမ်တစ်ခါဖူးရလို့ ကြုံရဖို့ တော်တော်နဲ့မလွယ်ဘူး။

တသံသရာလုံး ခွေးတွေ၊ ဝက်တွေ၊ ကြက်တွေလည်းရှိတာပဲ၊ လူဖြစ်ရတာက သာတယ်၊ ဘုရားကို ကြည်ညိုနိုင်တယ်၊ နာမပရိဂ္ဂဟနိမိတ် ဖြစ်ပေါ်လာရင် သမ္မာသနညာဏ်ဖြစ်ဖို့ နီးသွားပြီ။

လောဘမီးတွေ၊ ဒေါသမီးတွေ၊ မောဟမီးတွေ ပါလာသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com


(မပါပါဘူးဘုရား။)

နာမပရိဂ္ဂဟာနိမိတ်ပွားပွားပေးရရင် ဘာမီးမှ မလာတော့ဘူး၊ အဲဒီလိုဖြစ်တာ၊ ဝမ်းသာစရာမကောင်းဘူးလား။

(ဝမ်းသာစရာကောင်းပါတယ်ဘုရား။)

အဲဒီလိုဖြစ်တာ။

(တင်ပါ့ဘုရား။)

နည်းနည်းဖူးကြနော်။

(တင်ပါ့ဘုရား။)

အားလုံးဖူးလို့ရသလား။

(ရပါတယ်ဘုရား)

ဘုရားပေးတော်မူတဲ့ ဓမ္မမျက်လုံး ဘယ်ကိုဖူးဖူး ရတယ်၊ ဘယ်သွားသွား ရတယ်၊ ဘယ်ဖူးဖူး ရတယ်၊ ကြိုးကြိုးစားစား ဝမ်းမြောက်ဝမ်းသာနဲ့ ဖူးကြ။

ဒကာကြီးက လျှောက်စမ်းပါ။

(မန္တလေးတောင်ကို ရောက်ပါတယ်ဘုရား။)

ရောက်တယ်နော်။

(တင်ပါ့ဘုရား။)

လင်းလင်းထင်းထင်းမြင်ရတယ်နော်။

(မြင်ရပါတယ်ဘုရား။)

နောက်ကော။

(ရွှေကျီးမြင့်)

နောက်ကော။

www.burmeseclassic.com

www.burmeseclassic.com


(ဘုရားနီ)

နောက်ကော။

(အိမ်တော်ရာ)

နောက်ကော

(ရွှေမြင်တင်)

အစုံဖူးခဲ့ရတယ်နော်။

(တင်ပါ့ဘုရား)

ဘုရားဆိုတာ ပူဇော်ရတယ်၊ ပူဇော်လို့ရတာပေါ့။ ဘယ်နေ့ ဘယ်ရက်မှာ ဘယ်အချိန် ဘယ်ဘုရားဖူးပါတယ် ရေးထား။

(တင်ပါ့ဘုရား)

အဲဒီလိုရေးထားလို့ရှိရင် နောက်တစ်ချိန် သားတွေသမီးတွေ ဖတ်ရတော့လည်း ဝမ်းမြောက်ဝမ်းသာကြလိမ့်မယ်၊ ကိုယ်က အသက်ကြီးလို့ နာမကျန်းဖြစ်ခဲ့ရင် အဲဒီစာကလေးဖတ်ပြစမ်းဆို ပြီး ငါဘုရားတွေဖူးခဲ့ရတာပဲလို့ အိပ်ယာထဲလဲနေရာကနေ ဝမ်း မြောက်ဝမ်းသာကြရမယ်။

(တင်ပါ့ဘုရား)

ကဲ..ဒကာကြီးကရော။

(ရွှေမြင်တင်ဘုရားဖူးပါတယ်)

လင်းလင်းထင်းထင်းမြင်အောင် ဖူးရသလား။

(ဖူးရပါတယ်၊ အဲဒီကနေ ကျောက်တော်ကြီးဘုရားကို ဖူးရ ပါတယ်ဘုရား၊ ကျောက်တော်ကြီးကနေ ဘုရားနီကို ဖူးရပါတယ် ဘုရား၊ မဟာမြတ်မုနိဘုရားကြီးကို ဖူးပါတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီးကလည်း စောင်းတန်းကနေစပြီး ဘုရားကြီးကနေ မျက်နှာတော်ကို စဖူးရပါတယ်ဘုရား၊ဘုရားလုံးပတ်တော်တွေ ဘုရားနံရံတွေကို စဖူးပါတယ်ဘုရား။

ဖူးချင်တဲ့စိတ်တွေ များနေလို့လားမသိဘူး ၄-ဆူတည်း ဖူးရပါတယ်ဘုရား၊ အိမ်တော်ရာဖူးရပါတယ်)

နောက်ရော။

(သကျသီဟဖူးပါတယ်ဘုရား။)

နောက်ရော။

(မဟာမြတ်မုနိဖူးပါတယ်ဘုရား။)

နောက်ရော။

(မန္တလေးတောင်ဘုရား၊ ၄-ဆူထဲ ဖူးရပါတယ်ဘုရား။)

ဒကာကရော။

(တပည့်တော် မန္တလေးတောင်ဘုရား၊ ပြီးတော့ သကျသီဟ)

နောက်တစ်ယောက်ရော။

(အားလုံးဖူးရပါတယ်ဘုရား)

ကဲ..နောက်ဒကာ။

(ဆွမ်းဦးပုညရှင်ဖူးတယ်ဘုရား။)

ဖူးလို့ရရဲ့လား။

(ရပါတယ်ဘုရား)

လောကုတ္တရာဆိုတာ ကိုယ်ကြိုးစားသလောက် ကိုယ်ရတာ၊ ကိုယ်အားထုတ်မှ ကိုယ်ရတာ။

www.burmeseclassic.com

www.burmeseclassic.com


နောက်ဒကာ။

(အရှင်ဘုရား တပည့်တော် ဘုရားဖူးတာ မှိန်တယ်ဘုရား၊ မကြည်လင်ဘူး။)

ကြည်စေ လင်းစေလို့ခိုင်း၊ အဲဒါမှ ကြည်လာမယ် လင်းလာမယ်၊ အနီးအဝေးခိုင်း၊ ဒကာကြီးရော။

(ဖူးရပါတယ်ဘုရား။ )

အာရုံနဲ့ဖူးတာလား၊ နိမိတ်နဲ့ဖူးတာလား။

(နိမိတ်နဲ့ ဖူးတာပါဘုရား။)

လှမ်းပြီးဖူးတဲ့နိမိတ်ကရော ဘယ်လောက်ရှိသလဲ၊ ကြီးသလား၊ သေးသလား။

(ကြီးပါတယ်ဘုရား။)

ဟိုရောက်တော့ လင်းလင်းထင်ထင်မြင်ရရဲ့လား။

(မြင်ရပါတယ်ဘုရား။)

ကိုင်း‥မင်းကရော၊ နိမိတ်က အလုံးအတိုင်း မမြင်သေးဘူးလား။

(မမြင်သေးပါဘူးဘုရား။)

သမာဓိအားကောင်းလို့ ကြိုးစားရင် နိမိတ်အားကောင်းလာတာပဲ၊ လေယာဉ်ပျံကြီးပျံသွားသလို။

(တင်ပါ့ဘုရား။)

အဲဒီလို အေးခနဲ ဟာခနဲ မဖြစ်ဘူးလား။

(ဖြစ်ပါတယ်ဘုရား။)

ကြိုးစားပြီးရှုမှတ်ကြ၊ ကြိုးစားပြီးဘုရားဖူးကြ၊ ဘယ်

www.burmeseclassic.com

www.burmeseclassic.com


ဘုရားရောက်သလဲ၊ ပြန်ပြောစမ်းပါဦး။

(မုံရွာဆုတောင်းပြည့်ဘုရား၊ မိုးညှင်း သမ္ဗုဒ္ဓေ ၊ ဗောဓိတထောင်၊ ပုဂံညောင်ဦးက ရွှေစည်းခုံ၊ အာနန္ဒာ၊ အင်းလေးက ဖောင်တော်ဦးဘုရား၊ ပုသိမ်က မော်တင်စွန်းဘုရား (၇)ဆူဘုရား)

ကြိုးစားဖူးကြ၊ မှတ်လည်းထားကြ၊ ဘယ်နေ့ ဘယ်ရက်က ဘယ်ဘုရားတွေဖူးရတာလို့မှတ်ထား၊ ဘယ်အချိန်က ငါဘုရားဖူးခဲ့တာလို့ ဝမ်းမြောက်ဝမ်းသာဖြစ်၊ သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေကို ပြန်ပြီးမှလဲပြောပြ၊ ဝမ်းမြောက်ဝမ်းသာနဲ့ ဖူးကြ။

(တင်ပါ့ဘုရား။)

မင်းတို့မယုံချင်နေကွ၊ ငါဖူးခဲ့တဲ့ဘုရားတွေ ဘယ်နေ့ ဘယ်ရက်က ဖူးခဲ့တာ၊ မပြောနိုင်ဘူးလား။

(ပြောနိုင်ပါတယ်ဘုရား။)

သက်သေရော မရဘူးလား။

(ရပါတယ်ဘုရား။)

ဒကာကြီးမှတ်ထား၊ ငါဖူးခဲ့ရတဲ့ဘုရားတွေ ပြောမပြနိုင်ဘူးလား။

(ပြောပြနိုင်ပါတယ်ဘုရား၊ မှတ်ထားပါတယ်ဘုရား။)

**စာအုပ်ကလေးတွေ ရိုက်ထား**၊ ဘယ်အချိန် ဘယ်အခါက ဖူးရတယ်၊ အသက်အရွယ်ဘယ်လောက်ရှိပြီဆိုတာကို၊ ကြိုးစားကြ။

(သာဓု … သာဓု … သာဓု …)

* * *

www.burmeseclassic.com

www.burmeseclassic.com

## ဒါမှဆွေမျိုးအစစ်

ဘယ်ကနေစဖူးသလဲ။

(တပည့်တော်မက စဦး မဟာမြတ်မုနိဘုရားကို ဖူးပါတယ်ဘုရား)

မဟာမြတ်မုနိဘုရားဖူးတယ်။

(တင်ပါ့ဘုရား၊ မကိုဋ္ဌတော်ကိုလည်း ဖူးရပါတယ်ဘုရား၊ နောက်လည်ပင်းတော်ကို ဖူးရပါတယ်ဘုရား၊ တပည့်တော် စလွယ်တော်ကြီး ဖူးချင်ပါတယ်ဆိုတော့ စလွယ်တော်ကြီးပေါ်လာပါတယ်ဘုရား၊ ပေါ်လာပြီးတော့ အဲဒီမှာ ကျောက်တွေအများကြီးပဲ စီထား ပါတယ်ဘုရား။

ဌာယနာကိုလည်း ဖူးချင်ပါတယ်ဆိုတော့ ဗိုက်ထဲမှာ အလင်းရောင်တွေနဲ့ ဒီလောက်လောက် အနီလုံးကြီး အရောင်တွေနဲ့ တွေ့ရပါတယ်ဘုရား)

ဘယ်မှာတွေ့တာတုန်း။

(ဗိုက်ထဲမှာပါဘုရား၊ တပည့်တော် ဖူးချင်ပါတယ်ဆိုတော့ တပည့်တော် ရှိခိုးဦးချခဲ့ပါတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com


ဟိုနေ့က ဖူးပြီး မသဲကွဲခဲ့တဲ့ ငရုံမင်းတောင်ကို ဖူးချင်ပါ

**တယ်ဆိုတော့ ငရုံမင်းတောင်ကိုရောက်သွားပါတယ်၊တပည့်တော်**

မျက်နှာတည့်တည့်ဟာ အောက်စိုက်ကျသွားပြီးတော့ ရေကန်ထဲမှာ ငရုံ (၃)ကောင်တွေ့ပါတယ်ဘုရား။)

**ရန်ကင်းတောင်ပါသလား။**

(မဟုတ်ဘူးဘုရား၊ ဟိုနေ့က ဖူးတာမရလို့ ဒီကနေ့ အကုန်ဖူးလိုက်တာဘုရား၊ (၃)ရက်စာ လျှောက်ဖူးပစ်တာဘုရား။

တပည့်တော် မန္တလေးမရောက်တာကြာပါပြီ၊ ဘယ်ဘုရားတွေ ဘယ်နားရှိမှန်းလည်းမသိဘူးလို့ ဖူးချင်ပါတယ်၊ သာသနာစောင့် နတ်မြတ်နတ်ကောင်းတွေ လိုက်ပို့ပါ၊ တထိုင်တည်းနဲ့ ဖူးချင်ပါတယ်ဆိုတော့ တပည့်တော်က မေတ္တာပို့ပြီး လျှောက်ထားလိုက်ပါတယ်၊ မျက်နှာတည့်တည့် အောက်စိုက်သွားပြီးတော့ အောက်မှာ ရေကန်ဖူးရပါတယ်ဘုရား။

ငရုံသုံးကောင်က ပါးစပ်ဟထားပြီး ကိုယ်ကောင်က ရေထဲမှာ မြုပ်ထားပါတယ်ဘုရား၊ အဲဒီ ဂူထဲမှာလည်း ဘုရားရှိတယ်လို့ ကြားဖူးပါတယ်၊ ရှိရင်လည်း ဖူးချင်ပါတယ်၊ ပြပါဆိုတော့ ဂူထဲမှာ ရွှေရောင်တောက်နေတဲ့ ဘုရားတဆူကို ဖူးရပါတယ်ဘုရား)

ဘယ်မှာလဲ။

(ငရုံမင်းတောင်ဂူထဲမှာပါဘုရား။)

တောင်ပေါ်မှာလား။

(တောင်ပေါ်မှာပါဘုရား။

www.burmeseclassic.com

www.burmeseclassic.com


ရေတံခွန်တောင်လည်း သွားချင်ပါသေးတယ်ဆိုတော့ တပည့်တော် အာရုံပြုလိုက်တာနဲ့၊)

နေဦး နိမိတ်လား၊ အာရုံပြုတာလား။

(နိမိတ်သွားတာပါဘုရား၊ တဆက်တည်း ဆက်သွားတာ ဘုရား)

နေပါဦး၊ နိမိတ်က ဘယ်လောက်ကြီးတုန်း။

(နိမိတ်က တဆက်တည်းသွားတော့တာဘုရား၊ နိမိတ်က အဖြူဘုရား၊ အဲဒါနဲ့ ရဟန္တာတွေက သပိတ်တွေနဲ့လွယ်ပြီးတော့ ကြွလာတာဘုရား။

ရဟန္တာတွေကိုကြည့်ပြီး ကြည်ညိုလိုက်တာ ဆွမ်းလှူချင်လိုက်တာလို့ဆိုတော့ ရဟန်းတစ်ပါးက သပိတ်ကို ဖွင့်ပေးပါတယ် ဘုရား။

တပည့်တော် သပိတ်ထဲကိုထည့်ပြီးတော့ ဆွမ်းတွေဘာတွေ လောင်းတဲ့အခါ ဟိုဘက်မှာ ဆွမ်းဘုဉ်းပေးနေတဲ့တစ်ပါးကို ဖူးရပါ တယ်ဘုရား။

ဆွမ်းလောင်းလှူနေတဲ့အချိန် ဟိုဘက်မှာဆွမ်းဘုဉ်းပေးနေတဲ့ ရဟန်းတစ်ပါးကို ဖူးနေရပါတယ်။)

ဆွမ်းစားတာက သပိတ်နဲ့လား စားပွဲနဲ့လား။

(တောထဲမှာ သပိတ်နဲ့စားနေတာပါဘုရား၊ သပိတ်နဲ့ ဘုဉ်း ပေးနေတာပါဘုရား။)

လက်ဆေးတာရော မြင်သေးသလား။

(ဘုဉ်းပေးတာပဲ တွေ့တာပါဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်ခါ ဒီကနေပြီးတော့ မြကျောက်ကို သွားချင်ပါတယ်ဆိုတော့ ဒီကနေပြီးတော့ ရှုံးခနဲ မြကျောက်ကို နိမိတ်တစ်ခါတည်း ရောက်သွားရော၊)

နိမိတ်ပါသလား။

(ပါတယ်ဘုရား၊ နိမိတ်က တဟုန်ထိုးကို ရှုံးခနဲသွားလိုက်တာဘုရား၊ နိမိတ်က နိမ့်ကျသွားပြီး ရောက်လိုက်တာ မဟာဗောဓိလိုပဲ မတ်မတ်ကြီးတွေ့တယ်ဘုရား၊ မြကျောက်ဆိုတာ ဘယ်လိုလုပ်သိရပါ့မလဲဆိုတော့ ဆိုင်းဘုတ်အရှည်ကြီးနဲ့ တုတ်နှစ်ချောင်းတွေ့တယ်ဘုရား။

အပေါ်မှာက ရွှေစေတီလို့ရေးထားတဲ့ ဗောဓိတစ်ထောင်မှာလို စေတီကလေးတွေ့တယ်ဘုရား၊ ဒါနဲ့ ဌာပနာကို ဘယ်လိုတွေ့ရပါ့မလဲဆိုတော့ လေးထောင့်သေတ္တာကြီးထဲက ရွှေရောင်တွေထွက်တယ်ဘုရား)

အဲဒီသေတ္တာထဲက ဘာတွေ့ရှိတုန်း၊ ဘာတွေတွေ့တုန်း။

(အဲဒီအထိတော့ တပည့်တော်မ သေသေချာချာမကြည့်မိဘူးဘုရား၊ ဌာပနာရှိတဲ့နေရာကိုသာ ပြပါဆိုတော့ ဘုရားရဲ့အောက်နားမှာ လေးထောင့်သေတ္တာတုံးကြီး တွေ့ရပါတယ်ဘုရား၊ အလင်းရောင်အဖြူကသပ်သပ် ရွှေရောင်ထွက်နေတာက သပ်သပ်ပါဘုရား)

အဲဒီသေတ္တာထဲ ဘာတွေရှိသလဲဆိုတာ ကြည့်မှမခိုင်းပဲကိုး။

(တင်ပါ့ဘုရား)

ခုတ်တော်တို့ဘာတို့ သေတ္တာကြီးပဲမြင်ခဲ့ရတာလား။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား၊ ရွှေရောင်ကြီးလို လက်နေပါတယ်ဘုရား)

သေတ္တာဆိုတာ အင်္ကျီတို့၊ ရွှေတို့၊ ငွေတို့ထည့်တာဗျာ၊ မပြတ် ထည့်ထားတဲ့ပစ္စည်းတွေ။

(တင်ပါ့ဘုရား၊ တပည့်တော်မလည်း ဖူးချင်တာလောနေ တာနဲ့ ဟိုတစ်နေ့က ဘုရားတွေပါ တစ်ထိုင်တည်းဖူးမယ်ဆိုပြီး တော့ မကြည့်မိခဲ့တာပါဘုရား၊)

အဖိုးတန်တဲ့ပစ္စည်းတွေ မမြင်ခဲ့ရတော့ဘူး၊

(ပြီးတော့ ညနေပိုင်းရောက်တော့ ကျောက်စာတော်တွေ ဖူးချင်ပါတယ်ဆိုပြီး ဖူးတော့မယ်လို့ထိုင်ပြန်ရော၊ (၃)ချက် (၄)ချက်လောက်မှတ်ပြီး တာနဲ့ကို နိမိတ်အလင်းတန်းရပါတယ်၊ နိမိတ်အလင်းတန်းရတာနဲ့ ပို့လိုက်တာ ကျောက်စာအထပ်တွေ ထောင်ထားတာတွေ့ရပါတယ်ဘုရား။

ဘယ်နှစ်ချပ်လည်းဆိုတာ သိရအောင်ပြပါဆိုတော့ ကျောက် ပြားတွေ ထောင်ပြီးရမ်းနေတာကို တွေ့ရပါတယ်ဘုရား။)

ကျောက်စာတွေက စေတီရဲ့အပြင်မှာလား၊ စေတီရဲ့အတွင်း မှာလား ဌာပနာထဲမှာလား။

(မဟုတ်ဘူးဘုရား၊ ကျောက်စာတိုက်ကို သပ်သပ်သွားတာ ဘုရား။)

အေး··အေး··ကုသိုလ်တော်ရော။

(ကုသိုလ်တော်နဲ့ ကျောက်စာကိုတော့ ရောက်တယ်ဆိုရုံပဲ ရောက်တယ်၊ တပည့်တော်တို့ ရောက်မှန်းသိပြီးတော့ နိမိတ်နဲ့ပဲ ဦး(၃)ကြိမ်ချပြီး အမျှပေးဝေခဲ့ပါတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com


အဲဒီဘုရားတွေကတော့ ရောက်တယ်ဆိုတာပဲသိပါတယ် ဘုရား၊ မနက်ကတော့ အစောကြီးထပြီး ရေတော်ကပ်လှူပါတယ် ဘုရား။

ရောက်မှန်းလည်း သိပါတယ်ဘုရား၊ လက်တော်က ရေတွေ ဖလားနဲ့ကပ်ထား၊ ဖလားထဲကရေတွေ လှုပ်ရှားနေပါတယ်ဘုရား၊ ဝမ်းသာသွားပြီဘုရား။)

ဘုရားဖူးရတာ ဝမ်းမသာပဲ စိတ်ညစ်နေရမလား။

(ဝမ်းသာလွန်းလို့ပါဘုရား၊ စိတ်လည်း ပေါ့သွားပါတယ် ဘုရား၊ တပည့်တော်က နိမိတ်တွေရရဲ့သားနဲ့ ပို့လို့မရဘူးအောက်မေ့တာ၊ တပည့်တော် လျှောက်စရာရှိသွားပြီ၊ ခါတိုင်းကတော့ မျက်နှာပူနေတာ၊ တပည့်တော် မြတ်စွာဘုရားရှင်ရဲ့ ကျေးဇူးဆပ်ချင်ပါတယ်လို့ ဆုတောင်းတာဘုရား။)

ဘုရားရတနာထက် မြတ်တာမရှိဘူး၊ ဒါတွေဖူးရတာ ဝမ်းသာရမှာပေါ့။

(အဲဒီရတနာတွေအကြောင်း သိပြီးတော့ တပည့်တော် ဘယ်ရတနာမှ မဝတ်တော့ဘူးဘုရား၊

ဘုရား ရတနာ၊

တရား ရတနာ၊

သံဃာ ရတနာကလွဲလို့ ဘာရတနာမှ မဝတ်တော့ဘူး ဘုရား)

ဘုရားရတနာမှ ရတနာအစစ်မှတ်၊ လေးအသချေနဲ့ ကမ္ဘာ တစ်သိန်းကျင့်ပြီး အသက်စွန့်လို့ လုပ်ခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

(၆)နှစ်တာ ဒုက္ကရစရိယာကျင့်ပြီးမှ ဘုရားအဖြစ်ကို ရောက်တော်မူတာ။

(တင်ပါ့ဘုရား။)

လူ့ဘဝမှာ ဘယ်လောက်ငွေးငွေး ဘယ်လောက်သတ္တိရှိရှိ မျက်လုံးဖောက်လှူပါဆိုရင် ဘယ်ဖောက်လှူနိုင်မတုန်း။

(တင်ပါ့ဘုရား)

ဘယ်သူမှ မလှူရဲဘူး၊ မျက်လုံးနှစ်ဘက်ကိုမပြောနဲ့၊ တစ်ဖက်တောင် မလှူရဲဘူး။

(တင်ပါ့ဘုရား။)

ဘုရားက ဒီလိုမဟုတ်ဘူး၊ လှူရဲတဲ့သတ္တိရှိတယ်။

(တင်ပါ့ဘုရား။)

ခုနေက လျှောက်ထားခဲ့တာတွေ၊ ကိုယ်တိုင်ကိုယ်ကျဖူးရတာတွေ အဲဒီအစီအစဉ်တွေ ရေးမထားဘူးလား။

(ရေးထားပါတယ်ဘုရား၊ အားလုံးရေးထားပြီးပါပြီဘုရား၊ အားလုံးရေးထားပါတယ်ဘုရား)

ရေးထား။

(ဘယ်နေ့ဘယ်အချိန်မှာ ဘာဖြစ်တယ်ဆိုတာတွေ ရေးထားပါတယ်ဘုရား။)

ဒါတွေဟာ သမိုင်းဝင် မှတ်တမ်းတွေပဲ။

အသက် ဘယ်လောက်ရှိပြီလဲ။

(၆၁ နှစ်ထဲမှာပါဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ဒီအချိန်ဒီအရွယ် ဒီအသက်အထိ တစ်ခါမှမဖူးခဲ့ရဖူးဘူး မဟုတ်လား။

(တင်ပါ့ဘုရား၊ တပည့်တော် တထိုင်တည်းကို ဖူးရတာ ပါဘုရား။)

ဘုရားဖူးသွားတာ ထီးလည်းမပါဘူး၊ ဖိနပ်လည်း မပါဘူး။

(တင်ပါ့ဘုရား။)

မမေးလည်းမကြောက်ရဘူး၊ ဘယ်နားသွားလို့ ရေထဲမိုး ထဲ ရွံ့ထဲလည်း သွားရဦးမယ်ဆိုတဲ့ဟာရော ရှိသေးသလား။

(မရှိပါဘူးဘုရား)

ဘယ်ရှိမတုန်း၊ ဘုရားရှင်ရဲ့ အစိန္တေယျ တန်ခိုးတော်တွေ။

(နိမိတ်တွေသွားတာနဲ့ ဘယ်ရောက်တယ်ဆိုတာ ဟိုမှာ လည်း သွားနေတယ်၊ ဒီမှာလဲ သိနေတယ်ဘုရား၊ ဒီက အမိန့်ပေး လိုက်တာနဲ့ ဒီမှာလုပ်တယ်၊ ဒီကအမိန့်ပေးလိုက်တာနဲ့ ဟိုမှာလုပ် တယ်ဘုရား။)

ဒါကြောင့် ဘယ်ဘုရားဖြစ်ဖြစ် စေတီစောင့်နတ်တွေရှိတယ်၊ စေတီစောင့်နတ်တွေကို မေတ္တာလည်းပို့ရတယ်၊ အခွင့်လည်း တောင်းရတယ်။

(တင်ပါ့ဘုရား။)

ဒသသနာနုဿရိယ ကုသိုလ်ကြီးတွေရတာပေါ့၊ ဒါတွေကို သူများကိုပြောရင် ယုံပါ့မလား။

(မယုံပါဘူးဘုရား။)

မယုံရင် ဘယ်လိုလုပ်ကယ်မတုန်း။

www.burmeseclassic.com

www.burmeseclassic.com


(မကယ်နိုင်ပါဘူးဘုရား။)

သနားစရာမကောင်းဘူးလား။

(သနားစရာကောင်းပါတယ်ဘုရား၊ တပည့်တော်က တတ်နိုင်သလောက် ကိုယ်ရတဲ့တရားတွေ ပြန်ပေးတာပဲဘုရား၊ ဓမ္မဒါနပြုပြီး အားထုတ်စေပါတယ်၊ ဒီက ပြန်သွားရင်လည်း အိမ်ကိုကျောင်းအဖြစ်နဲ့လုပ်ပြီး ထားပါ့မယ်ဘုရား။)

ကိုယ်တွေ့ဖြစ်သွားတာ။

(တင်ပါ့ဘုရား။)

ဒီစေတနာတွေ ဒီဇောတွေက အကြိမ်ကြိမ်အဖန်ဖန်ဖြစ်လေ အမှတ်ရလေ ကုသိုလ်တွေတိုးလေ၊ ဒါမှ ဆွေမျိုးအစစ်၊ ကုသိုလ်ဆွေမျိုး နေ့စဉ်တိုး အားကိုးထိုက်လှပြီ။

(တင်ပါ့ဘုရား။)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

ဓမ္မံ သရဏံ ဂစ္ဆာမိ

အဲဒါ မျိုးစေ့မှန်သွားပြီ။

(တင်ပါ့ဘုရား၊ ညက တစ်ညလုံး မအိပ်ရဘူးဘုရား၊ ချမ်းနေရက်သားနဲ့ အိပ်မရဘူးဘုရား၊ မျက်စိထဲမှာလည်း ပုလဲလုံးတွေ ပုလဲလုံးတွေ လျှံထွက်နေတယ်ဘုရား။

အလင်းရောင်တွေ ထွက်နေတယ်ဘုရား၊ ခါတိုင်းဆို မိုးအေး အေးနဲ့ အိပ်မှာပဲ၊ ယခုဆို မအိပ်တတ်ဘူးဘုရား၊ မျက်စိတွေ ကြည် နေပါတယ်ဘုရား)

ဇောတွေ ဇောတွေ ...။

www.burmeseclassic.com

www.burmeseclassic.com


(အားလုံးလည်း ပေါ့ပါးပြီးတော့ ကြည်လင်သွားပါတယ် ဘုရား။)

အေး..အေး..

ဒီဇောတွေက ဒီဘဝအကျိုးပေးတာ၊ ဒိဋ္ဌဓမ္မဝေဒနီယကံတဲ့။

(တင်ပါ့ဘုရား။)

နောက်ဆုံး လူ့ပြည်နတ်ပြည် ဗြဟ္မာပြည်အထိ ပို့ပေးတာ၊ အပရာ ပရိယ ဇော (၅)တန် ပရိက္ကဟနိမိတ် ဘယ်တော့မှ မပျောက် တော့ဘူး။

(တင်ပါ့ဘုရား။)

အဖိုးတန်တာပေါ့၊ အဖိုးဖြတ်မရဘူး။

(ဘယ်ဘုရားဖူးဖူး ပထမတုန်းကတော့ တပည့်တော် အပြင်မှာ ဘာလုပ်လုပ် ပထမချည်းပဲရတယ်ဆိုတော့ ဒီတစ်ခါကျ တော့ မရတော့ စိတ်ဓာတ်တွေကျနေတယ်။

အဘိဓမ္မာမှာလည်း ပထမ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲမှာလည်း တစ်ပြည်လုံးပထမချည်းရတာဆိုတော့ ဒီဟာကျမှ နောက်ကောက် ကျသွားတာဆိုတော့ စိတ်ဓာတ်တွေကျနေတယ်)

နောက်ဒကာရော။

(တပည့်တော် ရွှေကျီးမြင့်ဘုရားကို ဖူးပါတယ်ဘုရား၊ ရွှေ ကျီးမြင့်ဘုရားဖူးရတော့ ဂူကလေးသေးသေးကလေးထဲမှာ ဝင်သွား တာဘုရား။

ဘုရားနဲ့ဘုရားကတော့ စေတီပဲတွေ့တယ်ဘုရား၊ အိမ်တော် ရာဘုရားက အပေါ်က ထီးတော်ပဲတွေ့တယ်ဘုရား၊ ထီးတော်

www.burmeseclassic.com

www.burmeseclassic.com


လက်လက် အကွင်းလိုက်အကွင်းလိုက် လေးကွင်းလောက်ပဲ တွေ့တယ်ဘုရား။

သကျသီဟဘုရားကတော့ အမြင့်ကြီး၊ တပည့်တော် မြောက်ဘက်စောင်းတန်းကနေ ဖူးတယ်ဘုရား၊ မဟာမြတ်မုနိဘုရားကတော့ မျက်နှာတော် ခေါင်းပိုင်းကလေးပဲ ဖူးရပါတယ်ဘုရား။

တပည့်တော် ပြန်ရှုလိုက်တဲ့အခါမှာ နိမိတ်နဲ့ အလင်းနဲ့ ပြန်ရှု မှတ်လိုက်တဲ့အခါမှာ ရဟန္တာတစ်ပါးက ဘာခေါ်လဲဘုရား၊ ကျမ်းစာစာအုပ်ကိုင်ထားတဲ့ဘုရား၊ စာအုပ်ကိုင်ထားတဲ့ ဘေးနားမှာ ရေကန်အဖြူကလေးရှိတယ်၊ ရေကန်ထဲမှာ ကြာဖူးကလေးက လက်လက်နဲ့နေတဲ့ဘုရား။

ကြာဖူး တဖြည်းဖြည်းနဲ့ အပွင့်ပွင့်လာတဲ့အခါ ရဟန္တာတစ်ပါး ယပ်တောင်ကလေးထမ်းပြီး ကိုင်ထားတာဘုရား၊ ယပ်ကိုင်ထားတဲ့ရဟန္တာကို တပည့်တော် ဦးသုံးကြိမ်ချပြီးတော့ ဆရာတော်က ရှာန်နဲ့ကြွသွားပါတယ်ဘုရား။ ဒါနဲ့ တပည့်တော်ပျော်သွားပါတယ်။)

ဒါနဲ့ ဘယ်ဘုရားကျန်သေးတုန်း။

(တပည့်တော် မောတာနဲ့ ပြန်နားထားပါတယ်ဘုရား၊ တပည့်တော် တစ်ညလုံး တောက်လျှောက်လွတ်တာ၊ တပည့်တော် ဒါတွေ နာနေတယ်ဘုရား)

နောက်ဒကာ ... ။

www.burmeseclassic.com

www.burmeseclassic.com


(အားလုံး (၅)ဆူဘုရား၊ တပည့်တော် ငါးဆူဖူးပြီးတော့ ရေတံခွန်တောင် ထပ်ရောက်သွားတာဘုရား။)

နောက်တော့ကော ... ။

(တပည့်တော် မဟာမြတ်မုနိဖူးပါတယ်၊ ရှေ့နားက လက်တော်ပဲဖူးရပါတယ်ဘုရား၊ တပည့်တော် ရွှေကျီးမြင့်ရောက်တဲ့ အခါကျတော့ လှိုင်ဂူကလေးလို မြင်ရပါတယ်ဘုရား။

အဲဒီမှာ ကြေးဆင်းတုတော်ပဲ တွေ့ပါတယ်ဘုရား၊ အဲဒါ ဖူးခဲ့ရပါတယ်၊ ထွက်လိုက်တော့ တန်ဆောင်းတစ်ခု တွေ့ပါတယ် ဘုရား၊ အဲဒီတန်ဆောင်းမှာ ဆင်းတုတော် (၃)ဆူဖူးခဲ့ရပါတယ် ဘုရား။

အိမ်တော်ရာဘုရားရောက်တဲ့အခါကျတော့ ဖြူဖြူလိုပဲ ကပ်ထားတာတွေ့ရပါတယ်ဘုရား။

ဘုရားနီရောက်တဲ့အခါကျတော့ တပည့်တော် ကျောက်ဆင်းတုကိုယ်တော်တွေကို ဖူးရပါတယ်ဘုရား၊ တချို့ဘုရားတွေက ငွေရောင်တွေက တလက်လက်ဖြစ်နေလို့ တပည့်တော် သေသေချာချာ မဖူးခဲ့ရဘူးဘုရား။

နောက် သကျသီဟရောက်ပြန်တော့ ဆင်းတုတော်တွေပဲ ဖူးရပါတယ်ပြန်ပါတယ်။

တပည့်တော် ရေတံခွန်တောင်ရောက်သွားတော့ ရဟန္တာ (၅၀၀)ကို ဖူးရပါတယ်ဘုရား၊ တောင်ပေါ်ကနေ အလယ်ကောင်ကို ဖောက်ပြီးဆင်းသွားရပါတယ်ဘုရား)

သေသေချာချာဖူးလို့ရရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com


(ရပါတယ်ဘုရား)

စုံပြီလား။

(မစုံသေးဘူးဘုရား၊ ဟိုတစ်နေ့က လက်ကျန်တွေဖူးရဦး မယ်ဘုရား)

နောက်တော့ရော … ။

(တပည့်တော် နိမိတ်နဲ့ ရန်ကင်းတောင်သွားတယ်ဘုရား၊ ရုပ်တော်မှုကိုယ်တော်ကြီးက လက်ညှိုးဒီလိုထိုးပြီးတော့နေတာ ဖူးရပါတယ်ဘုရား။)

ဘယ်ဘုရားလဲ အဲဒါက။

(ဗျာဒိတ်တော်ဘုရားပါ၊ အဲဒီကနေ ဆက်သွားတော့ နဂါးရုံ ဘုရားဖူးချင်ပါတယ်ဆိုပြီးတော့ နိမိတ်ခိုင်းတော့ နဂါးရုံဘုရားဖူးရ ပါတယ်ဘုရား၊ နောက် မြကျောက်ကို ဖူးချင်ပါတယ်ဆိုတော့ မြကျောက်က ပလ္လင်တော်ပေါ်က ဆင်းတုတော်ကလေးကို တပည့် တော် ဖူးခဲ့ပါတယ်ဘုရား။

နောက်ပြီးတော့ ဒီငရုံမင်းဂူရှိတယ်လို့ ပြောကြတယ်၊ သွား ချင်ပါတယ်လို့ပြောတော့ သွားရပါတယ်၊ ဒါပေမယ့် အီး…အီး‥)

ဟဲ့‥ဒါ ဝမ်းသာရမှာ၊ ငိုရမှာမဟုတ်ဘူး၊ အသက်ဘယ် လောက်ရှိပြီလဲ။

(တပည့်တော် (၆၀)ရှိပါပြီဘုရား)

ဟဲ့‥ဒီလိုဖူးခဲ့ရတာ ရှိခဲ့ဖူးသလား။

(မရှိခဲ့ဖူးပါဘူးဘုရား၊ ဒါပေမယ့် အဲဒီဘုရားမဖူးခဲ့ရပါဘူး ဘုရား)

www.burmeseclassic.com

www.burmeseclassic.com


ဟဲ့··ဝမ်းသာရမှာမဟုတ်ဘူးလား။

(တင်ပါ့)

ဟဲ့··ဘယ်နှယ့် ပြောင်းပြန်ကြီးဖြစ်နေပါလား၊ ဟဲ့··ဝမ်း သာရမှာ၊ ခက်လိုက်တာနော် ကိစ္စ။

လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည် ၃ဘုံအကုန်လုံး ဘုရား ရတနာထက် မြတ်တာမရှိဘူးနော်၊ အလွန်မွန်မြတ်တဲ့ ဘုရားရတနာ ဖူးမြော်ရတာ ဝမ်းသာရမှာ၊ အမယ်လေး ဝမ်းနည်းလို့ငိုသတဲ့ဗျာ။

(အရင်ကတော့ မဖူးဖူးဘူး၊ ယခုမှ ဖူးလို့ရလို့ပါဘုရား)

ဘာဖြစ်တယ်။

(အရင်က အချိန်တွေနှမြောလို့ပါဘုရား၊ အရင်က ရက်တွေ ကုန်ခဲ့တာ နှမြောလို့ပါဘုရား။)

ဦးမှိုင်းကြီးလေးချိုးကျနေပြီ။ ရွတ်ပြရဦးမှာလား၊ ပြောပြ ရဦးမှာလား၊ ဘုန်းကြီးကလည်း ပြောပြရပေါင်းများလှပြီ၊ ဦးမှိုင်း ကြီးတဲ့၊ ဘုန်းကြီးတို့ဇာတိသား၊ ဦးမှိုင်းကြီးအမေက ဘုန်းကြီးတို့ မောင်းထောင်သူ၊ ဖအေက ကျီးသဲသား၊ စစ်ကိုင်းတောင်ရိုးမှာ ဖိုဝင်ထိုးနေတာ၊ သူက ဖိုထိုး ဝါသနာပါတယ်၊ သူများတကာ တရားထိုင်ကြတယ်၊ သီလရှင်တွေ ယောဂီတွေ ရဟန်းတော်တွေ တရားထိုင်ကြတယ်၊ အစကတော့ အပိုအလုပ်လို့ထင်တယ်။

နောက်တော့ တရားဝင်ထိုင်ကြည့်တယ်၊ အသက်အရွယ် ကြီးလာတော့ တရားတွေက တွေ့နေပြီး တရားမထိုင်နိုင်ဘူး၊ ခဏခဏ တရားဖြုတ်နေရတယ်၊ တရားမထိုင်နိုင်တဲ့ ဘဝမျိုးကို ရောက်သွားတော့ သူ့ကိုယ်သူနှမြောလို့ ဘယ်လိုရေးထားသုန်း၊ ဘုန်းကြီးကလည်း သံဝေဂ ရစရာမို့ ကျက်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com


"တရားဘာဝနာ အခြေကောင်းသော်လည်း
အတွေ့နှောင်းသနော် ယခုချိန်မှာဖြင့်
လူပြည်မှာ ရက်တွေစောတာကြောင့်
ရှုကြည့်ကာ မျက်ရည်စေပါလို့ .... "

ရှုကြည့်ကာဆိုတာ ရက်တွေကုန်သွားတာကိုပြောတာ၊ ရက်မသွားသေးပါဘူးဗျာ၊ မနေ့ကမှ ဘုရားဖူးရတာ။

ယခုအရွယ်လည်း ကောင်းသေးတယ်ဗျာ၊ ယခုရလာနေပေါ့၊ 'ရှုကြည့်ကာ မျက်ရည်စေပါလို့၊' ဒကာမကြီးက မျက်ရည် တွေကျရတယ်နော်၊

'ခက်လေသနော် တွက်ခြေတွေနှမြောခဲ့ပါရဲ့ ....'
ယခုလည်း နှာမြောလို့ပေါ့လေ။
ဒကာမကြီးက ဘုရားဖူးနေရတာပဲ။
"သဘောတော် ဟိုယခင်အခါက
အပိုထင်ကာ မသိတဲ့အရေးတွေကြောင့် ... "

တရား အားထုတ်ဖို့မလိုဘူး၊ ဒါနသီလလုပ်ရင် တော်ပြီပေါ့၊ 'အပိုထင်တာ အလိုဝင်ကာ တစိကယ်မှ မတွေးခဲ့ပါဘူး၊'

ကဲ··အခု အဲဒီလိုရနေပြီး ကျန်တဲ့ဥစ္စာဆို ဟိုရက်တွေရက်တွေက တိုးပြီးကြိုးစားမယ်၊ တိုးပြီးရှာရမှာကိုး။

ယခုတော့ နောက်ဆုတ်ပြီးတော့ ငိုနေတယ်၊ ဒုက္ခပဲ၊ ဒါတွေပြန်ဆပ်ရမှာပဲမဟုတ်ဘူးလား၊ ပြန်ပြီးကြိုးစားလိုက်တော့ ကုသိုလ်တွေ တိုးမသွားဘူးလား။

(တိုးသွားပါတယ်ဘုရား၊)

www.burmeseclassic.com

www.burmeseclassic.com


ကြိုးစား။

(တင်ပါ့ဘုရား။)

ဒါပဲလား။

(တင်ပါ့ဘုရား။)

ဒကာမကြီးရော လျှောက်စမ်း။

(တပည့်တော် မန္တလေးက ဘုရား (၅)ဆူဖူးဖို့အတွက် ဘုရားရှိခိုးတဲ့အခါ မေတ္တာလည်းပို့ပါတယ်ဘုရား၊ ဘုရားစောင့်နတ်တွေကိုလည်းပဲ ခွင့်တောင်းပြီးတော့ တပည့်တော် မေတ္တာပို့ပါတယ်ဘုရား။

ဒီတရားကို ရှုမှတ်လိုက်တဲ့အခါမှာ မှတ်မှတ်ချင်းပဲ နိမိတ်ရပါတယ်ဘုရား၊ နိမိတ်ရတာနဲ့ ပထမဆုံး ရွှေကျီးမြင့်ဘုရား ဖူးပါတယ်ဘုရား။

တောင်ဘက်မုခ်ဝင်ပါတယ်ဘုရား၊ တောင်ဘက်မုခ်က ဝင်တဲ့အခါ မုခ်လိုဏ်ဂူလေးရှိတဲ့ ဘုရားဆင်းတုတော်ကို ဖူးတွေ့ရပါတယ်ဘုရား။

ဖူးနေတဲ့အခါမှာလည်း အဲဒီမှာ တခြားလေးငါးယောက် ဖူးနေတာကိုလည်း တွေ့ရပါတယ်ဘုရား၊ တပည့်တော် ဖူးရတဲ့ အခါမှာ ဉာဏ်တော်က (၃)တောင်သာသာဝန်းကျင်လောက် ရှိပါတယ်။

အဲလိုဖူးပြီးတဲ့အခါကျတော့ တပည့်တော် ပြန်လာပါတယ်ဘုရား၊ တပည့်တော်က ဒီလိုဘုရား ဘုရားတစ်ဆူတစ်ဆူကို အာရုံနိမိတ်ကို တစ်ခုပြီးတစ်ခုကို လွှတ်တယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



ဆက်ကာ ဆက်ကာမသွားတတ်ဘူးဘုရား၊ ဒီဘုရားကိုဆို ရင် ဒီဘုရားကို နိမိတ်လွှတ်ဖူးတယ်၊ အဲဒါနဲ့ တပည့်တော် အဲဒီ ကနေပြီးတော့ တစ်ခါ အိမ်တော်ရာဘုရားကိုသွားပါတယ်။

အိမ်တော်ရာဘုရားကိုကျတော့ မြောက်ဘက်မုခ်က ဝင် တယ်လို့ စိတ်ထင်တယ်ဘုရား၊ အဲဒီမြောက်မုခ်ကဝင်တော့ အိမ် တော်ရာဘုရားကျတော့ဘုရား၊ ရိုးရိုးထုံးဖြူဖြူနဲ့စေတီတော်ကိုပဲ မြင်ရပါတယ်၊ ဖူးရပါတယ်ဘုရား။

စေတီတော်ဖူးပြီးတော့ အဲဒီကနေ တပည့်တော် ဒီစေတီ တော်ရဲ့ ဒီဘက်ကို အရှေ့မြောက်ဘက်လောက် တစ်ခါဆက်သွား တော့ ညောင်ပင်အကြီးကြီးတစ်ပင်ကို ဖူးရပါတယ်ဘုရား။

အဲဒီညောင်ပင်ကြီးရဲ့ မြစ်ဆုံနားမှာကျတော့ အိမ်ကလေးလို လက်လက်လက်လက်နဲ့ဟာလေး ဖူးတွေ့ရပါတယ်ဘုရား၊ တပည့် တော် ဒါပဲဖူးတွေ့ခဲ့ရပါတယ်ဘုရား)

ဟော‥ အဲဒါ ရေးမှတ်မထားဘူးလား။

(မှတ်ထားပါတယ်ဘုရား။)

အချိန်နဲ့ နာရီနဲ့ကို သေချာမှတ်ထား။

(တင်ပါ့ဘုရား။)

ဘယ်ဘုရား ဘယ်အချိန် ဘယ်နှစ်နာရီ။

(တင်ပါ့။)

ဟုတ်လား၊ အဲဒီလိုကို တိတိကျကျမှတ်ထား။

(တင်ပါ့ဘုရား။)

ကိုယ်ဖူးရတာကိုတော့ ကိုယ်သိတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေ၊ တူတွေ အကုန်လုံးပေါ့။

(တင်ပါ့ဘုရား။)

ဒီစာအုပ်ကို မင်းတို့မယုံရင်ကြည့်ပေါ့၊ ဟော..သူတို့လည်း ကုသိုလ်တွေ တိုးတာပေါ့ မဟုတ်လား။

(မှန်ပါ့ဘုရား။)

အဲ..တန်ဖိုးဖြတ်လို့မရဘူး။

(မရပါဘူးဘုရား။)

အစိန္တေယျနော်၊ အဲ..ဓမ္မဂုဏော အနန္တောသို။

(မှန်ပါတယ်ဘုရား)

ဟော..ခု အနန္တမဟုတ်ဘူးလား။

(အနန္တပါဘုရား)

အခုမှ ကျေးဇူးကြီးမှန်းသိတယ်၊ ဟင်... ။

(အခုမှ ပိုသိလာပါတယ်ဘုရား)

ဓမ္မံ သရဏံ ဂစ္ဆာမိဆိုတာ ကနေ့ ဓမ္မံ သရဏံ ဂစ္ဆာမိ မိမိ ရရ ဖြစ်ကြတာပေါ့။

(ဟုတ်ပါတယ်ဘုရား)

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## ဘယ်တုန်းကမှ မကြုံခဲ့ဖူးဘူး

အေး‥ကဲ‥ဒကာမကြီးက လျှောက်စမ်း။

(တင်ပါ့ဘုရား၊ တပည့်တော် ဘုရားနီဘုရား ဖူးပါတယ်ဘုရား၊ ဘုရားနီရောက်တော့ စိတ်ထဲမှာ ဌာပနာလို ပန်းအိုးကြီး ရွှေပန်းခိုင်ကြီး တစ်ခါတည်း ဖူးခဲ့ရပါတယ်ဘုရား၊ ဘုရားနီဘုရားမှာ ဘုရားထီးတော် ဖူးခဲ့ရပါတယ်ဘုရား၊ ခတ်တော် ဖူးခဲ့ရပါတယ်ဘုရား။

ရွှေကျီးမြင့်ဘုရားကျတော့ ထီးတော်ဖူးခဲ့ရပါတယ်ဘုရား၊ အဲဒီအနောက်နားကိုသွားလိုက်တော့ ရုပ်စုံလုံးကို ဖူးခဲ့ရပါတယ်ဘုရား။

တောင်ဘက်ကကျတော့ ရုပ်ပွားတော်ကြီးတစ်ဆူ ဖူးခဲ့ရပါတယ်ဘုရား၊ အိမ်တော်ရာရောက်တော့ ထီးတော်စဖူးရပါတယ်၊ ဘုရားတပည့်တော် ဌာပနာကို အာရုံပြုဖူးလိုက်တဲ့အခါကျတော့ ငွေပန်းခိုင်၊ ရွှေပန်းခိုင်၊ ရွှေထီး၊ ငွေထီးတွေ ဖူးခဲ့ရပါတယ်ဘုရား၊ သိကြားရုပ်တု ဗြဟ္မာရုပ်တုတွေလည်း ဖူးခဲ့ရပါတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com


အဲဒီကနေ သကျသီဟဘုရားရောက်သွားတော့ ရုပ်ပွားတော်ကြီးတစ်ဆူပဲ ထင်ထင်မြင်မြင်ဖူးခဲ့ရပါတယ်ဘုရား၊ ဘုရားကြီးဖူးတော့အောက်ကိုယ်တော်တွေကတော့ ရိုးရိုးပုံစံအတိုင်းပဲ၊ မျက်နှာတော်ကျတော့ ဝင်းဝင်းလက်လက်နဲ့ ဖူးခဲ့ရပါတယ်ဘုရား။

အဲဒီဘုရားကြီးကျတော့ တပည့်တော်က အဲဒီထဲက တပည့်တော်ရဲ့ နိမိတ်တွေကိုလွှတ်ရင်း တရားထိုင်လိုက်တာပေါ့လေ၊ ထွက်လေ ဝင်လေထိုင်နေတော့ တော်တော်လေးကြာအောင် ထိုင်လိုက်တဲ့ အခါကျတော့ ဆင်ကြီးနဲ့ ဆွဲလာတာဘုရား၊ ဇလီဖားတုံးတွေနဲ့ မြတ်စွာဘုရားပင့်လာတာ။

ဒီဖားတုံးတွေက ယောက်ျားကြီးတွေ ခါတောင်းကျိုက်ကြီးနဲ့ တွန်းလာတာကို ဖူးခဲ့ရပါတယ်ဘုရား၊ အဲဒါ မေတ္တာပို့ အမျှဝေဆုတောင်းပြီးတော့ တပည့်တော် ပြန်ခဲ့ပါတယ်ဘုရား)

ကဲ··ဒကာမကြီးကရော။

(စသွားရင်း အဲဒီမဟာမြတ်မုနိ အရှေ့မုခ်ကဝင်ပြီးတော့ တပည့်တော်ကတော့ အဲဒီမဟာမြတ်မုနိကိုပဲ ဖူးရပြီးတော့ လူတွေကိုပဲ တွေ့ရတယ်ဘုရား။

အဲဒီ အဖွားကြီးတစ်ယောက် ဘုရားပန်းအိုးထဲကို ပန်းထိုးပြီးတော့ အဲဒီကနေပြီးတော့ တပည့်တော်က သကျသီဟကို သွားပြီးတော့ဖူး၊ ဖူးပြီးတော့ သကျသီဟ တောင်ဘက်မုခ်ကနေဆင်း၊ ပြီးတော့ အဲဒီရဟန္တာတွေ ဆွမ်းခံတာတို့ ဘာတို့ ဘုရားနဲ့ ကြွလာတာကို။

www.burmeseclassic.com


အဲဒီကနေပြန်လာပြီးတော့ အိမ်တော်ရာဘုရား၊ အိမ်တော်ရာကျတော့ တပည့်တော်ကဘုရား ဒီဘုရားကိုတော့ ရှိခိုးရတယ်ဘုရား။

ပြီးတော့ အိမ်တော်ရာမှာ တပည့်တော်တွေ့ခဲ့တာတော့လေ၊ စစ်တပ်ကြီးလို စစ်တပ်ကြီး တစ်တပ်လိုလည်း တပည့်တော် တွေ့ခဲ့ရပါတယ်ဘုရား။

တောင်ဘက်မှာလည်း စစ်တပ်ကြီးတစ်တပ် တွေ့ခဲ့ရတယ်ဘုရား၊ အဲဒီကနေ ရွှေကျီးမြင့်၊ ရွှေကျီးမြင့်ကိုရောက်တော့ တပည့်တော်က မြဘုရားကိုပဲ ဖူးရတယ်ဘုရား။

ဖူးပြီးတော့ အဲဒီကအထွက်ကျတော့ ဒီနှစ်ခေါက်သွားတာ၊ နှစ်ခေါက်စလုံး မြဘုရားချည်းပဲဖူးရတယ်ဘုရား၊ သိကြားမင်းလား ဘာလားတော့မသိဘူး၊ အဲဒီဘေးမှာ ရပ်နေတာ၊ အဲ·· သူနဲ့ချည်းပဲ တွေ့ခဲ့ရတယ်ဘုရား။

နောက် အဲဒါပြီးတော့ ဘုရားနီ၊ ဘုရားနီကျတော့ စေတီပဲ ဖူးရပါတယ်ဘုရား၊ စေတီပဲဖူးရတယ်၊ စေတီပဲဖူးပြီးတော့ ဒါပဲဘုရား။)

စေတီက ဘယ်လိုအရောင်ရှိလဲ။

(စေတီအဖြူပဲဘုရား၊ စေတီအဖြူပဲ တပည့်တော်ဖူးရတယ်၊ အသေးလေးတစ်ဆူနဲ့ အကြီးကြီး၊ အဲဒီစေတီတစ်ဆူဖူးပြီးတော့၊ ဒါပဲ ဖူးရတယ်ဘုရား။)

ဒါပဲလား။

(ဒါပဲဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ပြီးသွားပြီ။

တောင်မြို့က ဗာကရာကျောင်းတော်ကြီးနဲ့ ပုထိုးတော်ကြီး ဖူးပြီးပြီလား။

(ပြီးပြီဘုရား။)

ပြီးရင် စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်ဘုရား။

(တင်ပွါ။)

ပြီးတော့ တောင်ပေါ်ဘုရားများ၊ ကောင်းမှုတော်ကြီး ငါး ဆူ။

(မှန်ပါတယ်ဘုရား။)

ကဲ··ဒါပြီးရင် ထပ်လို့လည်း ဖူးနိုင်သေးတယ်နော်၊ ဖူးနိုင်လား၊ မောသလား။

(မမောပါဘူးဘုရား။)

ကဲ···မုံရွာဟုတ်လား မိုးညှင်းသမ္ဗုဒ္ဓေဘုရား၊ ဗောဓိတစ် ထောင်၊ ပြီးပြီလား။

(ပြီးပြီဘုရား။)

ဆုတောင်းပြည့်ဘုရား၊ ရွှေစည်းခုံဘုရား၊ ဒါမုံရွာက (၃)ဆူ-

မိုးညှင်းသမ္ဗုဒ္ဓေဘုရား

ဗောဓိတစ်ထောင်ဘုရား

ဆုတောင်းပြည့်ဘုရား

ရွှေစည်းခုံဘုရား လေးဆူပေါ့။

နော်··ခုနက ဘယ်လောက်။

www.burmeseclassic.com

www.burmeseclassic.com


(ခုနက ငါးဆူဘုရား။)

လေးဆူ ငါးဆူ။

(ကိုးဆူဘုရား။)

ကဲ‥ဖူးနိုင်တယ်မဟုတ်လား။

(တင်ပါ့ဘုရား၊ တပည့်တော် မြောက်ဘက်မုခ်ကပဲ မြောက်ဘက်ကနေပြီး တက်လိုက်ပါတယ်ဘုရား၊ ပြီးတော့ ဘုရားကို အာရုံပြုလိုက်တော့ ဆွမ်းဦးပုညရှင်ဆိုတာက ဆွမ်းဦးကပ်ကြတာ၊ ဒါကြောင့် ဆွမ်းဦးပုညရှင်လို့ အမည်တွင်တယ်ဘုရား)

အဲ‥ အဲလိုလဲ အာရုံထဲ၊ စိတ်ထဲမှာ နိမိတ်က ပေါ်လိုက်တဲ့အချိန်ခါမှာ ဒီဆွမ်းတော်ကပ်ထားတာဟာ ပုံစံတွေက မည်းမည်းနဲ့ အညိုသီးလေးတွေ၊ အဲဒါလေးကို တပည့်တော်မြင်ရပါတယ်ဘုရား။

အင်း‥အဲလိုမြင်ရတော့ ဒါ သူတို့ရဲ့ ဆွမ်းဦးဖြစ်မှာပဲဆိုပြီးတော့ အဲဒီ အရှေ့မုခ်ကို တပည့်တော်သွားတယ်၊ သွားတဲ့အခါကျတော့ အဲဒီဘုရားကိုယ်တော်မြတ်ကြီးကို ကြည်ကြည်လင်လင်ဖူးရပါတယ်ဘုရား။

ဖူးပြီးတဲ့အချိန်ကာလကျတော့ အဲဒီစေလူမင်းဆိုတာ ဒီမှန်လုံခန်းလေးထဲမှာ တပည့်တော်မြင်တယ်ဘုရား၊ မြင်တော့ နောက်ကဟာကဘာလဲ သူနဲ့တွဲတာက မင်းသမီးငယ်က မိဖုရားပဲလားဆိုပြီးတော့ မထင်မရှားဖြစ်တာနဲ့ ဒီနေ့မနက် ထပ်ကြည့်တဲ့အခါကျတော့ ဆွမ်းဦးပုညရှင် အမတ်နဲ့တူပါတယ်၊ သူက အစိမ်းရောင်လေးနဲ့ သူ့ကိုတွေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com


စောလူးမင်းကတော့ သူ့လက်မှာ ဘာလဲမသိဘူး၊ ဘာမှ မမြင် ရဘူး၊ ဒီနေ့မနက်လည်း ဘာမှမမြင်ရဘူး၊ ထပ်ပြီးတော့ ကြည့်တယ်။

ကလပ်လေးနဲ့လားတော့မသိဘူး၊ ဘုရားကို ပူဇော်တာ တွေ့ရတယ်ဘုရား၊ အဲဒါ တပည့်တော် အဲဒီမှာလုပ်လုပ်ပြီးတော့ တပည့်တော်က ဂုဏ်တော်ကိုးပါးမောင်းကို တီးလှေ့ခတ်လှေ့လည်း ရှိတာနဲ့ ဂုဏ်တော်ကိုးပါးမောင်းကို သိသိသာသာ ဒီဝေနေယျ တို့အတွက် ကိုးမောင်းပေါ့၊ အရဟံဂုဏ်တော်, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ စသည် ဆို ပြီးတော့ ဂုဏ်တော် ကိုးပါးမောင်းနဲ့ ပူဇော်ခဲ့ပါတယ်ဘုရား။

ပူဇော်ပြီး တပည့်တော်ထွက်သွားတယ်၊ တောင်မုခ်ဘက်ကို ရောက်တော့ စနေထောင့်မှာရှိတဲ့ ဒီဆွမ်းဦးပုညရှင်ဘိုးဘိုးကြီး ဆိုတာက ပုညအမတ်လားဘာလားဆိုတာကို တပည့်တော် သဲသဲ ကွဲကွဲသိချင်တယ်၊ အဲဒါနဲ့ တပည့်တော် စဉ်းစားတဲ့အခါကျတော့ ပုညအမတ်ပဲဖြစ်မယ်လို့ တပည့်တော်စိတ်ထဲကပဲလား၊ နိမိတ်ကပဲ ဖြစ်သလားတော့မသိဘူးဘုရား၊ ပုညအမတ်လို့ပဲ တပည့်တော် ဆုံးဖြတ်လိုက်ပါတယ်၊ ပုညရှင်ဘိုးဘိုးကြီးဆိုတာ စနေထောင့်မှာ ရှိပါတယ်ဘုရား။

သူ့ရှေ့မှာတော့ ပွဲတွေပေးပြီး ဖူးကြတာတော့ တွေ့တယ် ဘုရား၊ အဲဒီကနေပတ်ပြီး ပြန်လာတယ်ဘုရား၊ အဲဒီအရှေ့မုခ်တုန်း ကလည်း တပည့်တော် ထီးကိုပဲ အာရုံပြုပြီးတော့ သိသိသာသာ မြင်ပါတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီယုန်ရုပ်လေးက မြောက်ဘက်မုခ်မှာရှိတာသိတယ်၊ သိတာနဲ့လည်း သူ့ကိုတော့ ကြည့်လို့မရခဲ့ဘူး၊ ပြန်လာမှပဲ တပည့်တော် အာရုံပြုလို့ရတယ်။

တပည့်တော် လက်ျာရစ်ပတ်တဲ့အလေ့ တပည့်တော်ရှိပါတယ်ဘုရား၊ လက်ျာရစ်ပတ်ပြီး ပူဇော်ပြီးတော့ ဆင်းပါတယ်။

နောက် ကောင်းမှုတော်ရောက်တဲ့အခါကျတော့ အခုလိုပဲ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေကို ကျွန်ုပ်သည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ကြည်ညို၍ လာရောက်ဖူးချင်သဖြင့် ဆရာတော်ကြီးကလည်း လာပြီးတော့ အာရုံပြုပြီး ဖူးခိုင်းတဲ့အခါမှာ ကောင်းစွာတင်ပြချင်လို့ ဖြစ်တဲ့အတွက် ကျွန်ုပ်ကို လိုက်ပို့ပေးပါ၊ ဘာညာနဲ့ဆိုတော့ အဲဒီလို ပုဂ္ဂိုလ်ပို့တဲ့ အနေအထားမျိုးနဲ့ အဲဒီကောင်းမှုတော်ကြီး ဖူးပါတယ်ဘုရား။

တပည့်တော်က အဲဒီလက်ျာရစ်တဲ့ အကျင့်ကရှိတယ်ဘုရား၊ နောက် အဲဒါကျတော့ (၃)ပတ် တပည့်တော်ပတ်ဖူးတယ်၊ သိသိသာသာ (၃)ပတ်ပေါ့။

အခုတစ်ခေါက်ကတော့ အာရုံနဲ့တပည့်တော်ပြေးသလိုပဲ နိမိတ်က ဒီလိုပြေးဆိုတော့ ပတ်ပတ် သုံးပတ်ပတ်တဲ့အခါမှာ နှစ်ပတ်မြောက်မှာ ဒီဘာခေါ်မလဲ၊ ရှင်ဘုရင်တွေ ဝင်လှည့်လာတဲ့ ပုံစံ မျိုးပေါ့၊ အဲဒါ တွေ့ရတယ်ဘုရား၊ ဝင်းတွေလှည့်လာကြတယ်၊ သူတို့ ဝင်းလှည့်လာပြီးတော့ ပူဇော်ပြီးတော့ 'သာသနသဿစ'ကို အာရုံပြုပြီးတော့ ရွတ်ရွတ်ပြီးတော့ ပူဇော်ပြီး အဲဒီကနေ ပြန်ထွက်လာတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



ဆင်များရှင်ကို တပည့်တော် ဖူးချင်တာ၊ အာရုံထဲကြိုပြီးတော့ ပို့ပြီးတော့ အဲဒီပို့တဲ့နေ့ကတော့ ရတယ်ဘုရား၊ အဲဒီနေ့ကျတော့ တပည့်တော် မဖူးခဲ့ပါဘူးဘုရား။

နောက်ပြီးတော့ ဗားကရာကို ရောက်ပါတယ်၊ ဗာကရာရောက်တဲ့အခါကျတော့ ဗားကရာကို အနောက်ဘက်မုခ်ကဝင်ပြီးတော့ လှည့်တဲ့အခါကျတော့ ကောင်းစွာတော့ ဖူးရပါတယ်။

ပြီးတော့ ရှေ့ရဲ့ဘာခေါ်လဲ၊ ဘုရင်တွေရဲ့သစ်သားကျွန်းကို သူက အသားပေးပြီးတော့ လုပ်ထားတာဖြစ်တဲ့အတွက် အဲဒီပတ်ပတ်လည်ဖူးခဲ့တယ်၊ သူက ဥပမာပုံစံပြောရရင်တော့ မယ်နုအုတ်ကျောင်းပုံစံမျိုး တွေ့ရပါတယ်။

အလယ်ခေါင်ထီးထီးမှာ ဘုရားကိုယ်တော်မြတ်ကြီးကို သီးသန့်ထားတယ်၊ ဖန်ပေါင်းချောင်လို အရှည်ကြီး အရှည်ကြီး အဲလိုပဟာနဲ့ ဘုရားကို ဖူးခဲ့တယ်ဘုရား။

နောက် သာမန်အားဖြင့်တော့ ဘုရားတွေ ရတနာပုံခေတ်ပုဂံခေတ်ဘုရားတွေကို ဖူးခဲ့ရပါတယ်၊ ဒါနဲ့ပဲ တပည့်တော် ပြန်ဆင်းလာပါတယ်ဘုရား။

အဲဒီအချိန်ခါတော့ ဗားကရာစောင့်တဲ့နတ်တွေကော၊ နောက်သစ်ပင်ရုက္ခစိုးနတ်တွေကိုကော မေတ္တာပို့ပြီးပြန်ခဲ့ပါတယ်ဘုရား၊ ပုထိုးတော်ကြီးတော့ တပည့်တော်မရောက်ပါဘုရား)

ပြီးသွားပြီပေါ့၊ စုံသွားပြီပေါ့။

(မှန်ပါ စုံပါတယ်ဘုရား)

ကဲ...ကုသိုလ်ထူးတွေ ရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



(မှန်ပါ့ဘုရား။)

ဟုတ်လား၊ ကဲ··စကြံ့ဉဒပါဒီတဲ့နော်၊ ကဲ··လျှောက်စမ်းပါဦး၊ ဒကာကော။

(တပည့်တော် ဒီကနေပြီးတော့ ပုထိုးတော်ကြီးကို သွားဖူးတယ်ဘုရား၊ ဖူးတဲ့အခါမှာ သိပ်သဲသဲကွဲကွဲဖူးလို့မရဘူးဘုရား၊ ပုထိုးတော်ကြီးက ပျက်နေသလိုလို ဘာလိုလို သေးနေသလိုလို အာရုံရှိပါတယ်ဘုရား။

လှည့်ပြီးတော့ ကြည့်တဲ့အခါကျတော့ ထင်ထင်ရှားရှား မြင်ရပါတယ်ဘုရား၊ ဒါနဲ့ တပည့်တော် ကျောင်းတော်ကြီးကို သွားပါတယ်ဘုရား၊ ကျောင်းတော်ကြီးကို သွားတဲ့အခါကျတော့ အခု ကျောင်းတော်ကြီးလည်း တပည့်တော် မရောက်ဖူးဘူးဘုရား၊ အရင်တုန်းကလည်း မရောက်ဖူးဘူးဘုရား၊ ဗားကရာ မရောက်ဖူးဘူးဘုရား။

BURMESE CLASSIC

အဲဒီ တပည့်တော် အခုဖူးရတဲ့အခါကျတော့ ကျောင်းကြီးက ရှေးကျောင်းကြီးပဲ မြင်ရတယ်ဘုရား၊ အခုလို အသစ်လိုမဟုတ်ဘူးဘုရား။

ဒီဘက်မှာ စာတိုက်ဘီရှိရှိတယ်၊ အဲဒီမှာ ပိဋကတ်တွေရှိတယ်ဘုရား၊ ရှေ့တည့်တည့်မှာ ရှေးဘုရားတွေဘုရား၊ လျောင်းတော်မူတွေရော မတ်တပ်ရပ်တော်မူတွေရော အများကြီးရှိပါတယ်ဘုရား။

အဲဒါ ဖူးပြီးတော့ တပည့်တော် စစ်ကိုင်းဆွမ်းဦးပုညရှင်ကို သွားပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကျတော့ ဖူးရတယ်မဟုတ်လား။

(ဖူးရပါတယ်ဘုရား၊ အကုန် ကြည်ကြည်လင် ဖူးရပါတယ်ဘုရား၊ နောက်ပြီးတော့ နောက်ဆုံးမှာ ကောင်းမှုတော်ကို သွားပါတယ်ဘုရား။

ကောင်းမှုတော်လည်း ကြည်လင်ပါတယ်ဘုရား၊ အဲဒီလေးဆူ ဖူးခဲ့ပါတယ်ဘုရား၊ ထူးခြားတာက ဗားကရုဟာ တပည့်တော် အခုပုံစံလို မဖူးရဘူးဘုရား၊ အဟောင်းကို ဖူးရပါတယ်ဘုရား၊ နှစ်ခါ သုံးခါထပ်ဖူးတော့လည်း ဒီအဟောင်းကိုပဲ ဖူးရပါတယ်ဘုရား။

BURMESE CLASSIC

ဒီပုံစံပဲ ထပ်ဖူးရပါတယ်ဘုရား၊ ကျွန်းတိုင်ကြီးလည်း ရွှေချထားပါတယ်ဘုရား၊ အဟောင်းပုံအတိုင်းပါပဲဘုရား၊ ကျွန်းတိုင်ကြီးတွေ ရွှေချပြီးတော့ အထဲမှာ လျှောင်းတော်မူတွေက အများကြီးဘုရား)

အဲဒီကျွန်းတိုင်တွေက အများကြီးလား။

(အများကြီးဘုရား၊ ကျောင်းကို အနောက်ဘက် လှည့်ထားတာဘုရား၊ တောင်, မြောက်ကို အရှည်ကြီးဘုရား အကြီးကြီးပဲ။

ကျောင်းတော်ကြီးက အနောက်ဘက်လှည့်ထားတယ်။

(အနောက်ဘက်လှည့်ထားတယ်ဘုရား၊ တပည့်တော် အာရုံထဲမှာ)

အော်··ဖူးတွေ့ရတာပေါ့လေ၊ အဲဒီတိုင်ကြီးတွေက အခုတိုင်လောက်ရှိသလား။

(ဒီလောက်ရှိတယ်ဘုရား၊ ရွှေတွေနဲ့ပဲ။)

www.burmeseclassic.com

www.burmeseclassic.com


ပြည့်စုံသွားပြီလား၊ ဒါပဲလား။

(လေးဆူဖူးခဲ့ရပါတယ်ဘုရား)

ကဲ··· လျှောက်။

(တပည့်တော်က ဆွမ်းဦးပုညရှင် စဖူးပါတယ်ဘုရား၊ စစ်ကိုင်းတောင် ဆွမ်းဦးပုညရှင်က စဖူးပါတယ်ဘုရား၊ ဆွမ်းဦးပုညရှင်က စဖူးတဲ့အခါကျတော့ ဂြိုဟ်ပြေန်ပြေတွေပဲ အရင်တွေ့ရတယ်ဘုရား၊

ဂြိုဟ်ပြေန်ပြေပဲ တစ်ပတ်ပတ်ပြီး ဖူးခဲ့ရတယ်ဘုရား၊ ဂြိုဟ်ပြေန်ပြေကိုဖူးပြီး ဂန္ဓကုဋီတိုက်ရောက်တဲ့အခါကျတော့ တပည့်တော်က ရောက်တုန်းကလည်း ဘာကိုအာရုံရလို့လဲဆိုရင် မှန်စီတာကိုပဲ တပည့်တော်က ကြည်ညိုနေတာ၊ အခုလည်း မှန်တွေကိုပဲ မှန်စီထားတဲ့ နောက်က နံရံတွေကိုပဲ တပည့်တော် ထင်ထင်ရှားရှား မြင်ရတယ်။

ဘုရားဖူးရာကနေပြီးတော့ ဖားကြီးကိုပါမြင်ခဲ့တယ်၊ အဲဒီကနေပြီးတော့ တပည့်တော် ဥမင်ကိုးဆယ်၊ ဥမင်ကိုးဆယ်ကနေပြီးတော့ တပည့်တော် ကောင်းမှုတော်ထဲ တပည့်တော်သွားဖူးတယ်ဘုရား။

ကောင်းမှုတော်သွားဖူးတဲ့အခါကျတော့ ထီးတော်ရယ်၊ နောက်ပြီးတော့ ဒီစောင်းတန်းပေါ်နဲ့ အာရုံခံထဲဝင်တယ်၊ ဝင်ပြီးတော့ ဘုရားကို ခဏဖူးပြီးတော့ တပည့်တော် ခဏဆိုရင် ခဏလေးပဲ ဖူးလို့ရတယ်ဘုရား။

အဲဒါ နောက်တစ်ခါပြန်ဖူးချင်တယ်ဘုရား၊ မောလိုနဲ့ ပထမ

www.burmeseclassic.com

www.burmeseclassic.com


တစ်ခါတည်းက ခတ်တော်ကို တပည့်တော်က ဘဘဦးဒွေးလိုင် ပြောထားလို့ စွယ်တော်ကိုပဲ စွယ်တော်ရှိတဲ့ဆီကို သာလွန်မင်း ဌာပနာထားတဲ့ လှူထားတဲ့ စွယ်တော်ရှိတယ်ဆိုလို့ တပည့်တော် အဲဒီ စွယ်တော်ကိုပဲ ခွင့်တောင်းပြီးတော့ဖူးတာ)

နေစမ်းပါဦး အဲဒါက ကောင်းမှုတော်ကြီးလား။

(ကောင်းမှုတော်ကြီး)

အဲ··အဲဒီ ကောင်းမှုတော်ကြီးမှာ သာလွန်မင်းက ဌာပနာ ထားတဲ့ စွယ်တော်ပွားရှိတယ်လို့ပြောတယ်၊ အဲဒါ ဖူးခဲ့ရတာပေါ့။

အဲဒါ ဖူးခဲ့တော့ ကလပ်လိုလို ကြုတ်လိုလို နေစမ်းပါဦး၊ စွယ်တော်ဖူးခဲ့ရတယ်နော်။

(ဖူးခဲ့ရပါတယ်ဘုရား။)

ပြီးတော့ ဘာစွယ်တော်နဲ့ ဌာပနာ၊ ခတ်တော် စွယ်တော်ကို ပူဇော်ထားတဲ့ဌာပနာပေါ့။

(တင်ပါ့)

အဲဒီစွယ်တော်က ဘယ်လောက်လောက်ကြီးသလဲ။

(စွယ်တော်အမြင့်တော့ တပည့်တော်တို့ (၆)လက်မ (၈) လက်မ,လောက် ရှိမယ်ဘုရား၊ အောက်က ကလပ်နဲ့ ကြုတ်နဲ့ မကွဲလို့ နောက်တစ်ခါ ထပ်ပြီးတော့ တပည့်တော်ဖူးခဲ့ရပါတယ် ဘုရား။

ဖူးတဲ့အခါကျတော့ ကလပ်ပုံမဟုတ်ဘူး၊ ကလပ်ပုံပေါ်မှာ အဆောင်လေးလုပ်ထားသလိုပဲ၊ ကလပ်ပေါ်မှာမှ အဆောင်ပေါက် ထားသလိုပဲဘုရား)

www.burmeseclassic.com

www.burmeseclassic.com



အဖုံးပါ ကလပ်က ရွှေကလပ်ပေါ့။

(ပြောင်ပြောင် ပြောင်ပြောင်ပဲဘုရား၊ ရွှေပဲဖြစ်မယ်ထင်တယ်ဘုရား)

အဲဒါလည်း ဝမ်းသာရမှာပေါ့၊ စွယ်တော်ကတော့ အဖြူရောင်ပေါ့၊ အဲဒီစွယ်တော်ကို ဒါကလပ်ဆိုပါတော့၊ ဒီလိုထင်ထားတာလား။

(တင်ထားတာဘုရား။)

စွယ်တော်က ဘယ်လောက်ရှည်လည်း မှန်းပြီးဖူးရတာပေါ့၊ (၆ လက်မလောက် ရှည်ပါတယ်ဘုရား၊ အဲဒီကနေပြီးတော့ တပည့်တော်က ပုထိုးတော်ကြီးသွားတယ်။

ပုထိုးတော်ကြီးသွားတဲ့အခါကျတော့ ပုထိုးတော်ကြီးက ထီးကြီးကို ကောင်းကောင်းဖူးလို့ရတယ်ဘုရား၊ နောက်ပြီး ကျန်တာကိုတော့ မှုန်မှုန်ဝါးဝါးပဲ။

အထဲထဲ လိုဏ်ခေါင်းထဲဝင်တော့လည်း မှုန်ဝါးဝါးပဲ၊ ထီးကတော့ တပည့်တော် အဲဒီထီးတင်တုန်းလှူလိုက်တာနဲ့ အာရုံကျသွားတာဘုရား။

ထီးပြုပြင်တုန်းက တပည့်တော်လည်း လှူလိုက်ရလို့ ထီးတော်ပဲအာရုံကျပြီး သဲသဲကွဲကွဲဖူးခဲ့ရပါတယ်ဘုရား၊ ကျောင်းတော်ကြီးကိုတော့ တပည့်တော် မရောက်ဘူးဘုရား၊ လူကိုယ်တိုင်ရောက်တုန်းကလည်း တပည့်တော် ဝင်မဖူးခဲ့ဖူးသေးဘူးဘုရား)

ကဲ‥ဟိုဒကာကော ဖူးရလား။

www.burmeseclassic.com


(ဖူးရပါတယ်ဘုရား၊ ကျောင်းတော်ကြီးကို အရင်ဖူးပါတယ် ဘုရား၊ ကျောင်းတော်ကြီးမှာ လျောင်းတော်မူတစ်ဆူနဲ့ ထိုင်နေ တဲ့တစ်ဆူ နှစ်ဆူဖူးခဲ့ပါတယ်ဘုရား၊ နောက်ဆွမ်းဦးပုညရှင် ဖူး ပါတယ်ဘုရား၊ နောက်ပုထိုးတော်ကြီး ဖူးခဲ့ပါတယ်ဘုရား၊ သဲသဲ ကွဲကွဲ မဖူးရဘူးဘုရား။

နောက် ကောင်းမှုတော်ကြီးကို ဖူးပါတယ်ဘုရား၊ သိပ်ထူး ထူးခြားခြားတော့ မဖူးရဘူးဘုရား၊ မထူးပါဘူးဘုရား၊ ဒီပုံမှန် အတိုင်းပါပဲဘုရား)

ဘယ်နှစ်ဆူတုန်း။

(လေးဆူပါဘုရား)

ကဲ··နာရီတိုင်း နာရီတိုင်း အချိန်တိုင်း အချိန်တိုင်း ဘုရားနဲ့ ပျော်လို့ ဟုတ်တယ်မဟုတ်လား။

(မှန်ပါ့ဘုရား။)

**အဲ့ • ဗုဒ္ဓရတိဝိလာသ၊ဓမ္မရတိဝိလာသ ဟုတ်လား။**

(မှန်ပါ့ဘုရား)

အေး··ဒီအပျော်မျိုးနဲ့ နောက်နောက်တုန်းက ဘယ်တုန်းကမှ မပျော်ခဲ့ဘူးမဟုတ်လား။

(မပျော်ဘူးပါဘုရား)

ဟာ··ဘယ်တုန်းကမှ မကြုံခဲ့ဖူးဘူးမဟုတ်လား။

(မကြုံဖူးပါဘူးဘုရား)

အေး·· ဒီလိုမျက်လုံးမျိုးရဖို့ လွယ်ပါ့မလား။

(မလွယ်ပါဘူးဘုရား)

www.burmeseclassic.com

www.burmeseclassic.com


ဘ၀အသခေျ်တွေ ရှည်ပင်ရှည်ငြားသော်လည်း မလွယ်ဘူး။

(မှန်ပါ့ဘုရား)

ဘယ်လိုမှ မလွယ်ဘူး။

(မှန်ပါတယ်ဘုရား)

အေး‥အဲဒီတော့ ကြိုးစားဖူးကြနော်။

(မှန်ပါ့ဘုရား)

(သာဓု … သာဓု … သာဓု …)

* * *

www.burmeseclassic.com

www.burmeseclassic.com

## စိတ်ခတ်မကျနဲ့

ကဲ..မုံရွာပြီးသွားတော့ ပုဂံညောင်ဦးသွားကြစို့နော်။

(တင်ပါ့ဘုရား)

ပုဂံညောင်ဦးရွှေစည်းခုံဘုရား၊ အာနန္ဒာဘုရား၊ အနောက်တောင်ထောင့်မှာ အာနန္ဒာဘုရားနော်၊ အေး..ဘယ်နှစ်ဆူရှိသွားပြီတုံး။

(၆-ဆူရှိသွားပါပြီဘုရား)

၆-ဆူနော်၊ ကဲ..ပုဂံညောင်ဦးကို ရောက်ဖူးတယ်မဟုတ်လား၊ မင်းကော.. ။

(မရောက်ဖူးဘူးဘုရား)

မရောက်ဖူးပေမယ့် ရပါတယ်။

(တင်ပါ့ဘုရား)

အဲ... (၆)ဆူ အဲဒီတော့ ဖူးနိုင်ဦးမလား။

(ဟင်...၆-ဆူဘုရား)

www.burmeseclassic.com

www.burmeseclassic.com


ယူဇနာပေါင်း နှစ်သိန်းလေးသောင်း အပိုင်းအခြားရှိတယ်၊ ရေထုကပဲတစ်ဆ၊ လေထုကပဲတစ်ဆ၊ ဟိုမှာ အာကာသကောင်းကင်ကြီး၊ ဟိုလူ့ပြည်နဲ့ နတ်ပြည်(၆)ထပ် အတိုင်းအတာရှိတယ်။

(မှန်ပါ့ဘုရား။)

တစ်ဘုံနှင့်တစ်ဘုံ အကွာအဝေး အတိုင်းအတာတွေရှိတယ်။

(မှန်ပါ့ဘုရား။)

နတ်ပြည် (၆)ထပ်နဲ့ ဗြဟ္မာ့ပြည်အတိုင်းအတာ ယူဇနာချီရှိတယ်။

(မှန်ပါ့ဘုရား။)

အဲဒါတွေတော့ မမှတ်မိဘူး၊ ဟုတ်လား၊ အေး··ဗြဟ္မာ့ဘုံအကုန်လုံး ဟိုအထက်ဆုံး နေဝသညာနာသညာယတနဘုံက စပြီးတော့ လူ့ပြည်အထိ အတိုင်းအတာတွေရှိတယ်။

(မှန်ပါ့ဘုရား)

ဘုရားရှင်ရဲ့ ဗုဒ္ဓဂုဏော အနန္တော အတိုင်းအတာမရှိဘူး။

(တင်ပါ့ဘုရား)

တရားတော်အတိုင်းအတာမရှိဘူး၊ ဓမ္မဂုဏောအနန္တော၊ အနန္တ အနန္တဖြစ်တော်မူတဲ့ တရားတော်တွေကို ဖူးနေတဲ့အခါ ယုံယုံကြည်ကြည် လေးလေးစားစားနဲ့ဖူး၊ မရမရှိဘူး။

(မှန်ပါ့ဘုရား။)

သံသယကုက္ကုစ္စမဖြစ်နဲ့နော်။

(မှန်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



လေးလေးစားစားဖူးမှ၊ လေးလေးစားစားကြိုးစားမှ ဓမ္မသရဏံ ဂစ္ဆာမိဆိုတာ မိမိရရ ရမှာပေါ့။

(မှန်ပါ့ဘုရား။)

ဟုတ်လား၊ လျှော့လျှော့ပေါ့ပေါ့ဆိုရင် ဓမ္မံသရဏံ ဂစ္ဆာမိ ဘာမှမမိဘူး။

(မှန်ပါ့ဘုရား။)

ဟုတ်လား၊ အဲဗျာ မိအောင်ကြိုးစား။

(မှန်ပါတယ်ဘုရား။)

ကဲ··ဟိုဒကာက။

(ဘုရားဖူးရတာပါပဲဘုရား။)

ဘယ်ဘုရားကစဖူးတုန်း။

(တပည့်တော်က ဒီဘက်က ရွှေကျီးမြင့်တို့ ဘုရားနီတို့ကို စဖူးရတယ်ဘုရား။)

အဲဒါပြီးတော့ကော၊

(ပြီးတော့ အိမ်တော်ရာ ဘုရားပါဘုရား။)

ပြီးတော့ကော။

(သက်ျသီဟဘုရားပါဘုရား)

ပြီးတော့ကော။

(မဟာမြတ်မုနိဘုရားကြီးပါဘုရား)

အကုန်လုံးဖူးရတာပေါ့။

(အဆင်ပြေပါတယ်၊ ဖူးရပါတယ်ဘုရား)

အကုန်လုံးရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com


(ရပါတယ်ဘုရား)

အေး..ကဲ..ဒီလိုမျက်လုံးမျိုး ရဖို့ လွယ်ပါ့မလား။

(မလွယ်ပါဘူးဘုရား)

ဘယ်လွယ်မှာတုန်း၊ ဟုတ်လား။

(တင်ပါ့ဘုရား)

အေး..ဒီတစ်ဘဝမဆိုထားနဲ့၊ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းဟုတ်လား၊ ကိုယ့်နေရာကနေ ဒီလိုလှမ်းပြီးဖူးတယ်ဆိုတော့ ကဲ.. စကြူနှာ ပသန္တသဘာဝ ပကတိမျက်စိနဲ့ မြင်သကဲ့သို့ ဆို။

(မှန်ပါတယ်ဘုရား။)

နော် အချမ်းသာကတော့ ဘာပြောစရာမှမရှိဘူးနော်၊ စားစရာ၊ သောက်စရာ၊ ဒကာ ဒကာမတွေက အလှူလှူနဲ့ ဟုတ်တယ်မဟုတ်လား။

(မှန်ပါတယ်ဘုရား။)

လက်ဆေးစားရုံနော်၊ ပန်းကန်ကလည်း သူတို့ဟာသူတို့ဆေးကြ။

(လက်တောင်မဆေးရပါဘူးဘုရား၊ ဇွန်းနဲ့စားရတာ)

အေး..ဇွန်းနဲ့စားတာပေါ့ကွ၊ ပန်းကန်လည်း သူတို့ဟာသူတို့ဆေးတာမဟုတ်လား၊ မင်းတို့ဆေးရလား။

(မဆေးရပါဘူးဘုရား။)

ပန်းကန်လည်း မဆေးရဘူး၊ ဟင်းကလည်း အိုးထဲကနေချိုင့်ထဲကနေ မထည့်ရဘူးနော်။

www.burmeseclassic.com

www.burmeseclassic.com


(မထည့်ရဘူးဘုရား။)

ကဲ..မချမ်းသာဘူးလား။

(ချမ်းသာပါတယ်ဘုရား။)

အရိပ်အာဝါသများ ဒါထက်ချမ်းသာတာ ရှိသလား။

(မရှိပါဘုရား။)

အလောင်းတော်မြတ်ကြီး ဆူးခြုံတွေ၊ ဘာတွေ၊ ကျောက်ခဲတွေ ဘာတွေပေါ် သွားရသေး၊ သစ်သီးဝလံ သူ့ဟာသူ ရှာရသေးကွာ၊ ရှာလို့ရတာလဲ ရေကာ ဆေးချင်မှ ဆေးရမယ်၊ ဘယ်ဆီသွားဆေးမှာတုန်းကွာ၊ စဉ်းစားကြည့်လေ ကြည်ညိုစရာကောင်းလေ ပဲ၊ သစ်သီးတို့ သစ်ရွက်တို့ သစ်သီးဝလံတို့ ရတော့ရေဘယ်ဆေးမှာတုန်းကွ၊ ပွတ်သပ်ဘုဉ်းပေးရတာနေမှာနော်။

အဲဗျာ စားနဲ့လိုးပြီးတော့လည်း ခွာစားနေရတာမဟုတ်ဘူး၊ ဒီအတိုင်းပဲ ကိုင်ဘုဉ်းပေးခဲ့တာနေမှာ။

(မှန်ပါ့ဘုရား။)

နော်..ဘယ်လိုလာခွာမှာလဲ၊ ဟုတ်တယ်မဟုတ်လား၊ မားတို့ သံလျက်တို့ဘာတို့ စွန့်ပြီးတော့ လာခဲ့တာဆိုတော့ ဘာပါတာမှ မဟုတ်တာ။

(တင်ပါ့ဘုရား။)

အဲ..အဲဒီလိုဗျာ၊ စဉ်းစားကြည့်စမ်း၊ ခက်ခက်ခဲခဲ ဘယ်လိုများ ကျိန်းတော်မူတယ်မသိဘူးကွ၊ အဲဒီနားက ကျောက်တောကြီးကျောက်တုံးတွေပဲ၊ သစ်သားကလည်း အုံးစရာရှာတွေ့မှာမဟုတ်ဘူးကွ၊ မဟုတ်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား)

ရှိတာတောင်မှ ဖြတ်ပြီးသား တောက်ပြီးသား ဟုတ်မှာ မဟုတ်ဘူးကွ၊ ယူပြီးတော့လည်း သုံးမှာမဟုတ်ဘူး၊ ကဲ‥ အလောင်းတော်ကြီးဘ၀ကို ကြည့်ပါဦး၊ အဲဒီလိုကို ခက်ခက်ခဲခဲ ကို ကျင့်ခဲ့ရတာ။

အဲဒီလို ကျင့်ပေးတော်မူတဲ့ ဘုရားရှင်သာသနာတော်ကြီးနဲ့ တွေ့လို့ကြုံလို့ ဆုံဖို့ အလွန့်အလွန်ခဲယဉ်းတာ၊ သာမန်ခဲယဉ်းတာ မဟုတ်ဘူး၊ အလွန့်အလွန်ခဲယဉ်းတာ။

အခု မိမိတို့ ကြုံနေပြီ၊ ဆုံနေပြီ၊ ကဲ‥ဘုရားတရားကျင့်လို့ ဘုရားဖြစ်တော်မူတယ်၊ တရားကျင့်လို့ဖြစ်တာ ဓမ္မသရဏံ ဂစ္ဆာမိ နော်၊ ကဲ‥မိမိတို့ စဉ်းစားကြည့်လေ စဉ်းစားကြည့်။

ကိုယ့်နှာခေါင်းက ထွက်လေဝင်လေရှူ၊ ကဲ‥ဒါလေးမှတ် ထားကာမျှနဲ့ ထွက်လေယူတော့ ဓမ္မရတနာဖြစ်သွား၊ ဓမ္မရတနာ တွေဖြစ်ယုံမျှမက အခု ဘုရားတွေဖြစ်ပြီးတော့ ဗုဒ္ဓရတနာတွေ ဖြစ်သွားပြီ။

ကဲ‥ခုနတုန်းက ဓမ္မံသရဏံ ဂစ္ဆာမိကနေပြီးတော့ အခု ဗုဒ္ဓံသရဏံ ဂစ္ဆာမိ ပြန်ရောက်လာပြီ။ ဟင် ကဲ‥သရီရဓာ်၊ ခန္ဓာ ကိုယ်သည်လည်း၊ စေတိယမေ၀စေတီကြီးကဲ့သို့ ဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

အဲဗျာ တရှူရှူလိုက်ရင် ကဲ‥ခန္ဓာကိုယ်ဟာ စေတီကြီးတွေ ဖြစ်သွားတယ်နော်။

(မှန်ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


အေး··ရှုလိုက်ရင် ခန္ဓာကိုယ်ကြီးဟာ စေတီကြီးလို ဖြစ်သွားတယ်၊ စေတီကြီးလို ဖြစ်သွားပြီ၊ ဒါဖြင့် မိမိတို့ ထွက်လေဝင်လေဟာ တန်ဖိုးဖြတ်လို့ ရပါ့မလား။

(ဖြတ်လို့မရပါဘူးဘုရား။)

ကဲဗျာ··နဂိုတုန်းကတော့ အလကားထင်အပိုထင်ပြီးတော့ ပစ်ထားကြတာနော်။

(မှန်ပါတယ်ဘုရား။)

ဘယ့်နှယ်တုန်း။

(တင်ပါ့ဘုရား။)

ဟင် ·· ။

(မှန်ပါတယ်ဘုရား။)

အသက်ဘယ်လောက်ရှိပြီတုံး။

(တပည့်တော် ငါးဆယ်ရှိပါပြီဘုရား။)

ငါးဆယ်လား။

(မှန်ပါ့ဘုရား။)

ကဲ··ဒါမမှတ်ခင်ကဆို ဟိုဘက်နှစ်ပေါင်းငါးဆယ် ပစ်ထားခဲ့တာပေါ့။

(ပစ်ထားခဲ့ပါတယ်ဘုရား။)

ဘယ့်နှယ်တုန်း၊ နှမြောစရာမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

အလကားဖြစ်ကုန်တာနော်၊ နှမြောစရာမကောင်းဘူးလား။

(ဘင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


နောက်ထပ် အသက်ငါးဆယ် နေရပါဦးမလား၊ မင်းဘယ်လောက်ရှိပြီတုန်း။

(နှစ်ဆယ်နဲ့ရှစ်ပါ ဘုရား။)

အေး··မင်းက ငယ်သေးတာကိုး၊ နောက် အနှစ်ငါးဆယ် နေရပါဦးမလား။

(မနေရတော့ပါဘူးဘုရား။)

မနေရဘူး၊ နောက် ပွားချင်လို့ရပါဦးမလား။

(မရပါဘူးဘုရား။)

အေးဗျာ··အေး··အဲဒီလိုဖြစ်ကုန်တာ မောင်ရေ၊ မင်းပြီးသွားပြီလား။

(ပြီးသွားပြီဘုရား။)

ရတယ်မဟုတ်လား။

(ရပါတယ်ဘုရား။)

မင်းကကော။

(ရပါတယ်ဘုရား။)

မင်းကကော။

(ရပါတယ်ဘုရား။)

အေး··မင်းကကော။

(တပည့်တော်က ဝါရေဝါမှတ်ပြီးတော့ ထိုင်တုန်းပါဘုရား)

မင်းက ဘာမှတ်တာတုန်း။

(ပုထိုးတော်ကြီး မှတ်ပါတယ်ဘုရား၊

ဆွမ်းဦးပုညရှင်၊

www.burmeseclassic.com

www.burmeseclassic.com


တောင်ပေါ်ဘုရား၊

ကောင်းမှုတော်ကြီး ဘုရား၊ အားလုံးငါးဌာနပါဘုရား။)

ဟုတ်လား၊ အဲဒီလို မအောက်မေ့နဲ့။

(မအောက်မေ့ပါဘူးဘုရား)

ဟုတ်လား။

(ဘုန်းဘုန်းက အကုန်သိနေတာ၊ လိမ်မလျှောက်ရဲပါဘူး ဖူးရပါတယ်ဘုရား)

လျှောက်လိုက်ပြီးတာပဲ၊ အဲဒီလိုမအောက်မေ့နဲ့။

(တင်ပါ့ဘုရား။)

နော်··တကယ်ဖူးချင်တဲ့ တကယ့်စေတနာနဲ့ ဖူးနေတဲ့ဘုရား ရောက်သွားဖို့၊ အဲဒီလိုတော့ မရဘူး။

(တင်ပါ့ဘုရား။)

အဲဒီကျတော့ နေရစ်လိမ့်မယ်။

(တင်ပါ့ဘုရား။)

နော်··မင်းကကော။

(တပည့်တော် မရဘူးဘုန်းဘုန်း၊ ဖူးလို့မရဘူး၊ တပည့်တော် မှတ်ရင်းကနေပြီး စိတ်ညွတ်တာပဲဘုရား၊ မရဘူး ဒီကအလင်းက)

မိဆိုင်ဖဆိုင်နတ်တွေကို မေတ္တာပို့။

(ပို့ပါတယ်ဘုန်းဘုန်း။)

အနောက်ကဒကာမကြီးက ဘယ်သူတုန်း။

(ဒေါ်သန်းတင်၊ ဒေါ်တင်သိန်းလှ၊ မနက်ကဆိုရင် ဒေါ်တင် သိန်းလှ ဘုရား)

www.burmeseclassic.com

www.burmeseclassic.com


သူက ဘယ်ကတုန်း။

(ရန်ကုန်ကပါ ဘုရား၊ သူက နိမိတ်မရဘူး၊ တချို့က လျှောက်လိုက်တာ၊ ရတယ်ဆိုတော့ ပြုံးပြုံးနဲ့နေတာ ဖူးရတာကို။

တပည့်တော်လည်း နှစ်ရက်လုံး မေတ္တာပို့ပြီး အမှတ်တွေကို လျှော့တာဘုန်းဘုန်း၊ အဲဒါ အဲဒီကျတော့ ဒီကအလင်းက မမြင်ရတော့ဘူး၊ မနေ့ကကျတော့ တစ်ခါမေတ္တာပြန်ပို့ပြီးတော့ တစ်ခါပြန်ပြီးတော့ ဘုရားတွေဖူးချင်တော့ ပြန်လုပ်တော့ ပြန်ပြီးတော့ တက်လာတာပေါ့ဘုရား။)

မျက်စိထဲ အဲလိုကိုဖြစ်နေတာ၊ နိမိတ်တွေက။

(တင်ပါ့ဘုရား အဲလိုတွေပဲ ဒီလောက်ဝင်းလာတာပဲရှိတယ်၊ အဲဒီလိုနိမိတ်ကို ဘုန်းဘုန်းတို့ စုခိုင်းတာကို ခိုင်းလို့မရဘူး၊ မျက်စိသာ အဲဒီလို ဖြစ်နေတာ။)

နောက်ကာလတုံးက တရားအားမထုတ်ခင်တော့ မိဆိုင်ဖဆိုင်နတ်တွေမတင်ပဲ ပစ်ထားတာမဟုတ်လား၊ ဟုတ်တယ်မဟုတ်လား။

(တင်ပါ့ဘုရား၊ တပည့်တော်က မတင်ရဘူးဘုရား)

ဟို အဖေဘက်က ကျတော့လည်း လူ့၊ အားလုံးမိဆိုင်ဖဆိုင်နတ်တွေပါ အကျိုးရအောင် အကျိုးရှိအောင် ချမ်းချမ်းသာသာနဲ့ အသက်ရှည်အောင် နတ်စည်းစိမ်တွေတိုးအောင် ကျွန်ုပ်ကကျွန်မက ဘုရားရှင်ရဲ့တရားတော်တွေကို ကြိုးစားပြီးအားထုတ်ပေးနေတာပါ၊ မိဆိုင်ဖဆိုင်နတ်တွေ အကျိုးယုတ်အောင် အကျိုးဆုတ်ယုတ်အောင် ပြုလုပ်နေတာမဟုတ်ပါဘူး၊ အားထုတ်တာမဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com


နတ်စည်းစိမ်တွေလည်း တိုးတက်အောင်၊ အသက်လည်း ရှည်အောင်၊ ချမ်းသာအောင်၊ သာသနာစောင့်နတ်တွေရော အားလုံးကို ကြိုးစားအားထုတ်ပေးတာပါလို့ အပင်ပန်းခံပြီး၊ အဲဒီတော့ အကျွန်ုပ်ကို စောင့်လည်းစောင့်ရှောက်ပါ၊ ကူလည်းကူညီကြပါ အန္တရာယ်လည်းမပြုပါနဲ့ နော်။ အဲဒီလိုလည်းပြော တိုးတိုးပေါ့။

ဟိုခန်း ဒီခန်းက ဟိုလူဒီလူတွေ ကြားအောင်တော့ ဘယ်ဟုတ်မှာတုန်းနော်။

(တင်ပါ့ဘုရား။)

အဲဒီလိုလည်းပြော၊ မေတ္တာလည်း အထပ်ထပ်ပို့ပါမယ်လို့ ကျန်းမာဖို့၊ ချမ်းသာဖို့၊ အသက်ရှည်ဖို့ မိဆိုင်ဖဆိုင်နတ်တွေကို အသက်ရှည်အောင် မေတ္တာလည်း အထပ်ထပ်ပို့ပါမယ်လို့၊ နေ့တိုင်း ပို့တာပါလို့။

အားထုတ်လို့ရတဲ့ ကုသိုလ်အဖို့ကိုလည်း ကျွန်ုပ်က အမျှပေးဝေပါတယ်၊ သာဓုလည်း ခေါ်ကြပါလို့၊ သာဓုခေါ်လို့ရှိရင် နတ်စည်းစိမ် ချက်ချင်းတိုးတက်လာတယ်၊ ချက်ချင်းတိုးတက်အောင် ကျွန်ုပ်က အမျှပေးဝေမှာပါလို့ နော်၊ အဲဒီလိုလည်း ပြော၊ စိတ်ဓာတ်မကျနဲ့။

(မကျပါဘူးဘုရား။)

မလျှော့နဲ့။

(တင်ပါ့ဘုရား။)

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## မခက်တာကို ခက်တယ်ထင်နေ

လူ့ဘဝဆိုတာ ပါရမီဖြည့်လို့ အကောင်းဆုံးနေရာ၊ အကောင်းဆုံးအချိန်၊ အကောင်းဆုံးအခါ၊ အကောင်းဆုံးဘဝ၊ တစ်လောကလုံးမှာ နတ်တွေ ဗြဟ္မာတွေရှိကြတယ်၊ နတ်စည်းစိမ်တွေ ခန္ဓာကိုယ်မှာ ဝင်းဝင်းတောက်လို့၊ ဗိမာန်ကြီးကလည်း ဝင်းဝင်းတောက်လို့။

ဒါတွေ ဂရုမစိုက်ဘူး၊ ပစ်ထားခဲ့တာ၊ လူ့ပြည်ရောက်တော့ ပဋိသန္ဓေနေရသေးတယ်၊ ငယ်စဉ်ကလေးကနေ ကြီးရသေးတယ်၊ ဆင်းရဲတစ်လှည့် ချမ်းသာတစ်လှည့်၊ ချမ်းသာတစ်လှည့် ဆင်းရဲတစ်လှည့်၊ အဲ··အဲဒီလို ဆင်းရဲအမျိုးမျိုးတွေခံပြီးတော့ ကျင့်ကြံအားထုတ်သေးတာ၊ အဲလိုစည်းစိမ်တွေကို ပစ်ထားခဲ့တာ၊ ဂရုမစိုက်ဘူး။

ဘုရားဖြစ်တယ်ဆိုတာ လူ့ဘဝကြီးကနေဖြစ်တာ။ နတ်ပြည်ခြောက်ထပ် ဗြဟ္မာပြည်မှာ ဘုရားဖြစ်ရိုးထုံးစံ မရှိဘူး၊ အရှေ့ကျွန်း၊ အနောက်ကျွန်း၊ မြောက်ကျွန်း၊ ဘုရားဖြစ်ရိုးထုံးစံ မရှိဘူး၊

www.burmeseclassic.com

www.burmeseclassic.com


ဒီတောင်ကျွန်းမှာ ဘုရားဖြစ်တာ၊ ဘုရားပွင့်ရာ သာသနာ ဘုရား ဖြစ်ရာဌာန တောင်ကျွန်းမှာလာပြီးဖြစ်နေတာ။

ဖြစ်ရုံတင်မကဘူး၊ သာသနာ့အတွင်းလာဖြစ်နေတာ၊ သာသနာတွင် ဖြစ်ရုံတင်မကဘူး၊ လူ့ဘဝလေးရနေတာ၊ မျက်စိ မမွဲ နားမမွဲ လူ့ဘဝရရုံတင်မကဘူး၊ တရားတော်တွေ အားထုတ် နေတာ၊ ဒီလိုဘဝမျိုး မလွယ်ဘူး၊ နောက်ဘဝ ပြန်လာလည်း မလွယ်ဘူး၊ ချက်ချင်းသေကြည့်စမ်းပါ၊ ချက်ချင်းသေကြည့် စမ်း၊ စိတ်ကူးနဲ့ အမိဝမ်းထဲ ဆယ်လအောင်းရဦးမယ်။

ငယ်ငယ်နှောင်းနှောင်းနဲ့ ကြီးရဦးမယ်၊ ကဲ··ဒကာမကြီးက အသက်ဘယ်လောက်ရှိပြီတုန်း။

(၅၁ ပါဘုရား။)

ကဲ··ဒီအသက် နောက်ဘဝအတွက် ခုသေပြီး ချက်ချင်းပြန် လာတယ်ထား၊ ဒီအသက်အရွယ်ဆိုရင် ကဲ··ဘယ့်နှယ်တုန်း။

လူမှုရေး၊ သာသနာရေး တဖြည်းဖြည်းဆုတ်ဆုတ်လာတယ်၊ အဲလိုဖြစ်တာ အဲလိုဖြစ်တာ။

တောင်မြို့ဆရာတော် ရေးထားတဲ့လင်္ကာလေးရှိတယ်။

"အမိဝမ်းခေါင်၊ ဆယ်လညှောင်းက
အောင်းခဲ့ရပေ လူသန္ဓေနဲ့
လူ့ပြည်လူ့ရွာ ရောက်ပြန်ပါလည်း
အိုနာသေရေး ဒုက္ခဘေးကြောင့်
စိတ်အေးကိုယ်ခိုင် မနေနိုင်ပဲ···
ဟိုပြေးရ ဒီပြေးရနဲ့ စိတ်အေးလက်အေး မနေရဘူးတဲ့၊

www.burmeseclassic.com

www.burmeseclassic.com


ဆိုင်ဆိုင်ဒုက္ခ ခံပြီးမှလည်း
များလှပါယ်ရှာ ရောက်ကြရှာလျက်၊
ဒုက္ခတွေနဲ့ပြည့်လို့ စားဝတ်နေရေးမပြေလည်လို့
ပြေးလိုက်လွှားလိုက် သွားလိုက်လာလိုက်သေခါမှ
အပါယ်လေးပါး ကျရတယ်တဲ့၊
အပါယ်လေးဘုံရောက်တာက များတယ်တဲ့၊
ဆိုင်ဆိုင်ဒုက္ခ ခံပြီးမှလည်း
များလှပါယ်ရှာ ရောက်ကြရှာ၏။

ဟိုဘဝတွေက ဘယ်လိုလာကြတာတုန်း၊ လွန်ခဲ့တဲ့အတိတ်တွေက အတီတာရှေး ဤဝဋ်ဘေးနဲ့ ဒီလိုပဲ လာခဲ့ကြတာပဲ၊ ဆင်းရဲဒုက္ခ, ဝဋ်ဒုက္ခတွေနဲ့ အိုလိုက်၊ နာလိုက်၊ မသလိုက်၊ သေလိုက်၊ နာလိုက်၊ အိုလိုက်နဲ့ ဒီလိုလာခဲ့ရတာတဲ့၊ သံသရာတစ်ခုလုံး အတီတာရှေး ဤဝဋ်ဘေးနဲ့ ဒီလိုပဲတဲ့၊ အဲဒါထက် ဆင်းရဲတာပေါ့၊ ခွေးဖြစ်,ဝက်ဖြစ်,ကြက်ဖြစ်,ငှက်ဖြစ်နဲ့ ဒီလိုပဲဆင်းရဲပြီးလာခဲ့ကြတာပေါ့။

ပြီးတော့ နောင်ဘယ်လို သွားမှာတုန်း၊ နောင်အနာဂတ်မှာ နောင်ရေး နာဂတ် ဒုက္ခထပ်လျက်၊ နောင်ရေးအတွက်တော့ အပါယ်လေးဘုံကျသွားရင် ဒါထက် ဒုက္ခများမှာပေါ့၊ ဒုက္ခတွေပဲ။

တို့အခု ဘယ်လိုနေရတာတုန်း။
"မပြတ်ခုခါ ဖြစ်တုန်းမှာလည်း
အစာရှာရ ထိုဒုက္ခကြောင့်
နေ့ညမဟူ ကိုယ်စိတ်ပူ၍"

www.burmeseclassic.com

www.burmeseclassic.com


နေ့ရော ညရော ကနေ့ဘယ်သွားရမှာ၊ ဘာဝယ်ရမှာ၊ ဟုတ်ဘူးလား။

(မှန်ပါတယ်ဘုရား။)

အစာရှာရတဲ့ဒုက္ခ မဟုတ်ဘူးလား။

(တင်ပါ့ဘုရား။)

"မပြတ်ခုခါ ဖြစ်တုန်းမှာလည်း

အစာရှာရ ထိုဒုက္ခကြောင့်

နေ့ညမဟူ ကိုယ်စိတ်ပူ၍"

ကဲဗျာ ပူရတာပေါ့၊ သားအတွက်၊ သမီးလေးအတွက်၊ မြေးအတွက်၊ မြစ်အတွက်၊ မင်းရေးအတွက်၊ စိုးရေးအတွက်၊ ဘာရေးအတွက်၊ ညာရေးအတွက် အကုန်ပေါ့ ဟုတ်ဘူးလား။

(မှန်ပါတယ်ဘုရား။)

"နေ့ညမဟူ ကိုယ်စိတ်ပူ၍

သူသူငါငါ မသက်သာသည်

ရှစ်ဖြာသံဝေ ရကြောင်းတည်း" တဲ့။

သံဝေဂ ရစရာ၊ ဒါကြောင့် ခုချိန်ခါလေးမယ်၊ နောက်မဆုတ်နဲ့၊ မှန်မှန်လေးလုပ်သွား၊ ခုနပြောသလိုပြော၊ မရမရှိဘူးနော်။

ကဲ‥မင်းကကော။

(ဘုရားတပည့်တော်က ရေတံခွန်တောင်တစ်ခုပဲပို့လို့ ရတယ်ဘုရား၊ စောစောက မှန်မှန်လေးပို့လိုရတယ်၊ နောက်တော့ ကြည်စေ၊ လင်းစေလို့ တပည့်တော်ပြောတော့ ခပ်ကြီးကြီးလေးနဲ့ မင်းခင်း

www.burmeseclassic.com

www.burmeseclassic.com


လေးမြင်ရတယ်ဘုရား၊ ဒါပေမယ့် ခဏလေးဘုရား၊ အကြာကြီး မဟုတ်ဘူးဘုရား၊ အဲဒါတစ်ခုပဲ ဖူးလို့ရတယ်ဘုရား။)

ဒီပြင်နေရာတွေကတော့ကော။

(တပည့်တော်က အဲဒီဥစ္စာကို ထပ်ထပ်ပြီးဖူးတဲ့အခါကျတော့ မရလို့ ကျန်တဲ့ဟာတွေကို မပို့ဘူးဘုရား၊ မဖူးဘူးဘုရား)

ထမင်းတွေ ဘာတွေ ချက်ဖူးသလား။

(ချက်ဖူးတယ်ဘုရား။)

ချက်ဖူးတယ်၊ ထမင်းကျတော့ မီးကလည်းမတောက်၊ ဖိုသီဖတ်သီနဲ့ ထမင်းကလည်း မီးခိုးဟလူလူနဲ့ ဘယ်နှယ်နှပ်ကြမတုန်း။

(ယပ်ခတ်ပေးရပါမယ်ဘုရား။)

မီးမတောက်တဲ့အတွက် မီးတွေပေးတာပေါ့၊ ယပ်ခတ်ပေးတာပေါ့။

(တင်ပါ့။)

ထမင်းကို ငါမကျက်ကျက်အောင်ချက်တယ်၊ ဒီလိုမဟုတ်ဘူးလား။

(တင်ပါ့ဘုရား။)

အဲလိုလား။

(တင်ပါ့ဘုရား။)

အဲ···မကျက်ကျက်အောင်ချက်မယ်၊ ဒီလိုဟုတ်လား။

(မှန်ပါ့ဘုရား။)

ဟင်··ကဲ··မနပ်တနပ်နဲ့၊ ကဲထူးပါဘူးဟယ်၊ မီးကလည်း မတောက်နဲ့၊ ခဏခဏယပ်ခတ်ပေးနေတော့ မီးခိုးကလည်း တလူ

www.burmeseclassic.com

www.burmeseclassic.com


လူနဲ့၊ မျက်စိထဲ မီးခိုးတွေကရောက်လိုက်နဲ့၊ ဟာ··မထူးပါဘူး၊ ဒါနဲ့ပဲ ဖြစ်သလိုချစားတော့မယ်ဆိုပြီး အဲလိုကော စားလို့ရလား။

(မစားပါဘူးဘုရား၊ နောက်ပြီးတော့ ဒီရန်ကင်းတောင်က နဂါးရုံဘုရားနဲ့ ဘုရားရတယ်၊ ငါးရုံ့မင်းကကော့ သိပ်ပြီးမထင်ရှား ဘူးဘုရား။)

ပြီးတော့ကော။

(ပြီးတော့ မြကျောက်ကကျတော့ ဟိုဘုန်းကြီး သီကင်းသုံး တဲ့အဆောင်ထဲကို ရောက်တော့သွားတယ်၊ ဘုရားမဖူးခဲ့ရဘူး ဘုရား။)

ဒီအကိုင်းပဲရောက်ဘာကိုး။

(မှန်ခန်းပဲ မြင်ခဲ့ရတယ်ဘုရား။)

နိမိတ်ကလည်း ရောက်သွားလား။

(ရောက်တယ်ဘုရား။)

ကြည်ကြည်လင်ခေင်ရှိရဲ့လား။

(ရောက်ကယ်ဘုရား။)

ကြည်ကြည်လင်လင်ရှိရဲ့လား။

(မှန်ခန်းပဲ ကြည်ပေယ်ဘုရား၊ ဘုရားတော့ မဖူးခဲ့ရဘူး၊ ဝင်ဝင်ချင်းစေတီကကော့ ဖူးခဲ့ရဟယ်ဘုရား။)

ကြည်ကြည်လင်လင်ပေါ့။

(ဒုတိယအဆင့်လောကပါက အားလုံးတော့ မကြည်ဘူး ဘုရား။)

ဟော··ဒါပဲလား၊ ပြီးတော့ကော။

www.burmeseclassic.com

www.burmeseclassic.com



(ကျောက်တော်ကြီးလည်း ဖူးရတယ်ဘုရား၊ နောက်ပြီး တော့ ကုသိုလ်တော်ကကျတော့ တပည့်တော်က နည်းနည်းပဲဝါး တယ်ဘုရား၊ သိပ်ပြီးတော့ မကြည်ဘူးဘုရား။

ကျောက်တော်ကြီးကတော့ နည်းနည်းကြည်ကြည်လင်လင် ထင်ရတယ်ဘုရား။)

အေး · ပြီးတော့ရော။

(ဒါပဲဘုရား၊ ဒီငါးဆူပဲဘုရား၊)

ကုသိုလ်တော်ပါသေးလား၊ မပါပါဘူး။

(မပါဘူးဘုရား။)

မင်းကကော။

(ရေတံခွန်တောင် ဖူးရပါတယ်ဘုရား။)

ရေတံခွန်တောင်က ရဟန္တာတွေကြွနေရဲ့ပုံ မြင်ခဲ့ရလား။

(အဲဒါတော့ မမြင်ခဲ့ရဘူးဘုရား၊ စေတီနှစ်ဆူနဲ့ ရုပ်ပွားကိုယ် တော်လေး ဖူးခဲ့ရတယ်ဘုရား။)

ကဲ··ထားပါ၊ ခေါက်သွားရင် မနည်းပါဘူး။

(ရောက်ပါတယ်ဘုရား၊ ကြည်ကြည်လင်လင်ပါပဲ။)

ပြီးတော့ကော။

(ဒီနေ့မနက်မှ ဖူးရဘာဖို့ ကနေ့မနက်တင် တပည့်တော် (၃)ခေါက်ပြန်ဖူးပါတယ်ဘုရား၊ အဲဒီ တောင်ပေါ် မဖူးရသေးဘူး ဘုရား)

ဒါပဲလား။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



မနေ့ကတော့ကော။

(မနေ့က အလင်းမပေးဘူး၊ မှောင်မည်းနေလို့မဖူးရဘူး ဒီနေ့မနက်မှာ ဖူးရတာပါဘုရား။)

မေတ္တာကြပ်ကြပ်ပို့နော်။

(ပို့ပါတယ်ဘုရား။)

အေး‥ ဒကာမကြီးကကော။

(တပည့်တော်က ရန်ကင်းတောင်ဘုရား၊ နဂါးရုံဘုရားနဲ့ မြကျောက်ဘုရားက လင်းလင်းထင်ထင် ဖူးရပါတယ်ဘုရား၊ ရေတံခွန်တောင် ဖူးလို့ မရသေးဘူးဘုရား။

ကနေ့မနက်မှလား၊ မနေ့ကလား။

(မနေ့ကရတာဘုရား၊ ရန်ကင်းတောင်က ရတယ်ဘုရား တင်ပါ့ဘုရား၊ ရန်ကင်းတောင် ရတယ်ဘုရား)

အေး‥အရင်က ကြားတောင် မကြားဖူးဘူးမဟုတ်လား။ တွေ့ဖော့ ဝမ်းသာစရာအတွေ၊ ဟိုဒကာမကြီး ဘယ်သူကဲ့။

(ဒေါ်တင်သိန်းယုဘုရား၊ ရန်ကုန်က။ ဝမ်းသာလွန်းလို့ ညအိပ်လို့တောင်မရဘူးတဲ့၊ အိပ်ကို့တောင် မပျော်ဘူးတဲ့။)

အဲဒီလိုဗျာ ရွှေလျှောက်ဝမ်းသာစရာတွေ တွေ့မယ်။

(တင်ပါ့ဘုရား။)

ကြိုးစား ဟုတ်လား။

(တင်ပါ့ဘုရား။)

ကိုယ်ကြိုးစားရင် ရတာပေါ့။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ခု‥မင်းတို့ ထမင်းတို့ဘာတို့ မျှမျှတတစားရတယ် မဟုတ်လား၊ အေး‥စားရတယ်နော်၊ ဟင်းကလည်း လှလှပပစားရတယ်၊ လှအောင်ချက်ပေးတာလား၊ ကျက်အောင်ချက်ပေးတာပေါ့၊ ပြီးတော့ ပွဲပါပြင်ပေးတာမဟုတ်လား။

(တင်ပါ့ဘုရား)

အဲဗျာ၊ အဲဒီတော့ ဘုရားရဲ့တရားတော်က ဟော့‥နင်တို့ ထမင်းပွဲရောက်တော့ ဒီအတိုင်းထိုင်စားလိုက်ရုံမဟုတ်လား။

(တင်ပါ့ဘုရား။)

အဲဒီတော့ ဘုရားကလည်းပဲ လေးအသချေ်နဲ့ကမ္ဘာတစ်သိန်း ချက်လာတာ၊ အသာယူပြီး စားလိုက်ရုံပဲ။

(တင်ပါ့ဘုရား)

မဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

ကောက်ကာငင်ကာစားလိုက်ရုံ၊ ယူပြီးစားလိုက်ရုံ၊ ဘာခက်တုန်း။

(မခက်ပါဘူးဘုရား။)

မခက်တာကိုက နင်က ခက်တယ်ထင်နေတယ်ဟုတ်လား၊ ဒီအရသာက ထမင်းစားတဲ့အရသာက ဘုရားရှင်က လေးအသချေ်နဲ့ ကမ္ဘာတစ်သိန်း ချက်ပေးတဲ့အရသာက ဒီဝဋ်ဘဝအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်၊ နောက် အသက်ရှည်ကြောင်းတရားလည်း ဖြစ်၊ အန္တရာယ်ကင်းကြောင်းတရားလည်းဖြစ်၊ စည်းစိမ်ကြီး ကြောင်းလည်းဖြစ်၊ အဲ‥အကုန်လုံးအကျိုးပြီးစီးတော့။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါဘုရား။)

ဒီဘဝတင်မဟုတ်ဘူး၊ သံသရာပါ တစ်သံသရာလုံး အကျိုးပြုသွားတာ၊ နောက်ကို ဘုရားဆိုတဲ့ အသံကြားရဖို့မလွယ်ဘူး၊ မဟုတ်ဘူးလား။

(တင်ပါဘုရား။)

အေးဗျာ··အဲ·· တရားက ခက်တာမဟုတ်ဘူး၊ စိတ်က ခက်တာ၊ အဲ··မင်းကကော။

(တံခါးဖွင့်တဲ့အခါကတော့ ရပါတယ်ဘုရား။)

အော်··အကြီးအသေး။

(တင်ပါဘုရား။)

အေး··ရပြီးရော၊ မင်းကတော။

(တပည့်တော်က လေးငါးခြောက်ခါတော့ ရပါတယ်ဘုရား အကြီးအသေး။)

ဘယ်လောက်ကြီးတုံး။

(ဒီလိုဟာလေးတွေ ဒီလိုဟာလေးတွေ။)

မဟုတ်ဘူး၊ အကြီးဆုံးက။

(အကြီးဆုံးက ဒီလောက်ရှိတာဘုရား၊ အသေးက ဒါလောက်ရပါတယ်ဘုရား။)

အချွန်းတံခါးရလား။

(ရပါတယ်ဘုရား)

မင်းကကော။

www.burmeseclassic.com

www.burmeseclassic.com


(ပို့တောင် မပို့ရသေးဘူးဘုရား၊ တစ်တောင့်ထွာ အပို့အယူ လုပ်နေတုန်းဘုရား)

အော် အပို့အယူပဲလား။

(တင်ပါ့ဘုရား။)

သူတို့နှစ်ယောက်လား။

(တင်ပါ့ဘုရား။)

တစ်ထောင့်ထွာလောက်လား။

(တင်ပါ့ဘုရား။)

ထပ်ပို့ဦး။

(တင်ပါ့ဘုရား။)

ဒင်တို့က အပို့အယူလား။

(ပြီးသွားပြီဘုရား။)

ပြီးသွားပြီနော်၊ ဟိုတောင်ပေါ်က ဘုရားတွေဖူးနော်၊ နိမိတ် ကို ရအောင်ပွားရှု။

(တင်ပါ့ဘုရား။)

ကဲ..အကြီးအသေးရသွားရင် နိမိတ်လွှတ်တဲ့အခါ ကြီးစေ ကြီးစေနော်၊ အဲဒီလိုကြီးရော။

(တင်ပါ့ဘုရား)

တောင်ပေါ်ကဘုရားတွေ .. ။

(တင်ပါ့ဘုရား။)

ရေတံခွန်၊ မြကျောက်၊

ရမ်းကင်းတောင် အရှေ့မြောက်ထိပ်ဘုရား၊

www.burmeseclassic.com

www.burmeseclassic.com


ရန်ကင်းတောင် အနောက်ဘက် နဂါးရုံဘုရား၊

ရန်ကင်းတောင် အနောက်ဘက် မြကျောက်ဘုရား၊

ရေတံခွန်တောင်ဘုရား ရဟန္တာများ။

(တင်ပါ့ဘုရား။)

ဟုတ်လား။

(တင်ပါ့ဘုရား။)

မရမရှိဘူး၊ ကုသိုလ်တော်ဘုရား၊ ကျောက်ဖာ။

(တင်ပါ့ဘုရား။)

ဘယ်နှစ်ဌာနတုန်း။

(လေးငါးခြောက်။)

ခြောက်ဌာန။

(တင်ပါ့ဘုရား၊ ခြောက်ဌာနဘုရား။)

ကဲ··အဲဒါ ကြိုးစားကြ။

(သာဓု ··· သာဓု ··· သာဓု ··)

* * *

www.burmeseclassic.com

www.burmeseclassic.com

## အကြောင်းကောင်းမှ အကျိုးကောင်း

အဲဒီလိုကို ဘုရားဖူးခဲ့ရတဲ့ ကုသိုလ်တွေ အစိန္နေယျ ဘယ်ကြံစီလို့ရမှာလဲနဲ့။

(တင်ပါ့ဘုရား။)

ဒီကုသိုလ်တွေဟာ သံသရာပါသွားတော့တာ၊ ဝမ်းပြောက် ဝမ်းသာ ဖြစ်တိုင်းဖြစ်တိုင်း ဟိုဘုရား ဒီဘုရား ကိုယ်ရောက်ခဲ့တဲ့ ဘုရားတွေ အာရုံပြုတိုင်းပြုတိုင်း ကုသိုလ်တွေဟာ အချိန်တိုင်း တိုးပွားနေတာ။

အာရုံပြုတိုင်း တိုးပွားနေကာ၊ အေးဗျာ စက္ခုဒ္ဒပါဒီ ဉာဏံဥဒပါဒီ၊အာလောကော ဥဒပါဒီတဲ့၊ အရောင်အလင်းတွေက လည်း ပို့လိုက်ရင် ပဋိဘာဂနိမိတ်-ဥဂ္ဂဟနိမိတ်။

(တင်ပါ့ဘုရား။)

ပဋိဘာဂနိမိတ်ဆိုတာက နိမိတ်သုံးမျိုး၊ ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ပေါ့၊ ခုဟာက ပဋိဘာဂနိမိတ်ပြီ ပေါ့၊ ပဋိဘာဂနိမိတ်က ဥဂ္ဂဟနိမိတ်ထက် ထွန်းလင်းတောက်ပ

www.burmeseclassic.com

www.burmeseclassic.com


တာပေါ့ကွာ၊ ဆီးရောင် ဂျီးရောင်ဟုတ်လား၊ မာကျူရီမီးရောင် လောက် ဘယ်ကမှာတုန်း၊ ထိန်နေတာ၊ ထွန်းလင်းတောက်ပနေတာ၊ နော် အကုန်လုံး၊ ကြည်ကြည်လင်လင် ဝင်းဝင်းတောက်တောက်၊ အဲဒီလို ဖြစ်သွားဟာ။

ပဋိဘာဂနိမိတ် ရဖို့ရာဆိုတာ မလွယ်ဘူး။

(တင်ပါ့ဘုရား)

သံသရာက ကံကောင်းတွေပါမှ၊ သံသရာက ကံကလည်း ပါမှ၊ ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ရနိုင်တဲ့ပုဂ္ဂိုလ်ဆိုတာ တိဟိတ်ပုဂ္ဂိုလ်တွေတဲ့။

တိဟိတ်ဆိုတာ အလောဘ အဒေါသ အမောဟဟိတ် (၆)ပါးရှိတယ်၊ ဟိတ်ဆိုတာက အကြောင်းတရားဟေတုကို ဟိတ်လို့မှတ်ထား၊ ဟေတုဆိုတာ အကြောင်းတရား၊ ၂၄ပစ္စယ၊ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော ရကြတယ်မဟုတ်လား။

(ရပါတယ်ဘုရား။)

မရတဲ့သူမရှိပါဘူး၊ အခုခေတ် ဟုတ်လား။

(မှန်ပါတယ်ဘုရား။)

အေး··ဟေတုပစ္စယော အာရမ္မဏပစ္စယော စသည်အားဖြင့် ဟေတုဆိုတာ အကြောင်းတရား၊ အဲဒါကို ဟေတုကို ဟိတ်လို့ခေါ်တာ၊ မှတ်ထားနော်။

(တင်ပါ့ဘုရား။)

အကြောင်းကောင်းမှ အကျိုးကောင်းတာ၊ အကြောင်းညံ့ရင် အကျိုးညံ့တယ်၊ အကြောင်းဖျင်းရင် အကျိုးဖျင်းတယ်၊ ဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com


(မှန်ပါတယ်ဘုရား။)

အဲဒါ အကြောင်းကောင်းခဲ့လို့မို့ အလောဘတွေ၊ အဒေါသတွေ၊ အလောဘအကြောင်းတရား၊ အဒေါသအကြောင်းတရား၊ အမောဟအကြောင်းတရား နော်။

အလောဘဆိုတာ လောဘနည်းတယ်၊ အဒေါသဆိုတာ မေတ္တာ၊ အမောဟဆိုတာ ပညာ၊ အေး..အလောဘ အဒေါသ အမောဟဆိုတဲ့ ဟိတ်(၃)ပါးနဲ့ ပြည့်စုံလို့ တိဟိတ်ပုဂ္ဂိုလ်လို့ခေါ်တယ်၊ ဟုတ်လား။

တိဟိတ်ပဋိသန္ဓေ နေခဲ့တယ်ပေါ့၊ ဉာဏသမ္ပယုတ်ကုသိုလ်တွေနော်၊ ဉာဏဝိပါက် ဟုတ်လား။

(တင်ပါ့ဘုရား။)

ဝိပါက်ပဋိသန္ဓေနေတယ်၊ အဲဒီတော့ မင်းတို့စမ်းကြည့်ပါရမီဆိုတာ ကိုယ့်ပါရမီစမ်းကြည့်လိုက်ရင် ကိုယ့်ဘဝကို ဘာနဲ့ ပဋိသန္ဓေနေသလဲ၊ ဝေဖန်လို့ရတာပေါ့။

(တင်ပါ့ဘုရား။)

ဟုတ်တယ်မဟုတ်လား။

(တင်ပါ့။)

အဲ..တိဟိတ်ပုဂ္ဂိုလ် အလောဘ၊ အဒေါသ၊ အမောဟ၊ စမ်းကြည့် ပါရမီဆိုတာ ဒီဘုရားတို့ဘာတို့ အပြည့်အစုံဖူးလို့ရခဲ့ပြီ၊ ဝမ်းမသာဘူးလား။

(ဝမ်းသာပါတယ်ဘုရား။)

ဘုရားဖူးတာတောင်မှ ဝမ်းမသာဘူးဆိုရင် ဘယ့်နှယ် ဘုန်းကွ။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

ဟင်··အကောင်းဆုံးဟုတ်လား၊ အဲ··ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ သံဃာနုဿတိ ရတနာ (၃)ပါးမှအစစ်၊ အဖိုးတန်ရတနာတွေကို မင်းတို့ ကြည်ညိုကြတာပေါ့ကွ၊ မဟုတ်ဘူးလား။

(တင်ပါ့ဘုရား။)

အေးဗျာ··ဒီလိုကြည်ညိုရဖို့ရာ လွယ်ပါ့မလား။

(မလွယ်ပါဘုရား။)

မလွယ်ဘူး၊ အေးဗျာ··အလွန်အလွန်ခဲယဉ်းတာနော်၊ ခဲယဉ်းတယ်၊ ခဲယဉ်းတာတွေ လျှောက်ပြောနေရင် မဆုံးဘူးကွာနော်၊ မဆုံးဘူး၊ အဲဒီတော့ မင်းတို့ ကြိုးကြိုးစားစားပွားကြနော်၊ ကနေ့ ဘယ်ရောက်သွားပြီတုန်း။

(မနေ့က မုံရွာဆုတောင်းပြည့်ဘုရား၊ ဗောဓိတစ်ထောင်၊ သမ္ဗုဒ္ဓေ၊ ပုဂံညောင်ဦးက ရွှေစည်းခုံ၊ အာနန္ဒာဘုရား၊ အင်းလေးဖောင်တော်ဦးဘုရား၊ ပုသိမ်မော်တင်စွန်းဘုရား၊ အားလုံးပေါင်း ငါးနေရာ ငါးဌာနပါဘုရား)

အဲဒါတွေ မင်းတို့အကုန်ရလား။

(ရပါတယ်ဘုရား။)

အကုန်ဖူးလို့ရသလား။

(ရပါတယ်ဘုရား။)

မန္တလေးတို့၊ စစ်ကိုင်းတို့၊ အင်းဝတို့၊ ပင်းယတို့ ရှိသမျှဘုရားတွေ ဆင်းတုတော်တွေကို သဘောကြီးနဲ့ အကုန်တင်သွား၊ လက်နက်ကရိယာလုပ်ဖို့နေမှာပေါ့ကွ၊ ကျည်ဆံတို့ ဘာတို့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com


(မှန်ပါတယ်ဘုရား။)

နောက်ဆုံးကျတော့ ပင်လယ်ထဲ သင်္ဘောကြီးက မြုပ်လေတော့ အဲဒီဇလွန်ပြည်တော်ပြန်ဘုရားနဲ့ မန္တလေးမင်းတုန်းမင်းကြီး ကိုးကွယ်တဲ့ဘုရား၊ အဲဒီဘုရားနှစ်ဆူက လွတ်သွားတယ်။

(တင်ပါ့ဘုရား။)

အဲ··လွတ်သွားတော့ ဟိုမှာရသရွှေ ကြေးဆင်းတုတွေ ဘာတွေ အရည်ကျို၊ ကျည်ဆံလုပ်၊ လက်နက်လုပ်တာနေမှာပေါ့။

(မှန်ပါ့ဘုရား။)

ဝိတိုရိယဘုရင်မကြီးကလည်း မဖြစ်ဘူးတဲ့ရောဂါတွေဖြစ်၊ ဆန်းဆန်းပြားပြား၊ အဲ··နောက်တော့ မြန်မာပြည်က ဘုရားတွေ ပြန်ပို့လိုက်ကြ၊ ပြန်ပို့လိုက်ကြဆိုတော့ ပြန်မပို့ဘူး၊ ဂိုဒေါင်ထဲ ထိုးသိပ်ထားကြတယ်၊ ဂိုဒေါင်ထဲ ထိုးသိပ်ထားပြီးတော့ အရည် ကျို၊ အရည်ကျိုလို့မရဘူး၊ ထုကြနှက်ကြ၊ ထုကြနှက်ကြပြီးတော့ ဘုရားက ရောင်ခြည်တော်တွေ ဘာတွေလွှတ်နေတာတဲ့၊ ရောင် ခြည်တော်တွေပါထွက်လာတယ်၊ ဒီအတိုင်းထုကြနှက်ကြ၊ မရဘူး။

အဲ··ကုလားတွေလည်း လေးငါးခြောက်ဆယ်လောက် ဓာတ်တွေလျှော့ပြီး သေကုန်ကြတယ်၊ လုပ်မရဘူး၊ ပြန်ပို့လိုက် ရတယ်၊ အဲ··ဇလွန်ပြည်တော်ပြန်ဘုရားတဲ့။

ဘယ်လောက်များသနားစရာကောင်းလဲ၊ ဘုရားကို ဘုရား မှန်းမသိဘူး။

(မှန်ပါ့ဘုရား။)

ထုကြ နှက်ကြတယ်၊ ကျည်ဆံလုပ်ဖို့ရာတဲ့။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

မမိုက်ဘူးလား။

(မိုက်ပါတယ်ဘုရား။)

မသိလို့။

(မှန်ပါတယ်ဘုရား။)

သနားစရာကောင်းလိုက်တာ။

(မှန်ပါဘုရား။)

သနားစရာကောင်းတယ်၊ သနားစရာကောင်းတယ်၊ သနားစရာကောင်းတာ လက်တွေ့တစ်ခုပေးပြီလေ။

(မှန်ပါ့ဘုရား။)

ခု မင်းတို့ဘုရားပွဲ ဖူးခဲ့ရပြီ၊ အကုန်လုံး။

(မှန်ပါ့ဘုရား။)

မဟုတ်ဘူးလား။

(မှန်ပါတယ်ဘုရား။)

ဖူးခဲ့ရတော့ ဝမ်းသာတယ်မဟုတ်လား။

(ဝမ်းသာပါတယ်ဘုရား။)

ဝမ်းသာတယ်နော်။

(မှန်ပါတယ်ဘုရား။)

ဒီပြင်သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေ၊ ဆွေတွေ၊ မျိုးတွေ မရစေချင်ဘူးလား။

(ရစေချင်ပါတယ်ဘုရား။)

အဲဗျာ ကိုယ်တိုင်မြင်စေချင်တယ်၊ ကိုယ်တိုင်ရစေချင်တယ်၊ ကိုယ်တိုင် ကြည်ညိုစေချင်တယ်၊ ကျန်တဲ့လူတွေကော။

www.burmeseclassic.com

www.burmeseclassic.com


(ရစေချင်ပါတယ်ဘုရား။)

ရစေချင်ရင် ဘယ်လိုလုပ်ပေးမှာတုန်း၊ ပြောရင်ကော ယုံနိုင်မလား။

(မယုံဘူး။)

မယုံတော့လည်း သနားစရာမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

ဟာ..ဟင် ဘယ့်နှယ့်တုန်း၊ ကိုယ်တိုင်ကြည်ညိုစေချင်လို့ ယုံစေချင်လို့ပြောတာတွေဟာ သူကမယုံဘူး၊ ကဲ..သနားစရာ မကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

ကိုယ်လည်း လက်တွေ့ဖြစ်နေလို့ မဟုတ်ရင် ယုံတောင်မယုံဘူး၊ မခက်ဘူးလား။

(ခက်ပါတယ်ဘုရား။)

ခက်တယ်၊ ကဲဗျာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ၃၁ဘုံ အကုန်ခြုံငုံပြီးတော့ အတုမရှိ အကုန်မြင်တော်မူတာကွ၊ ဒီသတ္တဝါဟာ စုတိစိတ်ကျပြီးရင် ဘယ်သွားမယ်၊ ဘယ်မှာငရဲကျမယ်၊ ပြိတ္တာဖြစ်မယ်၊ အကုန်မြင်တော်မူတယ်၊ ဘယ်ငရဲသွားပြီး ဘယ်ငရဲသွားမယ်၊ နောင်ဘယ်သောအခါမှ သူကျွတ်လိမ့်မယ်၊ လွတ်လိမ့်မယ်၊ သဗ္ဗညုတရွှေဉာဏ်တော်ကြီးနဲ့ မြင်တော်မူ၊ သိတော်မူတယ်။

(မှန်ပါ့ဘုရား။)

သိတော်မူ မြင်တော်မူလို့ ထားခဲ့တာမဟုတ်လား။

(မှန်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


အေးဗျာ နော် အဲဒီလိုဗျာ၊ အဲဒီတော့ကို မင်းတို့ ပဲခူးရွှေမော်ဓောပေါ့နော်။

(တင်ပါ့ဘုရား။)

နောက် မင်းတို့ ဇလွန်ပြည်တော်ပြန်၊ ရန်ကုန် ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ ကမ္ဘာအေးစေတီတော်၊ စွယ်တော်စေတီတော်၊ နော် ဘယ်နှစ်ဆူရှိတုန်း။

(ခုနစ်ဆူပါဘုရား။)

ဟုတ်ရဲ့လား၊ ကျိုက်ထီးရိုးမပါသေးဘူးလား။

(မပါသေးဘူးဘုရား။)

ကဲ‥ထား၊ အဲဒီတော့ မင်းတို့ ရန်ကုန်ရွှေတိဂုံဟုတ်လား၊ ဖူးတဲ့အခါ ထီးတော်ကစဖူး၊ ဒါပေမယ်လို့ ရွှေတိဂုံစေတီတော်လို့ ဘယ်စေတီပဲဖြစ်ဖြစ်ကွ နော်၊ စေတီစောင့်နတ်တို့ ရှိတာချည်းပဲ။

(မှန်ပါတယ်ဘုရား။)

ခွင့်တောင်းပြီးတော့ဖူး။

(မှန်ပါ့ဘုရား။)

နောင်တုန်းက ပြောနေကျအတိုင်းပေါ့နော်၊ အဲလိုပြော၊ ခွင့်လည်းတောင်း၊ ဖူးလို့ရတဲ့ကုသိုလ်ကို ကျွန်ုပ်တို့က ကုသိုလ်အဖို့အမျှပေးဝေပါတယ်၊ သာဓုလည်း ခေါ်ကြပါလို့။

(မှန်ပါ့ဘုရား။)

နော်‥အဲဒီလိုဖူး၊ ရွှေတိဂုံစေတီဥာပနာတွေ ဘာတွေလည်းဖောက်ပြီးတော့ မဖူးနဲ့၊ စေတီစောင့်နတ်တွေရှိတယ်၊ ဟုတ်လား။

(မှန်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



မဖူးနဲ့၊ ဘုန်းကြီးဟိုတုန်းက အရင်တုန်းက အဲလိုသွားဖူးလို့ ရတော့ရတာပေါ့၊ ရတော့ လူတစ်ယောက်က သူက ကက်ဆက် ဖမ်းတာပေါ့။

(တင်ပါ့ဘုရား။)

ပြောပြတာပေါ့၊ ပြောပြတော့ ဘယ် ဒုက္ခကိုရောက် လို့ သွား မဖူးလေနဲ့ ဟုတ်လား။

(မှန်ပါ့ဘုရား။)

အေး‥အဟဲ‥စေတီလုံးတော်ပေါ်အနားကိုရောက်တော့ သုံးယောက်၊ ဘုန်းကြီးက ညနေကြီး တောင်ဝှေးထောက်ပြီး မတ်တပ်ရပ်ပြီးတော့ အောက်ထဲမီးတိုင်တွေ ဘာတွေယူပြီးတော့ မီးတိုင်ကြီးလှည့်ကြည့်တော့ မီးကလည်း ကုန်ခါနီးပြီ၊ ဘုန်းကြီးက ဒီလိုရပ်နေတာပေါ့၊ ဒီမှာလမ်းရှိတယ်၊ ဒီလိုကလည်း လမ်းရှိတယ်၊ ဒီအဆုံမှာရပ်နေတာ၊ ဒီဘက်ကတစ်ယောက်, ဒီဘက်က တစ်ယောက် ရှိနိုးပြီးတော့လျှောက်တယ်။

တပည့်တော်တို့ ရွှေတိဂုံဘုရားစောင့်တဲ့ နတ်တွေပါ ဘုရားတဲ့၊ ကြည်ညိုပါတယ်ဘုရားတဲ့ ဘုန်းကြီးကို၊ ဘုန်းကြီးဘုရား က တယ်ထူးဆန်းပါလားတဲ့၊ ဘုန်းကြီးဘုရား မဟုတ်ပါဘူးတဲ့ ဘုရားတဲ့။ စေတီလုံးသာ ဖူးပါဘုရားတဲ့နော်၊ စေတီလုံးသာဖူး ပါတဲ့၊ ခုခေတ် လူကောင်းသူကောင်းမရှိဘူးတဲ့။

(တင်ပါ့ဘုရား။)

လူတစ်ထောင်တစ်ယောက် မရှိတော့ဘူးတဲ့။

(မှန်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



တပည့်တော်တို့ စေတီစောင့်နေတာ နှစ်ပေါင်းများစွာ ကြာလှပါပြီတဲ့၊ ဒီလို အဝေးကလှမ်းဖူးတာ တစ်ခါမှ မတွေ့ဖူး ဘူးတဲ့၊ ဒီဘက်ကလူက လျှောက်တယ်၊ ဒီနတ်ကပါ ရှိခိုးပြီး အဲလိုလျှောက်တယ်။

သွားပြီး အဲလိုတော့ ဖောက်မဖူးနဲ့နော်၊ အေး··စေတီလုံး တော် ဖူးပေါ့ကွ။

(မှန်ပါ့ဘုရား။)

ဖူးတဲ့နေ့ရက် နာရီ အကုန်လုံး မှတ်ထားနော်၊ အကုန်မှတ် ထား။

(တင်ပါ့ဘုရား။)

နတ်တို့၊ သိကြားတို့ ဗြဟ္မာတို့ ခွင့်တောင်းပြီးတော့ ဟုတ် လား၊ အကယ်၍ ရရင်လည်း မင်းတို့စီးပွားရေးကတော့ အဲဒီလို ဖြစ်တယ်။

(မှန်ပါ့ဘုရား။)

ဟုတ်တယ်၊ ဘာမှ အဆီးအတား အပိတ်အပင် အကာ အကွယ်မရှိဘူး။

(တင်ပါ့ဘုရား။)

ဟုတ်လား။

(တင်ပါ့ဘုရား။)

အဲ··တော,တောင်,ရေ,မြေ,သမုဒ္ဒရာဟုတ်လား၊ ကိုယ် အလိုရှိသလို ကိုယ်ဆန္ဒရှိသလို အဲ··တရားတော်ရဲ့ တန်ခိုးစွမ်းညှိ သတ္တိ ကြံစည်လို့မရဘူး။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

အံ့ဩစရာမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

ဝမ်းသာစရာမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

အဲ··ဝမ်းသာစရာတွေချည်းထဲပဲနော်။

(တင်ပါ့ဘုရား)

မနေ့က ဘာတွေဖူးတုန်း။

(မနေ့က မုံရွာမိုးညှင်း သမ္ဗုဒ္ဓေ)

ပြီးတော့ကော။

(ဗောဓိတထောင်ရယ်၊ ဆုတောင်းပြည့်ရယ်၊ ရွှေစည်းခုံရယ်ပါဘုရား၊ အမရပူရကတော့ ပုထိုးတော်ကြီးနဲ့ ဗားကရာကျောင်းပါဘုရား)

ဒါပဲပေါ့။

(စစ်ကိုင်းမှာတော့ တောင်ပေါ်က ဘုရားတွေ ဖူးခိုင်းပါတယ်ဘုရား၊ ဆွမ်းဦးပုညရှင်ပါဘုရား)

ဒါပဲပေါ့။

(တင်ပါ့ဘုရား။)

အကုန်ရောက်တယ်ပေါ့။

(ရောက်ပါတယ်ဘုရား၊ ကောင်းမှုတော်လည်း ရောက်တယ်ဘုရား။)

အဲဒီမှာလှမ်းဖူးတော့ နိမိတ်က ကြည်ကြည်လင်လင် ရှိရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com


(နိမိတ်က တစ်ခါတစ်ခါတော့လည်း မှောင်နေတယ်ဘုရား၊ မှောင်တယ်၊ မျက်စိမှိတ်အိပ်နေသလို၊ ပိတ်ထားလို့ရှိရင်လဲ နေလို့မရဘူး၊ ပုလဲလုံးလေးတွေ ထွက်နေတယ်၊ ဒီလို ရိုးရိုးကျတော့လည်း အဖြူပိတ်ပိတ်ကြီးဖြစ်နေတာဘုရား၊ အိပ်တဲ့အခါကျတော့လည်း အလကားနေရင်း အလုံးတွေထွက်နေတယ်၊ မျက်လုံးထဲကနေပြီးတော့ သမာဓိအားကောင်းလို့၊ သမာဓိက ပဋိဘာဂနိမိတ်ရောက်လာတော့ကာ နိမိတ်အားအကောင်းဆုံး၊ ဟိုနေ့က မီးပျက်လေ ပိုမှတ်ထားလေ ပိုထွက်လေပဲ၊ ဒါပေမယ့် အခုလိုမျိုးလွှတ်တဲ့အခါကျတော့ အပြန့်ကြီးပဲဖြစ်နေတာဘုရား။)

ပြန်လည် ဖြောင့်ပေးစုပေး, ဖြောင့်ပေးစုပေးခိုင်းပေါ့။

(တင်ပါ့ဘုရား။)

နော် … ဟုတ်လား။

(တင်ပါ့ဘုရား။)

ဖြောင့်ပေးစုပေးခိုင်း၊ ကိုယ်ကလည်း ဟိုမှာနိမိတ်ကလည်း လှမ်းပြီးဖူးရင်။

(တင်ပါ့ဘုရား။)

စေတီတော် သွားဖူးတယ်။

(တင်ပါ့ဘုရား။)

ထွက်လေဝင်လေနဲ့။

(တင်ပါ့ဘုရား။)

စုပေးဆိုတော့ နိမိတ်တွေအကုန်ဖြောင့်စုသွားမှာပေါ့၊ အဲလို လဲ ခိုင်းပေါ့။

www.burmeseclassic.com

www.burmeseclassic.com



(တင်ပါ့ဘုရား၊ နိမိတ်ရှိမှန်းတော့ သိတယ်ဘုရား၊ ဒါပေမယ့်လို့ ခုနပြောသလိုပေါ့၊ တကယ်တမ်းကျတော့ ဟို)

တိဟိတ်ပုဂ္ဂိုလ်ဆိုတော့ သုံးမျိုးပေါ့၊ ပဋိသန္ဓေနေတာ။

(တင်ပါ့ဘုရား။)

အလောဘအကြောင်းတရား၊ အဒေါသအကြောင်းတရား၊ အမောဟအကြောင်းတရား အဲဒီသုံးမျိုးကို တိဟိတ်။

(တင်ပါ့ဘုရား။)

တိဟိတ်ဆိုတာ တိက (၃)၊ ဟေတုဆိုတာ ဟောတုပစ္စယော၊ ဟေတုကို ဟိတ်လို့လုပ်လိုက်တာ။

(တင်ပါ့ဘုရား။)

အဲဒီအကြောင်းတရား (၃)ပါးနဲ့ပြည့်စုံလို့ ဒါတွေရတာ။

(တင်ပါ့ဘုရား။)

အခုချိန်မှာ တိဟိတ်ပုဂ္ဂိုလ်တွေပေါ်တယ်။

(တင်ပါ့ဘုရား။)

နော် ဉာဏသမ္ပယုတ်တဲ့၊ ဉာဏ်နဲ့ယှဉ်ပြီး ပဋိသန္ဓေနေတာပေါ့။

(တင်ပါ့ဘုရား။)

အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်၊ အလောဘဆိုတာ လောဘနည်းတယ်၊ အဒေါသဆိုတာက မေတ္တာ၊ အမောဟဆိုတာက ပညာ။

(တင်ပါ့ဘုရား။)

အေး..အဲဒီပညာတွေလည်း ပါခဲ့လို့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါဘုရား။)

အကြောင်းကောင်းမှ အကျိုးကောင်းတာ၊ အကြောင်းညံ့ရင် အကျိုးညံ့တယ်။

(တင်ပါဘုရား။)

'စမ်းကြည့် ပါရမီ' ဆိုတာ မိမိတို့ပါရမီကို တရားနဲ့ စမ်းကြည့်လိုက်တော့ ဝမ်းသာစရာတွေ မတွေ့ဘူးလား။

(တွေ့ပါတယ်ဘုရား။)

အဲဒီလို ဝမ်းသာစရာ ဘယ်ရှိမတုန်း။

(တင်ပါဘုရား။)

ကဲ‥ကိုယ့်နေရာကနေထိုင်ပြီး လှည့်ပြီး ဘုရားဖူးနေတာ နော်။

(တင်ပါဘုရား။)

ဒီလိုမျက်လုံးမျိုးရဖို့ လွယ်ပါ့မလား။

(မလွယ်ပါဘူးဘုရား။)

အဲ‥ဘယ်လွယ်မှာတုန်း။

(မလွယ်ပါဘူးဘုရား။)

ဟုတ်လား‥မှတ်တာပြတာ လမ်းမှန်လည်းကျမှ။

(တင်ပါဘုရား။)

ဟုတ်ဘူးလား။

(မှန်ပါတယ်ဘုရား။)

လမ်းမှန်ကျတော့ ကိုယ်တွေ့တွေဖြစ်နေပါပကော။

(တင်ပါဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


အဲ··ဘုရားရှင်ကိုယ်တော်မြတ် သဗ္ဗညုတရွှေဉာဏ်တော်ကြီးနဲ့ပဲ အကုန်လုံး (၃၁)ဘုံမှာရှိတဲ့ သတ္တဝါတွေ ဟိုသံသရာက လာခဲ့ရတဲ့ ခရီးရှည်ကြီး သူ့ဘာကုသိုလ်တွေ ပြုခဲ့တယ်၊ အကုသိုလ်တွေ ဘာလုပ်ခဲ့တယ်၊ အကုန်မြင်သိတော်မူတယ်၊ဘယ်ဘဝက ဝဋ်ကြွေးကြောင့် ဒီဘဝမှာ ဝဋ်ကြွေးခံရတာ၊ ဘယ်ဘဝက ကုသိုလ်တွေပြုခဲ့လို့ ဟုတ်လား။

(မှန်ပါ့ဘုရား။)

မိမိတို့လာခဲ့ရတဲ့ဘဝတွေကလည်း အသင်္ချေ အနန္တ။

(မှန်ပါ့ဘုရား။)

မရေမတွက်နိုင်ဘူး။

(မှန်ပါ့ဘုရား။)

ဘဝတကွေ့လေးရယ်။

(မှန်ပါ့ဘုရား။)

အသက်တစ်ရာပြည့်အောင် ဘယ်သူမှမကွေ့နိုင်ဘူး။

(မှန်ပါ့ဘုရား။)

ဟုတ်လား၊ အေး··ဘုန်းကြီး မနေ့တုန်းက မဟာမြတ်မုနိဟို့ သကျသီဟ၊ အိမ်တော်ရာ၊ ရွှေကျီးမြင့် ဘုရားဖူးသွားတာ။

(တင်ပါ့ဘုရား။)

ဒကာမကြီးရဲ့ကားပေါ်က လိုက်တာတောင် ပြန်လာတော့ ဘော်တော်နဲ့စကားမပြောနိုင်ဘူး။

(တင်ပါ့ဘုရား၊ ပင်ပန်းတာပေါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ငယ်ငယ်တုန်းကတော့ ရှုပ်တီးရှုပ်ပြာပေါ့၊ အဲဗျာ အဲလို ကြီးလာမှ မဟာန်ဘူး။

(တင်ပါ့ဘုရား။)

အားတွေက လျော့တယ်၊ အဲဒီလိုဖြစ်သွားတယ်။

(တင်ပါ့ဘုရား။)

မလွယ်ဘူး၊ ခန္ဓာကိုယ်ဟာ ခိုင်းတိုင်းမရဘူး။

(မရပါဘူးဘုရား၊ တပည့်တော်တို့လည်း ဒီလမ်းစဉ်လိုက် ရမှာပါဘုရား)

အဲ‥ခိုင်းလဲမရဘူး၊ ကိုယ်ပြောတာလည်း နားမထောင် တော့ဘူး။

(တင်ပါ့ဘုရား။)

သွေးအားလေအားတွေက ဆုတ်။

(မှန်လှပါဘုရား)

အဲလိုဖြစ်တာကိုး၊ အဲလိုဖြစ်တာ၊ အဲဒီတော့ကို အားထုတ်နိုင် တုန်း၊ အချိန်အခါကောင်းတုန်း ကြိုးစားထား။

(တင်ပါ့ဘုရား။)

ကြိုးစားအားထုတ်ကြ။

(တင်ပါ့ဘုရား။)

(သာဓု … သာဓု … သာဓု …)

* * *

www.burmeseclassic.com

www.burmeseclassic.com

## 'ငါ' မပါစေနဲ့

ဒီလိုပဋိသန္ဓေမျိုးရကာမှ မလွယ်တော့ဘူး၊ တဖြည်းဖြည်း ဆုတ်လာတော့မှာ၊ သာသနာကြီးကလဲ လူမှုရေးတွေကော အကုန်လုံး။

(တင်ပါ့ဘုရား။)

ဟော..ဘုရားက ငါးထောင်ထားခဲ့တာလေ။

(မှန်ပါတယ်ဘုရား။)

ခုနစ်ထောင့်ငါးရာကျော်လာတော့ အကုန်ဘက်ကများ၊ အဆန်ဘက်က နည်းလာ။

(တင်ပါ့ဘုရား။)

ကန်ထဲမှာ ရေပြည့်နေတဲ့အခါ ဘယ်သူခပ်ခပ်မနောက်ဘူး၊ ရေလေးနည်းသွားရင်တော့ အိုးဖင်လေး ရမ်းလိုက်တာနဲ့ အနယ်တွေ အကုန်ပါပြီပေါ့။

(မှန်ပါ့ဘုရား။)

ဒါတောင် အနယ်ပါသေးတာမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



(ပါပါတယ်ဘုရား။)

နည်းသွားလို့။

(တင်ပါ့ဘုရား။)

ဒါလိုပဲ၊ နောင်တစ်ချိန်လူ့ဘုံ လူ့ဘဝ ပြန်လာလည်းပဲ ဒီအခြေ ဒီအနေ ဒီအချိန်ခါမျိုး မလွယ်တော့ဘူး။

(တင်ပါ့ဘုရား။)

အကြိမ်ကြိမ်ဆုတောင်းပြီးတော့ အားထုတ်။

(မှန်ပါ့ဘုရား။)

နော်..

(မှန်ပါ့ဘုရား၊ လူကြီးကလည်း ချုံချုံချိုင်ကုန်ပြီ၊ ဒီကလည်း ချိုင်ကုန်ပြီ၊ အသားနဲ့အရိုးကပ်ကုန်ပြီဘုရား။)

ဒုက္ကရစရိယာ ကျင့်တော်မူပုံပေါ့။

(တင်ပါ့ဘုရား၊ ဒါပဲ ဖူးရတယ်ဘုရား။)

ပြီးတော့ကော။

(မုံရွာသမ္ဗုဒ္ဓေဘုရားရော ဖူးရတယ်ဘုရား။)

ပြီးတော့ကော။

(ကျန်တဲ့ဟာတော့ ဝါးဝါးလေးပဲဘုရား။)

ဟင်..

(ဝါးဝါးလေးပဲ ဖူးရတယ်ဘုရား။)

ပြီးတော့ကော။

(စစ်ကိုင်းတောင်က ဘီလူးပဲတွေ့ခဲ့တယ်ဘုရား။)

ဘီလူး။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

ဘယ်များတွေ့တာတုန်း၊ ဟား..နင်က ဘီလူးဖူးခိုင်းတာမှ မဟုတ်ပဲနဲ့။

(မသိဘူးဘုရား၊ သူ့ဟာသူတွေ့တာဘုရား။)

ဘယ်နှားတွေ့တာတုန်း။

(သိဘူးဘုရား၊ နောက် ဒီနေ့မနက်ပြန်ရှုတော့ဘုရား၊ ဟို နိမိတ်အလင်းက ကစ်ခါတည်း အပြင်လိုက်ကြီး အပြင်လိုက်ကြီး က အရှည်အရှည်ကြီးကနေ တစ်ခါထဲမှ ဒီလိုပြာကျသွားပြန်တာ၊ ရွှေရောင်အလင်းနိမိတ်ကြီးက ပြာကျသွားပြီးတော့ ဘုန်းကြီး တစ်ပါးကလည်း ရွှေရောင်ကြီးတဲ့၊ အဲဒီမှာ ထိုင်ရှိခိုးနေတာဘုရား)

အဲဒါက ဘယ်ဘုရားတုန်း။

(မသိဘူးဘုရား၊ အဲဒါလည်း လွှတ်တာက သိပ်မရတော့ ပို့လွှတ်တာသိပ်မရဘူး၊ နောက်ဆုံးပြန်ပေါ်တာ အလင်းရောင်ပဲ တွေ့ပါတယ်ဘုရား။)

ဟင် အလင်းရောင်အလုံးကြီးပဲ၊ အဲဒီဘုရားက ဘယ်ဘုရား တုန်း။

(အမရပူရက ဗားကရာကျောင်းတိုက်က မန်ကျည်းပင် အကြီးကြီးတစ်ပင်တွေ့ပါတယ်ဘုရား၊ နိမိတ်အလင်းရောင်က ဖြာ ရင်းနဲ့ အလုံးကြီးက ရပ်ပြီးမှ ပျောက်သွားတယ်ဘုရား။)

ပြီးတော့ကော။

(မတွေ့လိုက်ရဘူးဘုရား၊ ဘုရားကို။)

ပြီးတော့ကော။

www.burmeseclassic.com

www.burmeseclassic.com


(ဒါပါပဲဘုရား။)

ဘယ်နှစ်ဆူတုန်း။

(တပည့်တော်က ရှစ်ဆူထင်တယ်၊ တစ်ခုက ဘာလဲမသိဘူး။)

ဟင် ... ။

(ကိုးဆူဘုရား၊ သူက ဗားကရာကျောင်းတိုက်ကြီးရယ်၊ ဆွမ်းဦးပုညရှင်ရယ်၊ တောင်ပေါ်ဘုရားများရယ်၊ ပုထိုးတော်ကြီး၊ မုံရွာဆုတောင်းပြည့်ဘုရားလည်း ဖူးရတယ်ဘုရား)

မဖူးရဘူးပေါ့။

(ဖူးရတယ်ဘုရား။)

ကဲ..နင် ကကော လျှောက်စမ်း။

(တပည့်တော်က ပထမဆုံး အမရပူမြို့က ဗားကရာကျောင်းတိုက်ကြီးကို ဖူးပါတယ်ဘုရား။)

ပြီးတော့ကော။

(ဗားကရာကျောင်းကြီးကို မည်းမည်းကြီးလိုပဲ ဖူးရပါတယ်ဘုရား၊ နောက် ပုထိုးတော်ကြီးကိုလည်း တပည့်တော် ဖူးခဲ့ရပါတယ်၊ နောက် စစ်ကိုင်းရောက်တော့ ဆွမ်းဦးပုညရှင်ဘုရားရယ်၊ စေတီတော်ရယ်၊ နောက် ရုပ်ပွားတော်ရယ်၊ တပည့်တော် ဖူးခဲ့ရပါတယ်ဘုရား။)

ပြီးတော့ကော။

(နောက်ပြီးတော့ တောင်ပေါ်က တခြားစေတီ (၃)ခု ဆိုး ဖွေးဖွေးစေတီ (၃)ဆူရယ်၊ နောက် မြစ်ကမ်းပါးကို မြင်ရတဲ့

www.burmeseclassic.com


အစွန်ကလေးက တောင်ပေါ်ကစေတီတစ်ဆူ၊ စေတီလေးဆူ တပည့်တော် ဖူးခဲ့ရပါတယ်ဘုရား)

ပြီးတော့ကော။

(အဲ··ကောင်းမှုတော်ဘုရားကြီးကိုလည်း တပည့်တော် ဖူးလို့ရပါတယ်ဘုရား၊ နောက် မုံရွာမှာရှိတဲ့ မိုးညင်းသမ္ဗုဒ္ဓေရောက်တော့ အဲဒီက လိုဏ်ဂူလို စေတီသေးသေးလေးတွေက အများကြီး စီတန်းပြီးတော့ ထားတာကို ဖူးခဲ့ရပါတယ်ဘုရား၊ ဗောဓိတထောင်ရောက်တော့ တပည့်တော် ဗောဓိပင်ကြီးကို အုတ်တံတိုင်းအဖြူတွေ ပတ်ပြီးနေတာကိုလည်း တပည့်တော်ဖူးခဲ့ရပါတယ်ဘုရား)

အကုန်လင်းလင်းထင်းထင်း ဖူးလို့ရခဲ့လား။

(တချို့ဟာကျတော့ ပုံသဏ္ဌာန်လောက်ဖြူဖြူပဲ ဖူးရပါတယ် ဘုရား။)

ကဲ··ကွာသွားပြီ၊ အကောင်းဆုံးကုသိုလ်တော်ကြီးပေါ့၊ အကောင်းဆုံးပဋိဘာဂနိမိတ်ပေါ့၊ အဲဒီပဋိဘာဂနိမိတ် ရဖို့ရာဆိုတာ လူတိုင်းလူတိုင်းမလွယ်ဘူး။

(မှန်လှပါဘုရား။)

စကြာဝဠာတေးမင်းလောင်းလည်း ပဋိသန္ဓေနေတဲ့အခါ မိခင်ဖြစ်တဲ့လူသား အထူးစောင့်ရှောက်ရသလို မပျောက်မပျက်ရအောင် အဲလိုအထူးစောင့်ရှောက်ရတာ။

(မှန်ပါ့ဘုရား။)

အေး··အဲဒီတော့ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ် ဒီနိမိတ်ဆိုက်လာရင် ကဲ··ကြည်လင်တာလဲ အထူးသဖြင့် ကြည်လင်တယ်။

www.burmeseclassic.com

www.burmeseclassic.com


(မှန်ပါ့ဘုရား။)

မကြည်လင်ဘူးလား။

(ကြည်လင်ပါတယ်ဘုရား။)

ခိုင်းသလို စေသလိုလည်း ရတာမဟုတ်လား၊ အနှံ့ကြည့်လို့မဆုံး ကြည့်ညှိုလို့မဆုံးနော်၊ အဲဗျာ ဒီဂုဏ်သိုလ်တွေ ဘယ်မှမရောက်ဘူး၊ စမ်းကြည့် ပါရမီဆိုး၊ကိုယ့်ပါရမီ ကိုယ်သိရတာပေါ့၊ အကောင်းဆုံး ပဋ္ဌာဂနိမိပ်ာဆိုတာ တိဟိတ်ပုဂ္ဂိုလ်တွေပါနော်။

(မှန်ပါ့ဘုရား။)

အေးဗျာ ကြိုးစားကြနော်၊ ဘုရားမှတစ်ပါး အားကိုးစရာ မရှိဘူး။

(မှန်ပါတယ်ဘုရား။)

အေး··ဘုရားဖူးနေတုန်း စုတိစိတ်ကျသွားရင် သေချာတယ် နတ်ပြည်ကိုတော့နော်၊ အေးဗျာ ဖူးရဖို့ရာလည်း မလွယ်ဘူး။

(တင်ပါ့ဘုရား။)

အခု ဘုရားဖူးတော့ အနားကပ်ပြီးတော့ ပကတိမျက်စိနဲ့ ဖူးရသလိုမဟုတ်လား။

(တင်ပါ့ဘုရား။)

အေး··ရတဲ့ပုဂ္ဂိုလ် အဲဒီလိုဖူးရတာပေါ့။

(တင်ပါ့ဘုရား။)

ရဖို့ရာဆိုတာလည်း မလွယ်ဘူး။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


လူ့ဘဝဆိုတာလည်း ရလာလို့၊ ယထာဘူတလမ်းမှန်လည်း ကျလို့၊ ကိုယ်ကလည်း ကြိုးစားအားထုတ်လို့နော်။

(တင်ပါ့ဘုရား။)

အဲ··ဘယ်လောက်ပမ်းသာစရာကောင်းသလဲ။

(မှန်ပါတယ်ဘုရား။)

အဲ··ဘုရားပေးတော်မူခဲ့တဲ့ ဖောင်တော်ကြီးပေါ်ထိုင်၊ မဂ္ဂင်ဖောင်တော်ကြီးပေါ်ထိုင်ပြီး နိဗ္ဗာန်ထိသွားနေတာ၊ နိဗ္ဗာန်နန်းသွားနေတာနော်။

မဂ္ဂင်ဖောင်ကြီး ပျော်ပျော်စီး၍ဆိုတာ ပျော်ပျော်စီးပြီးတော့ ဘုရားဖူးရတယ်မဟုတ်လား။

(မှန်ပါတယ်ဘုရား။)

မပျော်ပဲ ရှိပါ့မလား။

(ပျော်ပါတယ်ဘုရား။)

ဟုတ်တယ် မဟုတ်လား။

(တင်ပါ့။)

ကိုယ်ဖူးလိုတဲ့ ဘုရားတွေ့လေ ဝမ်းသာလေ၊ ညဖူးလည်း ရတာပဲ။

(တင်ပါ့။)

ဘယ်သူ့မှလည်း မကြောက်ရဘူးနော်၊ အဲဒီလိုပဲ ကံကောင်းတယ်။

(တင်ပါ့ဘုရား။)

ကံကောင်းတာပေါ့၊ လွယ်လွယ်နဲ့ရဖို့ ဘယ်လွယ်မတုန်း၊ လွယ်ပါ့မလား။

www.burmeseclassic.com

www.burmeseclassic.com



(မလွယ်ပါဘူးဘုရား။)

မလွယ်ဘူး၊ ဒသဿနာနုတ္တရိယ ကုသိုလ်ထူးတွေနော်။ အဲ‥ကဲ ဒကာမကြီးက ဘယ်ဘုရားတွေဖူးတုန်း။

ဖန်းမော်ဆရာတော် တစ်ရက်တောင်မကြာဘူး၊ ခဏလေးနဲ့ရတာ၊ ဖန်းမော်ဆရာတော်က (၇၄)နှစ်၊ အဲဒါ ခဏလေးရသွားတာ။

(တင်ပါ့ဘုရား။)

ဘာမှ မကြာဘူး၊ သဘောပါဖို့ အရေးကြီးတယ်။

(တင်ပါ့ဘုရား။)

ယုံကြည်မှုအရေးကြီးတယ်။

(တင်ပါ့။)

ဘုရားရှင်ရဲ့တရားတော်က ယုံယုံကြည်ကြည်နဲ့ပို့ရမှာ။

(တင်ပါ့ဘုရား။)

သွားတာမှပဟုတ်ရဲ့လား၊ ရောက်တာမှ ဟုတ်ရဲ့လား၊ ငါဖြင့်မြင်လည်း မမြင်ရပါဘူးဆိုရင် ဘယ်သွားရောက်တော့မှာတုန်း။ ငါဖြင့်မြင်လည်းမမြင်ရပါဘူး၊ သွားတာလည်း မမြင်ရပါဘူးဆိုပြီး ငါဖြင့်ဆိုတဲ့ သဘောမကျတဲ့ မာနတွေပါနေတာပေါ့။

(တင်ပါ့ဘုရား။)

မနေ့ကလည်း ငါပို့တယ်၊ ကနေ့လည်း ငါပို့တယ်၊ အင်း မနေ့ကလည်း ငါမရခဲ့ဘူး၊ ကနေ့လည်း ငါမရဘူး၊ အဲဒီလို ပို့နေရင်တော့ ငါတစ်လုံးနဲ့ပို့နေလို့တော့ ဘယ်တော့မှ ရမှာမဟုတ်တော့ဘူး။ ဟင်‥

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

ငါ မပါစေနဲ့။

(တင်ပါ့။)

လယ်တီဆရာတော်ကြီးရေးထားတာ တွေ့ဘူးလား၊ ငါတစ်လုံးနှယ်၊ ငါဆိုတဲ့ အလုံးလေးတစ်လုံးထဲ၊ လူကလည်းငါ၊ နတ်ကလည်းငါ၊ ဗြဟ္မာကလည်းငါ၊ တစ်လုံးထဲပဲ၊ ငါတစ်လုံးငယ် အနန္တကျယ်၊ အနန္တဆိုတာ ပြောကြဆိုကြတာတွေပေါ့၊ သုံးနှုန်းကြတာတွေပေါ့။

(တင်ပါ့ဘုရား။)

ပြောဆိုကြတာတွေပေါ့၊ ငါဆိုတဲ့အလုံးလေး၊ ဒါတစ်လုံးတည်းပဲ၊ အဲဒီ 'ငါ'တွေကြောင့် မလွတ်တာ။

(မှန်ပါ့ဘုရား။)

သံသရာက ဒါကို သက္ကာယဒိဋ္ဌိခေါ်တယ်။

(တင်ပါ့ဘုရား။)

ဟုတ်လား။

(ဟုတ်ပါတယ်ဘုရား။)

ဒါဖြင့် ငါ့ဥစ္စာ, ငါ့ရွှေ, ငါ့ငွေ, ငါ့လယ်, ငါ့ယာ မဟုတ်ဘူးလား။

(မှန်ပါတယ်ဘုရား။)

ငါ့ပစ္စည်း။

(မှန်ပါတယ်ဘုရား။)

အင်း..ငါ့ပစ္စည်းကိုမထိနဲ့၊ ဟုတ်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com


(မှန်ပါတယ်ဘုရား။)

ငါ့လယ်, ငါ့ယာ စသည်အားဖြင့် ဒါတွေပါ ငါဆိုတဲ့အလုံး လေးတစ်လုံးထဲပဲ၊ အဲဒီငါ,လေး တစ်လုံးထဲပါရင် ရမှာမဟုတ်ဘူး။

(တင်မ့ါဘုရား။)

ဒါကြောင့် လယ်တီဆရာတော်ကြီးက ငါ,တစ်လုံးငယ် အနှုန်းကျယ် လူပြည်နတ်ပြည်အကုန်လုံး သုံးသွယ်မြုံ့သိုက်၊ သုံးသွယ်ဆိုတာ လူ့ဘုံကတစ်သွယ်၊ နတ်ဘုံကတစ်သွယ်၊ ဗြဟ္မာ ဘုံကတစ်သွယ်၊ ဒါသုံးသွယ်မဟုတ်ဘူးလား။

(မှန်ပါတယ်ဘုရား။)

အမြုံ့ဆိုတာက လူကတစ်မြုံ့၊ နတ်ကတမြုံ့၊ ဗြဟ္မာက တစ်မြုံ့၊ "ဘုံတစ်လိုက်မှာ အလိုက်ကယ်ဘာသာ" ဟိုလိုက် ဟိုမြို့, ဟိုရွာ, ဟိုဒေသ ပြောကြဆိုကြဟုတ်တယ်မဟုတ်လား။

(တင်ပါ့ဘုရား။)

အဲဗျာ··အဲဒါတွေကြောင့် အဲဒါတွေမပါစေနဲ့၊ မလာစေနဲ့။

(တင်ပါ့ဘုရား။)

ပါရင်မရဘူး၊ ဒကာမကြီးကကော သူလည်းအပို့ပဲလား။

(သူလည်း အပို့ဘုရား။)

ဖနေ့ကရသလား။

(ဟဖနေ့ကရတာဘုရား။)

ရပြီလား။

(မရသေးပါဘူးဘုရား)

ပို့တိုင်းယူတိုင်းရရင် နောက်တစ်တောင်လောက်ဆုတ်ပို့၊ ပို့တိုင်းယူတိုင်းရမှ၊ ဟိုပို့လိုက်ရင် ဟိုရောက်သွားတယ်၊ ဒီလာ

www.burmeseclassic.com

www.burmeseclassic.com


ဆိုရင် ဒီလာတယ်၊ အဲလိုရရင် တစ်တောင်လောက်ဆုတ်ပို့၊ မရ
သေးဘူးလား၊ အဲဒီလို။

(မရသေးပါဘူးဘုရား။)

ဒီပြင်ဟာတွေ ဘာတွေ အာရုံမပြုနဲ့နော်၊ အဲဒါရဖို့ အရေးကြီး
တယ်၊ ဒါ ပင်လယ်ကူးလို့ခေါ်တယ်၊ ပင်လယ်ကို သံသရာကြီး
နဲ့ ဥပမာပြုထားတာ၊ သံသရာကြီးက ကျယ်လွန်းလို့ ပင်လယ်ထဲ
လည်း ရမ်းကူးကြတာပဲ၊ ခုခေတ် ကရိယာတွေနဲ့ ကမ်းမမြင်ပဲနဲ့
ကူးရတာ၊ ခုလည်းဒီအတိုင်းပဲ၊ ဒါ ပယ်လယ်ကူးလို့ခေါ်တယ်၊
ခုလည်း ဒီတိုင်းရရင် နောက်ကို တစ်တောင်လောက်ဆုတ်ရပြန်
ပြီ၊ နောက်တစ်ခါ တစ်တောင်လောက်ဆုတ်၊ ဟောလိုဆုတ်ပို့။

ကဲ. .မဆန်းကြယ်ဘူးလား။

(ဆန်းကြယ်ပါတယ်ဘုရား။)

မနက်နဲဘူးလား။

(နက်နဲပါတယ်ဘုရား။)

သိမ်မွေ့နက်နဲ၊ အဲဗျာ လ,ကလည်း ကဆုန်လ၊ မြတ်စွာ
ဘုရား ကဆုန်လပြည့် ဘုရားဖြစ်တော်မူတယ်ဆို။

(မှန်ပါတယ်ဘုရား။)

လ,ကလည်း လ,ထူး လ,မြတ်ကြီး။

(မှန်ပါ့ဘုရား။)

ကဲဗျာ လ,ထူး လ,မြတ်ကြီး၊ ကဲ. .ကဆုန်လမှာ ဘုရား
တွေ ဖူးကြတယ်နော်။

(မှန်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ဘုရားဖြစ်တော်မူတဲ့ လ,ကြီးပါလား။

(မှန်ပါ့ဘုရား။)

မိမိတို့ကလည်း ဘုရားဖြစ်တော်မူတဲ့လ တိုက်တိုက်ဆိုင်ဆိုင် လာပြီးတော့ ကြုံကြတာ။

(တင်ပါ့ဘုရား။)

ကဲ‥ဝမ်းသာစရာမကောင်းဘူးလား။

(ဝမ်းသာစရာပါဘုရား။)

ဟာ ဘုရားဖူးရတာမှ ဝမ်းမသာရင် ဘယ့်နှယ့်ဟာတွေတုန်း၊ ဟင်‥အဲ‥ကဆုန်လနော်။

(တင်ပါ့ဘုရား။)

အဲဒီတော့ကို ရန်ကုန် ဒါမှ ငါးဆူဟုတ်လား၊ ရွှေတိဂုံ။

(မှန်ပါ့ဘုရား။)

အဲဒီဘုရားတွေပါဖူးခဲ့၊ ဌာပနာတွေပါ ဖောက်မဖူးနဲ့။

(မှန်ပါ့ဘုရား။)

နော် စေတီစောင့်နတ်တွေရှိတယ်၊ စေတီလုံးတော်ကိုဖူးကြ။

(မှန်ပါ့ဘုရား။)

နော်‥‥အေး‥‥။

စေတီစောင့်နတ်တွေက သူတို့စောင့်ရှောက်နေတာဖူးလို့ ဘယ်ကြိုက်မှာတုန်း။

(မှန်ပါဘုရား။)

အဲ‥ဓါတ်တော်, မွေတော်တွေဖောက်မဖူးနဲ့။

(မှန်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


နော်··စေတီလုံးက ထီးတော်ကစပြီးတော့ ခြေတော်ရင်း၊ ခြေတော်ရင်းကနေပြီးတော့ ထီးတော်၊ ရွှေတိဂုံစေတီတော် ပရိဝုဏ် အတွင်း အကုန်ရှိသမျှ လှည့်ပတ်ကြည့်ဖူးရတာပေါ့။

(တင်ပါ့ဘုရား။)

နော် ဒီပြင်ဘုရားတွေလည်း အဲဒီလို လှည့်ပတ်ကြည့်ဖူး ရတာပေါ့။

(မှန်ပါ့ဘုရား။)

အေး··ကြည်ညိုရတဲ့အခါလေး ပြည့်ပြည့်စုံစုံဖြစ်အောင် ဖူးပေါ့။

(တင်ပါ့ဘုရား။)

ရေးလည်းရေးထား၊ မှတ်လည်းထားနော်၊ အဲ··အဲဒီတော့ကို ကနေ့မြန်မာပြည်ရှိတဲ့ တန်ခိုးကြီးဘုရားတွေ အကုန်စုံသွားပြီနော်။

(တင်ပါ့ဘုရား။)

အဲ··နောက်သန်ဘက်ခါဆိုရင် နတ်ပြည်ရောက်ရောပေါ့။

(မှန်ပါ့ဘုရား။)

နော် ကဲ··ကြိုးကြိုးစားစားဖူးကြ ဟုတ်လား၊ နေရစ်လိမ့် မယ် ဟုတ်လား၊ အေးဗျာ နတ်ပြည်က လူ့ပြည်မဟုတ်ဘူး။

(မှန်ပါ့ဘုရား။)

ကဲ···သွားကြ။

(သာဓု ··· သာဓု ··· သာဓု ···)

* * *

www.burmeseclassic.com

www.burmeseclassic.com

## ဖြစ်ချင်တာ အကုန်ရ

လောကီစီးပွားရေးမှ မဟုတ်ပဲနဲ့၊ လောကီစီးပွားရေးဟာ ကိုယ်လုပ်သလိုဖြစ်၊ ဘုရားရှင်ရဲ့တရားတော်ဟာ ဘယ် ဒါဖြစ်ရုံ တင် ဘယ်ကမတုန်း၊ ဖြစ်ချင်တာအကုန်ရ။

(မှန်ပါဘုရား။)

အေး..အဲဒီလို ထပ်ပြီးတော့ကြိုးစားဦး၊ မရမရှိဘူး။

(မှန်ပါ့ဘုရား။)

ငါဆိုတဲ့ မာနစွဲတွေမပါစေနဲ့။

(မှန်ပါ့ဘုရား။)

မခံချင်တဲ့ ဒေါမနဿတွေ မာနတွေ မလာစေနဲ့။

(မှန်ပါအရှင်ဘုရား။)

မင်းတို့ လ,ထူး လ,မြတ်ကြီး ကဆုန်လဆိုတာ ဗုဒ္ဓနေ့။

(မှန်ပါအရှင်ဘုရား။)

လ,ထူး လ,မြတ်ကြီးမှာ မင်းတို့ ဘုရားသွားနေရပြီလား၊ မဟုတ်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

အေးဗျာ နိမိတ်ရတာ နည်းလားကွ။

(မနည်းပါဘူးဘုရား။)

မင်းတို့ စောစောတုန်းက နိမိတ်ဆိုတာ ဘယ်လိုဟာမှန်း တောင် သိမှာမဟုတ်ဘူး ဟုတ်လား။

(မသိပါဘုရား။)

ခု ထွက်လေဝင်လေမှတ်ခါများတော့ သူ့ဟာသူလာတာ။

(မှန်ပါအရှင်ဘုရား။)

လာခဲ့လို့ မင်းကမခေါ်ရဘူး၊ ဟား··ဟင် ဟုတ်တယ် မဟုတ်လားကွ။

(မှန်ပါအရှင်ဘုရား။)

အေးကွ၊ အဲဒါတွေရနေရင် ဘယ်နည်းမှာတုန်းကွ၊ ဝမ်း မြောက်ဝမ်းသာနဲ့ ခိုင်းနော်၊ ထပ်ပြီးတော့ ကြိုးစားဦးသိလား။

(မှန်ပါအရှင်ဘုရား။)

ကဲ··သွား··

(စစ်ကိုင်းတောင်ပေါ်ဘုရားတွေဘုရား။)

ပြီးတော့ကော။

(ပြီးတော့ ကောင်းမှုတော်ဘုရားပါဘုရား။)

ပြီးတော့ကော။

(ငါးဌာနပါဘုရား။)

ဒါပဲလား။

(မှန်ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


မုံရွာမရောက်သေးဘူး။

(မရောက်သေးဘူးဘုရား။)

ငါးဆူလား။

(ငါးဆူဘုရား။)

အဲဒါတွေ ရလား။

(ရပါတယ်ဘုရား။)

အကုန်ရရဲ့လား။

(ငါးဆူဘုရား။)

လင်းလင်းထင်ထင်ကော မြင်ရရဲ့လား၊ နိမိတ်က ပို့လိုက်တော့ ဖြောင့်ဖြောင့်တန်းတန်း သွားတယ်မဟုတ်လား၊ ကျန်တဲ့တစ်ယောက်ကော။

(ရပါတယ်ဘုရား။)

အေးဗျာ ပြန်ခဲ့တော့လည်း ကြောင်ကြောင်ကြီးမဟုတ်လားကွ၊ မနေဘူးလား၊ အဲဒီ ကြောင်ကြောင်ကြီး။

(နေတယ်ဘုရား။)

နေတယ်၊ နဂိုတုံးက ပယ်လင်ကူးတုန်းက သွားတာလည်း မမြင်ရပါဘူး၊ ရတာမှ ဟုတ်ရဲ့လားဟင် ဘယ်မြင်ရမတုန်း၊ ခုလိုတရားနိမိတ်တွေ ရလာတော့မှ ကဲပို့လိုက်တယ်ဆိုရင် လင်းလင်းထင်ထင်မြင်တယ်ဟုတ်လား၊ အခုဟာက ပဋိဘာဂနိမိတ်ရောက်နေပြီ၊ နိမိတ်က (၃)မျိုးရှိတာ၊ ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ် (၃)မျိုး၊ ပဋိဘာဂနိမိတ်က အကောင်းဆုံး။

နိမိတ် အဖိုးတန်ဆုံးနိမိတ်ဆိုတာ ရဖို့မလွယ်ဘူး။

www.burmeseclassic.com


(တင်ပါ့ဘုရား။)

သံသရာက ကံဟောင်းတွေပါမှ ကံထူးတွေပါမှ ဒီနိမိတ်ရတာ၊ နိမိတ်ရလာရင် မပျောက်မပျက်အောင် စကြဝတေးမင်းလောင်းမြတ်တို့ ပေါ်ထွန်းတဲ့အခါ ပဋိသန္ဓေနေတဲ့အခါ ထိန်းသိမ်းစောင့်ရှောက်ရသလို မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရမယ်။

(တင်ပါ့ဘုရား။)

ဆရာ့ဆရာတွေက ကဲ - မင်းတို့ ဒီနိမိတ်ရလာတော့ ကဲ နိဗ္ဗာန်တရားတွေလည်း ကွာသွားပြီ။ ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ စသည်ဖြင့် ဟုတ်လား။

အေးဗျာ၊ ကဲ ဖူးလိုက်တယ်ဆိုရင် လင်းလင်းထင်းထင်း ကြည်ကြည်လင်လင် ဝမ်းမြောက်ဝမ်းသာ မဖြစ်ဘူးလားကွ။

(ဖြစ်ပါတယ်ဘုရား။)

ဖြစ်ရမှာပေါ့ကွ၊ ကိုယ့်နေရာကနေလှည့်ပြီးဖူး၊ ဟိုလှည့်ဖူး ဒီလှည့်ဖူး ဘုရားရှိရာကို၊ အေးဗျာ နော်၊ ဘယ်လောက်ချမ်းသာတုန်းကွ။

(ချမ်းသာပါတယ်ဘုရား။)

ချမ်းသာတော့ ဘယ်လိုပုဂ္ဂိုလ်က မင်းတို့ စားမှုသောက်မှုလည်း မင်းတို့မပူပင်ရဘူး၊ ဘာမှမပူပင်ရဘူး၊ ငါ ဘယ်ဘုရားသွားချင်တာ၊ ဘယ်ကားခေါ်ရပါ့မလဲလို့ စဉ်းစားမနေရဘူး။

ဓမ္မရသ ဒီတရားတော်ရဲ့အရသာတွေကလည်းပဲ ကြည်စေဆို ကြည်သွားတယ်။ လင်းစေဆို လင်းသွားတယ်။ ကိုယ့်စိတ်

www.burmeseclassic.com

www.burmeseclassic.com


တိုင်းကျဖြစ်နေတာ။ အဲဗျာ၊ အဲဒါ အစိန္တေယျ၊ ဘယ်လိုမှ ကြံစည်လို့မရဘူးမဟုတ်လား။

(တင်ပါ့ဘုရား။)

ကိုယ့်နှာခေါင်းရှိတဲ့ ထွက်လေဝင်လေလေး၊ သတိတစ်လုံး အရှိသုံး အဆုံးနိဗ္ဗာန်ပါ၊ ကိုယ်ရှိတဲ့ ထွက်လေဝင်လေလေး မှတ်ကာမျှနဲ့ ကြည့်စမ်း၊ အခု ဘယ်မှာလဲ၊ ဘယ်ရောက်နေပြီလဲ၊ ဘုရားက။

(စစ်ကိုင်းကောင်းမှုတော်ဘုရား၊ နောက်ပြီးတော့ ဗားကရာကျောင်းတော်ကြီးဘုရား၊ ပုထိုးတော်ကြီးဘုရား။)

မုံရွာမရောက်သေးဘူးနော်။

(မုံရွာမရောက်သေးဘူးဘုရား။)

မိုးညှင်းသမ္ဗုဒ္ဓေဘုရား၊ ဗောဓိတစ်ထောင်ဘုရား၊ မုံရွာဆုတောင်းပြည့်ဘုရား၊ ရွှေစည်းခုံဘုရား၊ မုံရွာမှာတော့ ဒီလေးဆူ။ ပုဂံညောင်ဦး ရွှေစည်းခုံဘုရား၊ အာနန္ဒာဘုရား၊ အာနန္ဒာဘုရားက အနောက်တောင်ထောင့်ဘက်။

အင်းလေးဖောင်တော်ဦး အရှေ့တောင်ထောင့်၊ ပုသိမ်မြို့ မော်တင်စွန်းဘုရား၊ အနောက်တောင်ထောင့်၊ ကဲ ဘယ်နှစ်ဆူရှိသွားတုန်း။

(ရှစ်ဆူဘုရား။)

ဟင် ရှစ်ဆူဟုတ်လား။ ဖတ်စမ်းပါဦး။ ဘယ့်နှယ့်တုန်းရလား။

(ရပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ရပြီ။

(တင်ပါ့ဘုရား။)

အေး၊ မင်းတို့လည်းပဲ အဲဒီလို လင်းလင်းထင်းထင်း ဖူးချင်မှာပဲ။ ဖူးရအောင်လို့ စောင့်ရှောက်ကြပါ၊ ကူညီကြပါ၊ ဖေးမကြပါ၊ အန္တရာယ်လည်း မပြုပါနဲ့၊ ကျွန်ုပ်က အန္တရာယ်လည်း မပြုတတ်ပါဘူး ဟုတ်လား၊ စေတနာသန့်သန့်နဲ့ ဖူးလို့ရတဲ့ကုသိုလ်တွေကို ကုသိုလ်အဖို့ကို ကျွန်ုပ်ကိုစောင့်ရှောက်နေကြတဲ့ နတ်ကောင်းနတ်မြတ်တွေ၊ ကိုယ်စောင့်နတ်တွေ၊ မိဆိုင်ဖဆိုင်နတ်တွေ၊ သာသနာစောင့်နတ်တွေ အားလုံးကို ကျွန်ုပ်က အမျှပေးဝေပါတယ်။ ပေးဝေပါ့မယ်၊ ကျွန်ုပ် ပေးဝေတဲ့ကုသိုလ်တွေကိုလည်းပဲ အသင်နတ်အပေါင်းတို့က သာဓုခေါ်ကြပါ၊ သာဓုခေါ်ရင် ချက်ချင်းပဲ စည်းစိမ်တွေ တိုးတက်လာနိုင်ပါတယ်။ အဲလိုလည်းပြော။

(တင်ပါ့ဘုရား။)

သူတို့က ခေါင်းလေးလှည့်ငဲ့ပြီးတော့ ခေါ်သွားတယ်၊ ခေါ်သွားတော့ ရပ်ထားတော့၊ ဪ ဒီဘုရားရောက်ပြီ၊ မောလို့ ဒီလောက်ပြတာ။

(တင်ပါ့ဘုရား။)

ဒက္ခိဏရစရိယာ (၆)နှစ်ကြာအောင်ကျင့်တဲ့လိုဏ်ကိုတော့ တွေ့မှာမဟုတ်ဘူးကွ။ ဥရုဝေလတောင်မှာနော်။

(တင်ပါ့ဘုရား။)

အဲဒါကို မင်းတို့ တွေ့မှာမဟုတ်ဘူးနော်၊ အေး အဲဒါပြီးတော့ သိဟိုဠ် (သီရိလင်္ကာ) ပေါ့ကွ။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

သီဟိုဠ် ထူပါရုံစေတီ၊ မဟာစေတီ၊ ဗောဓိညောင်ပင်က တော့ တွေ့မှာမဟုတ်ပါဘူး။ ဒီပြင်ညောင်ပင်ကြီးတွေလည်း ရှိတာကိုး။

(တင်ပါ့ဘုရား။)

ဟို အိန္ဒိယကပင့်လာတဲ့ ဗောဓိညောင်ပင်က ခပ်သေးသေး၊ ကိုင်းက တစ်ကိုင်းပဲကျန်တော့တာကြောင့်မို့ အဲဒီကိုင်းကို ဘုန်းကြီးက အကြိမ်ကြိမ်ဦးတိုက်လာတာ၊ အိန္ဒိယကပင့်လာတဲ့ ဗောဓိပင်၊ ထူပါရုံစေတီကြီးလည်း ရေမွှေးတွေဖျန်းပူဇော်၊ ပေါင်ဒါတွေဖျန်းပူဇော်၊ မဟာစေတီတို့ လေးဖက်လေးတန် အကြိမ်ကြိမ်လှည့်ပတ်ဦးတိုက်ပြီးတော့ ပူဇော်တယ်။

ရန်ကုန်က ဘယ့်နှယ့်ကျောင်းနာမည်မေ့နေလို့၊ ဒီတော့ သူက ကိုယ့်ထက်ကြီးတာပေါ့၊ သူက ရေမွှေးပုလင်းတို့၊ ပေါင်ဒါတို့ ပါတာကိုမြင်တော့ တပည့်တော်အတွက် ယူခဲ့တာမဟုတ်ပါဘူးဘုရား၊ အားလုံးအတွက် ယူခဲ့တာပါလို့ ဆရာတော်လည်း ပူဇော်ပါဆိုတော့ ကဲ ပေးစမ်းတဲ့။ နှစ်ခါသုံးခါဆိုတော့ ပြောင်ရော၊ ဒီလိုလေးလှူတာမဟုတ်ဘူး၊ တအားဆောင့်ပြီးတော့လှူတာ။ အဲဒီတော့ မင်းတို့ ကနေ့ အိန္ဒိယ၊ သီဟိုဠ် အဲဒီဖက်ဖူးဦးနော်။

(တင်ပါ့ဘုရား။)

သန်ဘက်ခါကျတော့ မင်းတို့ နတ်ပြည်ပေါ့ကွာ။

(တပည့်တော် အရှင်အရဟံကိုလည်း ဖူးတွေ့လိုပါတယ်လို့ တပည့်တော် လှည့်ပြီးတော့ ရှာပြီးတော့ အမိဋ္ဌာန်ပြုလိုက်တဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com



မှာ အရှင်အရဟံက တခြားကိုယ်တော်တွေနဲ့ မလှမ်းမကမ်းမှာ တပည့်တော် ဖူးတွေ့ရပါတယ်ဘုရား။

နောက် အဲဒီပြီးတဲ့နောက်မှာတော့ တပည့်တော် မော်တင်စွန်း၊ ဖောင်တော်ဦးကို ဒီကပြောတဲ့အစီအစဉ်အတိုင်း တပည့်တော် ဖူးပါတယ်ဘုရား၊ ဖောင်တော်ဦးက ချက်ချင်းဖူးမတွေ့ရဘူးဘုရား၊ ခပ်လှမ်းလှမ်းကပဲ အဓိကထားတဲ့အဆောင်တော်ကြီး ပြာသာဒ်ကြီးတွေကိုပဲ တပည့်တော် စဖူးတွေ့ရပါတယ်ဘုရား၊ နောက်တော့မှ ဖြည်းဖြည်းချင်း အဲဒီဘက်ကို တပည့်တော်ရောက်တာဘုရား၊ ပန်းခင်းတဲ့ ပန်းမဏ္ဍပ်တွေနားမှာ တပည့်တော် ဒီဘုရားကို ရှစ်ပေကွာနားလောက်ကပဲ အဓိကစေတီတော်တွေကို ဖူးတွေ့ရပါတယ်ဘုရား။ လေးဆူလောက် တပည့်တော် ဖူးတွေ့ရပါတယ်ဘုရား။

နောက်ပြီးတော့မှ တပည့်တော် ဒီမော်တင်စွန်းဘုရားကို နိမိတ်လွှတ်ပြီးတော့ တောက်လျှောက်ပေါ့ဘုရား၊ ဖူးတဲ့အခါမှာ စေတီရဲ့ ဝင်းဝင်းဝါဝါကြီးကို အဝေးကပဲ ဖူးတွေ့ရပါတယ်ဘုရား၊ အနီးကပ်တော့ မဖူးရပါဘူးဘုရား၊ နောက်ပြီးတော့ .... တပည့်တော် ရွှေမောဓောကိုဖူးတဲ့အခါမှာ အနောက်ဖက်မုခ်က နေပြီးတော့ တပည့်တော် အဲဒီမှာ တစ်ပတ် စေတီတော်ကြီးကို ကြည်လင်စွာဖူးတွေ့ရပါတယ်ဘုရား။ နောက် ကျိုးကျနေတဲ့ ထီးတော်ကြီးဘက်လည်း တပည့်တော် ဖူးတွေ့ခဲ့ပါတယ်ဘုရား။ နောက် အရှေ့ဘက်က ဘီလူးမဘုရားမှာလည်း တပည့်တော် အဆုံးအထိ တစ်ပတ် အကုန်လုံးဖူးခဲ့ပါတယ်ဘုရား။)

www.burmeseclassic.com


ပြီးတော့ကော။

(နောက်ပြီးတဲ့အခါကျတော့ တပည့်တော် ကျိုက်ထီးရိုးဘုရားဘက်ကို ဖူးခဲ့ပါတယ်ဘုရား၊ ကျိုက်ထီးရိုးဘုရားကိုတော့ ခပ်လှမ်းလှမ်းကနေပြီးတော့ ရွှေရောင်ဝင်းဝင်းနဲ့ ကျောက်တုံးပေါ်က စေတီတော်ကြီးကို တပည့်တော် ခပ်လှမ်းလှမ်း ဝါးနှစ်ပြန်လောက်ကစ ဖူးပါတယ်ဘုရား။ တပည့်တော် အဲဒီအနီးထိ မသွားတော့ဘဲနဲ့ အမျိုးသမီးများဖူးရတဲ့နေရာကနေပြီးတော့ စေတီတော်ကြီးကို တပည့်တော် ဖူးခဲ့ရပါတယ်ဘုရား။ ဒါပါပဲဘုရား)

နိမိတ်ကတော့ လင်းလင်းထင်းထင်းရှိရဲ့လား။

(ရှိပါတယ်ဘုရား။)

ပြန်တော့လည်း ရောရာရှုရှုရောက်တယ်နော်။

(ရောက်ပါတယ်ဘုရား)

အေး အစိန္တေယျပေါ့။ ဘုရားရှင်ရဲ့တန်ခိုးတော်တွေ၊ တရားတော်ရဲ့တန်ခိုးတော်တွေနော်။

ကဲ လျှောက်စမ်းပါ။

(တပည့်တော်က ဖောင်တော်ဦးစေတီကို အရင်သွားပါတယ်ဘုရား၊ ဖောင်တော်ဦးကိုသွားတဲ့အခါမှာ မဏ္ဍပ်ကြီးလိုပုံစံတွေ့ရပြီးတော့ အဲဒီမဏ္ဍပ်ကြီးထဲမှာ ဘုရားကို မဏ္ဍပ်ကြီးရဲ့ အလယ်ခေါင်က ပလ္လင်ပေါ်မှာ ဘုရားက အပေါ်ကနေကြွကြွလာသလိုပဲ၊ တစ်ဆူချင်းမြင်ရပါတယ်ဘုရား။ ပြီးတော့ သုံးဆူပဲ တပည့်တော်တွေ့ရပါတယ်ဘုရား။)

ဘုရားက ဘယ်လိုပုံတုန်း။

www.burmeseclassic.com


(ဘုရားက ပုပုလုံးလုံးပုံစံပါပဲဘုရား။)

ကြည်ကော ကြည်ရဲ့လား။

(ကြည်ပါတယ်ဘုရား။)

ဘုရားရုပ်ပုံကြည်ရဲ့လား။

(ရုပ်ပုံကတော့ အကြည်ကြီးတော့မဟုတ်ပါဘူးဘုရား။ ရွှေတော့ရွှေရောင်၊ သုံးဆူကို တစ်ဆူချင်းပဲ ကျကျလာသလိုပဲ ပလ္လင်ပေါ်မှာ ဖူးတွေ့ရပါတယ်ဘုရား။ အဲဒါပြီးတော့ ရွှေစည်းခုံကို ဖူးပါတယ်ဘုရား။)

ဘာ ခုနတုန်းက ဘာ၊ မော်တင်စွန်းဘုရားကတော့ကော။

(စေတီပါဘုရား။)

စေတီလား။

(စေတီပါဘုရား။)

စေတီက ဘယ်လောက်ရှိတုန်း ဉာဏ်တော်။

(စေတီက ကြီးပါတယ်ဘုရား။)

ဩော် သူက လိုဏ်မပါဘူးလား။

(လိုဏ်မပါဘူးဘုရား။)

ဩော ခုနတုန်းက မော်တင်စွန်း။

(တင်ပါဘုရား။)

ဝမ်းသာတာပေါ့၊ ဟုတ်ဘူးလား၊ ကိုယ့်နေရာကနေပြီးတော့ အရပ်ရပ်အနယ်နယ် ဘုရားတွေကို လှည့်ဖူးရတာနော်၊ ချမ်းလည်း ချမ်းသာတယ်၊ ဘုရားလည်းဖူးရသေး၊ ကုသိုလ်ထူးတွေ ဗုဒ္ဓ ဓမ္မာ အစိန္တိယာဆိုတာ၊ အဲဒီတော့ ဝမ်းမြောက်ဝမ်းသာဖြစ်ကြသလို

www.burmeseclassic.com

www.burmeseclassic.com


ဝက္ကလိမထေရ်ကို ဘုရားဟောထားတယ်။

(တင်ပါ့ဘုရား။)

နော် ပါမောဇ္ဇ ဗဟုလော ဘိက္ခုတဲ့၊ ပါမောဇ္ဇ ဗဟုလော ဘိက္ခု ဝက္ကလိမထေရ်ကို ဘုရားဟောတော်မူတာနော်။

(တင်ပါ့ဘုရား။)

အဲ ပသန္နော ဗုဒ္ဓသာသနေ တဲ့ နော်၊ အဓိဂစ္ဆေပဒံသန္တံ ဟုတ်လား၊ အဓိဂစ္ဆေ ပဒံသန္တံ၊ သင်္ခါရူပသမံသုခံ။ ပါမောဇ္ဇ ဗဟုလော၊ နှစ်သက်ရွှင်လန်း ဝမ်းမြောက်ခြင်းများသောတဲ့။ ဝမ်းမမြောက်ဘူးလား။

(ဝမ်းမြောက်ပါတယ်ဘုရား။)

အား ဘုရားဖူးတာ ဝမ်းမြောက်ရမှာပေါ့နော်။ ပါမောဇ္ဇ ဗဟုလော၊ နှစ်သက်ရွှင်လန်း ဝမ်းမြောက်ခြင်းများသော၊ ဗုဒ္ဓ သာသနေ၊ မြတ်စွာဘုရားသာသနာတော်၌တဲ့နော်။

(မှန်ပါဘုရား။)

အေး - ပြန်ပြောမယ်၊ ပါဠိက ပြန်ပြောမယ်၊ ဂါထာ။

ပါမောဇ္ဇ ဗဟုလော ဘိက္ခု၊
ပသန္နော ဗုဒ္ဓသာသနေ။
အဓိဂစ္ဆေ ပဒံ သန္တံ
သင်္ခါရူပသမံ သုခံ။

ပါမောဇ္ဇ ဗဟုလော၊ နှစ်သက်ရွှင်လန်း ဝမ်းမြောက်ခြင်း များသော။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရားသာသနာတော်၌၊ ပသန္နော၊ သဒ္ဓါဖြင့် ကြည်ညိုလှစွာသော။ ဘိက္ခု၊

www.burmeseclassic.com

www.burmeseclassic.com


ရဟာန်းသည်။ သန္တံ၊ အပူမဖက်၊ ငြိမ်သက်စွာထသော။ သခ်ါရူပ သမံ၊ သခ်ါရ ခပ်သိမ်း လက်စသိမ်း၍ ငြိမ်းရာဖြစ်ထသော။ သုခံ၊ ဆင်းရဲစရာ လုံးစုံခွာ၍ ချမ်းသာထသော။ ပဒံ၊ နိဗ္ဗာန်ကို။ အဓိဂစ္ဆေ၊ မုန်စွာမသွေ၊ ရောက်ရလေသတည်း။

(သာဓု … သာဓု … သာဓု …)

* * *

*ဝေ အစိန္တိယာ ဗုဒ္ဓါ၊*

*ဗုဒ္ဓဓမ္မာ အစိန္တိယာ။*

*အစိန္တိယေ ပသန္နာနံ၊*

*ဝိပါကော ဟောတိ အစိန္တိယော။*

*ဝေ=ဤသို့။ ဗုဒ္ဓါ=ဘုရားရှင်တို့ကို။ အစိန္တိယာ= မကြံစည်အပ် မကြံစည်နိုင်ကုန်။ ဗုဒ္ဓဓမ္မာ=ဘုရားရှင်၏ ဂုဏ်တော်တို့ကိုလည်း။ ဝေ=ဤသို့။ အစိန္တိယာ=မကြံစည် အပ် မကြံစည်နိုင်ကုန်။ အစိန္တိယေ=မကြံစည်အပ်သော ဗုဒ္ဓဘုရားရှင်၌။ ပသန္နာနံ=ကြည်ညိုမှု၏။ ဝိပါကော= အကျိုးတရားကိုလည်း။ အစိန္တိယော=မကြံစည်အပ် မကြံစည်နိုင်သည်။ ဟောတိ=ဖြစ်၏။*

*(ဝိ-ဋ္ဌ-၁၊ ၆၆)*

www.burmeseclassic.com

www.burmeseclassic.com

## ဒါတွေက အပိုတွေ

အဲဒါတွေဟာ ဘုရားဖူးရလို့၊ ဘုရားကြည်ညိုရလို့၊ ဝမ်းမြောက်ခြင်းများလို့ နိဗ္ဗာန်ရောက်ရမယ်။ ဝမ်းသာစရာမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။ ပေါ့ပါးပြီး ကြည်ရွှင်နေတာဘုရား။)

ခန္ဓာကိုယ်လည်းပေါ့ပါး၊ စိတ်တွေလည်းနူးညံ့၊ ဟုတ်လား၊ အဲဒါထက်အကျိုးများတာ ဘယ်ရှိမှာတုန်း။

(မရှိပါဘူးဘုရား။)

ဝက္ကလိမထေရ်အား ဟောတော်မူတဲ့တရားတဲ့၊ ဝက္ကလိမထေရ်က ဘုရားအလွန်ကြည်ညိုတာကိုး၊ ဟုတ်ဘူးလား။

(မှန်ပါဘုရား။)

အေး အဲဒီလိုဗျာ။ ဒါဖြင့် ကနေ့ ရန်ကုန်ပေါ့။

(တင်ပါ့ဘုရား။)

ရွှေမော်ဓောပြီးသွားပြီလား။

www.burmeseclassic.com

www.burmeseclassic.com


(ပြီးသွားပြီဘုရား။)

ကျိုက်ထီးရိုးလည်း ပြီးသွားပြီနော်။

(ပြီးသွားပြီဘုရား။)

ကနေ့ ရန်ကုန်မြို့ရှိ စေတီတော်များပေါ့နော်။ အဲ - ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ ကမ္ဘာအေးစေတီတော်၊ စွယ်တော်စေတီတော်၊ ဘယ်နှစ်ဆူတုန်း။

(ငါးဆူရှိသွားပြီဘုရား။)

ငါးဆူကတော့ ဒီထောင့်မှာနော်။ ဗုဒ္ဓဂယာ၊ အိန္ဒိယနော်၊ ဗောဓိပင် ဟုတ်လား၊ ကြိုးစားဖူးကြနော်။

(တင်ပါ့ဘုရား။)

အေး ကနေ့ ဒါတွေဖူးပြီးရင် နက်ဖြန်ခါ နတ်ပြည်သွားရုံ ရှိတော့တယ်။

(မှန်ပါဘုရား။)

ရောက်ချင်သလား။

(ရောက်ချင်ပါတယ်ဘုရား။)

အေးဗျာ၊ လူစင်စစ်နဲ့နတ်ပြည်ရောက်တာ နေမိမင်းကြီး မှတ်တာပဲ။ အိန္ဒိယ၊ ဗုဒ္ဓဂယာ၊ ဗောဓိပင်၊ ကုသိနာရုံ၊ ကျောင်း တော်မူကြီး၊ မဟာစေတီ၊ ပြီးတော့ သီဟိုဠ် (သီရိလင်္ကာ)။

အိန္ဒိယ ဒီထောင့်မှာ၊ ဒီထောင့်ကိုဖူး။ ဒီထောင့်ကိုကြည့် ပြီးတော့ ဝီရိယစိုက်ကြိုးစားပို့၊ ရာဟုထောင့်မှာ၊ အေး သီဟိုဠ် က စနေထောင့်မှာနော်၊ သီဟိုဠ်က ထူပါရုံစေတီ၊ မဟာစေတီ ဟုတ်လား၊ ဗောဓိညောင်ပင်က မြစ်ကမ်းနားမှာ။

www.burmeseclassic.com

www.burmeseclassic.com


(တွေ့ပါတယ်ဘုရား။)

နေဦး၊ ဗောဓိပင်တွေ့လို့ရှိရင် အရှေ့အနောက် တောင်မြောက်လား၊ တချို့လည်းပဲ အပင်တွေက နှစ်ပင်သုံးပင်ရှိတာကိုး။

(တင်ပါ့ဘုရား။)

တောင်နဲ့မြောက်လား။

(တင်ပါ့ဘုရား။)

ဘယ်အပင်က ပျိုသေးတယ်၊ ဘယ်အပင်က အိုနေပြီဆိုတာ သေချာကြည့်ခဲ့။ သေချာဖူးခဲ့၊ ဗောဓိပင်တွေ့ရင်ပေါ့၊ ဟုတ်လား၊ အေး၊ တောင်မြောက်က ဘယ်နှစ်ပင်တွေ့တယ်၊ ဘယ်နှစ်ပင်ရှိတာ၊ အဲလိုလည်း သတိထားဖူး။

(တင်ပါ့ဘုရား။)

ပြီးတော့ သီဟိုဠ်ကျတော့ ဟို ထူပါရုံစေတီ၊ မဟာစေတီ ဟုတ်လား၊ ကဲ သေချာဖူး၊ ရောက်သွားရင် ဟိုဘက် စနေထောင့်မှာနော်၊ ကြိုးစားလွှတ်။

(တင်ပါ့ဘုရား။)

အခုဟာက ကြိုးစားမှ၊ နက်ဖြန်ခါ နတ်ပြည်ရောက်မှာနော်။

(တင်ပါဘုရား။)

ကဲ အထူးကြိုးစားကြ။

(လူစင်စစ်ကနေ နတ်ပြည်ရောက်တာက နေမိမင်းပါတဲ့ဘုရား။)

ဟုတ်လား။

(မှန်ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



မင်းတို့လည်း ရောက်ရတော့မှာနော်၊ ကြိုးစားဖူးကြ၊ ကဲ သွားကြဦး။

ဒီလိုဘဝတွေများ ရချင်သေးလား။

(မရချင်ပါဘူးဘုရား။)

ကြောက်သလား။

(ကြောက်ပါတယ်ဘုရား။ ပြည့်စုံအောင်မကျင့်နိုင်လို့ပါ ဘုရား။ ဒုက္ခရောက်ပြီး ပြည့်စုံအောင် မကျင့်နိုင်တာ ခက်နေတာ ဘုရား။)

သံသရာက ဒါထက်ဆိုးတဲ့ဘဝကိုတောင်ရခဲ့တာ၊ မသိလို့ ရှေ့လည်း သွားရမယ့်ခရီးရှည်ကြီးရှိသေးတာ၊ မကြားဖူးဘူးလား၊ "ခရီးကရှည်၊ အရှူးတွေ၊ စားရေးကသိုး"၊ ကိုယ်ပြုထားတဲ့ ဒါနထုပ်ကလေးကလည်း အတုအပအပြိုင်အဆိုင်နဲ့ လမ်းမယ် ထမင်းထုပ် ဟင်းထုပ်လည်း ကြာရင် သိုးသွားတယ်မဟုတ်လား။

(သိုးပါတယ်ဘုရား။)

အဲ - ကိုယ်ပြုထားတဲ့ ဒါနထုပ်ကလည်းပဲ အပြိုင်အဆိုင် အတုအပတွေနဲ့ တော်ကြာ လမ်းတင်ပြုတ်နေလို့ကတော့-

ကနေ့ ဘယ်ပွားတုန်း။

(ရပါတယ်ဘုရား။)

ရတာက အာရုံနဲ့ရတာလား၊ စိတ်ကူးနဲ့ရတာလား။

(အာရုံနဲ့ရတာပါဘုရား၊ နိမိတ်ပါ ပါပါတယ်ဘုရား။)

နိမိတ်လည်းပါတယ်။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



အေး - ဟိုမှာ လင်းလင်းထင်းထင်းရှိလား။

(ရှိတဲ့နေရာ ရှိပါတယ်ဘုရား။)

မရှိတဲ့နေရာက ဘယ်ဘုရားတုန်း။

(အဲလိုတော့ တပည့်တော်လည်း မပြောတတ်ဘူးဘုရား။ တချို့နေရာလေးတွေက ဝါးတယ်၊ ဒါပေမယ့် မျက်နှာတော်ကို ကျတော့ ကြည်နေတယ်ဘုရား။)

အကုန်လုံးပေါ့။

(တင်ပါ့၊ ဘုရားတိုင်း ဘုရားတိုင်း မျက်နှာတော်ကို ကြည်တယ်ဘုရား။)

အဲ၊ အားထုတ်တာများမှ၊ များဆိုတာ စကားတွေ သိပ်ပြီး များမနေကြနဲ့၊ ဟုတ်လား။

(တင်ပါ့ဘုရား။)

လောကီရေးတွေ ဘာရေးတွေ ညာရေးတွေ ဒါတွေ ပြော မနေကြနဲ့၊ ဒါတွေက အပိုတွေ၊ သံသရာမပါဘူး။

(မှန်ပါဘုရား။)

ဘုရားဖူးလို့ရတဲ့ကုသိုလ်တွေကမှ သံသရာတစ်လျှောက်လုံး ပါတာ။

(တင်ပါ့ဘုရား။)

အဲသလို ဘုရားဖူးရလို့ရှိရင် နိဗ္ဗာန်တိုင်အောင် ... ။

(တင်ပါ့ဘုရား။)

ဒါတွေဟာ ဝဏ္ဏလိမထေရ်ကို ဘုရားဟောတော်မူတယ်။ ပါမောဒ္ဒ ဗဟုလော၊ နှစ်သက်ရွှင်လန်း ဝမ်းမြောက်ခြင်းများသော။

www.burmeseclassic.com

www.burmeseclassic.com


ဘုရားဖူးရတယ်ဆိုတော့ ဝမ်းမြောက်တာပေါ့၊ ပီတိဖြစ်တာပေါ့၊ ဘယ်တုန်းကမှ မတွေ့ဖူး မကြုံဖူး မကြားဖူး မနာဖူးဘူး၊ အခု ကိုယ်တွေ့ဖူးနေရတယ်ဆိုတော့ ဝမ်းမြောက်တာပေါ့။

(ဟုတ်ပါတယ်ဘုရား။)

ဟင် ၊ ကိုယ့်နှာသီးဖျားရှိတဲ့ ထွက်လေဝင်လေလေး မှတ်ခါမှုနဲ့ တရားနိမိတ်တွေကရ၊ ဓမ္မရတနာတွေဖြစ်၊ ဓမ္မရတနာတွေ ကနေပြီးတော့ တစ်ခါ ဘုရားရတနာတွေ ဖူးရပြန်ပြီ။

(တင်ပါဘုရား။)

ဟင် အဲဒါ ဘုရားဖူးရတော့ အကြိမ်ကြိမ်ဝမ်းမြောက် ဝမ်းသာဖြစ် ဟုတ်လား။

(ဟုတ်ပါတယ်ဘုရား။)

ပါမောက္ခဗဟုလော-တဲ့ဗျာ၊ အဲဒီတော့ ကြိုးစားဖူးကြ၊ သူများတကာ နက်ဖြန်ဆိုရင် နတ်ပြည်ရောက်တော့မှာ၊ အင်းနော်။

(တင်ပါ့ဘုရား။)

အေးဗျာ၊ ကြည့်စမ်း၊

ကဲ ကနေ့ မေတ္တာပို့သလား။

(ပို့ပါတယ်ဘုရား။)

မိဆိုင်ဖဆိုင်နတ်တွေကို မေတ္တာပို့။

(တင်ပါဘုရား။)

နိမိတ်ကလည်း ရရဲ့လား။

(နိမိတ်က ဟိုဘက်တုန်းက (၃)ခါရလိုက်တာဘုရား၊ ဒီဘက် မပေါ်ဘူးဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


မနေ့က မရဘူးလား။

(မရဘူးဘုရား။)

တစ်နေ့လုံးမရဘူးထင်တယ်။

(တင်ပါဘုရား။)

သာစည် ဦးဧယျရွတ်တတ်တဲ့လင်္ကာလိုဖြစ်နေပြီ၊ ရှေးက သာစည်ဦးဧယျက ဓမ္မကထိက - 'နာမည်ကြီးတာ ခက် သကွယ်၊ အနက်ထယ် အညာမပြန်ရပြီဘူး' လို့ ဆိုသလိုဖြစ်နေပြီ၊ ဒါတွေကျနေပြီ၊ ထပ်ကာပွား နိမိတ်ရအောင်နော်။

အေး - ဘုရားဖူးရတယ်နော်၊ ကိုယ့်နေရာကလှမ်းပြီး ဖူးရုံ၊ ဘယ်လောက်ဝေးဝေးနော်၊ အစိန္တေယျတန်ခိုးတော်တွေ၊ တရားတော်တွေ အစိန္တေယျ ကိုယ့်ထွက်လေဝင်လေ ပထမရှိပြီး သား၊ ဒါလေး သတိတစ်လုံး အရှိသုံး အဆုံးနိဗ္ဗာန်ပါ၊ ကဲ - ကိုယ့်ရှိပြီးသား အသုံးပြုပြီးတော့ ထွက်လေဝင်လေလေး ဓမ္မ ရတနာဖြစ်သွား၊ မဖြစ်ဘူးလား။

(ဖြစ်ပါတယ်ဘုရား။)

ရှုတဲ့လေလေးက ဓမ္မရတနာဖြစ်၊ ဓမ္မရတနာကနေပြီးတော့ ဘုရားရတနာ ဖူးနေရပြန်ပါပကော။

(မှန်ပါဘုရား။)

ကဲ မင်းက ရလား။

(ရပါတယ်ဘုရား။)

ဘာရေး ညာရေးတွေ၊ မင်းရေး စိုးရေးတွေ ဆိုတာက အဲဒီလို။ လောကီတို့ လောကုတ္တရာဆိုတာ အစိကအမည်ခံ

www.burmeseclassic.com

www.burmeseclassic.com



ကျယ်ဝန်းတယ်။ တစ်သံသရာလုံး လောကီနဲ့လာခဲ့ရတာ၊ လောကုတ္တရာဆိုတဲ့အသံ ကြားတောင်ကြားရမှာမဟုတ်ဘူး။

အပါယ်လေးဘုံမှာ ကျနေတဲ့သတ္တဝါတွေ ဘယ့်နှယ့်လုပ်မှာတုန်း။ အသံတောင်မကြားရဘူး။ အားထုတ်ဖို့အဝေးကြီး၊ မျက်စိကလည်း မမြင်ရဘူး။

(တင်ပါ့ဘုရား။)

ကဲ မြင်ရလည်း ဘုရားမှန်းမသိ၊ ဘာမှန်းမသိ၊ အဲဒီလိုဖြစ်တဲ့အတွက် ဘဝတွေ မရေမတွက်နိုင်ဘူး။ ရှေ့လည်း သွားရမယ့်ခရီး အရှည်ကြီး၊ အရိမေတ္တေယျဘုရား ပွင့်ပြန်တော့လည်း ကိုယ်ကပါမှ၊ ကျွတ်တမ်းဝင်စာရင်းထဲ မပါပြန်ရင် အရိမေတ္တေယျဘုရားပွင့်ပြီးနောက် ဤကမ္ဘာမှာ ပွင့်လာရန် ဘုရားမရှိတော့ပြီတဲ့။ လယ်တီဆရာတော်ကြီးက သုညကမ္ဘာတွေ များစွာလာ၍ မှောင်အတိသွားတော့မည်တဲ့။ ကဲ အဲဒီအမိုက်မှောင်ကြီးများ ကျသွားရင် ဘယ့်နှယ့်လုပ်မှာတုန်း။

(မှန်ပါတယ်ဘုရား။)

အနီးအနားမှာ ဘုရားမရှိတော့ဘူး။ အရိမေတ္တေယျဘုရား တစ်ဆူ စောင့်မျှော်ပြီးတော့ နေကြရတယ်။ ဒါကလည်း ကိုယ်တိုင်ကိုယ်ကျပါမှ။

(တင်ပါဘုရား။)

ပါအောင်ကလည်း ကြိုးစားမှ၊ ဒါန သီလ ဘာဝနာ၊ ဒါနကလည်း ဘာကုသိုလ်ပြုပြု ပန်း၊ ရေချမ်း၊ ဆီမီး ဖယောင်းတိုင် အကြိမ်ကြိမ် နိဗ္ဗာန်ဆုတောင်း၊ တရားအားထုတ်လို့၊ တရားအား

www.burmeseclassic.com

www.burmeseclassic.com


မထုတ်ရင် စည်းစိမ်ဉစ္စာဘယ်လောက်ပေါပေါ လူဖြစ်ရှုံးတယ်လို့ တထဲပေထဲပါတယ်။

(တင်ပါဘုရား။)

ဟုတ်တာပေါ့၊ တရားရဲ့အနှစ်သာရ၊ တရားရဲ့သဘာဝ၊ ဘုရားရှင်ရဲ့အနှစ်သာရ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အလောင်းတော်ကြီးထက် ဘယ်သူချမ်းသာမှာတုန်း။

(တင်ပါဘုရား။)

ရွှေနန်းသုံးဆောင်စွန့်၊ ဒုက္ကရစရိယာ (၆)နှစ်ကြာအောင် အသေအလဲကျင့်၊ ဘုရားအဖြစ်သို့ရောက်၊ တရားအားထုတ်လို့ ဘုရားအဖြစ်သို့ ရောက်တော်မူတယ်။ ကဲဗျာ လူ့ဘုံ၊ နတ်ဘုံ (၃၁)ဘုံမှာ ရှိသမျှ၊ ကဲ ဘဝဆက်တိုင်း ဘဝဆက်တိုင်း ကမ္ဘာတိုင်း ကမ္ဘာတိုင်း မရေမတွက်နိုင်ဘူး။ လူဦးရေစာရင်းကောက် မယ်ဆိုရင် စာရင်းကောက်လို့ကို မရတော့ဘူး။ ကဲ အဲဒီလို။

အဲဒီတော့ကို (၃၁)ဘုံ တစ်ယောက်တည်းဆိုတော့ တစ်ယောက်တည်းမှ အသင်္ချေပေါင်းများစွာ၊ ကမ္ဘာပေါင်းများစွာ အဲဒီလို ကျင့်ခဲ့ရတာ၊ အရိမေတ္တေယျထည့်ရင် ဘဒ္ဒကမ္ဘာမှာ ငါးဆူပြည့်သွားပြီ။ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ နောက်ဆုံးပွင့်သွားတဲ့ဘုရားပေါ့။

(တင်ပါဘုရား။)

နောက်ဆုံးဘုရား(အရိမေတ္တေယျ)ကလည်း စောင့်ရဦးမှာပါ၊ အဝေးကြီး၊ အန္တရကပ်ကြီးတစ်ကပ်လုံး ခြားတုန်းရှိသေးတယ်။ အန္တရကပ် ဆိုတာ သိလား။

www.burmeseclassic.com

www.burmeseclassic.com


(မသိပါဘူးဘုရား။)

ဘယ့်နှယ့်လုပ်မှာတုန်း။

(မှန်ပါဘုရား။)

ဟင် - အခု တို့သူငါဖြစ်နေတာ တစ်ရာတန်း၊ ဟို အသင်္ချေယျတန်းက ဆုတ်လာတာ။ အသင်္ချေယျ မရေမတွက်နိုင်ဘူး။ ရေတွက်လို့မရတဲ့အတန်းက လျော့လျော့ ဆုတ်ဆုတ်လာတာ၊ သိန်းတမ်းမှာ အလွန်ဆုံး အနှစ်တစ်သိန်းတမ်းကျမှ ဘုရားပွင့်တယ်။ ဟို အသင်္ချေယျတမ်းက ဆုတ်ဆုတ်လာတာ၊ ရေတွက်လို့ရတဲ့ ဟောဒီ သိန်းတမ်းကျမှ ဘုရားပွင့်တယ်။ သိန်းတမ်းရဲ့အထက် ပွင့်ရိုးထုံးစံမရှိဘူး။ ဒီပက်ရာဆိုတာ သိန်းတမ်းမှာပွင့်တယ်၊ သုမေဓာရှင်ရသေ့ဆိုတာ ဒီပင်္ကရာဘုရားလက်ထက်ကပေါ့။

အဲ အဲဒီကနေ တစ်ခါ ဒီပင်္ကရာဘုရားလက်ထက်ကနေ ဆုတ်လာတာ နော်။

(မှန်ပါဘုရား။)

အဲ သိန်းတမ်းပွင့်တာ ပြီးပြန်တော့ ကိုးသောင်းတမ်း၊ ရှစ်သောင်းတမ်းပေါ့၊ တဖြည်းဖြည်းဆုတ်ဆုတ်တော့ ဟော ဒီကမ္ဘာမှာ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ ကကုသန်က လေးသောင်းတမ်း၊ ကောဏာဂုံ တစ်သောင်းလျှော့၊ ကဿပ တစ်သောင်းလျှော့၊ ကဿပ နှစ်သောင်းတမ်းပွင့်တာ၊ ဘုန်းကြီးတို့ ဂေါတမဘုရား တစ်သောင်းတမ်းပွင့်ထိုက်တာ၊ ဘာဖြစ်လို့ မပွင့်တာတုန်း၊ နောက်ဆုံးအတန်း ရာတမ်းမှ လာပွင့်တယ်၊ ပါရမီတော်တွေ မပြည့်သေးလို့၊ ပါရမီတော်တွေကို အခြေအလဲ

www.burmeseclassic.com

www.burmeseclassic.com


ပါရမီတော်တွေဖြည့်နေရလို့၊ လေးသောင်းတမ်း ကကုသန်၊ နောက်ဘုရားက တစ်သောင်းလျှော့၊ တစ်သောင်းလျှော့၊ ကောဏာဂုံ။

(တင်ပါဘုရား။)

သုံးသောင်းတန်း ကောဏာဂုံ၊ နှစ်သောင်းတန်း ကဿပ၊ တစ်သောင်းလျှော့ တစ်သောင်းတန်းပွင့်ထိုက်တာ ပေါ့။

(မှန်ပါတယ်ဘုရား။)

မပွင့်နိုင်ဘူး။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ဝိရိယရှိရင် မရမရှိ

စကြဝဠာကြီးကို ဖြန့်ပြီးတော့ မနက်တစ်ကြိမ် ညတစ်ကြိမ် ဖြန့်ကြက်ကြည့်တော်မူတယ်။

တန်ခိုးတော်တွေနဲ့ ပြပြီးတွေ့၊ ဗျာဒိတ်များစွာဖန်ဆင်းပြီး လှမ်းပြီး မေတ္တာပို့လို့ အဲဒီလို ချွတ်တော်မူတာ။

၇-ဝါရတော့ လူ့ပြည်မှာ ၆-ဝါဆိုပြီးပြီ။ ၇-ဝါရတော့ နတ်ပြည်က မယ်တော်မိနတ်သားနဲ့ နတ်ဗြဟ္မာအများ ဟောကြားဖို့ဆိုပြီးတော့ နတ်ပြည်မှာ ဝါဆိုတော်မူတာ။

(မှန်ပါတယ်ဘုရား။)

မယ်တော်မိနတ်သားဟာ တာဝတိံသာမှာ နတ်သားဖြစ်နေတယ်။ အဲဒါကြောင့် နတ်ပြည်ကြွသွားတာ။ နတ်ပြည်မှာ ဝါဆိုတယ်။ နတ်သားတွေ၊ နတ်သမီးတွေကို တရားဟောပြီး ဗျာဒိတ်နဲ့ဖန်ဆင်းလို့ လူ့ပြည်(မြောက်ကျွန်း)ကို ဆွမ်းခံကြွတယ်။

သက်တော်ထင်ရှားရှိတဲ့ ဘုရားက လူ့ပြည်လူ့ရွာကိုကြည့်ပြီးတော့ ဒီမှာလည်း ဆက်ဟောနေတယ် တရား။ ဟိုမှာလည်း ဆွမ်းခံထွက်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



နတ်ပြဟ္မာတွေကယ်နေတာ။ ဇီဝိတဒါနတွေ၊ တန်ခိုးမရှိတဲ့နတ်တွေမသိဘူး။ ဒါ ဇီဝိတ မြတ်စွာဘုရားဖန်ဆင်းတာပဲ။ သက်တော်ထင်ရှားရှိတဲ့ဘုရားပဲလို့ မခွဲခြားနိုင်ခဲ့ဘူး။ ရောင်ခြည်တော်တို့ ဘာတို့ ခွဲခြား၍မရဘူး။ စပ်ကူးမပ်ကူး ခြားနေတာမဟုတ်ဘူး။ ဆက်ပြီးမှဟောနေတာ၊ ကြည့်စမ်း၊ ဘုရားကဆွမ်းခံနေတယ်။ ဆွမ်းခံပြီး ဆွမ်းဘုဉ်းပေးတယ်။

တစ်နေ့လုံး တရားဟောနေတယ်၊ ချစ်သား ရှင်သာရိပုတ္တရာ၊ ငါဘုရား နတ်ပြည်မှာ ဘယ်လိုဟောခဲ့တယ်။ အဲဒီအခါမှာ ရှင်သာရိပုတ္တရာကို ပြန်ဟော၊ မြတ်စွာဘုရားက အဘိဓမ္မာတရားကို ဟောတာ။ နတ်ပြည်တစ်ကြိမ်၊ လူ့ပြည်တစ်ကြိမ်။

လူ့ပြည်မှာ ရှင်သာရိပုတ္တရာကိုပဲ ဟောတော်မူတယ်။ ဘယ်ပုဂ္ဂိုလ်ကိုမှ ဟောတော်မမူဘူး။ ရှင်သာရိပုတ္တရာကမှတစ်ဆင့်ယခု ပြန့်ပွားနေတာ။

ညနေ နေဝင်ရီးရီအချိန်ကျတော့ တစ်ခါ ပြန်ကြွသွားတယ်။ နတ်ပြည်။ စပ်ကူးမပ်ကူးဟောနေတဲ့တရားလို့ ဘယ်သူမှမသိဘူး။

အံ့ဩစရာမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

ကြည်ညိုစရာမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

ကြည်ညိုစရာကောင်းတယ်ဆိုတာလည်း သိမှ ကြည်ညိုစရာကောင်းတာ။ အံ့ဩစရာလည်း သိမှ အံ့ဩစရာကောင်းတာ။ ကြည်ညိုတာလည်း နည်းနည်းမှမကြည်ညိုရင် နည်းနည်းမှ

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်မရဘူး။ ဘာမှမသိရင် ဘာမှမကြည်ညိုဘူး။ ဘာကုသိုလ်မှလည်း မရဘူးမဟုတ်လား။

(ဟုတ်ပါတယ်ဘုရား။)

ဒါကြောင့် မသိတော့ သနားစရာကောင်းတယ်။

"သနားသနော် တစ်ခွန်းခေါ်၍ ဆွမ်းတော်ကလေး ကပ်လိုက် ချင်တယ်။" အဲဒီလိုဗျာ။ ညနေ နေဝင်ရီးရီအချိန်၊ ဘုရားက နတ်ပြည်ကြွသွားတယ်။

စပ်ကူးမပ်ကူးသွားနေတာတွေ မသိကြဘူး။ ဘုရားကလည်း ဆက်ဟောနေတာပဲ။

နေ့ရယ်ညရယ်မရှိဘူး၊ ဆက်ဟောနေတယ်။ ဘယ်ထင်ရမတုန်း။ အာရုံကျင်း အလင်းရောင် နေ့ဆွမ်းခံပြီးတော့ နတ်ပြည်မှာ တရားကဟောလိုက်၊ သက်တော်ထင်ရှားရှိတဲ့ဘုရားက ဆွမ်းခံကြွလိုက်၊ နတ်ပြည်တန်းပြီးတော့ ဘုရားကဟောလိုက်၊ သတ္တဝါတွေကို အများအပြားချွတ်ရတာ။

ဒါကြောင့် လယ်တီဆရာတော်ကြီးကရေးတယ်။ "ဘုရားအဆူဆူပွင့်လာရင် နတ်ကျွတ်ပွဲကြီး"တဲ့။ ပဉ္စဝဂ္ဂီငါးဦးဟောတော့ ကောဏ္ဍညနဲ့ ရှင်ဥပါလိ စတဲ့ ၅-ယောက်ထဲရယ်၊ နတ်ဗြဟ္မာတွေက အများကြီးဖြစ်သွားပြီ။

လူ့ပြည်တစ်ပြည်လုံးမှာ ၅-ယောက်ထဲရယ်။ မခဲယဉ်းဘူးလား။

(ခဲယဉ်းပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


အဲဒါပေါ့၊ နတ်ပြည်မှာ တရားသွားဟောတော့ ၁၈-ကုဋေ ကျွတ်တမ်းဝင်တယ်လေ။ နတ်လူသတ္တဝါတွေ ကုဋေချီပြီး ကျွတ်သွားတာ။

အဲဒီလိုဗျာ။

ဘုရားတစ်ဆူပွင့်ရင် လူကနည်းနည်း၊ နတ် ဗြဟ္မာတွေက ကျွတ်တာများတာ။

(မှန်ပါဘုရား။)

အဲဒီတော့ အခုဘာလုပ်နေလဲ။

(ဘုရားတွေ ဖူးနေပါတယ်ဘုရား။)

ဘုရားသက်တော်ထင်ရှားရှိတဲ့အချိန်က သတ္တဝါတွေ ယခု နောက်ဆုတ်လာတာနော်။

(တင်ပါ့ဘုရား။)

သက်တမ်းဆုတ်လာတာ ၁၀၀ တမ်းနော်။ ၁၀၀ အောက်မှာ မရှိဘူး။ သနားလို့ သာသနာ ၅၀၀၀ ထားခဲ့တာ။ သာသနာ တစ်ဝက်ကျော်ကျော်ကလေးမှာ လူလာဖြစ်တာ။ တကယ် ကံ ကောင်းလို့။

ကုသိုလ်ကံတွေ ထက်သန်ခဲ့လို့။ ကုသိုလ်ကံတွေ အား ကောင်းခဲ့လို့။ ဒီအချိန်ခါလေးမှာ လူလာဖြစ်တာ။

(တင်ပါ့ဘုရား။)

သံသရာမှာက လောကီနဲ့လာခဲ့ရတာ။ ရှေ့မှာလည်း လောကီနဲ့သွားရမှာ။

နောက် သာသနာ-၂၅၀၀ ကျော်ရင် ဘုရားလည်း မရှိဘူး၊တရား လည်းမရှိဘူး။ သံဃာလည်းမရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com


ကိုယ်ပိုင်တယ်လည်း ပြောမဖြစ်ဘူး။ ငါပိုင်တယ်လည်း ပြောမဖြစ်ဘူး။

တစ်သိန်းတန်တန်၊ တစ်သန်းတန်တန် ငါ့ဥစ္စာလို့ ပြောမဖြစ်ဘူး။

(တင်ပါ့ဘုရား။)

ယခု အသက်တွေကြည့်ပါလား။ သက်တမ်းက ရာတမ်း၊ ရာတမ်းကနေ ဆယ်တမ်းကို ရောက်လာမယ်။ နေရမှ ၁၀ နှစ် နေရမှာ။

(တင်ပါ့ဘုရား။)

၅-နှစ်သမီးဆို အိမ်ထောင်ကျပြီ။ ၁၀-နှစ်နေရမှာကိုး။ သမီးကအမေ၊ သားကအဖေသား၊ သတ်ပွဲရန်ပွဲတွေ အကုန်လုံး ဖြစ်ကုန်ပြီ။ သတ်ပွဲတွေ ရန်ပွဲတွေဖြစ်တော့ ဆွေတွေမျိုးတွေ အကုန်လုံးပြေးကြ၊ ငိုကြနဲ့ ဖြစ်ကြကုန်ပြီ။ အဲဒီကနေ သံဝေဂတွေ ရ၊ ခေါက်ချိုးပြန်တက်၊ အစိတ်တမ်းထိပြန်တက်။ ယခုရောက် နေတာ ဆင်းတာလား၊ တက်တာလား။

(ဆင်းတာပါဘုရား။)

အဆင်းကပ်ကြီးတစ်ကပ်လုံးကျန်သေးတယ်။ အပျက်ကပ် ကြီးတစ်ကပ်လုံးကျန်သေးတယ်။ ဘယ်ကစောင့်မှာတုန်း။ မန္တလေး ကစောင့်မှာလား။ တစ်ရှုဆိုတစ်ရှု တစ်ရှိုက်ဆိုတစ်ရှိုက် တန်ဖိုး ဖြတ်လို့မရဘူး။

ဓမ္မ သရဏံ ဂစ္ဆာမိ ဖြစ်အောင် မိမိရရကြိုးစားကြ။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ကိုယ့်ဘဝကို ကိုယ့်ဟာကိုယ် သနားရမယ်။ ကိုယ့်ဟာ ကိုယ်နှမြောမှ။

(တင်ပါ့ဘုရား။)

"နင့်ကိုယ်နင်အား နင်မသနား နင်မှားရှာတော့မည်။" ဟုတ်ဘူးလား။

(တင်ပါ့ဘုရား။)

"နင့်ကိုယ်နင်ဖြစ် နင့်အပြစ် နင်ပဲခံရမည်။" မဟုတ် ဘူးလား။

(တင်ပါ့ဘုရား။)

ဘယ်နေ့ဘယ်ရက် ရေတွက်၍မရဘူးဗျာ။ ရေတွက်လို့ မရဘူး။ နတ်ပြည်ရောက်သွားရင် ကောင်းတာပေါ့။ မရဏသေ ဘေးကို ကြောက်သလား။

(ကြောက်ပါတယ်ဘုရား။)

ဘယ်သူမှ ရှောင်လွဲလို့မရဘူး။ မရဏဘေးကလည်း ရှောင်လို့မရဘူး။ ဘဝတွေက ဆက်ကာ ဆက်ကာသွားမယ်။ အဲဒီကလွတ်ရာက ဓမ္မ သရဏံ ဂစ္ဆာမိလို့ မိမိရရအားထုတ်မှ လွတ်မှာ။

သံသာရဝဋ္ဋ ဒုက္ခတော - သံသရာဝဋ်ဆင်းရဲမှ လွတ် မယ်မဟုတ်ဘူးလား။

(တင်ပါ့ဘုရား။)

ကြိုးစားကြဗျာ။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ကြိုးစားတော့ ဘယ်လိုတွေ့တုန်း။ တွေ့တော့ မခိုင်းလို့ မဖူးခဲ့ရဘူး။ ကန္နီဆရာတော်ကြီးလည်း မခိုင်းလို့မဖူးခဲ့ရဘူး။ ဒါပေမယ့်လို့ ကျောင်းရောက်တဲ့အခါ ယောဂီတွေပြတဲ့အခါ ဘုန်းကြီးက နိမိတ်အားကိုးပြီးတော့ -

စူဠာမဏိစေတီတို့ နတ်ပြည်မှာရှိတာတွေအကုန်လုံး နိမိတ်နဲ့လှမ်းဖူးရင် ရရမယ်ဆိုပြီး စာတွေပေတွေ လျှောက်လှန်တယ်။

စူဠာမဏိစေတီဟာ တာဝတိံသာနတ်ပြည်မှာရှိတယ်ဆိုတာကို နတ်ပြည်ရဲ့အကျယ်အဝန်း ဘယ်နေရာမှာရှိတယ်ဆိုတာ မသိဘူး။ နေရာတကျသိမှ ပို့လို့လွယ်မှာကိုး။ လျှောက်ရှာရသေးတာ။ လျှောက်ရှာလို့တွေ့တော့ နိမိတ်အခြေခံအားကောင်းတော့ ရတော့တာပဲ။ အဲဒီအချိန်ကစပြီး ၁၉၅၆-ခုနှစ်ကစပြီးတော့ ခိုင်းတာ။ မရမရှိတော့ဘူး။

(တင်ပါ့ဘုရား။)

စူဠာမဏိစေတီဆိုတာ ဆံတော်စေတီ၊ စွယ်တော်စေတီ၊ စွယ်တော်လည်းရှိတယ်၊ ဆံတော်လည်းရှိတယ်။

(မှန်ပါဘုရား။)

စောစောစီးစီးကနေ မေတ္တာပို့လို့ စူဠာမဏိစေတီကို တွေ့လို့ရှိရင် နတ်ပြည်မှာရှိတဲ့ နတ်သား၊ ဗြဟ္မာ အကုန်လုံး မေတ္တာပို့၊ ခွင့်လည်းတောင်း၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ ဆံတော်တည်ရာစေတီတော်တွေ ဖူးပါရစေ၊ ဖူးခွင့်ပြုပါ၊ လူ့ဘဝရတဲ့အခါလေး ကြည်ညိုချင်ပါတယ်။ ပြည့်ပြည့်စုံစုံဖူးပါရစေ၊ အဲဒီတော့ ဆံတော်လည်းပဲ ပကတိဖူးရအောင်၊ ဆံတော်ကိုဘယ်လို

www.burmeseclassic.com

www.burmeseclassic.com


ပူဇော်ထားသလဲ၊ ဆံတော်ကိုခွေထားသလား၊ သို့မဟုတ် ဖြန့်ထားသလား၊ အလျားလိုက်ထားသလား။

အဲဒါကိုလည်း သေသေချာချာကြည့်ပြီးတော့ဖူးကြ၊ စွယ်တော်ပူဇော်ထားတယ်၊ စွယ်တော်က ဘယ်လိုပူဇော်ထားသလဲ၊ ကလပ်နဲ့ထည့်ပြီး ပူဇော်ထားတာ၊ ဘယ်လိုကလပ်နဲ့ထည့်ပြီး ပူဇော်ထားတယ်၊ အဲဒီစွယ်တော်ကိုလည်း အရှေ့အနောက် တောင်မြောက် ဘာနဲ့ထည့်ပြီး ပူဇော်ထားတယ်၊ သေသေချာချာ စေ့စေ့စပ်စပ်ဖူးကြ။

အဲဒါတွေလည်း ဖူးခဲ့ပြီးပါပေါ့နော်။ ဆံတော်တို့၊ စွယ်တော်တို့ အကုန်လုံး၊ အဲဒီတော့ ရှေ့လူက မေတ္တာပို့၊ နတ်တို့သိကြားတို့နော်။ မေတ္တာပို့ပြီးတော့ ဆန္ဒာဓိပတိ လိုချင်တဲ့ဆန္ဒ၊ ဖူးချင်တဲ့ဆန္ဒပြင်းပြင်းပြပြထား၊ ဝီရိယကလည်းကြိုးစားရမှာ၊ လျှော့လျှော့ပေါ့ပေါ့နဲ့မရဘူး။

နိမိတ်များများရအောင်ဖွား၊ ဝီရိယလျှော့လို့လည်းမရဘူး၊ ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ တကယ်ဖူးချင်တဲ့ စိတ်ဓာတ်ပြင်းပြင်းပြပြနဲ့ -

သီလ သမာဓိ ပညာနဲ့ယှဉ်ပြီးတော့ အဲဒီလိုဖူးကြ၊ ဒီလိုနိမိတ်ရဖို့ဆိုတာ မလွယ်ဘူး။ ဖူးရဖို့လည်းမလွယ်ဘူး။ နတ်ပြည်မှာ စူဠာမဏိစေတီရှိတယ်ဆိုတာ လူတိုင်းသိတာပေါ့။ ဘယ်နေရာရှိတယ်ဆိုတာ မသိဘူး။ ပြည့်ပြည့်စုံစုံဖူးရအောင် ကိုယ်နဲ့ထိုက်လို့ ဖူးရတာ၊ စူဠာမဏိစေတီက ရှေ့တည့်တည့်ကြီးလည်း မဟုတ်ဘူး၊ မကျဘူး၊ တောင်လည်းမကျဘူး။

www.burmeseclassic.com

www.burmeseclassic.com


အရှေ့တည့်တည့်ကြီးလည်း မပို့နဲ့၊ တောင်ဘက်ခပ်ယွန်းယွန်းကလေးပို့၊ နိမိတ်ပို့ပြန်လည်း ထိုင်ရက် ဒီလိုချည်းပို့လို့မရဘူး။

နိမိတ်ကို ကြီးစေ ကြီးစေဆိုပြီးတော့ ဝါးများချွန်တာလို တဖြည်းဖြည်းချင်း နိမိတ်ကို ထောင်ပြီးတော့ မတ်ယူရမှာ။ လူကလည်း တဖြည်းဖြည်းချင်း နိမိတ်ကိုနောက်လှန်၊ လူပါနောက်လှန်ပြီးတော့ ဝါးများချွန်တာလို တဖြည်းဖြည်းချင်း ဒီလိုမတ်ယူ၊ အဲဒီလို ပို့ယူရမယ်။

ဒီလိုချည်းပို့လိုက်လို့မရဘူး။ လူ့ပြည်နဲ့နတ်ပြည်ဟာ ယူဇနာ ၄ သောင်း ၂ ထောင်ရှိတာ။ စတုမဟာရာဇ်နတ်ပြည်နဲ့ စူဠာမဏိနဲ့လည်း ယူဇနာ ၄ သောင်းကျော်ရှိတာ။ နတ်ပြည် ၆ ထပ်ထိ ယူဇနာ ၄ သောင်းကျော်ပဲ၊ နတ်ပြည် ၆ ထပ်ကနေ ဗြဟ္မာ့ပြည်တော့ မမှတ်မိတော့ဘူး။

အဲဒီတော့ လူက တဖြည်းဖြည်းပက်လက်လှန်ပြီးတော့ လက်ကထောက်၊ နိမိတ်ကရှည်ရှည်ရှူပြီး ဖြည်းဖြည်းကလေးယူသွား၊ ပါးစပ်က အသက်ရှူ၊ လေဆိုတာ နှာခေါင်းကလည်း ပက်တယ်၊ နားကလည်းပက်တယ်၊ ပါးစပ်ကလည်းပက်တယ်။

(တင်ပါ့ဘုရား)

ပါးစပ်ကပဲရှူ၊ နှာခေါင်းကရှူရင် နိမိတ်ပျောက်သွားမယ်။

(တင်ပါဘုရား။)

ဖြည်းဖြည်းချင်း နိမိတ်ရပြီဆိုတော့ အရှေ့ကြီးလည်း မတက်စေနဲ့နော်။ ဒီဘက်လည်း မယွန်းစေနဲ့။ ခပ်ဖြည်းဖြည်းကလေးပို့။ နည်းနည်းလွန်သွား လျှောက်ကြည့်လုပ်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com


တွေ့ပြီဆိုရင် ပါးစပ်ကလည်း အသက်ရှူ၊ လက်ကလည်း ထောက်၊ ခေါင်းကလည်း ခေါင်းအုံးပေါ်ပေါက်သွားမယ်။

အဲဒီလို ဝီရိယနဲ့ကြိုးစားပြီးတော့ပို့။ အေး - အဲဒီလိုလုပ်ရင် ဘယ်သူမှ မဖူးရမရှိဘူး။

စွယ်တော်တို့၊ ဆံတော်တို့ ဖူးခဲ့ပြီးသားလို။

(တင်ပါ့ဘုရား။)

ခွင့်လည်းတောင်းကြ၊ နတ်တွေကို ဘုရားဖူးဖို့ တောင်းလည်း တောင်းပန်ကြ။

ဆံတော်ဖူးခွင့်ရတယ်၊ အရှည် ဆယ်တောင်လောက်ရှိတယ်။ ပြည့်ပြည့်စုံစုံဖူးခဲ့ကြ။

အဲဒီလိုဖူးကြ၊ ဝမ်းမြောက်ဝမ်းသာနဲ့ဖူး၊ မေတ္တာလည်းပို့၊ ခွင့်လည်းတောင်း၊ ကြိုးကြိုးစားစားနဲ့ပို့ရင် မရမရှိပါဘူး။

ဆန္ဒဝတော ကိံ နာမကမ္မံ နသိဇ္ဈတိ တဲ့။

ဘုရားဖြစ်ချင်တဲ့ဆန္ဒပေါ့။ ဆန္ဒက ပြင်းပြင်းပြပြ စိတ်က ထက်သန်နေရင် မရမရှိဘူး။

ဝီရိယဝတော ကိံ နာမကမ္မံ နသိဇ္ဈတိ တဲ့။

ဝီရယရှိရင်လည်း မရမရှိဘူး။

(တင်ပါ့ဘုရား။)

ဘုရားဆိုတဲ့အသံကလေးကြားရဖို့ မလွယ်ဘူးတဲ့။ ဘုရား အသံကြားရတာနဲ့ ဒုလ္လဘဖြစ်တယ်နော်။ အဲဒီလိုကြားရရုံမျှ မဟုတ်ဘူး။ ယနေ့ တို့ဖူးလိုက်ရလေသည်လို့ ဝမ်းမြောက်ဝမ်းသာ နဲ့ဖူးကြ၊ ဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

ကြိုးကြိုးစားစားနဲ့ဖူးကြ။

ဖူးခွင့်ရလို့ ဖူးရပြီဗျာ၊ စာထည့်ရေးထားကြ၊ ဘယ်နေ့ ဘယ်နှစ်နာရီ၊ ဘယ်နှစ်ရက်ကလို့၊ ဘယ်နှစ်နာရီကြာတယ်လို့ ပေါ့နော်။

အဲဒီလို သေချာမှတ်၊ ကိုယ်ဖူးထားတဲ့စေတီတော်ပုံစံကြီး ကလည်း မြင့်တယ်၊ ဘယ်လောက်ကြီးတယ်၊ သွားရတာက ဘယ်လို၊ ရွှေရောင်ကြီးရဲ့အရောင်က ဘယ်လိုအရောင်၊ ထုံးတွေ နဲ့ ဖြူဖြူဖွေးနေတာလား၊ မှန်တွေနဲ့လား၊ သို့မဟုတ် ရွှေစေတီ လား။ ဝမ်းသာစွာနဲ့ပို့၊ ဝမ်းသာစွာနဲ့ပို့မှ ဝမ်းသာရမှာပေါ့။ စေတီ ကို ထုံးနဲ့လား၊ ရွှေနဲ့လား၊ သေသေချာချာကြည့်ဖူး။

(တင်ပါ့ဘုရား)

နတ်ပြည်က ပေါင်းအိုးကြီးတွေ ဘာတွေရော မြင်သေး သလား။ လူ့ပြည်မှာပူဇော်ထားသလို ပူဇော်ထားတာလား။ ဖယောင်းတိုင်တွေ၊ အမွှေးတိုင်တွေ အကုန်လုံးပေါ့ဗျာ၊ အားလုံ။

ကိုင်း ကြိုးစား။

(သာဓု … သာဓု … သာဓု …)

* * *

www.burmeseclassic.com

www.burmeseclassic.com

## ကြည်ညိုဖွယ်ဩမဆုံး

နောက်ဒကာ … ။

(မဟာဗောဓိသဏ္ဍာန်ပင်နဲ့ ဘုရားတွေလည်းဖူးခဲ့ရတယ် ဘုရား၊ ကုသိနာရုံလည်း ရောက်တယ်ဘုရား၊ အဲဒါ သိပ်မကြည် ဘူးဘုရား၊ သီဟိုဠ်ကျတော့ သိပ်ကြည်တယ်။)

နောက်ဒကာ … ။

(တပည့်တော်က မြတ်စွာဘုရား ဒုက္ကရစရိယာကျင့်တဲ့ နေရာ ရောက်ပါတယ်ဘုရား။ တစ်ဖက်မှာ တောအုပ်တောင်တန်း ရှိပြီး တစ်ဖက်မှာ ချောင်းရှိပါတယ်ဘုရား။)

ဘာ …။

(တပည့်တော်တွေ့တာကို ပြောတာပါဘုရား)

မြတ်စွာဘုရား ဒုက္ကရစရိယာကျင့်တဲ့နေရာက ဥရုဝေလ တောပဲ။ တောင်ကြီးရောတွေ့သလား။

(တွေ့ပါတယ်ဘုရား။)

တောင်ကြီးက ဘယ်လိုတန်းနေသလဲ။

www.burmeseclassic.com

www.burmeseclassic.com


(အရှေ့အနောက် ထင်ပါတယ်ဘုရား။)

ဟုတ်ပါတယ်။

မြတ်စွာဘုရားကျင့်တဲ့လိုဏ်ဂူရော တွေ့ခဲ့သလား။

(တွေ့ခဲ့ပါတယ်ဘုရား။)

တောင်ကမ်းပါးယံ၊ အဲဒီနေရာကို ဘုန်းကြီးရောက်လို့ လက်ဆန့်လိုက်တော့ လက်တစ်ဝါးစာလိုတယ်၊ အပေါ်ကိုမမီဘူး၊ ဟိုဘက်ဒီဘက်လည်းမမီဘူး။

လက်ဆန့်ကြည့်လည်း ဟိုဘက်ဒီဘက်မမီဘူး၊ အဲဒါကို ရေမွှေးတို့၊ ပေါင်ဒါတို့နဲ့ ပူဇော်ခဲ့တယ်။ မွှေးနေတာပဲ။ ဟိုဘက်က လူထုကြီးကလည်း အတွင်းကိုဖူးချင်လို့ ဆူညံနေတာပဲ။

စိမ်ပြေနပြေ စိတ်အေးလက်အေးကို ဖူးလို့မရဘူး။ ပျာယီး ပျာယာ ပေါင်ဒါတွေ ဟိုပွတ်ဒီပွတ် ပွတ်ပြီး ဆုတွေဘာတွေ ပေးတာတွေ မြင်ရသေးတယ်၊ ဖွေးနေတယ်။

ကျောက်သားဖုကြီးက ဒီဘက်ကထွက်နေသလား။

(တင်ပါ့ဘုရား။)

အံ့ဩလို့မဆုံး၊ ကြည်ညိုလို့မဆုံး။

(တင်ပါ့ဘုရား။)

ဟို သီဟိုဠ်ကိုရောက်သလား။

(ရောက်ပါတယ်ဘုရား။)

မဟာစေတီရော ရောက်သလား။

(မဟာစေတီတော့ မရောက်ဘူးဘုရား၊ တပည့်တော် ရွှေညောင်ပင်နဲ့ ဗောဓိပင်ကိုရောက်ပါတယ်။)

www.burmeseclassic.com

www.burmeseclassic.com


ထူပါရုံရော ရောက်သလား။

(ရောက်ပါတယ်ဘုရား။ ထူပါရုံဘုရားတွေမှာ ဆံတော်တစ်ဆူပဲ တပည့်တော် ကောင်းကောင်းဖူးရပါတယ်ဘုရား။ ဒါပေမယ့် အဲဒီမှာ ပုဂံခေတ်ကဘုရားမျိုး ဆံတော်တစ်ဆူပဲ တွေ့ရပါတယ်ဘုရား။ မကိုင်ပုံနဲ့ ဒီတစ်ဆူပဲတွေ့ရပါတယ်ဘုရား။)

နောက်ဒကာ၊ သီဟိုဠ်ရောက်သလား

(မရောက်ပါဘူးဘုရား။)

အိန္ဒိယရော။

(အိန္ဒိယရောက်ပါတယ်ဘုရား။)

ဗုဒ္ဓဂယာရော။

(ရောက်ပါတယ်ဘုရား။)

နိမိတ်တွေကလည်းအားကောင်းကြ ရကြနဲ့ နတ်ပြည်မှာရှိတဲ့ စူဠာမဏိစေတီတို့၊ ဒုဿစေတီတို့ ဖူးရမယ်လို့ဆိုတယ်။

(တင်ပါ့ဘုရား။)

နတ်ပြည်က ကျယ်ဝန်းတော့ စေတီက ဘယ်နေရာမှန်း မသိဘူးလေ။ နေရာတိတိကျကျသိအောင် ရှာရသေးတာ။ နောက်တွေ့တော့ ခိုင်းတော့ရတာပဲ။

အဲဒီတော့ စူဠာမဏိစေတီတို့ဗျာ၊ စွယ်တော်လည်းပါတယ်နော်။

(တင်ပါ့ဘုရား။)

စူဠာမဏိစေတီမဖူးခင် ရှေးဦးစွာ မေတ္တာပို့။

www.burmeseclassic.com

www.burmeseclassic.com


နတ်ပြည်မှာရှိတဲ့ သိကြားတွေ၊ နတ်တွေ၊ ဗြဟ္မာတွေကို ခွင့်တောင်း၊ မေတ္တာလည်းပို့။

(တင်ပါ့ဘုရား။)

စူဠာမဏိစေတီတော်ကို ကျွန်ုပ်တို့ လူ့ဘဝရတဲ့အခါလေး ဖူးချင်ပါတယ်၊ ကြည်ညိုချင်ပါတယ်၊ ပြည့်ပြည့်စုံစုံဖူးရအောင် ပြည့်ပြည့်စုံစုံကြည်ညိုရအောင် ခွင့်ပြုကြပါပေါ့နော်။

(တင်ပါ့ဘုရား။)

စေတီတော်ကြီးတွေ့ပြီး ဖူးရပြီ၊ ပြီးရင် ဆံတော်လည်း ဖူးချင်ပါတယ်၊ စွယ်တော်ကိုလည်း ဖူးချင်ပါတယ်ပေါ့။ ဖူးခွင့် ပြုပါပေါ့။

(တင်ပါ့ဘုရား။)

ခွင့်တောင်း၊ အဲဒီစွယ်တော်တို့၊ ဆံတော်တို့ ဖူးခွင့်ရပြီဆို ရင် စွယ်တော်ကို ဘာနဲ့ထည့်ပူဇော်တယ် သေသေချာချာကြည့်၊ ဆံတော်ကို ဘာနဲ့ထည့်ပူဇော်ထားတာတုန်း သေသေချာချာကြည့်၊ ဘာကလပ်နဲ့တုန်းပေါ့၊ ဒီဆံတော်အရောင်က ဘယ်လိုနေတယ်၊ အလျားအရှည် ဆံတော်က ဘယ်လောက်လောက်ရှိမယ်၊ ဒီ ဆံတော်က ခွေပြီးပူဇော်ထားတာလား၊ ဆန့်တန်းပြီးတော့ ပူဇော် ထားတာလား၊ အဲသလိုလည်း ကြည့်ဖူး။

အလျား ဘယ်လောက်ရှည်တယ်၊ အရောင်ကဘယ်လို၊ စွယ်တော်ကျတော့လည်းပဲ ဘာနဲ့တင်ပြီးတော့ ပူဇော်ကြတယ်၊ ဘာကလပ်နဲ့ပူဇော်တယ်၊

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ဆံတော်တွေ၊ စွယ်တော်တွေ ဖူးရပြီး ဆံတော်က ဘယ်ဘက်ကပူဇော်ထားတာ၊ စွယ်တော်က ဘယ်ဘက်ကပူဇော်ထားတာ၊ အရှေ့အနောက် ဘယ်လိုပူဇော်ထားတယ်ဆိုတာ ကြည့်ဖူး။

(တင်ပါ့ဘုရား။)

စေတီတော်ကြီးပတ်လည် လူ့လောကလို၊ လူ့ပြည်လို ထုံးတွေဖွေးနေသလား၊ ရွှေစေတီတော်ကြီးလား၊ မှန်တွေစီထားလားပေါ့။

(တင်ပါ့ဘုရား။)

ထီးတော်ကစပြီးဖူး။

(တင်ပါ့ဘုရား။)

ထီးတော်မှာရော ဆည်းလည်းတွေပါသေးသလား၊ လူ့ပြည်ကလိုပေါ့။ အဲဒါတွေပါလာလည်း ငွေဆည်းလည်းလား၊ ရွှေဆည်းလည်းလား၊ အဲဒါ ဖူးခဲ့ရတာလေးကို ပြည့်ပြည့်စုံစုံဖူး၊ ကိုယ်ဖူးတဲ့ဟာလေးကို **၁၃၆၅၊ ကဆုန်လဆန်း ၄ ရက်**၊ ဘယ်နှစ်နာရီကစပြီးဖူးတယ်၊ ဘယ်နှစ်နာရီကြာတယ်၊ လှမ်းဖူးတဲ့အခါ သေသေချာချာကြည့်၊ ဖူးပြီးသားတွေ မှတ်သားထား။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com


## ပစ္စုပ္ပန်တည့်တည့် ၅

ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊
တတ္ထ တတ္ထ ဝိပဿတိ၊
အသံဟီရံ အသံကုပ္ပံ၊
တံ ဝိဒွါ မနုဗြူဟယေ၊

ပစ္စုပ္ပန်ဖြစ်သော အခိုက်အတန့် သဘာဝကိုသာလျှင် တည်မြဲခြင်းမရှိသော အဖြစ်ဖြင့် တွန့်ဆုတ် ပျက်စီးမှု မရှိစေဘဲ ဆင်ခြင်သုံးသပ်၍ ဝိပဿနာတရား ပွား စေရမည်။ (မ၊၃၊၂၂၆)

www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ငါးပါး လက်ကိုင်ထား

တရားအားထုတ်တယ်ဆိုတာ ဘုရားကလည်း အနှစ်သက်ဆုံး၊ အဲဒါ လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်း ကျင့်လာတာတွေကို ထားဦး၊ ဒုက္ကရစရိယ ၆-နှစ်ကြာအောင် ကျင့်တာတို့၊ အသေအလဲကျင့်တော်မူတာ။ တစ်နေ့က မိုးရွာတော့ ဉရုဝေလတောဒုက္ကရစရိယာ ၆-နှစ်ကြာအောင်ကျင့်တာ ဘယ်နားနေပါ့မလဲ။

ဒီလို ဆွမ်းခံရွာတွေ ဂေါစဂါမ်တွေဘာတွေ ရှိတာမဟုတ်ဘူး။ သစ်သီးပဲ ကြွေတာလေးစားရတာ။ သစ်သီး အနားကြွေလာမှစားတယ်။ ဘုရားက အဲဒီလိုကျင့်ခဲ့တာ။ ဘုရားသာသနာနဲ့တွေ့ဖို့ရာ အလွန့်အလွန်ခဲယဉ်းတာ။

(တင်ပါ့ဘုရား။)

ဘုရားတစ်ဆူတစ်ဆူပွင့်ဖို့ဆိုတာ လယ်တီဆရာတော်ကြီးက ကျောက်တောင်ကြီးများ အမြင့်ကလည်း တစ်ယူဇနာ။

အလျားအနံ တစ်ယူဇနာရှိတဲ့ ကျောက်တောင်ကြီးတစ်ခု၊ အင်မတန် နူးညံ့တဲ့ပုဆိုးကလေးနဲ့ဖြစ်စေ၊ ပုဝါကလေးနဲ့ဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com


အနှစ်တစ်ရာ တစ်ထောင်ကျမှ တစ်ကြိမ်တစ်ခါပွင့်တတ်၊ ကျောက်တောင်ကြီးသာ အရင်ကုန်ဖွယ်ရှိတယ်။

ကဲ တစ်ကမ္ဘာဟာ အဲဒီလောက်ကြာတဲ့အကြောင်း၊ အဲဒီတော့ ဘုရားတစ်ဆူတစ်ဆူပွင့်ဖို့ရာ အလွန်ခဲယဉ်းတဲ့အကြောင်း ဥပမာပြတာ။

(တင်ပါ့ဘုရား။)

ဘယ်လောက်ကြောက်စရာကောင်းသလဲ။

(တင်ပါ့ဘုရား)

ကြောက်စရာကောင်းတယ်မဟုတ်ဘူးလား။

(တင်ပါ့ဘုရား။)

အခု ဘုရားသာသနာတွေနဲ့ တွေ့နေကြတယ်။ ကိုယ်တိုင်ကိုယ်ကျလည်း အားထုတ်နေကြတယ်။

အာနာပါန သမထတုန်းကလည်းပဲ အကုန်လုံးပြည့်ပြည့်စုံစုံ ရခဲ့ကြတယ်။ ဝမ်းသာစရာပေါ့။

(တင်ပါ့ဘုရား။)

အဲဒီစေတနာ၊ အဲဒီသဒ္ဓါတရားတွေက မပျောက်မပျက်ဘူး။ ပဌာန်းလိုဆိုရင် အနန္တရသတ္တိ၊ အာသေဝန၊ နတ္ထိပစ္စည်းလို့ပေါ့။

(တင်ပါ့ဘုရား။)

ဘုရားဟောထားတာတွေ အားရစရာ ဝမ်းသာစရာ မကောင်းဘူးလား။

အနန္တရ ပစ္စယေန ပစ္စယော ...။

ရှေ့ခန္ဓာက နောက်ခန္ဓာကို ကျေးဇူးပြုတယ်။ အဲဒီလို ကျေးဇူးပြုသွားတာ။

www.burmeseclassic.com

www.burmeseclassic.com



နတ္ထိ ပစ္စယော။

နတ္ထိ - မရှိဘူးလို့ဆိုတယ်။ ဒါကို ရှိတယ်လို့ ထင်နေကြတာ။

(တင်ပါ့ဘုရား။)

သူ့ရဲ့သတ္တိ မျိုးစေ့လေး ကျန်ရစ်တာတဲ့။

ရွှေကျင်ဒီပဲယင်းဆရာတော်ဘုရားကြီးက သတ္တိက ပျောက်နေတာမဟုတ်ဘူး။ ကုသိုလ်ပြုစေ၊ အကုသိုလ်ပြုစေ ကျန်ရစ်တာချည်းပဲ။

(တင်ပါ့ဘုရား။)

ဟုတ်ပြီလား။ ကဲ အခုအားထုတ်နေတဲ့အခါ ဒီသတ္တိတွေ ဘယ်ရောက်သွားသလဲ။

စာတို့ ပေတို့ အဘိဓမ္မာတို့ဆိုရင် ထိစေဆိုရင် ပထမဇော စိတ်ကလေး တစ်ကြိမ်ပေါ်လိုက်ရင် ကောင်းတာလေးတွေ တွေ့သွားရင် ဝမ်းမြောက်ဝမ်းသာဖြစ်တယ်။ ဇောက ၇-ကြိမ် ကျသွားတယ်။

ပထမဇောက ဒီဘဝအကျိုးပေးတယ်။ သတ္တမဇောက နောက်ဘဝ၊ အလယ်ဇော ၅-ချက် ကျန်သေးတယ်။ တတိယ ဘဝပေါ့။ ဒုတိယဘဝရဲ့ဟိုဘက်၊ အဲဒီဘဝကစပြီး တော့ လိပ်ပတ်လည်ပြီး ပြတ်နေတယ် ဆွေးနေတယ် မရှိတော့ဘူး။ အပရာပရိယလို့ ခေါ်တာပေါ့။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


အဲဒါကြောင့် ကြိုးစားဖို့ရာ လိုတယ်နော်။ ဒါတွေဟာ ဘာမှ အချည်းအနှီးမဖြစ်ဘူး။ တို့ သဒ္ဓါတရားဖြစ်ပေါ်ဖို့ အားထုတ်ချင်တဲ့ သဒ္ဓါတရား စေတနာလေးဖြစ်ပေါ်ဖို့ မလွယ်ဘူး။

ဘယ်လွယ်မလဲ အဲဒီလို။ အနုသယတွေနဲ့နေလာတာ၊ တစ်သံသရာလုံး ဖြစ်လာတာ။

ခွေးဖြစ်လည်းခံ၊ ဝက်ဖြစ်လည်းခံ၊ ကြက်ဖြစ်လည်းခံ၊ ဖြစ်လေရာဘဝတိုင်းမှာ ခံနေရတာမဟုတ်လား။

(တင်ပါ့ဘုရား။)

ဘုရား တရား သံဃာ ရတနာသုံးပါးဆိုတာက လူလည်း ဖြစ်လာမှ၊ ယုံကြည်မှုသဒ္ဓါတရားလည်းရှိမှ။

သီလဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်၊ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ အဲဒီဗိုလ်ငါးပါး လက်ကိုင်ထားပြီးတော့ သံသရာကြီးထဲသွားရမှာ။

(တင်ပါ့ဘုရား။)

(သတ္တဝါတွေ)၂ ဝီရိယအမြဲတမ်းမရှိကြတော့ ဘုံအမျိုးမျိုး ဖြစ်ပျက်နေတာ။

(တင်ပါ့ဘုရား။)

* * *

www.burmeseclassic.com

www.burmeseclassic.com

## ယထာဘူတ လမ်းမှန်ကျမှ

စပြီးဖူးရင် စေတီစောင့်နတ်တို့၊ တောင်စောင့်နတ်၊ တောစောင့်နတ်တွေကို မေတ္တာပို့။

အဲဒီစေတီတွေမှာ စေတီစောင့်နတ်တွေ၊ နတ်တွေ ရှိတယ်ကွ။

(တင်ပါ့ဘုရား။)

စေတီစောင့်နတ်တွေ သာသနာစောင့်နတ်တွေ လှမ်းပြီးတော့ မေတ္တာပို့။

(တင်ပါ့ဘုရား။)

မိမိခန္ဓာကိုယ်မှာနေတဲ့ မိဆိုင်ဖဆိုင်နတ်တွေ မေတ္တာပို့။ အမျှလည်းဝေမှ ရောက်တာ။

ဒကာကြီးရော။

(ပထမ တပည့်တော် လှေခါးခြေရင်း စောင်းတန်းကို ရောက်ပါတယ်ဘုရား။ ခြေရင်းကနေ တပည့်တော် ထီးတော်ကို ရောက်ပါတယ်ဘုရား။

ထီးတော်ရောက်သွားတော့ တပည့်တော် အနားယူပြီးတော့ ကြည်ညိုပါတယ်ဘုရား။ ကြည်ညိုတော့ ထီးတော်မှာ

www.burmeseclassic.com

www.burmeseclassic.com


ဒီလောက် ဆန်ကောလောက်ရှိတဲ့အဝိုင်း၊ စိန်အဝိုင်းကြီးပေါ့ ဘုရား။)

ဘာလဲ။

(စိန်တဲ့ဘုရား။ ထီးတော်မှာ စိန်အဝိုင်းကြီးတဲ့ဘုရား။)

အဲဒီစိန်အဝိုင်းကြီးက ဘယ်နားမှာကပ်ထားတာတုန်း။

(ထီးတော်ကြီးဘေးနားမှာ ကပ်ထားပါတယ်ဘုရား။)

အဲဒီဟာက တစ်ခုတည်းလား၊ ပတ်ပတ်လည်လား။

(ပတ်ပတ်လည်ပါဘုရား။ အဲဒီစိန်ဝိုင်းမှာ ဘေးကနေ ကျောက်သံပတ္တမြားတွေ စီထားသေးတယ်ဘုရား။ စီထားတဲ့ အဲဒီနားကို တပည့်တော် ကပ်သွားတော့ ရွှေထီးတော်မှာ တပည့် တော်ကိုယ်အရိပ်ထင်တော့ လန့်သွားတယ်ဘုရား။ တပည့်တော် ရဲ့ဒီဘက်မှာ ရဟန်းတစ်ပါးလား၊ နှစ်ပါးလား ရှိတယ်ဘုရား။

ခပ်ဝါးဝါးပဲဘုရား။ တပည့်တော်က ဟောဒီလိုကြည့်ညို့ နေတော့ မြင်တွေ့ရတာပါဘုရား။ တပည့်တော်ပြန်ဆင်းလာတော့ စွယ်တော်မြတ်ဆံတော်ဘက် ရောက်ပါတယ်ဘုရား။ ဆံတော် ဘက်ရောက်တော့ ဆံတော်က ရွှေကလပ်နဲ့ပူဇော်ထားတာပါ ဘုရား။)

ကလပ်က ဘယ်လောက်ကြီးတုန်း။

(ကလပ်က ယပ်တောင်လောက်ကြီးတယ်ဘုရား။ သူက ကြာပွင့်ပုံစံမျိုးဘုရား။ ကြာပွင့်အဖတ်ကလေးတွေမှာ ပတ္တမြား တွေစီထားတယ်ဘုရား။ အလယ်ကတော့ ဆံတော်ဘုရား။ ဆံတော်က ဒီလိုကလေးခွေထားတာဘုရား။ ဆံတော်ကို ဖက်ယာ

www.burmeseclassic.com


ခွေထားတာပါဘုရား။ ကလပ်က အောက်က အဝိုင်းအခြေရှိတယ် ဘုရား။)

ခွာကရော။

(တင်ပါ၊ ခွာက အဝိုင်းပါဘုရား။)

ခွာအဝိုင်းမှာရော ကျောက်တွေစီထားသလား။

(စီထားပါတယ်ဘုရား။)

အကုန်လုံလား။

(အကုန်လုံးစီထားပါတယ်ဘုရား။ ဒါပေမယ့် ဆံတော် ထည့်တဲ့နေရာကတော့ ရွှေပြားကြီးပါဘုရား။ ဒီအတိုင်း တပည့် တော် တွေ့တယ်ဘုရား။)

နောက်ပြီး စွယ်တော်ကလည်း ဆံတော်ပူဇော်သလို ကလပ်နဲ့လား။

(တင်ပါ့ဘုရား။ စွယ်တော်ကို ကလပ်ပေါ်မှာ တင်ထားပါ တယ်ဘုရား။)

ဘယ်လို။

(ကလပ်ပေါ်မှာ ရွှေလင်ပန်းကလေး တင်ထားပါတယ် ဘုရား။ အဲဒီရွှေလင်ပန်းပေါ်မှာ စွယ်တော်ထည့်ထားပါတယ် ဘုရား။ စွယ်တော်က တောင်မြောက်၊ တပည့်တော်က ဒီဘက် ကပါဘုရား။)

စွယ်တော်ရင်းက ဘယ်ဘက်ကလဲ။

(စွယ်တော်ရင်းက တောင်ဘက်ကပါဘုရား။)

စွယ်တော်က ဘယ်လောက်ကြီးတုန်း။

www.burmeseclassic.com

www.burmeseclassic.com


(စွယ်တော်က ဒီလောက်ကြီးတယ်၊ နည်းနည်းတုတ်တယ် ဘုရား။)

ဘယ်ကတုတ်သလဲ။ အရင်းဘက်ကတုတ်သလား။)

(တင်ပါ့ဘုရား၊ အရင်းဘက်က တုတ်ပါတယ်။)

အရောင်ကဘယ်လိုတုန်း။

(အရောင်က အဖြူရောင်ပဲဘုရား။)

ဝင်းနေသလား။

(ဝင်းနေပါတယ်ဘုရား)

ဆံတော်က ဘယ်လိုအရောင်တုန်း။

(ဆံတော်က တပည့်တော်တို့ အုန်းဆီလိမ်းထားသကဲ့သို့ စိုပြီးတော့ ဝင်းနေပါတယ်ဘုရား။ တပည့်တော် ဆံတော်ဖူးတော့ မြတ်စွာဘုရားရဲ့ဆံတော်အစစ်ကိုဖူးရတော့ အင်မတန်ဝမ်းသာ ပီတိဖြစ်မိပါတယ်ဘုရား။ ဒါနဲ့ တပည့်တော် ပြန်ပြီးဆင်းလာတယ် ဘုရား။ တပည့်တော် ပြန်ပြီးဆင်းလာတယ်။ တပည့်တော်ဆင်း ရတာဟာ လမ်းလျှောက်ဆင်းရတာမဟုတ်ဘူးဘုရား။ လှေကား ကတော့ လှေကားပဲ။)

စောင်းတန်းက ဘယ်နှစ်ခုတုန်း။

(စောင်းတန်းက လေးခုဘုရား။ အနောက်စောင်းတန်းက နေ တပည့်တော် ပြန်ဆင်းလာတော့ ဒီလိုလျှောက်သွားတယ်ဘုရား။ ခန္ဓာကိုယ်က ယခုခေတ် စက်လှေကားစီးသလိုဖြစ်နေတယ်။ လမ်းလျှောက်သွားရတာ မဟုတ်ဘူးဘုရား။ တပည့်တော်ရဲ့ စောင်းတန်းဘေးမှာ ပန်းအိုးတွေဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


စောင်းတန်းထိပ်မှာလား၊ စောင်းတန်းအလယ်မှာလား။ စီတန်းထားတာလား။

(စောင်းတန်းဟိုဘက်ဒီဘက်မှာ စီတန်းထားတာဘုရား။ ဟိုဘက်တော့ မမြင်ရဘူးဘုရား။ စောင်းတန်းကြီးက အကျယ်ကြီးဘုရား။ တပည့်တော် ဆင်းတဲ့ဘက်ပဲမြင်ရတာဘုရား။

တပည့်တော် ပန်းအိုးကိုကြည့်တော့ ပထမ ငွေပန်းအိုးတွေ့တယ်ဘုရား။ ဒုတိယ ရွှေပန်းအိုးတွေ့တယ်ဘုရား။ တတိယ ကျောက်သံပတ္တမြားတွေစီထားတဲ့ ပန်းအိုးတွေ့တာဘုရား။

ငွေပန်းအိုးထဲမှာ ငွေပန်းခိုင်ပဲ စိုက်ထားတယ်ဘုရား။ ရွှေပန်းအိုးက ရွှေပန်းခိုင်တွေဘုရား။ ကျောက်သံပတ္တမြားပန်းအိုးကို ကျောက်သံပတ္တမြားစီထားတဲ့ ညောင်ရွက်ပုံ စိုက်ထားတယ်ဘုရား။)

ပန်းအိုးတစ်လုံးကို ဘယ်လောက်ကြီးသလဲ။

(စဥ့်အိုးလောက်ကြီးတယ်ဘုရား။ အဲဒါက သူ့အစဥ်လိုက်ဘုရား။ ငွေရယ် ရွှေရယ် ပတ္တမြားရယ်၊ နောက်တစ်ခါ အစဥ်လိုက်ဘုရား။ စောင်းတန်းကြီးကလည်း အရှည်ကြီးဘုရား။ အကြာကြီးဆင်းနေရတာဘုရား။

စောင်းတန်းကဆင်းလာပြီး အောက်ရောက်တော့မှ ပန်းအိုးအကြီးကြီးတွေ့တယ်ဘုရား။)

အဲဒီစောင်းတန်းကြီးက တိုင်က လေးထောင့်တွေလား၊ အဝိုင်းတွေလား။

www.burmeseclassic.com

www.burmeseclassic.com


(တိုင်ကိုတော့ သတိမထားမိဘူးဘုရား။ တပည့်တော်က တစ်ဖက်တည်းဆင်းရတာ၊ တိုင်က အလုံးတွေဘုရား။)

အမိုးရောရှိသလား။

(အမိုးတော့ သတိမထားမိဘူး။ အခင်းကတော့ အစိမ်းတွေ ဘုရား။ တပည့်တော် အောက်ရောက်ပြီးတော့ ဆံတော်ကိုဖူးရတာ အားမရလို့ တစ်ခေါက်တက်ပြီး ဆံတော်ကိုတက်ဖူးတယ်ဘုရား)

အဲဒီလှေကားက ဘယ်လိုတက်သလဲ။

(အဲဒီ စက်လှေကားတက်သလိုမျိုးပဲဘုရား။)

သူ့ဟာသူ ရောက်သွားတာလား။

(တင်ပါ့ဘုရား။ လျှောစီးသွားတဲ့သဘော၊ ဒီလိုငြိမ့်ငြိမ့်လေး တက်သွားရတဲ့ သဘောမျိုးဘုရား။)

နေစမ်းပါဦး၊ ခြေလှမ်းမလှမ်းရဘူးလား။

(ခြေလှမ်းမလှမ်းရပါဘူးဘုရား။)

ခြေမလှမ်းဘဲနဲ့ စိတ်ကရောက်သလို ရောက်သွားတာပဲ မဟုတ်ဘူးလား။

(ဒီဘက်က တပည့်တော်ဆင်းလာတဲ့အခါမှာ နတ်သမီးတွေ အပေါ်တက်နေတာတွေ့တယ်ဘုရား။ တစ်ဖက်ကတော့ မှုန်ဝါးဝါး ပါဘုရား။ အဆင်းကတော့ လက်ဝဲဘက်ပေါ့ဘုရား။ အတက် ကျတော့လည်း နတ်သမီးတွေ တက်နေတာတွေ့တယ်ဘုရား။)

နတ်သားတွေရော မတွေ့ဘူးလား။

(နတ်သားတွေတော့ မတွေ့ဘူးဘုရား။ တပည့်တော် ထီးတော်ဖူးတော့မှ တွေ့တာပါပဲဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


နတ်သားတွေက ဘာလုပ်နေတုန်း။

(နတ်သားတွေက စောင့်ကြည့်နေတာလို တွေ့တာဘုရား။ တပည့်တော်ကို စောင့်သလို ကြည့်နေတာဘုရား။ တပည့်တော် စိန်ဖူးတော်လည်း ဖူးရတယ်ဘုရား။ စိန်ဖူးတော်က တော်တော် လည်းကြီးပါတယ်ဘုရား။ စိန်ဖူးတော်က အောက်က ပတ္တမြား တွေ၊ ရွှေတွေနဲ့ပတ်ထားပါတယ်ဘုရား။

ဆံတော်ကိုရောက်တော့ ဆံတော်ကိုဖူးပါတယ်ဘုရား။ ဆံတော်ကလပ်ကိုတင်ထားတဲ့စင်နဲ့ စွယ်တော်တင်ထားတဲ့စင်ဟာ အတူတူပါပဲဘုရား။

စင်ရဲ့အောက်ခြေတွေကို ပတ္တမြားတွေစီထားပါတယ် ဘုရား။ နောက် တပည့်တော် အနှောက်ပေါက်ကတက်တော့ ပန်းပုရုပ်က ရုပ်ပွားတော်မရှိဘူးဘုရား။

အောက်ရောက်တော့ တပည့်တော်ပြန်လာခဲ့ပါတယ်ဘုရား။ တပည့်တော် တစ်နာရီကျော်ကျော်လောက်ကြာပါတယ်ဘုရား။)

နောက်ဒကာ…။

(စိတ်ကို အရမ်းတင်လိုက်ရင် ပြီးခဲ့တာတွေ ပြန်မြင်ရော။ မေတ္တာလည်း ပို့တာပဲဘုရား။)

စေတီစောင့်နတ်တွေရော မေတ္တာမပို့ဘူးလား။

(ပို့ပါတယ်ဘုရား။)

စေတီစောင့်နတ်တို့၊ သိကြားတို့၊ သာသနာစောင့်နတ်တို့ အကုန်ပို့ရတယ်။ မိဆိုင်ဖဆိုင်နတ်တွေကိုလည်း ပို့ရတယ်။

(အဲဒါတော့ မိဆိုင်ဖဆိုင်နတ်တွေကို မပို့ဖြစ်ပါဘူးဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ပို့ရမှာ။ သူကလည်း နှောင့်ယှက်တယ်။ ဘုရားဖူး တော့ မမြင်ရဘဲကိုး။ မေတ္တာပို့ရမယ်။ ကမ္ဘာပျက်မှ ပျက်စီးကြမည့် သစ်ပင်ကြီး ၇-ပင်မှာ -

၁။ ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းမှ ဇမ္ဗုသပြေပင်။

၂။ အနောက်ကျွန်းစုမှ ထိန်ပင်ကြီး။

၃။ မြောက်ကျွန်းမှ ပဒေသာပင်။

၄။ အရှေ့ကျွန်းစုမှ ကုက္ကိုပင်ကြီး။

၅။ မြင်းမိုရ်တောင်၌ရှိသော အသုရာပြည်မှ သခွတ်ပင်ကြီး။

၆။ ဂဠုန်တို့သည် မြင့်မိုရ်တောင်ခြေ ဒုတိယအာလိမ် အဆင့်ရှိ လက်ပံပင်ကြီး။

၇။ မြင်းမိုရ်တောင်ထိပ် သိကြားတို့နေရာ တာဝတိံသာ၌ ပင်လယ်ကသစ်ပင်ကြီးတို့ပင် ဖြစ်ချေသည်။

တာဝတိံသာ၌ရှိသော ပင်လယ်ကသစ်ပင်တော့ ဖူးတွေ့ခဲ့ရပြီ။ လူ့ပြည်မှာရှိတဲ့ သစ်ပင် ၆-ပင်ကတော့ ဘယ်နေမှန်းလဲ မသိဘူး။ နတ်ပြည်ရှိတဲ့သစ်ပင်ကတွေ့ပြီး လူ့ပြည်ရှိတဲ့သစ်ပင်က မတွေ့ဘဲဖြစ်နေတယ်။

ထိုသစ်ပင်ကြီးတို့မှာ အနိမ့်အမြင့် အဝန်းစသည်တို့သည် အတူတူပင်ရှိကြတယ်။ အဲဒီသစ်ပင်ကြီးကို မင်းတို့ ဖူးရမြင်ရသောအားဖြင့် အနိမ့်အမြင့် အဝန်းအရပ် အတူတူပဲတဲ့။ ဒီသစ်ပင်ကြီးတွေက ကမ္ဘာကြီးပျက်စီးမှ ပျက်စီးမှာ။ ဒီအတိုင်း မပျက်စီးဘူး။

www.burmeseclassic.com

www.burmeseclassic.com



ထိုသစ်ပင် ၇-ပင်တို့မှာ အနိမ့်အမြင့် အဝန်းစသည်တို့သည် အတူတူပင် ကြီးကြကုန်တယ်လို့ဆိုတယ်။

အမြင့်ယူဇနာ ၁၀၀။

ယူဇနာ ၁၀၀ ဆိုတော့ မိုင် ၁၂၀၀ ပေါ့။ မြန်မာတိုင်နဲ့ ဆိုလျှင် ၆၄၀။

(တင်ပါ့ဘုရား။)

အဲဒါကို မင်းတို့ဖူးကြ။

(တင်ပါ့ဘုရား။)

အမြင့် ယူဇနာ ၁၀၀။

အဝန်း ယူဇနာ ၃၀၀။

ပင်စည်လုံးပတ် ယူဇနာ ၁၅။

၁၅ ယူဇနာသည် ၁၈၂ မိုင်။

သစ်ပင်ကိုဖြတ်၍ ထိပ်ဝတိုင်းထွာလျှင် ထိပ်ဝ ယူဇနာ ၅ ယူဇနာ။ ကဲ ဘယ်လောက်ကြီးကျယ်သလဲကွာ။ အရှေ့အနောက် တောင်မြောက် အကိုင်းကြီးလေးကိုင်း။ ယူဇနာ ၅၀ စီ။

လေယာဉ်နဲ့လည်း သွားလို့မရဘူး။ လူလည်း ဒီအတိုင်း သွားလို့မရဘူး။

(တင်ပါ့ဘုရား)

ဘုရားပေးခဲ့တဲ့ မှန်ပြောင်းတော်ကြီးနဲ့ လှမ်းဖူးနေရတာ။

(တင်ပါ့ဘုရား)

အံ့သြစရာ မကောင်းဘူးလား။

www.burmeseclassic.com

www.burmeseclassic.com


(အံ့သြစရာကောင်းပါတယ်ဘုရား။)

ကြည်ညိုစရာမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

အစိန္တေယျ ကြံစည်လို့မရဘူး။ ကုသိုလ်ထူးတွေ ရကြတာပေါ့။ သူဌေးကြီးတွေ၊ သူကြွယ်ကြီးတွေ၊ စကြဝတေးမင်းကြီးတွေ၊ ဘုရင်တွေ ဖူးရပေါ့မလား။

(မဖူးရပါဘုရား။)

သူ့အကုသိုလ်အရ မဖူးရတော့ဘူး။ အားမှမထုတ်တာ။

(တင်ပါ့ဘုရား။)

အားထုတ်မှဖူးရတာ။ လွယ်တာမဟုတ်ဘူး။

(မလွယ်ပါဘူးဘုရား။)

မလွယ်တာတွေကို မိမိတို့ဖူးလိုက်ရပြီ။ ကုသိုလ်ထူးကြတယ်။ ပြတ်တဲ့ဆရာကလည်းရှိမှ၊ ယထာဘူတ လမ်းမှန်လည်းကျမှ။

(တင်ပါ့ဘုရား။)

မကျရင် ဖူးရပေါ့မလား။

(တင်ပါ့ဘုရား။)

အလွန့်အလွန်ခဲယဉ်းတာ။

(မှန်ပါ့ဘုရား။)

ဒီလိုဉာဏ်မျိုးတွေ ရဖို့မလွယ်ဘူး။

(တင်ပါ့ဘုရား။)

အတိသယကုသိုလ်ကြီးတွေ။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်ဖူးလိုက်ရ နည်းသလား။

(တင်ပါ့ဘုရား)

ဒကာကြီးရော၊ လျှောက်စမ်းပါ။

(တပည့်တော် စေတီဖူးရပါတယ်ဘုရား၊ စေတီက ရွှေတိဂုံစေတီနဲ့တူပါတယ်ဘုရား။ ဒါပေမယ့် အခြေက ပိုတုတ်တယ်လို့ တပည့်တော်ထင်ပါတယ်ဘုရား။

အဝေးကြီးကဖူးရပါတယ်ဘုရား။ ဝင်းနေပါတယ်။ အနားနားရောက်လို့ကြည့်လိုက်တော့ အခင်းက ကျောက်အဖြူတွေခင်းတာပါဘုရား။

ဖြူဝင်းတောက်နေပါတယ်။ အဲဒါကိုကြည့်ခြင်းအားဖြင့် နူးညံ့ဝင်းလက်နေပါတယ်ဘုရား။ အခင်းတွေကတော့ ကျယ်ပါတယ်ဘုရား။)

အရောင်က ဘယ်လိုအရောင်တုန်း။

(အဖြူရောင်ဘုရား၊ နူးညံ့ပါတယ်၊ ကျောက်ပုံစံတွေကလည်း ညီညီညာညာကလေးရှိတယ်ဘုရား။ စေတီတော်ကြီးကလည်း နံဘေးမှာ စေတီငယ်တွေ ခပ်မြင့်မြင့်ရံထားတယ်ဘုရား။ ကပ်ကပ်ကလေးဘုရား။ သိပ်မဝေးဘူး။ သူ့နားမှာလည်း သုံးဆင့်လောက် အရံဘုရားတွေလည်း ဖူးရပါတယ်ဘုရား။

စွယ်တော်လည်း ဖူးရပါတယ်ဘုရား။ စွယ်တော်အောက်ခံက စောင်းကောက်ကလေးလိုပဲဘုရား။ စွယ်တော်ကိုလည်း ဖူးရပါတယ်ဘုရား။ မနေ့ကလည်း ဖူးပါတယ်ဘုရား။ ဒီနေ့တော့

www.burmeseclassic.com



တပည့်တော် စွယ်တော်ထားတဲ့ကလပ်ကို အသေအချာကြည့်တော့ ပတ္တမြားကလပ်ဖြစ်နေပါတယ်ဘုရား။

ပတ္တမြားကလပ်ပေါ်မှာ စွယ်တော်တင်ပါတယ်ဘုရား။ အဖျားသည် မြောက်ဖက်လှည့်ပြီး အရင်းသည် တောင်ဘက်လှည့် ပါတယ်ဘုရား။)

ဆံတော်က သန့်ထားသလား၊ ကွေးထားသလား။

(ဆံတော်က ညိုမှောင်ပြီးတော့ ပြောင်နေပါတယ်ဘုရား၊ အိအိကလေးပါဘုရား။)

ဆံတော်အရှည်က ဘယ်လောက်ရှိသလဲ။

(တပည့်တော်အထင်တော့ တစ်တောင်လောက်ရှိတယ် ထင်ပါတယ်ဘုရား။)

တော်တော်များသလား။

(ဒီလောက်လောက်တော့ ရှိမယ်ထင်ပါတယ်ဘုရား။ စောင်းတန်းကိုလည်း မြင်ရပါတယ်ဘုရား။ တပည့်တော်က တောင်ဘက်စောင်းတန်းမှာရှိပြီး မြောက်ဘက်စောင်းတန်းကိုလည်း မြင်ရပါတယ်ဘုရား။ နိမ့်နေပါတယ်ဘုရား။

ဘယ်လောက်နိမ့်သလဲ။

(တပည့်တော် အမိုးဘက်ကကြည့်တာမို့ အောက်မဆင်းခဲ့ တော့ဘူးဘုရား။ အမိုးတွေမှာ ရွှေအချွန်းတွေ အဆောင်တွေမှာ ဝင်းဝင်းလက်နေတာကို တွေ့ရပါတယ်ဘုရား။)

နောက်ဒကာ လျှောက်စမ်း။

www.burmeseclassic.com

www.burmeseclassic.com


(တပည့်တော်က ပထမဆုံးစောင်းတန်းလို့ ထင်ပါတယ်ဘုရား။ အဲဒီစောင်းတန်းက စိမ်းဖန့်ဖန့်အရောင်မျိုး ဖြစ်နေပါတယ်ဘုရား။ ဟိုတုန်းကအရောင်တွေလိုပါပဲ။ စိမ်းဖန့်ဖန့်ပါဘုရား။

နောက်စောင်းတန်းတစ်ခုက တပည့်တော် ဘုရားမုခ်ဦးဘေးနားက မြင်ပါတယ်ဘုရား။ မုခ်ဦးမှာ ပတ္တမြားလုံးလေးတွေစီစီထားတာ ပတ္တမြားစီတဲ့စောင်းတန်းအဝကို ဝင်သွားလိုက်ရင်ဆင်းတုတော်တစ်ဆူကို တွေ့တယ်ဘုရား။

နောက်တစ်ခါမှာ တပည့်တော်က နဂါးရုံဘုရားဖူးချင်သလိုဖြစ်တော့ နဂါးရုံဘုရားလို ကောက်နေတာတွေ့တယ်ဘုရား။

တကယ်တော့ နဂါးရုံဘုရားမဖြစ်နိုင်ဘူး။ စွယ်တော်ပဲဖြစ်နိုင်ပါတယ်ဘုရား။

ဘာဖြစ်လို့လဲဆိုတော့ စွယ်တော်ထားတဲ့နေရာပုံကလေးဟာကောက်ကောက်ကလေးမို့ပါ။ တစ်ဖက်ခြမ်းက ကိုင်းမပါသလိုဖြစ်နေတာပါဘုရား။ တစ်ဘက်က ဒီလိုကွေးနေပါတယ်ဘုရား။

တစ်ဘက်ကိုရှာလို့မတွေ့ပါဘူးဘုရား။ တပည့်တော် ခပ်လှမ်းလှမ်းကနေကြည့်တော့ ဝင်းပြီးကောက်နေတာပါဘုရား။

စွယ်တော်ကိုတင်တဲ့ကလပ်ဟာ ခြင်းကိုင်းတစ်ဘက်မပါသလို ဖြစ်နေတာဘုရား။ တပည့်တော် နဂါးရုံဘုရားမှတ်တာ။ နဂါးရုံဘုရားမဟုတ်ဘူးဘုရား။)

ဆံတော်ကရော။

(ဆံတော်က အရင်တုန်းကစပြီးဖူးထားလို့ ဒီကနေ့ မဖူးခဲ့ဘူးဘုရား။ နောက်ပြီး စောင်းတန်းတစ်ခုကတော့ ဖြူဝင်းနေတဲ့ကျောက်တွေ အရောင်တလက်လက်ဝင်းနေတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com


နောက် အထဲဝင်လိုက်တော့ အဖြူရောင်မှာ အပြာခြယ်ထားသလို လှိုင်း အတွန့် အတွန့်ကလေးတွေ တွေ့ပါတယ်ဘုရား။ တပည့်တော် စေတီလုံးပတ်ကနေ အထက်အပေါ်ကိုကြည့်တော့ ဖောင်းရစ်ရှိတယ်ဘုရား။

ဖောင်းရစ်အထက်မှာ ကြာမှောက်ကြာလန်ရှိတယ်။ ဘွားခန်ဆို သာသနာ့အလံကိုတွေ့လိုက်တယ်ဘုရား။ နတ်ပြည်မှာလည်း သာသနာ့အလံရှိသလားမသိဘူး။ အဲဒီလို အောက်မေ့မိတယ်။

ထီးတော်နဲ့စိန်ဖူးတော်အရောင်ဟာ လင်းနေပြီး ဟပ်နေတာကြောင့် တပည့်တော် အပေါ်တက်ပြီး မဖူးတော့ပါဘူးဘုရား။

တပည့်တော် အောက်ရောက်တော့ ဆရာတော်များရောက်နေတာလားလို့ အောက်မေ့မိတယ်။ ဒါနဲ့ ပြန်တက်ပါတယ်ဘုရား။ စိန်ဖူးနား၊ ငှက်ပျောဖူးနားရောက်တော့ သာသနာ့အလံ ပျောက်သွားပါတယ်ဘုရား။)

သာသနာ့အလံ ကြီးသလား၊ သေးသလား။

(သာသနာ့အလံ တော်တော်ကလေးတော့ ကြီးပါတယ်ဘုရား။ သာသနာ့အလံ ချုပ်ရိုးချုပ်သားတွေတော့ မတွေ့ဘူး။ နောက် ပရိဂ္ဂဏ်ကိုကာတဲ့ အကာတွေ့တယ်ဘုရား။ နောက် အဝိုင်းတွေထဲမှာ ပန်းတွေ တွေ့တယ်ဘုရား။ ဝိုင်းနေပါတယ်ဘုရား။ တပည့်တော်စိတ်ထဲမှာ ဝိုင်းနေတာပဲ တွေ့ပါတယ်ဘုရား။

မနေ့က ခုနစ်နာရီနဲ့ ဒီနေ့ ၄ နာရီ မိနစ် ၄၀ ကြာအောင် ဖူးတာပါဘုရား။ တစ်နေ့ကတော့ တပည့်တော် အပေါ်တက်တော့

www.burmeseclassic.com

www.burmeseclassic.com


ဘီလူးတွေနဲ့ တွေ့လာတယ်။ ဘီလူးတွေက အစိမ်းရောင်တွေ ဝတ်ထားတာ ပါဘုရား။

ဘီလူးတွေလက်မှာကိုင်ထားတာ ဘုလုံးတွေ တွေ့ပါတယ် ဘုရား။ အဲဒီဘီလူးတွေက မြောက်ဘက်သွားတော့ တပည့်တော်က တောင်ဘက်သွားပါတယ်ဘုရား။ ရွှေရောင်နတ်သားတွေနဲ့ တွေ့ပါတယ်။ အဲဒီအခါမှာ စွယ်တော်ကိုသတိရပြီး စွယ်တော်ကို သွားပါတယ်ဘုရား။ နိမိတ်က မှုန်ဝါးသွားတယ်ဘုရား။ ဒါနဲ့ ပြန်ခဲ့ရပါတယ်။)

နောက်ဒကာ။ မင်းရော ဖူးရသလား။

(တပည့်တော် ဖူးရပါတယ်ဘုရား။)

ကျန်တဲ့ သစ်ပင်တွေဟာလည်း အလုံးအဝန်း အဝိုင်း အတူတူပဲ။ ကျန်တဲ့သစ်ပင်တွေက ဘယ်နားရှိမှန်းမသိဘူး။ နတ်ပြည် တာဝတိံသာ ကသစ်ပင်ကိုသာ ဖူးတွေ့ရတာ။ အဲဒါသာ ဝအောင်ဖူးကြ။

ကျန်တဲ့သစ်ပင် ဘယ်မှာမှန်းမသိဘူး။ ဘယ်ဖူးရမှန်းမသိ ဘူး။ ဒီနေ့ ဘာဖူးရမှာတုန်း။ ပင်လယ်ကသစ်ပင်၊ မြကျောက်၊ ပဏ္ဍုကမ္ဗလာ။ ဝမ်းမြောက်ဝမ်းသာနဲ့ ကြိုးစားကြ။ ကုသိုလ်ကြီး တွေ၊ ဒီကုသိုလ်ထူးကြီးတွေရဖို့ လွယ်ပါ့မလား။

(မလွယ်ပါဘူးဘုရား။)

မလွယ်ဘူးပေါ့လေ။ ရုပ်ကြွင်းမှ ခွဲခွာလို့ ကိုယ်ကိုယ်တိုင် က တရားကိုအားထုတ်မှရတာ။ တရားဆိုတာ အားထုတ်ရင် ရတယ်။ ပင်လယ်ကသစ်ပင် ဖူးရပါ့မလား။

www.burmeseclassic.com

www.burmeseclassic.com


(မဖူးရသေးပါဘူးဘုရား။)

စူဠာမဏိစေတီက ဒီနေ့မှ တစ်ရက်ရှိသေးတာ။ ဘုရားဖူးရတာလည်း ဒီကနေ့မှ တစ်ရက်ရှိသေးတာ။ တစ်ရက်ပဲ ရှိသေးတာလား။

(တင်ပါ့ဘုရား။)

ရည်ရွယ်ထားတာ ထပ်ဖူး။

(တင်ပါ့ဘုရား။)

(သာဓု … သာဓု … သာဓု …)

* * *

www.burmeseclassic.com

www.burmeseclassic.com

## ကမ္ဘာ့ဖျက်မီးဆက်ဆိုး

သဒ္ဒါတရားတွေ၊ ကျင့်ကြံမှုတွေ၊ မရောက်ဘူးတဲ့ဘုံဟူ၍ မရှိဘူး။ လူ့ဘဝဖြစ်ငြားသော်လည်း ဘုရားသာသနာတော်နဲ့ တွေ့ဖို့ဆုံဖို့ အလွန်ခဲယဉ်းတာနော်။

ဘုရားသာသနာနဲ့ တွေ့ပြန်ဆုံပြန်တော့လည်း သဒ္ဒါ-ပညာ ခဲယဉ်းတာနော်။ သဒ္ဒါ-ပညာမရှိ ဖြစ်ပြန်တော့လည်း မျက်စိ ဝင်းဝင်း၊ နားဝင်းဝင်း ဖြစ်ဖို့ခဲယဉ်းတာပဲ။

မျက်စိဝင်းဝင်း နားဝင်းဝင်းဖြစ်ပြန်တော့လည်း အားထုတ်ဖို့ရာ ခဲယဉ်းပြန်ရော။

သဒ္ဓမ္မသဿ ဘာဝေါ ဒုလ္လဘော - တဲ့။ သူတော်ကောင်း တရား ကြားရနာရဖို့ဆိုတာ အလွန်ခဲယဉ်းတယ်တဲ့။ ကြားရ နာရပြန်တော့လည်း သဒ္ဒါတရားဖြစ်ဖို့ရန် ခဲယဉ်းပြန်ရော။

(တင်ပါ့ဘုရား။)

ဆင့်ကဲ ဆင့်ကဲ ဒါကြောင့် မလုပ်နိုင်ကြတာပဲလို့ ကိလေ သာ သံသရာက တစ်သံသရာလုံး ခွေးတွေ၊ ဝက်တွေ၊ ကြွက်တွေ

www.burmeseclassic.com

www.burmeseclassic.com


ဘက်ပေါင်းစုံ ဖြစ်ရာဘဝ လောဘ၊ ဒေါသ၊ မောဟ တညီးညီး တပြောင်ပြောင် လောင်နေတာ။

(မှန်ပါဘုရား။)

တညီးညီးတပြောင်ပြောင်လောင်နေတာ။ ဟိုသာသနာပိုင်ကြီးများရဲ့တပည့် ဦးပညာသာမိတဲ့။ ဒေါသအလွန်ကြီးတယ်။ မင်းတုန်းမင်းကြီးကတောင်းပန်လို့ ကျေအေးတာ။ အဲဒီတော့ မိမိတို့ဖြစ်လေရာ ဘဝသံသရာမှာ လောဘမီးတွေ၊ ဒေါသမီးတွေ၊ မောဟမီးတွေ တောက်လောင်တာတွေဟာ ကမ္ဘာဖျက်မီးထက် ဆိုးတယ်။

လောကမယ် အသက် ၅၀ ရှိပြီး မီးတွေက ပွားလာတာပဲ ရှိတယ်။ သားရေး သမီးရေး ဘာရေးညာရေး ဒီအရေးတွေ များရော၊ အလိုလို ဒေါသဖြစ်လာရော။ ဒေါသဖြစ်တာလည်း မောဟပါ၊ လောဘဖြစ်တာလည်း မောဟပါ မပါဘူးလား။

(ပါပါတယ်ဘုရား။)

မသိလို့ပေါ့၊ အဲဒီလိုမဟုတ်ဘူးလား။

(မှန်ပါတယ်ဘုရား။)

ကမ္ဘာဖျက်မီးထက်ဆိုးတယ်။ ကမ္ဘာဖျက်မီးထက်ဆိုးတယ် ဆို၊ ဟိုရှေးအခါကဖြစ်တာ။ ယခုငြိမ်နေပြီ၊ မင်းတို့သန္တာန်မှာရှိတဲ့ လောဘ ဘယ်တုန်းကငြိမ်နေတုန်း။

(ငြိမ်မနေပါဘူးဘုရား။)

ဣရိယာပုထ် ၄-ပါးရှိတယ်။ ငြိမ်ဖို့လွယ်သလား။

(မလွယ်ပါဘူးဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



အားထုတ်နေဆဲ ဖြစ်တာလေးနော်။ အားထုတ်နေတုန်း စိတ်ဘယ်ရောက်သွားသလဲ။ အိမ်ရောက်မသွားဘူးလား။

(ရောက်သွားပါတယ်ဘုရား။)

ကမ္ဘာကုဋေတစ်သိန်းဟာ အသက်ရှည်သော်လည်း ကုသိုလ်ကံ အကုသိုလ်ကံဟာလည်း ပြည့်စုံသည်သာ ဖြစ်လေသတည်း‥ တဲ့၊ ကမ္ဘာတစ်သိန်းမက ပြုခဲ့တဲ့ကုသိုလ်တွေ၊ ဘာကုသိုလ်လဲ။

ကမ္ဘာပေါင်း ကုဋေတစ်သိန်းပြီးဆုံးသည့်တိုင်အောင် တရားတော်လည်း တည်ရှိနေတယ်။ အင်မတန်ဝမ်းသာစရာကောင်းပါတယ်။ ဒါတွေဟာ ပျောက်ပျက်နေတာမရှိဘူး။ စည်းစိမ်ဥစ္စာသာ ပျောက်ပျက်ကြတာ။ ဒါတွေက ကံဟောင်းကဟာတွေ။

(တင်ပါ့ဘုရား။)

ဒီလိုတော့လည်း ဝမ်းသာစရာကောင်းပါလားနော်။ ဒီအခါမှာ သာသနာနဲ့တွေ့ကြသူတွေ၊ လူရော သူရော ယောကျ်ားမိန်းမ အကုန်လုံးပါတယ်။

(တင်ပါ့ဘုရား။)

အသက်တွေကလည်း သန်းသိန်းချီပြီး တက်သွားပြန်တာ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ သဗ္ဗညုတဉာဏ်တော် ရှစ်ဆယ်ပြည့်မှာ နံဘေးက အခြံအရံများခြံရံပြီး ဆွမ်းခံကြွတယ်။

ဒကာမကြီးနဲ့တွေ့တယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ရပ်နေတယ်။ ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးက “ဝတ်ချလိုက် ဝတ်ချလိုက်” ဆိုတော့ သူကလည်း ဝတ်ချလိုက်တယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်း ဒီလောက်ဆို

www.burmeseclassic.com

www.burmeseclassic.com


ထွက်ပေါက်ရပြီဆိုတာ သိတယ်။ ဝတ်ကလေးတစ်ကြိမ်ချတာနဲ့ နိဗ္ဗာန်ရသွားတယ်။ ဘုရားကို တစ်ကြိမ်ဦးချတာနဲ့ အပါယ်ပိတ်တယ်။ ဒါကြောင့် လူ့ဘဝရတာ။ ဘယ်လောက်ကြီးကျယ်သတုန်း။

(ကြီးကျယ်ပါတယ်ဘုရား။)

ဘုရားပွင့်တယ်ဆိုတာ အိန္ဒိယမှာပွင့်တာ။ အိန္ဒိယမှာပွင့်တာ။ လူတိုင်းလူတိုင်း သိပြီးသားပဲ။ ဘုရားပွင့်တဲ့ပလ္လင်က ကမ္ဘာကြီးပျက်စီးနေတဲ့အချိန်မှာမှ သူက နောက်ဆုံးမှ ပျက်တာ။

ကမ္ဘာကြီးတည်တဲ့အခါမှာ သူက အရင်ဆုံးတည်တာ၊ အံ့သြစရာမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

ဘုန်းကြီးက နေ့တိုင်းရှိခိုးတယ်။ ရှိခိုးတာ ကုသိုလ်မရဘူးလား။

(ရပါတယ်ဘုရား။)

ကန္တီဆရာတော်ကြီးများ အဲဒီဘက်လှည့်လှည့်ပြီး ရှိခိုးတယ်။ ဘုန်းကြီးရှိခိုးတာကို ဘာကိုရှိခိုးတာလဲလို့ သူများကိုမေးကြည့်မှသိရတယ်။ ယခု ဘုန်းကြီးလည်း အမြဲရှိခိုးတယ်။ ကဲ ဟိုဘက်ထောင့်မှာ အိန္ဒိယ၊ ကဲ ရှိခိုး၊ ဘုရားပလ္လင်တော်ကို ရှိခိုး။

(တင်ပါ့ဘုရား။)

ဘုရားပလ္လင်တော်ကိုရှိခိုးရင် နမောတဿဆိုဦး။

(နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)

ကဲ - သီဟိုဠ်ကျွန်း မဟာဗောဓိစေတီတော်ကို ဒီကနေ စပြီးတော့ ရှိခိုး။

www.burmeseclassic.com

www.burmeseclassic.com


(နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)

ရန်ကုန် ရွှေတိဂုံ ရှိခိုးမယ်။

(နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)

အိမ်ရောက်လို့ ကိုယ့်နေရာရောက်ရင် ပုဆော်ဝတ်ချ ရှိခိုး အိပ်ရင်ကောင်းတယ်။

လက်ကလေး ခြေကလေး ပြည့်စုံစွာရှိတဲ့အချိန်ခါ ဝတ်ချပြီး အိပ်ရမှန်းမသိဘူး။ သရာတော်ကြီးများ အဲဒီလို လှည့်လည်ပြီး ရှိခိုးတော့ ဘုန်းကြီးက မသိခဲ့ဘူး။

ကိုယ်ကလည်း ကြုံဖူးတာ သိဖူးတာမှမဟုတ်ဘဲကိုး၊ ဘယ်သိပါ့မလဲ။ ကြည်ညိုပြီး ရှိခိုးရမှာပေါ့။

(တင်ပါ့ဘုရား။)

ပလ္လင်တော်နေရာတွေ ကမ္ဘာကြီးပျက်စီးမှ ပျက်မယ်။ ကြည်ညိုစရာ ရှိခိုးစရာ ဘယ်လောက်ကောင်းတုန်း။

အဲဒါ ရှိခိုးရတဲ့အကျိုး။ ဝတ်ကတော့ တစ်ကြိမ်ချတာနဲ့ ဘုရင့်အာဏာ တစ်သိန်းနဲ့ညီတယ်။ ဘုရားသာသနာ တွေ့ဖို့ မလွယ်ဘူး။ အလွန်အလွန်ခဲယဉ်းတာနော်။

မြတ်စွာဘုရားရှင်က ပဏ္ဍုကမ္ဗလာနဲ့ ပင်လယ်ကသစ်ပင်မှာ အဘိဓမ္မာ ၇-ကျမ်း ဟောတော်မူတယ်။ သိတာပေါ့။ နတ်ပြည် ဘယ်မှာရှိမှန်းမသိဘူး။

(တင်ပါ့ဘုရား။)

ယခုတော့ ကိုယ်တိုင်ကိုယ်ကျ ဘုရားရှင် ထိုင်တော်မူတဲ့ ပလ္လင်တော်ကြီးကို မကြည်ညိုရဘူးလား။

www.burmeseclassic.com

www.burmeseclassic.com


(ကြည်ညိုရပါတယ်ဘုရား။ အဘိဓမ္မာ ၇-ကျမ်း ဟော ကြားတဲ့နေရာမို့ တပည့်တော် တစ်သက်လုံး ကြည်ညိုလို့မဆုံး ပါဘူး ဘုရား။)

ဘုရားသာသနာတော်ကြီးကို ယခုမျက်စိတစ်မှိတ် လျှပ် တစ်ပြက်အတွင်းမှာ ကြည်ညိုရတာ အံ့သြစရာမကောင်းဘူးလား။ ယခု ပင်လယ်ကသစ်ပင်ကြီးလည်း မြင်ရပြီ၊ နောက် ဒီလို ကြည်ညိုရဖို့ လွယ်ပါ့မလား။

(မလွယ်ပါဘူးဘုရား။)

မလွယ်ဘူး။ သူများပြောလို့ရော ယုံပါ့မလား။)

(မယုံပါဘူးဘုရား။)

ကိုယ်တွေ့မတွေ့ရင် မယုံဘူး။

(မှန်ပါဘုရား။)

ရှေးသမိုင်းဝင် သာသနာ သမိုင်းဝင်မှတ်တမ်း။

(တင်ပါ့ဘုရား။)

နောက်ဒကာ။

(တပည့်တော် မရသေးပါဘူးဘုရား။ ဝါရေဝါမှတ်ပဲ လုပ်နေပါတယ်။)

ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာဆိုတာက မဟာသုဒဿန မြို့တော်၏ အရှေ့မြောက်ထောင့်။

(မှန်ပါဘုရား။)

စူဠာမဏိစေတီ ဖူးခဲ့ရတယ်မဟုတ်လား။

(ဖူးခဲ့ရပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ရှဋ္ဌာမဏိက အရှေ့လည်းမတည့်ဘူး၊ အရှေ့မြောက်ထောင့်လည်းမကျဘူး။ ရှဋ္ဌာမဏိဖူးလို့ရရင် ဝေဇယန္တာပြာသာဒ်ကို ဖူးလို့ရတယ်။ တောင်နဲ့မြောက် တန်းနေတာပဲ။ မဟာသုဒဿန မြို့တော်ရဲ့အလယ်မှာ ဝေဇယန္တာပြာသာဒ်ဆိုတာရှိတယ်။ သိကြားမင်းရဲ့ နေရာဌာနပေါ့။ မဟာသုဒဿနမြို့တော်ကြီး၊ အဲဒီ ဝေဇယန္တာပြာသာဒ်နဲ့ ရှဋ္ဌာမဏိစေတီက အရှေ့အနောက်တန်း နေတာ။ အနောက်ဘက်ကြည့်လိုက်၊ ဝေဇယန္တာပြာသာဒ် တန်းနေတာပဲ တွေ့ရတယ်။

ရှဋ္ဌာမဏိစေတီကို ဝေဇယန္တာပြာသာဒ်ရဲ့ ခေါင်းရင်းဘက်က တည်ထားတာ။ "ပဏ္ဍုကမ္ဗလာမြကျောက်ဖျာဟာ မဟာသုဒဿနမြို့ အရှေ့မြောက် တိဿရဉယျာဉ်တော်၌ ပင်လယ်ကသစ်ပင်၏အနီး၌ ထိုကျောက်ဖျာသည် ခေါင်ရမ်းပွင့်အသွေးနီးထွေးထွေးသော အဆင်းရှိသည်။ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၏ အဆင်းရှိသည်။ မြကျောက်ဖျာသည် နူးညံ့သိမ်မွေ့ပြီး သိကြားမင်းတို့ ကျောက်ဖျာပေါ်ထိုင်လိုက်တဲ့အခါ ခန္ဓာကိုယ်တစ်ဝက် မြုပ်သွား၏။"

မင်းတို့ရော ရောက်ခဲ့ပြီး သိကြားမဖြစ်ခဲ့ဘူးလား။

"နေရာ မှပြန်ထသောအခါ ပင်ကိုယ်အတိုင်း ပြန်ပြီးဖြစ်ပြန်တယ်။

ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ အလျား အရှည် ၆၀ ယူဇနာ၊ အနံ ယူဇနာ ၅၀၊ ထုထည် ၁၅ ယူဇနာ၊ မျက်နှာပြင် ယူဇနာ ၁၂၀။"

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

အလျား တိုင် ၁၈၄ တိုင်၊ တစ်ကွက် မိုင် ၇၆၈ မိုင်၊ ခရီးဆန့်လျှင် ရန်ကုန် မန္တလေးလွန်၍ ပင်လယ်ဘက် ၁၃၅ မိုင်။ အနံက ယူဇနာ ၅၀ ကို တိုင် ၃၂၀၊ မိုင် ၆၄၀၊ ခရီးဆန့်သော် ရန်ကုန်မှ တစ်ပတ်ခရီးကွာဝေးခန့်။ အထုယူဇနာ၊ အထုယူဇနာ က ၁၅ ယူဇနာ။ ၁၅ ယူဇနာကို တိုင် ၉၆ တိုင်၊ မိုင်ပေါင်း ၁၉၂ မိုင်၊ ခရီးဆန့်တော့ ရန်ကုန်မှ တောင်ငူအလွန် ဖြူးအထိခန့်၊ အကျယ်မျက်နှာပြင် ၇၆၅ တိုင်၊ မိုင် ၁၃၆၅။

ကဆုန်လဆန်း ၆-ရက်။

မှတ်လည်းထားကြ။

ကုသိုလ်ရှိလို့ စူဠာမဏိစေတီဖူးရတယ်။ ဒီလိုအခွင့်အရေး ရဖို့မလွယ်ဘူး။ အိမ်မင်းမစွမ်းဖြစ်လို့ စုတိစိတ်ကျခါနီးတော့ သားတွေ သမီးတွေ မြေးတွေက "အဖေ၊ စူဠာမဏိဘုရား ဖူးခဲ့ရတယ်ဆို" စုတေခါနီးပြောတော့ စူဠာမဏိဘုရားကိုသတိရတော့ တန်ဖိုးမရှိဘူးလား။

(ရှိပါတယ်ဘုရား။)

ပင်လယ်ကသစ်ပင်တို့၊ စူဠာမဏိတို့ ပြီးခဲ့ပြီ၊ ဒီကနေ့ သုဓမ္မာဇရပ်။

သုဓမ္မာဇရပ်က ဒီထောင့်မှာ၊ ရာဟုထောင့်မှာ၊ စူဠာမဏိ က ဒီဘက်မှာ၊ ဝေဇယန္တာဇရပ်နဲ့ အရှေ့အနောက်တည့်တည့် ဖြစ်နေတယ်။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



စူဠာမဏိဖူးလို့ရတဲ့သူက သုဓမ္မာဇရပ်၊ ဝေဇယန္တာ အဲဒီလို ဖူးကြ။ သိကြားမင်းစံတဲ့မြို့တော်က မဟာသုဒဿနမြို့တော်၊ အဲဒီမြို့တော်က ဝေဇယန္တာပြာသာဒ်ကြီး ဘယ်လောက်ကြီးကျယ်တယ် ခမ်းနားတယ်ဆိုတာ ကြည့်ခဲ့။

(တင်ပါ့ဘုရား။)

ကြည့်ခဲ့ကြ၊ ဖူးကြ။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

# ဘာနဲ့မှ မလဲနိုင်

ရွှေနဲ့ငွေနဲ့ လဲလို့များရမယ်ဆိုရင် အဲဒီကုသိုလ်ဟာ စူဠာမဏိ ဖူးရတဲ့ကုသိုလ် တစ်ဆူတည်းတောင်မှ။ ပင်လယ်ကသစ်ပင်နဲ့ မြတ်စွာဘုရားဆံတော် ဖူးရတဲ့ ကုသိုလ်တွေ။

သူဌေးကြီးတွေ စိန်တွေရော၊ ကျောက်တွေရော၊ ပတ္တမြား တွေရော၊ ဆိုင်ကယ်တွေရော၊ ကားတွေရော ပေးပါ့မယ်၊ လဲပါ ဆိုရင် လဲနိုင်ပါ့မလား။

(မလဲနိုင်ပါဘူးဘုရား။ ဒါက ကိုယ့်မျက်စိထဲမှာ ကြည်နူးနေ တာပါဘုရား။)

ဟုတ်တယ်။ မလဲနိုင်ဘူး။ ဒီလိုမျက်လုံးမျိုး ရဖို့လွယ်ပါ့ မလား။ မလွယ်ဘူး။

(တင်ပါ့ဘုရား။)

မိမိတို့ တရှုတရှိုက် ဘယ်လောက်အဖိုးတန်တုန်း။ ဘုရား ကိုလည်း ကြည်ညိုရတယ်၊ မယ်တော်မိနတ်သား၊ ပင်လယ် ကသစ်ပင်၊ ဘုရားရဲ့ဆံတော်၊ ဘုရားအဆူဆူပွင့်တော်မူပြီး တရားဟောကြားတဲ့ ကျောက်ဖျာနေရာတွေ ဖူးရတယ်။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

ကမ္ဘာ့ဦးက သစ်ပင်ကြီးတွေ၊ ကမ္ဘာကြီးပျက်စီးမှပျက်စီးမှာ။ တန်ဖိုးဖြတ်လို့မရဘူး။ ဟိုပစ္စည်းတွေက ကြောင့်ကြရမယ်။ သိမ်းရမယ်။ ရန်သူမျိုး ၅-ပါးနဲ့ ဆက်ဆံနေတယ်။ လုယူလို့ မပေးရင် အရိုက်ခံနေရမယ်။

(တင်ပါ့ဘုရား။)

ဒါက ဘယ်သူမှလုယူလို့မရဘူး။ အကုန်လုံးရတယ်နော်။

(တင်ပါ့ဘုရား)

ယူတာတော့ယူပါ၊ ပေးလိုက်မယ်။ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာကြီး၊ မဟာသုဒဿနမြို့ရဲ့ အရှေ့မြောက်မှာ တိဿဥယျာဉ်တော်၌ ပင်လယ်ကသစ်ပင်၏အနီးရှိ ကျောက်ဖျာက မဟာသုဒဿနမြို့တော်ဆိုတာက စူဠာမဏိဘုရားရှိတာ။

အရှေ့အနောက်တန်းနေတာ။ ဝေဇယန္တာပြာသာဒ်နဲ့ဆို သိကြားမင်းက စူဠာမဏိစေတီကို သူ့ရဲ့ထိပ် ခေါင်းရင်းက တည်ထားတာ။ စူဠာမဏိစေတီက အနောက်လှည့်ကြည့်ရင် ဝေဇယန္တာပြာသာဒ် တန်းလို့ပေါ့။

(တင်ပါ့ဘုရား။)

"ထိုကျောက်ဖျာသည် ခေါင်ရန်းပွင့်အသွေး နီထွေးထွေးနေသော အဆင်းရှိသည်။ မြကျောက်ဖျာကြီးရဲ့အရောင်၊ ထိုကျောက်ဖျာသည် နူးညံ့သိမ်မွေ့သောကြောင့် သိကြားမင်းတို့ ကျောက်ဖျာထိုင်လိုက်သောအခါ ကိုယ်တစ်ဝက်မြုပ်သွား၏။

www.burmeseclassic.com


နှုးညှံ့သိမ်မွေ့ ညင်သာ၏။ ကျောက်ဖျာမှထသောအခါ ပြန်ပြည့်လာ၏။"

(တင်ပါ့ဘုရား။)

ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် အလျား ယူဇနာ ၆၀၊ အနံ ယူဇနာ ၅၀၊ ထု ယူဇနာ ၁၅၊ မျက်နှာပြင် ယူဇနာ ၁၂၀၊ နည်းတဲ့ကျောက်ဖျာကြီးမဟုတ်ဘူး။

(တင်ပါ့ဘုရား။)

အလျား ယူဇနာ ၆၀ နော်၊ တိုင်ဖွဲ့လိုက်ရင် ၃၈၄ တိုင်၊ မိုင်ဖွဲ့လိုက်ရင် ၇၆၈ မိုင်။

(တင်ပါ့ဘုရား။)

ခရီးဆန့်လျှင် မန္တလေးမှ ရန်ကုန်သို့ ပင်လယ်ထဲသို့ မိုင် ၂၇၀၊ တိုင် ၁၃၅ တိုင်ခန့်၊ အနံ ယူဇနာ ၅၀ တိုင်ဖွဲ့လိုက်ရင် ၃၂၀၊ မိုင်ဖွဲ့လိုက်ရင် ၆၄၀၊ ခရီးဆန့်လိုက်ရင် ရန်ကုန်မှ တစ်ပတ်ခရီး အကွာအဝေးခန့်။

အထု ယူဇနာ ၁၅၊ တိုင်ဖွဲ့ရင် ၉၆ တိုင်၊ မိုင်ဖွဲ့ရင် ၁၉၂ မိုင်၊ ခရီးဆန့်သော် ရန်ကုန်မှ တောင်ငူအလွန် ဖြူးခန့်အထိ။

အကျယ် မျက်နှာပြင် ၁၂၀ ယူဇနာ၊ တိုင်ဖွဲ့သော် ၇၆၅ တိုင်၊ မိုင် ၁၅၃၀၊ ၁၃၆၅၊ ကဆုန်လဆန်း ၆ ရက်။ ကူးထားကြ။

(တင်ပါ့ဘုရား။)

သုခမ္မာဇရပ်။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



သုဓမ္မာဇရပ်၊ ဝေဇယန္တာပြာသာဒ် အဲဒါဖူးမယ်။ သုဓမ္မာဇရပ် ကြည့်ထား။ ရာဟုထောင့်မှာ မဟာသုဒဿနမြို့တော်၏ အနောက်မြောက်ထောင့် ဝေဇယန္တာဇရပ်က သုဓမ္မာဇရပ်နဲ့ တန်းနေတယ်။ စူဠာမဏိစေတီနဲ့က အရှေ့အနောက်တန်းနေတာ။ ဒီကနေ့ သုဓမ္မာဇရပ်၊ အဲဒီဌာန၊ သုဓမ္မာဇရပ်က ဘယ်မှာတုန်း။

(အနောက်မြောက်မှာပါဘုရား။)

ဝေဇယန္တာပြာသာဒ်ကရော။

(တောင်ဘက်မှာဘုရား။)

ဖူးရင် သေသေချာချာကြည့်ကြ၊ တရားဟောပလ္လင်တို့ ဘာတို့ တွေ့မှာပေါ့။

(တင်ပါ့ဘုရား။)

အဲဒါတွေလည်း သေသေချာချာကြည့်။

(တင်ပါ့ဘုရား။)

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## သုမေ္မာဇရပ်နဲ့ ဝေဇယန္တာပြာသာဒ်

ကမ္ဘာကြီးပျက်စီးမှ ပျက်စီးမှာ။ ဒီသစ်ပင်ကြီးတွေ အနံမှ အမြင့် အဝန်းအဝိုင်းအမြင့်၊ အဲဒါ သေသေချာချာဖူးလိုက်ရရင် တခြားသစ်ပင်တွေလည်း အနံမှ်အမြင့် အဝိုက်အဝန်း အတူတူပဲ။ ဒါပေမယ့် ဘယ်မှာနေမှန်းမသိဘူး။

(တင်ပါ့ဘုရား။)

နတ်ပြည်ရှိတာက ဖူးလို့ရသေးတယ်။ လူ့ပြည်ရှိတာက ဘယ်နားမသိဘူး။

(ဝင်ပါ့ဘုရား)

အဲဒါ အစိန္တေယျ၊ ဗုဒ္ဓအစိန္တေယျတဲ့။ ဘုရားရှင်ရဲ့ အစိန္တေယျ၊ မဆန်းကြယ်ဘူးလား။

(ဆန်းကြယ်ပါတယ်ဘုရား။)

အမေမွေးကတည်းက အသေက။ ထွက်လေက အရင် ထွက်တာ။ နောက်မှ အသက်ကပြန်ရှုလို့၊ အဲဒီကစပြီးကော့ ထွက်လေ ဝင်လေဖြစ်လာတာ။ ဒီအတိုင်းထားခဲ့တာ။ ဒီရောဂါမှ မြကျောက်ဖျာကို ထွက်လေဝင်လေနဲ့ ပို့လိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com


ရှည်ရှည်ကလေးရှူလိုက်တာနဲ့၊ ရှည်ရှည်ကလေးရှိုက်လိုက်တာနဲ့ ရောက်သွားတာမဟုတ်ဘူးလား။

(တင်ပါ့ဘုရား။)

တန်ဖိုးဖြတ်လို့ရပါ့မလား။

(မရပါဘုရား။)

ဒီတရှူတရှိုက်က နတ်ပြည်ရောက်မှာ။ ဒီတရှူနဲ့ တာဝတိံသာနတ်ပြည်အထိ ကြည်ညိုသွားပြီ။

ဒကာကြီးကရော။

(ရောက်ပါတယ်ဘုရား။)

နောက်ကရော။

(တပည့်တော်က မေတ္တာပဲပို့ပါတယ်ဘုရား။)

နောက်တစ်ယောက်။

(ရောက်ပါတယ်ဘုရား။)

ပဏ္ဍုကမ္ဗလာနဲ့ မြကျောက်ဖျာလေ။

(တင်ပါ့ဘုရား။)

ကသစ်ပင်က ဘယ်ဘက်ကတုန်း။

(ကသစ်ပင်က အရှေ့ဘက်ကပါဘုရား။)

သေသေချာချာဖူးကြ၊ မယ်တော်မိနတ်သားကို ဟောတော်မူရာဌာန ရောက်သလား။

(ရောက်ပါတယ်ဘုရား။ တပည့်တော်က အရှေ့ဘက်ကဘုရား၊ တပည့်တော်က ပုံမှန်အနေအထားပဲ ဖူးခဲ့ရပါတယ်ဘုရား။ အဝန်းအဝိုင်းက ဘဲဥပုံနဲ့ဆင်ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ရောက်သလား။

(ရောက်ပါတယ်ဘုရား၊ အရွက်မချွန်းပါဘူးဘုရား။ ဘဲဥပုံသဏ္ဍာန်ရှိပါတယ်။ အရောင်က အစိမ်းရောင်ရှိပါတယ်ဘုရား။ ပုံစံကတော့ မြေက မပါက်နေတဲ့ပုံစံမျိုးပါဘုရား။ မြေကြီးက ထွက်သွားတဲ့ပုံစံမျိုးပါဘုရား။

ထနောင်းပင်နဲ့တူပါတယ်ဘုရား။ အရွက်တွေက စိမ်းနုနု ရှိပါတယ်။ အရောင်ကတော့ ဝါဖြူဖြစ်နေပါတယ်ဘုရား။

ကျောက်ဖျာကြီးကိုလည်း တွေ့ပါတယ်ဘုရား။ ကျောက်ဖြာကြီးဟာ မိုးထိနီးပါးကြီးမားတာကို တွေ့ရပါတယ်ဘုရား။ သူ့နောက်ကျောမှာ တောင်အမြင့်ကြီးရှိပါတယ်ဘုရား။

အရှေ့မှာလည်း ပင်လယ်တွေ့ပါတယ်ဘုရား။ ကသစ်ပင်က အကြီးကြီးပေါ့။ ကြီးတာတော့ကြီးတယ်ဘုရား။ ပြောရရင် တပည့်တော်တို့ဆီမှာရှိတဲ့သစ်ပင်ထက် ၅-ဆ ၆-ဆလောက်ကြီး တယ်ဘုရား။)

ပင်လုံးက ဘယ်လိုလဲ။

(ထနောင်းပင်လိုပဲဘုရား။ ဝါဖြူဖြူရှိပါတယ်၊ အရွက်က အစိမ်းပါဘုရား၊ ဒီက ကသစ်တွေလိုပဲ ထင်ပါတယ်ဘုရား။)

အရွက်က ဘယ်လောက်ကြီးသတုန်း။

(တပည့်တော်မြင်ရတာ ခပ်သေးသေးပဲဘုရား။)

အရွက်နဲ့အကိုင်း ဘယ်လောက်ကွာတုန်း။

(တပည့်တော်အမြင်ကတော့ တစ်ပေလောက်ကွာတယ်လို့ ထင်ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


အဝေးကဖူးရတာကိုး။

(တင်ပါ့ဘုရား။)

ကျောက်ဖျာက ဘယ်လိုအရောင်လဲ။

(အစိမ်းရောင်ပါဘုရား၊ စာတမ်းကလေးတွေလိုလဲ ခပ်မှိန့်မှိန့် မြင်တယ်ဘုရား။)

ခပ်မောက်မောက်နေမှာပေါ့။

(တင်ပါ့ဘုရား။)

ဒီပြင် ဘာတွေ့သေးလဲ။

(ဘာမှမတွေ့ပါဘူးဘုရား။)

နောက်ဒကာ။

(တပည့်တော် ဖူးရပါတယ်ဘုရား။)

မဟာသုဒဿနမြို့တော်၏အရှေ့မြောက် တိဿရ ဥယျာဉ်တော်၌ ပင်လယ်ကသစ်ပင်၏ မဟာသုဒဿနမြို့တော်မှာရှိတဲ့ စူဠာမဏိစေတီ ဖူးရတယ်မဟုတ်လား။

(ဖူးရပါတယ်ဘုရား။)

မဟာသုဒဿနမြို့တော်ရဲ့အနောက်ဖက်မှာ ဝေဇယန္တာ ပြာသာဒ်၊ စူဠာမဏိစေတီနဲ့ တန်းနေတယ်။

(တင်ပါ့ဘုရား။)

စူဠာမဏိစေတီကို ခေါင်းရင်းကတည့်တာ။

(တင်ပါ့ဘုရား။)

စူဠာမဏိစေတီကနေ အနောက်လှည့်လိုက်ရင် ဝေဇယန္တာ ပြာသာဒ်တွေ့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ဝေဇယန္တာပြာသာဒ်မှ မြကျောက်ဖျာကြီး ခေါင်ရန်းပွင့်အသွေး နီနီထွေးသော အဆင်းရှိတယ်။

(တင်ပါ့ဘုရား။)

ထိုကျောက်ဖျာသည် နူးညံ့သိမ်မွေ့သောကြောင့် သိကြားမင်း ထိုကျောက်ဖျာပေါ်ထိုင်လိုက်သောအခါ ကိုယ်တစ်ဝက်မြုပ်သွား၏။

(တင်ပါ့ဘုရား။)

နေရာမှပြန်ထသောအခါ သူ့အတိုင်း ပြန်ပြည့်လာ၏။

(တင်ပါ့ဘုရား။)

ဒီနေ့ သုဓမ္မာဇရပ်နဲ့ ဝေဇယန္တာပြာသာဒ်ပေါ့။

ဒီအခွင့်အရေးမျိုး ရဖို့မလွယ်ဘူး။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓမမ္မ အခါစန္ဒေယျ

ဒကာကရော။

(တပည့်တော် ရောက်တော့ရောက်ပါတယ်ဘုရား၊ မသဲကွဲဘူး။)

ဝေဇယန္တာရော။

(ရောက်ပါတယ်ဘုရား။)

နိမိတ်များများရအောင် ပွားရတယ်။

(ပွားပါတယ်ဘုရား။)

ရောက်ရဲ့လား။

(ရောက်တယ်လို့ထင်ပါတယ်ဘုရား၊ စိတ်ကလိုလို ထင်နေတာပါ။)

(ရောက်တော့ရောက်ပါတယ်ဘုရား၊ ဒါပေမယ့် မသဲကွဲဘူးဖြစ်နေတယ်ဘုရား။)

အကြီးအသေးရော။

(ကြီးတာတော့ အကြီးကြီးဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


(ထပ်ကာထပ်ကာပို့သော်လည်း မသဲကွဲတော့ တပည့်တော် လည်း မပြောတတ်တော့ဘူးဘုရား)

နောက်ဒကာ။

(ရောက်ပါတယ်ဘုရား။)

ရောက်တော့ရောက်တယ်လား။

(တင်ပါ့ဘုရား။)

ရွှေတွေငွေတွေပေးမယ်။ မင်း နောက်ဆုတ်ဆိုရင် မင်း နောက်ဆုတ်မလား။

(မဆုတ်ပါဘူးဘုရား။)

ဟုတ်ရဲ့လား။

(ဟုတ်ပါတယ်ဘုရား။)

လျှော့လိုက်ရင် လျော့သွားမယ်မဟုတ်လား။

(တင်ပါ့ဘုရား။)

(သုခမ္မဇရပ်ကိုရောက်ပါတယ်ဘုရား၊ တိုင်လုံးကြီးတွေ အကြီးကြီးတွေပါဘုရား)

သုခမ္မာဇရပ်ကို ရောက်ရဲ့လား။

(ရောက်ပါတယ်ဘုရား။)

ပို့လိုက်တဲ့အခါ ရှောရှောရှုရှုရောက်သလား။

(ရှောရှောရှုရှုတော့ မရောက်ဘူးဘုရား၊ ထောက်ထောက် နေတယ်။)

လမ်းမှာထောက်နေတာလား။

www.burmeseclassic.com

www.burmeseclassic.com


(မဟုတ်ဘူးဘုရား၊ အဲဒီမှာ အရောင်စူးနေလို့ တော်တော်နဲ့ ဖူးမရတာပါ။ အပြင်ဘက်ကပဲ တပည့်တော် သေသေချာချာ ဖူးရပါတယ်ဘုရား။ သုခမ္မာဇရပ်အတွင်းကို မရောက်ဘူးဘုရား၊ အပြင်တင်ပဲ ဖူးရတာပါ။ အတွင်းကိုမဝင်ဖြစ်ပဲ အပြင်ကို လျှောက်ကြည့်ပစ်တာပါဘုရား။)

သုခမ္မာဇရပ် ဘယ်လောက်ကြီးတုန်း။

(အတော်ကြီး ကြီးပါတယ်ဘုရား၊ သံရုံးထက်တောင် မြင့်ပါတယ်ဘုရား။)

တောင်နဲ့မြောက်လား၊ အရှေ့နဲ့အနောက်လား။

ဘာတွေတွေ့သေးသလဲ။

(ထင်ယောင်ထင်မှား နတ်သားလိုလို၊ ဘီလူးလိုလို တွေ့ပါတယ်ဘုရား။)

အပြင်ဘက်တွေ့တာလား၊ အတွင်းဘက်တွေ့တာလား။

(သုခမ္မာဇရပ်ရဲ့ အပြင်ဘက်မှာ တွေ့တာပါဘုရား။)

နောက်ဒကာ လျှောက်စမ်း။

(သုခမ္မာဇရပ် ရောက်ပါတယ်ဘုရား။ သုခမ္မာဇရပ်က ရှေ့နောက်ထားပါတယ်ဘုရား။ တပည့်တော်က ရှေ့ဘက်ကဝင်တာပါဘုရား။)

ဝင်တော့ ဘာတွေ့လဲ။

(သုခမ္မာဇရပ်ကို အတွင်းဘက်ဝင်တော့ နာရီစင်လိုလို ရှည်ရှည်ကလေးတစ်ခု တွေ့တယ်ဘုရား၊ နာရီတိုင်လို အရှည်ကြီးဘုရား၊ တံခွန်တိုင်လို အရှည်ကြီးပါဘုရား၊ နောက် တပည့်တော်

www.burmeseclassic.com


ဘာလုပ်တယ်လို့မသိဘူးဘုရား၊ ဒီဘက်ခြမ်းမှာလည်း ကနုတ်ပန်းတွေ ထိုးထားတယ်ဘုရား၊ ဒါက သုခမ္မာဇရပ်ဆိုတော့ ဒီဘက်ခြမ်းကလေးမှာပါဘုရား။)

အခန်းထဲမှာလား။

(အခန်းထဲမှာမဟုတ်ဘူး၊ အပြင်ဘက်မှာဘုရား၊ အထဲကို ဝင်လိုက်တဲ့အခါမှာ သိကြားမင်းထိုင်နေတာကို တွေ့ရပါတယ်ဘုရား၊ သိကြားမင်းက မျက်တောင်ခတ်ပြီးနေတာကို မြင်ရပါတယ်ဘုရား။)

အဲဒီမှာ ပလ္လင်နဲ့တွေ့ရတယ်ပေါ့။

(ပလ္လင်နဲ့တွေ့ရတာပါဘုရား၊ ပလ္လင်က ကော်တော်ကြီးတယ်ဘုရား၊ ကပည့်တော် ခန့်မှန်းလို့မပြောတတ်ပါဘူးဘုရား၊ ခြေရင်းမှာတော့ သူ့ဇနီးလို့ထင်တာပဲဘုရား၊ သူဝတ်တဲ့ အဝတ်အစားက စိမ်းဖန့်ဖန့်ကလေးဘုရား၊ သူကတော့ မျက်တောင်မခတ်ဘူးဘုရား။)

သူတို့က ထိုင်နေတာလား၊ ထနေတာလား။

(ထနေတာပါဘုရား၊ နတ်သားက ထိုင်နေပါတယ်ဘုရား၊ နတ်သမီးက ထနေပါတယ်ဘုရား။)

နောက်ဒကာ လျှောက်စမ်းပါ။

(တပည့်တော်ကတော့ စူဠာမဏိစေတီတော်ကို သွားဖူးပါတယ်ဘုရား)

မင်းက စူဠာမဏိစေတီ အရင်သွားဖူးတယ်ပေါ့။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ဖူးခဲ့ရသလား။

(ဖူးခဲ့ရပါတယ်ဘုရား။)

ဆံတော်ကို ဘာနဲ့ပူဇော်ထားတုန်း။

(ဆံတော်ကို ကလပ်နဲ့ပူဇော်ထားတာပါဘုရား။)

ဘယ်လောက်ကြီးတုန်း။

(ကလပ်က ရွှေကလပ်ပါဘုရား။)

ကြည့်စမ်း၊ သုဓမ္မာဇရပ်တွေ၊ ဆံတော်တွေ ဖူးခဲ့ရပြီ။ ဒါတွေဖူးရတာ တရုတ်နဲ့ပို့တာမဟုတ်လား။

(ဟင်ပါ့ဘုရား။)

တန်ဖိုးဖြတ်လို့ရရဲ့လား။

(တန်ဖိုးဖြတ်လို့မရပါဘူးဘုရား။)

အကုန်ကြည်ညိုရတယ်။ ဒဿနထူးတွေ၊ ကုသိုလ်ထူးတွေ ရတယ်။ သဒ္ဓါကြည်ညိုလို့မဆုံးတော့ဘူးနော်၊ (အမှတ်ရတိုင်း)၂ နောက်တစ်ချိန် စုတိစိတ်ကျတဲ့အခါ လက်အုပ်ကလေးချီလို့ အာရုံပြုနေရင်း သေချာတယ်၊ မသေချာဘူးလား။

(သေချာပါတယ်ဘုရား။)

နောက်ဒကာ လျှောက်စမ်း။

(တပည့်တော် စူဠာမဏိဖူးရပြီဘုရား၊ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ အဘိဓမ္မာ ၇-ကျမ်းဟောကြားတဲ့ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာလည်း ဖူးရပြီ၊ တင်ပါ့ဘုရား၊ ပြီးတော့ သုဓမ္မာဇရပ်၊ နောက် သိကြားမင်းနေတဲ့ ဝေဇယန္တာပြာသာဒ်။)

www.burmeseclassic.com

www.burmeseclassic.com



သမထ၊ အာနာပါနဆိုတာ သာသနာပမှာပါကွာလို့ ပြောသင့် မပြောသင့်။

(မပြောသင့်ပါဘူးဘုရား။)

ပြောထိုက် မပြောထိုက်။

(မပြောထိုက်ပါဘူးဘုရား။)

(တပည့်တော်ကတော့ ထန်းလျက်ဆိုတာ ယခုမှ ချိုမှန်းသိတာပါဘုရား။)

ဘာပြောတယ်။

(စားကြည့်မှ ချိုမှန်းသိပါတယ်ဘုရား၊ ယခုမှ လက်တွေ့လိုသဘောဖြစ်တာပါဘုရား။)

အဲဒါပေါ့၊ မထူးဆန်းဘူးလား။

(ထူးဆန်းပါတယ်ဘုရား။)

ယခုခေတ် သိပ္ပံပညာတွေ တိုးတက်တဲ့ မှန်ဘီလူးနဲ့ကြည့်ရပါ့မလား။

(မရပါဘူးဘုရား။)

မရရအောင် ကြည့်မယ်ဆိုရင်ရော ရပါ့မလား။

(မရပါဘူးဘုရား။)

ဘုရားရှင် ဗုဒ္ဓဓမ္မ အစိန္တေယျတဲ့။

ဟိုဒကာ...။

(တပည့်တော် မရသေးပါဘူးဘုရား။)

ကြိုးစားကြ။

www.burmeseclassic.com

www.burmeseclassic.com



ဒီကနေ့ နတ်ပြည်ရှိ စူဠာမဏိစေတီကိုဖူးရတာ စုံသွားပြီ စတုမဟာရာဇ်၊ ဘာဝတိံသာ၊ ဗြဟ္မာပြည်၊ ဗြဟ္မာပြည်က ဒုဿစေတီ အကနိဋ္ဌာဘုံမှာ၊ သူ့အထက်မှာ အရူပဘုံ လေးဘုံပဲ ရှိတော့မယ်။ **အရူပ၄-ဘုံက အာကာသာနဉ္စာယတနဘုံ၊ ဝိညာနဉ္စာယတနဘုံ၊ အာကိဉ္စညာယတနဘုံ၊ နေဝသညာနာသညာယတနဘုံ။**

အကနိဋ္ဌာဘုံက ရူပ ၁၆-ဘုံမှာပါတယ်။ ပထမဈာန် ၃ ဘုံ၊ ဒုတိယဈာန် ၃ ဘုံ၊ တတိယဈာန် ၃ ဘုံ၊ စတုတ္ထဈာန် ၇ ဘုံရှိတယ်။ စတုတ္ထဈာန် ၇ ဘုံက ဝေဟပ္ဖိုလ်ဘုံ၊ အသညသတ်ဘုံ၊ အဝိဟာဘုံ၊ အတပ္ပါဘုံ၊ သုဒဿာဘုံ၊ သုဒဿီဘုံ၊ အကနိဋ္ဌာဘုံ။

အထက်ဘုံတွေက မြင့်လွန်းအားကြီးတော့ ဘုန်းကြီးက မခိုင်းခဲ့ဘူး။

(တင်ပါ့ဘုရား။)

ထွက်လေဝင်လေ ကမ္မဋ္ဌာန်းစုတင် စီးဖြန်းအားထုတ်ခဲ့ပါမူ-

၁။ ယခုကာလ၊ ယခုခေတ်၊ ယခုဘဝ၌ပင်လျှင် လူ အဖြစ်သို့ ရောက်နိုင်သေးသည်။

၂။ လူ့ဘဝရနေသေးလျှင် ရဟန္တာအဖြစ်သို့ မရောက် သေးပါမူ မဝေးသောကာလ၌ သမသီသိရဟန္တာအဖြစ် သို့ ရောက်နိုင်သေး၏။

၃။ အကယ်၍ သမသီသိရဟန္တာ မဖြစ်နိုင်သေးပါမူ နတ် ပြည်သို့ရောက်သောအခါ ဓမ္မကထိကနတ်သား၏ တရားသံကိုကြားရ၍ ရဟန္တာအဖြစ်သို့ ရောက်နိုင် သေး၏။

www.burmeseclassic.com

www.burmeseclassic.com



၄။ အကယ်၍ နတ်ပြည်၌ ရဟန္တာမဖြစ်သေးပါမူ အရိမေတ္တေယျဘုရားမပွင့်မီ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်နိုင်သေးမာ်။

၅။ အကယ်၍ ပစ္စေကဗုဒ္ဓါ မဖြစ်ရသေးပါမူ အရိမေတ္တေယျ အစရှိသော ဘုရားသခင်ကိုယ်တော်အရှင်မြတ်တို့၏ ခြေတော်ရင်း၌ ဗျာဒိတ်ရမထေရ်ကဲ့သို့ ရဟန္တာဖြစ်ရတော့မည် မုချပေတည်း။

ကေန်မှတ်ကြ၊ မဟာရာဟုလောဝါဒသုတ် အဋ္ဌကထာမှာ ပါတယ်။

တစ်ချက်မှမလွတ်ဘူးဗျာ၊ အင်မတန် ဝမ်းသာစရာမကောင်းဘူးလား။

(တင်ပါ့ဘုရား။)

နောက်ပြီး ထွက်သက်ဝင်သက်မရသောပုဂ္ဂိုလ် ၇ ယောက် ရှိတယ်။

၁။ နိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ်၊

၂။ တွေဝေမေ့မျောနေသောပုဂ္ဂိုလ်၊

၃။ သေသောပုဂ္ဂိုလ်၊

၄။ ရေနစ်၊ ရေငုပ်နေသောပုဂ္ဂိုလ်၊

၅။ အမိဝမ်းတိုက်၌ ကိန်းသောပုဂ္ဂိုလ်၊

၆။ ဗြဟ္မာပုဂ္ဂိုလ်၊

၇။ ပဥ္စမစျာန်ပုဂ္ဂိုလ်၊

အရူပဘုံမှာ နာမ်တရားချည်းပဲရှိတာ၊ စိတ်ချည်းပဲရှိတာ၊

www.burmeseclassic.com

www.burmeseclassic.com



နာမ်တရားပဲရှိတာ၊ ရုပ်တရားမရှိဘူး၊ အဲဒီပုဂ္ဂိုလ်တွေ ထွက်သက်ဝင်သက်မရဘူး။

(တင်ပါ့ဘုရား)

မင်းတို့ ထွက်သက်ဝင်သက်ပေါ့၊ ထွက်လေဝင်လေရတဲ့ အတွက်ကြောင့် ရှုမှတ်ပွားများနေတော့ ဘုန်းကြီး ခုနေကပြော ခဲ့တာတွေ၊ သုမ္ဘောဇရုပ်ဆိုတာ နတ်ပြည်အားလုံး ဖူးခဲ့ရပြီ။

(တင်ပါ့ဘုရား။)

ဘုရားသာသနာ အနှစ် (၅၀၀၀) ထားခဲ့တာ၊ အရူပ ၄- ဘုံ ရောက်နေကြတယ်။ အဲဒါ အယူလွဲတာပဲ။

(မှန်ပါဘုရား။)

ကိုင်း - မင်းတို့ ရှိခိုးကြ၊ ပူဇော်ကြ၊ အားထုတ်ကြလို့ ကြည့်စမ်း။

စုတေတစ်ဖန် ဖြစ်ခဲ့ပြန်၊ ကာမဘုံပဲလာမှာပေါ့။

(မှန်ပါ့ဘုရား။)

သုဒ္ဓါဝါသ ၅-ဘုံမှာ ရှေးက သောတာပန်၊ သကဒါဂါမ်တို့ မဖြစ်ဖူးဘူး။ ဘယ်သူ့မှ မဖြစ်ဖူးဘူး ဟုတ်လား၊ မဖြစ်ဖူးဘူးဆို တာ ပဋိသန္ဓေမနေဖူးဘူးပေါ့။ ‘သုဒ္ဓါဝါသ ဘူးမရ’တဲ့၊ မဖြစ်ဖူး၊ မကြုံဖူးဘူးပေါ့။

အနာဂါမ်ဖြစ်မှ ဒီ အကနိဋ္ဌဘုံကိုရောက်တာ၊ သောတာပန် လောက်နဲ့ မရောက်ဘူး။

(တင်ပါ့ဘုရား။)

အနာဂါမ်ဖြစ်ရင် ဒီဘုံကိုတန်းသွား။ အနာဂါမ်ပုဂ္ဂိုလ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com


ဒီလူ့ပြည်ကို ပဋိသန္ဓေယူသောအားဖြင့် တစ်ဖန် ပြန်မလာတော့ဘူး။

(တင်ပါ့ဘုရား။)

အကောနိဋ္ဌဘုံမှာ ဒုဿစေတီတဲ့။

တာဝတိံသာနဲ့ ခုနေက အကဒိဋ္ဌဘုံနဲ့က အဝေးကြီးရယ်၊ အကွာအဝေး ယူဇနာတော့ရှိတယ်၊ သိန်းသန်းကုဋေချီပြီးတော့ သွားတယ်၊ ဒီကပဲ ပို့ရမယ်နော်။

စူဠာမဏိကိုပို့လို့ရရင် အကာနိဋ္ဌဘုံမှာရှိတဲ့ ဒုဿစေတီက သိပ်မဝေးဘူး။

ဒုဿစေတီက နည်းနည်းနိမ့်တယ်၊ ဒီကပဲစပို့။

(တင်ပါ့ဘုရား။)

ရအောင်ပွား၊ အဲဒီမှာ စေတီတော်နှင့်နတ်တွေ မေတ္တာပို့၊ အမျှဝေ။

(မှန်ပါဘုရား။)

ကြိုးကြိုးစားစားဖူးကြ၊ ဒုဿစေတီကို။

(တင်ပါ့ဘုရား။)

စေတီပုံစံက ဘယ်လို သေသေချာချာကြည့်ဖူး။

(တင်ပါ့ဘုရား။)

အကြိမ်ကြိမ်ဆုတောင်းပြီးတော့ ကြည်ညိုကြ၊ ဖူးကြ။

(တင်ပါ့ဘုရား။)

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## ရောက်မှုးမှ သိ

ထွက်လေဝင်လေရှုကာမှုနဲ့ နတ်ပြည်ရောက်သွားကြတာ။ စူဠာမဏိတို့၊ ပင်လယ်ကာသစ်တို့ ဖူးကြရတာ။

(တင်ပါ့ဘုရား။)

ဆိုစမ်းပါဦး၊ ရသလား။

(ရတော့ရပါတယ်ဘုရား၊ မသဲကွဲဘူး၊ နံနက်စောစော ဖူးတယ်၊ သဲသဲကွဲကွဲမမြင်ရဘူးဘုရား၊ နံနက်ဆွမ်းစားပြီး လမ်းလျှောက်တရားမှတ်ဘာယ်၊ ဒါလည်း မှုန်ဝါးဝါးပဲ မြင်ရပါတယ် ဘုရား။

ဝေဇယန္တာလို့ အောက်မေ့မိပါတယ်ဘုရား၊ နောက်တစ်ခုက သူတို့ပြတာကိုပဲ ကြည့်ရပါတယ်၊ သုဓမ္မာလို့မှတ်တယ်ဘုရား၊ မျက်နှာကြက်မှာတော့ ဖဲပြားရောင်ပြာပြာမှာ ရွှေကွေ့နဲ့ကွပ်ထားတာတွေ့ရတယ်ဘုရား၊ ပြီးတော့ ယခု ၈ နာရီခွဲဖြုတ်ခါနီးမှာ ပီပီပြင်ပြင်တွေ့ရတယ်ဘုရား။

ဝေဇယန္တာက မှုန်ဂါးဝါးနဲ့ဖြစ်နေတာ၊ ယခုဖြုတ်ခါနီးမှ ပီပီပြင်ပြင်တွေ့ရပါတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com


ရွှေရောင်ပန်းတွေနဲ့ပဲ တွေ့ရတယ်ဘုရား၊ အဆောက်အဦ က တအားကြီးတယ်၊ အပေါ်မှာလည်း အမြင့်ကြီး၊ တပည့်တော် က သိကြားမင်းညီလာခံလုပ်တဲ့နေရာလည်း ကြည့်ချင်ပါတယ် ဆိုတော့ ရာဇပလ္လင်လိုလည်း တစ်ခုတွေ့တယ်ဘုရား။

မီးနီနီကလေးနဲ့ အင်္ကျီမြင့်တယ်ဘုရား၊ စိမ်းပြာရောင် ခြယ်ထားတဲ့အခန်းတွေလည်းတွေ့တယ်ဘုရား၊ သိကြားမင်းနဲ့ ညီလာခံထိုင်တဲ့ပုံ ကြည့်ချင်တယ်တောင်းနေတုန်းရှိသေးတယ်၊ ဦးသန်းဝင်းကလာပြီး လက်တို့တာနဲ့ ပြတ်သွားပါတယ်ဘုရား။)

မရောက်ဖူးရင်မသိဘူး၊ ရောက်ဖူးမှသိတာ။

(တင်ပါ့ဘုရား။)

ဒုဿစေတီဆိုတာ ဝတ်လဲတော်၊ အဲဒီတော့ စူဠာမဏိဖူး မယ်၊ ဒီလိုချည်းဖူးလို့မရဘူး၊ နိမိတ်ကို များများရအောင်ပွားသွား၊ ပွားပြီးတော့ နိမိတ်ကို (ကြီးစေ)၂ (ကြည်စေ)၂ (လင်းစေ)၂ အဲဒီလို ပွားသွား။

(တင်ပါ့ဘုရား။)

ရှေ့တိုး မရဏာသေရတော့မယ်၊ ဒီကရှုတရှိုက်က တန်ဖိုး ဖြတ်လို့မရဘူး၊ ဘုရားရှင်ရဲ့ အထင်ကရ တန်ခိုးတော်တွေလည်း ဖူးရပြီ။

(တင်ပါ့ဘုရား။)

ဘုရားဖူးခွင့်ပြုပါလို့ အကြိမ်ကြိမ် နတ်တွေကို မေတ္တာပို့ ဆုတောင်းပေး၊ နိဗ္ဗာန်ကိုရအောင်လည်း အကြိမ်ကြိမ်ဆုတောင်း။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



နောက်ဒကာရော။

(ရောက်ပါတယ်ဘုရား၊ အထက်ဘဝဂ်အထိ ရောက်ပါတယ်ဘုရား။)

ရောက်သလား၊ အောက်သွားတော့ ဘယ်လိုသွားသလဲ။

(အောက်သွားတော့ တပည့်တော် မြေကိုဖောက်ပြီး ဒီဘက်နားဝင်၊ ဒီဘက်နားထွက်၊ မျက်စိ၊ နား၊ ပါး၊ မျက်စိရယ်၊ နားရယ်၊ ပါးရယ် ညာဘက်ပခုံးကထွက်၊ ဘယ်ဘက်ပခုံးကဝင်၊ ဘယ်ဘက်ပခုံးကထွက်၊ ညာဘက်ပခုံးဝင်။)

မှတ်မိသလား။

(မှတ်မိပါတယ်ဘုရား။)

ညာဘက်ပခုံးကဝင်၊ ဘယ်ဘက်ပခုံးကထွက်၊ ဘယ်ဘက်ပခုံးကဝင်၊ ညာဘက်ပခုံးကထွက်၊ အမြန်မြန်အလှန်လှန်လေ။

(တင်ပါ့ဘုရား။)

နိမိတ်ရအောင် များများရအောင်ပွား၊ ဘယ်ဘက်နားကဝင်၊ ညာဘက်နားကထွက်၊ ညာဘက်နားကဝင်၊ ဘယ်ဘက်နားကထွက်၊ နား၊ မျက်စိ၊ ပခုံး ကွေ့ပြီးတော့ သူ့ဟာသူသွားမယ်၊ သူ့ဟာသူကွေ့မှာနော်။

(တင်ပါ့ဘုရား။)

ကြိုးစားကြ။

(သာဓု … သာဓု … သာဓု …)

* * *

www.burmeseclassic.com

www.burmeseclassic.com

## တစ်သက်လုံးပြောလို့မကုန်

မြတ်စွာဘုရားဆိုတဲ့အသံ မကြားရရင် မသိဘူး၊ မသိရင် မကြည်ညိုရဘူး၊ မကြည်ညိုရတော့ ကုသိုလ်လည်းမရဘူး၊ အလိုလို စွန့်ပစ်ထားတာ။

(တင်ပါ့ဘုရား။)

ယခု သိတော့ ကြည်ညိုလို့ရပြီမဟုတ်လား။

(ရပါပြီဘုရား။)

နတ်ပြည်တင်မဟုတ်ဘူး၊ နဂါးပြည်၊ ဟို မြေကြီးရဲ့အောက်မှာရှိတယ်၊ အဲဒါ သွားကြည့်မယ်၊ နေ့နဲ့ လနဲ့ ရက်နဲ့မှတ်ထား၊ ဘယ်နေ့က ငါသွားကြည့်တယ်ဆိုတာ မှတ်ထား။

(တင်ပါ့ဘုရား။)

ကိုယ်တွေ့မဟုတ်ရင် မယုံဘူး၊ မယုံလို့ခက်တာပေါ့။

(တင်ပါ့ဘုရား။)

နင်ကရော ရောက်သလား။

(ရောက်ပါတယ်ဘုရား၊ တပည့်တော်က ပစ္စည်းတွေ မတွေ့ပါဘူး၊ ဖူးရုံပဲဖူးမှာပါလို့ဆိုတော့မှ ဖူးရတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



နင်ရော။

(တပည့်တော် ၁၂-တောင်ကနေ အောက်ကို ရှုကြည့်တယ် ဘုရား။)

နဂါးပြည်ကိုရော ရောက်သေးသလား။

(ရောက်ပါတယ်ဘုရား၊ တပည့်တော် ရှုကြည့်တာ၊ အတောင် ၂၀-လောက်ရောက်တော့ ကျောက်မည်းမည်းကလေးတွေ တွေ့ပါ တယ်ဘုရား၊ ကျောက်ခဲကလေးတွေဟာ လင်းနေပါတယ်ဘုရား၊ တစ်ရာ၊ နှစ်ရာကနေ တစ်သောင်းထိပို့ပြီးမှ မြေထုကို ဖောက်ပါ တယ်ဘုရား။)

ရသလား။

(ရပါတယ်ဘုရား၊ မြေထုက မည်းနေပါတယ်ဘုရား။ မြေထုပြီးတော့ ရေထုကိုဖောက်ပါတယ်ဘုရား၊ ရေထုမှာ မည်း မည်းကြီးဖြစ်နေတယ်ဘုရား၊ ကျောက်တုံးကြီးလို မည်းမည်းကြီး ဘုရား၊ လှုပ်လှုပ်နဲ့လည်း ပြတယ်ဘုရား။ ဩော် ဒါ နဂါးကြီး နေမှာပဲလို့ဆိုတော့ အကြီးကြီးပဲ၊ ခေါင်းကြီးထောင်ပြပါတယ် ဘုရား၊ တပည့်တော် အမျှဝေလိုက်တယ်ဘုရား၊ အထဲထဲကို ဥာပနာထားတဲ့ဘုရားရှိတယ်ဆိုလို့၊ ဖူးချင်ပါတယ်ဆိုတော့ တပည့် တော်ခေါင်း တောင်ဘက်ကိုလှည့်လိုက်တာဘုရား၊ ရွှေရောင် တောက် နေတဲ့ဘုရားကြီး ဖူးရပါတယ်ဘုရား၊ တဖြည်းဖြည်းနဲ့ တပည့်တော် မော့်ကြည့်တော့ အလယ်ရောက်တော့ စွယ်တော်ကို တွေ့ တယ်ဘုရား။)

ဒကာမကြီးကရော။

www.burmeseclassic.com

www.burmeseclassic.com


(ရောက်ပါတယ်ဘုရား၊ ဘုရားအလယ်ကောင်ကနေ ထွက်ပြတာဘုရား၊ အဲဒါ ထိပ်ကလေးတွေမှာ လက်နေတာပဲ ဘုန်းဘုန်း၊ လင်းလက်နေပါတယ်ဘုရား၊ ဘုရားကြီးဟာ အမြင့် ဘယ်လောက်ရှိသလဲမသိဘူး၊ ကြည့်ချင်တယ်ဆိုတော့ အမြင့်ကြီး ပဲဘုရား၊ စိန်ဖူးကလဲ ရေထဲမှာ ရိပ်ရိပ်နဲ့ဖြစ်နေတယ်ဘုရား၊ ထီး တော်တော့ မမြင်ရဘူး ဘုန်းဘုန်း။)

ရေတွေနဲ့လား။

(တင်ပါ့ဘုရား၊ ရေတွေကလည်း လှုပ်နေတာပဲ ဘုန်းဘုန်း၊ ထိပ်ကလေးက အညှောင့်ကလေး ထွက်နေပါတယ်ဘုရား။)

နတ်ပြည်ကစူဠာမဏိစေတီ ဖူးရသလား။

(ဖူးရပါတယ်ဘုရား။)

သူနဲ့ ဘယ်လိုနေသလဲ။

(အတူတူပါပဲဘုရား။ ဒါပေမယ့် တပည့်တော် အပေါ်မှာ ဖူးတုန်းက ဒီလို အလင်းရောင်လက်လက်တွေ မတွေ့ရဘူးဘုရား။)

ထွက်လေ ဝင်လေကလေး ရှုကာမှုနဲ့ မြတ်စွာဘုရား ထားခဲ့တဲ့ အထက်နတ်ပြည်က ဘယ်သူမှမရောက်နိုင်တဲ့၊ မဖူးနိုင်တဲ့ စွယ်တော်တွေ ဖူးရတယ်။

(တင်ပါ့ဘုရား။)

ဟိုအောက် မြေထုရဲ့အောက် လေထုရဲ့အောက်၊ ရေထုရဲ့ အောက်ကဘုရား၊ နဂါးပြည်ရောက်၊ နဂါးပြည်ကစွယ်တော် ဖူး ရပြီ။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ဒီလိုမျက်လုံးမျိုးတွေ ရဖို့လွယ်ပါ့မလား။

(မလွယ်ပါဘူးဘုရား။)

စကြာမင်းကြီးဖြစ်နေပါရင်ကော ဒီလိုမျက်လုံးမျိုးတွေ ရပါ့မလား။

(မကျင့်ကြံရင် မရပါဘူးဘုရား။)

မရဘူး၊ ယခု ပိုက်ဆံလည်း တစ်ပြားမှမကုန်ဘူးနော်၊ ခြေကျင်လည်းမသွားရဘူး၊ ကားတို့၊ ရထားတို့ ဘယ်နားဆင်းပါဦးမယ်လည်း ပြောစရာမလိုဘူး။ နောက်က အစောင့်အရှောက်လည်း ခေါ်စရာမလိုဘူး။

(တင်ပါ့ဘုရား။)

ဘာဒုက္ခမှမရှိဘူးနော်၊ ကိုယ့်ဟာကိုယ် အေးအေးဆေးဆေး သွားစမ်း၊ ကုသိုလ်တွေများများမရဘူးလား။

(ရပါတယ်ဘုရား။)

မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်းမှာ ကုဋေတစ်သိန်း မကဖြစ်တာ။ မိလိန္ဒမင်းကြီးကမေးလို့ ရှင်နာဂသိန်ဖြေတာ၊ အသီး ၁၀၀ စိုက် လယ်ကွင်းကြီး ၇-ကွင်းစာတဲ့။

စာအုပ်ထဲ အများကြီးပေါ့။ အဲဒီ အသိပညာတွေ မပျောက်သွားဘူး။ ဒါတွေဟာ တစ်သက်လုံး မျက်စိထဲက ထွက်မှာမဟုတ်တော့ဘူး။

(တင်ပါ့ဘုရား။)

ဒကာမကြီးကရော ရောက်သလား။

(ရောက်ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



အထက်နတ်ပြည်ရော ရောက်သလား။

(ရောက်ပါတယ်ဘုရား။)

အောက်နဂါးပြည်ရော ရောက်သလား။

(ရောက်ပါတယ်ဘုရား။)

ဘယ်လိုရောက်သလဲ၊ လျှောက်စမ်းပါဦး။

(ရွှေကလပ်နဲ့ စွယ်တော်ကိုတင်ထားတာ ဖလ်ပေါင်းချောင် ကလေးနဲ့ပါဘုရား။)

ဂဃနဏတော့ မလျှောက်တတ်ပါဘူးဘုရား။ နဂါးတွေ တော့ မကြည့်ခဲ့ပါဘူးဘုရား၊ တပည့်တော် ဘုရားပဲကြည့်ခဲ့ပါ တယ်ဘုရား)

စွယ်တော်က ဘယ်လောက်လောက်ရှိသလဲ။

(ဒီလောက်လောက်တော့ ရှိပါမယ်ဘုရား။ နတ်ပြည်က စွယ်တော်နဲ့ယှဉ်ပြီး မလျှောက်တတ်ပါဘူးဘုရား။)

အရောင်က ဘာရောင်တုန်း။

(အရောင်ကတော့ စွယ်တော်မှာ ရွှေရောင်သန်းနေပါတယ် ဘုရား။)

နောက် ဒကာမ။

(ရောက်ပါတယ်ဘုရား၊ ပထမ အတောင် ၂၀ အထက်ကို ပို့ပါတယ်ဘုရား၊ အောက်ကို အတောင် ၂၀ ပို့ပါတယ်ဘုရား၊ နောက် တစ်သောင်းအထိ ပို့ပါတယ်ဘုရား၊ အောက်ရောက်တော့ ရေတွေဖွေးနေပါတယ်၊ ဘာတွေလဲလို့ကြည့်လိုက်တော့ မှန်သား လို ကြည်ပြီးနေပါတယ်ဘုရား၊ ရေတွေပါလားလို့ တပည့်တော် စေ့စေ့ကြည့်တော့ ရေကြမ်းပြင်အထိ မြင်ရပါတယ်ဘုရား၊ ရေတွေ

www.burmeseclassic.com

www.burmeseclassic.com



လှုပ်လှုပ်နဲ့ ငါးတွေလားမသိဘူးလို့ စေ့စေ့ကြည့်လိုက်တော့ နဂါးကြီးဘုရား၊ ခေါင်းကြီးက အကြီးကြီးဘုရား၊ သဘော်ကြီးလောက်ရှိတယ်၊ နဂါးကြီးက အကြီးကြီး၊ ကြေးခွံတွေလည်းမည်းပြီး တွန့်နေတယ်ဘုရား။ တပည့်တော် ကြက်သီးတွေထပြီးကြောက်သွားတယ်ဘုရား၊ တပည့်တော်ကို လိုဏ်ဂူကြီးထဲဝင်ဖို့ခေါ်ပါတယ်ဘုရား၊ တပည့်တော် တကယ့်နဂါးကြီးကို ကြောက်တယ်ဆိုပြီး ပြေးတယ်ဘုရား။ အဲဒီအထဲကိုလည်း ဝင်ချင်တယ်၊ နဂါးကြီးကိုလည်းကြောက်တယ်၊ တစ်သက်နဲ့တစ်ကိုယ်လည်း တပည့်တော် မမြင်ဖူးဘူးဘုရား။ နဂါးကြီးက တွန့်လိမ်ပြီးတော့ ခွေလိုက်ရင် တောင်ကြီးလောက်ရှိမယ်၊ တပည့်တော် ကြောက်လို့ မဖူးဘူးဘုရား၊ ပြေးတယ်၊ နောက်လိုက်လာသလားမသိဘူးလို့ ကြည့်လိုက်တော့ စွယ်တော်ကလေးဘုရား၊ စွယ်တော်ကလေးက လိုက်တာတယ်၊ လင်းလက်နေတယ်ဘုရား၊ ကလပ်ကလေးပေါ်မှာဘုရား၊ တပည့်တော် စူဠာမဏိဖူးခဲ့တုန်းက စွယ်တော်မျိုးကလေးဘုရား၊ လင်းလက်နေပါတယ်၊ တပည့်တော် ခဏလေးဖူးပြီး ပြန်ပြေးလာတာပါဘုရား။)

ဘာကြောက်စရာရှိတုန်း။

(အကြီးကြီးဘုရား၊ စစဦးပေါ်လာတာ၊ ခေါင်းကြီးဘုရား၊ အရစ်တွေ အရစ်တွေနဲ့ဘုရား)

ဘာကြောက်စရာရှိလဲ။

(အရှင်ဘုရား ကြောက်စရာကြီးဘုရား၊ ဝေါ ဝေါနဲ့ နဂါးကြီးက ပေါ်လာတာ၊ လန့်တာပေါ့ဘုရား၊ သဘော်လောက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ နှာခေါင်းကြီးရော အကြီးကြီး၊ တပည့်တော်က ကြောက်တာပေါ့ဘုရား။)

ဘာလို့ကြောက်ရမှာတုန်း၊ ကိုယ်က လှူပြည်မှာနေတာ။

(ညက အိပ်တောင်မပျော်ဘူးဘုရား၊ နဂါးကြီးကိုလည်း မေတ္တာပို့ အမျှပေးဝေတယ်ဘုရား၊ ကြောက်တာဘုရား၊ တပည့်တော်ကပြေးတော့၊ တပည့်တော်နောက်က လက်လက် လက်လက်နဲ့ လိုက်လာတယ်ဘုရား။)

စွယ်တော်ကိုဖူးရတော့ ဝမ်းမသာဘူးလား။

(ဝမ်းသာပါတယ်ဘုရား၊ တပည့်တော် အမြန်ဖူးပြီး ပြန်လာခဲ့တာပါဘုရား။ တပည့်တော် ထပ်လည်း မသွားချင်တော့ဘူးဘုရား။ ကြောက်တယ်ဘုရား၊ အကြီးကြီး။)

ခက်တာပဲ၊ ကိုယ့်နေရာကိုယ်နေတာ၊ ဘာကြောက်စရာရှိသလဲ။

(အရှင်ဘုရား၊ တပည့်တော် မြင်မြင်ချင်းကိုဘုရား၊ တစ်သက်နဲ့တစ်ကိုယ် မမြင်ဖူးဘူးဘုရား၊ အကြီးကြီးဘုရား၊ လိမ်တွန့်ပြီး ခေါင်းကြီးက ဒီလိုထောင်ခဲ့တော့ ကြောက်တာပေါ့။ လိုဏ်ဂူတော့ မြင်ခဲ့ရတယ်ဘုရား။)

နောက်တစ်ယောက်။

(တပည့်တော် ရေထဲကနဂါးကြီးကို အရင်တွေ့ရပါတယ်ဘုရား၊ နဂါးကြီးကိုတွေ့တော့ မြတ်စွာဘုရားစွယ်တော်ကို ဖူးပါရစေဆိုတော့ နဂါးကြီးပျောက်သွားပြီး စေတီကို ဖူးရပါတယ်ဘုရား။)

www.burmeseclassic.com


စွယ်တော် ဘယ်လောက်ကြီးတုန်း။

နတ်ပြည်ကစွယ်တော်လောက် မကြီးပါဘူးဘုရား၊ အဲဒီစေတီအတွင်းထဲဝင်တော့ ကလပ်က နှစ်ထောက် ထောက်ထားပြီး ရှည်ရှည်ကလေးဘုရား။ ရှည်ရှည်ကလည်း အဖျားကကော့နေတယ်။ နဂါးကြီးလိုပဲ၊ ချွန်ချွန်ကလေးဘုရား၊ အဲဒီအထဲမှာ စွယ်တော်ကိုဖူးရပြီးတော့ စွယ်တော်ကို ဗန်းနဲ့ထားတယ်ဘုရား။ ရွှေအုပ်ဆောင်း အုပ်ထားပါတယ်ဘုရား။ အပြင်က လက်နေတဲ့ အရောင်တွေဟာလည်း ရွှေရောင်တွေပါဘုရား။ အဲဒီလိုဖူးရပါတယ်ဘုရား။)

လှေလိုပုံသဏ္ဌာန်လား။

(လှေလိုပုံသဏ္ဌာန်ပါဘုရား၊ အမြီးကတော့ နဂါးကြီးလိုပုံသဏ္ဌာန်ပါဘုရား၊ အဲဒါဖူးပြီး ပြန်ခဲ့ပါတယ်ဘုရား။)

နောက်တစ်ယောက်။

(တပည့်တော်ကြည့်တော့ နှစ်ကောင်ပေါ်လာတယ်ဘုရား၊ တစ်ကောင်က အစိမ်းရောင်၊ တစ်ကောင်က အဝါရောင်၊ နှစ်ကောင်ပေါ်လာပါတယ်ဘုရား။ တပည့်တော် မြတ်စွာဘုရား ဆံတော်ဖူးချင်ပါတယ်ဆိုတော့ သူတို့ လိုက်ပို့ပေးတယ်နဲ့တူတယ်၊ တပည့်တော် ရေထဲဆင်းဆင်းပြီးသွားရတယ်၊ ရေထုကို အတော်ကလေးဖောက်ပြီးမှ အောက်ခြေရောက်သွားပါတယ်ဘုရား။ အောက်ခြေရေတွေက ကြည်နေတယ်ဘုရား၊ အရမ်းမနက်ဘူးဘုရား၊ အရှေ့တောင်လောက်မှာ နဂါးကလေးတွေ၊ ပထမတွေ့ရတဲ့နဂါးလောက်တော့ မကြီးဘူးဘုရား။ သွားနေကြတာ တွေ့

www.burmeseclassic.com


ရတယ်ဘုရား။ နဂါးတွေဟာ နတ်သမီးပုံစံလို လှမ်းမြင်ရတယ် ဘုရား၊ ဒါပေမယ့် တပည့်တော် စွယ်တော်လည်း ချက်ချင်း မတွေ့ရသေးတော့ ဘူရိဒတ်နဂါးမင်းကြီးတွေနေတဲ့နေရာမှာ စွယ်တော်ရှိတယ်ဆိုပါတယ်။ တပည့်တော်အား ဖူးခွင့်ပြုပါလို့ ဆုတောင်းလိုက်တဲ့အခါကျတော့ တပည့်တော် ရှေ့တည့်တည့်ကနေ တွေ့ရပါတယ်ဘုရား။)

အလွန်မွန်မြတ်တဲ့ကုသိုလ်ကြီးတွေပေါ့။ ဘဝအသချေ လူတွေများသော်လည်း ဒီလိုကြုံဖို့ ဆုံဖို့ဆိုတာ အလွန့်အလွန် ခဲယဉ်းတာ။ သာသနာနဲ့လည်းကြုံမှ၊ အကုန်လုံး အကြောင်းအကျိုး တိုက်ဆိုင်ဖို့ဆိုတာ ခဲယဉ်းတယ်။ အဲဒါတွေကို စာရင်းကလေးနဲ့ မှတ်ထား။

(တင်ပါ့ဘုရား။)

တစ်ခုမကျန် အကုန်မှတ်ထား၊ ကိုယ်တစ်ယောက်တည်း သိရ၊ ကိုယ်တစ်ယောက်တည်းမြင်ရ၊ ဖူးရပေမယ်လို့ ကိုယ်မရှိ တဲ့နောက်တော့ သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေပါ မကြည်ညိုရပေဘူးလား။

(ကြည်ညိုရမှာပါဘုရား)

သေသေချာချာ စာရင်းနဲ့မှတ်ထား။

ဒကာမကြီးကရော။

(ရပါတယ်ဘုရား။)

ဘယ်တန်ဖိုးဖြတ်လို့ရမတုန်း၊ ဘုန်းကြီးတို့ မောင်းထောင်မှာ ရှေးက ဂိုဏ်းထောက်ဆရာရှိတယ်၊ သူ့နာမည်က ဘိုးဆယ်တဲ့။

(တင်ပါ့ဘုရား)

www.burmeseclassic.com

www.burmeseclassic.com


မောင်ဖိုးဆယ်ကို ရွှေဘိုမြို့ထောင့် စေတီဖူးလွှတ်တယ်။ မောင်ဖိုးဆယ်ပြန်လာတော့ ရွှေဘိုမြို့ထောင့်စေတီမှာ ဖိုးစိန်ကြီး ကတယ်။ နှစ်တိုင်းကတယ်။ ဖိုးစိန်ကြီး မကြည့်ခဲ့ရဘူးလားမေး တော့ ကြည့်ခဲ့ရပါတယ်ဘုရားလို့ဖြေတယ်၊ ငါးမူးတန်းကမကြည့် နိုင်လို့ မတ်တန်းက ကြည့်ရပါတယ်လို့ဆိုတယ်။

အေး မတ်တန်းကပဲ ကြည့်ရ ကြည့်ရ၊ ကျပ်တန်းကပဲ ကြည့်ရ ကြည့်ရ၊ အခုဖူးရတာ တစ်သက်လုံးပြောလို့မကုန်တော့ ဘူးကွ။

(တင်ပါ့ဘုရား။)

ယခုလည်း ဒုသစေတီဖူးရတာ ပြောလို့မဆုံးတော့ဘူး မဟုတ်လား။ သားစဉ်မြေးဆက် ပြောလို့မဆုံးတော့ဘူး။

(တင်ပါ့ဘုရား။)

စာရင်းအင်းနဲ့မှတ်ထား။

(တင်ပါ့ဘုရား။)

နေ့စွဲနဲ့မှတ်ထား။

(တင်ပါ့ဘုရား။)

နောက်ထပ်တစ်ဆင့်ကူးရဦးမှာ၊ ဒီနေ့ နတ်ပြည်လည်း ဖူးရပြီ၊ ဗြဟ္မာ့ပြည်လည်း သွားပြီးပြီ၊ ပြီးသွားရင် အာနာပါန ဆက်ပြီးတော့ ပွားများ၊ ပြီးတော့ ဒကာရော။

(မဖူးခဲ့ရဘူးဘုရား။)

မေတ္တာတွေပို့၊ အာရုံတွေပို့ပြီးတော့မှ ဖူးရမှာ၊ ကိုယ့်သနား လို့ပေးထားခဲ့တာ၊ သံသရာဝဋ်ဆင်းရဲမှလွတ်အောင် မြတ်စွာ ဘုရားက ပေးထားခဲ့တယ်၊ ဒါကိုမရရင် ဘယ်ဖြစ်မတုန်း။

www.burmeseclassic.com

www.burmeseclassic.com



(တင်ပါ့ဘုရား။)

အဲဒါကြောင့်မို့ မရတာ။

(တင်ပါ့ဘုရား။)

ရှင်အနုရုဒ္ဓါကိုယ်တော်မြတ်ကြီးက ဒိဗ္ဗစက္ခုအဘိညာဉ်ရတာ၊ ငါ့ကျတော့မရဘူး။ ငါ အားလည်းထုတ်မှ၊ ဝီရိယလည်းရှိမှ၊ ကြိုးလည်းကြိုးစားမှ၊ ရှင်သာရိပုတ္တရာက အဲဒီလိုပြောတော့ ငါဆိုတဲ့မာနတွေ ခံနေတဲ့အကြောင်း၊ အဲဒီလိုများ တကယ့်ပုဂ္ဂိုလ်ကြီးတွေတောင်ဖြစ်တာ။

အဲဒီအတိုင်းပေါ့၊ ကိုင်း ဘယ့်နှယ့်တုန်း၊ နောက်ဒကာ။

(ဖူးရပါတယ်ဘုရား၊ သုံးလေးခါလောက်ရပြီး၊ ညတုန်းကတော့ စေတီလုံးနဲ့ မသဲမကွဲ ဖြစ်တယ်ဘုရား၊ စေတီလုံးကကွဲတယ်၊ ဌာပနာကမကွဲဘူးဘုရား၊ အပေါ်ပိုင်းဖောင်းရစ်တွေကတော့ ပုံမှန်ပါပဲဘုရား၊ အောက်ကလုံးပတ်က ကြီးပါတယ်ဘုရား၊ အောက်ခြေက ဖောင်းကားနေပါတယ်ဘုရား။ ဖောင်းကားနေပေမယ့် အပေါ်ကဖောင်းရစ်တွေတော့ ပုံမှန်ပဲဘုရား။ အောက်ကဖိနပ်တော်တွေကတော့ အထပ်အထပ်တွေ ရှိပါတယ်ဘုရား။

တပည့်တော် လိုဏ်မုခ်ပေါက်အတိုတစ်ခုတွေ့တယ်ဘုရား၊ အဲဒီကနေ ဝင်သွားတဲ့အခါကျတော့ လိုဏ်ရဲ့အတွင်းလိုဏ်ကကြီးတယ်၊ အပေါ်ကိုမော့ကြည့်လိုက်တော့ ရွှေ၊ စကားဝါရောင်နဲ့ခြယ်ထားတာကို တွေ့ရတယ်ဘုရား။

ညတုန်းကကြည့်တာ မဟုတ်ဘူးထင်ပြီး မနက်ရောက်တော့ ပြန်ကြည့်တာ ဝတ်လဲတော်ကိုတော့ တွေ့တယ်ဘုရား။

www.burmeseclassic.com



နောက်ကလပ်မှာ ဒေါင့်တွေပါတယ်ဘုရား။ ညတုန်းက ဆင်းတုတော်ကို အဖြူတွေ့တယ်ဘုရား။ စေတီကြီးရဲ့လိုဏ်ခေါင်း ထဲမှာ စေတီငယ်တွေ့တယ်ဘုရား။

မနက်ရောက်လို့ ဖူးပြန်တော့လည်း ကျောက်ဆင်းတုတစ်ဆူ တွေ့ပြန်ပါတယ်။ ဌာပနာတွေနဲ့အတူ တွေ့ပါတယ်ဘုရား။

ဘုရားကတော့ အဖြူမဖြစ်နိုင်ဘူးလို့ ထင်ထားထာ။ မနက်ရောက်လို့ ဖူးပြန်တော့လည်း အဖြူပဲတွေ့ရပါတယ်ဘုရား။ အဲဒီဘုရားရဲ့အနီးပတ်ဝန်းကျင်မှာ တခြားဘုရားတွေရှိတယ် ဘုရား။ စေတီကြီးရဲ့နံဘေးနားမှာ ကပ်နေတာဘုရား။ အဲဒီ စေတီ ဘေးကတစ်ဆင့်သွားလို့ရှိရင် မြေလမ်းလိုပဲ လမ်းကလေးတွေရှိ တယ်။ တပည့်တော် နှစ်ခါသုံးခါဖူးလဲ အဲဒီလိုပဲ ပြန်ပြန်တွေ့ပါ တယ်ဘုရား။

စေတီရင်ပြင်ကို သဲသဲကွဲကွဲတော့ မမြင်ရဘူး။ စေတီ ရင်ပြင်အောက်မှာတော့ မည်းနေတယ်ဘုရား။)

နောက်ဒကာတွေ။

(တပည့်တော် ဖူးလို့မရသေးပါဘူးဘုရား။)

နိမိတ်ကိုထင်လာအောင် ဝီရိယစိုက်၊ ရှည်ရှည်ရှူ၊ ရင်ဝ အလယ်ကနေဖောက်ပြီးရှူ၊ အဲဒီကနေပြန်စ၊ ရှည်ရှည်ရှိုက်ယူ၊ ရင်ဝအလယ်အထက်ကို ရှည်ရှည်ရှူပြီးမှပို့၊ ရှိုက်ရှိုက်ပြီးတော့ ယူ၊ အထက်ကိုရောက်အောင် အတွင်းကနေ ရှိုက်ယူ၊ ဒီနားရပ်၊ နိမိတ်အားကောင်းရင်ပို့၊ အတောင် ၂၀ အဆုံးပို့၊ အတောင် ၂၀ ကပြန်စ၊ မြေကြီးထဲက ဝင်သက်နဲ့ယူရမှာ၊ ရှူတာရှိုက်တာကို။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

အထက်တစ်ခါပို့ရင် ရှိုက်သက်နဲ့ပို့ရမယ်၊ ပြန်ယူတဲ့အခါ ဝင်သက်နဲ့ပြန်ယူရမှာပေါ့။ တစ်ပတ်ပြီးသွားပြီ။

နောက်တစ်ခါ အတောင် ၄၀ အစ၊ ရင်ဝအလယ် အစ၊ ရင်ညွန့် အလယ် အဆုံး ထက်အောက်။

နောက် အတောင် ၈၀ အစ၊ ၈၀ ကနေ ၁၆၀၊ တစ်စ တစ်စတိုးသွား။

(တင်ပါ့ဘုရား။)

ယူလိုက်၊ ပို့လိုက်၊ ပို့လိုက် ယူလိုက်၊ ဘဝဂ်အစ ရောက် သလောက်ပို့လိုက်ပေါ့။

(တင်ပါ့ဘုရား။)

ဘဝဂ်အစ၊ ဗြဟ္မာအလယ်၊ မဟာပထဝီမြေကြီးဖောက်၊ ရေထုကိုဖောက်၊ လေထုကိုဖောက်၊ အဲဒီလိုပို့။

သဘောပေါက်ပြီလား။

(ပေါက်ပါပြီဘုရား။)

ပို့တဲ့အခါ ထွက်သက်နဲ့ ရှည်ရှည်ရှူမည်၊ ဆွဲတဲ့အခါ ဝင် သက်နဲ့ ရှည်ရှည်ရှိုက်မည်။ ဝီရိယစိုက်၊ အဲဒီလိုကြိုးစားကြ။ ကိုင်း သွားကြ။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## အရင်က လေတွေနဲ့မတူ

မြေထုကြီးလည်း ဖောက်လို့ရတယ်။ လေထုကြီးကိုလည်း ဖောက်လို့ရတယ်။ ရေထုကြီးကိုလည်း ဖောက်လို့ရတယ်။ အောက်က နှစ်သိန်းလေးသောင်းရှိတဲ့ ရေထု၊ လေထု၊ မြေထုကို တောင် ဖောက်ထွက်နိုင်တယ်။

ဒီထုတွေကို နှာခေါင်းက ထွက်လေဝင်လေကလေးနဲ့ ဖောက်တယ်။

(တင်ပါ့ဘုရား။)

မကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

ဒီထွက်လေဝင်လေကလည်း အထက်ပို့တာ။

(တင်ပါ့ဘုရား။)

မြေကြီးဖောက်ပြန်တော့လည်း ကမ္ဘာမှာရှိတဲ့ စက်ယန္တရား တွေနဲ့ဖောက်သော်လည်း ပေါက်နိုင်သလား။

(မပေါက်နိုင်ပါဘူးဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


သိပ္ပံနည်းတွေ ထွန်းကားတာပဲ။ အံ့ဩလောက်အောင် ဘယ်လိုမှမရဘူး။ အခုဟာက ပေါက်တူးတို့ ပေါက်ပြားတို့ ယန္တရားတို့မလိုဘူး။ ကိုယ့်မှာရှိတဲ့ ထွက်လေဝင်လေကလေးနဲ့ ဖောက်တာ မဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

လူတိုင်းလည်း မလုပ်နိုင်ပါဘူး။

(တင်ပါ့ဘုရား။)

လူတွေဘာတွေ အကူအညီတွေလည်း ခေါ်စရာမလိုဘူး။

(တင်ပါ့ဘုရား။)

ယောက်ျား မိန်းမ ဘာလစာမှလည်း ပေးစရာမလိုဘူး။

(တင်ပါ့ဘုရား။)

ကိုယ့်ကိုယ်တိုင်ဖောက်တယ်၊ သွားတာ လာတာလည်း မြင်ရတယ်။

(မြင်ရပါတယ်ဘုရား။)

(တပည့်တော် ဟိုအောက်ရောက်တဲ့အထိ မတွေ့ပါဘူး ဘုရား။ ဟာလာဟင်းလင်းကြီး မြင်ရပါတယ်ဘုရား။)

ဒါ ဒိဗ္ဗစက္ခုအဘိညာဉ်တစ်မျိုးပဲ။ ယခုခေတ် မှန်ဘီလူး တပ်လို့ရသလား။

(မရပါဘူးဘုရား။)

သိပ္ပံနည်းတွေ ဘယ်လောက်စွမ်းစွမ်း ဖောက်လို့ရပါ့မလား။

(မရပါဘူးဘုရား။)

ဗုဒ္ဓ ဓမ္မာ အစိန္တိယာတဲ့။

www.burmeseclassic.com

www.burmeseclassic.com


မယုံကြလို့ ခက်နေတာပေါ့။ ယုံနိုင်စရာရှိရဲ့လား။

(မယုံနိုင်စရာကြီးပါဘုရား။)

တရားအားမထုတ်ရင်မသိဘူး၊ မသိတော့ မခက်ဘူးလား။

(ခက်ပါတယ်ဘုရား။)

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ နှစ်ကြိမ်ကြည့်တော်မူတာ၊ မနက်တစ်ကြိမ်၊ ညတစ်ကြိမ် အဲဒီလိုကြည့်တော်မူတာ။

(တင်ပါ့ဘုရား။)

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အကုန်သိတော်မူ၊ မြင်တော်မူတယ်။

ဟို သံသရာက ကံတွေလည်း သိတော်မူ၊ မြင်တော်မူတာ၊ သူချွတ်ရင်ကျွတ်မယ်၊ ဘယ်အချိန်ကျွတ်မယ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် ဘယ်အထိဆိုက်မယ်ဆိုတာ အကုန်သိတယ်နော်၊ အဲဒီလို အကုန်သိတော်မူတာ။ ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ ရှုကြည့်တော်မူလို့ သိတော်မူတာ။

(တင်ပါ့ဘုရား။)

သူ့ဟာနဲ့သူကြည့်ပြီးတော့ သူ့ဟာနဲ့သူ မြင်တော်မူတာ။

(တင်ပါ့ဘုရား။)

လောကမှာ ပြောကြဆိုကြ၊ နေကြထိုင်ကြတာတွေ ရှိကြတယ်။ ဒါပေမယ့် ယုံဖို့ရာ မလွယ်ဘူး။ အခုမှမဟုတ်ဘူး၊ ရှေးကလည်းရှိတာပဲ။ ပက္ကုသာတိဆိုတဲ့ တက္ကသိုလ်ဘုရင် သက်န်း

www.burmeseclassic.com

www.burmeseclassic.com


ဝတ်ချင်လို့ တိုင်းတော်ပြည်တော်က ထွက်ပြေးလာတော့ နန်းတော်သူ နန်းတော်သားတွေအကုန်လုံး ငိုပြီးတော့ လိုက်ကြတာ။

သူက ရှေ့ကပြေး၊ အဲဒီလိုကိုစွန့်တာကိုး။ ဘုရားနဲ့မတွေ့သေးဘူး ဒါ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သိတော်မူ မြင်တော်မူလို့ ရောင်ခြည်တော်တွေဖျောက် သာမန်အသွင် အဲဒီလိုသွားတာ၊ အိုးထိန်းသည်ထံခွင့်တောင်းလို့ ပက္ကုသာတိရဟန်းကလည်းပဲ သူ့ဟာနဲ့သူနေတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက တဲပိုင်ရှင်ထံခွင့်တောင်းတော့ တဲပိုင်ရှင်က ကျုပ်ကတော့ခွင့်ပြုပါတယ်၊ အဲဒီမှာ ရဟန်းတစ်ပါးရောက်နေတယ်၊ ကြည့်ပြီး သီတင်းသုံးကြပါပေါ့။

(တင်ပါ့ဘုရား။)

ဘုရားကလည်း ပက္ကုသာတိရဟန်းထံ နေထိုင်ခွင့်တောင်းတယ်။ သာမန်ရဟန်းအသွင် ဖန်ဆင်းပြီးတော့ ဟိုကလည်း ဘုရားရယ်လို့ မသိသေးဘူး။ ချာန်သမာပတ်တွေ ဝင်စားနေတယ်။ ဘုရားလို့မထင်ဘူး၊ သူလိုကိုယ်လိုပဲထင်မှာပေါ့။

ပက္ကုသာတိကလည်း တစ်ညလုံး တရားမှတ်တယ်၊ ဘုရားကလည်း တစ်ညလုံးမှတ်တယ်။ မနက်လင်းခါနီးမှ ပက္ကုသာတိကို တရားပြ ချွတ်တော်မူတယ်။ အဲဒီလို မြတ်စွာဘုရားရဲ့တရားကို အစိမ္မေ့ယျ ကြံစည်လို့မရဘူး။

ပြောရင်လည်း ယုံနိုင်စရာမရှိဘူး။ မယုံပါဘူးလဲမပြောဘူး။ သိရင်လည်းမပြောဘူး၊ ဟုတ်ပြီလား။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစရာကြီး အင်မတန်ကောင်းတာ။ ယခုလည်း လက်တွေ့ဖြစ်နေပြီလေ။

(တင်ပါ့ဘုရား။)

ဒကာကြီး အသက်ဘယ်လောက်ရှိပြီလဲ။

(၆၉ နှစ်ရှိပါပြီဘုရား၊ ၇၀ ပြည့်တော့မယ်ဘုရား။)

ဒီရောက်တာ ဘယ်လောက်ကြာပြီလဲ။

(တစ်လကျော်ကျော်ပဲ ရှိပါသေးတယ်ဘုရား။)

ဟိုတုန်းကနဲ့ ယခု ထွက်လေဝင်လေ ဘယ်လိုရှိသလဲ။

(အင်မတန်နှမြောစရာကောင်းပါတယ်ဘုရား။)

ဒါကြောင့် မရှိတာထက် မသိတာခက်တယ်ဆိုတာ။

(တင်ပါ့ဘုရား။)

ယခု သူတော်ကောင်းများပို့လိုက်သလို တစ်ရှူနဲ့ပို့လိုက်တာမဟုတ်လား။

(တင်ပါ့ဘုရား။)

တစ်ရှူနဲ့ပို့တာမဟုတ်လား။ ဒီတစ်ရှူ တန်ဖိုးဖြတ်လို့ရပါ့မလား။ ဘယ့်နှယ့်တုန်း။

(တန်ဖိုးဖြတ်မရပါဘုရား။)

နတ်ပြည် ဒုဿစေတီကိုဖူးတော့လည်း တစ်ရှူနဲ့ပို့တာပဲမဟုတ်လား။

(တင်ပါ့ဘုရား။)

တစ်သက်လုံးက ထွက်လေဝင်လေနဲ့ ဒီတစ်ရှူ ဘယ့်နှယ့်လဲ ဒကာကြီး။

www.burmeseclassic.com

www.burmeseclassic.com


(ဒီတစ်ခါပဲ တပည့်တော် မြင်ဖူးတော့တာပါဘုရား။)

အရင်ကလေတွေနဲ့ မတူဘူးပေါ့။ လကုန် ရက်ကုန် နှစ်ကုန် ကုန်ဆုံးခဲ့တာတွေ။ အသက်တွေကြီးလာ၊ အသက်တွေကြီးလာတယ်ဆိုတာ ရှေ့တိုးတာ၊ အိုလာတာ၊ အိုနာသေ။

(တင်ပါ့ဘုရား။)

ယခု တစ်ရှူတစ်ရှိုက်ဟာ တန်ဖိုးဖြတ်လို့မရဘူး။ နတ်ပြည်က စူဠာမဏိလည်း ဖူးခဲ့ရပြီ။ ဆံတော်တွေလည်း ဖူးခဲ့ရပြီ။

(တင်ပါ့ဘုရား။)

အကြိမ်ကြိမ်ဆုတောင်းပေါ့။

(တင်ပါ့ဘုရား။)

နောက်ကဒကာရော ရောက်သလား။

(ရောက်ပါတယ်ဘုရား။)

နဂါးပြည်ထိရောက်သလား။ ဖောက်သွားတော့ ဘယ်လိုသွားသတုန်း။

ဘယ်ဘက်နားဝင်၊ ညာဘက်နားထွက်၊ ညာဘက်နားဝင်၊ ဘယ်ဘက်နားထွက်၊ မျက်စိရယ်၊ နားရယ်၊ ပါးရယ် အပေါ်ပင့်ယူ၊ ဘယ်ဘက်ပခုံးကဝင်၊ ညာဘက်ပခုံးကထွက်၊ ညာဘက်ပခုံးကဝင်၊ ဘယ်ဘက်ပခုံးကထွက်၊ နိမိတ်ကိုမှတ်မိသလား။

(မှတ်မိပါပြီဘုရား။)

အဲဒီလို အပြန်ပြန်အလှန်လှန်နော်။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ဘယ်ဘက်မျက်စိကထွက်၊ ညာဘက်မျက်စိကဝင်၊ ညာဘက်မျက်စိကထွက်၊ ဘယ်ဘက်မျက်စိကဝင်၊ ပါး နား မျက်စိ ပခုံး ကွေ့ပြီးတော့ သူ့ဟာသူသွားမှာ။

ကနေ့ အဲဒါပွားကြ။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## နဂါးပြည်က စွယ်တော်အရှည်

(အဲဒီစွယ်တော်က အရှည်က ၃ လက်မ ၄ လက်မဝန်းကျင် ပါဘုရား။)

အရောင်ကရော။

(အရောင်ကလည်း အဝါရောင်ကလေးပါဘုရား။ စူဠာမဏိ မှာ ဖူးခဲ့ရတဲ့ စွယ်တော်မျိုးပါဘုရား၊ စွယ်တော်ကလေးကလည်း အရေ့အနောက်ကလေးထားတာဘုရား။)

စူဠာမဏိကရော။

(တပည့်တော် စူဠာမဏိကို မြောက်ဘက်စောင်းတန်းက ဝင်တော့လည်း အဲဒီလိုဖူးရတယ်ဘုရား၊ နှစ်မျိုးမြင်ပါတယ် ဘုရား။)

အရွယ်အစားကရော အတူတူပဲလား။

(အရွယ်အစားကလည်း ဆင်တယ်ဘုရား။)

(တပည့်တော်ကို ကြောက်တတ်၍ ကြောက်မက်ဖွယ်ပုံ တွေကိုတော့ မပြပါနဲ့ဘုရား၊ သံဝေဂရရုံလောက်နဲ့ ရေထဲမှာ

www.burmeseclassic.com

www.burmeseclassic.com


ဟုတ်မဟုတ်ဘဲ ကြည့်လိုပါတယ်လို့ဆိုတော့ နဂါးပြည်အလွန်မှာ ငရဲပြည်ကိုတွေ့တယ်ဘုရား။

ကြောက်မက်ဖွယ်ရာတော့မပြဘူးဘုရား၊ သံပြင်ကြီး ပြောင်ပြောင်၊ အခိုးအငွေ့တွေ ထွက်နေတယ်ဘုရား။ အိမ် (၃)လုံး စာလောက်ရှိတဲ့ အရိပ်မည်းမည်းကြီးတွေ အဲဒီသံပြင်ပေါ်မှာ တောင်မြောက်ပြေးနေကြတာကို တွေ့ရပါတယ်ဘုရား။)

အဲဒီဒယ်အိုးကြီးက ဘယ်လောက်တုန်း။

(တပည့်တော်မြင်ရတာတော့ သိပ်မကြီးဘူးဘုရား၊ သိပ် ကြောက်မက်ဖွယ်ရာတွေ တပည့်တော် မမြင်ချင်ပါဘူးဘုရား၊ ထိုင်နေတဲ့လူနဲ့ ဒယ်အိုးကိုယှဉ်ကြည့်တော့ ဒယ်ကြီးက ကြီးနေ တယ်ဘုရား။ နောက်ပြီး လူပုံစံလိုလို သေးသေးကလေးတွေ ဒယ်ထဲကိုထည့်နေတာလည်း မြင်ရတယ်ဘုရား။ ထည့်လိုက်တော့ အောက်ကိုနစ်နစ်သွားတယ်ဘုရား။ အမြှုပ်ကလေးတွေ ထလာ ပါတယ်ဘုရား။ တပည့်တော် အဲဒါလောက်ပဲတွေ့ပါတယ် ဘုရား။)

နောက်ဒကာမ။

(တပည့်တော် စူဠာမဏိဖူးတုန်းက ထီးတော်တွေလိုပဲ တွေ့ရပါတယ်ဘုရား။ တပည့်တော် ရေအောက်နဂါးမင်းကြီးတွေ တည်ထားတဲ့ စေတီကြီးရှိပါတယ်၊ ရောက်အောင်ပို့ပေးပါဆိုတော့ အရှေ့ဘက်ကို ပို့ပေးပါတယ်ဘုရား။

တပည့်တော် အရှေ့ဘက်မှာတွေ့ပါတယ်ဘုရား၊ စေတီက တအားမကြီးဘူးဘုရား။ စိန်ဖူးတော်ကို မတွေ့ဘူးဘုရား။

www.burmeseclassic.com


စွယ်တော်ကိုတော့ တွေ့ပါတယ်၊ နို့နှစ်ရောင်ကလေးဘုရား။ နဂါးကိုလည်း ဘုရားရဲ့ဒီလိုဘက်နားမှာ တွေ့ပါတယ်ဘုရား။

တပည့်တော် စူဠာမဏိတုန်းကလည်းဖူးရတော့ တပည့်တော် မကြောက်ဘူးဘုရား။ တပည့်တော်ကို ထင်ထင်ရှားရှား ပြပါဘုရား၊ တပည့်တော် ထင်ထင်ရှားရှားဖူးလိုပါတယ်လို့ဆိုတော့ မျက်နှာတော် တပည့်တော်ဘက်လှည့်လိုက်တော့ နတ်သားကြီးဘုရား။ ဒါနဲ့ကတော့ မကျေနပ်သေးပါဘူး၊ ဒီပြင်အဖူးကလေးများလည်း ပြပါဦးဆိုတော့ မပြဘူးဘုရား။ တပည့်တော် အကြာကြီးစောင့်နေတယ်။

တပည့်တော်ပြန်ဆင်းလာတယ်။ ဆင်းလာတော့ ဘုန်းဘုန်းတို့လည်း အမျှဝေ၊ ကျန်းမာကြပါစေဆိုပြီးတော့မှ စွယ်တော်ကို ဖူးရတယ်။ စွယ်တော်ကလပ်က ရိုးရိုးကလပ်မဟုတ်ဘူးဘုရား၊ အကော့ကလေးတွေနဲ့ အထက်ကိုလည်း ဒီလိုအကော့ကလေးတွေနဲ့၊ ကလပ်ရဲ့ထောင့်မှာ ဘုရားဆောင်ကို လုပ်ထားတာမျိုးပါဘုရား။

စွယ်တော်ကလည်း သိကြားပြည်ဖူးရတဲ့စွယ်တော်နဲ့လည်း မတူဘူး။ ဒါက ဝါကျင့်ကျင့်ပါလား။ ဟုတ်များဟုတ်ရဲ့လား၊ မဟုတ်ဘူးလို့တော့ မဖြစ်နိုင်ပါဘူး။ ဟုတ်လို့ ဒီစွယ်တော်ကို ပြတာပဲလို့ဆိုပြီး ခဏနေတော့ စွယ်တော်ကလေး ကလပ်ကလေးပါ ပြန်ပျောက်သွားတယ်ဘုရား။)

ဘယ်မှာထားတာလဲ။

www.burmeseclassic.com

www.burmeseclassic.com


(ဖန်ပေါင်းချောင်ထဲကိုတားတာဘုရား။ ဖန်ပေါင်းချောင်လေး ထုတ်ပြပါတယ်ဘုရား။ နဂါးပြည် နဂါးမင်းကြီးကိုတွေ့ချင်တယ်ဆိုတော့ နဂါးမင်းကြီး ကြွလာပါတယ်ဘုရား။ နဂါးမင်းကြီးရော စွယ်တော်ကိုဖူးပြီး မေတ္တာပို့ အမျှပေးဝေခဲ့ပါတယ်ဘုရား။ နောက် ငရဲပြည်ကိုလည်း တွေ့ခဲ့ပါတယ်ဘုရား။)

မင်းကော ရောက်သွားသလား။ လျှောက်စမ်းပါ။

(ပထမတွေ့တာက မိန်းမကြီးတစ်ယောက်၊ ယောကျ်ားကြီးတစ်ယောက် တိုင်ကြီးတစ်တိုင်စီမှာ လက်ကားရားကြီးတွေ ကြိုးနဲ့ချည်ထားပါတယ်ဘုရား။

အဲဒီချည်ထားတာကို အောက်ကစားတွေနဲ့ လှမ်းခုတ်ကြတာပါဘုရား။)

ခြေကိုလား။

(မဟုတ်ပါဘူးဘုရား။ တစ်ကိုယ်လုံးကိုပါဘုရား။ နောက်တစ်ခါကျတော့ ဒယ်အိုးကြီးထဲမှာဘုရား။ မီးတောက်တွေကလည်း ရဲလို့ပါဘုရား။ တပည့်တော် ငရဲထိန်းတွေတော့ မတွေ့ခဲ့ရပါဘူး။ ငရဲသားတွေပဲ တွေ့ခဲ့ရပါတယ်။ ဒယ်အိုးထဲမြုပ်နေပါတယ်။ တချို့လည်း ဒယ်အိုးအပေါ်ပြေးတက်လိုပြေးတက်နဲ့ အကုန်လှုပ်ရှားပွက်လောတွေရိုက်နေပါတယ်ဘုရား။)

ငိုသံတွေရော မကြားခဲ့ရဘူးလား။

(မကြားခဲ့ရဘူးဘုရား၊ ဆူညံပွက်နေတာပါပဲဘုရား။ အဲဒါနဲ့ ငရဲမင်းကြီးကို မေတ္တာပို့ အမျှဝေပြီး ပြန်ခဲ့ပါတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com


တပည့်တော် ကြောက်တော့မကြောက်ပါဘူးဘုရား။ သံဝေဂရရုံ ကြည့်တော့ကြည့်ချင်တာပေါ့ဘုရား။ တပည့်တော် မြင်ဖူးချင်လို့ သွားကြည့်တာပါဘုရား။ ခန္ဓာကိုယ်အထက်ကို မမြင်ရဘူးဘုရား။ အရင်းလုံးကလေး သွားနေတာ လာနေတာပဲ မြင်ရပါတယ်ဘုရား။)

ငရဲပြည်ကပြန်လာတော့ သံဝေဂရလာသလား။

(တင်ပါ့ဘုရား။)

နောက် ရောက်ကြသလား။

(တပည့်တော်မ ပထမ မြေထုကိုဖောက်ပါတယ်ဘုရား။ မြေထုကုန်တော့ ရေပြင်ကိုရောက်ပါတယ်ဘုရား။ ရေပြင်ကို တစ်ဝက်လောက်ရောက်တော့ နဂါးကြီးနှစ်ကောင် တွေ့ပါတယ်ဘုရား။

နဂါးကြီးနှစ်ကောင်ပြီးတော့ ကျောက်တောင်ကြီး ပြန်တွေ့ပါတယ်ဘုရား။ အဲဒီအခါကျမှ တပည့်တော်မကို ရွှေစေတီကလေး ပြပါတယ်ဘုရား။ ရွှေစေတီထဲမှာ ကလပ်ပေါ်ကိုတင်ထားတဲ့ စွယ်တော်ကို တွေ့ပါတယ်ဘုရား။

အဲဒီရေထဲမှာ ကျောက်တုံးကြီးတွေရှိတယ်ဘုရား။ ကျောက်တုံးကြီးတွေက ဒီလို အနက်ရောင်ကြီးတွေပါဘုရား။ ကျောက်တုံးကျောက်ပန်းခက်တွေနဲ့ ဖြတ်သွားရတာပါဘုရား။ နဂါးနှစ်ကောင်က တပည့်တော်အထင်က ပုံဖော်ထားတဲ့ပုံထင်တယ် ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



နောက် တပည့်တော်ကတော့ စွယ်တော်ကို ဖူးချင်ပါတယ်လို့ဆိုတော့ လိုဏ်ခေါင်းထဲရောက်သွားပါတယ်။ ကလပ်နဲ့တင်ထားတာဘုရား။ ဖူးရပြီးတော့ ပြန်လာတော့ သူများတွေ နဂါးတွေ့တယ်။ နဂါးသွားရှာတော့ တွေ့ပါတယ်ဘုရား။)

အထက်လည်းပဲ ဘဝဂ်၊ အကနိဋ္ဌဘုံဆိုတာ တော်တော်နဲ့ မရောက်နိုင်ဘူး။ အနာဂါမ်ဖြစ်မှ အဲဒီကိုတန်းသွားတာ။

(တင်ပါ့ဘုရား။)

အဲဒီရောက်တော့ နိဗ္ဗာန်ကုန်သွားရော။ သောတာပန်နဲ့လည်း မရောက်သေးဘူး။ သက ဒါဂါမ်နဲ့လည်း မရောက်သေးဘူး။

နတ်ပြည် ၆-ထပ်လည်း မနေတော့ဘူး။ သုဒ္ဓါဝါသ ဘူးမရ။ အဲဒီပုဂ္ဂိုလ် မသေဘူး။ မသေဘူးဆိုတော့ မဖြစ်ဘူးပေါ့။ ဘုံတစ်ခုမှာ နှစ်ခါထပ်မဖြစ်ဘူး။ အကနိဋ္ဌဘုံ အဲဒီလိုတွေရှိတာ။

(တင်ပါ့ဘုရား။)

အဲဒီတော့ ဝတ်လဲတော် ဒုဿစေတီ။

(တင်ပါ့ဘုရား။)

ဒုဿစေတီကြီးဟာ အကြီးကြီးပေါ့။

(တင်ပါ့ဘုရား။)

အဲ ဒုဿစေတီဖူးဖို့ရာ လူ့လောကမှာ ဘယ်ပစ္စည်း ဘယ်တန်ဆာမှ မတတ်နိုင်ဘူး။

(တင်ပါ့ဘုရား။)

လူ့ပြည်မှာရှိသမျှ ကမ္ဘာမှာရှိသမျှ ဒုံးပျံတွေ၊ လေယာဉ်ပျံတွေ အကုန်တက်ကြည့်လည်းမရဘူး။ အမြင့်ကြီး။

www.burmeseclassic.com

www.burmeseclassic.com



(တင်ပါ့ဘုရား။)

ယခု ဘုရားပေးတဲ့မှန်ပြောင်းတော်ကြီးနဲ့ကြည့်မှ မြင်ရတာ။

(တင်ပါ့ဘုရား။)

အဲဒီမှန်ပြောင်းတော်ကြီးရဖို့ လွယ်ပါ့မလား။

(မလွယ်ပါဘူးဘုရား။)

ကိုယ့်နေရာကနေ ကိုယ်ဖူးကြရတာ။

(တင်ပါ့ဘုရား။)

လူလည်းမပင်ပန်းဘူး။ ဒီဠမ္ဗမှ သုခရတာပေါ့။ မချမ်းသာဘူးလား။

(ချမ်းသာပါတယ်ဘုရား။)

ဒါထက်ချမ်းသာတာ ဘယ်ရှိမတုန်း။

(တင်ပါ့ဘုရား။)

အတုမရှိတဲ့ ခတ်တော်မွေတော်၊ စေတီတော်တွေ ဒါတွေလည်း ဖူးခဲ့ရပြီ။

(တင်ပါ့ဘုရား။)

စာထဲပေထဲတော့ တွေ့ရတာပေါ့။

စူဠာမဏိစေတီတို့၊ ဒုဿစေတီတို့၊ ယခုတော့ မိမိတို့ကိုယ်တိုင်ကိုယ်ကျ ဖူးရပြီ။

(တင်ပါ့ဘုရား။)

ဒါမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ထွက်လေဝင်လေကလေး မှတ်ကာမျှနဲ့ နတ်ပြည်လည်း စုံခဲ့ပြီ။ ဗြဟ္မာပြည်လည်း စုံခဲ့ပြီ။

(တင်ပါ့ဘုရား။)

အစိန္တေယျ ဗုဒ္ဓဝိသယ

ဗုဒ္ဓဝိသယ အစိန္တေယျ၊

အစိန္တေယျချည်းပဲနော်။

(တင်ပါ့ဘုရား။)

ကနေ့ ဘယ်မှမလွှတ်ရတော့ဘူး။

နိမိတ်ကလေးကို ကြိုးစားပွား။ ညာဘက်မျက်စိကထွက်၊ နိမိတ် ဘယ်ဘက်မျက်စိကဝင်၊ ဒီလိုကွေ့လို့ယူတာနော်။

(တင်ပါ့ဘုရား။)

ဘယ်ဘက်မျက်စိကထွက်၊ ညာဘက်မျက်စိကဝင်၊ နိမိတ်ကို ကွေ့လို့ယူတာနော်။

(တင်ပါ့ဘုရား။)

ငါ့မျက်စိကန်းသွားနိုင်သလားလို့ မအောက်မေ့မိနဲ့၊ ဘာမှ မဖြစ်ဘူး။ ညာဘက်မျက်စိကထွက်၊ ကွေ့ပြီး ဒီလိုကွေ့ပြီးမှယူ တော့ ကြည်ညိုစရာကောင်းတာပေါ့။ ညာဘက်နားကထွက်၊ ဘယ်ဘက်နားကဝင်၊ ဘယ်ဘက်နားကထွက်၊ ညာဘက်နားက ဝင်။ ဒီလိုကွေ့ယူ။

(တင်ပါ့ဘုရား။)

မှတ်မိသလား။

(မှတ်မိပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ဘယ်ဘက်ပါးကထွက်၊ ညာဘက်ပါးကဝင်။

မှတ်မိပြီလား။

(မှတ်မိပါပြီဘုရား။)

ဘယ်ဘက်ပခုံးကထွက်၊ ခေါင်းဘက်ကကွေ့ယူ။

(တင်ပါ့ဘုရား။)

ညာဘက်ပခုံးဝင်၊ ညာဘက်ပခုံးကထွက်။ ဘယ်ဘက်ပခုံးဝင်။

(တင်ပါ့ဘုရား။)

ဘယ်ဘက်မျက်စိကထွက်၊ ညာဘက်မျက်စိကဝင်။

ညာဘက်မျက်စိကထွက်၊ ဘယ်ဘက်မျက်စိဝင်။

ညာဘက်နားကထွက်၊ ဘယ်ဘက်မျက်စိကဝင်။

ဘယ်ဘက်နားကထွက်၊ ညာဘက်နားကဝင်။

ညာဘက်ပါးကထွက်၊ ဘယ်ဘက်ပါးကဝင်။

ဘယ်ဘက်ပါးကထွက်၊ ညာဘက်ပါးကဝင်။

အဲဒီလိုကွေ့ယူ။

(တင်ပါ့ဘုရား။)

မြတ်စွာဘုရားရဲ့ အစိန္တေယျတန်ခိုးတွေပေါ့။ ဆန်းကြယ်ပုံ၊ နက်နဲပုံ၊ သိမ်မွေ့ပုံ အဝိညာဏက အသက်ရှိသကဲ့သို့ သွားခိုင်းသွားတယ်။ ပြန်လာဆို ပြန်လာတယ်။ စွယ်တော်လှမ်းဖူးဆို စွယ်တော်ထိသွားတယ်။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ဒုဿီလစေတီ လှမ်းဖူးလိုက်တော့ ဒုဿီလစေတီကို နိမိတ်က
သွားတယ်။ ကြည့်စမ်း။ အသက်မရှိဘဲနဲ့ အသက်ရှိသကဲ့သို့နော်။
(တင်ပါ့ဘုရား။)

ဘုရားတွေဖူးရလေ၊ ဝမ်းမြောက်ဝမ်းသာဖြစ်လေ၊ ဝမ်းသာ
လေ ကြည်ညိုလေ၊ ကြည်ညိုလေ ကုသိုလ်ကောင်းမှုများလေပေါ့။
(တင်ပါ့ဘုရား။)

ကုသိုလ်ဆွေမျိုး နေ့စဉ်တိုး အားကိုးထိုက်လှသည်။
(တင်ပါ့ဘုရား။)

အားကိုးမထိုက်ပေဘူးလား။
ကိုးထိုက်ပါတယ်ဘုရား။
(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## မိမှ မမိဘဲကိုး

ဘုရားရှင်ရဲ့ တရားတော်တွေဟာ ပရိယတ် ပဋိပတ်၊ ပဋိဝေဓ၊ သာသနာသုံးရပ်၊ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ ရှိတယ်။

ဘုရားရှင်ရဲ့သာသနာ ၅၀၀၀ ရဲ့အတွင်းမှာ အချိန်တိုင်း အချိန်တိုင်း၊ နာရီတိုင်း နာရီတိုင်း၊ မိနစ်တိုင်း မိနစ်တိုင်း ယူလို့ ရတယ်။ ဒါပေမယ့် ကိုယ်ကယူမှရတာ။

(တင်ပါ့ဘုရား။)

ရှိတာ ရှိတာပဲလေ။ ဘုရားကတော့ ဝေနေယျသတ္တဝါတွေကို သနားတော်မူတဲ့အတွက် အသက်ကိုစွန့်လို့၊ ခန္ဓာကိုယ်ကိုစွန့်လို့ အဲဒီလိုကျင့်တယ်။ အဲဒီလိုကျင့်လို့ ပေးတော်မူခဲ့တာ။ ထားတော်မူခဲ့တာ။ အသားတို့၊ အသွေးတို့၊ ပေးလှူခဲ့တာ။ မျက်လုံးတွေဖောက်လှူခဲ့တာ။ ဘယ်သူလှူရဲမတုန်း။

(တင်ပါ့ဘုရား။)

လူ့ပြည်မှာရှိတဲ့ သတ္တဝါအားလုံး ဖောက်ယူလိုက်တဲ့ မျက်လုံးအရေအတွက်ထက်မကဘူး။

www.burmeseclassic.com

www.burmeseclassic.com



(တင်ပါ့ဘုရား။)

မှုးတွေ မတ်တွေ၊ ပဒေသရာဇ် ဧကရာဇ်တွေ မျက်လုံး ဖောက်လှူပါဆို လှူနိုင်မလား။

(မလှူနိုင်ပါဘူးဘုရား။)

ဘယ်သူမှမလှူနိုင်ဘူး။

(တင်ပါ့ဘုရား။)

ဘုရားသာသနာနဲ့လည်း တွေ့ဖို့မလွယ်ဘူး။ တရားကိုလည်း ယုံကြည်မှုဖြစ်ဖို့မလွယ်ဘူး။

(တင်ပါ့ဘုရား။)

သတိအား၊ ဣန္ဒြေအား၊ သမာဓိအား၊ ပညာအား၊ ဝီရိယအား အဲဒီ အားတွေနဲ့ လုပ်နိုင်တဲ့ အားရှိမှကိုး။ အဲဒီအားတွေနဲ့ ဝီရိယဗလ၊ ဝီရိယလည်း အားရှိမှ။ အဲသလို သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်ဆိုတဲ့ ဗိုလ် ၅-ခု လက်ကိုင်ထားပြီး ပွားများ အားထုတ်ကြရင် အဲဒီလို အသီးသီးအားထုတ်လာလို့ လျှပြည်မှာရှိတဲ့ ဘုရားတွေ၊ မြန်မာပြည်တွင်မကဘူး။ အိန္ဒိယ၊ သီဟိုဠ်၊ သီဟိုဠ်တွေ မကဘူး နတ်ပြည်၊ စူဠာမဏိစေတီ၊ ပင်လယ်ကသစ်ပင်၊ ပဏ္ဍာ ကမ္ဗလာ မြကျောက်ဖျာ၊ သုဓမ္မာဇရပ်၊ ဝေဇယန္တာပြာသာဒ်၊ အကနိဋ္ဌဘုံမှာရှိတဲ့ ဒုဿစေတီ၊ သူ့အောက်မှာ အရူပ ၄-ဘုံပဲ ရှိ တော့တယ်။

(တင်ပါ့ဘုရား။)

အထက်ဘဝဂ်ဆိုတော့ မနေ့က အထက်ဘဝဂ်ထိအောင် မိမိနှာသီးဖျားမှာရှိတဲ့ ထွက်လေဝင်လေကလေးနဲ့ ပို့လိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com


ဘဝဂ်ထိအောင် ရောက်တယ်မဟုတ်လား။

(ရောက်ပါတယ်ဘုရား။)

အောက်ပို့လိုက်ပြန်တော့လည်း နှစ်သိန်းလေးသောင်းရှိတဲ့ မဟာပထဝီမြေကြီးဖောက်၊ ရေထုကိုဖောက်၊ လေထုကိုဖောက်၊ ဟို အာကာသကောင်းကင် အစိန္တေယျမမွ မဟုတ်လား။

(တင်ပါ့ဘုရား။)

အဲဒါ ဘုရားရှင်ရဲ့ကျေးဇူးတော်တွေ မြင်ရတယ်ဆိုတာ မိမိရဲ့စက္ခုပသာဒ ဟိုမှာ စွယ်တော်ကိုဖူးရတယ်။ ဒုဿစေတီကို ဖူးမြင်ရတယ်။ စက္ခုပသာဒအားကောင်းလို့။ စက္ခုပသာဒအား မကောင်းတဲ့ ဘုန်းကြီးတို့ရွာက ခင်သိန်းဆိုတာရှိတယ်။ လူ့ပြည် မှာရှိတာတွေ အကုန်ရတယ်။ ဘုန်းကြီးတော့ အံ့ဩလို့မဆုံးဘူး။ စူဠာမဏိစေတီ ဖူးရတယ်။ ဒုဿစေတီဖူးရတယ်။

မျက်စိလည်းမမြင်ရဘူး။ မောင်ဆွေ အဲဒီဓာတ်ပုံပြစမ်းပါ ကွာ။ ဘယ်မတုန်း။ သူ့အဖေက ဦးကြော်ငြာတဲ့၊ သူ့အမေက ဒေါ်ဖျင်တဲ့။

သူ့သမီးကို တရားအားထုတ်တဲ့အထဲမထည့်ဘူး။ ဒါကြောင့် မို့ ကျောင်းကနေ လှမ်းပြီးပြောလိုက်တယ်။ အဲဒီတော့မှ ထည့် ခဲ့တယ်။ အလွန်အံ့ဩလို့မဆုံးပါဘူး။ ပကတိမျက်စိနဲ့ကြည့်သလို အကုန် ပြောပြနိုင်တယ်။

ဘုန်းကြီးတို့တောကျောင်းနဲ့ မြို့စပ်ဆို ငါးမိုင်သာသာပေါ့။ အဲလောက်ဝေးတာ။ ဘုရားဖူးခိုင်းတယ်။ မင်းဖူးခဲ့သလား။ ဖူးခဲ့ ပါတယ်ဘုရားလို့ဆိုတော့ ကျောင်းပေါ်ကိုလည်း ရောက်ခဲ့တယ်

www.burmeseclassic.com

www.burmeseclassic.com


ဘုရား။ စေတီတော်တွေ မှန်ဘီရိုနဲ့ထည့်ပြီးသိမ်းထားတယ်။ ကျောင်းကြီးပေါ်လည်း ရောက်ခဲ့တယ်။ ကျောင်းကြီးပေါ်မှာ လက်မလောက်၊ လက်ညှိုးလောက်ဘုရားတွေ မှန်ဘီရိုနဲ့အပြည့် ပါလားဘုရားလို့ပြောတယ်။ ပကတိမျက်စိနဲ့မြင်ရတာထက် မြင်ရတယ်။

(မှန်ပါတယ်ဘုရား။)

မဟုတ်ပေဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

သူ့အမေက သူ့အဖေက မင်းအတွက် ကျောင်းဆောက်ထား တာဝင်ကြည့်လို့ဆိုရင် တိုက်ထဲမှာ ပကတိမျက်စိနဲ့ကြည့်၊ အကုန် မမြင်နိုင်ဘူး။

(တင်ပါ့ဘုရား။)

နတ်ပြည်ထိတောင် ကြည့်လို့ရတယ်။ ဘုရားရှင်ရဲ့တရား တော်တွေ မဆန်းကြယ်ဘူးလား။

(ဆန်းကြယ်ပါတယ်ဘုရား။)

**ဒါန၊ သီလ၊ ဘာဝနာ**

**ဒါနဆိုတာ အမြဲ လှူဒါန်းနေရမှာ၊ သီလကိုတော့တစ်သက်လုံး ဆောက်တည် ၊ဘာဝနာကို ကျင့်။ အကုန်လုပ်နေတာပေါ့။**

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ဘယ်နည်းနဲ့မှ သေ မလွတ်ဘူး။

(တင်ပါ့ဘုရား။)

ဒီမှာ ယခုလာတဲ့ မောင်သောင်း၊ မင်းဆရာသမားဥပမိရုပ် ဘယ်လိုတုန်း လာကြည့်ဦးဆိုပြီး ကြည့်ခိုင်းတယ်၊ အဝေးကြီး။

ဘုန်းကြီးက တောင်စွန်းကကျောင်းမှာ တုံးလုံးလဲနေတယ်။ ဘုန်းကြီးက ပက်လက်လှန်နေတယ်၊ မောင်သောင်းက မြောက် ဘက်က၊ မောင်လူခင်ဆိုတဲ့လူကလည်းရှိတယ်။ သူက တောင် ဘက်က။ မျက်မမြင်ခင်သိန်းက လှမ်းကြည့်တယ်။ တောင်ဘက်က လူက ခပ်ဝဝရယ်တဲ့၊ မြောက်ဘက်ကထိုင်တဲ့သူက ခပ်ပိန်ပိန်ရယ်၊ အလယ်ကဘုန်းကြီးကလည်း မှဲ့တွေရှိနေတယ်လို့ပြောတယ်။ အဝေးကြီးက လှမ်းကြည့်တာ။ ဘုန်းကြီးမှဲ့ရှိနေတာကိုမြင်ရတယ်။

ကြည့်စမ်း။

ဗုဒ္ဓပေးတဲ့ ဓမ္မမှန်ပြောင်းတော်။ အဲဒီလိုဗျာ။ ဗုဒ္ဓဓမ္မ အစိမ္ဘေယျက အံ့ဩစရာမကောင်းဘူးလား၊ (ကောင်းပါတယ် ဘုရား၊)လောကဟာ ဆန်းကြယ်တယ်။ လက်နက်ကိရိယာတွေ ဘယ်လောက်ကောင်းကောင်း၊ မှန်ဘီလူးကိရိယာတွေ ဘယ် လောက်ကောင်းကောင်း၊ ကြည့်မရဘူး။

(တင်ပါ့ဘုရား။)

ပိုက်ဆံလည်းမကုန်ဘူး၊ လူလည်းမပင်ပန်းဘူး၊ မိုးလည်း မစိုဘူး၊ နောက်ပါအလုပ်အကျွေး ခေါ်နေဖို့မလိုဘူး။ စားနပ်ရိက္ခာ အတွက် ဘယ်လစာမှမလိုဘူး။

(မှန်ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



မပြောဘူး၊ ဘာတွေတွေ့တယ်လို့လဲပြောရင် မယုံရင် အကုသိုလ်ဖြစ်မှာကိုး။ ဒါကြောင့် မပြောဘူး၊ သိလည်းမပြောဘူး။ ခမယုတ်ဘူးလား။

(မှန်ပါဘုရား။)

အဲဒီတော့ အထက်အောက်ရောက်သလား။

(ရောက်ပါတယ်ဘုရား။)

ဘယ်ရောက်တုန်း။

(ငရဲပြည်အထိရောက်ပါတယ်ဘုရား)

ငရဲပြည်အထိသွားတာ မကြောက်ဘူးလား။

(မကြောက်ပါဘူးဘုရား။)

ငရဲပြည်ထိအောင်သွားတာ မကြောက်ဘူးဆိုတော့

(တပည့်တော် အောက်ရောက်သွားပြီးတော့ လိုဏ်ကြီးလို ညိုညိုခဲရောင်အဆောက်အဦပေါ့ဘုရား၊ တွေ့တယ်။ ငြိမ့်ငြိမ့်နဲ့ လိုက်သွားတာ လိုဏ်ကအရှည်ကြီး၊ အဲဒါနဲ့ မမြင်ခဲ့ရပါဘူးဘုရား။

မနေ့က တပည့်တော် အောက်နဂါးပြည်ထိအောင် လွှတ်တယ်ဘုရား၊ ရေအောက်ရောက်တော့ ကြည်ကြည်လင်လင် မြင် ရတယ်။ ဒါပေမယ့်လို့ ရေထဲမှာ ကျောက်ဂူကြီးတွေ့တယ်။ တပည့်တော်လည်း ဆက်ပြီးမှမကြည့်ခဲ့ဘူး။ ပြန်လာခဲ့တယ်ဘုရား။ ငရဲထိတော့ ကြောက်တာနဲ့ မသွားတော့ဘူးဘုရား။)

စွယ်တော်ရဲ့အနေအထား အရောင် သိကြားပြည်က စွယ်တော်နဲ့ နဂါးပြည်ကစွယ်တော် အတူတူပဲတဲ့။ အရောင်တောက် နေတဲ့အကြောင်းတွေ ဖူးရတာများတယ်နော်။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

နဂါးပြည်စွယ်တော်ဖူးသွားတာ ငရဲပြည်ရောက်လာတယ် နော်။ သံဝေဂရစရာပေါ့။ စာတတ်ပေတတ်တွေမဟုတ်ဘူး။ မင်းတို့ လက်တွေ့တွေနော်။

(တင်ပါ့ဘုရား။)

စာတတ်ပေတတ်တွေက မှန်းပြီးပြောရတာ။ မင်းတို့က လက်တွေ့တွေရတာ။

ဒါလည်း မနည်းပါဘူး။ ဗုဒ္ဓဓမ္မ အစိန္တေယျ တန်ခိုးတော်တွေ၊ သိပ္ပံနည်းနဲ့ဖော်လို့မရဘူး။

(တင်ပါ့ဘုရား။)

နိမိတ်က စောစောစီးစီးကရပြီးသား၊ ရအောင်ပွားပြီးတော့ ညာဘက်မျက်စိကဝင်၊ ဘယ်ဘက်မျက်စိကထွက်၊ ဘယ်ဘက် မျက်စိကဝင်၊ ညာဘက်မျက်စိကထွက်။ ဒီလိုလေး ကပ်မယူနဲ့နော်။

(တင်ပါ့ဘုရား။)

ကွေ့ပြီး ဝိုက်ပြီးတော့ပေါ့။ ညာဘက်နားကထွက်၊ ဘယ်ဘက်နားကဝင်၊ ဘယ်ဘက်နားကထွက်၊ ညာဘက်နားကဝင်၊ အဲဒီလိုကွေ့ယူ။

ညာဘက်ပါးကထွက်၊ ဘယ်ဘက်ပါးကဝင်၊ ဘယ်ဘက် ပါးကထွက်၊ ညာဘက်ပါးကဝင်။

နား၊ ပါး၊ ခေါင်းပေါ်ကနေ ကွေ့ယူ။

ညာဘက်ပခုံးကထွက်၊ ဘယ်ဘက်ပခုံးကဝင်၊ ဘယ်ဘက် ပခုံးကဝင်၊ ညာဘက်ပခုံးကထွက်။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပဲ့ဘုရား။)

အဲဒီလိုကွေ့ယူ၊ သူ့ဟာသူ ကွေ့သွားလိမ့်မယ်။ အဝိဇ္ဇာက က အသက်မရှိသော်လည်း ဘုရားရှင်က အစိန္တေယျ ဝိပါကော တဲ့။ မြတ်စွာဘုရားရှင်ရဲ့တရားတော်တွေကို ကြည်ညိုရလို့ရှိရင်တဲ့ လူနတ်ဗြဟ္မာများ ဝိပါကော အစိန္တေယျောတဲ့။ အဲဒီ အစိန္တေယျ အကျိုးတရားတွေကို ကြည်ညိုကြ၊ ကြိုးစားကြ။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## ကိုယ်တိုင်အားထုတ်တော့ ဗိုသိရ

တရားကို အားထုတ်တဲ့သူတွေ၊ ကျင့်ကြံပွားများတဲ့သူတွေ

**ဟန္ဒ ဒါနိ ဘိက္ခဝေ၊**

**အာမန္တယာမိ ဝေါ။**

**ဝယဓမ္မာ သင်္ခါရာ၊**

**အပ္ပမာဒေန သမ္ပာဒေထ။**

**အဲဒီကစတာ။**

ဘုန်းကြီး(ဝေဘူဆရာတော်)ရဲ့ ဝတ်ကြီးဝတ်ငယ်တွေလည်း ပြုခဲ့ရတယ်။ ဆရာတော်နဲ့ ဆွမ်းခံအတူတူလည်း လိုက်ခဲ့ရတယ်။ သွားခဲ့တယ်။ ဆွမ်းခံကြွတဲ့အခါ တစ်ခါတစ်ခါ ကားကလေးနဲ့ ဘုန်းကြီးလိုပေါ့၊ သံဃာတစ်တန်းကြီး၊ ဆရာတော်တွေက စောင့်ခေါ်၊ ဆရာတော်ကြီးတွေမရှိတော့ဘူး။ သိမ့်သိမ့်တုန်တယ်၊ ယခုတော့ ပျက်သွားတာပေါ့။

ဆွမ်းခံကြွရင် ကားကလေးနဲ့၊ ဆရာတော်ကြီးတွေ ကျောင်း ဂန်တတ်ကြီးတွေ။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

ပတ္တပိုဏ်ခံရတာ၊ မနက်ဆွမ်းကို။

(တင်ပါ့ဘုရား။)

ဆရာတော်ကြီးတွေအကြောင်းပြောရင် ဆုံးမှာမဟုတ်တော့ဘူး။

(တင်ပါ့ဘုရား။)

အဲသလို တရားရှာကိုယ်မှာတွေ့ဆိုတာလို ကိုယ်မှာတွေ့မှ ကိုယ့်တရား။

(တင်ပါ့ဘုရား။)

ကိုယ်ကြိုးစားမှ ကိုယ်ရမှာ။

(တင်ပါ့ဘုရား။)

လူ့ဘဝရဖို့ဆိုတာ မလွယ်ဘူး။

(တင်ပါ့ဘုရား။)

ရပြန်တော့လည်း သဒ္ဓါတရားရှိဖို့မလွယ်ဘူး။

(တင်ပါ့ဘုရား။)

သဒ္ဓါတရားတွေလိုချင်တယ်။ ပျင်းနေပြန်တော့လည်း မလွယ်ဘူး။

(တင်ပါ့ဘုရား။)

ပျင်းလည်းမပျင်းဘူး၊ လိုလည်းလိုချင်တယ်ဆိုပြီး သားရေး သမီးရေး၊ ကိုယ့်စီးပွားရေးတွေ ငှဲနေရပြန်တယ်ဆိုရင်လည်း မလွယ်ဘူး။ ငါမရှိရင်မဖြစ်ဘူးဆိုရင် မလွယ်ပြန်ဘူး။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



လွဲစရာအကြောင်းတွေ မများဘူးလား။

(များပါတယ်ဘုရား။)

အဲဒါတွေကြောင့် လွဲလာတာ။ တစ်သံသရာလုံး လွဲလာတယ်။

(တင်ပါ့ဘုရား။)

မိမိတရား မိမိအားထုတ်မှရတာ။ အရိမေတ္တေယျဘုရားပွင့်ပြီးရင် လူ့ပြည်မှာ ဘုရားမရှိတော့ဘူး။ ကျန်တဲ့ပုဂ္ဂိုလ်တွေနဲ့ ဝေးသွားပြီ။

အရိမေတ္တေယျဘုရားပွင့်ဖို့ အဝေးကြီးရှိသေးတယ်။ ဒီကြား ထဲ ဘဝပေါင်းများစွာ ဘာဖြစ်မယ်မသိသေးဘူး။ အဲဒီတော့ ကိုယ့်တရားကိုယ်အားထုတ်တဲ့အခါကလေး ကြိုးစားပွားများ။

(တင်ပါ့ဘုရား။)

စီးပွားရေးဆိုတာ ဘယ်လောက်ထိန်းထိန်း စကြာမင်းစည်းစိမ်၊ ဗြဟ္မာမင်းစည်းစိမ်၊ သူတို့လည်း သေကြတာပဲ။

(တင်ပါ့ဘုရား။)

သေလို့လည်း နတ်ပြည်အခေါက်ခေါက်၊ ဗြဟ္မာပြည်အခေါက်ခေါက်ရောက်ခဲ့ပြီ။ လူတစ်ခါဖြစ်ဖို့ မလွယ်ဘူး။

(တင်ပါ့ဘုရား။)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ရတယ်မဟုတ်လား။

(ရပါတယ်ဘုရား။)

ဓမ္မံ သရဏံ ဂစ္ဆာမိရော ရသလား။

(ရပါတယ်ဘုရား။)

'မိ'ဆိုတဲ့အတိုင်း "မိမိရရ"ကိုးကွယ်မှ။

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မံ သရဏံ ဂစ္ဆာမိ။

မိမိရရအားထုတ်မှ၊ မိမှမမိဘဲကိုး။ မိအောင်ကိုင်ထား၊ မိအောင်ဆုပ်ထား၊ မဆုပ်ထားရင် ကျတာပေါ့။

ပစ္စည်းတောင်မှ မိအောင်ဆုပ်ထား၊ မိအောင်ကိုင်ထား၊ မိအောင်မဆုပ်ထား၊ မကိုင်ထားရင် ကျတာပေါ့။

(တင်ပါ့ဘုရား။)

ကိုယ်ရှိသေတဲ့ပစ္စည်းဆို ကျသွားမှာစိုးလို့ ရိုရိုသေသေ မဟုတ်လား။

(တင်ပါ့ဘုရား။)

ဘုရားကိုရော အဲဒီလို ကြိုးစားသလား။

(မှတ်ပါတယ်ဘုရား၊ ကြိုးစားပါတယ်ဘုရား။)

ဘာတွေ့လဲ။

(တပည့်တော်ခေါင်းကြီး နဖူးမှာရှိတယ်ဘုရား၊ အပေါ်ထိ အောင်တက်လာပါတယ်ဘုရား။ နောက် ဒီမှာတင်းအောင်ခံစားရ ပါတယ်ဘုရား။)

(တီတီနဲ့ဖြစ်နေပါတယ်ဘုရား၊ နားနောက်မှာ အလုံးကြီး ဖြစ်နေပါတယ်ဘုရား။ နောက် ဖြုတ်ဖြုတ်နဲ့ ရောသွားတာတွေ့ ရပါတယ်ဘုရား။ နားနောက်မှာအလုံးကြီးဖြစ်နေပြီး တွန့်နေတာ ပါဘုရား။ ရှူထုတ်လိုက်တော့ သာသာကလေး ပါလာပါတယ် ဘုရား။)

(ဖျဉ်းဖျဉ်းနဲ့ဖြစ်ပြီး ပါးစပ်ကိုဆွဲစေ့သလို ခံစားရပါတယ် ဘုရား။ ဒီနေ့ ၃-ခါလောက်ဖြစ်ပါတယ်ဘုရား။ မနေ့ကတော့

www.burmeseclassic.com

www.burmeseclassic.com


၁-ခါ ၂-ခါပဲဖြစ်ပါတယ်ဘုရား။ လက်မောင်းမှာလည်း ၃ လက်မလောက် ရှည်ရှည်ကလေး အသွင်းအဖြန့်ဖြစ်နေပါတယ်ဘုရား။)

ကိုယ်တိုင်အားထုတ်တော့ ပိုသိရတာပေါ့။

(တင်ပါ့ဘုရား။)

(တပည့်တော်ကတော့ မျက်စိတွေဝါးဝါးပြီး ခေါင်းတွေ မူးမူးပြီး လှုပ်နေတာဘုရား။)

ဝေဘူဆရာတော်ပြောတာလိုပေါ့။ မမှန်ဘူးလား။

(မှန်ပါတယ်ဘုရား။)

(တပည့်တော်မကတော့ ရင်ထဲအောင့်လာတာဘုရား။ နောက်မှ တဖြည်းဖြည်းချင်း ညင်ညင်သာသာကလေးဖြစ်သွားတယ်ဘုရား။)

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ-အာဟာရ အတိတ်အကြောင်းတရား ၅-ပါး။

(တင်ပါ့ဘုရား။)

ပြုပြင်၍ တရိပ်ရိပ်တဖွဲဖွဲ တသဲသဲအားဖြင့် သူ့အလိုလို ဖြစ်ပျက်၍နေသော ရုပ်နာမ်တို့သည် အမြဲမရှိ။ အနိစ္စ အနိစ္စ။

တစ်သံသရာလုံး မနားတမ်းဖြစ်နေတာ။ ဟိုအတိတ် သံသရာတစ်ခွင်ကလည်း မနားတမ်းလာခဲ့ရတာ။ နိဗ္ဗာန်မရမချင်း တစ်သံသရာလုံးသွားရမှာ။ ကြိုးစားကြ။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## မကြောက်ဘူးတဲ့

ခန္ဓာကိုယ်ကြီးက အသက်အရွယ်ရလာတော့ မစားနိုင်ဘူး၊ ကိုယ်ခိုင်းသမျှ ကိုယ်ပြောတာလည်း နားမထောင်တော့ဘူး။

ရှေ့တိုးထမ်းပိုးဆိုတာလိုဖြစ်တော့မှာ။ ဘယ်ရောက်သလဲ။ အောက်ရောက်သလား။

(ရောက်ပါတယ်ဘုရား)

နှစ်သိန်းလေးသောင်းရှိတဲ့ မဟာပထဝီမြေကြီးကိုဖောက်တာ၊ မြေထုရော ရေထုရော ဖောက်နိုင်သလား။

(ဖောက်နိုင်ပါတယ်ဘုရား)

လေထုရော ရသလား။

(ရပါတယ်ဘုရား။)

ဒါဆိုရင် ဘယ်ကိုရောက်သလဲ။

(နဂါးတွေအထိရောက်ပါတယ်ဘုရား။)

စွယ်တော်ဖူးခဲ့ရသလား။

(မှုန်မှုန်ပဲဖူးခဲ့ရပါတယ်ဘုရား)

www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်ယောက်။

(ရောက်ပါတယ်။)

နောက်တစ်ယောက်။

(ရောက်ပါတယ်။)

ဘယ်အထိရောက်သလဲ။ မြေထု ရေထု လေထုထိ ရောက်သလား။

(ရောက်ပါတယ်ဘုရား။)

နဂါးတိုင်းပြည်ရော ရောက်သလား။

(မရောက်ခဲ့ပါဘူးဘုရား။)

ဟိုဘက်ကဒကာတွေက ငရဲပြည်တောင် ရောက်ခဲ့သတဲ့။ ငရဲပြည်မှာ သံရည်ပူတွေနစ်နေတာ၊ သံခက်ရင်းတွေနဲ့ထိုးတာ အဲဒါတွေမြင် မကြောက်ဘူးလားမေးတော့ မကြောက်ဘူးတဲ့။

ကဲ - နောက်တစ်ယောက်။

(တပည့်တော် မြေထု ရေထု လေထုအထိတော့ ထွင်းဖောက်လို့ရခဲ့ပါတယ်ဘုရား။)

နဂါးပြည်ရော ရောက်ခဲ့သလား။

(နဂါးပြည်တော့ မရောက်ခဲ့ပါဘူးဘုရား။ လေဟာပြင်အထိတော့ ရောက်ခဲ့ပါတယ်ဘုရား။)

နောက်တစ်ယောက်။

(လေထုအထိတော့ ရောက်ခဲ့ပါတယ်ဘုရား။)

နဂါးပြည်ရော ရောက်ခဲ့သလား။

(မရောက်ပါဘူး)

www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်ယောက်။

(လေဟာပြင်အထိ ရောက်ပါတယ်ဘုရား။ နဂါးပြည်တော့ မရောက်ခဲ့ပါဘူး။)

ဒကာမကြီးတစ်ယောက်က နဂါးပြည်အထိရောက်တယ်၊ စွယ်တော်က သိကြားပြည်မှာရှိတဲ့စွယ်တော်နဲ့ တစ်ပုံစံတည်းပဲ တဲ့။ အရောင်ကလည်း ဖိတ်ဖိတ်တောက်နေတာတဲ့။ အမျိုးမျိုး။ တချို့က ငရဲပြည်လည်းရောက်တယ်။ နဂါးပြည်လည်းရောက် ခဲ့ကြတယ်။

အစိန္တေယျဂုဏ်တွေ၊ ဘုရားရှင်ပေးသနားတော်မူခဲ့တာ။ လောကီအတတ်ပညာ ဘယ်လောက်စွမ်းစွမ်း မရောက်နိုင်ဘူး။

(တင်ပါ့ဘုရား။)

ဘုရားရှင်ရဲ့တရားတော်တွေဟာ နတ်ပြည်၊ သိကြားပြည်၊ စူဠာမဏိဖူးရ၊ နဂါးပြည်က စွယ်တော်ဖူးရ၊ အင်မတန်ဆန်းကြယ် တယ်။ နက်နဲသိမ်မွေ့တယ်နော်။

(တင်ပါ့ဘုရား။)

အစိန္တေယျ။

(တင်ပါ့ဘုရား။)

အဲဒါကို အရှင်ဘုရားတို့မေ့နေတယ်။ ညာဘက်ကျပွားပေါ့။

(တင်ပါ့ဘုရား။)

ညာဘက်မျက်စိဝင်၊ ဘယ်ဘက်မျက်စိထွက်၊ အဲဒီလို လုပ်ကြည့်ပေါ့ဘုရား။ ကပ်ပြီးမလုပ်နဲ့။ ခေါင်းဘက်ကလောက် လုပ်။ ဘယ်ဘက်မျက်စိကဝင်၊ ညာဘက်မျက်စိကထွက်၊ အဲဒီလို ကွေ့ပြီးတော့မှယူ။

www.burmeseclassic.com

www.burmeseclassic.com


ညာဘက်နားကဝင်၊ ဘယ်ဘက်နားကထွက်၊ ဘယ်ဘက်နားကဝင်၊ ညာဘက်နားကထွက်။ အပြန်ပြန်အလှန်လှန်ပေါ့နော်။

(တင်ပါ့ဘုရား။)

ဘယ်ဘက်ပါးကဝင်၊ ညာဘက်ပါးကထွက်။

ညာဘက်ပါးကဝင်၊ ဘယ်ဘက်ပါးကထွက်။

ညာဘက်ပခုံးကဝင်၊ ဘယ်ဘက်ပခုံးကထွက်။

ဘယ်ဘက်ပခုံးကဝင်၊ ညာဘက်ပခုံးကထွက်။

အဲဒီလို အပြန်ပြန်အလှန်လှန် လုပ်ပေး။

မျက်စိရယ်၊ နားရယ်၊ ပါးရယ်၊ ပခုံးရယ်။

အဝိညာဏက-အသက်မရှိဘဲနဲ့ သဝိညာဏက-အသက်ရှိသကဲ့သို့ ဘုရားရှင်ရဲ့တရားတော်တွေဟာ အင်မတန်သိမ်မွေ့တယ်၊ နူးညံ့တယ်။

(တင်ပါ့ဘုရား။)

ကိုယ်ခိုင်းသလို စေသလို အမျိုးမျိုးရနိုင်တယ်။ အထက်ကိုလည်း ဘဝဂ်အထိ၊ စူဠာမဏိစေတီတန်းသွား၊ ပြန်ပြီးရှိုက်လိုက်ပြန်တော့လည်း နှာသီးဖျားမှာလာထိတယ်။ ကြီးစေဆို ကြီးသွားတာ။ ကြည်စေဆို ကြည်သွားတာ။ မြတ်စွာဘုရားရဲ့တရားတော်တွေဟာ သိမ်မွေ့တယ်၊ နက်နဲတယ်။

အဲဒါတွေကိုရအောင်ကြိုးစားကြဗျာ။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## ပုံတော်မှန်းမျှော် ဂုဏ်တော်လွှမ်းဖော်

မကြည့်ရ၊ မမြင်ရတဲ့သူတွေ အနုမာနအားဖြင့် မှန်းဆပြီးကြည့်နိုင်အောင် ဆွဲထားမှပဲ။ မင်းက ပြည့်ပြည့်စုံစုံ ဆွဲတတ်သလား။

(တပည့်တော် အတတ်နိုင်ဆုံးကြိုးစားပါ့မယ်ဘုရား။)

(မန္တလေးမှာ သူ့ထက်တော်တဲ့လူ နှစ်ယောက်ထဲရှိတော့တယ်ဘုရား။ တင်ပါ့ဘုရား၊ တော်တော် တော်တယ်ဘုရား)

အေးကွ၊ ပီပီပြင်ပြင်ဖြစ်အောင် ဆွဲထားရမယ်။ ဆွဲပေးတဲ့အတွက် အားလုံး လူရှင်ရဟန်း ကြည်ညိုရတယ်။

(တင်ပါ့ဘုရား။)

ကျန်တဲ့သူတွေက ဒီလိုဆွဲတတ်တဲ့သူလည်းမရှိဘူး။ ဆွဲတတ်တဲ့လူရှိပြန်တော့လည်း ကိုယ်တွေ့ပြောတတ်တဲ့လူရှိဦးမှ။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုဖြစ်တာ အခုဟာက၊ အကြောင်းအကျိုးလည်း တိုက်ဆိုင်မှုလည်းရှိတော့ ငါက ကြီးကြီးရချင်တာကွ၊ စေတနာ သဒ္ဓါတရားနဲ့ဆွဲကွ။

(ဆရာတော်ဘုရား၊ ဒီပုံ သူဆွဲတာဘုရား။)

စစ်ကိုင်းတိုင်း။ ရွှေဘိုမြို့နယ်၊ နမော်ရွာသား၊ အသက် ၃၀-နှစ်၊ ဒုဿစေတီ၊ အကနိဋ္ဌဘုံဖူးမြော်ရန် အနောက်ဘက်မုခ်မှ ဝင်သည်။ မဟာမြတ်မုနိထက်ကြီးသော မဟာမုနိပုံတော် ဆင်းတု တော်တစ်ဆူ ဖူးရပါသည်။

ဘုရားဆင်းတုတော်ကြီး နောက်ကျောဖက်မှာ ၇-မျိုး တွေ့ရှိရပါသည်။

၁။ မကိုဋ်မှတော်မှာ ခေါင်းပေါင်းသောအခါ အဝတ်စကို လုံး၍ပေါင်းထားသလို အမိတ်အစတော်မှာ တောင် ဘက်ငိုက်သည်။

၂။ သံလျက်တော်အရိုး တောင်လှည့်ထားသည်။ သံလျက် က အရှည် ၁ တောင်ကျော်၊ အသွား ၆ လက်မခန့် ရှိသည်။

၃။ ခြေနင်းက ဟင်္သာရုပ် နှုတ်သီးကို ပုလဲလုံးဆွဲထား သည်။ ဖိနပ်ပေါ်မှာ ဘေးမှ ရွှေကွပ်ထားသည်။

၄။ ဝတ်လဲတော်ပိုးပုဆိုးအဖြူရောင် ခေါက်ထားသည်။ စလွယ်တော်မှာ အထက်ပိုင်း အရှေ့ဘက်လှည့်ချ ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



၅။ လက်ပတ်တော်၊ စလွယ်၏ တောင်ဘက်ဘေးမှာ ချထားသည်။

၆။ နားကပ်တော် စိန်နားဋ္ဌောင်းအဖူး စနေထောင့်လှည့်ထားသည်။ နားကပ်နောက်ပိတ်မှာ တနင်္ဂနွေထောင့်လှည့်ထားသည်။

၇။ အင်္ကျီအဖြူရောင် ဖြန့်ထားသည်၊ ညာဘက်ဖုံးမှာ အရှေ့ဘက်လှည့်ချထားသည်။

ဒါ အင်္ကျီ၊ လက်ပတ်၊ စလွယ် ဒီအထဲတော့ မမြင်ဘူးပေါ့ကွာ။ တွေးကြည့်ပေါ့။

(တပည့်တော် ပေါ်ပါတယ်ဘုရား။)

ပုံတူအောင်ဆွဲနော်။

(တင်ပါ့ဘုရား၊ ဆွဲချင်တာက ဒုဿစေတီတစ်ဆူတည်းမဟုတ်ဘူး။ စူဠာမဏိ ရယ်၊ ဒုဿရယ်၊ တစ်ဆူရှိသေးတယ်ဘုရား၊ ဆရာ့ကိုဆွဲဖို့ ပြောထားပြီးပြီ။ ဆရာ့ကို အကြောင်းကြားထားပြီးပြီ။ ဘုန်းဘုန်းကိုသာ မလျှောက်ရသေးတာဘုရား။ နဂါးပြည်မှာရှိတဲ့စွယ်တော်ကိုရော ဆွဲချင်တာ။ ပုံစံကို တပည့်တော် ထုတ်ထားပြီးပြီဘုရား။ တပည့်တော်ဖူးခဲ့တဲ့အတိုင်း ပုံစံထုတ်ထားပြီးပြီဘုရား။)

ရှိပြီလား။

(တင်ပါ့။)

စူဠာမဏိစေတီပုံစံကစပြီး ဒုဿစေတီ။

(တင့်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


တတိယ နဂါးပြည်ပုံစံ စာရွက်တော်တော်ကြီးကြီးနဲ့ ဖိနပ်တော်တို့၊ ဝတ်လဲတော်တို့ကို သန့်သန့်ရှင်းရှင်းပြမှ ကြည်ညိုတာ။

(တင်ပါ့ဘုရား။)

စာနဲ့ပုံနဲ့ သူ့နေရာလေးနဲ့သူ ချပြထားတာ ကောင်းပါတယ်။

(ပုံစံစာရွက်နဲ့ ဌာပနာထားတာတွေကို ပုံတူဆွဲပြီးတော့ စာလေးတွေနဲ့ နံပါတ်ကလေးတွေနဲ့ ချပြထားချင်ပါတယ်ဘုရား။ တပည့်တော်တို့ လုပ်တတ်ပါတယ်ဘုရား။ ပုံကို အဓိကထားဆွဲလိုက်မယ်။)

စေတီတော်ပုံနဲ့ စာရွက်နဲ့ဆက်ထားမလား၊ သို့မဟုတ် စာရွက်ကြီးကြီးနဲ့လုပ်မလား။

(ရပါတယ်ဘုရား။)

တစ်ရွက်ထဲမှာပဲ ထည့်ပေးမယ်။

(စာရွက်က လိုချင်တဲ့အနေအထား ရပါတယ်ဘုရား။ ပုံကိုပဲ အဓိကထားဆွဲလိုက်မယ်။ ပုံဆွဲတဲ့နေရာမှာလည်း ယောဂီတွေ အလုပ်မပျက်အောင် ပုံကြမ်းသဘောလောက်ပဲ ပြောမယ်ဘုရား။ ပုံကြမ်းဆွဲတဲ့နေရာမှာလည်း တပည့်တော်တို့ ဆွမ်းစားပြီး ယောဂီ ၄-ယောက် ၅-ယောက် ၆-ယောက်လောက် ဆွေးနွေးညှိနှိုင်းကြမယ်ဘုရား။)

(ကြည့်ပြီးတော့ စာရော၊ ပုံရော ဖူးလို့ရအောင် သူတို့ လုပ်တတ်တယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ဒါမှ အများကြည်ညိုရမှာကွ၊ တွေ့ရဖို့မလွယ်ဘူး။ ထမင်းစားပြီးမှပြန်ဆုံပြီး စုံစုံစေ့စေ့ညှိနှိုင်းကြတာပေါ့။

(တင်ပါ့ဘုရား။)

အဝိဇ္ဇာဏက အသက်မရှိဘဲနဲ့ ကွေ့ဆိုကွေ့၊ ကောက်ဆိုကောက် ခိုင်းလို့စေလို့ရတယ်။

လေထုကိုဖောက်ပြီး စူဠာမဏိစေတီ ဖူးတယ်။ ပါးစပ်က စကားပြောတတ်ရင် ဖူး၊ ဖူးလို့ပြောလိမ့်မယ်။

(တင်ပါ့ဘုရား။)

အားရစရာမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

စောစောက စက္ကူထဲရေးထားတဲ့ပုံတွေပဲ ဖူးရမှာမဟုတ်လား။

(တင်ပါ့ဘုရား။)

ယခုဆို အသက်ရှိတာတွေ မြင်ခဲ့ရတယ်နော်။

(တင်ပါ့ဘုရား။)

ပုံဆွဲတဲ့သူက နတ်သမီးနတ်သားလောက် ဆွဲနိုင်ပါ့မလား။

(မဆွဲနိုင်ပါဘူးဘုရား။)

ဘယ်နှယ့်တူမစာနိုး။ ကိုယ့်မှ မြင်ရတာမှမဟုတ်ဘဲ။

(တင်ပါ့ဘုရား။)

မှန်းဆွဲရတာ။

(တင်ပါ့ဘုရား။)

ဟိုအမြင့်ကြီးအထိ ပြနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



(တင်ပါ့ဘုရား။)

မှုန်နေရင်လည်း ကြည်စေ၊ လင်းစေဆိုလည်း ကြည်သွားတာပဲမဟုတ်လား။ ကြီးစေဆိုလည်း ကြီးတာပဲ။ ရန်ကော ဖြစ်ရသလား၊ မဖြစ်ရဘူး။ သူတစ်ပါးပြောရင် ယုံမလား၊ မယုံဘူး၊ ဘုရားရှင်ရဲ့တရားတော်တွေကို မယုံလို့ခက်နေတာပေါ့။

(တင်ပါ့ဘုရား။)

ဘုရားရှင်ရဲ့တရားတော်တွေ မယုံတော့ ဘယ်လိုလုပ်ကယ်မတုန်းကွ။ မယုံတော့ အဲဒါကြောင့် လူတိုင်း သူရော ကိုယ်ပါကျန်ရစ်ကြတာ။

(မှန်ပါဘုရား။)

နတ်ပြည်စုံရင် အောက်ပြည်သွားမယ်။ နဂါးပြည်သွားတော့နဂါးနဲ့တွေ့ပြီး သေမှာကြောက်လို့ အော်တဲ့လူကအော်။

(တင်ပါ့ဘုရား)

နဂါးပြည်မှာရှိတဲ့ စွယ်တော်လည်းဖူးရအောင်၊ ဒီတစ်သက်ဖူးရဖို့လွယ်ပါ့မလား။

(မလွယ်ပါဘူးဘုရား)

ကုသိုလ်တစ်မျိုးတွေ။ ဒဿနဆိုတာ မြင်ရတာ။ ဒါတွေလှမ်းမြင်ရတာပဲ။ မင်းတို့တစ်သက်လုံး ပြောလို့ဆုံးတော့မှာမဟုတ်ဘူး။ တစ်သက်လုံး ဘုရားအလုပ်လည်း လုပ်လို့မကုန်တော့ဘူး။ တစ်သက်လုံးလည်း ပြောလို့မကုန်တော့ဘူး။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


အောက်မေ့ကြည့်လိုက်ရင် ကြည်ညိုစရာတွေချည်းပဲ။ ယခုခေတ် ဒုံးပျံတွေ၊ လေယာဉ်တွေ ဘယ်လိုမှမစွမ်းနိုင်ဘူး။

(တင်ပါ့ဘုရား။)

ဗုဒ္ဓမှာ အစိန္တိယာတဲ့။ ဘယ်လိုမှကြံစည်လို့မရဘူး။

ပြောလို့မဆုံးတော့ဘူး။ ကြည်ညိုလို့မဆုံးတော့ဘူး။ တွေ့ရာကြုံရာ စပ်မိတိုင်း ပြောလို့မဆုံးတော့ဘူး။

(တင်ပါ့ဘုရား။)

စဉ်းစားကြည့်လိုက်တော့ တစ်သံသရာလုံး အထောက်အပံ့၊ ပစ္စုပ္ပန်ဘဝလည်း ပမောဒတိ-ဝမ်းမြောက်ရ၏။ ဝယ်လို့မရဘူး။ နှာခေါင်းကထွက်လေဝင်လေရှူတာနဲ့ ။

(တင်ပါ့ဘုရား။)

အမှတ်ရတုန်းပြောရတာ။ ဝမ်းမြောက်ရမယ်။ မကြုံဖူးတာတွေ၊ မကြားဖူးတာတွေ၊ မမြင်ဖူးတာတွေ ကြားရတွေ့ရတာ။

(တင်ပါ့ဘုရား။)

(တပည့်တော် မကြားဖူး၊ မကြုံဖူးပါဘူးဘုရား၊ ကိုယ်တွေ့ဖြစ်မှ ယုံပါတယ်။)

အေး - အဲဒါကြောင့် မယုံတဲ့သူကို သနားစရာကောင်းတယ်ဆိုတာ၊ မယုံရင် ကယ်မလို့မရဘူး။

ကိုယ်ရတော့ သားတွေ သမီးတွေ၊ မြေးတွေ မြစ်တွေ ရစေချင်တာပေါ့။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ပေးမတုန်း၊ ပေးလို့မဖြစ်ဘူး။ ဘုရားက သန္ဒိဋ္ဌိကောလို့ဟောထားတာ။

(တင်ပါ့ဘုရား။)

ဒီဘဝလည်း ဝမ်းမြောက်ရ၊ နောက်ဘဝလည်း ဝမ်းမြောက်ရ။ ဒါပေမယ့် အိမ်ကမခွာနိုင်ဘူးမဟုတ်လား။

(တင်ပါ့ဘုရား။)

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သနားရက်နဲ့ ပစ်ထားခဲ့တာ။

(သာဓု … သာဓု … သာဓု …)

* * *

www.burmeseclassic.com

www.burmeseclassic.com

## ဘုရားဆေးစားလို့ မမှား

သားတော်ကလေးမွေးတော့ ဘုရားကေန်ဖြစ်မယ်လို့ ဟောခဲ့တယ်။ ကောဏ္ဍညက ။

၁။ ကောဏ္ဍည၊

၂။ ဝပ္ပ၊

၃။ ဘဒ္ဒိယ၊

၄။ မဟာနာမ်၊

၅။ အဿဇိ။

အဲဒီ ၅-ဦးကို ဟောခဲ့တာ။ ဓမ္မစကြာတရားဦးကို ကြားနာရပြီး ကောဏ္ဍညကပဲ အရင်ဆုံး မဂ်ဉာဏ်ဖိုလ်ဉာဏ် ရသွားတာ။

သူက တစ်ခွန်းတည်းပဲပြောတယ်။ ကြီးလာရင်တော့ ကေန် ဘုရားဖြစ်မယ်လို့ဟောတာ ကောဏ္ဍညက အရင်ဖြစ်တယ်။

ကံတွေက အဲဒီလိုလာတာ။ ဆက်ဆံကြည့်လိုက်တော့ မဟုတ်ဘူးလား၊ ဟုတ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



(တင်ပါ့ဘုရား။)

ကဲ စိတ်ချသွား၊ တံခါးကြီးကလည်း အလိုလိုပွင့်နေ၊ လူ့ပြည်မှာလည်း ဒီလိုပဲ။ အခြံအရံတွေ ဝင်းထိန်နေတာပဲ။ ဒါပေမယ့် တိုင်းတော်ပြည်တော်က ထွက်ချသွားတယ်။ နတ်တွေကလည်း ပန်းမိုးတွေရွာလိုက်တာ အပေါ်က နတ်မီးရှူးတွေနဲ့ ခြံရံလို့၊ စစ်တပ်ကြီးအလား။

တိုင်းတော်ပြည်တော်က ထွက်ကာစတော့ ပြေးနိုင်သေးတယ်။ ကဏ္ဍကမြင်းက သဲပြင်ကြီးရောက်နေတော့ မပြေးနိုင်ဘူး။ ဟိုရောက်တော့ ဆံတော်တွေပယ်၊ ကောင်းကင်မြှောက်။

ငါသည် ဘုရားဖြစ်လျှင် ကောင်းကင်၌ ဤဆံတော်တည်တံ့စေသတည်းလို့ဆုတောင်းတော့ သိကြားမင်းက ပန်းခြင်းနဲ့ ပင့်ဆောင်သွားတယ်။ ဟို အကနိဋ္ဌဘုံကလည်း ဝတ်စုံကပ်၊ ဝတ်လဲတော်တွေလည်း မြင်းမြီးဆွဲမောင်ဆန်နဲ့ ကဏ္ဍကမြင်းတို့က အလောင်းတော်ရဲ့ပြောစကားတွေကြားရတော့ ကဏ္ဍကမြင်းက လည်း ကြားကနေ ရင်ကွဲနာကျပြီးသေ။ သာမန်ပုဂ္ဂိုလ်ဆိုရင် မိမိဇနီးမယားနားက ခွာနိုင်ပါ့မလား။

(မခွာနိုင်ပါဘုရား။)

ဘာဖြစ်လို့လဲ။ ရင်ကွဲနာကျသေမှာစိုးလို့လား။ တရှုပ်ရှုပ်နဲ့ ငိုမှာနော်။

(တင်ပါ့ဘုရား။)

မြင်းမြီးဆွဲမောင်ဆန်ကလည်း မြင်းကြီးကိုထမ်းပြီး တိုင်းတော်ပြည်တော်ကို တရှုပ်ရှုပ်နဲ့ပြန်သွားလေရောဗျာ။ ဒီလိုလူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှမတွေ့ဖူးဘူး။ သူ့သံလျက်တွေ၊ ဓတ်လဲတော်တွေ ပစ်ထားခဲ့တာ။ တောထဲကို တစ်ယောက်တည်းရယ်၊ အဖော်မပါဘူး။

(တင်ပါ့ဘုရား။)

နောက် ဥရုဝေလတောင်ရောက်၊ တောင်ရောက်တော့ နေရဥ္စရာချောင်းနားမှာကျင့်တယ်။ အသေအလဲကျင့်တာ။

(တင်ပါ့ဘုရား။)

ဖျာမပါဘူး၊ စောင်မပါဘူး၊ အခင်းမပါဘူး၊ ဘာမှမပါဘူး၊ မျက်နှာသုတ်ပဝါမပါဘူး၊ လက်သုတ်ပဝါမပါဘူး၊ ဘာမှမပါဘူး။ အဲဒီလိုကို ဘယ်လိုသီတင်းသုံးတယ်မသိဘူး။ ဥရုဝေလလိုဏ်ထဲ အဲသလိုကိုကျင့်တယ်။

မင်းတို့ ဖျာတွေ ခေါင်းအုံးတွေ မပါဘူးလား။

(ပါပါတယ်ဘုရား၊ စောင်တွေတင်မကဘူး၊ ခြင်ထောင်တောင်ပါပါသေးတယ်ဘုရား။)

အလောင်းတော်ကြီး ၆-နှစ်ကြာတယ်။ လိုဏ်ထဲမှာ အိပ်ရာတွေ ဘာမှမပါဘူး။

(တင်ပါ့ဘုရား။)

ချေးတွေဘာတွေနဲ့ ထိုင်နေတဲ့အခါ မူးမိုက်ပြီးလဲသွားရင် ထူမယ့်သူမရှိဘူးကွ။

(တင်ပါ့ဘုရား။)

ဘာဖြစ်တာတုန်းလို့ မေးမယ့်သူမရှိဘူးကွ။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုကျင့်ပြီးတော့ အသိမှန် အမြင်မှန်တွေရပြီး ထားခဲ့တာပဲကွ။ တစ်လ နှစ်လ အိမ်ကထွက်ပြီး အားထုတ်ဖို့ရာ မလွယ်ဘူး။

(တင်ပါ့ဘုရား။)

လွယ်ရဲ့လား။

(မလွယ်ပါဘူးဘုရား)

ဗုဒ္ဓ သရဏံ ဂစ္ဆာမိဆိုတာ မိမိရရရှိအောင်၊ ဓမ္မံ သရဏံ ဂစ္ဆာမိဆိုတာ တရားတော်တွေနဲ့ပတ်သက်ပြီး မိမိရရ ရသင့်သလောက်ရအောင် ကနေ့တစ်ခါဖြည့်စွက်ပြီးတော့ ဟောရတာ၊ မင်းတို့ နဂါးပြည် ရောက်ပလား။

(ရောက်ပါပြီဘုရား။)

ဒါကမခက်ပါဘူး။ ကွေ့ဆိုရင် ကွေ့သွားတာပဲ။

(မခက်ပါဘူးဘုရား။)

ကနေ့ နိမိတ်ကိုယူ၊ ခန္ဓာကိုယ်ကို ဒီလိုမှောက်၊ အပေါ်က ခြုံပြီး ငုံ့ရာကျအောင် ခေါင်းငုံ့ပြီး ကြီးစေ၊ အသင့်ပြင်ထား၊ ထွက်သက်ဝင်သက်ကို အဲဒီနိမိတ်ကို အောက်ဆွဲချ၊ ရှည်ရှည်ရှိုက်ရှူ၊ သူ့ဟာသူဖြတ်စားသွားမယ်။ နိမိတ်က သူ့ဟာသူလိုက်လာမှာ။

(တင်ပါ့ဘုရား။)

လက်နှစ်လုံးလောက်ကွာ၊ ရှူရှိုက်မပျက်စေနဲ့။ လက်နှစ်လုံးလောက်ကွာကွာပြီး ရှူရှူရှိုက်ရှိုက်သွား။

(တင်ပါ့ဘုရား။)

အပေါ်ပိုင်းက ဖြတ်ခဲ့စားခဲ့ပြီး ခါးလောက်ရောက်ခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ပိုင်းက ဖြတ်ခဲ့စားခဲ့ပြီးတော့ ဘယ်လို၊ မဖြတ် မစား ရသေးတဲ့အပိုင်းက ဘယ်လို၊ ကြည့်ကြည့်ပေါ့။

(တင်ပါ့ဘုရား။)

တစ်ခါ အောက်ကပြန်ပြီးတော့ လုပ်ပြန်မယ်။ ခုနေက ပြောတာ ရှိုက်သက်မဟုတ်ဘူး၊ ထွက်သက်နော်၊ နောက် အောက် ကရှိုက်ပြီး ပြန်ဖြတ်ခဲ့။

(ထွက်သက်နဲ့လားဘုရား။)

မဟုတ်ဘူး၊ ဝင်သက်နဲ့။

(တင်ပါ့ဘုရား။)

အပေါ်ကဖြတ်ခဲ့တာလည်း ခါးလောက်ကျသွားပြီ။ ယှဉ် ကြည့်၊ အထက်နဲ့အောက်နဲ့နော်။

(တင်ပါ့ဘုရား။)

တစ်ကိုယ်လုံးပြီးသွားပြီ၊ တစ်ကိုယ်ကောင်လုံး ခြုံငုံကြည့်။

(တင်ပါ့ဘုရား။)

ခန္ဓာကိုယ်ကြီး ဘယ်လိုဖြစ်နေသလဲဆိုတာ။

(တင်ပါ့ဘုရား။)

ဒီနည်းနဲ့ပတ်သက်ပြီးတော့ ရောဂါသက်သာတယ်၊ တီဘီ ရောဂါတို့၊ ကင်ဆာရောဂါတို့ ပျောက်ကင်းနိုင်တယ်။ မစားနိုင် မသောက်နိုင်၊ ဆန်ပြုတ်သောက်နေရတဲ့သူတွေ စားနိုင်သောက် နိုင်ဖြစ်သွားတယ်။

ယခု ဒေါ်လှဝင်းဆိုရင် ရင်ခွဲရမှာ။ သူ့လောက်ဆင်းရဲတာ လည်းမရှိပါဘူး။ ခွဲစာတွေကျပြီးသား၊ လက်တွေကပ်နေတယ်၊ ဒါတွေ အကုန်ပျောက်၊ မောင်းထောင်ကဒကာမကြီးလည်း

www.burmeseclassic.com

www.burmeseclassic.com



မထိုင်နိုင်ဘူး။ အကုန်ပျောက်၊ ဘုရားရှင်ရဲ့တရားတော်တွေနဲ့တွေ့တဲ့အခါမှာ ဘာရောဂါမှမခံနိုင်ဘူး၊ အကုန်ပျောက်။

(တင်ပါ့ဘုရား။)

မိမိခန္ဓာကိုယ်က ခေတ္တစွဲကပ်လာတဲ့ရောဂါတင်မကဘူး၊ တစ်သံသရာလုံးက စွဲကပ်လာတဲ့ အနုသယရောဂါတွေပါ ပျောက်ကုန်တာ။

(တင်ပါ့ဘုရား။)

ဘုရားရဲ့တရားတော်တွေ တကယ်ကြိုးစားရင် တကယ်ပျောက်တာပေါ့။

(တင်ပါ့ဘုရား။)

ဘုရားရှင်ရဲ့တရားတွေက အနုသယရောဂါတွေပါပျောက်လို့ ရဟန္တာတွေ ဖြစ်ကုန်ကြတာမဟုတ်ဘူးလား။

(တင်ပါ့ဘုရား။)

ရဟန္တာတွေဖြစ်လို့ ပရိနိဗ္ဗာန်စံသွားကုန်ကြပြီ။

(တင်ပါ့ဘုရား။)

ဘုရားဆေးစားလို့ကတော့ မမှားဘူး။ ဒီပြင်ဆေးစားလို့ကတော့ မှားချင်မှားဦးမှာ။

(တင်ပါ့ဘုရား။)

ဘုရားဆေးက စားနိုင်လေကောင်းလေပေါ့။

(တင်ပါ့ဘုရား။)

ဒီနေ့ အဖြတ်အတားကို ကြိုးစားပြီးတော့ တားကြ။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## သူတော်ကောင်းကြီးတွေရဲ့အကျင့်

ဒီလာတာ ဘယ်လောက်ကြာပြီတုန်း။

(တစ်လကျော်ပါပြီဘုရား။)

အိမ်ကမခွာနိုင်ရင် ဒါတွေရနိုင်ပါ့မလား။

(မရနိုင်ပါဘူးဘုရား။)

လာခဲ့တုန်းက တလည်လည် လှည့်ကြည့် လှည့်ကြည့်နဲ့ လာခဲ့ရတာမဟုတ်လား။

(တင်ပါ့ဘုရား။)

နတ်ပြည်လည်း စူဠာမဏိစေတီ၊ ပင်လယ်ကသစ်ပင်၊ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၊ အကနိဋ္ဌဘုံ၊ ဒုဿစေတီ၊ ဟို အောက်လည်းပဲ နဂါးပြည်၊

(တင်ပါ့ဘုရား။)

မြတ်စွာဘုရားရဲ့ အစိန္တေယျဂုဏ်တွေ အသက်ထင်ရှားရှိ တဲ့ နတ်သား နတ်သမီး ဘယ်သူမှ မတွေ့ဖူးဘူး။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



တချို့လည်း တွေ့ခဲ့ရပြီ၊ နတ်သမီးက ဘယ်လောက်ချောတယ်၊ အသက်ရှိတာတွေကို မြင်ရတယ်၊ အသက်ရှိတဲ့ ခန္ဓာကိုယ် လွတ်သွားမှာစိုးလို့ တအော်အော်နဲ့နေရတာမဟုတ်လား။

(တင်ပါ့ဘုရား။)

အသက်ရှိတာတွေကို ဖူးရဖို့လွယ်ပါ့မလား။

(မလွယ်ပါဘူးဘုရား။)

ဣဒ မောဒတိ … ။

ဣဒ-ယခုဘဝ၌၊ မောဒတိ-ဝမ်းမြောက်ဝမ်းသာနဲ့ စူဠာမဏိ စေတီဖူးရတာ ဝမ်းမမြောက်ဘူးလား။

(တင်ပါ့ဘုရား။)

အဲဒီဝမ်းမြောက်တာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ ကုဋေတစ်သိန်းမကဖြစ်တာ။

(တင်ပါ့ဘုရား။)

ဗုဒ္ဓံသရဏံဂစ္ဆာမိ - အစိန္တေယျတဲ့။

မယုံမရှိကြနဲ့ ဒကာမတွေ။ ကြည်ညိုလို့မဆုံးဘူး။ စူဠာမဏိစေတီတော်ကဘယ်လို၊ စိန်ဖူးတော်ကဘယ်လို၊ အကျယ်က ဘယ်လို၊ ထူးဆန်းတာတွေ။

ရောက်ဖူးခဲ့တဲ့သူကလည်း သိကြားပြည်ကစွယ်တော်က ဘယ်လို၊ နဂါးပြည်ကစွယ်တော်ကဘယ်လို ဖူးလို့ရတော့ သိရော။

(တင်ပါ့ဘုရား။)

အဖိုးမတန်ဘူးလား။

(တန်ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ငွေဘယ်လောက်ပေါပေါ ဖူးလို့မရဘူး။

(တင်ပါ့ဘုရား။)

အခု စွယ်တော်တို့၊ ဓာတ်တော်တို့ နတ်သမီးတို့ ပြပါဆိုရင် ဘယ်သူက ပြနိုင်မတုန်း။

(တင်ပါ့ဘုရား။)

နဂါးပြည်အထိ ဘယ်သူကသွားနိုင်မတုန်း။

(မသွားနိုင်ပါဘူးဘုရား။)

သူတို့ကို ကိုးကွယ်ချင်လို့ လာပါလို့ပင့်လို့ရော ရသလား။

(မရပါဘူးဘုရား။)

စွမ်းတယ်နော်၊ မြေထုလည်းဖောက်၊ ရေထုလည်းဖောက်၊ လေဟုလည်းဖောက်။

(တင်ပါ့ဘုရား။)

အဲဒီတော့ ဒီကနေ့ အာနာပါနကမ္မဋ္ဌာန်းဆက်မယ်။ စောစောက အိန္ဒြိယတို့၊ သိဟိုဠ်တို့ ရှိခိုးခဲ့ပြီမဟုတ်လား။

(တင်ပါ့ဘုရား။)

ကြည်ညိုခဲ့ပြီမဟုတ်လား။

(ကြည်ညိုခဲ့ပါပြီဘုရား။)

ဘုန်းကြီးတို့ ကန္ဒီဆရာတော်ကြီးက အဲဒီဘက်လှည့် ရှိခိုးတယ်။ အစကတော့ ဘုန်းကြီးကမသိဘူး၊ အဲဒီထောင့်ရယ်၊ ဟောဒီထောင့်ရယ်၊ စနေထောင့်ပေါ့၊ တောင်အရပ်။ ကြာတော့ ဘုန်းကြီးက သူများမေးရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာရှိခိုးတာက ဒီလိုအကြောင်း၊ စုဋ္ဌာမဏိတို့ ဘာတို့ပေါ့၊ နောက် ဒီအရပ်က ရွှေတိဂုံ၊ လှူသက်သာတယ်။ ပိုက်ဆံလည်း မကုန်ဘူး။

(မှန်ပါတယ်ဘုရား။)

ရှိခိုးဖို့ရော ပိုက်ဆံကုန်သေးသလား။

(မကုန်ပါဘူးဘုရား။)

လှူကော ဆင်းရဲသေးလား။

(မဆင်းရဲပါဘူးဘုရား။)

နေပူမိုးရွာ ဖြစ်သေးသလား။

(မဖြစ်ပါဘူးဘုရား။)

နေဝင်မိုးချုပ် ဖြစ်သေးသလား။

(မဖြစ်ပါဘူးဘုရား။)

လူတစ်ယောက် ရာဇဂြိုလ်ပြည်ထဲ တောင်းရမ်းပြန်လာ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မြင်တော်မူတော့ ရဟန်းတွေနဲ့ဆွမ်းခံကြွသွားတယ်။ အခြံအရံတွေနဲ့ကြွသွားတယ်။ ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးက ဒကာကြီး "ဝတ်ချလိုက်၊ ဝတ်ချလိုက်" ဆိုမှ တစ်ခါပဲ ဦးချတယ်။

မြတ်စွာဘုရားရှင်က ရာဇဂြိုလ်ပြည်ထဲ ဆက်ပြီးဆွမ်းခံကြွသွား၊ သူက နွားရိုင်းတိုက်လို့သေ၊ သေပြီးတော့ နတ်ပြည်ရောက်သွားတယ်။

(တင်ပါ့ဘုရား။)

တစ်ကြိမ်တည်းရယ်နော် ရှိခိုးတာ။

www.burmeseclassic.com

www.burmeseclassic.com



(တင်ပါ့ဘုရား။)

**စားရမဲ့ သောက်ရမဲ့နဲ့** ရှာနေရတာ၊ ဒါနလည်း မဆောက်တည်နိုင်ဘူး၊ သီလလည်း မဆောက်တည်နိုင်ဘူး။ ဘယ်တရားကိုမှ ကြားနာနိုင်မတုန်း။

(တင်ပါ့ဘုရား။)

သက်တမ်းက တစ်သိန်းတမ်း၊ ဗိမာန်က ဝင်းဝင်းတောက်။

အခြွေအရံတစ်သိန်းတဲ့။

(တင်ပါ့ဘုရား။)

အဲဒီလိုမဖြစ်ချင်ဘူးလား။

(ဖြစ်ချင်ပါတယ်ဘုရား။)

ဖြစ်ချင်ရင် အဲဒီတောင်ဘက် ဝတ်ချ။ နမောတဿ သုံးကြိမ်ဆိုပြီး ဦးချ။ စနေထောင့်မှာ စူဠာမဏိ။ နေ့စဉ်ဝတ်ချကြ၊ သူတော်ကောင်းကြီးတွေအကျင့်ကိုပြောတာ။ အိမ်မှာရောက်တဲ့အခါ နေ့တိုင်းရှိခိုးဖို့ပြောတာမဟုတ်ဘူး။ ဒီမှာနေတဲ့အခါတော့ နေ့တိုင်းဝတ်ချရှိခိုးပါ။

(တင်ပါ့ဘုရား။)

ပိုက်ဆံလည်းမကုန်ဘူး။ ကုသိုလ်လည်းရသေး။ ဒါမှ ဆွေမျိုးအစစ်။

(တင်ပါ့ဘုရား။)

ဒါမှ သံသရာပါတာ။ ခုနေကပြောတဲ့ ဝတ်ချရုံပဲ သင်ပေးလိုက်တယ်။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



သင်ပေးမယ့်သူလည်းမရှိ၊ ပြမယ့်သူလည်းမရှိတော့ တချို့လူ့ဘဝရပေမယ့် ဝတ်ကောင်မချတတ်တော့ဘူး။ မိဘဖြစ်တဲ့သူတွေကလည်း ပြုပြင်ပေးဖို့ သူတို့လည်းမသိဘူး။

(တင်ပါ့ဘုရား)

ဒီအတိုင်းနေသွားကြတယ်။ အသက်အရွယ်ကလည်းကြီးတော့ ဆန့်ငင် ဆန့်ငင်နဲ့ ဘယ်သူမှလည်း ပြင်မပေးကြတော့ဘူး။ သနားဖို့ကောင်းတယ်။ အဲဒီလိုဖြစ်ကြတာ။ ရှိခိုးဦးချတယ်ဆိုတာ လက်နှစ်ဖက်ကလည်း ဖြောင့်အောင်လုပ်၊ နဖူးပေါ်လက်တင်ပြီး တစ်ကြိမ်ချပြီးတော်ရောပေါ့။ အကြိမ်ကြိမ်ဦးချစရာလည်း မလိုပါဘူး။

(တင်ပါ့ဘုရား)

"တစ်ကြိမ်ဦးချ၊ ဘုရားကိုးကွယ်၊
ကမ္ဘာတစ်သိန်း၊ ကျွတ်ကိန်းရေဖွယ်၊
အပါယ်ဘေး၊ လွတ်အေးလေတယ်၊
မြတ်ဘုရား ကြိုးစား ရှိခိုးကွယ်။

ကျောက်မဲမြို့လားဆိုတော့ မြို့ပါဘုရားတဲ့။ လူဦးရေတစ်သိန်းလောက်ရှိပါ့မလားဆိုတော့ မရှိဘူးဘုရားတဲ့။

ဒါဆို ဒကာမကြီး အခြွေအရံမရှိဘူးပေါ့လို့ဆိုတော့ တင်ပါ့ဘုရားတဲ့။

ကဲ အာနာပါနာတရားနဲ့သာရှုပြီး လူ့ပြည် နတ်ပြည် ဗြဟ္မာပြည် ဘုရားတွေလည်း အကုန်ဖူးခဲ့ရပြီ။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



နဂါးပြည့်လည်းစုံပြီ၊ ဟုတ်ပြီလား။

(တင်ပါ့ဘုရား။)

မနေ့ကလည်းပဲ သာသနာ ၅၀၀၀ အကြောင်းလည်း ပြောခဲ့ပြီ။ ကနေ့ ခန္ဓာကိုယ်အဖြတ်အစား။

(တင်ပါ့ဘုရား။)

ဒီအဖြတ်အစားနဲ့ပတ်သက်ပြီးတော့ ကင်ဆာရောဂါတို့ ဘာတို့ အကုန်ပျောက်တာတွေ တွေ့ရတယ်။ မပျောက်ဘူးဆိုတာ မရှိဘူး။ ကင်ဆာရောဂါဖြစ်နေတယ်။ မစားနိုင်မသောက်နိုင်လို့ ဆန်ပြုတ်ကလေး စားနေသောက်နေရတယ်။ အဲဒါ ပျောက်သွားတယ်ဗျာ။ ဘုရားရဲ့ဆေးက လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်း စုဆောင်းထားတာ။

အထူးကုပါရဂူကြီးတွေ ဘယ်လောက်ကောင်းကောင်း၊ စွမ်းတာတွေ ထက်တာတွေ သူတို့ဆေးက ဘယ်လောက်ကောင်း ကောင်း၊ သူတို့ဆေးက မှားချင်မှားလိမ့်ဦးမယ်။ ဘုရားဆေးက မမှားဘူး။

(တင်ပါ့ဘုရား။)

တမလွန်ဘဝရောက်လို့ ချမ်းသာလို့ ဝမ်းမြောက်ရပြန်ပြီ။ ယခုဘဝလည်း ဝမ်းမြောက်ရ။ နှစ်ဖြာသောဘဝကို ဝမ်းမြောက် ရတယ်။

(တင်ပါ့ဘုရား။)

ကနေ့ နိမိတ်ကိုရအောင်ပွား။ နိမိတ်ကို ခေါင်းပေါ်ထိုးအောင်၊ ခန္ဓာကိုယ်တစ်ခုလုံး ခြုံငုံနိုင်လောက်အောင်။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

ထားရင် ထားတဲ့နေရာမှာနေတယ်နော်။

(တင်ပါ့ဘုရား။)

အဲဒီမှာ ထွက်သက်နဲ့ အဲဒီနိမိတ်ကို အောက်ဆွဲချ။

(တင်ပါ့ဘုရား။)

ရှည်ရှည်ရှူပြီး လက်နှစ်လုံးလောက်ဖြတ်လိုက်။ ဘာမှ မဖြစ်ဘူးနော်။

(တင်ပါ့ဘုရား။)

တစ်ခါရှူလိုက်၊ လက်နှစ်လုံးလောက်ဖြတ်လိုက်၊ နိမိတ်က သူ့ဟာသူလိုက်လာမှာ။

(တင်ပါ့ဘုရား။)

ဖြတ်လိုက်၊ စားလိုက် အဲဒီလိုလုပ်။

(တင်ပါ့ဘုရား။)

ရှူရှူ ဖြတ်ဖြတ် ခါးလောက်ရောက်ပြီ။ စားပြီးသားအပိုင်း၊ ဖြတ်ပြီးသားအပိုင်းကို ဉာဏ်မျက်စိနဲ့ကြည့်လိုက်။ မစားရသေးတဲ့အပိုင်းနဲ့ စားပြီးသားအပိုင်းနဲ့ ယှဉ်ကြည့်လိုက်။

ဘယ်လိုရှိတယ်ဆိုတာ မြင်ရလိမ့်မယ်။ နောက် ကျန်တဲ့ အပိုင်းကို ဆက်စား။ ဆုံးတဲ့အထိ။

ဆုံးသွားရင် တစ်ခါပြန်ပြီးတော့ အောက်ပိုင်းကနေ ဝင်သက်နဲ့ပြန်ဆွဲယူ။ ထွက်သက်နဲ့ လက်နှစ်လုံးလောက်စားပြီး ဖြတ်ဖြတ်သွားတာကိုး။

အခု ဝင်သက်နဲ့ဖြတ်ဖြတ်ပြီး လက်နှစ်လုံးလောက်စားပြီး

www.burmeseclassic.com

www.burmeseclassic.com


ခါးလောက်ရောက်ရင် ရပ်ထားပြီး ပြန်ကြည့်လိုက်။ မစားရသေးတဲ့အပိုင်းနဲ့ယှဉ်ပြီးပြန်ကြည့်။ တစ်ကိုယ်လုံးပြီးသွားပြီဆိုရင် နိမိတ်က ဆက်မဖြတ်တော့ဘူး။

ဖြတ်စားပြီးတော့ ခန္ဓာကိုယ်ကြီးကြည့်လိုက်၊ ဘယ်လိုနေရစ်တုန်း။ ပြန်ပြီးကြည့်လိုက်၊ ခန္ဓာကိုယ်ခြုံငုံမိအောင် နိမိတ်ကိုထား။

(တင်ပါ့ဘုရား။)

နိမိတ်ကို ထိပ်ပေါ်ရောက်အောင်တင်၊ ရှည်ရှည်ရှူ၊ ဆွဲချ၊ လက်နှစ်လုံးလောက်စီဖြတ်၊ အဲဒီလိုလုပ်။

(တင်ပါ့ဘုရား။)

မစားနိုင်မသောက်နိုင်ဖြစ်တာတွေ၊ ရောဂါတွေအများကြီးပဲ ပျောက်သွားကြတယ်။ ကြိုးစားပွားကြ၊ ကြိုးစားကြ။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## ဖတ်တဲ့သူ သဒ္ဒါတရားဖြစ်

တရားထိုင်ရလို့ ဘုရားတွေဖူးရတယ်၊ စိတ်တွေကြည်နူးရတယ်။ ကိုယ့်ရဲ့ထင်မြင်ချက် ကျေနပ်တာ၊ မကျေနပ်တာ အားလုံးရေးသားနိုင်ပါတယ်။ ဒေါ်အေးငြိမ်းစိတ်ထဲရှိတာရေးပါ။ မဖြတ်ပါဘူး။ စာမျက်နှာအနည်းဆုံးရေးပါ။ ဒီထက်ပြောချင်တာတွေ ရေးချင်တာတွေများနေရင်လည်း သူများကိုရေးခိုင်း။

ဖတ်တဲ့လူတွေက အကုန်လုံး သဒ္ဒါတရားဖြစ်မှာ။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## ထိ–သိ သတိ ဆန္ဒပြည့်

ထိသိတိုင်းမှာ အကုန်ပါ လိုရာဆန္ဒပြည့်။

ထိတာသိတာလေးမှတ်ရုံနဲ့ ကိုယ်လိုတာတွေ မျက်စိက ထွက်ခိုင်းရင် မျက်စိကထွက်တယ်။ နားကထွက်ဆို နားကထွက်တယ်။ ကိုယ်လိုရာ အကုန်ပြီးတယ်။

လူ့ပြည်နတ်ပြည် ၃၁–ဘုံ အကုန်လုံးစုံ နတ်ပြည်ရှိတဲ့ ဘုရားတွေ စူဠာမဏီစေတီတို့၊ ဗြာဟ္မာတို့၊ ဝေဇယန္တာပြာသာဒ်၊ အကနိဋ္ဌဘုံ ဒုဿစေတီတွေဖူးရ ဝမ်းသာလို့မဆုံးဘူးပေါ့။

ဝမ်းမြောက်ဝမ်းသာနဲ့ဖူးကြ။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## ကံထူးတွေ့ပါလို့ မှူးရ

ကဲ … လျှောက်။

(သုံးကန့် ကန့်ထားပါတယ်ဘုရား။ နောက်မှ တပည့်တော် ဝါးတားတားဖြစ်နေပါတယ်။ နောက်မှ ကြိုဂံကွက်ထဲမှာ ဘုရား ၃-ဆူ ပေါ်လာပါတယ်ဘုရား။ တပည့်တော်ထင်တယ်ဘုရား၊ လေးလက်မ ငါးလက်မလောက်ပဲရှိတယ်ဘုရား။ ရွှေရောင်ဘုရား ကလေးတွေဘုရား။)

ရွှေရောင်လှလား။

(မှန်ပါဘုရား။)

(တပည့်တော် ကြည်ညိုပြီးတော့မှ အဲဒီမှာ အစောင့် အရှောက်တွေရော မေတ္တာပို့ အမျှဝေလိုက်ပါတယ်ဘုရား။ တော်တော်ထူးပါတယ်ဘုရား။)

တော်တော်လှလား။

(တစ်သက်မှာ တစ်ခါတွေ့ရတဲ့ အတွေ့မျိုးပါဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ဒါ တော်တော်လား။ မြတ်စွာဘုရားတရားတော်တွေဟာ အင်မတန်ဆန်းကြယ်တယ်။ သူများပြောရင် ယုံပါ့မလား။ မယုံရင် ဘယ်လိုလုပ်ပြောမတုန်း။

(သူတို့ကိုယုံအောင် လုပ်ခိုင်းရမှာပဲဘုရား။)

ယုံအောင်မပြောနိုင်ဘူးလား။ ဘယ်ပြောနိုင်မှာတုန်း။ ဘုရားတောင် မယုံကြတာကိုး။ မြတ်စွာဘုရားက သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ မြင်ခဲ့လို့ သိခဲ့လို့ ဟောတော်မူ ပြောတော်မူခဲ့တာ။ မယုံကြဘူး။

(တင်ပါ့ဘုရား။)

ယခု ကိုယ်တွေ့ဖြစ်နေပြီနော်။

(တင်ပါ့ဘုရား။)

ဒီလိုတရားမျိုး ရဖို့လွယ်ပါ့မလား။

(မလွယ်ပါဘူးဘုရား။)

ပါရဂူကြီးတွေ အမေရိကန်၊ ဂျပန် တကယ့်တိုင်းကြီးပြည်ကြီး သိပ္ပံပညာတွေစွမ်းတယ်ဆိုတာ ဘယ့်နှယ့်တုန်း။

(တင်ပါ့ဘုရား။)

မျှော်လင့်ချက်ပေးနိုင်ပါ့မလား။ စွမ်းတယ်ဆို။

(မပေးနိုင်ပါဘူးဘုရား။)

စက္ခုဉ္စဒပါဒိ ဓမ္မစကြာလေ။

(တင်ပါ့ဘုရား။)

စက္ခုဉ္စဒပါဒိ ပါတယ်မဟုတ်ဘူးလား။

(ပါပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ပါတာ မင်းတို့အခုကျင့်တာပေါ့ကွ။

(မှန်ပါဘုရား။)

ဝိဇ္ဇာ ဥဒပါဒိ၊ သူက အဝိဇ္ဇာမဟုတ်ဘူးဗျ။ ဝိဇ္ဇာကိုသာ ရှုပွားနေတော့ ဝိဇ္ဇာဥဒပါဒိ ပညာတွေမတိုးလာဘူးလားကွ။

(တိုးလာပါတယ်ဘုရား။)

ပညာဥဒပါဒိ။

(တင်ပါ့ဘုရား၊ ကြည်ညိုလို့ကိုမဆုံးပါဘူးဘုရား။)

ဘယ်ကြည်ညိုလို့ဆုံးမတုန်း။ ဒါတွေ သူများမသိဘူး။ ဘယ်သူမှမသိဘူး။ ဘယ်သူမှမမြင်နိုင်ဘူး။

ဒီတရားအားမထုတ်ရင် ဒါတွေသိပါ့မလား။ ဘယ်သိပါ့မတုန်း။ ဘုရားပေးတဲ့ ဓမ္မမှန်ပြောင်းတော်ကြီးနဲ့ကြည့်မှရတာ။

ဓမ္မမှန်ပြောင်းတော်ကြီးရှိသော်လည်းမဲ စေတီစောင့်နတ်တို့၊ စောင်းတန်းနတ်တို့ မေတ္တာပို့ပြီးမှ ဖူးရတာ။

မေတ္တာပို့ ခွင့်တောင်းပြီးတော့ သူတို့က ကြည်ကြည်သာသာနဲ့ ကျွန်ုပ်တို့က အန္တရာယ်လည်းမပြုပါဘူး။ ကြည်ညိုချင်လို့ ခွင့်တောင်းတာပါလို့ပြော။ ဒါတွေမှတ်ထား။

(တင်ပါ့ဘုရား။)

စာအုပ်ကလေးနဲ့မှတ်ထား။

(တင်ပါ့ဘုရား။)

နောင်တစ်ချိန် စာအုပ်ထုတ်တဲ့အခါကျတော့ ပြည်သူလူထု မကြည်ညိုရပေဘူးလား။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



သူတို့မယုံတာ ယုံတာအပထား၊ မယုံတာတော့ မတတ်နိုင်ဘူး။

(တင်ပါ့ဘုရား။)

ခုနေက အုတ်က ဘယ်နှစ်ဆင့်ရှိတယ်၊ ပထမအုတ်ကို ဖွင့်တော့ ဘာတွေရှိတယ်။ ဒုတိယအုတ်ကိုဖွင့်တော့ ဘာတွေ ရှိတယ်။ သူ့ဟာနဲ့သူ အကန့်အကန့်ပေါ့။

(တင်ပါ့ဘုရား။)

အကုန်အပြည့်အစုံရေးထား။

(တင်ပါ့ဘုရား။)

ကိုယ့်သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေ နောင် တစ်ချိန် စာအုပ်ဖတ်ပြီးတော့ မကြည်ညိုရပေဘူးလား။

(တင်ပါ့ဘုရား၊ ကြည်ညိုရပါတယ်။ ဒီလိုကြည်ညိုရဖို့ အလွန့်အလွန်ခဲယဉ်းတယ်ဘုရား။)

နောက် လျှောက်ပါဦး။

(တပည့်တော် ကုသိုလ်တော်ဘုရားနဲ့ ကျောက်စာ ဖူးပါ တယ်ဘုရား။ ကုသိုလ်တော်ဘုရားကစေတီမှာ သူက အာရုံခံ (၄)ခုရှိတယ်ဘုရား။ နောက် ကျောက်တော်ကြီးဘုရားသွား တယ်ဘုရား။)

ရောက်ရဲ့လား

(ရောက်ပါတယ်ဘုရား။)

ဒီကလွှတ်တော့ နိမိတ်ရော ဘယ်လောက်ကြီးသတုန်း။

(သိပ်မကြီးဘူးဘုရား၊ ဒီလောက်ပဲ။)

www.burmeseclassic.com

www.burmeseclassic.com


အဲဒီလောက်ကြီးရင် နည်းသလား။

(အဲဒီလောက်တော့ ကြီးပါတယ်ဘုရား။ လင်းလည်း လင်းပါတယ်ဘုရား။ အဲဒီတစ်ဝိုက်ကို မီးဆလိုက်နဲ့ထိုးပြသလို လင်းနေပါတယ်ဘုရား။)

ဆလိုက်ထိုးထားသလို လင်းသလား။

(တင်ပါ့ဘုရား။)

ရှည်ရှည်ရှူမည်လို့ အဲဒီအချိန်က ယန်းတိုင်ကလေးလုပ်တော့ သွားတာလာတာကလေး မမြင်ရဘူးမဟုတ်လား။ မမြင်ရပေမယ့် သွားတယ်၊ ရောက်တယ်၊ အဲဒီလို အမှတ်သညာလေးနဲ့မှတ်တော့ အခု ကျောင်းခန်းကြီးတောင် မြင်နေရပါပကော။

(တင်ပါ့ဘုရား။)

ကဲ ဆက်လျှောက်။

(တပည့်တော်က ရေစက်ခွန်တောင်ဘက်သွားပါတယ်ဘုရား)

အဲဒီမှာ မင်းတုန်းမင်းကြီးကျောက်စာတွေရော ဖူးခဲ့သလား။

(ဖူးခဲ့ပါတယ်ဘုရား။)

ဘယ်နှစ်တန်းရှိသလဲ။

(ခုနစ်တန်းရှိပါတယ်ဘုရား။)

အဲဒီခုနစ်တန်းကို ဘယ်လိုဖူးခဲ့သလဲ။

(အဲဒီစကြံလျှောက်ပြီးမှပဲ ကြည့်ခဲ့ပါတယ်ဘုရား။)

ကျောက်စာကို ဒီကနိမိတ်နဲ့ လှမ်းပြီးဖူးတယ်။

(တင်ပါ့ဘုရား။)

ကျောက်စာ ၇-တန်းရှိတယ်ဆို။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

ကျောက်စာတစ်တန်းကို တစ်ကြိမ်ဖူးတာလား။ တစ်ခါတည်းဖူးတာလား။ ခြုံဖူးတာလား ဘယ်လိုတုန်း။

(တပည့်တော် ခြုံဖူးတာပါဘုရား။ ကျောက်စာတိုက်က ၃-တန်းစီပဲ ဖူးပါတယ်ဘုရား။)

ကျောက်စာက ၇-တန်းဆို။

(မှန်ပါတယ်ဘုရား။ တပည့်တော်က ဘုရားရဲ့ဘက်ကနေကြည့်တော့ မြောက်ဘက်က ၃-တန်းပဲမြင်ရပါတယ်ဘုရား။)

ကျောက်စာကို ဘယ်လိုလှမ်းဖူးတာတုန်း။

(တပည့်တော် တစ်ကြိမ်တည်းပါဘုရား။ ပီပီပြင်ပြင်တော့မြင်ရတယ်။ မဖူးခဲ့တော့ဘူးဘုရား။

နဖူးတော်ကိုတော့ သေသေချာချာမြင်ရတယ်ဘုရား။ မကိုင်ရှဆောင်းထားတာတော့ တွေ့ရတယ်။ မကိုင်ရှဆောင်းထားတာကိုပဲ ဖူးတွေ့ရတာပါဘုရား။)

နောက်တစ်ယောက်ရော။

(ရေဝက်ခွန်တောင်ရောက်တယ်ဘုရား။ ရဟန္တာ ၅၀၀ လည်း ဖူးခဲ့ရတယ်ဘုရား။)

ဖူးခဲ့ရသလား။

(ဖူးခဲ့ရပါတယ်ဘုရား)

တောင်ပေါ်ကဆင်းလာပုံလေ။

(တင်ပါ့ဘုရား)

မကောင်းဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



(ကောင်းပါတယ်ဘုရား)

သဘာဝမကျဘူးလား။

(သဘာဝကျပါတယ်ဘုရား။)

တစ်ခါတည်း ပို့လို့ရသလား။

(တပည့်တော် ဒီကနေ ဒါရိုက်သွားတာပါဘုရား။)

အဲဒါတွေအကုန်လုံးဖူးရတယ်မဟုတ်လား။

(ဖူးရပါတယ်ဘုရား။)

တစ်ဆူလုံးဖူးတာလား။ နိမိတ်က အကုန်လုံးဖူးတာလား။ ဘယ်လိုတုန်း။

(ရဟန္တာ ၅၀၀ ကို တပည့်တော်က ဒီလိုပတ်ပြီးတော့ ဖူးတာပါဘုရား။)

မြင်မြင်ထင်ထင်ကြီး ဖူးလို့ရခဲ့ရဲ့လား။

(ရပါတယ်ဘုရား။)

ဘုန်းကြီးအလိုအရဆိုရင် တစ်ခုလိုတယ်။ ရဟန္တာ ၅၀၀ ကို နေပူမိုးရွာ ပျက်စီးနိုင်တယ်။ အန္တရာယ်ရှိနိုင်တယ်။

(တင်ပါ့ဘုရား။)

အရိပ်သဘောမျိုး အမိုးကလေးနဲ့ဆိုရင် နေပူမိုးရွာ မပျက်စီးနိုင်တော့ဘူး။

(တင်ပါ့ဘုရား။)

အဲဒါလေးလိုတယ်။

(တင်ပါ့ဘုရား။)

ပြီးတော့ရော။

www.burmeseclassic.com

www.burmeseclassic.com



(တပည့်တော် ဒါပါပဲဘုရား။)

နောက်တစ်ယောက်။

(တပည့်တော် ရေတံခွန်တောင်နဲ့ ရဟန္တာ ၅၀၀ တောင်ကို ရောက်ပါတယ်ဘုရား။)

ကျုကျုနန ဖူးလို့ရသလား။

(ရပါတယ်ဘုရား။ အတန်းလိုက်ဖူးပါတယ်ဘုရား။)

မန္တလေး ကျောက်တော်ကြီးဘုရားရော ဖူးရသလား။

(ဖူးရပါတယ်ဘုရား။ နည်းနည်းကလေး ချွန်ချွန်ကလေးသာ ဖူးရပါတယ်ဘုရား။)

ကျောက်စာတိုက်ကရော။

(ကျောက်စာတိုက်က တစ်တန်းကြီးဖူးရပါတယ်ဘုရား။)

လင်းလင်းထင်းထင်းရတယ်မဟုတ်လား။

(တင်ပါ့ဘုရား။)

မင်းနိမိတ်က ဘယ်လောက်ကြီးသတုန်း။

(နိမိတ်ကတော့ သိပ်မကြီးဘူးဘုရား။ သိပ်မထင်ရှားလို့ ဖြစ်နေတယ်။)

နိမိတ်က ဟိုရောက်တော့ ပြတ်ပြတ်မသွားဘူးလား။

(ဖြစ်ပါတယ်ဘုရား။)

နိမိတ်ကို ကြီးစေ၊ လင်းစေ၊ အဲဒီလိုလုပ်။

(တင်ပါ့ဘုရား။)

ကြည်စေ၊ လင်းစေ၊ ဖြောင့်စေ၊ တန်းစေ အဲဒီလိုလုပ်ခိုင်းရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရရဲ့လား။

(ရပါတယ်ဘုရား။)

ဘုရားရှိရာအာရုံပြုတယ်။ ဘုရားရှိရာသွားတာမဟုတ်ဘူး လား။ ရဟန္တာတွေဆီသွားတာ။

(တင်ပါ့ဘုရား။)

အာရုံပြုတာနဲ့ရောက်သွားတယ်။ ပြန်ပြီးဆွဲပြန်တော့လည်း ရပြန်တယ်။

(ရပါတယ်ဘုရား။)

ဘယ့်နှယ့်တုန်း။ ဖုန်းလည်းဆက်မနေရဘူး။ အော်လည်း ခေါ်မနေရဘူးနော်။

(တင်ပါ့ဘုရား။)

ဖုန်းဆက်တာက ဖုန်းကိုင်ပြီး နားနားကပ်နေရသေးတယ်။ အခုဟာက အာရုံပြုတာနဲ့ ရောက်သွားပြီ။ ပြန်ခေါ်တော့လည်း အနားရောက်လာတယ်။

ရောက်မလာဘူးလား။

(ရောက်လာပါတယ်ဘုရား။)

ဗုဒ္ဓံသရဏံဂစ္ဆာမိ-ကြည်ညိုသူ ဒကာ ဒကာမတို့အား ဗုဒ္ဓအစိမ္မွေယျ ဘယ်လိုကြံစည်လို့ရမှာတုန်း။

(တင်ပါ့ဘုရား။)

နောက်တစ်ယောက်။

(ကုသိုလ်တော်၊ ရဟန္တာ ၅၀၀ ကို ရောက်ပါတယ်ဘုရား)

ကုသိုလ်တော်၊ ဖိုလ်ဝင်တောင် ရရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com


(ရပါတယ်ဘုရား။)

(ရေတံခွန်တောင်ကို ရောက်ပါတယ်ဘုရား။ နောက် ကျောက်တော်ကြီးကိုလည်း ရောက်ပါတယ်ဘုရား။ ကုသိုလ်တော် ကျောက်စာတိုက်လည်း ရောက်ပါတယ်ဘုရား။ တစ်ခါတည်း ဂူပေါက်ထဲကဖြတ်ပြီးတော့ အလင်းတန်းဝင်ပါတယ်ဘုရား။)

ဂူပေါက်ကဖြတ်တာလား။

(တင်ပါ့။)

(တပည့်တော်လည်း ရောက်ပါတယ်ဘုရား။ တောင်ခြေ က သဲသောင်တွေလို ဘုရားညမီးမှိတ်တဲ့အခါကျတော့ ဖွေးနေ တယ်။)

ဒကာကြီး၊ ကုသိုလ်တော်လည်းရောက်တယ်နော်။

(တင်ပါ့ဘုရား။)

အဲဒီ ကုသိုလ်တော်လုံးပတ်ကို ကြည့်ညိုခဲ့ရဲ့လား။

(ကြည့်ညိုခဲ့ပါတယ်ဘုရား။)

[အဲဒီစေတီလုံးပတ်က တစ်နေရာရာမှာ တစ်ခုခုနဲ့ သွားတူ နိုင်တယ်နော်။ ဘယ်လိုတူနိုင်သလဲဆိုတာ အသေးစိတ် နည်းနည်း လေး၊ ဦးသိန်းဇော်က အင်ဂျင်နီယာဆိုတော့ နောင်လည်း ထူးခြား တဲ့ဘုရားတွေ ဖူးရဦးမယ်နော်။

လူ့ပြည်ကဘုရားတွေ၊ နတ်ပြည် ဗြဟ္မာပြည်ကဘုရားတွေ နဲ့ ဒက်ဂရေးရှင်း ဘယ်လိုယူထားတယ်ဆိုတာ ဒီမှာ အင်ဂျင်နီယာ ၃-ယောက်ပါတယ်၊ ဒီအထဲမှာနော်။ မှတ်မှတ်သားသားကလေး လုပ်ခဲ့ပါ။]

www.burmeseclassic.com

www.burmeseclassic.com


မှတ်ကြမယ်။ မန္တလေးတောင် ရောက်ကြပြီလား။

(မရောက်သေးဘူးဘုရား။)

၁။ မန္တလေးတောင်၊

၂။ မဟာမြတ်မုနိဘုရား၊

၃။ ရွှေကျီးမြင်ဘုရား၊

၄။ အိမ်တော်ရာဘုရား၊

၅။ သကျသီဟဘုရား။

အားလုံး ၅-ဌာနပါဘုရား။

၅-ဌာနမှာ တစ်ချို့ဟာတော့ သာမန်ပဲဖူးခဲ့နော်။

(တင်ပါ့ဘုရား။)

မန္တလေးတောင်ကို ဖူးတဲ့အခါ ပက်သျှူးဝါးဓာတ်တော်ဆိုတာ ဓာတ်တော်တွေ ဦးခန္တီလက်ထက်က ဘုရားပွင့်တော်မူရာက ဓာတ်တော်တွေ၊ ကမ္ဘာပေါ်မှာအကြီးဆုံးစေတီကြီး ပြိုပျက်သွားတော့ ပက်ရှူဝါးဆိုတာ ပုရိသကိုခေါ်တာ။

(ဓာတ်တော်တိုက်ရှိတယ်ဘုရား။ အပေါ်ဆုံး အမြင့်အာရုံခံကြီးထဲမှာ ကျောက်ဓမ္မာရုံကြီးထဲမှာ။ အင်္ဂလိပ်အစိုးရလက်ထက်က အိန္ဒိယကဘုရားကြီး ပြိုပျက်သွားတော့ အဲဒီကဓာတ်တော်တွေကို မြန်မာပြည်မှာ ပူဇော်ထားတာ။)

အဲဒီဓာတ်တော်တိုက် အရေးကြီးတယ်။ နောက်ပြီးတော့ မဟာမြတ်မုနိကိုဖူးတဲ့အခါ လှည့်ပတ်ပြီးတော့ဖူးပါ။ အောက်ခြေခြေထောက်တော်ကနေ အထက်အထိဖူးပါ။

www.burmeseclassic.com


ရှေ့ဝမ်းဗိုက်တော်၊ ကျောတော် အကုန်ဖူးပါ။ အဲဒီတစ်ဆူ အစိကပေါ့နော်။ ကျန်တဲ့ဟာကတော့ ရောက်တယ်ဆိုရုံပေါ့။

(ဦးခန္တီတောင် မြင်ရတဲ့မဏ္ဍပ်ကြီးဘုရား။ ကျောက်မဏ္ဍပ်ကြီးဘုရား။ ဓာတ်တော်တိုက်ဆိုတာရှိတယ်။ အဲဒီအထဲမှာလား၊ အပြင်မှာလား မသိဘူးဘုရား၊ ဓာတ်တော်တိုက်ဆိုတာရှိတယ်။ အဲဒီ ဓာတ်တော်တွေက မူရင်း အိန္ဒိယဓာတ်တော်တွေ။ ဟို ယခု စစ်ဖြစ်နေတဲ့ အာဖဂန်နစ္စတန်ကဓာတ်တော်တွေ။ တက္ကသိုလ်ပြည် ကဓာတ်တော်တွေ။ ဓာတ်တော်တိုက်ဆိုပြီးတော့ ဆိုင်းဘုတ်ရေး ထားတယ်ဘုရား။ လူတွေဖူးလို့ရအောင် ဓာတ်တော်တိုက်ဆိုပြီး ရေးထားတယ်။)

ပျက်မနေဘူးလား။

(ပျက်မနေဘူးဘုရား။ အကောင်းပူဇော်ထားတာဘုရား။ တပည့်တော်လည်း ပီပီပြင်ပြင်မပြောတတ်တော့ဘူးဘုရား။ ကြာပြီ။

အဲဒါ မူရင်းဓာတ်တော်တွေ ပူဇော်တဲ့စေတီ၊ AD 400 စုက တရုတ်ရဟန်းတွေသွားတဲ့အခါကတော့ ကမ္ဘာမှာ အဲဒီ စေတီလောက်ကြီးတာမရှိဘူးတဲ့။

ကြီးသလောက် လှပဆန်းကြယ်တာလည်း အဲသလောက် မရှိဘူးတဲ့ဘုရား။ အဲဒါက တပည့်တော်တို့ အနောက်မြောက်ထဲ က တလောက စစ်ဖြစ်တဲ့နေရာဘုရား။ တက္ကသိုလ်ပြည် ပါကစ္စတန်မြောက်ဖက်အစပ်ပဲ။)

www.burmeseclassic.com

www.burmeseclassic.com



သူရိယ သူဝါတဲ့ ပါဠိလိုက၊ မြန်မာလိုက (ပက်ရှူးဝါး) ခတ်တော်လို့ခေါ်တယ်။ ပက်ရှူးဝါးခတ်တော်လို့ ရေးထားတယ်။

ရအောင်ဖူးခဲ့ကြ။ ရမှရပါ့မလားလို့ စိတ်က မအောက်မေ့ကြနဲ့။ ယခုလက်တွေ့ဖြစ်နေပြီလေ။ ယုံယုံကြည်ကြည် လေးလေးစားစားနဲ့ပို့။

မြတ်စွာဘုရားရဲ့တရားတော်သည် အင်မတန် ခက်ခဲနက်နဲသိမ်မွေ့တဲ့ တရားတော်တွေ၊ မမြင်နိုင်အောင် လူသူလေးပါးမတွေ့နိုင်အောင် မမြင်နိုင်အောင် ပူဇော်ထားတဲ့ တရားတော်တွေ။

လူသူလေးပါးမသိအောင်၊ မမြင်နိုင်အောင် ထိန်းသိမ်းပြီးတော့ သူတော်ကောင်းကြီးတွေ စောင့်ရှောက်ခဲ့တာ။ ခတ်တော်မွေတော်တွေဟာ ဘုရားအဆူဆူ ပွင့်ခဲ့ကြရတာ။ ဓမ္မမှန်ပြောင်းတော်ကြီးနဲ့ကြည့်နိုင်အောင် အကြိမ်ကြိမ်ဆုတောင်း။

(တင်ပါ့ဘုရား။)

မင်းတို့ ကုသိုလ်ပါရမီရှိလို့၊ ကံကောင်းလို့။

(တင်ပါ့ဘုရား။)

နောက်တစ်ယောက်၊ ရပြီလား။

(နည်းနည်းတော့ ရပါပြီဘုရား။ အများကြီးတော့ မရသေးပါဘူး။)

စေတီစောင့်နတ်တွေကို မေတ္တာလည်းပို့၊ ခွင့်လည်းတောင်းရတယ်။ မတောင်းဘူးလား။

(တောင်းပါတယ်ဘုရား။)

(ပို့ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



သံသယကုက္ကုစ္စတွေနဲ့ ပို့လို့မရဘူး။ ဝမ်းမြောက်ဝမ်းသာတွေနဲ့ပို့ရတယ်။ တကယ့်ကုသိုလ်တော်ကြီး၊ ဘယ်နှစ်ခုဖူးရသလဲ။ မန္တလေးမပါဘူးလား။

(တင်ပါ့ဘုရား။)

ဘယ်ဘုရားတွေပါလဲ။

(တောင်ပေါ်တင်ပါဘုရား။)

ဖူးတာကရော။

(အားလုံးပို့တယ် ဘုန်းဘုန်းဘုရား။ တောင်ပေါ်မပါသေးဘူးဘုရား။)

တောင်ပေါ်မပါရင်ထား၊ မြကျောက်ရော။

(ပါပါတယ်ဘုရား။)

ဖူးခိုင်းတာ ရသလား။

(မရပါဘူးဘုရား)

(တပည့်တော်တို့သွားတဲ့အခါ လက်လက်နဲ့သွားပါတယ်ဘုရား။ ဖူးလိုက်တဲ့အခါကျတော့ လက်လက်ကလေးသွားတယ်။ စေတီကိုတော့ မမြင်ရပါဘူးဘုရား။)

နိမိတ်ကတော့ရောက်တယ်ပေါ့။

(တင်ပါ့ဘုရား။)

မမြင်ရတာက စေတီစောင့်နတ်တို့၊ တောင်စောင့်နတ်တို့ မေတ္တာမပို့လို့။ ခွင့်တောင်း၊ ကျွန်ုပ်တို့က အန္တရာယ်မပြုပါဘူး၊ ကြည်ညိုရုံ ခွင့်တောင်းတာပါ။ လူ့ဘဝရတဲ့အခိုက် ကြည်ညိုခွင့်

www.burmeseclassic.com



ပြုပါ။ ကြည်ညိုချင်ပါတယ်၊ ကြည်ညိုပါရစေ၊ ခွင့်ပြုပါလို့ အဲဒီလိုလည်း ခွင့်တောင်းရတယ်။ ဟုတ်ကဲ့လား။

(တင်ပါ့ဘုရား)

တောစောင့်နတ်တို့၊ တောင်စောင့်နတ်တို့၊ ဘုရားစောင့်နတ်တို့ကို မေ့တ္တာပို့။

(တင်ပါ့ဘုရား)

ခွင့်ရောတောင်းရဲ့လား။

(ခွင့်တောင်းပါတယ်ဘုရား။)

ခွင့်တောင်းရင် ရပါတယ်။ ရရင်မြင်ရမှာပါ။ မမြင်ရတာ မရှိပါဘူး။ ဟိုရောက်တော့ လင်းမသွားဘူးလား။

(လင်းသွားပါတယ်ဘုရား။)

လင်းသွားရင် မြင်ရမှာပေါ့။ မင်းစိတ်က မမြင်ရဘူး ထင်နေတာကိုး။ အဲဒီလိုထင်နေတော့ မင်းရဲ့စိတ်အတိုင်း ဖြစ်နေတာပေါ့။ အဲဒီလို ဖြည်းဖြည်းချင်း နည်းနည်းနဲ့ ကြည်ညိုရမှာ။

နိမိတ်ရပြီး နိမိတ်ကိုခိုင်းလို့ဆိုတာကိုက ဘယ်လောက် အံ့သြစရာကောင်းတုန်း။

ကိုယ်က အဲဒီစေတီကိုမှန်းပြီး ပို့လိုက်တယ်။ အသက်မရှိတဲ့စေတီကို ပို့တာမဟုတ်လား။ နိမိတ်က သိရဲ့လား။

(မသိပါဘူးဘုရား။)

မသိပေမယ့်လို့ သူ့ရဲ့ထီးတော် လှမ်းဖူးရင် ထီးတော်ကို ရတယ်။ ထီးဖူးမယ်ဆိုတာနဲ့ ထီးတော်ကိုရောက်သွားတယ်။ အဲဒီလိုမဟုတ်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

ဆန္ဒတွေသိပ်မစောနဲ့။ မှန်မှန်ကလေး ကြည်ကြည်ညိုညို လေးလေးစားစားနဲ့ပို့။ အဲဒီလိုဖူး။

အပ္ပမာဒ ကုသိုလ်ကြီးတွေရအောင် ဘုရားကပေးနေတာ။ ကိုယ့်ထွက်လေဝင်လေကလေးကိုမှတ်ရတာ။ အစကနဦးကချည်းနဲ့ ထွက်လေဝင်လေရှိတာ၊ ပစ်ထားတာ၊ ယခုမှ အဖိုးတန်မှန်း သိတာမဟုတ်ဘူးလား။

(တင်ပါ့ဘုရား။)

ဒါအားထုတ်နေလို့ ဓမ္မရတနာလည်း ဖြစ်သွားပြီ။ ဓမ္မရတနာ ဖြစ်မသွားဘူးလား။

(ဖြစ်သွားပါတယ်ဘုရား။)

ဗုဒ္ဓသရဏဂံဂစ္ဆာမိလည်း ဖြစ်သွားပြီ။

(ဖြစ်သွားပါတယ်ဘုရား။)

ဓမ္မံသရဏံဂစ္ဆာမိ ဂရုစိုက်တော့ ဗုဒ္ဓံသရဏံဂစ္ဆာမိ ဖြစ်မသွားဘူးလား။

(ဖြစ်သွားပါတယ်ဘုရား။)

ယခု ဘုရားတွေဖူးရပြီ။ အဖိုးမတန်ဘူးလား။

(အဖိုးတန်ပါတယ်ဘုရား။)

မရှိတာထက် မသိတာခက်ဆို။

(တင်ပါ့ဘုရား။)

မရှိတာက ကိုယ့်နည်းကိုယ့်ဟန် ရှာစားရတယ်။ မသိတာက ပြောမယ့်လူမရှိဘူး။ ဆုံးမမယ့်သူမရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



(တင်ပါ့ဘုရား။)

စောင့်ရှောက်မယ့်သူမရှိဘူး။ ဩဇာပေးမယ့်သူမရှိဘူး။ လုံခြုံစွာ ကာကွယ်ပေးမယ့်သူမရှိဘူး။

(တင်ပါ့ဘုရား။)

မနေ့ကလည်းဒီလို၊ ဟိုလကလည်းဒီလို၊ ယနေ့လည်းဒီလို၊ ကြာလို့ အိုလို့သာ သေသွားတယ်။ ဘာမှမသိဘူး။ လူ့ဘဝရတဲ့ အခါကလေး ကိုယ်လိုသူလို၊ သူလိုကိုယ်လိုနဲ့ပြီးရော။

အချိန်တွေနှမြောစရာမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

(သာဓု-သာဓု-သာဓု။)

www.burmeseclassic.com

www.burmeseclassic.com

# သမ္မသနဉာဏ်
## (နာမပရိဂ္ဂဟ)

နာမပရိဂ္ဂဟကို လုပ်ခိုင်းထားတယ်၊ အနိစ္စကို အနိစ္စလို့မြင်လာရင် လက္ခဏာယာဉ် (၃)ပါးကို ပိုင်းခြားပြီးတွေ့နိုင်တယ်။

အဝိဇ္ဇာလောကကိုလည်း လွန်မြောက်တယ်၊ အဝိဇ္ဇာလောက အဝိဇ္ဇာကိုလည်း လွန်မြောက်သွားတာပေါ့။

အဝိဇ္ဇာလောဘနဲ့လည်း မယှဉ်တော့ဘူး၊ ကာမရော အဝိဇ္ဇာရော၊ အဲဒါတွေနဲ့ မယှဉ်တော့ဘူး၊ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ အဲဒီ အာသဝတွေလည်း မဖြစ်တော့ဘူး။

(မှန်ပါဘုရား။)

ဖြစ်တာပျက်တာတွေကိုသိနေရင် အဝိဇ္ဇာသဝ မဖြစ်တော့ဘူး။

(တင်ပါ့ဘုရား။)

ဖြစ်ပျက်ကိုအမှန်အတိုင်းသိမြင်ရင် ဒိဋ္ဌိဝိသုဒ္ဓိဆိုတဲ့ အယူအမြင် စင်ကြယ်သွားပြီ။ ဒိဋ္ဌိပြုတ်ပြီ။ ဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com


(မှန်ပါ့ဘုရား။)

အဲဒီတော့ ဒိဋ္ဌိပြုတ်တော့ ဝိစိကိစ္ဆာ ယုံမှားသံသယတွေ မရှိတော့ဘူး။ ဒိဋ္ဌိဝိသုဒ္ဓိက အယူစင်ကြယ်တယ်၊ ဟုတ်လား ဒီ့ပြင်သေးတွေပါ မစွဲလန်းတော့ဘူး။

(တင်ပါ့ဘုရား။)

ဝိပဿနာ တဒင်္ဂပွားရတဲ့အကျိုး ဝိသုဒ္ဓိမဂ်မှာ ဆိုထားတာ၊ ပြီးတော့၊ ဝိပဿနာစိတ် တဒင်္ဂအစွမ်းအားဖြင့် (ဝါ) သံသာရာ၌ ဖြစ်ပျက်ခြင်းကို ပယ်ခြင်းအားဖြင့်၊ သင်္ခါရတို့၌၊ အလုံးစုံသော ကိလေသာကို၊ စွန့်လွှတ်နိုင်သတည်းတဲ့။

တဒင်္ဂအခိုက်အတန့်လေးပင် အကျိုးမရှိဘူးလား။

(ကြီးပါတယ် ဘုရား။)

နာမပရိဂ္ဂဟ ဘယ်လိုတွေ့တုန်း။

(နာမပရိဂ္ဂဟပွားတော့ ခန္ဓာကြီးဖြစ်ပျက်နေတာကို ဉာဏ် ကလေးကသိသိပြီး တွေ့ပါတယ်ဘုရား၊ အကုန်လုံး ပျက်စီး ပျက်စီး သွားတာကိုလည်း တွေ့ပါတယ်ဘုရား၊ ဖြစ်ပျက်သွားတာ ကို အသိကလည်း နောက်ကနေကပ်ကပ်ပြီးတော့ သိပါတယ် ဘုရား။

နောက်ကြာလာတော့ ခန္ဓာကြီးပျောက်သွားပါတယ်ဘုရား၊ ခန္ဓာကြီးအပေါ်မှာ ဒိတ်ဒိတ်နဲ့ တိုးတာလေးပဲ ဉာဏ်က သိနေပါ တယ်ဘုရား၊ အောက်က ခြေထောက်လှုပ်နေတာလဲ ဉာဏ်က သိပါတယ်ဘုရား၊ ကျန်တဲ့ဟာတွေ ပျောက်နေပါတယ်ဘုရား။)

ကဲ..ဒကာကြီးကရော လျှောက်တင်စမ်းပါဦး။

www.burmeseclassic.com

www.burmeseclassic.com



(ခန္ဓာကိုယ်မှာ မီးပန်းကို မီးရှို့သလို ဖွာဖွာ ဖွာဖွာနဲ့ တွေ့ရပါတယ်ဘုရား။)

အေး..တွေ့ရမှာပဲ။

(တွေ့ရတာက တရစပ်ပါဘုရား၊ နောက်ပြီး တပည့်တော်သံဆန်ကာပေါက်တွေလိုလည်း ဖြစ်ပါတယ်ဘုရား။)

အေး...အေး..

တစ်ကိုယ်ကောင်လုံးပေါ့။

(တစ်ကိုယ်ကောင်လုံးပါဘုရား၊ အဆုပ်အဆုပ်ကြီး အနူကြီးလိုပဲဖြစ်နေပါတယ်ဘုရား၊ ခန္ဓာကြီးဟာ ပြောလို့မကောင်း လောက်အောင် ရွံ့စရာကြီးဖြစ်နေပါတယ်ဘုရား။)

ဒုက္ခကြီးရော။

(တစ်ကိုယ်လုံး တဖွာဖွာနဲ့ လောက်တွေလိုဖြစ်နေပါတယ်ဘုရား။)

တစ်ကိုယ်လုံးလား။

(တင်ပါ့ဘုရား။)

ဘယ်က စဖြစ်တာတုန်း။

(ခေါင်းကနေခြေ၊ ခြေကနေခေါင်းအထိပါဘုရား၊ နောက် လူကောင်ကြီးမမြင်ရပဲနဲ့ နာတဲ့နေရာက နာနေပါတယ်ဘုရား။)

တစ်ကိုယ်လုံး လောက်တွေ တဖွာဖွာနဲ့ဖြစ်နေတာလား။

(တင်ပါ့ဘုရား)

ဘာမြင်သေးသလဲ။

(ဘာမှ မမြင်တော့ပါဘူးဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်ယောက်

(ပုရွက်ဆိတ်ကလေးတွေလို သေးသေးကလေးတွေလိုမြင်ရပြီးနောက် တစ်နေရာမှ သွားစုနေသလို သွားပြီးစုနေတယ်၊ ဒါပေမယ့် မမြင်ရပါဘူးဘုရား။)

ထိတယ်၊ သိတယ်၊ အမြဲရှုသလား။

(အဲဒါကိုတော့ စိတ်ထဲမှာပဲထားပါတယ်ဘုရား၊ အဲဒီတော့ နာမပရိဂ္ဂဟာနဲ့ အဲဒီလိုသိရမှာ၊ အဲဒီလို သိတော့ –

နာမ ပရိဂ္ဂဟာ၊

ရူပ ပရိဂ္ဂဟာ၊

ပစ္စယ ပရိဂ္ဂဟာ တို့ ဟုတ်လား။

(တင်ပါ့ဘုရား။)

ထင်ထင်ကွက်ကွက် မြင်လာရတာ၊ နောက်တစ်ယောက်

(တပည့်တော် တဖြည်းဖြည်းနဲ့ ရှုမှတ်တာ၊ အောက်ပိုင်းနဲ့ လက်နှစ်ဖက်တဖြည်းဖြည်းနဲ့ ပျောက်သွားတယ်ဘုရား၊ ညပိုင်းတစ်ခါရှုမှတ်တော့ တစ်ကိုယ်လုံးပါပျောက်သွားတဲ့ သဘောဖြစ်နေတယ်ဘုရား။

ခန္ဓာကိုယ်ကြီးထဲမှာ တစ်ခုမဟုတ်တစ်ခုဖြစ်နေတာ၊ အမြဲမပြတ်ဖြစ်ပျက်နေတာကိုလည်း သိနေရပါတယ်ဘုရား၊ အမှတ်သိနေတဲ့စိတ်ကလည်း ထက်ကြပ်မကွာလိုက်နေတာမို့ ခန္ဓာကိုယ်ကြီးဖြစ်ပျက်နေတာကို စဉ်ဆက်မပြတ်သိနေရပါတယ်ဘုရား။)

အေး…အေး…နောက်ဒကာရော။

www.burmeseclassic.com

www.burmeseclassic.com


(တပည့်တော်ကတော့ တရားထိုင်ပြီး နာရီဝက်လောက်ရတော့ ထုံကျင်ပြီး တက်လာပါတယ်ဘုရား၊ အဲဒါလဲ မှတ်နေပါတယ်ဘုရား)

အမှတ်မလွတ်စေနဲ့၊ စိတ်ကိုခန္ဓာထဲမှာထား။

(တင်ပါ့ဘုရား။)

ဒကာကြီးရော။

(တပည့်တော် ခန္ဓာကိုယ်ကြီးဟာ တဖွာဖွာဖြစ်ပျက်နေပါတယ်ဘုရား၊ နောက်ပြီး တင်ပါးတစ်ခုလုံး အောင့်နေပြီး စိတ်ကနိုင်းသလို တင်ပါးတွေ ကြွချင်လာပါတယ်ဘုရား၊ စိတ်ကခိုင်းသလို ခန္ဓာကိုယ်ကြီးက လုပ်ချင်နေပါတယ်ဘုရား။)

အဲဒီဖြစ်တာပျက်တာတွေကို လူတွေသိသလားဆိုတော့ မသိကြဘူး။ တရားရှုမှတ်ပွားများသူမှ သိကြရတာ။

(ဖြစ်တာပျက်တာ တွေကို သတိနဲ့ရှုမှတ်နေတုန်း မျက်လုံးနဲ့ ပေါင်းသွားပါတယ် ဘုရား။)

အေး…အေး… နောက်တစ်ယောက်။

(တပည့်တော်ကတော့ ဘာမှမတွေ့ပါဘူးဘုရား၊ တရားထိုင်တော့ ပေါင်ရင်းက မတရားထိုးထိုးအောင့်ပြီး တက်ပါတယ်ဘုရား၊ ခွေနေတဲ့နေရာက တရားမဖြုတ်ဘူးဘုရား၊ တပည့်တော် အတော်ခံရပါတယ်ဘုရား။

ခွေးလိုက်ဆွဲတော့ တပည့်တော်မမောင်းဘူး၊ မော်တော်ယာဉ်ထိန်းက မောင်းတော့ ထွက်ပြေးသွားတယ်ဘုရား။)

ဝိစိကိစ္ဆာတွေ တယ်များသကိုး…။

www.burmeseclassic.com

www.burmeseclassic.com


(တပည့်တော်ရဲ့ ခန္ဓာကိုယ်တစ်ခုလုံးဟာ မီးရထားခုတ်မောင်းသလို တဂျိန်းဂျိန်းနဲ့ဖြစ်နေပါတယ်ဘုရား၊ ည(၇)နာရီခွဲကနေ (၁၂)နာရီလောက် တပည့်တော် တရားရှုမှတ်တဲ့အခါမှာ ခန္ဓာကိုယ်ကြီးဟာ တောင့်တင်းပြီးတော့ လက်တွေခြေတွေဟာ ပျောက်သွားသလို ခံစားမိပါတယ်။

မေတ္တာများများပွားတော့ ခြေဖျားလက်ဖျားကလေးတွေဟာ တဖျစ်ဖျစ်ဖြစ်နေပြီး ပြုတ်ကျသလိုလည်း ခံစားမိပါတယ်ဘုရား၊ ဒါနဲ့ပဲ တပည့်တော် တရားဖြုတ်ပစ်ပါတယ်ဘုရား။)

နောက်ဒကာကရော။

(တပည့်တော် တရားရှုနေချိန် ဘယ်ဘက်လက်က ပူနေပါတယ်ဘုရား၊ နောက်တပည့်တော်ကတော့ ပေါင်ကနေ ဆေးလိပ်မီးနဲ့တို့သလို တရှိန်းရှိန်းခံစားရပါတယ်ဘုရား၊ လူက နှစ်ယောက်လိုဖြစ်လာတယ်ဘုရား၊ ရှေ့ကတစ်ခု နောက်ကတစ်ခု ဖြစ်နေတယ်ဘုရား။

နှစ်ကိုယ်လိုသဘောမျိုး နှစ်ကိုယ်ခွဲလိုသဘောမျိုး ဖြစ်နေပါတယ်ဘုရား၊ တစ်ခုက လိုက်ပြီးကြည့်နေပါတယ်ဘုရား၊ စိုက်ကြည့်ရင်း စိုက်ကြည့်ရင်းနဲ့ ပျောက်သွားပါတယ်ဘုရား၊ အာရုံစိုက်လိုက်တဲ့နေရာမှာ တော်တော်ကြာပြီး ပျောက်ပျောက်သွားတယ်ဘုရား။)

နောက်ဒကာ။

(တပည့်တော်ကတော့ တပည့်တော်နှလုံးဟာ ကြီးကြီးဖြစ်လိုက် သေးသေးကလေးဖြစ်လိုက် ဖြစ်နေပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်ကဒကာရော။

(တပည့်တော် ရှုနေရင်းတန်းလန်းနဲ့ ရင်ထဲမှာတင်းကျပ်ပြီး ပြင်ကြီးလိုဖြစ်နေပါတယ်၊ ကြိတ်မှိတ်ပြီးရှုလိုက်တဲ့အခါမှာ စကြာလို လည်နေတာကို မြင်တွေ့နေရပါတယ်။

အဲဒါကို ဆက်ပြီးရှုနေတဲ့အခါ တပည့်တော်နှလုံးသားကို မြင်ရပါတယ်၊ သွေးတွေခုန်ပြီးတက်နေပါတယ်၊ ခုန်ပြီးတက်သွားတဲ့သွေးတွေကို လိုက်ကြည့်နေမိပါတယ်၊ ခေါင်းပိုင်းလည်းရောက်ရော ခေါင်းပိုင်းဟာ အရိုးခွံကြီးလို့ ဖြစ်သွားပါတယ်။

ခန္ဓာကိုယ်ကြီးဟာလည်း တဖြည်းဖြည်းနဲ့ အရိုးစုအခွံကြီးဖြစ်လာတာ တွေ့ရပါတယ်၊ တပည့်တော်ရဲ့ရှေ့မှာ တပည့်တော်ကို လာထိုင်ပြသလိုမြင်ရပါတယ်။

မြင်ပြီးတော့ အရိုးစုခန္ဓာကိုယ် ခေါင်းခွံကနေပြီးတော့ လက်ဆိုလက်ပိုင်း၊ ခြေဆိုခြေပိုင်း တစစ်စစ်နဲ့ကိုက်ပြီး ပျောက်သွားပါတယ်ဘုရား၊ နောက်တပည့်တော် ဘယ်ရှုရမှန်းမသိအောင် ဖြစ်နေပါတယ်ဘုရား။

ပြီးတော့ ရင်ချိုင့်နေရာလောက်မှာ ခန္ဓာကိုယ်တော့မရှိဘူးဘုရား၊ အမှတ်ကလေးတစ်ခုထိသည်ကို သိနေပါတယ်ဘုရား၊ ထိတာလေးကို စိတ်ရောက်နေတာလေးဟာ အဲဒီနေရာရောက်ရင် ပျောက်သွားပါတယ်ဘုရား၊ နောက် ထိတာလေးတစ်ခု ပြန်ပေါ်လာတယ်ဘုရား။)

နောက်တစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com


(တပည့်တော်ကတော့ ခန္ဓာကိုယ်အနှံ့ ကျင်တာတွေ၊ ကိုက်တာတွေ ဖြစ်ပေါ်ပါတယ်ဘုရား၊ တပည့်တော် ရင်ချိုင့်ကို နှလုံးသွင်းမှတ်လိုက်တဲ့အခါကျတော့ ဖြစ်ဖြစ်ပြီးတော့ ပျက်ပျက်သွားပါတယ်ဘုရား။

ဖြစ်ပြီးပျက်လိုက်တဲ့အခါကျတော့ ဖြစ်လိုက်ပျက်လိုက် ဖြစ်လိုက်ပျက်လိုက် ဒီလိုပဲ တွေ့ပါတယ်ဘုရား။)

နောက်ဒကာ ... ။

(မိနစ်-၃၀ တစ်နာရီလောက်ကြာလာတဲ့အချိန်မှာ တချို့နေရာကပူပြီး တချို့နေရာက အေးနေပါတယ်ဘုရား၊ အကြောတွေဟာ တုံ့ဆိုင်းနေပြီး လေးနေပါတယ်ဘုရား။

အသိကလေးနဲ့လိုက်ကြည့်ပါတယ်ဘုရား၊ တဖြည်းဖြည်းနဲ့ အဲဒီဟာတွေ ပျောက်သွားပါတယ်ဘုရား၊ ပျောက်သွားပြီး မှတ်ရင်းနဲ့ အိပ်ပျော်သလိုဖြစ်သွားပါတယ်ဘုရား။

အဲဒီအချိန်မှာ မနေ့ကတွေ့သလို အရိုးစုကြီးပဲတွေ့ပါတယ်ဘုရား၊ တွေ့တဲ့အခါမှာ ဝမ်းဗိုက်တစ်ခုပြန့်ပေါ်တယ်ဘုရား၊ အမြုပ်တွေနဲ့ပါဘုရား၊ သံကောင်တွေလည်း တွေ့ရပါတယ်ဘုရား၊ ဒီလောက်ပါပဲဘုရား)

ဟိုဒကာကရော။

(တပည့်တော် ရှုမှတ်ရင်းရှုမှတ်ရင်းနဲ့ ရင်ထဲတင်းလာပါတယ်ဘုရား၊ နောက် အောင့်သလိုကြီးဖြစ်လာပါတယ်ဘုရား၊ ရှုမှတ်မှုကို သတိကလေး ကပ်ရင်းကပ်ရင်းနဲ့ပဲ ရင်ညွန့်နားမှာ အလုံးကလေးဖြစ်သလို ခံစားရပါတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအလုံးကလေးကို တပည့်တော် မှတ်ရင်းမှတ်ရင်းနဲ့ တစ်ချက်မှတ်ရင် တစိတ်လျှော့နဲ့ ရှုမှတ်နေရင်း အဲဒီအလုံးကလေးဟာ ပျောက်သွားပါတယ်ဘုရား။

အဲဒီလို ပျောက်သွားတဲ့အချိန်မှာ တပည့်တော်ရင်ညွန့်မှာ မတွေ့တော့ပါဘူးဘုရား၊ မတွေ့တော့တဲ့အချိန်မှာ ထိတယ်သိတယ်လို့ မှတ်နေတော့ ရင်ဘတ်ကြီးတစ်ခုလုံး ဟာလာဟင်းလင်းကြီးဖြစ်နေပါတယ်ဘုရား။

အဲဒီကနေ နောက်တစ်ခါ တဖြည်းဖြည်းဖြန့်ကြည့်လိုက်တဲ့အချိန် မည်းသွားပါတယ်ဘုရား)

နောက်ဒကာ … ။

(တပည့်တော် ရှုနေရင်းနဲ့ ဖျစ်ဖျစ်နဲ့ ဖြစ်ပျက်နေတာကို တွေ့ရပါတယ်ဘုရား၊ ဖျစ်ဖျစ်နဲ့ ဖြစ်နေတာကို ညှို့ပြီးဆင်းလာပါတယ်ဘုရား။

အကုန်လုံး ထင်ထင်ရှားရှားမြင်ရပါတယ်၊ ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှားမြင်ရပြီးတော့ အကုန်လုံးပျက်သွားပြန်ပါတယ်ဘုရား။)

နာတယ်၊ ကျင်တယ်ပေါ့ဗျာ၊ ထိလိုက်တဲ့အခါ နာတယ်ကျင်တယ် ပျောက်သွားတယ်၊ ဒီကောင်က ထတဲ့အထိမပျောက်ဘူးဗျာ။

နောက်ဒကာ … ။

(တပည့်တော်လဲ တရားရှုတဲ့အခါ ရင်ပိုင်းတစ်ခုလုံး ကျင်နေပါတယ်ဘုရား၊ ခန္ဓာတစ်ခုလုံးဟာလည်း တောင့်တင်းနေပါတယ်

www.burmeseclassic.com

www.burmeseclassic.com


ဘုရား၊ အတော်ကလေးကြာလာတော့ လေထိုးထားသလို ရှုရင်းရှုရင်းနဲ့ လျော့သွားတယ်ဘုရား၊ နောက် ပြန်ပြန်လာနေပါတယ်ဘုရား။)

ဒါပဲလား။

(ဒါပါပဲဘုရား။)

ကြိုးစားဦး၊ ကျန်းမာရေးတဲ့ ပြည့်စုံတဲ့အခါ ကြိုးစားသွားကြ၊ ကိုယ့်လုပ်အားခ ကိုယ်ရတာ။

(တင်ပါ့ဘုရား။)

တစ်ဘဝလုံး လောကီစီးပွားရေးနဲ့ အချိန်ကုန်လာရတာ။

(တင်ပါ့ဘုရား။)

ဒီလိုမှ ကြိုးစားအားမထုတ်ရင် လောကီစီးပွားရေးနဲ့ အချိန်ကုန်ရမှာ။

(တင်ပါ့ဘုရား။)

တရားရှုမှတ်ရတဲ့အချိန်ကလေးမှာ ကြိုးစားကြ၊ ဒါကလေးတောင် အိမ်ကို စိတ်ကမရောက်နေသေးဘူးလား။

(တင်ပါ့ဘုရား။)

အဲ··တသံသရာလုံး ဒီလိုမျိုးချည်းပဲ ကြုံတွေ့လာရတာ။

(တင်ပါ့ဘုရား။)

အတော်ကို ရှန်းယူလာရတာမဟုတ်လား။

(တင်ပါ့ဘုရား။)

ကဲ··အဲဒါ ဘယ်နှယ့်လုပ်မတုန်း၊ ကဲ··ဒီပြင်နိုင်ငံကြီးတွေ စဉ်းစားကြည့်စမ်းပါ။

www.burmeseclassic.com

www.burmeseclassic.com



(တင်ပါ့။)

သနားစရာမကောင်းဘူးလား။

(တင်ပါ့။)

တရှူ့ခိုတရှူ့ တရှိုက်ဆိုတရှိုက် တန်ဖိုးဖြတ်လို့မရဘူး၊ ယခုဟာက ထိသည်၊ မြင်သည်၊ နာမပရိဂ္ဂဟာထပ်ပြီးတော့ ကြိုးစားကြပါ။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

သုဟာသု သီလာ
(သမ္မသနုဉာဏ်)

ကဲ ဒကာကြီး။

(တပည့်တော် ဘုရားကိုအာရုံပြုပြီးတဲ့အခါမှာ ဖြစ်တာ ပျက်တာကလွဲပြီး တပည့်တော် ဘာမှမသိတော့ပါဘူးဘုရား။

ဖြစ်ပျက်မြင်တာလည်း ဉာဏ်နဲ့မြင်တာပါဘုရား။ မျက်စိနဲ့ကြည့်မြင်ရတာ မဟုတ်ပါဘူးဘုရား။)

နောက်ဒကာ။

(တပည့်တော် လျှောင်းပြီးရှုတဲ့အခါမှာ လက်တွေခြေတွေ ဟာ ထိလို့မသိအောင် ကျင်လာပါတယ်ဘုရား။ ကျင်လာရုံတင် မကပါဘူး၊ ထုံလာတာပါဘုရား။ ထုံပြီးနေတော့ ဖြစ်ပျက်ကို ပြန်ကြည့်တဲ့အခါမှာ လွဲနေပါတယ်ဘုရား။ ဖြစ်ပြီးတာကြီးကို လိုက်လို့မမီအောင်ဖြစ်ပြီး ဖြစ်ဆဲကိုပင် လိုက်နေရတာကြီးကို တွေ့နေရပါတယ်ဘုရား။)

ဗဇ္ဇူပွန်တဲ့။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



အတိတ်ကလည်း ဒီလိုဖြစ်ခဲ့ရပြီ။

(တင်ပါ့ဘုရား။)

ယခု ဖြစ်ဆဲဖြစ်နေသလို နောင်သံသရာခရီးလည်း ဒီအတိုင်း ဖြစ်ဆဲနဲ့သွားမှာပဲ။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တဲ့။

(တပည့်တော် တရားရှုတဲ့နေရာမှာ ခန္ဓာကိုယ်ကြီးမှာ ဖြစ်တာပျက်တာတွေကိုပဲ အာရုံပြုရှုမှတ်နေပါတယ်ဘုရား။)

ဖြစ်နေတယ်၊ ပျက်စီးချုပ်ပျောက်နေတယ်။

(တင်ပါ့ဘုရား။ အဆက်ကြီးတာကိုပဲ ပြနေပါတယ်ဘုရား။)

နောက်ဒကာ။

(တပည့်တော် အပြင်စိတ်ကနေ အတွင်းစိတ်ကို မြင်တွေ့နေပါတယ်ဘုရား။ အဲ့ဒါ ဘာကြောလဲဆိုတော့ ဝိပဿနာစိတ်အသိကလေး ကပ်ကပ်ပါနေပါတယ်ဘုရား။

ရှုတာလေးက သိသိပြီး၊ သိသိပြီးသွားတဲ့နောက်က သိတာလေး ကပ်ကပ်ပါနေတယ်။

သိတာလေးက သိသိပြီး အဖြေကလေးတွေ ပေးပေးသွားတဲ့စိတ်ကလေး၊ ရှေ့ကဖြစ်တဲ့ဟာ နောက်က မလိုက်နိုင်ဘူး။

သူတို့က ရှေ့ကသွား၊ အသိလေးက နောက်ကကပ်လိုက်နေပါတယ်ဘုရား။

ခုနေဟာက ဖြစ်ပျက်လို့ထင်နေတော့ ဖြစ်ပျက်နေတာပါဘုရား။)

ဟုတ်တာပေါ့၊ အဲဒီဆုံးဖြတ်ချက်မချခင်မှာ ရုပ်တရားမဖြစ်ဘူးလား။ နောက်က ဆုံးဖြတ်ချက်က နာမ်တရား။

www.burmeseclassic.com

www.burmeseclassic.com



(ရုပ်တရား၊ နာမ်တရားကို ခွဲခြားတတ်အောင် သတိနဲ့ သမာဓိနဲ့ စူးစိုက်ကြည့်တဲ့အခါမှာ အေးမြလာပြီးတော့ ရင်ထဲက ဖျစ်ဖျစ် ဖျစ်ဖျစ် ဖြစ်လာပါတယ်ဘုရား။)

ဖျစ်ဖျစ် ဖြစ်တာလေးကို ဉာဏ်နဲ့သတိနဲ့ စူးစိုက်ပြီးကြည့်ရင် ပိုထင်ရှားပါတယ်ဘုရား။ တပည့်တော်စိတ်ထဲမှာ မြင်လာတာက ဖြစ်ပျက်ကပဲ သေးလာလို့လား။ သူတို့က ပိုပြီးတော့ ကြီးလာလို့လား။ တကယ်တော့ မဟုတ်ဘူးဘုရား။ စိတ်က သမာဓိကောင်းကောင်းနဲ့ ရှုကြည့်တဲ့အခါမှာ အရာရာဟာ ရုပ်က ဦးမဆောင်ဘဲနဲ့ နာမ်က ဦးဆောင်နေတယ်ဆိုတာ ထင်ရှားနေပါတယ်ဘုရား။

နောက်တစ်ခါ တပည့်တော် အဖြစ်အပျက်ဖြစ်တာလေးက ပျက်သွားတယ်။ ပျက်တာလေးက ပြန်ဖြစ်ရပြန်တယ်ဘုရား။ ပြန်ဖြစ်ရတာလည်း အတိတ်ကအကြောင်းတွေကြောင့် ဖြစ်ပေါ်ရတာလို့ တပည့်တော် ယုံကြည်ပါတယ်ဘုရား။

တကယ်လို့ အတိတ်ကံမပါခဲ့ရင် ပျက်ပြီးတော့ တစ်ခါတည်း ချုပ်ငြိမ်းသွားမှာပါဘုရား။

ရုပ်က ချုပ်ငြိမ်းသွားမှာပါ။ အတိတ်ကံရှိသေးလို့ တစ်ဖန် ရုပ်ပြန်ဖြစ်လာရတာပါဘုရား။

အတိတ်ကံကြောင့် ရုပ်ကြီးက ဖြစ်ပျက်ဖြစ်ပျက် ဆက်ဖြစ်နေတာလို့ မြင်ပါတယ်ဘုရား။)

တရားအားထုတ်တယ်ဆိုတာ ကိုယ့်ခန္ဓာကိုယ် ရှုရမှာ။ ကျန်တဲ့အကြောင်းအရာ အပယ်ဓိကတွေကို မျှော်မနေရဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုတွေ့လာပါစေ၊ ဘယ်လိုဖြစ်လာပါစေ၊ ဒါတွေ မျှော်မနေရဘူး။

(တင်ပါ့ဘုရား။)

ကိုယ့်ဟာကိုယ်ရှုပြီးတော့ သူ့ဟာသူဖြစ်ပျက်ပြီး ဖြစ်လာတာ။ တွေ့လာတဲ့ဟာကို သတိဆိုတဲ့အတိုင်း စပ်ပြီးတော့ ကြည့်ရမယ်နော်။

(တင်ပါ့ဘုရား။)

ရှုတဲ့အခါမှာ ဖြည်းဖြည်းချင်း သူ့ဟာနဲ့သူ စပ်ကြည့်ရတာနော်။ အဲဒီလို စပ်ကြည့်ရတယ်။

အဲဒီလိုကြည့်တယ်ဆိုတော့ အားထုတ်ရင်တွေ့တယ်၊ အား မထုတ်ရင် မတွေ့ဘူး။

ပုဗ္ဗကိစ္စလေးပါး။

ရူပပရိဂ္ဂဟ၊

နာမပရိဂ္ဂဟ၊

ပစ္စပရိဂ္ဂဟ၊

အဒ္ဓါနပရိဂ္ဂဟ ...။

ပုဗ္ဗကိစ္စလေးခု ပြီးသွားပြီ။ ပုဗ္ဗကိစ္စ ၄-ပါး၊ ပဋိစ္စသမုပ္ပါဒ် ဉာဏ်။ ဒီဉာဏ် ၂-ခု ပိုင်ပိုင်ရသွားလို့ရှိရင် စူဠသောတာပန် တစ်ခါတည်းဆိုက်သွားတာ။

(မှန်ပါဘုရား။)

ပါဠိတော်က လူတိုင်းရပြီးသားပဲကွာ။

(တင်ပါ့ဘုရား။)

သတိမြဲတယ်တဲ့။ ဒီဘဝ စူဠသောတာပန်တဲ့။

www.burmeseclassic.com

www.burmeseclassic.com


နာမပရိဂ္ဂဟဆိုတာ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလ ၃-ပါး ခြုံငုံပြီးတော့ ကိုယ့်ခန္ဓာကိုယ်မှာ တဖွဲ့ဖွဲ့ တသဲသဲနဲ့ ဖြစ်ပျက်နေတဲ့လောကကို မြင်ရတာပေါ့။

(မှန်ပါဘုရား။)

နေထွက်သောအခါ သစ်ပင်များပေါ်၌ ခဲနေသောဆီးနှင်းပေါက်ကလေးတွေ နေနဲ့တွေ့တဲ့အခါ တဖျောက်ဖျောက်နဲ့ကြွေကျသကဲ့သို့ အဲဒီလို ဥပမာငါးပါးနဲ့တွေ့ရအောင် ပွားရမယ်နော်။

(တင်ပါ့ဘုရား။)

အဲဒီတော့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ၃-ပါး။ အဲဒါတွေ တွေ့ခဲ့၊ မြင်ခဲ့၊ ပွားခဲ့ပြီ။

(တင်ပါ့ဘုရား။)

အဲဒါတွေကိုပြန်ပြီးတော့ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ ဥတု၊ အာဟာရ ပြုပြင်ရင် တဖွဲ့ဖွဲ့ တသဲသဲအားဖြင့် ရုပ်နာမ်တို့သည် အမြဲမရှိ။ အနိစ္စ အနိစ္စ။ သမ္မသနဉာဏ်ကို ရှေ့ဉာဏ်လို့လည်း ခေါ်ကြတယ်။ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်ဆိုတာ နောက်ဉာဏ်။ လိုရင်းကတော့ ဥဒယဗ္ဗယဉာဏ်လိုရင်း။

တို့ ကန္နီဆရာတော်ကြီးကတော့ ဥဒယဗ္ဗယဉာဏ်ရသွားလို့ ရှိရင် သူ့ဟာနဲ့သူသွားတာ။ ကိုယ်က အထူးအားမထုတ်ရဘူး။ ပေါ်လာတဲ့ဉာဏ်ကို ဒါဘာဉာဏ်ပဲ၊ အာဒီနဝဉာဏ်ပဲ ဖြစ်စရာမလိုဘူး။ သူ့ဟာသူ သိလာတာနော်။ ဒီနေ့ ဉာဏ်ပေါ့၊ ကိုယ့်နေ့တွက် ကိုယ်ရတာ။ ကြိုးစားကြ။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## အသစ်ကာပြစ်၊ အဟောင်းကာပျက်
## ( ပစ္စယပရိဂ္ဂဟာဉာဏ် )

ဒုက္ခသစ္စာ သိခဲ့တယ်။

(တင်ပါ့ဘုရား။)

တဏှာညပါဒါန်ကို ပယ်သတ်လိုက်လို့ရှိရင် ဒုက္ခသစ္စာရော သမုဒယသစ္စာရော ပယ်ဖြတ်သွားတာပဲ။

(တင်ပါ့ဘုရား)

ဟုတ်တာပေါ့၊ သမုဒယကလည်း အမြဲတမ်းရှိတယ်၊ သမုဒယရှိလို့ ဒုက္ခဖြစ်တာပေါ့၊ သမုဒယကလည်း ကိုယ်နဲ့သက်ဆိုင်ရာ သမုဒယတွေမဟုတ်ဘူး၊ ကိုယ့်ခန္ဓာကိုယ်ထဲက သမုဒယ။

(တင်ပါ့ဘုရား။)

ဝေဒနာက ပျောက်သေးတာကို။ မပျောက်ဘူးလား။

(ပျောက်ပါတယ်ဘုရား။)

ဝေဒနာပျောက်တော့ ခပ်လျော့လျော့ လျော့လျော့ရဲ့ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



(တင်ပါ့ဘုရား။)

ဘုရားက လက်နက်တွေပေးထားခဲ့ရဲ့သားနဲ့ အဝိဇ္ဇာ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရ၊ ငါးဘုရားလည်းပဲ ဒီရန်သူ ငါးပါးနှိပ်စက်တာပဲတဲ့၊ သင်တို့တွေကိုလည်း နှိပ်စက်မှာပဲတဲ့၊ တစ်သံသရာလုံး နှိပ်စက်တာတဲ့ ဘုရားက၊ ရန်သူလည်း ရှာပေး ထားတယ်၊ တရားခံတွေ အဲဒီတရားခံတွေနိုင်တဲ့ လက်နက်တွေ လည်းပေးတယ်၊ ဘာမှမလိုဘူး၊ ကိုယ့်ကိုယ်ကိုသာလိုတာ။

(တင်ပါ့ဘုရား။)

ကိုယ့်ဘက်က လုံ့လဝီရိယနဲ့ဆိုရင် ကြိုးစားရင်ရမှာပေါ့။

(တင်ပါ့ဘုရား)

လူ့ဘဝဆိုတာ သေချာတဲ့ဘဝကြီး၊ ကြိုးစားအားထုတ်ရင် ရတာပေါ့။

(တင်ပါ့ဘုရား။)

ပစ္စယ ပရိဂ္ဂဟဉာဏ်တဲ့၊ ပစ္စယဆိုတာ အကြောင်းတရား၊ ကိုယ်ပြုခဲ့တဲ့အကြောင်းတရားကိုဆိုတာ။

(တင်ပါ့ဘုရား။)

ကိုယ်ပြုခဲ့လို့ ကိုယ်ရတာပေါ့၊ ကိုယ်မပြုခဲ့ရင် ကိုယ်ရပါ့ မလား။

(တင်ပါ့ဘုရား။)

နောင်လည်း ခံရမှာ၊ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလ သုံးပါးစလုံး ကံ စိတ် ဥတု အာဟာရ အကြောင်းတရားတွေ ဖြစ်လာတာ။

www.burmeseclassic.com

www.burmeseclassic.com



ရေတွေကြီးပြန်တော့ ခုလိုက်ရ ဆယ်လိုက်ရတဲ့ဒုက္ခတွေ၊ ဆောင်းဥတု၊ မိုးဥတု၊ နွေဥတု။

(တင်ပါ့ဘုရား။)

ဥတုအလိုက်၊ ဒါက ကိုယ်က ရှောင်ရမှာ၊ ဘုရားက -

မေ့ော မေ သရဏံ အညံ နတ္ထိ = တရားမှတစ်ပါး အားထားစရာ ကိုးကွယ်စရာ မရှိဘူးတဲ့။

(တင်ပါ့ဘုရား။)

ကိုယ်ခန္ဓာနဲ့ကိုယ် ပြန်ပြီးရှုမှတ်လို့ ကြည့်လိုက်ရင် ဖြစ်တာနဲ့ ပျက်တာပဲရှိတယ်၊ တွေ့ရတယ်၊ ဖြစ်တာနဲ့ပျက်တာ။

(တင်ပါ့ဘုရား။)

ဖြစ်တာနဲ့ပျက်တာ သူ့ဟာနဲ့သူ ဓာတ်ကြီးလေးပါး အညမည ပစ္စယေန ပစ္စယော၊ ပထဝီဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ အာပေါဓာတ်၊ သူ့ဟာနဲ့သူ ဓာတ်ကြီးလေးပါးက ထမ်းဆောင်နေတာ၊ နေကောင်းတယ်၊ သွားကောင်းတယ်၊ စားကောင်းတယ်၊ အဲဒီလို မဟုတ်ဘူးလား။

(တင်ပါ့ဘုရား။)

ဓာတ်ကြီးလေးပါး တစ်ခုခုချို့ယွင်းသွားရင် ကျန်တဲ့သုံးပါးက မနေဘူး၊ ချို့ယွင်းသွားတာပဲ။

(တင်ပါ့ဘုရား။)

ပထဝီဓာတ်တွေ၊ တေဇောဓာတွေ၊ ဝါယောဓာတ်တွေ၊ အာပေါဓာတ်တွေပျက်တယ်၊ ဒီဓာတ်တစ်ခုပျက်ရင် ကျန်တဲ့ဓာတ်တွေလည်း ပျက်စီးသွားတာပဲ၊ မနေဘူး။

www.burmeseclassic.com

www.burmeseclassic.com



(တင်ပါ့ဘုရား။)

ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ပထဝီဓာတ်ပျက်တာနဲ့ အားလုံးပျက်တယ်၊ ငါသွားမယ်၊ မင်းတို့လည်းမနေရဘူး၊ လာလိုက်ခဲ့လို့ခေါ်သွားတာ။

(တင်ပါ့ဘုရား။)

ဓာတ်ကြီးလေးပါး ဝိပါကဝဋ်ဓာတ်ကြီးလေးပါး၊ အတူတူနေတဲ့သူက ယိုင်လဲတော့ သူလည်း ယိုင်လိုက်ရတာပေါ့။

(တင်ပါ့ဘုရား။)

နာမ်ပိုင်းကလည်း ဒီအတိုင်းပဲ၊ နာမ်ခန္ဓာ (၄)ပါး၊ ရှေ့ခန္ဓာက နောက်ခန္ဓာကို အကျိုးပြု၊ အဲဒီလိုကျေးဇူးပြုသလို နေထိုင်ကောင်းတယ်၊ မှတ်ကောင်းတယ်ပေါ့။

(တင်ပါ့ဘုရား။)

ရှုကြမှတ်ကြ၊ ဘုရားဆေးစားမှ ရောဂါပျောက်မှာ၊ တစ်သံသရာလုံး နှိပ်စက်လာတဲ့ရောဂါ ဒီရောဂါတွေပေါ့။

(တင်ပါ့ဘုရား။)

သိပ္ပံပစ္စည်းတွေ ဘယ်လောက်စွမ်းစွမ်း။

(တင်ပါ့ဘုရား။)

အခိုက်အတန့် တဒင်္ဂလောက်ပဲ၊ ဖြစ်ပေါ်လာတဲ့ရောဂါလောက်ပဲ ပျောက်မယ်၊ အမြစ်မပြတ်ဘူး၊ ဒီဘုရားဆေးက အမြစ်ပါပြတ်အောင်ပျောက်တာ။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


သူတို့ဆေးက အပျင်းပြေရုံပဲ၊ နေသာထိုင်သာမဟုတ်ဘူးလား။

(တင်ပါ့ဘုရား။)

ဘုရားက မရှိပေမယ့်လို့ သတ္တဝါတွေ သနားတဲ့အတွက် ကဲ… အကုန်လုံး အပြည့်အစုံထားခဲ့တာ၊ ကဲ… ကိုယ့်မှာ တစ်စုံတစ်ခု ရောဂါရှိလို့ရှိရင် ဆေးရုံတင်ရမယ်ဆိုရင် သူတို့ပြောတာ နားမထောင်ရဖူးလား။

(တင်ပါ့ဘုရား။)

ဟုတ်မဟုတ် နားထောင်ရတယ်၊ ကိုယ်လည်း ဆေးရုံတက်ခဲ့ရတာပဲ၊ ဝမ်းနဲ့ပတ်သက်ပြီးတော့၊ ဒီကနေ့ ပစ္စယ ပရိဂ္ဂဟဉာဏ်အကြောင်း တရားသိမ်းဆည်းမယ်။

နောက်ဒကာ၊ ဘယ်လိုတွေ့သတုန်း။

(ရင်ထဲကို ရှုးစိုက်ပြီးရှုတော့ ချိုးငှက်တစ်ကောင်ကို တွေ့ပါတယ်ဘုရား၊ ချိုးငှက်တစ်ကောင်ပျံလာပြီးတော့ နားပါတယ်၊ အဲဒါကို ပျောက်ပြီးတော့ တပည့်တော် ဆက်ရှုပါတယ်။)

နောက်ဒကာမကြီးကရော။

(တပည့်တော် ရင်ညွန့်အထိ ရှုးစိုက်ပြီးရှုတော့ နှလုံးခုန်သံ ဒိတ်ဒိတ်နဲ့ ကြားရပါတယ်ဘုရား။)

နောက်ဒကာ…။

(တပည့်တော် ပေါင်တစ်ဘက် အေးနေပါတယ်ဘုရား၊ ရှုးနဲ့ထိုးထားသလိုလည်း အေးနေပါတယ်ဘုရား၊ အေးနေတာ ရိုးရိုးအေးသလိုမဟုတ်ပဲ အဆုပ်လိုက်အဆုပ်လိုက် ကွက်ပြီးအေးနေတာပါဘုရား)

www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်ယောက်…။

(တပည့်တော် တစ်ကိုယ်လုံး ပူပူရှိန်းရှိန်းကြီးဖြစ်နေပါတယ် ဘုရား၊ ရောက်နေတဲ့နေရာတွေမှာ တဖွာဖွာဖြစ်နေတာတွေ မြင်ရ ပါတယ်ဘုရား၊ ခေါင်းအထိရောက်ပါတယ်ဘုရား၊ ရောက်တဲ့နေရာ တိုင်းမှာ ပူပူရှိန်းရှိန်းဖြစ်ပြီး ဖြစ်နေတာကိုမြင်နေရပါတယ်ဘုရား၊ ခဏကြာတော့ မသိချင်ဘဲနဲ့ အတိတ်ဘဝကို မြင်ရပါတယ်ဘုရား။

မြစ်ကမ်းနံဘေးမှာ စေတီအကြီးကြီးတစ်ဆူ ရှိပါတယ် ဘုရား၊ မြစ်ဆိပ်ဘက်ဆင်းတဲ့လမ်းလည်း ရှိပါတယ်ဘုရား၊ မြစ် ဆိပ်ပါဘုရား။

အဲဒီမြစ်ဆိပ်နားမှာ အသက် (၇၀)လောက်ရှိတဲ့ အဘိုးကြီး ရေချိုးဖို့ပြင်နေပါတယ်ဘုရား၊ တပည့်တော်စိတ်က ဒါကတော့ အတိတ်ဘဝလို့ ထင်တယ်လို့ စဉ်းစားနေတုန်းမှာပဲ၊ နောက်ထပ် ရုပ်ရှင်ဗီတ်ကားတစ်ခု ထပ်ပြီးထိုးလာပါတယ်ဘုရား။

အဲဒီမှာတော့ မင်းညီမင်းသားအဝတ်အစားနဲ့၊ ဇာတ်ထဲက ပုံစံမျိုး၊ စေတီမဟုတ်ဘူး၊ ဘုရားခပ်ကုံးကုံးကြီး၊ အဲဒီနားလေးမှာ မြင်းရထားနဲ့ တပည့်တော် ပါလာတယ်ဘုရား၊ တပည့်တော် တစ်ယောက်တည်း မဟုတ်ဘူးဘုရား၊ နှစ်ယောက်သုံးယောက် ပါတယ်။

တပည့်တော် နောင်ဘဝထင်လို့ ဆက်မကြည့်တော့ပါဘူး ဘုရား၊ မကြည့်တော့ဘဲနဲ့ ခန္ဓာကိုယ်ပဲပြန်ကြည့်နေပါတယ်ဘုရား။)

ကိုယ့်ခန္ဓာ ကိုယ်ရှုရမှာပေါ့။

(ရှုပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ခန္ဓာကိုယ်ရှုမှ မမြဲတဲ့သဘောတရားတွေမှာပေါ့။

(တင်ပါ့ဘုရား။)

အဲဒါတွေလျှောက်ကြည့်လို့ စိတ်ကိုလွှတ်မထားရဘူး။

(တင်ပါ့ဘုရား။)

ဒါပဲလား။

(တပည့်တော်က ခန္ဓာကိုယ်ပဲလှမ်းကြည့်ပါတယ်ဘုရား၊ ခေါင်းတွေ ဘာတွေက တစ်ခြမ်းပျောက်တာတို့ ဘာတို့ အဲဒါတွေပဲ ပြန်ရှုပါတယ်ဘုရား၊ ခြေထောက်က နာတယ်ဆိုရင် နာတယ်ပဲ ရှုပါတယ်ဘုရား။)

ဒါပဲပေါ့။

(တင်ပါ့ဘုရား။)

ကံ-စိတ်-ဥတု-အာဟာရဆိုတာ ကိုယ်ပြုခဲ့တဲ့ အကြောင်းတရားနဲ့ ကိုယ်လာကြတာ၊ တွေ့ကြတာလည်း ကိုယ့်အကြောင်းတရားနဲ့ ကိုယ်တွေ့ကြရတာ၊ တစ်ယောက်နဲ့တစ်ယောက် ဘယ်ထပ်တူကျမတုန်း။

(တင်ပါ့ဘုရား။)

တွေ့လာတဲ့သဘောတရားတွေဟာလည်းပဲ ဖြစ်တာပျက်တာ ချည်းပဲ။

(တင်ပါ့ဘုရား။)

စိတ်က ကံ၊ ဥပါဒါန်ဆက်နေတာ၊ သူက နေကောင်းတယ်၊ ကံကောင်းတယ်ဆိုတာ ဖြစ်နေတာ၊ သူ့သဘောတရား သူဆောင်နေတာ၊ အဟောင်းကံပျက်၊ အသစ်ကံဖြစ်တယ်၊ အသစ်

www.burmeseclassic.com

www.burmeseclassic.com


ကံဖြစ်၊ အဟောင်းကံပျက်သွားပြန်တယ်၊ အသစ်က အဟောင်းဖြစ် ထပ်ခါထပ်ခါ လည်နေတာပဲ။

(တင်ပါ့ဘုရား။)

ကံတွေက ဖြစ်နေတာ၊ ဖြစ်ရင်ပျက်မှာပဲ။

(တင်ပါ့ဘုရား။)

ကိုယ့်ခန္ဓာမှာ မမြဲခြင်းသဘာတရားတွေ မြင်လာရတယ်၊ မြဲနေတယ်ဆိုတဲ့ ယုံစားခြင်းတွေ လွတ်မြောက်လာတာပေါ့။

(တင်ပါ့ဘုရား။)

အေး··ဒိဋ္ဌိဝိသုဒ္ဓိကတော့ နာမရူပ ပရိစ္ဆေဒဉာဏ် ဖြစ်လိုက်ပျက်လိုက်၊ ခုနပြောသလို အရိုးစုကြီးတွေ တွေ့လိုက်၊ ဟုတ်ဘူးလား၊ အေး··· ဒိဋ္ဌိဝိသုဒ္ဓိ အယူစင်ကြယ်သွားတာပေါ့၊ ပစ္စယပရိဂ္ဂဉာဏ် ပြီးသွားတာပေါ့။

ဒီကနေ့ ပစ္စယ ပရိဂ္ဂဟဉာဏ်၊ ပစ္စယဆိုတာလည်း မိမိတို့ တဏှာ, ဥပါဒါန်, ကံ, ဥတု, အာဟာရ, ဒီ (၅)ပါးကလည်း တည်ရှိနေဆဲ ပျက်နေဆဲ။

(တင်ပါ့ဘုရား။)

ယခုချိန်ထိ ဖြစ်နေဆဲ ပျက်ဆဲ၊ အဲဒီအတိုင်းလာခဲ့ရတာ။

(တင်ပါ့ဘုရား။)

ပစ္စယပရိဂ္ဂဟာ ပစ္စုပ္ပန်တည့်တည့်ရှု။

(တင်ပါ့ဘုရား။)

ပစ္စယပရိဂ္ဂဟာနော်၊ ကံငါးပါးပြုပြင်၍ဖြစ်ခြင်း၊ အဝိဇ္ဇာကလည်းရှိနေဆဲ၊ တဏှာကလည်းရှိနေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



(တင်ပါ့ဘုရား။)

အကုန်လုံး ရှိနေတယ်၊ ဖြစ်နေတယ်။

(တင်ပါ့ဘုရား။)

အကြောင်းတရား (၅)ပါးပြုပြင်၍ ဖြစ်ဆဲ၊ ရင်ထဲ စိုက်ရှု မယ်။

(တင်ပါ့ဘုရား။)

ဒါမှ သူ့ဟာသူဖြစ်နေမှာပေါ့၊ စူးစိုက်ရှု၊ ကိုယ်အလုပ် ကိုယ်လုပ်တာ၊ သူ့ဟာသူဖြစ်နေတာ တွေ့သွားမယ်နော်။

(တင်ပါ့ဘုရား။)

ကြိုးစားသွားကြ၊ ပစ္စယပရိဂ္ဂဟ၊ ဒီနေ့ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-ကံ-အာဟာရ အကြောင်းတရားငါးပါးတို့ ပြုပြင်၍ ဖြစ်ခြင်း။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## ဝိပဿနာအကျိုး တာကယ်ခိုင်နဲ့

## (နာမပရိစ္ဆေဒ)

စာရေးတတ်စကလေးလိုပါပဲနော်၊ ၀,လုံး ရေးတတ်အောင် သင်တယ်၊ ၀,လုံးရေးတတ်ရင် ဗျည်း (၃၃)လုံးရေးတတ်သလိုပါပဲ။

ရုပ်နာမ်ကိုသိလာရင် ရုပ်ကြီးအတွက် နက်နဲတာတွေ ဆင်းရဲတာတွေ သိလာတယ်၊ ဘာညာတွေသိဖို့မလိုဘူး၊ ပျက်တာကို ပျက်တာပဲသိဖို့လိုတယ်၊ သိတဲ့ဟာလေးက ရုပ်ရဲ့ဖြစ်တာ ပျက်တာ ကိုလည်း မြင်တယ်။

တစ်ယောက်ထဲက နှစ်ယောက်ဖြစ်နေတာ၊ (သို့) အရှင်သခင်ကတစ်ယောက်၊ အခိုင်းခံရသူက တစ်ယောက်ဖြစ်နေတယ်၊ အဲဒီမနောဆိုတဲ့ စိတ်ကလေးက ဦးဆောင်ဆောင်ပြီး ခန္ဓာကိုယ်ကြီးကို ခိုင်းခိုင်းနေတာ။

စိတ်ကလေးခိုင်းသမျှ ရုပ်ကြီးက လိုက်လိုက်လုပ်နေရတာ၊ အချိန်တိုင်းပဲ၊ ကျွန်ဘဝက မလွတ်ရဘူး၊ တစ်ယောက်တည်းနဲ့ နှစ်ယောက်ဖြစ်နေတယ်။

ရုပ်ကိုကြည့်မယ်၊ ကြည့်တဲ့အတိုင်းမြင်ရမယ်၊ ရှေ့စိတ်ကို နောက်စိတ်က ကြည့်ပြီးမြင်နေတာ၊ အဲဒါကို ပိုပြီးတော့ ခိုင်မာအောင် ကြိုးစားကြဖို့လိုအပ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအဆင့်ရောက်ဖို့မလွယ်ပါဘူး၊ ကြိုးစားကြလွန်းလို့ပါ၊ တရားစာအုပ်တွေ အများကြီးဖတ်လည်း မသိဘူး၊ တရားစာအုပ်တွေ အများကြီးနာလည်းမသိဘူး၊ လက်တွေ့တရားရှုမှတ်ပွားများမှ သိရတာ။

*ကျွန်တော်တို့ အဘိဓမ္မာတွေ လေ့လာခဲ့တာ ရုပ်ဆိုတာ စာထဲမှာသာသိတယ်၊ မမြဲတဲ့သဘောတရား ဒီအဆင့်ကလေးတင်သိရမှာနော်၊ ဒုက္ခဆိုတာလည်း ဆင်းရဲတယ်၊ အနတ္တဆိုတာကို ရေးရေးကလေးမြင်နေရတယ်။ နောက်တဖြည်းဖြည်းနဲ့ အနုစိတ်ပြီး တရားအားရင့်ရင့်လာတော့ အဲဒီအကြမ်းထည်ကလေးမှာ အနုစိတ်ပြီးပွားများလာတယ်၊ အားလုံးကောင်းပါတယ်၊ ကြိုးစားအားထုတ်ကြပါ။]*

ဒီလောက် ဂမ္ဘီရနက်နဲတဲ့ ဉာဏ်အရေအကောင်ဘယ်သူက ပြနိုင်မတုန်း၊ ဒါကြောင့် ရအောင်ရှုမှတ်ပွားများ။

(တင်ပါ့ဘုရား။)

သာသနာထဲမှာ လူလာဖြစ်တာ လူတိုင်းလူတိုင်း ဟိန္ဒူတွေပါတယ်၊ ခရစ်ယာန်တွေပါတယ်၊ မွတ်စလင်တွေပါတယ်။

(တင်ပါ့ဘုရား။)

ပန်းလှူ ရေလှူ ဆီမီးလှူတာကစပြီးတော့ ကုသိုလ်ကလေးစုပြီး ကောင်းတဲ့နတ်ပြည်ရောက်နိုင်တယ်။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ကြိုးစားကြ၊ သတိကလေးကပ်ပြီး တရှုဆိုတရှု တရှိက်ဆိုတရှိက် ကြိုးစားကြစမ်းပါ၊ တရှုဆိုတရှု တရှိက်ဆိုတရှိက် သိပ် အရေးကြီးတယ်၊ ဘုရားရှင်ထားတော်မူခဲ့တဲ့ တရားတော်တွေ။

(တင်ပါ့ဘုရား။)

လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်းဖြည့်ခဲ့ပြီး (၆)နှစ်တာ ဒုက္ကရစရိယာကျင့်ခဲ့တဲ့တရားတွေ၊ ဒါကြောင့် သံသရာဝဋ်ဆင်းရဲက လွတ်နိုင်တာ။

(တင်ပါ့ဘုရား။)

အဲဒီတော့ ကြိုးစားကြ။

(တင်ပါ့ဘုရား။)

ပဋိစ္စသမုပ္ပါဒ်ဝိညာဏ်ခန္ဓာ သိပြီမဟုတ်လား။

အဝိဇ္ဇာသဝ အာသဝတွေမသိတော့ဘူး၊ ဒိဋ္ဌုပါဒါန်၊ ဒိဋ္ဌုပါဒါန်ပေါ့၊ အမြင်မှားတာ၊ အစွဲအလန်းပေါ့၊ အဲဒါတွေ ကင်းပျောက်ကုန်တယ်၊ ခန္ဓာကိုယ်မှာ ဖြစ်တာပျက်တာကို သိနေပြီလေ။

(မှန်ပါတယ်ဘုရား။)

ဟုတ်တယ်မဟုတ်လား။

(တင်ပါ့ဘုရား။)

အဲဒီတော့ ဝိပဿနာအကျိုးက တကာယ်ခိုင်ခံ့တာ၊ ဟိုဒကာမကာရော။

(တပည့်တော်မ တရားထိုင်တော့ အတော်ကြာတော့ တစ်ကိုယ်လုံး ဆတ်ခနဲ ဆတ်ခနဲ ဆွဲခါလိုက်သလို ဖြစ်လာပါတယ် ဘုရား၊ တင်ပါးတွေကလည်း ပူပြီးအောင့်တက်နေပါတယ် ဘုရား၊

www.burmeseclassic.com


တင်ပါးကို မီးစနဲ့ထိုးထားတာလို ခံစားရတယ်၊ တပည့်တော်က အသာကလေးကြွလိုက်တော့လည်း အပူမီးတွေ တက်သွားသလို ခံစားရပါတယ်ဘုရား)

နောက်ဒကာမရော။

(တပည့်တော်မ ရှုမှတ်တဲ့အခါတိုင်း ခန္ဓာကိုယ်ကြီးဟာ လေထိုးထားသလို ဖြစ်နေပါတယ်ဘုရား၊ သတိကလေးကပ်ပြီး အတော်ကြာရှုမှတ်မှ ပျောက်သွားပါတယ်ဘုရား။

တပည့်တော်မ စိတ်ထဲက ဖြစ်လိုက်တဲ့အခါတိုင်း ခန္ဓာကိုယ်ကြီးက လိုက်ဖြစ်ပေးနေရတာ၊ ဒီခန္ဓာကိုယ်ကြီးက ရုပ်ပါဘုရား။

တစ်ခုနဲ့တစ်ခု လေထဲနေရသလိုပါဘုရား၊ တစ်ခုနဲ့တစ်ခု တွန်းလိုက် တွန်းလိုက်နဲ့ တလှုပ်လှုပ်ဖြစ်ပေါ်နေတာ မမြဲပါဘူးဘုရား၊ ပေါ်လိုက်ပျောက်လိုက် ဖြစ်နေပါတယ်ဘုရား။)

နောက်ဒကာမရော။

(တပည့်တော်မက ရှုမှတ်နေရင်း မနေ့ကမြင်ရတဲ့အရိုးစုတွေ အသားတွေရော၊ နှလုံးတွေရော၊ နှလုံးသွေး တဒိတ်ဒိတ် ခုန်နေသံတွေပါ ကြားနေပါတယ်ဘုရား၊ ထိတယ်သိတယ်ဆိုပြီး ထပ်မှတ်ပါတယ်ဘုရား။

ဒီခန္ဓာကိုယ်ကြီးဟာ ပျောက်လိုက်ပေါ်လိုက် ဖြစ်နေပါတယ်ဘုရား၊ အဲဒီလိုမှတ်ရင်းမှတ်ရင်းနဲ့ ကျောထဲမှာ တုတ်ကြီးနဲ့ထိုးထားသလို ခံစားရပါတယ်ဘုရား၊ ခြေထောက်က သွေးကြောကလေးတွေကလည်း တဖျပ်ဖျပ်ခုန်နေတာကို သိရပါတယ်ဘုရား၊ ဆိတ်ခနဲ ဆတ်ခနဲ။

www.burmeseclassic.com

www.burmeseclassic.com



နာမပရိဂ္ဂဟမှာ ဘာများတွေ့သေးသလဲ။

(တပည့်တော် တရားရှုမှတ်နေတဲ့အခါ နှလုံးသွေးကျသံ ဒုတ်ဒုတ်နဲ့ဖြစ်နေပါတယ်၊ အဲဒါကိုပဲ ရှုမှတ်နေပါတယ်၊ ကြာလာတော့ တလှုပ်လှုပ်တကြွကြွနဲ့ဖြစ်ပြီး မီးပွားတွေလို တဖွားဖွားနဲ့ ဖြစ်ပြီး လေထဲမှာ ခန္ဓာကိုယ်ကြီးပျက်ပြယ်သွားတာကို တွေ့ရပါတယ်ဘုရား။)

အေး‥အဲဒီလို တွေ့ရမှာပေါ့။

(တပည့်တော် ခန္ဓာကိုယ်တစ်ခုလုံး တလှုပ်လှုပ်နဲ့ပြိုပျက်သွားတာတွေ တွေ့ရပါတယ်ဘုရား။)

နောက်ဒကာလျှောက်။

(တပည့်တော်ကတော့ ရှုမှတ်နေရင်း ခန္ဓာကိုယ်တစ်လုံးဟာ အမှုန့်ကလေးတွေ အပ်ချစရာမရှိလောက်အောင် ဖြစ်နေပါတယ်ဘုရား။

ခန္ဓာကိုယ်ကြီးဟာ အပြင်ရောအတွင်းပါ အမှုန့်တွေဖြစ်နေတာကိုပဲ တွေ့ရပါတယ်ဘုရား၊ အပြင်က စူးစူးစိုက်ကြည့်နေသလိုလည်း ခံစားရပါတယ်ဘုရား)

နောက်ဒကာရော။

(တရားရှုမှတ်နေတဲ့အချိန်မှာ ကျောတပြင်လုံး ကြက်သီးတွေထတယ်ဘုရား၊ ခန္ဓာတစ်ခုလုံး စပါးစေ့လေးတွေလို ဆန်စေ့လေးတွေလို လှုပ်လှုပ်ရွရွဖြစ်နေသလိုတွေ့ရပါတယ်ဘုရား၊ နောက်ဆန်ခါတွက်ကလေးတွေလို စိပ်လိုက်ကြဲလိုက် ကြဲလိုက်စိပ်လိုက်တာတွေ့ရပါတယ်ဘုရား၊ ကြည့်ရင်းနဲ့ သွေးတွေတဒိတ်ဒိတ်ခုန်နေတာ

www.burmeseclassic.com

www.burmeseclassic.com


တွေ တွေ့ရပါတယ်၊ နောက် ခန္ဓာကိုယ်ကြီးပါ ပျောက်သွားပါ တယ်ဘုရား။)

နောက်ပြီးဘာမြင်သေးလဲ။

(တပည့်တော် ရုပ်ကိုပေါ်လွင်လာအောင် ရှုမှတ်ပြန်ပါတယ်၊ အဲဒီလို ရှုမှတ်တဲ့အခါမှာ ဆိတ်သားဝက်သားများပုပ်သလို ပုပ်တဲ့ ဟာကြီးကို တွေ့နေရပါတယ်ဘုရား၊ ဖူးရောင်ပြီးတော့ တဖြည်း ဖြည်း ပြုတ်ပြုတ်ကျပြီးသွားပါတယ်ဘုရား။

ကြွေကျသွားတာတွေကို ခန္ဓာကိုယ်အထက်ပိုင်း အောက်ပိုင်း ဖြန့်ပြီးကြည့်လိုက်တဲ့အခါကျတော့ အသားတွေမရှိတဲ့ အရိုးပုံကြီး တွေ့ရပါတယ်ဘုရား။

အရိုးပုံကြီးလည်း တစ်ခုချင်း ပြုတ်ကျကုန်ပါတယ်ဘုရား၊ အဲဒါကို နာမပရိဂ္ဂဟနဲ့ သိတယ်သိတယ်လို့ မှတ်လိုက်တဲ့အခါ ကျတော့ အသားတွေ ပြုတ်ကျတိုင်း ပြုတ်ကျတိုင်း အရိုးတွေ ပြုတ်ကျတိုင်း ပြုတ်ကျတိုင်း အသုဘကမ္မဋ္ဌာန်းတရားကို ရှုမှတ် ပွားများပါတယ်ဘုရား။)

ဖြစ်တာနဲ့ ပျက်တာနဲ့ဟာ မရှေးမနှောင်းဖြစ်ပျက်တယ်၊ တစ်ပိုင်းစီ တစ်ပိုင်းစီ ဖြစ်ဖြစ်သွားတာတွေ့ရတယ် မဟုတ်လား။

(တင်ပါ့ဘုရား၊ နောက် တရားရှုတဲ့အချိန် သူက ဖြုန်းခနဲ ဆိုပေါ်လာပြီးတော့ ခြေထောက်တွေ လက်တွေ ပြုတ်ပြီးတော့ ကျကုန်ပါတယ်ဘုရား။

အဲဒီလို ပြုတ်ပြုတ်ကျရင်းကျရင်းနဲ့ နောက်ကပုံရိပ်ကြီး ဖြစ်နေပါတယ်၊ ခေါင်းက ဟောဒီလိုဖြစ်ပြီး အခိုးငွေ့ဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားပါတယ်ဘုရား။

တရားရှုမှတ်နေတဲ့အချိန် ကိုယ်တွေထဲကအမှုန့်နဲ့ အမှုန်တွေ ဖြစ်ပြီး တစ်ကိုယ်လုံးပျောက်သွားပါတယ်ဘုရား။)

တစ်ကိုယ်ကောင်လုံးလား။

(တစ်ကိုယ်လုံးပါဘုရား။)

နာမပရိဂ္ဂဟ အရှင်ဘုရားတို့လည်း နောက်ပြန်နိုင်အောင် ကျေနပ်အောင် နောက်နှစ်ရက်လောက် ရှုစားကြပါဦး။

(တင်ပါ့ဘုရား။)

နာမပရိဂ္ဂဟ ကျန်တဲ့ အဲဒီလိုမှန်းထားလို့ အရှင်ဘုရားတို့ အကျိုးရှိအောင် အဲဒီလိုမှန်းထားလို့။

(တင်ပါ့ဘုရား။)

တစ်ရက်စီလောက် သွားကြမယ်၊ ကဲ...ကြိုးစားကြပါ။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## မပြစ်ပါမှ ငြိမ်းအေးရ

## (သမ္ဗသနည၏)

သာသနာအတွင်းမှာပဲ ဝိပဿနာရှိတယ်၊ သာသနာပမှာ ဝိပဿနာမရှိဘူး။

(တင်ပါ့ဘုရား။)

တရားအားထုတ်တယ်ဆိုတာ ဘုရားကလည်း အနှစ်သက်ဆုံး၊ ဒီအမွေပေးချင်လို့ လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်း ကျင့်ကြံအားထုတ်ခဲ့ရတာ။

လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကျင့်ကြံရတာထားဦး၊ ဒုက္ကရစရိယ (၆)နှစ်ကြာအောင် ကျင့်ရပြန်တယ်၊ ကျင့်တော်မူတယ်၊ ဟိုတစ်နေ့က မိုးရွာတော့ မြတ်စွာဘုရား ဒုက္ကရစရိယ (၆)နှစ်ကြာ အောင်ကျင့်တာ ဘယ်လိုများနေပါ့မလဲလို့ အောက်မေ့ခဲ့ဖူးတယ်။

(တင်ပါ့ဘုရား။)

ဒီလိုဆွမ်းခံရွာတွေ ဂေါစဂါမ်တွေ ဘာတွေ ရှိတာမဟုတ်ဘူး၊ သစ်သီးတွေကို ဘုဉ်းပေးရတာ၊ သစ်သီးကြွေတာလေး စားရတာ၊ အဲဒါလည်း သူ့ရင်ခွင်ထဲကျမှ စားမယ်၊ ဒီလိုကျင့်ခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com


တာကိုး၊ သာသနာနဲ့တွေ့ဖို့ ကြုံဖို့ဆိုတာ အလွန့်အလွန်ခဲယဉ်းတယ်။

ဘုရားတစ်ဆူတစ်ဆူပွင့်ဖို့ရာ လယ်တီဆရာတော်ကြီးက 'ကျောက်တောင်ကြီးများအမြင့်ကလည်း တစ်ယူဇနာ၊ အလျားအနံ တစ်ယူဇနာရှိတဲ့ ကျောက်တောင်ကြီးတစ်ခု၊ အင်မတန်နူးညံ့တဲ့ ပွမ်းကလေးနဲ့ အနှစ်တစ်ရာရှိမှ တစ်ကြိမ်တစ်ခါပွတ်တဲ့၊ အနှစ်တစ်သောင်းဖြစ်စေ၊ တစ်ကြိမ်တစ်ခါပွတ်တဲ့ ကျောက်တောင်ကြီးသာ ကုန်သွားမယ်၊ တစ်ကမ္ဘာဟာ အဲဒီလောက်ကြာတယ်' ဆိုတဲ့ အကြောင်း၊ ဘုရားတစ်ဆူတစ်ဆူပွင့်ဖို့ရာ အလွန့်အလွန်ခဲယဉ်းတယ်ဆိုတဲ့အကြောင်း၊ ဥပမာပြတာ ဘယ်လောက်ကြောက်စရာကောင်းသလဲ။

(မှန်ပါ့ဘုရား။)

ယခု ဘုရားသာသနာတွေနဲ့ တွေ့နေကြတယ်၊ ကိုယ်တိုင်ကိုယ်ကျလည်း တရားအားထုတ်နေကြတယ်၊ အာနာပါနကမ္မဋ္ဌာန်းတုန်းကလည်း အကုန်လုံး ပြည့်ပြည့်စုံစုံရခဲ့ကြတယ်၊ ဝမ်းသာစရာပေါ့။

(တင်ပါ့ဘုရား။)

အဲဒီစေတနာတွေက ပျောက်ပျက်မသွားဘူး၊ ပဋ္ဌာန်းလိုဆိုရင် အနန္တရပစ္စည်းလိုပေါ့၊ အဲဒါ ဘုရားဟောထားတာ၊ အနန္တရပစ္စယော တဲ့၊ ရှေ့ခန္ဓာက နောက်ခန္ဓာကို ကျေးဇူးပြုတယ်၊ အဲဒီလို ကျေးဇူးပြုသွားတာ။

နတ္ထိပစ္စယော ...။

မရှိဘူး၊ ရှိတယ်လို့ဆိုတာလိုပဲတဲ့၊ ဒီပဲယင်းဆရာတော်က

www.burmeseclassic.com

www.burmeseclassic.com


ပြောခဲ့တာ။

(တင်ပါ့ဘုရား။)

ကျန်ရစ်တာတဲ့၊ ရွှေကျင်ဒီပဲရင်းဆရာတော်ကြီးရဲ့ဥပမာ။

အဝိဇ္ဇာတွေနဲ့ တဏှာတွေအားကြီးပြီး ဒါကြောင့် အရှုံးပေးနေရတာမဟုတ်လား၊ ရန်သူတရားခံလည်း ရှာပေးတယ်၊ ရန်သူကို ဖြိုဖျက်လို့ ဖြိုခွင်းနိုင်အောင်လို့ သတ်ဖို့လက်နက်တွေပေးခဲ့တယ်။

နိုင်အောင် သတ်နိုင်သလား။

(မသတ်နိုင်ပါဘူးဘုရား။)

အဲဒီလိုဖြစ်တာ၊ အဲဒါကို သွားလို့ရတယ်၊ တွေ့ခဲ့ရ မြင်ခဲ့ရတာတွေဟာ သွားလို့ရတယ်လို့ ဒီသတ္တိတွေမရှိဘူး၊ ရှိတယ်ဆိုတာ ဒီပဲယင်းဆရာတော်ကြီးပြောခဲ့တာ။

မနေ့က ဘယ်ရောက်တုန်း။

(နာမပရိဂ္ဂဟဉာဏ်သွားပါတယ်ဘုရား။)

နာမပရိဂ္ဂဟဉာဏ်သွားတော့ ဘယ်လိုတွေ့တုန်း။

ခန္ဓာကိုယ်ရလာရင် ဖြစ်ဖြစ်နေရင် မငြိမ်းအေးပင် အစဉ်ဒုက္ခမှတ်။

ဘယ်ဘဝရောက်ရောက် မသက်သာဘူး။

မဖြစ်ပါမှ၊ ငြိမ်းအေးရ၊ ဒုက္ခအဆုံးသတ်၊

(တင်ပါ့ဘုရား။)

ဒီဒုက္ခသစ္စာကလည်း ကိုယ်ပြုခဲ့တာ။ တဏှာသမုဒယောဘဝေလို့ ဟောတာ။ ခုလိုအားထုတ်ခွင့်ရတဲ့အခါ ကြိုးစားပြ။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



သမ္မသန ယခု နာမပရိဂ္ဂဟဉာဏ်၊ ဒါက ရှေ့ဉာဏ်လို့ခေါ်တယ်ကွယ့်၊ သမ္မသနဉာဏ်ပြီးတော့ ဥဒယဗ္ဗယဉာဏ်။

(သာဓု-သာဓု-သာဓု။)

www.burmeseclassic.com

www.burmeseclassic.com



## ဆင်းရဲမှလွတ်မြောက်ကြောင်း ပဓာနတရား ၄—ပါး

(၁) သံဝရပ္ပဓာန = ဣန္ဒြေ ၆—ပါး လုံခြုံအောင် အားထုတ်ခြင်း၊

(၂) ပဟာနပ္ပဓာန = ဝိတက်ဆိုး ၃—ပါးကို ပယ်နိုင်အောင် အားထုတ်ခြင်း၊

(၃) ဘာဝနာပ္ပဓာန = ဗောဇ္ဈင် ၇—ပါးကို ပွားများအားထုတ်ခြင်း၊

(၄) အနုရက္ခနာပ္ပဓာန = သမာဓိနိမိတ်အာရုံတို့ကို မပျက်စီးအောင် စောင့်ရှောက်ခြင်း။

(သံဝရသုတ်၊ အံ—၄၊၃၂၃၊ ဋ္ဌ—၁၃၉)

* * *

www.burmeseclassic.com

www.burmeseclassic.com

## ကမ္မဋ္ဌာန်းတရားအားထုတ်သူတို့၌ ဖြစ်ပေါ်လေ့ရှိသော သမာဓိ၏ ရန်သူကြီး ၄—ပါး

(၁) ထိန = ကုသိုလ်တရား၌ စိတ်ဓာတ်လျော့ပါးခြင်း၊ ထိုင်းမှိုင်းခြင်း၊ စိတ်ဝင်စားမှု နည်းခြင်း၊

(၂) မိဒ္ဓ = ငိုက်မျဉ်းခြင်း၊

(၃) ဥဒ္ဓစ္စ = အာရုံတစ်ပါးသို့ ရောက်ရှိပျံ့လွင့်ခြင်း၊

(၄) မိစ္ဆာဝိတက် = အခြားသော မသင့်သည့်အာရုံများသို့ ကြံစည်တွေးတော ရောက်ရှိနေခြင်း၊

* * *

www.burmeseclassic.com

www.burmeseclassic.com

## အိမ်ရှေ့မင်းသားဘဝရောက်ပြီ

### ဉဒယာဘယာဉာဏ်

နေ့စဉ်အားထုတ်ပါတဲ့၊ ပါရမီဆိုတာ မြင်နိုင်တာမျိုးမဟုတ်၍ ဇွဲကောင်းကောင်းနဲ့ အားထုတ်ဖို့အလွန်အရေးကြီးသည်၊ ဤ (ပေါင်ဒွိလ)မထေရ်ကြီးသည် အနှစ် (၃၀)တိုင် လျှော့လိုက်လျှင် အချောင် ဆုံးရှုံးရတော့မည် မလွဲတည်း။

အကယ်၍ ဤကိုယ်၍လက်နဲ့ အားမထုတ်လျှင် လူ့ဘဝ မရလျှင် အစပထမ အန္ဓပုဂ္ဂိုလ် ဖြစ်ရတော့မည်၊ ကျင့်ရဲ့သားနဲ့ ဤဘဝမရလျှင် အစပထမ ဖာသိဖာသာ မကျင့်သော ရဟန်းရှင်လူ တွေလိုတော့ တိရစ္ဆာန်မဖြစ်နိုင်၊ နောင်အနာဂတ်ကာလ၌ မဂ်မျိုး ဖိုလ်မျိုး၌သာလျှင် ရဖွယ်ဟန်ရှိသည်။

ဒီဘဝ တမဂ် တဖိုလ် မရပေမယ့်လို့ နောင်ဘဝအဖို့မှာ ရနိုင်တယ်၊ ဘာမှအရှုံးမရှိဘူး။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန် အစရှိသော ရဟန္တာတို့သည် နောင်သာသနာအကျိုးကိုမျှော်ကိုး၍ မိမိကျင့်ဖွယ်ပြုဖွယ်ကို မနေနိုင်ရှာပဲ အကျင့်တရားကို အားထုတ်ကြသည်မှာ -

၁။ ရှင်သာရိပုတ္တရာမထေရ်ကြီးသည် အနှစ် (၃၀)ပတ်လုံး အိပ်ခြင်းအမှုကို ပယ်တော်မူ၏၊ တရားနှဲ့နေတော်မူသည်။

၂။ အရှင်မောဂ္ဂလာန်မထေရ်သည် အနှစ် (၃၀)ပတ်လုံး အိပ်ခြင်းအမှုကို ပယ်တော်မူပြီး တရားနှဲ့နေတော်မူသည်။

၃။ အရှင်မဟာကဿပသည် အနှစ် (၁၂၀)ပတ်လုံး အိပ်ခြင်းအမှုကို ပယ်တော်မူသည်၊ တရားနှဲ့နေတော်မူသည်။

၄။ ရှင်အနုရုဒ္ဓါမထေရ်က အနှစ် (၅၀)မအိပ်ဘဲ တရားနှဲ့နေတော်မူသည်။

၅။ ရှင်ဘဒ္ဒိယမထေရ်က အနှစ် (၃၀)မအိပ်ပဲ တရားနှဲ့နေတော်မူသည်။

၆။ ရှင်သောဏမထေရ်က အနှစ် (၁၈)နှစ်ပတ်လုံး မအိပ်ဘဲ တရားနှဲ့နေတော်မူသည်။

၇။ ရှင်ရဋ္ဌပါလမထေရ်က အနှစ် (၁၂)နှစ်မအိပ်ဘဲ တရားနှဲ့နေတော်မူသည်။

၈။ အရှင်အာနန္ဒာမထေရ်က (၁၅)နှစ်ပတ်လုံး မအိပ်ဘဲ တရားနှဲ့နေတော်မူသည်။

၉။ အရှင်ရာဟုလာမထေရ်က (၁၂)နှစ်ပတ်လုံး မအိပ်ဘဲ တရားနှဲ့နေတော်မူသည်။

၁၀။ ရှင်ဗာကုလမထေရ်က အနှစ် (၈၀)ပတ်လုံး မအိပ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com


တရားနဲ့နေတော်မူသည်။

၁၁။ ရှင်နာရဒမထေရ်က ပရိနိဗ္ဗာန်စံသည်အထိ မအိပ်ဘဲနေတော်မူသည်။

နောင်လာရဟန်းအပေါင်းတို့ ကျင့်ဖူးသည်ကို အစဉ်လိုက်ခြင်းသို့ ရောက်သဖြင့် ချီးမွမ်းအပ်သည်ဖြစ်၏၊ အတုယူကြရန်ဖြစ်၏။

ရှင်သာရိပုတ္တရာမထေရ်သည် အနှစ် (၃၀)ပတ်လုံး ကုတင်ညောင်စောင်းမှာ မဆန့်မအိပ်တော့ပေ။

ရှင်မောဂ္ဂလာန်မထေရ်သည်လည်း ရှင်သာရိပုတ္တရာမထေရ်ကဲ့သို့ ကျင့်တော်မူသည်။

နာလကမထေရ်သည်လည်း ပရိနိဗ္ဗာန်စံသည်တိုင်အောင် ကုတင်ညောင်စောင်းမှာ မဆန့်မအိပ်တော့ပေ။

ရှေးမထေရ်မြတ်တို့သည် နောင်လာ သာသနာတော်ထမ်းရဟန်းအချင်းချင်းတို့ လိုက်နာအတုယူရန်အလို့ငှာ ကျင့်လမ်းထွင်ခဲ့သည်။

ဝမ်းသာသောအားဖြင့် ၄င်းမထေရ်မြတ်အား မရှိဘူး၊ တရားကို အားထုတ်ကြရာ အလွန်သင့်တော်သောအချိန်ဖြစ်သည်၊ ယခုအခါ သာသနာ့အရိပ်ကျချင်တော့ အထက်ပါမထေရ်များကို အားမကျသည့်အပြင် ကြားရသိရရှိခဲ့သော် ကဲ့ရဲ့ရှုတ်ချပစ်တင် မေးငေါ့ချင်သော အလေ့ဆိုးသမားကြီးများ ဖြစ်နေကြသည်ကိုတွေ့ရ၏။

မချီးကျူးချင်နေပါ၊ မကဲ့ရဲ့ကြပါစေနဲ့၊ သူတော်ကောင်းကြီးတွေကို တရားအားထုတ်နေသော အရိယာသူတော်ကောင်းများကို

www.burmeseclassic.com

www.burmeseclassic.com



ပြစ်မှားမိသည်ရှိသော် ပဋ္ဌာနန္တရိယာယ်ကံနဲ့ အလားတူစွာ ဟောတော်မူခဲ့၍ ကြပ်ကြပ်သတိပြုရပေမည်တဲ့။

(တင်ပါ့ဘုရား။)

ကြည်ညိုစရာမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

ရဟန်းကိစ္စ ပြီးပြီးသားတွေ။

ယခု မိမိတို့ အာနာပါန ကမ္မဋ္ဌာန်းလည်းပြီးခဲ့ပြီ၊ မင်းတို့ ဝိပဿနာအားထုတ်တာ ဘယ်အထိရောက်ပြီလဲ။

(ဥဒယဗ္ဗယဉာဏ်အထိပါဘုရား။)

ဥဒယဗ္ဗယဉာဏ်တို့ ဘင်္ဂဉာဏ်တို့ရောက်ရင် အိမ်ရှေ့မင်းသားအဝရောက်ပြီ။

(တင်ပါ့ဘုရား။)

အိမ်ရှေ့မင်းသားဆိုတာ နန်းထိုင်ရုံ လိုတော့တာပေါ့။

(တင်ပါ့ဘုရား။)

ဘယ်လိုတွေ့တုန်း။

(ညက တပည့်တော်အားထုတ်တဲ့အခါ...)

ကျေးဇူးပြုနိုင်တာဗျာ၊ ပျောက်ပျက်သွားတာမဟုတ်ဘူး၊ ဓမ္မသတ္တိ ဓမ္မသဘာဝက ကုသိုလ်တွေကျန်ရစ်တာ၊ ရှေ့ကနေ နောက်အတိုက်၊ နောက်ကနေ အရှေ့အတိုက်၊ အနန္တရ အခြားမရှိဘူး၊ ကျေးဇူးပြုနေတာ၊ မရှိဘဲနဲ့ ကျေးဇူးပြုတယ်ဆိုတာ ခုတ္တိ မရှိဘဲ ကျေးဇူးပြုနေတာ၊ ဘယ်လောက်ဝမ်းသာစရာကောင်းတုန်း။

www.burmeseclassic.com

www.burmeseclassic.com



တရားအားထုတ်ဖြစ်တယ်ဆိုတာ နောက်ဘဝက အားထုတ်ခဲ့လို့ ယခုဘဝပါရမီတွေပါပြီး အားထုတ်ဖြစ်တာ၊ အနုသယကိလေသာတွေ အုံလို့နေတာ၊ ဘယ်လိုလုပ်အားထုတ်ဖြစ်မှာတုန်း။

(တင်ပါ့ဘုရား။)

ခွေးတွေ၊ ဝက်တွေ၊ ကြက်တွေ၊ ပုရွက်ဆိတ်တွေဖြစ်ကြရတာ တစ်သံသရာလုံးပါတာ။

(တင်ပါ့ဘုရား။)

ဒါတွေကို ဖြိုဖျက်ဖို့၊ တိုက်ဖျက်ဖို့ဆိုတာက ဘုရားပေးတဲ့လက်နက်မှတစ်ပါး ကျန်တဲ့လက်နက်တွေ ဘယ်လက်နက်မှမရဘူး၊ လက်နက်ပေးထားတာတောင် ဘယ်လက်နက်မှမရဘူး။

(တင်ပါ့ဘုရား။)

တရားအားထုတ်တော့ ဉာဏ်မျက်စိတွေ မြင်မလာဘူးလား။

(မြင်လာပါတယ်ဘုရား။)

ထပ်ပြီးကြိုးစားကြဦး၊ ဥဒယဗ္ဗယဉာဏ်ဆိုတာ အရေးကြီးတယ်၊ နောက်ပိတ်ဆုံး ရဟန္တာဖြစ်တဲ့အထိ ဥဒယဗ္ဗယဉာဏ်ကိုလက်မလွှတ်ရဘူး။

(တင်ပါ့ဘုရား။)

ဥဒယဝယ - ဖြစ်ပြီးပျက်တာချည်းပဲ၊ ကိုယ်စီကိုယ်ငကြိုးစားကြ၊ ကိုယ့်လုပ်အားခကိုယ်ရတာ၊ ဒါတွေက အာသေဝနတွေက ထပ်ခါထပ်ခါကျေးဇူးပြုနေတာ။

ယနေ့ယခု ငါအားထုတ်တာ အနာဂတ်အတွက် အထောက်အပံ့တွေ၊ တရားတော်တွေရှိတယ်၊ အထောက်အပံ့ရတဲ့အကြောင်း၊ ကြိုးစား။

www.burmeseclassic.com

www.burmeseclassic.com



ဥဒယဗ္ဗယဉာဏ် အဖြစ်အပျက်ကို မမြင်ဘူးပဲ အနှစ်(၁၀၀)၊ အနှစ်(၁၀၀၀)၊ အနှစ်(၁၀၀၀၀)၊ တစ်ကမ္ဘာပင် အသက်ရှည်သော်လည်း ဖြစ်ခြင်း၊ပျက်ခြင်းသဘော တစ်နေ့၊ တစ်ရက် ၊တစ်နာရီ အခိုက်အတန့်မျှ မကြုံဖူးဘူးဆိုရင် ထိုသူဟာ မမြတ်ဘူးတဲ့။

(တင်ပါ့ဘုရား။)

အသက် (၁၀၀) ရှည်ရှည်၊ (၁၀၀၀) ရှည်ရှည်၊ (၁၀၀၀၀) ရှည်ရှည် တစ်နေ့၊ တစ်ရက်၊တစ်နာရီ အခိုက်အတန့် အဖြစ်အပျက်ကို ကြုံဖူးတဲ့သူက မြတ်တယ်တဲ့။

ဘုရားဟောပါဠိနဲ့ ညီညွတ်တာပေါ့။ဖြစ်တာပျက်တာတွေ တွေ့တယ်မဟုတ်လား။

(တွေ့ပါတယ်ဘုရား။)

ဆက်လက်ပွားများသွားရမယ်။မဂ်ဉာဏ်ဖိုလ်ဉာဏ် ရသည့်အထိ ဒီဥဒယဗ္ဗယဉာဏ်ကို လက်မလွှတ်ရဘူးတဲ့။ရှေးက သူတော်ကောင်းကြီးတွေ။

ဥဒယဗ္ဗယဉာဏ်တို့ ၊ ဘင်္ဂဉာဏ်တို့ရောက်ရင် အိမ်ရှေ့မင်းသားအရာ ရောက်ပြီတဲ့နော်။ အိမ်ရှေ့မင်းသားဆိုတာ နောက်နန်းထိုင်ရဲ့ လိုတော့တာပေါ့။ ဟုတ်ဘူးလား။

(မှန်ပါဘုရား။)

ကိုင်း – ကြိုးစားကြဗျာ။

(တပည့်တော် (၅)နာရီလောက် အားထုတ်တဲ့အခါမှာ တပည့်တော်မျက်လုံးထဲက အပူတွေ အငွေ့တွေ ထွက်နေပါတယ် ဘုရား။

www.burmeseclassic.com



တစ်ကိုယ်လုံးမှာ ပထမတော့ ကိုက်တယ်၊ခဲတယ်။ဒီနေ့တော့ မကိုက် မခဲတော့ဘူးဘုရား။လေထဲလွင့်သလိုပဲ လွင့်လွင့်လွင့်လွင့်နဲ့ ဖြစ်နေပါတယ်ဘုရား။

အဲဒါ တစ်ချိန်လုံး ဖြစ်ပါတယ်ဘုရား။ တပည့်တော် တရား ဖြုတ်ပြီးတဲ့အထိ မနက်ထိုင်ရင်လည်း ယနေ့မနက်အထိ ဖြစ်ပါတယ် ဘုရား။

တပည့်တော်မှာ အဲဒါတွေချည်းမြင်တော့ စိတ်ထဲမှာ ငြီးငွေ့ နေပါတယ်ဘုရား၊ဖြစ်တာနဲ့ပျက်တာတွေ ဒါပဲမြင်နေရပါတယ်ဘုရား)

အေး...အေး...နောက်ဒကာ။

(တပည့်တော်ရှုမှတ်တော့ အလုံးတွေ တွေ့ပါတယ်ဘုရား။ ရှုတဲ့နေရာတိုင်း တွေ့ပါတယ်ဘုရား။ တစ်ကိုယ်လုံး ပျံ့နှံ့ပြီးတော့ တွေ့ပါတယ်ဘုရား။ ရှုလိုက်တိုင်း အမှုန်ကလေးတွေ ရှုလိုက်တိုင်း ပျက်ပျက်ပြီးတော့ သွားပါတယ်ဘုရား။ ဖြစ်ပြီးပျက်သွားတာတွေပဲလို့ အောက်မေ့မိပါတယ်ဘုရား။)

အရှေ့မှာ မှန်ကြီးထောင်ပြီးတော့ သဲတွေ ဖြူးချသလို၊ ရေပုံးထဲကို သဲတွေဖြူးချပြီး အမြှုပ်တွေထသလို ဖြစ်နေတာတွေ မြင်နေရတာ မဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။ တဖွဲဖွဲနဲ့ လွင့်သွားတာလည်း မြင်ပါတယ်ဘုရား။ ရုပ်မျက်နှာမှာ ပိုးကောင်တွေတက်သလို တက်နေ တာကိုလည်း တွေ့နေရပါတယ်ဘုရား။ နားတွေထဲမှာ ဝင်နေသလို လည်း အောက်မေ့ရပါတယ်ဘုရား။ တပည့်တော်စိတ်တွေ ပျံ့လွင့်တယ်ထင်ပြီး အမှတ်ကို ရှုမှတ်နေပါတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကိုရှုမှတ်ရင်း ဆတ်ခနဲ ဖြစ်သွားတာလည်း သိပါတယ်ဘုရား။ဒါပေမယ့် ရှုရှုရှုဖြစ်နေတာတွေ မပျောက်ပါဘူးဘုရား)

စိတ်ကို လျှောက်နေတာလား။စိတ်ဟာ အမြဲလှုတ်လပ်နေလို့ တစ်သံသရာလုံးက ခွေးဖြစ်၊ ဝက်ဖြစ်၊ ကြက်ဖြစ် ဖြစ်လာကြတာတွေ မဟုတ်ဘူးလား။

(တင်ပါ့ဘုရား)။

တစ်သံသရာလုံး ပါလာတာ။

အဲဒီတော့ ဒီ အနုသယနည်းတွေက တွန်းလှန်ဖို့ ဖြိုဖျက်ဖို့ဆိုတာ ဘုရားပေးတဲ့ လက်နက်ကလွဲရင် ဘယ်လက်နက်မှ မရဘူး။

ဘုရားက လက်နက်ပေးတာတောင် မသတ်နိုင်ဘူး၊ မဖြတ်နိုင်ဘူး၊မဟုတ်ဘူးလား။

(တင်ပါ့ဘုရား။)

လောကီကိစ္စတွေ မကျယ်ဘူးလား။

(ကျယ်ပြန့်ပါတယ်ဘုရား။)

အဲဒါတွေ ကမ္ဘာအနှံ့။

(တင်ပါ့ဘုရား။)

တပည့်တော် စရှုခြင်းမှာ အလင်းရောင်ဝင်လာပါတယ်ဘုရား။ အဲဒီအလင်းရောင်ဟာ ပထမတုန်းကတော့ သရောင်လိုပါဘုရား။အဲဒါ သူ့ကိုဂရုမစိုက်ဘဲ ရှုမှတ်တဲ့အခါမှာ ဘစ်ဖောက်ဖောက်နဲ့ နှမ်းကလေးဖောက်သလို တွေ့ထိနေပါတယ်။

ပြကွက်တစ်ခုကို ဒီကနေထိုင်ပြီးကြည့်နေရသလိုဖြစ်ပါတယ်ဘုရား။ အားမစိုက်ရဘဲနဲ့ ပီပီပြင်ပြင်တွေမြင်နေရပါတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်တဲ့အသိ၊ပျက်သွားတဲ့အထိကလေးကို တွေ့နေရပါတယ်ဘုရား။ မမြဲတာကိုလည်း တပည့်တော် တွေ့ရပါတယ်ဘုရား။)

နောက်ဒကာ...။

(တပည့်တော် ရှုမှတ်တဲ့အခါမှာ (၄၅)မိနစ်လောက်အကြာမှာ ဖြစ်ပျက်တာတွေ ပေါ်လာပါတယ်ဘုရား။ ပူလိုက်အေးလိုက်၊ နာလိုက်ကျင်လိုက်၊ ကိုက်လိုက်ခဲလိုက် ဖြစ်ပါတယ်ဘုရား။

ဝေဒနာတွေ ပြန်ပေါ်ပါတယ်ဘုရား။အဲဒီဝေဒနာတွေ ဖြစ်လိုက်ပျက်လိုက် ဖြစ်နေတာကို တွေ့နေရပါတယ်ဘုရား။)

နောက်ဒကာ....။

(တပည့်တော် ရှုမှတ်နေတဲ့အခါမှာ မိနစ်(၂၀)လောက်မှာ ခြေဖဝါးတွေ ပူနေပါတယ်ဘုရား။ ဆက်ပြီးရှုမှတ်တဲ့အခါမှာ လေနာ သလိုလို ပူသလိုလိုနဲ့ ရင်ခေါင်းမှာ ဆက်ပြီး ခံစားနေရပါတယ် ဘုရား။အဲဒီနောက် ရှုလိုက်တဲ့အခါမှာ မျက်နှာတစ်ခုလုံး ရှရှရှရှနဲ့ ပုရွက်ဆိတ်ကိုက်သလို ခံစားရပါတယ်ဘုရား။အဲဒီလိုပေါ်လာပါတယ် ဘုရား။ဆက်လက်ရှုမှတ်တာ ဘာမှမတွေ့တော့ပါဘူးဘုရား။)

ဟိုဒကာ.....။

(ညောင်းကိုက်နေတာပဲ တွေ့ပါတယ်ဘုရား။)

ထပ်ပြီးတော့ ကြိုးစားကြဦး။

(တင်ပါ့ဘုရား။)

ဥဒယဗ္ဗယဉာဏ်ဆိုတာ အရေးကြီးဆုံးဗျာ။

(တင်ပါ့ဘုရား။)

ဒါကြောင့် ဖြစ်တာပျက်တာကို ကြည့်ပြီး ကိုယ်စီကိုယ်င ကြိုးစားကြ။ကိုယ့်နေ့တွက်ကိုယ်ရတာ၊ကိုယ့်လုပ်အားခ ကိုယ်ရတာ။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ယခု အားထုတ်နေတာဟာ အနာဂတ်သံသရာခရီးမှာ မပျောက် ပျက်ဘူး။ ဘုရားဟောတွေရှိတယ်။

ကိုင်း ကြိုးစားကြ။

(သာဓု.....သာဓု.....သာဓု.....။)

* * *

www.burmeseclassic.com

www.burmeseclassic.com

## တစ်ရာ နှင့် တစ်ရက်

ယော စ ဝဿသတံ ဇီဝေ၊
အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊
ပဿတော ဥဒယဗ္ဗယံ။

အကြင်သူသည် ရုပ်တရား-နာမ်တရားတို့၏ ဖြစ်ပုံပျက်ပုံကို မမြင်ဘူးပဲ နှစ်ပေါင်းတစ်ရာ ကာလကြာ အသက်ရှည်သူထက် ရုပ်-နာမ် တရားတို့၏ ဖြစ်ပုံပျက်ပုံအလုံးစုံကို မြင်သော သူ၏ တစ်ရက်တာမျှ အသက်ရှည်ရခြင်းက သာလွန် မွန်မြတ်၏။(ဓမ္မပဒ)

www.burmeseclassic.com

www.burmeseclassic.com

## ဥဒယဘယဉာဏ်

ဥဒယဘယဉာဏ်က အရေးကြီးဆုံးပေါ့၊ သောတာပန်ဖြစ်အောင် ဥဒယဘယဉာဏ်ဟာ လိုရင်းပဲ။ ရဟန္တာဖြစ်တဲ့အထိ ဒီဥဒယဘယဉာဏ်ကို လက်မလွှတ်ရဘူးတဲ့။

(တင်ပါ့ဘုရား။)

ဘင်္ဂဉာဏ်တို့ ဘယဉာဏ်တို့ဆိုတာ ပေါ်ဉာဏ်၊ တစ်ဉာဏ်ပွားများလိုက်ရင် သူဟာနဲ့သူ သုံးဉာဏ်ပေါ်လာတာ၊ ဘင်္ဂဉာဏ်က အပျက်တွေချည်းပဲမြင်တာ။

(မှန်ပါ့ဘုရား။)

ဒီကုသိုလ်တွေဟာ ဘယ်မှမရဘူး၊ ဘုန်းကြီးက ကောက်ရေးထားတာ။

ပုညာနိ-ကုသိုလ်ကောင်းမှုတို့သည်၊ ပရလောကသ္မိံ - တမလွန်လောက၌၊ ပါဏိနံ-သတ္တဝါတို့၏၊ အတိဋ္ဌ သရဏာ-ကိုးကွယ်ရာမရှိကုန်သည် ဖြစ်ကုန်သတည်း။

မဂ္ဂေါ ပါပေတိ သုဂတိံ-ဝမ်းသာစရာမကောင်းဘူးလားဗျာ၊ အဲဒါ မဂ္ဂကပို့တာ၊ မဂ္ဂေါပါပေတိ သုဂတိံ - တဲ့။

(မှန်ပါ့ဘုရား။)

မဂ္ဂတရားကို ကျင့်သောသူသည် ဒုဂ္ဂတိဘဝသို့ မရောက်ဘူးတဲ့၊ အင်မတန် ဝမ်းသာစရာကောင်းတယ်၊ လေးလေးစားစား

www.burmeseclassic.com

www.burmeseclassic.com



သွားကြ။

ဥဒယဘယဉာဏ်ဆိုတာ ဖြစ်တာပျက်တာ သိတာပေါ့။။

(ဆရာတော်ဘုရား၊ တပည့်တော် တစ်ရက်ပဲရှိသေးတယ် ဘုရား။)

အကြောင်းတရားတွေ ဖြစ်ပေါ်လာသောကြောင့် ရုပ်နာမ် တရားတွေ တရိပ်ရိပ် တဖွဲဖွဲတသဲသဲ သူ့အလိုလိုဖြစ်၍ နေပါ တကား၊ အဲဒီမှာ စိုက်ရှုရမှာပဲ။

(တင်ပါ့ဘုရား။)

အကြောင်းတရားတွေ သူ့အလိုလိုပျက်၍နေသောကြောင့် ရုပ်နာမ်တရားသည် တရိပ်ရိပ် တဖွဲဖွဲတသဲသဲ ပျက်၍နေပါတကား၊ အမြဲမရှိ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

မျက်စိတမှိတ် လျှပ်တပြက် ဖြစ်ပုံပျက်ပုံကို မိလိန္ဒမင်းကြီး ကမေးလို့ ရှင်နာဂသိန်ကဖြေထားတာ၊ ဒီနေ့ ဥဒယဘယဉာဏ် ကြိုးစားကြ။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## ဘဂ်ဉာဏ်

ဘဂ်ဉာဏ်ဆိုတာ အဖြစ်ကိုလွတ်ပြီးတော့ အပျက်ချည်းပဲ ရှုရတာ။

(တင်ပါ့ဘုရား။)

ဖြစ်ပြီးပျက်တာ၊ ဖြစ်ပြီးပျက်တာပါလား၊ ဘဂ်ဉာဏ်ဆိုတာ အပျက်ကိုဆိုလိုတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

ဥဒယဘယဉာဏ် အဲဒါလည်း လက်မလွှတ်နဲ့၊ ဥဒယဘယဉာဏ် ထက်သန်မှ ဘင်္ဂဉာဏ်ကိုမြင်လာမှာ။

(တင်ပါ့ဘုရား။)

ဒီကရှေ့လျှောက် ဖြစ်ခြင်း၊ ပျက်ခြင်းသဘောတရား သူ့ဟာနဲ့သူ ပျက်သွားတာ။

(တင်ပါ့ဘုရား။)

ဥဒယဘယဉာဏ်ထက်သန်လေ ဘင်္ဂဉာဏ်အမြင်သန်လေ။

(တင်ပါ့ဘုရား။)

ဒီနေ့ ဘင်္ဂဉာဏ်ရပြီလား၊ ရုပ်နာမ်တရားသည် တရိပ်ရိပ် တဖွဲဖွဲ သူ့အလိုလိုပျက်စီး၍နေပါတကား၊ တဉာဏ်တည်းပွားတာနဲ့ သူ့ဟာနဲ့သူ သုံးဉာဏ်စလုံးဖြစ်ပေါ်လာတယ်။

(တင်ပါ့ဘုရား။)

ပျက်နေတယ်ဆိုတာ အပြစ်တွေပေါ့၊ ဖြစ်နေတယ်ဆိုတာ ပျက်နေဖို့ပဲ၊ ဒါ ဘင်္ဂဉာဏ်ပေါ့။

(တင်ပါ့ဘုရား။)

ကြိုးစားကြ။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com

## သံသရာတစ်ခွင်လုံး ကျင်လည်ခဲ့ရ

မင်းတို့ကဘယ်ရောက်ပြီလဲ

(ဘင်္ဂဉာဏ်ပါဘုရား)

ဘင်္ဂဉာဏ်ပွားတော့ ဘယ်လိုတွေ့တုန်း။

(တပည့်တော် အမှုန်အမွှားကလေးတွေ တွေ့ပါတယ်ဘုရား။)

ဒကာကြီးရော။

(လိုလည်းမလိုချင်ဘူးဘုရား။)

ဥဒယဗ္ဗယဉာဏ်ရင့်သန်တော့ ဘင်္ဂဉာဏ်ကို ပိုမြီးမှ မြင်သွားတာပေါ့။

(တင်ပါ့ဘုရား။)

တစ်သံသရာမှာ ဝိပဿနာဟူ၍ အလွန်ကြားရခဲသည်၊ အားထုတ်ဖူးသည်ရှိအောင် အားထုတ်ကြရမည်တဲ့၊ အပရာ ပရိယ ကံဟောင်းများပဲ လှည်းအစီး ကုဋေတစ်သိန်းတိုက်လောက် များသည်တဲ့၊ အပရာ ပရိယ ကံဟောင်းတွေ၊ မနောကံ စိတ်

www.burmeseclassic.com

www.burmeseclassic.com



ကလေး အောက်မေ့တာနဲ့ တစ်ကြိမ်ကျသွားပြီ၊ အဲဒီကုသိုလ်စေ‌ာ တွေဟာ ဒီဘဝ အင်မတန်အကျိုးပေးတာ။

(တင်ပါ့ဘုရား။)

နောက်ဆုံးဘဝတော့ ဒုတိယဘဝ၊ ဒုတိယဘဝပြီးတော့ တတိယဘဝ၊ တတိယဘဝကနေ အပရာပရိယကံတွေပေါ့။

အဲဒီမှာ အပရာပရိယကံဟောင်းတွေ ဘယ်လောက်များ တယ်ဆိုတာ ကုဋေတစ်သိန်းတိုက် သံလုံးပမာဏရှိတဲ့ သံလှည်း အစီးပေါင်း ကုဋေတစ်သိန်း၊ သံလှည်းတစ်စီးကို သံလုံးရေပဲ တွက်ကြည့်ရတာ၊ နည်းတဲ့သံတွေလား၊ သံသရာတစ်ခွင်လုံး ကျင် လည်ခဲ့ရတာ။

(တင်ပါ့ဘုရား။)

ယခုလည်း အပရာပရိယ ကံဟောင်းတွေ အားထုတ်နေ တာပေါ့။

(တင်ပါ့ဘုရား။)

ဒီအားထုတ်တာလဲ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ထိမရသေး ဘူး။

(တင်ပါ့ဘုရား။)

မရသေးခင် သံသရာတစ်ခွင်လုံး ကံဟောင်းတွေပါမှာပေါ့။

(တင်ပါ့ဘုရား။)

ကြိုးစားကြ၊ မိမိတို့ဖြစ်ခဲ့ရတဲ့ဘဝတွေ ဖြစ်ခဲ့ရတဲ့ဘဝ သံသရာမြေကြီးရှိ မြေမှုန့်တွေလောက်ဖြစ်ခဲ့ကြရသည်။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



အဲ··ဒါ ကိုယ်တွေ့ပဲ၊ မဟုတ်ဘူးလား။

(မှန်ပါ့ဘုရား။)

(သာဓု-သာဓု-သာဓု။)

www.burmeseclassic.com

www.burmeseclassic.com

## ဖြစ်တာမှန်သမျှ ပျက်ကြရ
## (ဘဂ်ဉာဏ်)

ဥဒယဗ္ဗယဉာဏ် အဖြစ်အပျက်ကို မမြင်ဘူးပဲ အနှစ် ၁၀၀၊ အနှစ် ၁၀၀၀၊ အနှစ် ၁၀၀၀၀ တစ်ကမ္ဘာပင် အသက်ရှည်သော်လည်းပဲ ဖြစ်ခြင်း၊ ပျက်ခြင်း သဘောတရား၊ တစ်နာရီ၊ တစ်မိနစ်၊ တစ်စက္ကန့်မျှ မမြင်ဖူးဘူးဆိုရင် မမြတ်ဘူးတဲ့။

(တင်ပါ့ဘုရား)

အသက် ၁၀၀ ရှည်ရှည်၊ ၁၀၀၀ ရှည်ရှည်၊ တစ်ကမ္ဘာရှည်ရှည် ဖြစ်ခြင်း ပျက်ခြင်းသဘောတရားကိုနားလည်ပြီး တစ်ရှုတစ်ရှိုက် ဝိပဿနာတရားကိုလုပ်ဖူးမှ မြတ်တယ်။

(တင်ပါ့ဘုရား)

ဒါ ဘုရားဟောတာ၊ ဘုရားဟောပါဠိတော်နဲ့ ညီညွှတ်တာပေါ့။

(တင်ပါ့ဘုရား။)

ဝိပဿနာရဲ့သဘောတရားကို တွေ့တယ်မဟုတ်လား။

(တွေ့ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


အေး - ရဟန္တာဖြစ်တဲ့အထိ ဥဒယဗ္ဗယဉာဏ်ကို လက်မလွှတ်ရဘူးတဲ့။

ရှေးက သူတော်ကောင်းကြီးတွေ လက်တွေ့ကျင့်သုံးခဲ့တဲ့ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘင်္ဂဉာဏ်ဆိုတာ အဖြစ်ကို လက်လွှတ်ပြီးတော့ အပျက်ကိုရှုရတာ။

(တင်ပါ့ဘုရား။)

ဥဒယဗ္ဗယဉာဏ်ဆိုတာက ဖြစ်တာရော၊ ပျက်တာရော ရှုမှတ်ရတာ။ အဲဒါလည်း လက်မလွှတ်နဲ့။ ဥဒယ ဗ္ဗ ယဉာဏ် ထက်သန်မှ ဘင်္ဂဉာဏ်ကို ထက်ထက်သန်သန်မြင်လာမှာ။

(တင်ပါ့ဘုရား။)

အပျက်ရှုရမယ်။ ဒီနေ့က ရှေ့လျှောက် ဖြစ်ခြင်း၊ ပျက်ခြင်း သဘောတရား သူ့ဟာနဲ့သူ ရှုတတ်မယ်နော်။

(တင်ပါ့ဘုရား။)

ဒါကြောင့် ဥဒယဗ္ဗယဉာဏ်ကို လက်မလွှတ်နဲ့။

(တင်ပါ့ဘုရား။)

ဥဒယဗ္ဗယဉာဏ် ထက်သန်လေလေ၊ ဘင်္ဂဉာဏ် အပျက်မြင်ရလေ။ အဲဒီလိုဖြစ်မယ်နော်။

(တင်ပါ့ဘုရား။)

ဒီကနေ့ ဘင်္ဂဉာဏ်ကို ရပြီးသားမဟုတ်လား။

(ရပြီးသားပါဘုရား။)

အကြောင်းတရားတွေ သူ့အလိုလို ပျက်၍သွားသောကြောင့် ရုပ်နာမ်တရားတွေ တရိပ်ရိပ် တဖွဲဖွဲ တသဲသဲနဲ့ သူ့အလိုလို ပျက်စီး၍နေပါတကား။

www.burmeseclassic.com

www.burmeseclassic.com



အနိစ္စ … အနိစ္စ … အနိစ္စ … ။

တစ်ညာဏ်တည်းသွားတာနဲ့ သူ့ဟာသူ ၃-ညာဏ်ဖြစ်ပေါ်လာတာ။

(တင်ပါ့ဘုရား။)

ဖြစ်ပေါ်လာတာမှန်သမျှဟာ ပျက်ရမှာပဲ။

(တင်ပါ့ဘုရား။)

ဘင်္ဂညာဏ်ကို ကြိုးစားပွားကြ။

(တင်ပါ့ဘုရား။)

(သာဓု … သာဓု … သာဓု …)

* * *

www.burmeseclassic.com

www.burmeseclassic.com

## ဆံ့စဝေဂရစရာကောင်းတယ်

## (အယညဏ်)

ဘဂ်ဉာဏ်ပွားတော့ ဘယ်လိုတွေ့တုန်း။

(တပည့်တော် အမှုန်အမွှားလေးတွေ တွေ့ပါတယ်ဘုရား ခန္ဓာကိုယ်မှာ။ နောက်ပြီး ကျောတပြင်လုံးလည်း အငွေ့အငွေ့တွေ ထွက်နေသလို ခံစားရပါတယ်ဘုရား။

တပည့်တော် နေ့လည်ခင်းထိုင်တဲ့အခါကျတော့ ထူးခြားတဲ့အဖြစ်တစ်ခု ဖြစ်လာပါတယ်ဘုရား။ ရေခဲတုံးပေါ်ထိုင်နေရသလို ဖြစ်နေပါတယ်ဘုရား။ တကယ်တော့ ရေခဲတုံးမဟုတ်ပါဘူးဘုရား။ ခင်းပျဉ်ပါ။)

အဖြစ်ကိုမမြင်တော့ဘူး၊ အပျက်ကိုပဲ မြင်နေရတော့တာပဲ။

(တင်ပါ့ဘုရား)

ဘဂ်ဉာဏ်ရဲ့သဘောက ဒီအတိုင်းပဲ။ အဖြစ်ကိုမမြင်ရတော့ဘူး၊ အပျက်တွေပဲ များများမြင်နေရတာ။

(တင်ပါ့ဘုရား)

ဒကာကြီးရော။

www.burmeseclassic.com

www.burmeseclassic.com



(ကျင်တာတွေရော၊ ခဲတာတွေရော၊ ကိုက်တာတွေရော ဒါတွေပဲ တွေ့ပါတယ်ဘုရား။ မီးကလေးတွေလောင်နေတာလို ခန္ဓာကိုယ်ထဲက အခိုးအငွေ့ကလေးတွေထွက်နေတာပဲ တွေ့ပါတယ်ဘုရား။

မြေပြင်ကျတော့လည်း ပန်းခြောက်တွေ ဖြစ်သွားနေတာကို မြင်ပါတယ်ဘုရား။ အပျက်ကိုဦးစားပေးရှုတဲ့အခါ အပျက်တွေပဲ မြင်ရပါတယ်ဘုရား။

ပျက်တာတွေမြင်ရတော့ ဒါတွေကို မလိုချင်တော့ပါဘူး ဘုရား။ မလိုချင်တော့ဘူးလို့ စိတ်ဝင်နေပြီး ခဏကြာတော့ ဒီခန္ဓာကိုယ်ကြီးပျောက်သွားရင်လို့ အတွေးဝင်လာပြီး ကြောက်သွားပါတယ်ဘုရား။)

ကြောက်ရမှာပေါ့၊ အပျက်ချည်းပဲ မြင်နေရတာကိုး။

(ခန္ဓာကိုယ်ကြီးပျောက်သွားမှာကို ကြောက်နေတာပါဘုရား။)

မင်းကရော။

(မွေးညင်းပေါက်ကလေးတွေက ကျယ်ပြီး သွေးတွေကျလာတာကို မြင်ရပါတယ်ဘုရား။ နောက်တော့ အသားတွေပါ ဆွေးပြီး ပြုတ်သွားတာကို တွေ့တယ်ဘုရား။ အဲဒီလောက်ပဲ တွေ့ပါတယ်ဘုရား။)

**ဥဒယဗ္ဗယဉာဏ်**ကို ဖြစ်ပျက်ရှုထားတော့ ဘင်္ဂဉာဏ်ကို ရှုရတာ လွယ်သွားတာပေါ့။

ဒကာကရော။

www.burmeseclassic.com

www.burmeseclassic.com



(ခေတ်မှန်ခန်းထဲက ခေတ်မှန်ရိုက်သလို ခေါင်းပိုင်း အလယ်ပိုင်းကိုမမြင်ရဘူး။ အောက်ခြေပိုင်းကို မြင်ရပြန်ပါတယ်။ နောက်တော့မှ တဖြည်းဖြည်း ကြည်လင်းလာတာကို တွေ့ရပါတယ်ဘုရား။

အသားတွေကို ပိုးကောင်တွေက ဖောက်စားနေသလို တွေ့ရပါတယ်ဘုရား။)

နောက်တစ်ယောက်။

(တပည့်တော်ကိုယ်ခန္ဓာကြီးဟာ အထပ်လိုက် အထပ်လိုက် ထပ်ထားသလိုတွေ့ရပြီး အပ်နဲ့ထိုးဖောက်သလို ဆန်ခါပေါက်ကလေးတွေ ဖြစ်နေတာကို တွေ့ရပါတယ်ဘုရား။

ဖြစ်ပျက်တွေ မြင်နေရတာများတော့ မှတ်လို့မရနိုင်ပါဘူးဘုရား။ အဲဒီအချိန်မှာ ဆရာကြီးဦးဌေးလှိုင် မိန့်ကြားတဲ့ ဉဒယဗ္ဗယဉာဏ် ဖြစ်ပျက်ရှုပြီးတော့ ဘင်္ဂဉာဏ် အပျက်တွေချည်းပဲ ရှုရတော့မှာဆိုတဲ့စကားအတိုင်း အနိစ္စ ဒုက္ခဆိုတဲ့ သဘောတရားကို တပည့်တော် အတော်ကလေး သဘောပေါက်လာပါတယ်ဘုရား။)

နောက်ဒကာ။

(တပည့်တော်က ပျောက်သွားလိုက်၊ ပေါ်လာလိုက် အဲဒီလိုပဲ ရှိပါတယ်ဘုရား။ စိတ်က အပြင်ဘက်ကို ပျံလွင့်သွားပါတယ်ဘုရား။ တရားရှုတာကြပ်ကြပ်လုပ်တော့ ပေါ်လိုက်ပျောက်လိုက် ဖြစ်နေပါတယ်ဘုရား။

တပည့်တော်ဉာဏ်ထဲမှာ ရှေ့ခြေလှမ်းမပေါ်ခင် နောက်ခြေလှမ်း ပျက်သွားတယ်ဘုရား။ နောက်ခြေလှမ်းမပေါ်ခင် ရှေ့

www.burmeseclassic.com



ခြေလှမ်း ပျက်သွားတယ်ဘုရား။ အစားထိုးတာတွေ မရှိလို့ရှိရင် အပျက်ဟာ မိုပြီးထင်ရှားမယ်လို့ ထင်ပါတယ်ဘုရား။)

နောက်တစ်ယောက်။

(ခန္ဓာညဏ်စိုက်ပြီး ရှုတဲ့အခါမှာ နာရီဝက်လောက်ကြာ တော့ ကြက်သီးတွေထလာပါတယ်ဘုရား။ ကြက်သီးတွေထပြီး ပျောက်သွားတဲ့အခါကျတော့ ငိုချင်သလို ရယ်ချင်သလိုဖြစ်နေပါ တယ်ဘုရား။ အဲဒီကနေ ဆက်ရှုပြန်တော့ ပြန်ပြီးကောင်းသွား ပြန်ပါတယ်ဘုရား။

နောက် ညာဘက်လက်မောင်းကို ဆွဲခါသလို ခံစားရပါ တယ်ဘုရား။ နောက်နာရီဝက်လောက်ကြာပြန်တော့ ခန္ဓာကိုယ် တစ်ခုလုံးကို ဆွဲခါသလို ခံစားရပြန်ပါတယ်ဘုရား။

ရှုမှတ်ရင်းပဲ အောက်ပိုင်းတစ်ခုလုံး တောင့်တင်းပြီး ပူလာ တယ်ဘုရား။ တအားစိုက်ပြီးရှုမှတ်တာ တအားပူလာတယ်ဘုရား။ ဒါကြောင့် တပည့်တော် တရားဖြုတ်လိုက်တယ်ဘုရား။)

နောက်ဒကာ။

(တပည့်တော် တရားရှုမှတ်နေတဲ့အချိန် ရှေ့က စိတ်ဖျဉ်းဖျဉ်း နဲ့ဖြစ်နေတာကို နောက်ကစိတ် မလိုက်နိုင်တာကို တွေ့နေရပါ တယ်ဘုရား။ လေးငါးခေါက်ကြိမ်လောက်ဖြစ်ပြီးတော့ နောက် စိတ်က တော်တော်ကို ဝါရေဝါမှတ်ပြုပြီး လိုက်ရတယ်ဘုရား။ ကြာလာတော့ ရှေ့ကဖြည်းဖြည်းချင်းဖြစ်နေတဲ့စိတ်ကလေးကို နောက်က လိုက်နိုင်သွားတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



ထိုင်တဲ့အခါမှာလည်း အပြင်ကို စိတ်ပို့သွားပြီးတော့ ငိုက်သလိုလို ငေါင်သလိုလိုဖြစ်ပြီးတော့ တစ်ခါတလေ အာရုံနဲ့ ကပ်နေပါတယ်ဘုရား။

အာရုံက ကိုယ်ကြည့်ချင်တဲ့အပေါ်မှာ ကြည့်နေပြီး မပျင်း မရိဖြစ်နေပါတယ်ဘုရား။)

နောက်တစ်ယောက် ဒကာကရော။

(တပည့်တော် တရားရှုမှတ်နေတဲ့အခါ ဝမ်းတွင်းက နှလုံးသွေးမျှင်ကြောတွေ သွေးတွေ တဖွာဖွာကျနေတာကို မြင်ရပါတယ်ဘုရား။ နောက်တစ်ခါရောက်တော့ ကျောပြင်ကနေ စိုပြီး ရွှဲနေတာလိုဖြစ်ပြီး ကြမ်းပြင်ပေါ်ကို ကျလာတာကို တွေ့ရပါတယ်ဘုရား။

အဲဒီအခါမှာ တပည့်တော် ရေကျလာပြီလို့ မှတ်လိုက်တဲ့ အခါမှာတော့ ပူပြီးတော့မှ ဆင်းသွားပါတယ်ဘုရား။ တပည့်တော် ဒါပဲသိပါတယ်ဘုရား။)

နောက်ဒကာ။

(တပည့်တော် ခန္ဓာကိုယ်ကို ရှုမှတ်ပွားများပါတယ်ဘုရား။ ရှုနေစဉ် ခန္ဓာကိုယ်ထဲက အသားစကလေးတွေ သေးသေးပြီး ချွေးအဖြစ် ဖြစ်လာတာကို တွေ့ရပါတယ်ဘုရား။)

နောက်တစ်ယောက်။

(တပည့်တော် ခန္ဓာကိုယ်ကိုစိုက်ကြည့်တဲ့အခါမှာ တပည့်တော် လဲလျောင်းနေတာကို တွေ့ရပါတယ်ဘုရား။ တပည့်တော် အာရုံစိုက်ပြီးရှုမှတ်တော့ အသားထဲကို ဓားထိုးလိုက်သလို နာပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်ဘုရား။ ပထမနာတာနဲ့ ဒုတိယနာတာ၊ ဒုတိယနာတာနဲ့ တတိယနာတာ မတူကြဘူးဘုရား။)

ကျီးသဲလေးထပ်ဆရာတော်ကြီးက ရေးခဲ့တယ်။ "သံသရာမှာ ဝိပဿနာဟူ၍ အလွန်ကြားရခဲသည်။ အားမထုတ်ဖူးသည် ရှိသော်လည်း အားထုတ်ကြရမည်။ အပရာပရိယကံဟောင်း ထင်းလှည်းအစီး ကုဋေတစ်သိန်းတိုက် ထင်းလှည်းပမာဏထက် များသည်"... တဲ့။

အပရာပရိယကံဟောင်းတွေ ပထမဈာနတွေက ဒီဘဝ အကျိုးပေးတာ။

သမထ ဝိပဿနာတဲ့။

ဝိပဿနာဆိုတာ သာသနာတွင်းမှာသာရှိတာ၊ သာသနာပမှာ ဝိပဿနာမရှိဘူး။

(တင်ပါ့ဘုရား။)

သမထကတော့ သာသနာပလည်း ရတာပဲ။

(တင်ပါ့ဘုရား။)

ဒေဝီလရသေ့ဆို ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့ ၃၅-နှစ်လောက် လွဲသွားတယ်။ တကယ်။ အာဠာရ ရသေ့က ၇-ရက်လောက်လွဲသွားတယ်။ ဥဒက ရသေ့က အရက်တက်လောက် လွဲသွားတယ်။ မြတ်စွာဘုရားက သူတို့ကိုကယ်မလို့၊ ချွတ်မလို့ ကြည့်လိုက်တော့ မရှိဘူး။ စုတိစိတ်ကျပြီး သေသွားကြပြီ။

ခန္ဓာဝန်ရလာရင် ဘယ်ဘဝမှ မသက်သာဘူး။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ဒီခန္ဓာဝန်ရအောင်ဆိုတာကလည်း ကိုယ်ကပြုခဲ့တာ။

(တင်ပါ့ဘုရား။)

ဒီရုပ်နဲ့ ဒီနာမ်က၊ အကျိုးတရားနဲ့ အကြောင်းတရားတွေက ကိုယ်ပြုခဲ့တာ။ ပစ္စယ ပရိဂ္ဂဟဉာဏ်ဆိုတာ ကိုယ်ကိုယ်တိုင် အားထုတ်ပြီး သိလာတာ။

ရုပ်နာမ်ခန္ဓာတွေရတော့ ဒုက္ခတွေ ဘဝတိုင်း ဘဝတိုင်း ဖြစ်ရာဘဝ ဘယ်လိုမှမသက်သာဘူး။ ရုပ်နာမ်ခန္ဓာရလာရင် ဟုတ်ပြီလား။

(တင်ပါ့ဘုရား။)

ခန္ဓာရလာရင် ဘယ်သွားရမယ် သိပြန်ဘူး။ နောင်လည်း ဒီရုပ်နဲ့ဒီနာမ်ရပြန်ရင် သွားပြန်ရော။ ဒုက္ခတွေချည်းပဲ။

(မှန်ပါဘုရား။)

ဒုက္ခဆို ဒုက္ခသစ္စာပေါ့။ ဒုက္ခ။

တဏှာဆိုတာ လောဘ။

(တင်ပါ့ဘုရား။)

ဒါတွေဟာ ဘဝဆက်တိုင်းပါတာ။ ခုတော့ သာသနာနဲ့ တွေ့လို့ လူဖြစ်ရတော့ မကြားရဘူးတဲ့ တရားတော်တွေ ကြားရ နာရ၊ ကိုယ်တိုင်ကြည့်လို့၊ ရှုမှတ်လို့သိရ၊ ဒီလိုဟာမျိုး သိရဖို့၊ ရ-ရဖို့လည်းမလွယ်ဘူး။

ဘုရားသာသနာနဲ့တွေ့လို့ ဗုဒ္ဓ သရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိလို့ ကိုးကွယ်တတ်တာ၊ ဆည်းကပ် တတ်တာ။

www.burmeseclassic.com



(တင်ပါ့ဘုရား။)

ဒါကြောင့် ဗုဒ္ဓသရုပ်ဟာ ဂစ္ဆာမိကို စိတ်အေးလက်အေး ကိုးကွယ်ခွင့်မရခဲ့ကြဘူး။

ဓမ္မသရုပ်ဟာ ဂစ္ဆာမိကို စိတ်အေးလက်အေး ကိုးကွယ်ခွင့် မရခဲ့ကြဘူး။

ဘာဖြစ်လို့တုန်း။ ခန္ဓာကိုယ်ထဲ တရားမရှိလို့ပေါ့။

ဒုက္ခာ-ဒုက္ခသစ္စာ တစ်ခုတည်းရှယ်။

(တင်ပါ့ဘုရား။)

ဒီဒုက်ကလည်း တော်တော်မာတဲ့ဒုက်။ ဘယ်လောက်ရိုက်ရိုက် နာတယ်မရှိဘူး။

(တင်ပါ့ဘုရား။)

ဘာဝတိုင်းရိုက်တာ။

(တင်ပါ့ဘုရား။)

နတ်ပြည်လည်း နတ်ပြည်ဒုက္ခရှိတာပဲ။ နတ်ပြည်ကသေပြီးရင် လူ့ပြည်ပြန်ရောက်လာပြန်တာ။ မဂ်ဖိုလ်နိဗ္ဗာန်မရသေးရင် ဟုတ်ပြီလား။

(တင်ပါ့ဘုရား။)

ဒီရုပ်နဲ့ဒီနာမ် ခန္ဓာကိုယ်ရှိသရွေ့ကတော့ ဘယ်ဘဝမှ လွတ်တော့ဘူး။

(တင်ပါ့ဘုရား။)

ဘယ်လွတ်ပါ့မတုန်း။ ဘုရားသာသနာတွေ ရှာဘာက အသင်္ချေ အနန္တ။

www.burmeseclassic.com

www.burmeseclassic.com



(တင်ပါ့ဘုရား။)

ဂင်္ဂါဝါဠု သဲစုမက ပွင့်တဲ့ဘုရားတွေတောင် မတွေ့အောင် ရှောင်သေးတာနော်။

(တင်ပါ့။)

သံသရာဆိုတာလည်း ကိုယ်က မိုက်ခဲ့တာကိုး။ မဟုတ်ဘူးလား။

(တင်ပါ့ဘုရား။)

ကိုယ်က စခဲ့တာကိုး။

(တင်ပါ့ဘုရား။)

ရေမီးအစုံ တန်ခိုးပြာဋိဟာပြခဲ့ပေမယ့် ချွတ်လို့မရခဲ့ဘူး။ ချွတ်လို့ ကယ်လို့ ဆယ်လို့မရတဲ့ဘုံဘဝ ရောက်နေတာကိုး။

(တင်ပါ့ဘုရား။)

ဘုရားက ဇမ္ဗူဒီပါတောင်ကျွန်း ပွင့်နေတယ်။ ကိုယ်က မြောက်ကျွန်းဖြစ်နေမယ်ဆိုရင် ဘုရားသာသနာတော်နဲ့ မတွေ့ရတော့ဘူး။

နောက်တစ်ဆူပွင့်တော့လည်း အရှေ့ကျွန်းမှာဖြစ်ပြန်။ တစ်ဆူပွင့်ပြန်ရော။ ကိုယ်က အနောက်ကျွန်းဖြစ်ပြန်။ နောက် အဆူဆူပွင့်ကြပြန်။ အပါယ်လေးဘုံကျ၊ အဲဒီလို အမျိုးမျိုးလွဲလာကြတာ။

(တင်ပါ့ဘုရား။)

စုံချည်မျောချည် မြုပ်ချည်ပေါ်ချည် သံသရာကြီး ငြီးငွေ့စရာလည်းကောင်းတယ်၊ သံဝေဂရစရာလည်းကောင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



(တင်ပါ့ဘုရား။)

ဒီရုပ်နဲ့ဒီခန္ဓာကိုယ် မဟုတ်ဘူးလား။

(တင်ပါ့ဘုရား။)

အတော်ငြီးငွေ့စရာကောင်းတယ်။ အဲဒါကြောင့်မို့ ဘဂ်ဂဏ်တို့ **ဥဒယဗ္ဗယဉာဏ်**တို့ စလယ်ဆုံး ကြည့်လို့ရှုလို့ရသေးတာ ဟုတ်ပြီလား။ စလယ်ဆုံး **ဥဒယဗ္ဗယဉာဏ်**ရသေးတာ။

(တင်ပါ့ဘုရား။)

အစ အဖြစ်အပျက်တွေ အပျက်ကြီးပဲ၊ ကြည့်လို့ရှုလို့မရဘူး။

(တင်ပါ့ဘုရား။)

တွေ့တယ်ဆိုတာ အဲဒီလိုတွေ့သွားတာ။ ဖြစ်တာနဲ့ပျက်တာချည်းပဲ။ ဘင်ဂဏ်ဆိုတာ အပျက်ချည်းပဲ။

(တင်ပါ့ဘုရား။)

ခန္ဓာကိုယ်ချည်းလည်း အပျက်တွေပဲရှုရင်းနဲ့ ငြီးငွေ့လာ။

(တင်ပါ့ဘုရား။)

ဘေးတွေ တွေ့လာ။

(တင်ပါ့ဘုရား။)

ဘေးတွေတွေ့တော့ သံဝေဂဉာဏ်တွေရောက်ပြီး သင်္ခါတရားတွေ ထက်သန်လာတယ်။ ကြောက်လန့်လာတယ်။ ကျွတ်ချင်လာတယ်။ အဲဒီလိုဖြစ်လာတာ။

(တင်ပါ့ဘုရား။)

တစ္ဆေတို့၊ သရဲတို့၊ သဘက်တို့ ကြောက်တာမျိုးမဟုတ်ဘူး။ သံသရာကြီးကို ဒီရုပ်နဲ့ဒီနာမ် ကျွတ်ချင်လာတယ်။ အဲဒီလိုမြင်လာတာ။ ဘေးတွေကိုကြောက်ပြီး ဘယဉာဏ်ပွားကြနော်။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

ဘင်္ဂညဏ်ကို အထူးဂရုစိုက် ကြိုးစားကြ။ **ကြမ်းပေါက် လျှင်တစ်လုံး၊ ဝိနည်းတော်ကိုချုပ်ရင်လည်း သီလတစ်လုံးတဲ့။**

(မှန်ပါတယ်ဘုရား။)

**ဝိနည်းတော်ကိုချုပ်ရင် သီလတစ်လုံး၊ သုတ္တန်ကိုချုပ်ရင် သမာဓိတစ်လုံးတဲ့။**

(တင်ပါ့ဘုရား။)

သမာဓိရတော့ ဈာန်အဘိညာဉ်တွေဘာတွေ ရသွားတာ။

(တင်ပါ့ဘုရား)

အဲဒါ သမာဓိပေါ့။

(တင်ပါ့ဘုရား။)

**အဘိဓမ္မာကိုချုပ်ရင် ပညာတစ်လုံး။** မဟုတ်ဘူးလား။

(တင်ပါ့ဘုရား။)

**သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ အကုန်ချုပ်ရင် ဓမ္မရတနာ တစ်လုံး။ ဓမ္မဒါနတစ်လုံးပေါ့။** ဒါမှ တရားရမှာ။

(တင်ပါ့ဘုရား။)

သိက္ခာပုဒ်ဆိုတာ ဓမ္မ တည်ဆဲဖြစ်တဲ့ပုဂ္ဂိုလ် မရှိတော့ဘူး။ ရဟန္တာဖြစ်သွားပြီ။

(တင်ပါ့ဘုရား။)

**ရှင်သာရိပုတ္တရာတို့၊ ရှင်မောဂ္ဂလာန်တို့ တစ်သက်လုံး မအိပ်ဘူး။ နောင်လာနောက်သားတွေကိုငဲ့ပြီး ချီးမြှောက်သော အားဖြင့် အတုယူစေခြင်းအကျိုးငှာ တစ်သက်လုံးမအိပ်ဘူး။**

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါ့ဘုရား။)

ကျောတောင်မဆန့်ဘူးတဲ့။

(တင်ပါ့ဘုရား။)

၁။ ဓမ္မဒါနတစ်လုံး။

သိက္ခာပုဒ်လွတ်သွားပြီ၊ ရဟန္တာဖြစ်သွားပြီလေ။

၂။ ကျမ်းလျှောက်လျှင် မဆုံး။

ကျမ်းပေါက်လျှင် တစ်လုံး။

၃။ ဝိနည်းတော်ကိုချုပ်လျှင် သီလတစ်လုံး။

၄။ သုတ္တန်ကိုချုပ်လျှင် သမာဓိတစ်လုံး။

အဘိဓမ္မာကိုချုပ်လျှင် ပညာတစ်လုံး။

သုတ္တန်၊ ဝိနည်း အဘိဓမ္မာ အကုန်ချုပ်ရင် ဓမ္မဒါနတစ်လုံး။ သည်းခံအား ဓမ္မဒါန ရှေးက ပညာရှိတွေရဲ့စကား။

(တင်ပါ့ဘုရား။)

ကနေ့ ဘယဉာဏ်ပွားကြပေါ့။

(တင်ပါ့ဘုရား။)

(သာဓု ... သာဓု ... သာဓု ...)

www.burmeseclassic.com

www.burmeseclassic.com

တရားကသာကယ်နိုင်

သေခါနီးကျမှ

အဖေကယ်ပါ အမေကယ်ပါ-

သားကယ်ပါ သမီးကယ်ပါ

ဘယ်သူမှ မကယ်နိုင်ဘူး၊

လက်ပိုက်ပြီး ကြည့်နေရတာ။

ကိုယ်လုပ်ထားတဲ့ ကုသိုလ်၊

ကိုယ်လုပ်ထားတဲ့ တရားကမှ

ကယ်နိုင်တာ။

ကျေးဇူးရှင်

မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်တရားကိုယ်အားထုတ်

တရားကို အပြစ်ပြောတဲ့သူဟာ

ဘုရားရှင်ကိုလဲ စွပ်စွဲရာရောက်တယ်၊

ကိုယ့်ကိုယ်ကိုလဲ တူးဖြို

ဖျက်ဆီးရာရောက်တယ်။

အကုသိုလ်လဲ တိုးပွားတယ်။

ယောဂီတို့ . .

ဘယ်သူဘာပြောပြော

ကိုယ့်တရားကို

ကြိုးစားပြီး အားထုတ်ကြ။

ကျေးဇူးရှင်

မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com



## ဘယညာဏ်

ကဲ - ဒီကနေ့ ဘယညာဏ် ပွားရမယ်။

(တင်ပါဘုရား။)

ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ-ပေါ့ ၊ ဟုတ်ဘူးလား။ ဩဃဆိုတာ ရေယာဉ်ကျော မျှောပြီးတော့မှ နေတာ။ သူရောကိုယ်ရော အမျှောက မပျောက်သေးဘူး။ 'တဏှာနဒီ'တဲ့။'နတ္ထိ ခန္ဓာ သမာ ဒုက္ခာ'တဲ့။ဒီခန္ဓာကိုယ်လောက် ဆင်းရဲဒုက္ခရောက်တာ မရှိဘူးတဲ့။အတိတ်က နောက်နောက်က ဘဝတွေကလည်းပဲ ဒီလိုပဲ အနမတဂ္ဂ သံသရာကစပြီးတော့ ဒုက္ခဖြစ်လာတာ။ ယနေ့ထိ ဖြစ်လိုက် ပျက်လိုက် ပျက်လိုက် ဖြစ်လိုက် ဘဝပေါင်းစုံ မျှောပြီးတော့ လာခဲ့ရတာ။

ဒါ ဘယ်သူ့ရဲ့အပြစ်တွေတုန်း။ ဗီရုပ်နဲ့ ဒီနာမ်ရဲ့ အပြစ်တွေပေါ့။ သူက နှစ်သက်တာကိုး။ အဲဒီတော့ တဏှာနဒီ-တဲ့။ လောဘဆိုတဲ့ တဏှာအားကလည်းပဲ မြစ်ထဲက ရေလိုပဲတဲ့။ မြစ်ထဲကရေ ဘယ်အချိန်များ စီးတာရပ်သွားလို့တုန်း။

( မရပ်ပါဘူးဘုရား။)

အမြဲတမ်း စီးနေတာမဟုတ်လား။

(ဟုတ်ပါတယ်ဘုရား။)

ကိုယ့်သန္တာန်မှာရှိတဲ့လောဘ ဘယ်အချိန်များ ရပ်နေတယ်လို့ရှိတုန်း။

www.burmeseclassic.com

www.burmeseclassic.com



(မရပ်ပါဘူးဘုရား။)

အေး- ဘုရားရှင်က ဒါကြောင့် လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ ရှစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ တစ်ဆဲ့ခြောက်အသင်္ချေနဲ့ကမ္ဘာတစ်သိန်း၊ကမ္ဘာပေါင်းများစွာကျင့်ကြံအားထုတ်လို့ဘုရားအဖြစ်သို့ ရောက်တော်မူတဲ့အခါမှာ အနေကဇာတိသံသာရံ သန္ဓာဝိဿံ အနိဗ္ဗိသံ---တဲ့။ ငါဘုရားတော့ ဒုက္ခခပ်သိမ်းက လွတ်ပြီ၊ ပုနပ္ပုန်-ဘဝတွေ အဖန်ဖန် ခံစားခဲ့ရဖူးပြီ။ ဒုက္ခာဇာတိ ပုနပ္ပုန်- မရေမတွက်နိုင်ဘူးတဲ့။ ငါဘုရား ယခုမှ ဒီဒုက္ခတွေက လွတ်တယ်တဲ့။ ဝမ်းမြောက်ဝမ်းသာဖြစ်လို့ ဥဒါန်းကျူးရင့်တော်မူတာ။ လွတ်မှတော့ ဝမ်းသာရမှာပေါ့။ အချုပ်ထဲ ထောင်ထဲကျနေတဲ့သူတွေ လွတ်လာရင် ပြုံးပြီးထွက်လာတာမဟုတ်လား။

(ထွက်လာပါတယ်ဘုရား။)

အနေကဇာတိသံသာရံသန္ဓာဝိဿံ အနိဗ္ဗိသံ-ခန္ဓာတည်းဟူသော အိမ်ကို မဆောက်တော့ဘူး-တဲ့ဗျာ။ လွတ်သွားပြီလေ။ ဒုက္ခာဇာတိ ပုနပ္ပုန်- ခန္ဓာတည်းဟူသော အိမ်ကို မဆောက်တော့ဘူး-တဲ့။

ဒါ ဘယ်သူ့ရဲ့အပြစ်တွေတုန်း။ ကိုယ့်ရုပ်နဲ့ကိုယ့်နာမ်ပေါ့။ ရုပ်တရား ခန္ဓာကိုယ်ကြီးက တပည့်၊ နာမ်တရားက ဆရာ၊ ကိုယ်တစ်ယောက်တည်းလည်း ဆရာတပည့်ဗျာ့။ ဘယ်သူက ဆရာတုန်း။

(နာမ်တရားကဆရာ၊ခန္ဓာကိုယ်ကြီးက တပည့်ပါဘုရား)

www.burmeseclassic.com

www.burmeseclassic.com



နာမ်တရားက သွားချင်တယ်ဆို သွားလိုက်ပြန်၊ စားချင်တယ်ဆို စားလိုက်ပြန်၊ သွားတယ်ဆိုရင် လှမ်းတယ်-ကြွတယ်ဆိုပြီး သွားရတာမဟုတ်လား။ ဘယ်သူက ခိုင်းတာတုန်း။

(နာမ်တရားကပါဘုရား။)

ငါ ပျင်းပါတယ်။ တုံးလုံးလှဲအိပ်တော့မယ်၊ ဘယ်သူက ခိုင်းတာတုန်း။

(နာမ်တရားကပါဘုရား။)

အဲဒါ ဆရာ-တပည့်ပဲ။ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ဝမ်းမြောက်ဝမ်းသာနဲ့ ခုနကလို ဥဒါန်းကျူးလို့ ဘုန်းကြီးတို့လဲ ဒုက္ခာဇာတိ ပုနပ္ပုနံ- တစ်သံသရာလုံး လာခဲ့ကြရတာ။ အဖြစ်ပေါင်းစုံခဲ့ပြီ။

အတိတ်ကလည်း လာခဲ့ရတာ၊ ယနေ့အထိ။ ဟိုဘက်ဘဝ ဟိုဘက်ရုပ်နာမ်၊ ဒီဘက်ဘဝ ဒီဘက်ရုပ်နာမ်၊ ကိုယ့်ရုပ်ကိုယ့်နာမ်ကို ကိုယ့်ဟာကို မထိန်းနိုင် မသိမ်းနိုင်တဲ့အချိန်ပိုင်းက အမေတို့ အဖေတို့ မိခင်ဖခင်တို့က ပြုစုယုယလို့ ဒီလိုလာခဲ့ရတာ။ ကိုယ့်ရုပ်ကိုယ့်နာမ်ကို ကိုယ့်ဟာကို မစောင့်ရှောက်နိုင်ဘူးလေ။ မထိန်းနိုင် မသိမ်းနိုင်ဘူးလေ။ ဒုက္ခမရောက်ဘူးလား။

(ရောက်ပါတယ်ဘုရား။)

ဒါ ဘယ်သူ့အပြစ်တုန်း။ ကိုယ့်ရုပ်ကိုယ့်နာမ်ရဲ့ အပြစ်တွေပေါ့။

မိဘတွေက ရေတွေမိုးတွေ ချိုးပေးပြီး ချော့သိပ်လို့

www.burmeseclassic.com

www.burmeseclassic.com


ပုခက်ထဲချော့သိပ်လို့ ပုခက်လွှဲလို့ အမေဖြစ်တဲ့သူက အလုပ်တွေရှုပ်ထွေနေ၊ ထမင်းချက်နေတယ် ထားပါတော့။ ထမင်းအိုးကလည်းပွက်နေ၊ ကလေးက ပုခက်ထဲကတအိအိတစ်မ့်စိမ့်နဲ့ ငိုု။ မကြားဖူးဘူးလား။

(ကြားဖူးပါတယ်ဘုရား။)

ကလေးက ပုခက်ထဲမှာ ငို၊ ဒီမှာ ထမင်းအိုးက ဆူနေပွက်နေ။ ဟုတ်တယ်မဟုတ်လား။

(ဟုတ်ပါတယ်ဘုရား။)

ဒါပေမယ့် ကိုယ့်သားသမီးကိုယ်တော့ ချစ်တယ်မဟုတ်လား။ ပွေ့ယူသွား။ အေး- မိခင်ဖြစ်တဲ့သူက ဒီလို ပြုစုပျိုးထောင်ခဲ့လို့ ကိုယ့်ခန္ဓာကိုယ် ဒီရုပ်ဒီနာမ် ဒီအခြေအနေအထိ ရောက်လာတာ။ ဒုက္ခမရောက်ဘူးလား။

(ရောက်ပါတယ်ဘုရား။)

ဒါကြောင့်လယ်တီဆရာတော်ဘုရားကြီးက-

'နင့်ရုပ်နင့်နာမ်၊ နင့်သဏ္ဌာန်ကို

နင့်ဉာဏ်မစူး၊ အပေါ်ဖြူး၍----'

အပေါ်ယံလေးတင်ပေါ့လေ ရုပ်တွေးတာ။ ရှုန်တွေးတာ။

'မှုးမှုးမှေ့မှေ့၊ အများလေ့ဖြင့်

နေ့ရက်အပုံ၊ လွန်ခဲ့တုံပြီ---'

မဟုတ်ဘူးလား။ နေ့တွေရက်တွေလေ။ အဲ- လွန်ခဲ့တဲ့နေ့တွေရက်တွေလတွေ နှစ်တွေ နှမြောစရာမကောင်းဘူးလား။ မသိခင်က မနှမြောဘူး။ သိလာတော့ နှမြောလာတာ။ အသက်

www.burmeseclassic.com

www.burmeseclassic.com



တွေကကြီးလာတော့ လွန်ခဲ့တဲ့အချိန်တွေကို ပြန်လိုချင်လို့လည်း မရ၊ မဟုတ်ဘူးလား။ နောက်ဆုတ် လှည်းတုတ်နဲ့။ ရှေ့တိုး ထမ်းပိုးနဲ့ဆိုတာလို၊ ဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

အဲဒီတော့ကို သိလာတော့ နှမြောတာပေါ့။

'အာရုံဝတ္ထု၊ မီးစာစုကို----'

ဘာပဲဖြစ်ဖြစ် တစ်နေ့ကျတော့ ရှိသမျှ ၃၁-ဘုံအကုန် အားလုံး လောင်စာတွေချည်းပဲ။ မဟုတ်ဘူးလား။ အကုန်လုံး လောင်စာတွေချည်းပဲ။ နှစ်သိန်းလေးသောင်း အပေါင်းအထု ရှိတဲ့ မဟာပထဝီမြေကြီးတောင် လောင်သေးတာပဲ၊ ၃၁-ဘုံမှာ ရှိတဲ့ အရာဝတ္ထုတွေ။

'မှုမှုရရ နင်အားကျလည်း----'

ဘယ်လိုပဲ ချစ်ခင်ချစ်ခင် ဘယ်လိုပဲ အားကျအားကျ ဘယ်လို ယုယယုယ မရဘူးတဲ့။ သေမင်းဆိုတာ ခါးပြနဲ့ တူသတဲ့။ ခါးပြဆိုတာ သူလိုချင်တဲ့ပစ္စည်း ပေးရင်ပေး၊ မပေးရင် ရိုက်တာ။ သူလိုချင်တဲ့ပစ္စည်းပစ္စယတွေ တောင်းရင်ပေးရင်ပေး၊ မပေးရင် ရိုက်တာနှက်တာပေါ့။

'အာရုံဝတ္ထု၊ မီးစာစုကို
မှုမှုရရ နင်အားကျလည်း
ခါးပြသေမင်း၊ သူတပ်နင်းက
မငြင်းဆန်သာ---'

သေမင်းက လာပြီ။ ဇရာတရားက နှိပ်စက် ဗျာဓိက

www.burmeseclassic.com

www.burmeseclassic.com



နှိပ်စက်နဲ့ ခန္ဓာကိုယ်ကြီး၊ ကိုယ့်ကိုယ်ကိုမှ မနိုင်လို့ ဆေးရုံကို သွားပြီး ပါရဂူကြီးတွေ သွားအပ်ပါတယ်။ သူကလည်း မနိုင်၊ ဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

'ဓားပြသေမင်း၊ သူတပ်နင်းက

မငြင်းဆန်သာ၊ နင့်ခန္ဓာသည်

ပြာပုံအပြီး၊ ဖြစ်လုနီးပြီ----'တဲ့။

မီးရှို့ မီးစာ၊ ရေမျှော ရေစာပေါ့။

'ယိုးတိုးယားတား၊ သေ၍သွားသော်---'

တစ်နေ့ကလည်း ယိုးတိုးယောင်တောင်၊ တစ်လလာ လည်း ယိုးတိုးယောင်တောင်၊ တစ်နှစ်လာလည်း ယိုးတိုးယောင် တောင်၊ ဟုတ်တယ်မဟုတ်လား။

(ဟုတ်ပါတယ်ဘုရား။)

'ယိုးတိုးယားတား၊ သေ၍သွားသော်

တရားမကြွယ်၊ အထုပ်ငယ်လျက်---'

အထုပ်ငယ်တယ်-တဲ့၊တရားအားထုတ်မှ ၊ တရားအား ထုတ်မှုရှိမှ အထုတ်ငယ်တယ်လို့ ပြောလို့ရမှာ။ လုံးဝ ဘာမှ မရှိဘဲ မလုပ်ဘဲ တရားကိုအားမထုတ်ဘဲနဲ့ အထုပ်ငယ်တယ်လို့ ပြောစရာရှိသေးလား။

(မရှိပါဘူးဘုရား။)

'အပါယ်စခန်း၊ သွားမြဲလမ်း၌

တပမ်းဟိုက်ဟိုက်၊ တရှိုက်ငင်ငင်

www.burmeseclassic.com

www.burmeseclassic.com


တပြင်ပြိုပြို၊ ဆင်းရဲပိုလျက်
အပါယ်ထိုထို၊ ဥဒဟိုသည်
နင်လိုလူမိုက် သွားလမ်းတည်း-" တဲ့။

ဒါ ဒီရုပ် ဒီနာမ်ရဲ့ အပြစ်တွေပေါ့။ ဟုတ်ရဲ့လား။

(ဟုတ်ပါတယ်ဘုရား။)

အာဒီနဝဉာဏ်တွေပေါ့။ အတိတ်သံသရာကလည်းပဲ ဒီလို ၊ ယခုပစ္စုပ္ပန်ကျလည်း ကိုယ့်ရုပ်နဲ့ကိုယ့်နာမ် တွေပြန်တဲ့ အချိန်၊ ဒီလိုနဲ့ လူလားမြောက်လာတော့ အဲဒီလို တွေကြ ကြုံကြ ရတာနော်။ ရှင်ဘေးလည်း မရပ်ဘူး။ သေဘေးလည်း မရပ်ဘူး။ အင်မတန်ကြောက်စရာကောင်းတာနော်။ အသက်ကလေး ရှင်လာပြန်တော့ မိခင်နဲ့တူတဲ့သူကို မိခင်လို့ ခေါ်၊ ဖခင်နဲ့တူတဲ့သူကို ဖခင်လို့ခေါ်၊ ဦးလေးနဲ့တူတဲ့သူကို ဦးလေးလို့ခေါ်၊ ချစ်ကြ ခင်ကြ၊ ဆိုကြ၊ ပြောကြနဲ့ နေလာလိုက်ကြတာ။ ဒီလိုနဲ့ ဒီပုဂ္ဂိုလ် နောက်ပိတ်ဆုံးသွားတဲ့လမ်းကျတော့ သောက ပရိဒေဝမီးတွေ မလောင်ဘူးလား။

(လောင်ပါတယ်ဘုရား။)

ဒီတစ်ယောက်တည်းမဟုတ်ဘူး။ လူတိုင်းလူတိုင်း ပုထုဇဉ်တိုင်း ပုထုဇဉ်တိုင်း ဒီအတိုင်းပဲ သွားကြရတာမဟုတ်လား။

(ဟုတ်ပါတယ်ဘုရား။)

ဒါကြောင့် ကိုယ့်ရုပ်ကိုယ့်နာမ်ရဲ့အပြစ်တွေကို မြင်အောင် ကြည့်တတ်ရတယ်။ ကိုယ့်ရုပ်ကိုယ့်နာမ်မရှိရင် လောင်စာ ရှိသေးရဲ့လား။

www.burmeseclassic.com



(မရှိပါဘူးဘုရား။)

ကိုယ့်ရုပ်ကိုယ့်နာမ် ဒီအတိုင်းသာဖြစ်နေရင် အေးပါအုံးမလား။

(မအေးပါဘူးဘုရား။)

'ဖြစ်ဖြစ်နေလျှင်၊ မငြိမ်းအေးပင်၊ အစဉ် ဒုက္ခမှတ်။'

တစ်ဘဝလာလည်း ဖြစ်နေဦးမှာပဲ။ ဖြစ်-ဖြစ်နေလျှင် ငြိမ်းပါဦးမလား။

(မငြိမ်းနိုင်ပါဘူးဘုရား။)

ဖြစ်-ဖြစ်နေရင် ဒီဘဝကလည်း ဟိုဘဝဖြစ်ဦးမယ်။ ဟိုဘဝကလာလည်း နောက်ဘဝ ဖြစ်နေဦးမယ်။ ငြိမ်းအေးနိုင်ပါ့မလား။

(မငြိမ်းအေးနိုင်ပါဘူးဘုရား။)

'ဖြစ်ဖြစ်နေလျှင်၊ မငြိမ်းအေးပင်၊ အစဉ် ဒုက္ခမှတ်။'

ဆက်ကာဆက်ကာ ဖြစ်ဖြစ်နေတာတွေဟာ အာဒီနဝ ဉာဏ်တွေ၊ ရုပ်နာမ်ရဲ့ အပြစ်တွေနော်။

(တင်ပါဘုရား။)

ဟို- ဘုရားပစ္စေကဗုဒ္ဓါရဟန္တာတွေ ခန္ဓာအသစ် ရသေးရဲ့လား။

(မရတော့ပါဘူးဘုရား။)

'မဖြစ်ပါမှ၊ ငြိမ်းအေးရ၊ ဒုက္ခအဆုံးသတ်။'

အဆုံးသတ်သွားပြီ။

(တင်ပါဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


မိမိတို့မှာ ဒီဒုက္ခတွေက အဆုံးမသတ်နိုင်သေးဘူး။ ဘယ်လောက်ထိအောင် ပြောင်းရဦးမယ်မသိဘူး။

(တင်ပါဘုရား။)

ဖြစ်ပျက်နေလျှင် ဒီဘဝလည်းဖြစ်၊နောက်ဘဝလည်းဖြစ်၊ ပစ္စုပ္ပန်ဘဝ ယခုဖြစ်နေတာလေ။ ဒီရုပ်နဲ့ဒီနာမ်၊ ဘယ်လောက် အပြစ်တွေများသလဲ။

(တင်ပါဘုရား။)

ခုနေက ပဋိသန္ဓေနေရတဲ့အချိန်၊ မွေးကင်းစ ပုခက် တွင်းကစပြီးတော့လေ။ ခုပစ္စုပ္ပန် အချိန်ကာလအထိလေ။ ကဲ- အနာဂတ်ဘဝ လှမ်းကြည့်လိုက်အုံး။ မတော်တဆ အပါယ် လေးဘုံကိုချော်ကျသွားရင် ဖြီးဖြန်းရော။

မိမိတို့က ယခု ဘုရားတွေဘာတွေ ဖူးထားရတော့ ကြောက်စရာတော့မရှိပါဘူး။ ဘုရား ကြည်ညိုတယ်၊ တရား ကြည်ညိုတယ်။ သဒ္ဒါမတ္တံ ပေမမတ္တံ-တဲ့ အဋ္ဌကထာဆရာက။ အေး- လက်ကိုဆွဲပြီးတော့ နတ်ပြည်ကို တင်သကဲ့သို့တဲ့နော်။

(တင်ပါဘုရား။)

ကြောက်စရာမရှိပါဘူး။ မဋ္ဌကုဏ္ဍလီသတို့သားတောင် ဘုရားကိုကြည်ညိုလို့ တာဝတိံသာနတ်ပြည်ရောက်သွားတာ။ ဗိမာန်ကြီးကလည်းဝင်းဝင်းတောက် တချို့ တစ်ကြိမ်တည်းဦးချ ရုံနဲ့ နတ်ပြည်ရောက်သွားကြတယ်ဗျာ။

အဲဒီလိုဘုရားသာသနာအတွင်းမှာ ဝတ်ချတဲ့ ကုသိုလ် လေးဟာ နတ်ပြည်တော့ ရောက်နိုင်သေးတယ်။ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com


ဒီရုပ်နဲ့ဒီနာမ်ဟာ ကိုယ့်ဟာကိုယ် ထိန်းသိမ်းစောင့်ရှောက်လို့ ဒီအတိုင်းသာသွားမယ်ဆိုရင် ခုနေက လယ်တီဆရာတော်ကြီး ရေးတဲ့'နင့်ရုပ်နင့်နာမ်၊နင့်သဏ္ဌာန်ကို၊ နင့်ဉာဏ်မစူး၊ အပေါ်ဖြူး ၍--- ဆိုတာလို ယခု တရားတွေဘာတွေလုပ်တာ ဘဂ်ဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်တို့ ရလာတာဟာ အပေါ်ယံဖြူး မဟုတ်တော့ဘူး၊ မြင်လာပြီလေ။ ဘေးတွေကမြင်လာပြီ။ ဒါတွေဟာအပြစ်တွေချည်းပဲ။ အဲဒါဟာ အပြစ်တွေချည်းပဲ။ အဲဒါ အာဒီနဝဉာဏ်။

ဥပမာ- တောထဲသွားလာတယ်။ ကျားသစ်တွေ၊တောရဲ တိရစ္ဆာန်တွေရှိတယ်။ မကြောက်ရဘူးလား။

(ကြောက်ရပါတယ်ဘုရား။)

တထိတ်ထိတ်တလန့်လန့်နဲ့၊ ဘီလူးတွေရှိတဲ့အရပ်ကော မကြောက်ရဘူးလား။

(ကြောက်ရပါတယ်ဘုရား။)

အဲဒါလိုပဲ၊ အဲဒါ အာဒီနဝဉာဏ်ပဲ။ ဒီရုပ်နဲ့ဒီနာမ်ဟာ အပြစ်တွေနော်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ခုနေတုန်းက ရွတ်တဲ့အတိုင်း အနေကဇာတိသံသာရံ-စသဖြင့် ဝမ်းမြောက် ဝမ်းသာနဲ့၊ ဒုက္ခာဇာတိပုနပ္ပုန်- ဒီဒုက္ခတွေက လွတ်ပြီတဲ့။

အဲဒီလို ဘုရားရှင်အဖြစ်ရောက်ပြီးတာနဲ့ ဘယ်ကိုအရင် ကြွတုန်း။ ဗိမ္ဗိသာရမင်း လျှောက်ထားတဲ့အတွက် ရာဇဂြိုဟ် ပြည်မှာ အရင်သီတင်းသုံးတယ်။ ဘုရားဖြစ်တော့နော်။နောက်မှ အနာထပိဏ်သူဌေးက သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးဆောက်လုပ်လှူဒါန်းပြီးတော့ ပင့်ဆောင်တာ။

ဘုရားဖြစ်တော်မူတဲ့အခါ ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးတယ်။ နောက် သာဝတ္ထိပြည်ဇေတဝန်ကျောင်းကို အနာထပိဏ်သူဌေးပင့်လို့ ကြွတော်မူတယ်။ ကြွသွားတဲ့အခါမှာ တယ်ကြည်ညိုစရာကောင်းသကိုး။

ဇေတဝန်ကျောင်းတော်သို့ ကြိုဆိုရေးအဖွဲ့ကြိုဆိုကြပုံ၊ ပင့်ဆောင်ရေးအဖွဲ့ ပင့်ဆောင်ကြပုံ ကြည်ညိုရအောင် ပြောပြဦးမယ်။

"ပသေနဒီကောသလမင်းကြီး၏သမီး သုမနဒေဝီနှင့်တကွ အမျိုးသမီး၅၀၀-တို့က ရေပြည့်အိုးပန်းနံ့သာတို့ စွဲကိုင်လျက် ရပ်နေစဉ် ဘုရားရှင်တရားဟော၍ မဂ်ဖိုလ်ရသွားကြလေသည်။ လမ်းမှာတွေ့တာနော်။ ပင့်ဆောင်ရေးအဖွဲ့ အခြားသတို့သမီး ၅၀၀-တို့ကလည်း ဘုရားရှင်တရားဟော၍ မဂ်ဖိုလ်ရသွားကြလေသည်။ ကြိုဆိုရေးအဖွဲ့ အမျိုးသမီးအကြီး (မိန်းမကြီး)များ-ခုနေဟာက အရွယ်ကောင်းကလေးတွေပေါ့နော်။ အမျိုးသမီးကြီး ၅၀၀- တို့ကလည်း လမ်းခရီးအကြား၌ ဘုရားရှင်တရားဟော၍ မဂ်ဖိုလ်ရသွားကြလေသည်။ ထို့အတူ ဥပသကာယောကျ်ားကြီး ၅၀၀-တို့ကလည်း လမ်းခရီးအကြား မဂ်ဖိုလ်ရသွားကြလေသည်။ ဇေတဝန်ကျောင်းတော်မရောက်ခင် လမ်းခရီးအကြားတွင် မဂ်ဖိုလ်ရသွားကြတဲ့သူ (၂၀၀၀) မဂ်ဖိုလ်ရကြ၏။

လမ်းမှာနော်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်မှ-

'အနာထပိဏ်သူဌေးကြီး၏သားမောင်ကာဠနှင့် သူဌေး၅၀၀-တို့က အလဲတော်ကိုကိုင်ဆောင်၍ ပို့ဆောင်တော်မူကြသည်။'

ဘယ်လောက် ကြည်ညိုစရာ ကောင်းသလဲ။ အဲဒီရဲ့နောက်မှ-

'အနာထပိဏ်သူဌေးကြီး၏သမီး စူဠသုဘဒ္ဒါနှင့် မဟာသုဘဒ္ဒါတို့က သူဌေးသမီးပေါင်း ၅၀၀နှင့် အတူတကွ ရေပြည့်အိုးများကိုရွက်ဆောင်လျက် ပို့ဆောင်တော်မူကြသည်။'

စိတ်ထဲကမှန်းကြည့်စမ်း။ တစ်သီတစ်တန်းကြီး။ အဲဒီရဲ့နောက်မှ-

'အနာထပိဏ်သူဌေးကတော်ကြီး ပုညလက္ခဏာဒေဝီနှင့် သူဌေးကတော်ကြီးပေါင်း ၅၀၀-တို့က နံ့သာအမွှေးတို့အပြည့်အစုံနဲ့ ရွှေခွက်ကြီးတွေကို ကိုင်လျက် ပို့ဆောင်တော်မူကြသည်။ အဲဒီရဲ့နောက်က အနာထပိဏ်သူဌေးကြီးက သူဌေးကြီးပေါင်း ၅၀၀-တို့နှင့်အတူ ရှိသေစွာရှိခိုးလို့ ပင့်ဆောင်တော်မူသည်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အားလုံးသော ပရိသတ်တွေကို ရှေ့ကထားပြီး နောက်ဆုံးမှ ရဟန္တာပေါင်းများစွာနဲ့ ဘုရားရှင်၏ ဝါရွှေသောရောင်ခြည်တော်တို့ကို လွှတ်လျက် တောတောင်သစ်ပင် ဟူသမျှတို့နှင့်တကွ အားလုံးသော ပရိသတ်တို့ တဝင်းဝင်းတလက်လက် ဝါရွှေသောအဆင်းတို့ဖြင့် တောက်ပြောင်နေကြလေသည်။

ပရိသတ်တွေ မင်ဖိုလ်ရသွားကြတယ်။

'အတုမရှိ ဘုရားရှင်၏ အသရေတော်ကြီးနှင့် ဘုရားရှင်နှင့်

www.burmeseclassic.com

www.burmeseclassic.com


ရဟန္တာပေါင်းများစွာ ဇေတဝန်ကျောင်းတော်သို့ ဆိုက်ရောက်တော်မူလေသည်။'

ဇေတဝန်ကျောင်းတော်ကြီးရောက်သွားပြီ။ ရာဇဂြိုဟ်ကနေပင့်သွားတာ။ ဘုရားရှင်လက်ထက်ကကိုး။

ဘုရားရှင်လက်ထက်က ပုပ္ဗာရုံကျောင်းတော်၊ ဇေတဝန်ကျောင်းတော်၊ ဝေဠုဝန်ကျောင်းတော်ကြီးတွေ ခု မရှိတော့ဘူး။ နှမြောစရာကောင်းလိုက်တာ။

အဲဒီတော့ ဘင်္ဂလား-ဘယညာဏ် ဘေးတွေ အပြစ်တွေ တွေ့ရဦးမှာပေါ့။

(တင်ပါဘုရား။)

ငြီးငွေ့စရာမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

◆◆◆

www.burmeseclassic.com

www.burmeseclassic.com


# ငါတစ်နေ့သေရဦးမယ်
# (ဘယဉာဏ်)

ဟိုသီလရှင်ကော။

(တွေ့ပါတယ်ဘုရား။)

ဘယဉာဏ်ဆိုတာ ဘေးကိုခေါ်တယ်။ ဘေးဆိုတာ လာခဲ့ရတုန်းကလည်း ဘေးတွေနဲ့လာခဲ့ရတာ။

(တင်ပါဘုရား။)

ပဋိသန္ဓေနေရတယ်ဆိုတာ သက်သာပါ့မလား။

(မသက်သာပါဘုရား။)

အဲဒါ ဘေးကြီးတွေ။ လူဆိုတာ မွေးလို့ တစ်ယောက်ထဲ။ တချို့က နှစ်ယောက်၊ ဗိုက်ထဲမှာ ဘယ်လိုများ နေကြတယ် မသိဘူး။ ဇာတိဘေးကြီး၊ လွန်ခဲ့တဲ့အတိတ်ကလည်း ဒီလိုလာခဲ့ရတယ်။ ခွေးဖြစ်တော့လည်း ၁၀-ကောင်၊ ၈-ကောင်၊ ၆-ကောင်၊ အဲဒီတော့ ဘယ်လိုများနေကြတယ်မသိဘူး။ လူများ တစ်ယောက်ထဲ ပဋိသန္ဓေနေရတဲ့ဘေး၊ ဒါ ဘေးသင့်တာပဲ။ ပုထုဇဉ်ဘဝဆိုတာ ကိုယ်ရောသူရော အကုန်လုံး ဘေးတွေသင့်တာချည်းပဲ။ ကြောက်စရာမကောင်းဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



(ကောင်းပါတယ်ဘုရား။)

အေး-အဲဒီလိုဘေးတွေလွတ်အောင် ယခုလို တရားမင်္ဂ အမွေကို ရအောင်ယူမှ၊ လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်း ပါရမီတွေဖြည့်ပြီး တိုင်းတော်ပြည်တော်ထီးတော်နန်းတော်နှင့်တကွ အဲဒါတွေစွန့်၊ သားနဲ့မယားတွေကိုစွန့်၊ရမှ၊ သုဘ၊ သုရမ္မဆိုတဲ့ ရွှေနန်းစည်းစိမ်ကြီးတွေကို စွန့်ပြီးတော့မှ ဥရုဝေလတောမှာ ဒုက္ကရစရိယာ၆-နှစ်ကြာအောင် ရက်ရက်စက်စက်ကိုယ့်အသက်ကိုပင် မငဲ့ကွက်ဘဲ ကျင့်တော်မူခဲ့တာ။ သစ်ရွက်ခြောက် မြက်ခြောက်လောက်တောင် မနေမြောတော့ဘူး။ သဗ္ဗညုတဉာဏ်တော်ကြီး ရရင်ပြီးရောဆိုပြီး ဒီလို အားထုတ်ခဲ့တာကိုး။ ဘုန်းကြီးတို့ခင်ဗျားတို့ အားလုံး သတ္တဝါတွေအတွက်နော်။

(တင်ပါဘုရား။)

ဒီလို ကယ်ဆယ်မယ့်ပုဂ္ဂိုလ်နဲ့ ဘဝတိုင်းမတွေ့နိုင်ဘူး။ တွေ့နိုင်ပါ့မလား။ မတွေ့နိုင်ဘူး။ ကိုယ့်အသက်ကို သစ်ရွက်ခြောက် မြက်ခြောက်လောက်တောင် ဂရုမစိုက်ဘူးတဲ့။ သေပစေ၊ အဲဒီလိုမျိုး စွန့်စားတော်မူတာ။ ပြုစုမယ့်သူလည်း မရှိဘူး။ မိုးညှင်းဆရာတော်ဘုရားကြီးကို သွားသတိရတယ်။ ဒီကြားထဲ ဖြတ်ပြီးတော့ ပြောလိုက်ဦးမယ်နော်။

ဘုန်းကြီးက ဟိုမောင်ထောင်ယွန်းဆက်မှာနေစဉ်ကပေါ့။ စာသင်တိုက်ကိုး။ ဘုန်းကြီးက ညနေစာချပြီးလို့ စာမေးပွဲဖြေခါနီးတော့ မိုးညှင်းဆရာတော်ကြီးနဲ့ တွေ့ချင်လို့ ကိုယ်နေတဲ့ ကျောင်းကနေ မေတ္တာပို့တယ်။ စာမေးပွဲဖြေလို့ပြီးကြတဲ့နေ့ကျ

www.burmeseclassic.com

www.burmeseclassic.com


တော့သွားကြရော။

ဟိုရောက်သွားတော့ ဆရာတော်ကြီးကျိန်းနေတယ်တဲ့။ ခေတ္တ စောင့်နေရတယ်။ ခဏကြာတော့ ကိုယ်တော်တို့ ကိုယ်တော်တို့ ကြွကြွဆိုပြီး လာပြောလို့ ဆရာတော်ကြီးထံ သွားကြတယ်။ ဆရာတော်ကြီးထံသွားကျတော့ ခုံရှည်ကလေး ခပ်တိုတိုပါ။ ကုတင်တစ်ဝက်လောက်ရှိမယ်။ ဆရာတော်ကြီးက အခန်းထဲက ထွက်လာတယ်။ တောင်ဝှေးကြီးထောက်လို့။ ဩော်-ဒုက္ခဒုက္ခဆိုပြီး ထွက်လာတယ်။ ထွက်လာပြီး ခုံရှည်ကလေးပေါ် တင်ပါးလွှဲလေးထိုင်ပြီး တောင်ဝှေးက ထောက်ထားတယ်။ မေးတာ မေးတာ။

'ဘယ်မြို့ဘယ်ရွာ ဘယ်ဒေသကတွေတုန်း'-တဲ့။

'တပည့်တော်တို့ ဘုတလင်မြို့နယ် မောင်းထောင်ရွာကပါဘုရား'-ဆိုတော့၊ 'ဥက္ကံသဆိုတာ သိသလား'-တဲ့။ ကျောက်ဂူတောရဆရာတော်ကြီးဘွဲ့ ထင်ပါတယ်။ 'သိပါတယ်ဘုရား။ တပည့်တော်တို့ဆရာတော်ပါ' လို့လျှောက်လိုက်တော့၊ မိုးညှင်းဆရာတော်ကြီးက သူနဲ့ရင်းနှီးတယ်တဲ့။

ဒါနဲ့ မိုးညှင်းဆရာတော်ကြီးကို လက်ကန်တော့တင်ရှိခိုးပြီးတော့ လျှောက်တယ်။ 'သာသနာတော်မှာ နေမှုထိုင်မှုကျနမှုရှိအောင် သွန်သင်ဆုံးမ ဩဝါဒ ပေးသနားတော်မူပါဘုရား။ တစ်သဝေမတိမ်း လိုက်နာရန်အသင့်ပါဘုရား'-လို့ အဲဒီလို လျှောက်လိုက်တယ်။

လျှောက်လိုက်တော့ မိုးညှင်းဆရာတော်ကြီးက အမိန့်

www.burmeseclassic.com

www.burmeseclassic.com



ရှိသလဲဆိုတော့-

"ဒါကတော့ ကိုယ်တော်တို့လည်း စာတတ်ဘုန်းကြီးတွေပဲ။ တစ်နေ့ ငါ သေရလိမ့်မယ်လို့ ဒါကလေးသာ အမြဲတမ်းဝင်ထား ပေးပါဘုရား"တဲ့။

ဆရာတော်ကြီးက လက်အုပ်ချီထားတဲ့လက်ကလေးကို ဆုပ်နယ်ဆွဲယူပြီး သူ့အနားကို တိုးပြီးထိုင်ခိုင်းတယ်။ ထိုင်ခိုင်း ပြီးတော့ ဘာတွေဟောသလဲဆိုတော့ တောထွက်ဖို့ရာ ဟော ခဲ့တာ။ 'တစ်နေ့ ငါ တောထွက်မယ်။ တစ်နေ့ ငါ တောထွက် မယ်။တစ်နေ့ ငါ တောထွက်မယ်-လို့ အမြဲတမ်း စိတ်ကဝင်စား ပေးပါ-'တဲ့။ 'တစ်နေ့ကျတော့ ထွက်ဖြစ်သွားမှာပါ'- တဲ့။

စားပွဲကြီးနှစ်ချပ်က ဟိုဘက်က တစ်ချပ်၊ ဒီဘက်က တစ်ချပ်။ ဒီဘက်ကစားပွဲပေါ်မှာ ခုခေတ်လိုဆိုတော့ ပုံတူရုပ်တုပေါ့။ သူ့ရဲ့ငယ်ဆရာ အေးရွှာဆရာတော်ကြီးတဲ့။

"ဟောဒါ တပည့်တော်ရဲ့ငယ်ဆရာ အေးရွှာဆရာတော် ကြီးဘုရား။ ရန်ကုန်တစ်ဖက်ကမ်း ကျောက်တန်းဘက်ကပါ ဘုရား။"

မိုးညှင်းဆရာတော်ကြီးက အဲဒီအေးရွှာက။

'ဟိုဘက်ကရောဘုရား'လို့လျှောက်တော့ "တပည့်တော် တို့ရဲ့ငယ်ဆရာ လယ်တီဆရာတော်ဘုရားကြီးပါဘုရား"တဲ့။ ဆီမီးတိုင်ကြီးတွေက ဖယောင်းတိုင် အကြီးကြီးတွေကွယ့်။ နေ့ဆွမ်းစားပြီး နာရီပြန်တစ်ချက်လောက်မှာ "ဟောဒါက တပည့်တော်ရဲ့ငယ်ဆရာ ကျေးဇူးရှင်အေးရွှာဆရာတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဘုရား။ ပဋ္ဌာနသင်္ဂြိုဟ်ရစကားပေါ်ရပြောရ၊ ကိုရင် ဦးပဉ္စင်းတွေ စာချပေးရ၊ ဒါနဲ့ အစောကချည်းနဲ့ တောထွက်မယ်ဆိုပြီးတော့ ဆင်လွယ်အိတ်ကြီးထဲ သပိတ်တွေဘာတွေအပြည့်အစုံထည့်ပြီး အခန်းထဲချိတ်ထားတယ်။ အဲဒီလိုချိတ်ထားပြီး ဒါလည်းမထွက် ဖြစ်ဘူး။ တစ်နှစ်လာလည်း မထွက်ဖြစ်နဲ့ ကြာတော့ လွယ်အိတ် ကြီးဟာ ပြတ်ကျတော့တယ်။ အမှတ်ရလို့ အခန်းထဲဝင်ကြည့် လိုက်တော့ ဆင်လွယ်အိတ်ကြီးက ပြတ်ကျနေပြီ။ ဒါလည်း တောမထွက်ဖြစ်သေးဘူးကိုယ်တော်ရေ-"တဲ့။

"နောက်တစ်ခါ သားရေအိတ်ကြီးနဲ့ ထည့်စရာတွေ အပြည့်အစုံထည့်လို့ ချိတ်ထားပြန်တယ်။ ဒါလည်း တော မထွက်ဖြစ်သေးဘူးကိုယ်တော်ရေ"-တဲ့။ "ချည်လွယ်အိတ်သာ ဆိုရင် ပြတ်ကျအုံးမှာ"-တဲ့။

အဲဒါ သူ့ရဲ့ငယ်ဆရာ အေးရွာဆရာတော်ဘုရားကြီး တောထွက်ဖို့ရာမလွယ်ကူတဲ့အကြောင်းကို ပြောပြတာ။

"ယခု ကိုယ်တော်ဘယ်နှဝါရှိပြီလဲ"လို့မေးတာနဲ့ တပည့် တော် ၁၇-ဝါပါဘုရားလို့ လျှောက်လိုက်တယ်။

"ဘုန်းကြီး ၁၇-ဝါရအချိန်ကစပြီး တောထွက်လာတာ။ ဘုန်းကြီးက စာသင်သားဘဝကနေ ကြံခဲ့တာ။ စာသင်သားတွေ စကုတိုက်မှာ အုပ်စုလိုက်ရှိတယ်။ စားစရာအစာလည်း ကျွေး မယ်။ သံဃာတစ်ရာလောက်ရှိတယ်။ ကုတင်ခြင်ထောင်လည်း ပေးမယ်။ စာလည်းချပေးမယ်။ ဒီလိုကြံတာကိုယ်တော်ရေ။ ပြီးတော့ စဉ်းစားကြည့်လိုက်တော့ ဩော် ငါ့နှယ် စာလည်းချ

www.burmeseclassic.com

www.burmeseclassic.com


ပေးရသေးတယ်။ ကုတင်ခြင်ထောင် ဒါတွေကလည်း ပြည့်စုံအောင် ပေးရသေးတယ်၊ ကျွေးလည်းကျွေးရသေးတယ်။ ဒီအထဲက မကောင်းတဲ့ကိုယ်တော်အတွက်ကြောင့် အကုသိုလ်ဖြစ်ရဦးမှာပါလား။ နေရာမကျတဲ့ကိုယ်တော်ကို အကြောင်းပြုပြီးတော့ အကုသိုလ်တောင် ဖြစ်ရဦးမှာပါလား။ ဒါနဲ့ အဲသလိုအောက်မေ့ပြီးတော့ အဲဒီတိုက်မှာ စာမချတော့ဘူး ကိုယ်တော်ရေ။ ၁၇-ဝါရတော့ တောထွက်လိုက်တယ်။တောထဲရောက်တော့ကိုယ်တော်ရေ၊ မကျန်းမမာ ဖျားနာလာတဲ့အခါကျတော့ အားငယ်မိတယ်ကိုယ်တော်ရေ။ ပြုစုမယ့်သူကလည်း မရှိဘူး။ နေရတာကတစ်ယောက်တည်း။ ဘာဖြစ်တာတုန်းလို့ မေးမယ့်သူကလည်းမရှိဘူး။ ရေကလေးတစ်ခွက်တောင် ခပ်ပေးမယ့်သူမရှိဘူး။ နောက်တော့ပြန်ပြီးစဉ်းစားလိုက်တယ်။ ဩော်-ငါလိုပဲ တောထဲမှာနေကြတဲ့ ချေတွေ သမင်တွေ စိုင်တွေ ဆတ်တွေ သူတို့လည်း ဝေဒနာဖြစ်ရှာကြတာပဲ။ သေလောက်တဲ့ဝေဒနာဖြစ်ရင် သေရှာကြရတာပဲ။ ဘယ်ဆေးဘယ်ဝါး ဘယ်သမားမှ လာပြီးကုမနေဘူး။ ငါ့မှာ ဆေးလေးဝါးလေးပါလာခဲ့လို့ သူတို့နဲ့စာရင်တော်သေး။အဲဒီလိုစဉ်းစားလိုက်တော့လည်း အားတွေတက်လာမြန်တယ်ကိုယ်တော်။ တောထဲရောက်တော့ ဩဘးတွေနေပုံတွေလေ။

(တင်ပါဘုရား။)

ဒါ ဘယဉာဏ်မဟုတ်ဘူးလား။

(မှုတ်ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


"အေး-ဘေးတွေနေတော့အားငယ်မိတယ် ကိုယ်တော်ရေ" -တဲ့။ "ကိုယ်တော်လည်း တောထွက်ဖြစ်အောင်ကြိုးစားပါ။ တစ်နေ့ ငါတောထွက်မယ်လို့ စိတ်ကိုဝင်စားရင် ကိုယ်တော်လည်း တောထွက်ဖြစ်မှာပါ"-တဲ့။ တိုက်တွန်းတာပါ။

(မှန်ပါဘုရား။)

ဘုန်းကြီးကို တောထွက်ဖို့ တိုက်တွန်းတာ ဒီမိုးညှင်းဆရာတော်ဘုရားကြီး တစ်ပါးတည်းပါ။ တောထဲရောက်တော့ ဘေးတွေတွေ့ပြီကိုး။ ဘေးတွေ့တော့ အားငယ်နေမယ်။ ဟုတ်တာပေါ့။ လူမမာဖြစ်နေရင် ဘယ်သူက လာမေးမတုန်း။ ဘယ်သူမှ လာမမေးတော့ဘူး။ သမားတော်လည်း ဘယ်သူမှ ခေါ်ပေးမလာဘူး။ အေး-အဲဒါ ကိုယ့်ဘဝကိုယ့်ဟာကို လွတ်အောင် ရုန်းရတာနော်။ ဘယ်ပြေးရမှန်းမသိ။ ဘေးမတွေ့တဲ့သူ မရှိဘူး။ ပုထုဇဉ်ဘဝဆိုတာ ဇာတိဘေးကြီးနဲ့လာရတာ။ ဒါ ဘေးသင့်တာမဟုတ်ဘူးလား။ မင်ဘူဏ်ဖိုလ်ဥဏ်နိဗ္ဗာန်ရမှ အေးမှာ။ ကြောက်စရာမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

ပြီးတော့ရော၊ ဇရာဘေးကြီးကလာပြန်ပြီ။ ဒါကြောင့် ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက-

'အမိဝမ်းခေါင်း၊ ဆယ်လအောင်းခဲ့ရပေ၊ပဋိသန္ဓေနဲ့၊ မိခင်ဝမ်းအောင်းရတာ ၁၀-လ။ ဘုရားလောင်းမိခင်ကျတော့ ငါ့သားကလေးချမ်းချမ်းသာသာကျန်းကျန်းမာမာရှိပါစေလို့၊ ဖန်ပေါင်းချောင်ထဲထည့်ထားသလိုပဲတဲ့။ အဲသလိုအမိဝမ်းခေါင်း

www.burmeseclassic.com


ဆယ်လညှောင်းသော် အောင်းခဲ့ရပေ ပဋိသန္ဓေတဲ့။

လူ့ပြည်လူ့ရွာရောက်ပြန်ပါလည်း အိုနာသေရေး ဒုက္ခဘေးကြောင့် စိတ်အေးသူခိုင် မနေနိုင်တဲ့။ စားဝတ်နေရေး အတွက် ရှာကြဖွေကြရနဲ့။ စိတ်အေးလက်အေး ဘယ်သူမှ မနေခဲ့ရဘူး။ ဒါလည်း ဘေးတွေပဲ။

(တင်ပါဘုရား။)

စိတ်အေးသူခိုင် မနေနိုင်ခဲ့ ပိုင်ပိုင်ဒုက္ခ ခံနေရလည်း များလှပါယ်ရွှာ ရောက်ကြရှာ၏ ။ စားဝတ်နေရေးအတွက် ပြေးလိုက်ရလွှားလိုက်ရတာ၊ အဝတ်ဘေးကိုကြောက်တာကိုး။ မကြောက်ဘူးလား။

(ကြောက်ပါတယ်ဘုရား)

ကြောက်တာပေါ့။ ကိုယ်ရောသူရောကြောက်တာပေါ့။ ဆိုင်ဆိုင်ဒုက္ခ ခံနေရလည်း များလှပါယ်ရွှာ ရောက်ကြရှာ၏။ ကဲ ဒီဘဝထက်ဆိုးတဲ့ အပါယ်လေးဘုံကျသွားပါပြီတဲ့ဗျာ။ ပိုကြောက်စရာမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

ဇာတိဘေးကလွတ်လာပြန်တော့ ဇရာဘေး အိုရပြန် နာရပြန်၊ ပြီး ဗျာဓိဘေးကလာပြန်ရော။ ဘေးတွေက အမျိုးမျိုး လာကြတာ။ အိုရတဲ့အထဲ ဗျာဓိဘေးက ထပ်နှိပ်စက်၊ လဲရာ သူခိုးထောင်း၊ ဗျာဓိဘေးက ကိုယ့်ဟာကိုယ်မှ အနိုင်နိုင်ဖြစ် နေတုန်း မရဏဘေးကလာပြန်တော့ ပါသွားရော့ဗျာ။

ဘယ်သမားတော် ဘယ်ဆရာ ဘယ်သားသမီးမှ မတတ်

www.burmeseclassic.com

www.burmeseclassic.com


နိုင်ဘူး။ ၃၁-ဘုံက မလွတ်ဘူး။ ဘုရားပေးတဲ့ဓမ္မအမွေတော်ကို ကိုယ်တိုင်ကိုယ်ကျယူမှ အာမိသအမွေ ပစ္စည်းအမွေကတော့ ဘယ်လောက်ပဲရှိရှိ ဘယ်လောက်ပဲရရ မသေခင်လေး တင့်တင့် တယ်တယ်စားရတယ်။ မသေခင်တောက်တောက်ပြောင်ပြောင် ဝတ်ရစားရ နေရထိုင်ရတာပဲ။ သပ္ပာယဖြစ်တယ်ပေါ့လေ။ သေပြီဆိုတာနဲ့ မရဏာဘေးကြီးနဲ့တွေ့တာနဲ့ အိမ်ကလည်းမထား တော့ဘူး။ ဆွေတွေမျိုးတွေကလည်း မထားတော့ဘူး။ ထားရင်ကော ဝန်းကျင်က လက်သင့်ခံပါ့မလား။

(မခံပါဘူးဘုရား။)

သင်္ခါရချုံ လောကီဘုံဝယ်-ဆိုတာလိုပေါ့။ အဲဒါ ဘယ ဉာဏ်၊ လူတိုင်းလူတိုင်း ပုထုဇဉ်ဟူသမျှ ဇရာဘေး ဗျာဓိဘေး မရဏာဘေး၊ ဒီဘေးတွေဟာ ဟိုအတိတ်ကလည်း ဒီဘေးတွေနဲ့ လာခဲ့ရတာ။ နောင်အနာဂတ်လည်း သွားရဦးမယ့်ခရီးရှည်ကြီး၊ မျှော်ကြည့်စမ်းပါ။ ကြောက်စရာမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

အဲဒီဘေးကလွတ်အောင် ယခုကနေ ကြိုတင်ပြီးတော့ ကိုယ်က ရှောင်ရမှာ။ 'အနာဂတံ ဘယံ ဒိသွာ ဒူရတော ပရိဝဇ္ဇေ။' နောင်တွေ့ရမယ့်ဘေးတွေ၊ တိမ်းလို့မရ ရှောင်လို့မရ ဟုတ်လား။ ပုထုဇဉ်လူသားတွေရဲ့ အိုရခြင်းဘေး၊ နာရခြင်း ဘေး၊ သေရခြင်းဘေးတွေ၊ ရှောင်လို့ရပ့ါမလား။

(မရပါဘူးဘုရား။)

'အနာဂတံ ဘယံ ဒိသွာ ဒူရတော ပရိဝဇ္ဇေ။'

www.burmeseclassic.com

www.burmeseclassic.com



အနာဂတ် ဘယ်- နောင်တွေ့ရမယ့်ဘေးတွေကို။ မလာပေဘူးလား။

(လာပါတယ်ဘုရား။)

ဒူရတော- အဝေးမှ။ ယခု ဝေးသေးတယ်လေ။ အိုရခြင်းနာရခြင်းသေရခြင်းတွေ၊ ယခုကချည်းနဲ့ မရှောင်ရဘူးလား။

(ရှောင်ရပါမယ်ဘုရား။)

လွတ်အောင်ရှောင်ရမှာပေါ့။ အခု ရှောင်နေတာပဲ။ မဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

ဒူရတော။ အဝေးမှ။ ပရိဝဇ္ဇေ။ လွတ်အောင်ရှောင်ကွင်းရာသတည်း။

ယခုဘယညာဏ် ဒုက္ခဘေးတွေကတစ်မျှော်တစ်ခေါ်ကြီး ကြောက်စရာကြီးပဲ။ ဟုတ်ပြီလား။ ဒါကြောင့် ဒီလိုသိတတ်တဲ့ ဘဝကလေးရအောင်ကိုယ့်ဟာကိုကယ်မှ ကိုယ့်ဟာကို ဆယ်မှ၊ ကိုယ့်ဟာကို ရှောင်မှ၊ ရှောင်တာတောင် မလွတ်နိုင်ဘူး။ အေး- တဖြည်းဖြည်းတော့ လွတ်ရမှာပေါ့။ ဒီလိုပဲရှောင်ရတာပဲ။ ဒီကနေ့ ဘယညာဏ်ပြီးတော့ အာဒီနဝညာဏ်။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com



## အာဒီဝနညဏ်

အတီတေသင်္ခါရာ= အတိတ်ရုပ်နာမ်သင်္ခါရတရားတို့သည် နိရုဒ္ဓါ= ပျက်ပြုန်းကုန်ဆုံး၊ ချုပ်ကြလေကုန်၏။

ဟိုဘက်ဘဝက မဆိုထားနဲ့၊ ခုနတုန်းက ဘုန်းကြီးပြောပြောနေတဲ့ ရုပ်နာမ်တွေ ခု မရှိတော့ဘူး။ အရှင်ဘုရားတို့ ဂရုစိုက်ပြီးနားထောင်နေတဲ့ ရုပ်နာမ်တွေရော ခု ရှိသေးလား။

(မရှိတော့ပါဘူးဘုရား။)

နိရုဒ္ဓါ= ပျက်ပြုန်းကုန်ဆုံးချုပ်ကြလေကုန်၏-တဲ့။ ပစ္စုပ္ပန္နာစ= သန္တတိ ပစ္စုပ္ပန် ရုပ်နာမ်သင်္ခါရတရားတို့သည်လည်း။ ဘိဇ္ဇရေ= နှမ်းအိုးကင်းထဲက နှမ်းတွေအလား ပျက်ပြားလေကုန်၏။ အနာဂတာ= အနာဂတ သင်္ခါရတရားတို့သည်။ ဘိဇ္ဇိဿန္တိ= ပျက်စီးပျက်ပြုန်း ချုပ်ဆုံးကုန်လတ္တံ့။ ဧတေသဗ္ဗေ= ထိုအလုံးစုံသော ရုပ်နာမ်သင်္ခါရတို့သည်။ ဘာယိတဗ္ဗကာ= ကြောက်မက်ဖွယ်ရာ ဘေး ဘျမ်းတို့သာတည်း။

www.burmeseclassic.com

www.burmeseclassic.com



ကဲ ကနေ့ အာဒိနဝဉာဏ်ပွားရမယ်။ မနေ့ကအတိုင်းပါပဲ။

"အကြောင်းတရားတွေ ပျက်၍သွားသောကြောင့် သူ့အလိုလို တရိပ်ရိပ်၊တဖွဲဖွဲ တသဲသဲအားဖြင့် ပျက်စီး၍နေသော ရုပ်နာမ်တို့သည် အပြစ်ကြီးပါတကား။ ရန်သူကြီးပါတကား။ အမြဲမရှိ အနိစ္စ၊ အနိစ္စ၊ အနိစ္စ။" အဲဒီလိုပွားကြ။

ဒီကနေ့ ကြိုးကြိုးစားစား အားထုတ်ကြ၊ ပွားများကြ။

(တင်ပါဘုရား)

ဘင်ဉာဏ်၊ ဘယဉာဏ် ပွားခဲ့ပြီ။ ခန္ဓာကိုယ်တစ်ခုလုံး အပျက်ချည်းပဲ တွေ့ခဲ့ရတယ်။

(တင်ပါဘုရား)

ပျက်တာတွေချည်းပဲ တွေ့ခဲ့ရတော့ ဒါတွေဟာ ဘေးတွေပါကလား၊ အပျက်ကို ဘယ်သူ့အလိုရှိမတုန်း။

(အလိုမရှိပါဘူးဘုရား)

ဒါတွေဟာ ဘေးတွေပဲ။ အဲဒါ ဘယဉာဏ်တွေ မြင်လာတယ်။ ဘေးတွေဖြစ်တာ၊ ဘာလုပ်လို့ ဖြစ်ရတာတုန်း။ ဒီရုပ်နဲ့ ဒီနာမ် ရှိသေးလို့ပေါ့။

ဘုန်းကြီး ကန္နီမှာ တရားအားထုတ်ပြီးတော့ ဆရာတော်ထံက ပြန်မယ်လုပ်တော့ ကန္နီဆရာတော်ကြီးက ဘာမိန့်လည်းဆိုတော့ "ဒီရုပ်ကြီးအမှီပြုပြီးတော့ ခန္ဓာကိုယ်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ခိုင်းစေလို့ရ တုန်း ခိုင်းရမှာပေါ့။ ခန္ဓာကိုယ်ကြီးကို အမှီပြုပြီးတော့ ဒေါသမထွက်အောင်လုပ်”တဲ့။

(တင်ပါဘုရား)

ဘယ်လောက်ကောင်းသလဲ။ ခန္ဓာကိုယ်ကြီးကို ကိုယ်က မခိုင်းရင် သူများအခိုင်းခံနေရမယ်။ ကိုယ့်ခန္ဓာကိုယ်ရှု ကိုယ်ခန္ဓာ ကိုယ်ခိုင်း၊ ဒါမှ တရားစစ် တရားမှန်တွေ မြင်ရတွေ့ရမှာ။

(မှန်ပါဘုရား)

သားရဲတိရစ္ဆာန်တွေ ထူပြောတဲ့ တောထဲတစ်ယောက်တည်း သွားဝံ့ပါ့မလား။

(မသွားဝံ့ပါဘုရား)

ဘာလို့တုံး။

(ကြောက်လို့ပါဘုရား)

ကြောက်ရမှာပေါ့။ မကြောက်ရင် ကျားစာ၊ ခြင်္သေ့စာ ဖြစ်သွားမှာပေါ့။

ကိုယ့်ကိုသတ်မယ့်ရန်သူနဲ့ ရင်ဆိုင်တွေ့ရင်လည်း မကြောက်ရဘူးလား

(ကြောက်ရပါတယ်ဘုရား။)

အဲဒါလိုပေါ့၊ ကိုယ့်ခန္ဓာကိုယ်ကို ဖိစီးနှိပ်စက်နေတဲ့ ဇာတိ ဇရာ မရဏတရားကြီးတွေက အမျိုးမျိုးအဖုံဖုံ ဒုက္ခပေးနေတာ။ သံသရာတစ်လျှောက်လုံး၊ လုံးလည်လိုက်ပြီး ဝဲလှည့်နေ

www.burmeseclassic.com

www.burmeseclassic.com



တာ ဒုက္ခကို ဒုက္ခမှန်းမသိလို့ သာယာနေတာ တပ်မက်စွဲလန်းနေတာ။

ဒါတွေကို သာယာမှုမရှိ၊ တပ်မက်မှုမရှိ၊ တကယ့်ဒုက္ခဆင်းရဲဆိုတာ အမှန်သိလာတဲ့အခါကျတော့ ဒီဒုက္ခတွေကို လိုချင်ပါဦးမလား။

(မလိုချင်တော့ပါဘုရား)

ဘာကြောင့်မလိုချင်တာလဲ။

(အပြစ်တွေမြင်လာလို့ပါဘုရား)

အေး ရုပ်နာမ်ခန္ဓာရဲ့အပြစ်တွေ မြင်လာတော့ ကြောက်လန့်လာတာပေါ့။ အဲဒါ အာဒီနဝဉာဏ်ပဲ။

ကလလရေကြည်တည်ချိန်ကစပြီး ပဋိသန္ဓေတစ်လျှောက်လုံး၊ မွေးရာက သေတဲ့အထိ ပဝတ္တိရုပ်နာမ်တွေဟာ အဆက်မပြတ် ဒုက္ခတွေချည်းပဲ။ ဇာတိ ဇရာ မရဏဆိုတဲ့ မီးဘေးကြီးတွေက တငွေ့ငွေ့လောင်ကျွမ်းနေတာ။

ဒါတွေဟာ အပြစ်တွေပေါ့။ ရန်သူကြီးတွေပေါ့။ ဘာတစ်ခုမှ မက်မောတွယ်တာ သာယာစရာမရှိတဲ့ ခန္ဓာကိုယ်ကြီး၊ အနှစ်သာရမရှိတဲ့ ခန္ဓာကိုယ်ကြီး။

ဒီရုပ်နာမ်ခန္ဓာတွေမှာ ဖြစ်နေတဲ့ဒုက္ခဟူသမျှ မရှိရင်ကောင်းမှာပဲ ဒီ ဒုက္ခကလွတ်ရင် ကောင်းမှာပဲလို့ ကိုယ့်ဉာဏ်ထဲ ထင်မြင်လာရင် အာဒီနဝဉာဏ်ဖြစ်လာတော့တာပဲ။

ကဲ ကြိုးစားပြီး အာဒီဝနဉာဏ် ထင်မြင်အောင်မွှားကြ. . .။

သာဓု သာဓု သာဓု

♣ ♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



## နိဗ္ဗိန္ဒဉာဏ်

"အကြောင်းတရားတွေ ပျက်၍ နေသောကြောင့် သူ့အလိုလို တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် ပျက်စီး၍နေသော ရုပ်နာမ်တို့သည် ပျင်းစရာကြီးပါတကား။ ငြီးငွေ့စရာကြီးပါတကား။ အမြဲမရှိ အနိစ္စ၊ အနိစ္စ၊ အနိစ္စ။"

ယနေ့ နိဗ္ဗိန္ဒဉာဏ်ပွားတော့ ဘယ်လိုတွေ့သလဲ။

(အတ္တရုပ်ကို စရှုပါတယ်ဘုရား။ အပျက်တွေပဲ တွေ့ပါတယ်ဘုရား။ ကြည်နူးစရာ သာယာစရာ ဘာတစ်ခုမှ မတွေ့ပါဘူးဘုရား။ ငြီးငွေ့စရာတွေချည်းသာ တွေ့နေရပါတယ်ဘုရား။)

ငါ - မတည်မြဲဘူးပေါ့။ အေး- ဘာတစ်ခုမှ မမြဲဘူး။ ငါ-က မြဲတယ်လို့ထင်နေတာကိုး။ နိစ္စဓူဝ ဖြစ်ဖြစ်ပြီးရင် ပျက်ပျက်နေတာ၊ နိဗ္ဗန္ဒဆိုတာ ငြီးငွေ့စရာကြီး။

နောက်တစ်ယောက်ရော။

(ရုပ်တွေဟာ ဖြစ်ပျက်သဘောကို ဆောင်နေပါတယ်ဘုရား။ အမြဲတမ်း ဖြစ်ပြီး ပျက်ပျက်နေတဲ့သဘောကို တွေ့နေရပါတယ်ဘုရား။ ရုပ်ကြီးကြည့်ပြီး ဖြစ်ပျက်နေရတာပါလားလို့ ငြီးငွေ့နေမိပါတယ်ဘုရား။)

အားကိုးစရာများတွေ့သေးလား။

(မတွေ့ပါဘူးဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ဘာတစ်ခုမှ စိတ်ချမ်းမြေ့စရာမရှိဘူး။ ငြီးငွေ့စရာတွေချည်းပဲ။ အားလုံးကိုခြုံပြီးကြည့်လိုက်တော့ ကာမ၁၁-ဘုံ လူ့ဘုံ နတ်ဘုံအကုန်လုံး အဲဒီလိုဖြစ်နေကြရတယ်။ငြီးငွေ့စရာကြီး။ ဒီဘဝကို ဘယ်ဘဝက လာခဲ့မှန်းမသိဘူး။

(တင်ပါဘုရား။)

ဟိုဘက်ဘဝကလည်း ဘယ်ဘဝက လာခဲ့ရတယ်လို့ မသိဘူး။ ဟိုဘဝ ဟိုဘဝနဲ့ ဆက်ကာ ဆက်ကာ ဖြစ်လာတာ မဟုတ်လား။ ဘုရားသာသနာနဲ့ တစ်ကြိမ်တစ်ခါ တွေ့ရလို့ အမြင်မှန်ကလေးတွေ ရလာကြရတာ။ အဝိဇ္ဇာက အမြဲတမ်း ရှိနေတာ။ အမြဲတမ်းဖုံးနေတာ။ ဒါကြောင့် အဝိဇ္ဇာ-တဏှာ၊ အဝိဇ္ဇာကဖုံးနေတော့ တဏှာက ဘာမဆိုရချင်တယ်။ ဘာမဆို လိုချင်တယ်။ တပ်မက်တယ်။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဘာမှ ငြီးငွေ့တယ်ရယ်လို့မရှိဘူး။ အသက်တစ်ရာ နေရပေမယ့် ဘယ်သူမှမတွေ့နိုင်ဘူး။ မတွေ့နိုင်ရင် ဒီလိုပဲ ဘဝတွေ ဆက်ကာဆက်ကာ သွားနေမှာပဲ။ ဘုရားသာသနာတော်နဲ့ မတွေ့ရတဲ့ဘဝများ ဘယ့်နှယ်နေမတုန်း။ အဝိဇ္ဇာအတုံးအခဲကြီးတွေ၊ လောဘ အတုံးအခဲကြီးတွေ၊ ဒေါသ အတုံးအခဲကြီးတွေ၊ မောဟ အတုံးအခဲကြီးတွေ၊ ဒိဋ္ဌိအတုံးအခဲကြီးတွေကို ဖြိုဖျက်ဖို့ မခဲယဉ်းဘူးလား။

(ခဲယဉ်းပါတယ်ဘုရား။)

ခဲယဉ်းတာပေါ့။ တစ်သံသရာလုံးကပါလာခဲ့တဲ့ အတုံးအခဲကြီးတွေ။ ဟုတ်ရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



အားကိုးစရာများတွေ့သေးလား။

(မတွေ့ပါဘူးဘုရား။)

ဘဝတစ်ခုမှ စိတ်ချမ်းမြေ့စရာမရှိဘူး။ ငြီးငွေ့စရာတွေချည်းပဲ။ အားလုံးကိုခြုံပြီးကြည့်လိုက်တော့ ကာမ၁၁-ဘုံ လူ့ဘုံနတ်ဘုံအကုန်လုံး အဲဒီလိုဖြစ်နေကြရတယ်။ငြီးငွေ့စရာကြီး။ ဒီဘဝကို ဘယ်ဘဝက လာခဲ့မှန်းမသိဘူး။

(တင်ပါဘုရား။)

ဟိုဘက်ဘဝကလည်း ဘယ်ဘဝက လာခဲ့ရတယ်လို့မသိဘူး။ ဟိုဘဝ ဟိုဘဝနဲ့ ဆက်ကာ ဆက်ကာ ဖြစ်လာတာ မဟုတ်လား။ ဘုရားသာသနာနဲ့ တစ်ကြိမ်တစ်ခါ တွေ့ရလို့ အမြင်မှန်ကလေးတွေ ရလာကြရတာ။ အဝိဇ္ဇာက အမြဲတမ်း ရှိနေတာ။ အမြဲတမ်းဖုံးနေတာ။ ဒါကြောင့် အဝိဇ္ဇာ-တဏှာ၊ အဝိဇ္ဇာကဖုံးနေတော့ တဏှာက ဘဝမဆိုရချင်တယ်။ ဘဝမဆိုလိုချင်တယ်။ တပ်မက်တယ်။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဘာမှ ငြီးငွေ့တယ်ရယ်လို့မရှိဘူး။ အသက်တစ်ရာနေရပေမယ့် ဘယ်သူမှမကျွေနိုင်ဘူး။ မကျွေနိုင်ရင် ဒီလိုပဲဘဝတွေ ဆက်ကာဆက်ကာ သွားနေမှာပဲ။ ဘုရားသာသနာတော်နဲ့ မတွေ့ရတဲ့ဘဝများ ဘယ့်နှယ်နေမတုန်း။ အဝိဇ္ဇာအတုံးအခဲကြီးတွေ၊ လောဘ အတုံးအခဲကြီးတွေ၊ ဒေါသ အတုံးအခဲကြီးတွေ၊ မောဟ အတုံးအခဲကြီးတွေ၊ ဒီအတုံးအခဲကြီးတွေကို ဖြိုဖျက်ဖို့ မခဲယဉ်းဘူးလား။

(ခဲယဉ်းပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


ခဲယဉ်းတာပေါ့။ တစ်သံသရာလုံးကပါလာခဲ့တဲ့ အတုံး အခဲကြီးတွေ။ ဟုတ်ရဲ့လား။

(ဟုတ်ပါတယ်ဘုရား။)

ဒါကို မဖြိုနိုင်သေးဘူး။ နောက်ထပ် အသစ်က လိုချင်နေသေးတာ။

(တင်ပါဘုရား။)

အဲဒါကြောင့်ခက်တာ။ သမုဒယကြောင့်ပေါ့။ '၃၁-ဘုံ၊ အလုံးစုံ၊ တဏှာအုံကြီးပဲ။'

ဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

ဘာမဆိုလိုချင်တာကိုး။ အဲဒါကြောင့် ဖြစ်ရင်ပျက်ရက်ပဲ။

သီလရင်ကရော ဘာတွေ့သလဲ။

(တပည့်တော်မရဲ့ ခန္ဓာကိုယ်ကို စစ်လိုက်တဲ့အခါမှာ ခံသာတဲ့ဝေဒနာ နဲ့ မခံသာတဲ့ဝေဒနာ ၂-မျိုးပဲရှိတယ်ဘုရား။ အဲဒီ ၂-မျိုးဟာ တရစပ် နှိပ်စက်နေတယ်ဘုရား။)

ဘဝ တစ်သံသရာကြီးလျှောက်စမ်းပါ၊ စားဝတ်နေရေး တွေနဲ့ ပြေးနေရတာ မဟုတ်ဘူးလား။

(တင်ပါဘုရား၊ ဟုတ်ပါတယ်။)

ဌေးတဲ့သူကလဲ ဌေးတဲ့ ဒုက္ခ၊ မွဲတဲ့သူကလဲ မွဲတဲ့ဒုက္ခ ဟုတ်ဘူးလား။

(တင်ပါဘုရား။)

ဝိစိကိစ္ဆာတွေ သူ့နေရာနဲ့သူပဲ၊ဘယ်သူမှ မချမ်းသာဘူး။

www.burmeseclassic.com

www.burmeseclassic.com


ပစ္စည်းဥစ္စာတွေပဲ ချမ်းသာကြတာ၊ စိတ်ကတော့ မချမ်းသာဘူး။

(တင်ပါဘုရား။)

ယခုလို တရားအားထုတ်နေရတော့ စိတ် မချမ်းသာဘူးလား။

(စိတ်ချမ်းသာပါတယ်ဘုရား။)

တရားအားထုတ်ပြီး မနက်ကို ဒင်ဒင်ခေါက်လိုက်တာနဲ့ ထမင်းစားရတယ်။

(တင်ပါဘုရား။)

ဘာပူရသေးသလဲ၊

(ဘာမှ မပူရပါဘူးဘုရား။)

ပန်းကန်ပြားကလေးကိုယ်စီ စားလိုက်ရုံပဲမဟုတ်လား။

(တင်ပါဘုရား။)

ကိုင်း - ဘယ်လောက်ကောင်းလိုက်သလဲနော်၊ ကိုင်း- ဒါနဲ့ နိဗ္ဗာန်မရသေးဘူး။ အေး-ဒါကလေးတောင် ဘယ်လောက် ချမ်းသာသလဲ။

(တင်ပါဘုရား။)

ဒါ ဘယ်သူ့ကျေးဇူးလဲ။ ဘုရားကျေးဇူး။

(ဘုရားကျေးဇူးပါဘုရား။)

အေး- ဘုရားကျေးဇူး၊ တရားကျေးဇူး၊ သံဃာတော်ရဲ့ ကျေးဇူးတွေ၊ ဟုတ်ပြီလား။

(တင်ပါဘုရား။)

ဘုရားပွင့်လာတော်မူတော့ကို အစီးအပွားတွေရော

www.burmeseclassic.com

www.burmeseclassic.com



မရဘူးလား။ သုခါနဲ့၊ မချမ်းသာဘူးလား ယောဂီတွေ။

(တင်ပါဘုရား။)

အစီးအပွားတွေလည်းရတယ်၊ တရားတွေကလည်း ချမ်းသာရတယ်။ အေးဗျာ နေတတ်ရင် ချမ်းသာတယ်ဗျာ။

သံသရာအတွက်လဲကြည့်၊ သံသရာဆိုတဲ့ ခရီးရှည်ကြီးကလည်း ကိုယ့်အတွက်ပဲ မဟုတ်လား။

(တင်ပါဘုရား။)

အေး--- ဒီလမ်းကလည်း ဘုရားပွင့်လာမှ ရှိတာ. . ။

(တင်ပါဘုရား။)

ခုဆို ဟိုသွား-ဒီသွား၊ ဟိုရောက်-ဒီရောက်၊ ဒါးတွေရောက် အကုန်အလုံးစုံ ဖြစ်နေတာ ။ ကဲ- အဲဒီလမ်းမျိုးက ဖြစ်လွယ်တယ်မဟုတ်လား၊ ဒီလမ်းကမလွယ်ဘူး၊ ဘုရားတစ်ဆူတစ်ဆူ ပွင့်မှ ဒီလမ်းမတော်ကြီးက ပေါ်ပေါက်တာ။ ဘုရားတစ်ဆူတစ်ဆူ ပွင့်ဖို့ရာဆိုတာ တိုင်းတော်ပြည်တော်ထီးတော်နန်းတော်နှင့်တကွ သားသမီး၊ သားမယားတွေကို စွန့်လို့၊ ကိုယ့်အသက်ကိုလည်း သစ်ရွက်ခြောက်၊ မြက်ရွက်ခြောက်လို ငဲ့ကွက်ခြင်းမရှိပဲနဲ့ ကျင့်ကြံအားထုတ်ရတာ၊ အဲဒီလိုတွေ စွန့်စားရတာ။ အဲဒီလိုတွေစွန့်ပြီးမှ ဘုန်းကြီးတို့ လူတွေကို ကယ်တင်ခဲ့ရတာ။

(တင်ပါဘုရား။)

အဲဒီလိုကယ်မှ သံသရာကလွတ်မှာ။ အဲဒီလိုမကယ်ရင် သံသရာက မလွတ်ဘူး ။ မခဲယဉ်းဘူးလား၊ ခဲယဉ်းပါတယ်

www.burmeseclassic.com

www.burmeseclassic.com


ဘုရား၊ ဘာကြောင့် ခဲယဉ်းရတာလဲ ၊ ဟင်- ပြောကြပါအုံး။

အဝိဇ္ဇာတဏှာကြောင့် ခဲယဉ်းရတာ ။ ဒီတဏှာ သမုဒယကြောင့်ပဲ ၊ ငါမရှိရင်မဖြစ်ဘူး၊ ကလေးတွေက ရှိတဲ့ လူကို ပြောတာ။

(တင်ပါဘုရား။)

သားသမီးတွေ အဲဒါကြောင့်တဏှာဖြစ်ရတာ။ ခွေးတွေ ကိုလည်း ကြည့်စမ်းပါအုံး၊ ခွေးကလေးတွေက တစ်နေရာ၊ ခွေးမကြီးက တစ်နေရာရှိနေပေမဲ့ ခွေးကလေးတွေအနားသွား ကြည့်စမ်းပါလား။ ခွေးမကြီးကိုက်တော့မလို ထလာတာပဲ။ ဟုတ်ဘူးလား။

(ထလာပါတယ် ဘုရား။)

ဒါ တိရစ္ဆာန်။

(တင်ပါဘုရား။)

အဲဗျာ ဒါ သူ့ရဲ့သမုဒယကြောင့်ပေါ့ကွ။

(တင်ပါဘုရား။)

ဖြစ်ရာဘုံဘဝမှာ ဒီအတိုင်းချည်းပဲ သွားတာ။

ဒါကြောင့် တိပိဋကဦးဝိစိတ္တက ရေးထားတာ၊ 'လွတ်အောင် ရုန်းထွက် ပြေးပါလျက်လည်း လက်နက်ကိုယ်စီ ပြေးကိုင်ချည်၍-' ဟုတ်ပြီလား။ လက်နက်၊ မြေလက်နက်၊ အိမ်၊ လယ်ယာ ကိုင်းကျွန်း၊ ရွှေငွေကျောက်သံပတ္တမြား အကုန် လုံးပေါ့။

'ပြေးပါလျက်လည်း လက်နက်ကိုယ်စီ ပြေးကိုင်ချည်၍

www.burmeseclassic.com

www.burmeseclassic.com



လောကီခန္ဓာ ငါးဖြာဟူသော မိဘများလည်း တဏှာခေါ်မှတ် တွင်းလူသတ်တို့ ထက်ကြပ်မကွာ ကပ်လျက်ပါ၏-' ကြောက်စရာ မကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

အေး----တဏှာလောဘ၊ လောဘရဲ့သတ္တိ နေဘယ်လောက်ပူပူ၊ ကျောကိုအရေစုတ်အောင် ပူပါစေ၊ ပူတယ်လို့ကို မထင်ဘူး၊ မခက်ဘူးလား ။

(ခက်ပါတယ်ဘုရား ။)

တဏှာခေါ်မှတ် တွင်းလူသတ်တို့ လိုက်ရမှာ။ ဒါတွေဟာ အစမထင် သံသရာကနေ ပါလာတာ- အခုကော ရှိနေလို့လား။

(ရှိပါတယ်ဘုရား။)

နောက်ဘဝလည်း သူလာအုံးမှာမဟုတ်လား။

(တင်ပါ။)

မလိုက်ခဲ့နဲ့လို့ ပြောလို့ရပ့ါမလား။

(မရပါဘုရား။)

ကြည့်စမ်း- 'တဏှာခေါ်မှတ် တွင်းလူသတ်တို့ ထက်ကြပ်မကွာ ကပ်လျက်ပါ၏-' လွတ်အောင်ရှုန်းလို့ မရဘူးမဟုတ်လား။

(တင်ပါဘုရား။)

သိရက်သားနဲ့ မရဘူးမဟုတ်လား။

(မရပါဘူးဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ရှေးက အဘိုးကြီးတယောက်ရှိတယ်။ ဖိုးသာခင်တဲ့၊

(တင်ပါဘုရား။)

ပြောင်းခင်းနေရာတွေရှိတာကိုး ရှေးတုန်းက၊ယခုခေတ်တော့ ပြောင်းခင်းတွေ မရှိတော့ပါဘူး။

(တင်ပါဘုရား။)

ကြက်တူးရွှေတွေက အုပ်လိုက်အုပ်လိုက်ကျတယ်၊ နေကြီးကလည်း မြေကြီး ကမ်းပါးကြီးတွေ ခြောက်၊ ကြက်တူရွေး တသုတ်ပြန်သွား၊ နောက်တသုတ်ကရောက်လာ- ခြောက်ပြန်ရော၊ ခြောက်လို့က မနိုင်ဘူး၊ တရစ်တလူခေါ်ရတာပေါ့။ ကြက်တူရွေးတွေဘာတွေ ခြောက်ဖို့ စင်ကလေးပေါ့၊ စင်ကလေးလုပ်ထား။ အဲဒီစင်ကလေးမှာသံပုံးကလေးချိတ်ထား၊ သံပုံးကြီးနဲ့က ခြောက်ဖို့ပေါ့လေ၊ ဒါပေမဲ့ မနိုင်ဘူး ပြောင်းဖူးစားတာကိုး၊ တချို့လဲပဲ ပြန်တက်သွားတာ မရှိတော့ဘူး။ ဒီတော့ ငါ ဒီစင်ပေါ်တက်ပြီး ခြောင်းမှပဲ၊ ငါမနိုင်တော့ဘူး။ အဲဒီတော့ စင်မြင့်ပေါ်တက်တယ်။ အမယ်လေး - ယိုင်ယိုင်နဲ့ တက်ပါလေရောဗျာ။ အမယ်လေး- ယိုင်တယ်ဆိုတာ သူသိတယ်လေ--၊ သိသိကြီးနဲ့ ယိုင်ယိုင်ကြီးကို တက်နေတာပဲ။ အဲသလိုပဲမဟုတ်လား။

(ဟုတ်ပါတယ်ဘုရား။)

မခက်ဘူးလားဒကာကြီးရဲ့။ နိဗ္ဗာန ငြိမ်းငွေ့စရာကြီး၊ နိဗ္ဗာနညာဏ်။ပြီးတော့ဘာလဲ၊ မုဉ္စိတုကမျတာညာဏ်၊ အဲဒီ မုဉ္စိတုကမျတာညာဏ်ကနိဗ္ဗာန်တံခါးဝရောက်လုနေပြီတဲ့ဗျာနော်-

www.burmeseclassic.com

www.burmeseclassic.com



စာအလိုအရ။

နောက်တစ်ယောက်။ ဘာတွေဖြစ်တုန်း။

(ရုပ်နာမ်တွေဖြစ်နေတာကို ကြည့်ပါတယ်ဘုရား။ ကြည့်တော့ ဖြစ်ပျက်နေတာကိုတွေ့ပါတယ်ဘုရား။ ဖြစ်ပျက်နေတာတွေတော့ ငြီးငွေ့ပါတယ်ဘုရား။ ငြီးငွေ့တော့ ပျင်းလာပါတယ်ဘုရား။ ရုပ်နာမ်တွေဟာ ဖြစ်လိုက်ပျက်လိုက် သူ့အလိုလို ချုပ်ငြိမ်းနေတာကို တွေ့ရပါတယ်ဘုရား။)

အဲဒါတွေတွေ့တော့ ဘဝသံသရာကြီးချုံကြည့်လိုက်တော့ ၃၁-ဘုံ လူ့ဘုံနတ်ဘုံ ငြီးငွေ့ပြီး ပျင်းစရာမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

စကြာမင်းကြီးလည်း ဖြစ်ခဲ့ရပြီ။ ဘုရင်ဧကရာဇ် မဖြစ်ဖူးတဲ့လူ မရှိဘူး။ ဒါလည်းပဲ နောက်ထပ် ဖြစ်ချင်နေတာပဲမဟုတ်ဘူးလား။

(တင်ပါဘုရား။)

ဖြစ်ပြန်ရင် ဒုက္ခဖြစ်ပြန်အုံးမှာပေါ့။ မဟုတ်ဖူးလား။

(ဟုတ်ပါတယ်ဘုရား။)

ဒုက္ခ။ 'ဒုက်'ဆိုတာ ရိုက်တာပဲ။ မရိုက်ဘူးလား။

(ရိုက်ပါတယ်ဘုရား။)

ဒုက်။ဆိုတာ ရိုက်တာပေါ့။ ရိုက်ပေမယ့် တော်ရုံတန်ရုံ ရိုက်လို့ နာတယ်မထင်ဘူးပေါ့။ ဒုတ်ပြီးဓားပြီးပေါ့။ တော်ရုံတန်ရုံရိုက်ရင် နာတယ်မထင်ဘူး။ ဒါ ဘယ်သူ့သတ္တိတုန်း။ တဏှာ-သမုဒယရဲ့သတ္တိပေါ့။ အဲထိုးခံနေရတဲ့သူဟာ နေ့စဉ်နဲ့

www.burmeseclassic.com

www.burmeseclassic.com


အမျှ နှိပ်စက်နေတာလေ။ ဇာတိမီးတွေ တညီးညီးလောင်နေတာ။ လောင်တယ်မှထင်ဘူး။ မမြင်ရဘူးလေ။ တငွေ့ငွေ့နဲ့လောင်နေတာ။ ဘယ်မြင်ရမလဲ။အဘိဓမ္မာရဲ့ သဘောတရားတွေ။ လာနေတာပဲ။ မသေနိုင်ဘူး။ လာနေတာပဲ။ တရွေ့ရွေ့နဲ့အိုပြီးလာတော့ မျက်စိက မမြင်နိုင်တဲ့အခြေအနေရောက်လာမှလူကတော့ အတော်အိုနေပြီ။ အဖိုးကြီးအိုကြီးပါ။ ခါးကလည်းကိုင်းနေပြီ။ နားကလည်းထိုင်းနေပြီ။ သွားတွေကလည်း ကျိုးနေပြီ။ တုန်တုန်ချိချိ အမယ်အိုကြီးဘဝ။ ဒါကတော့ လူမျက်စိနဲ့မြင်တာကိုး။

အဘိဓမ္မာသဘောတရား၊ ဓမ္မသဘောတရား မျက်စိနဲ့ကျတော့ မမြင်နိုင်ဘူး။ မမြင်နိုင်လို့ ခက်နေတာပေါ့။ ဘုရားသာသနာတော်နဲ့ တွေ့ပြီး လိုက်နာကျင့်သုံးမှ ဪ- ငြီးငွေ့စရာ ကောင်းလှပါကလား၊ သံသရာအဆက်ဆက်ကလည်း အိုခဲ့ရပြီ၊ နာခဲ့ရပြီ၊ သေခဲ့ရပြီ၊ ကြီးပွားနေရင်လည်း သေရအုံးမှာပါကလား။ ရှောင်လွှဲလို့မရဘူး။ ရပ့်မလား။

(မရပါဘူးဘုရား။)

ခု- တရားနဲ့ရှာနေကြတာလေ။ သံသရာက မလွတ်သေးသော်လည်းပဲ ချမ်းသာတဲ့သုဂတိဘဝကို ရနိုင်တာပေါ့။ ဒီဘဝနဲ့မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရသွားလို့ရှိရင်။

'ချစ်သားအာနန္ဒာ. . .၊ ငါ့လက်သည်းခွံပေါ်က မြေမှုန့်နဲ့ ဟောဒီ မဟာပထဝီမြေကြီးကမြေမှုန့် ဘယ်ဟာက ပိုများသလဲ-'လို့ မေးတော့၊ အရှင်အာနန္ဒာက-

www.burmeseclassic.com



'ဘုရားရှင်ရဲ့လက်သည်းခွံပေါ်က မြေမှုန့်နဲ့ မဟာပထဝီပေါ်ကမြေမှုန့်တို့ဟာ မနိုင်းယှဉ်နိုင်လောက်အောင် ကွာခြားလွန်းလှပါတယ်ဘုရား-'လို့ လျှောက်တင်လိုက်တယ်။

ဒီတော့ ဘုရားရှင်က-

'အေး- သောတာပန်အဆင့်လောက်ရှိတဲ့ပုဂ္ဂိုလ်တွေဟာ ငါ၏လက်သည်းခွံပေါ်မှာရှိတဲ့ မြေမှုန့်လောက်ပဲရှိတယ်-'တဲ့။ မဟာပထဝီမြေပြင်မှာရှိတဲ့ မြေမှုန့်တွေက အဲဒီအဆင့်အတန်းမရောက်သေးလို့ပေါ့။ ပုထုဇဉ်တွေပေါ့။ ဒုက္ခတွေကပ်နေတုန်း။ သောတာပန်အဆင့်လောက် ရောက်သွားရင်တောင် လက်သည်းခွံပေါ်မှာရှိတဲ့ မြေမှုန့်လောက်ပဲ ကျန်တော့တယ်။ သူလိုကိုယ်လိုပုထုဇဉ်က ဘယ်အရိယာဖြစ်နိုင်မတုန်း။ကြောက်စရာမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား။)

'ဒုက္ခတွေကြဲ့၊ ဤလူ့ဘုံ၊ အကုန်စဉ်းစားကွယ်။'

ဒုက္ခဆိုတာ ဘယ်လိုမှ ရှောင်ကွင်းလို့မရဘူး။ ခွေးတွေ ငှက်တွေ ကြက်တွေ တိရစ္ဆာန်တွေကြည့်စမ်းပါလား။ ဘယ်ဘုံရှိနေသလဲ။ တောထဲမှာနေရှာကြတဲ့ ချေတွေ စိုင်တွေ သမင်တွေ ဖွတ်တွေကော သူတို့အစာရှာစားရတာ။ မုဆိုးနဲ့လည်းတွေ့ရော သေရရှာပြန်ရော။ သူတို့သိရှာတာလည်းမဟုတ်ဘူး။ ဒုက္ခတွေရရှာတာ။

ဦးပဥ္စင်းရော ဘယ်လိုတွေတုန်း။

(တပည့်တော် ဟဒယနှလုံးကို စူးစိုက်ကြည့်ပြီးတော့

www.burmeseclassic.com


ရှုပါတယ်ဘုရား။ ကြည့်တဲ့အချိန်မှာ ဖြစ်ပျက်နေတာတွေကို တွေ့ပါတယ်ဘုရား။ ရုပ်ရှိရင် ဝေဒနာရှိနေတာကို တွေ့နေရပါတယ်ဘုရား။ ဒါကြောင့်မို့ လောကကြီးကို ငြီးငွေ့စရာ၊ ပျင်းစရာတွေလို့ မြင်လာပါတယ်ဘုရား။)

သီလရင်က ဘယ်လိုတွေတွေ့တုန်း။

(ဟဒယဝတ္ထုကနေ ရုပ်တွေဟာ ဖောက်ပြန်နေတာကို တွေ့ပါတယ်ဘုရား။ စိတ်တွေကလည်း မမြဲကြောင်းကို သိလာရပါတယ်ဘုရား။ ဒီလူ့ဘုံမှာ မနေချင်လောက်အောင် ငြီးငွေ့လာပါတယ်ဘုရား။)

ငါ၊ ခန္ဓာကိုယ်ဆိုတာ ရှာလို့တွေ့သေးရဲ့လား။

(မတွေ့တော့ပါဘူးဘုရား။)

နှစ်သက်သာယာစရာတွေရော တွေ့ရသေးလား။

(မတွေ့ရတော့ပါဘူးဘုရား။)

ငြီးငွေ့စရာ မကောင်းပေဘူးလား။

(ကောင်းပါတယ်ဘုရား။)

ဒီလိုလာခဲ့ရတာပဲ။ အစမထင်သံသရာကလည်း ဒီလိုပဲ ဖြစ်ခဲ့တာ။ ဒီလိုလာခဲ့ရတာ။ ဒီကနေ့ ဒီရုပ် ဒီရည်နဲ့ ပြီးအုံးမှာ မဟုတ်ဘူး။ ဇရာက လာလိမ့်မယ်။ ဗျာဓိကလည်း လာလိမ့်ဦးမယ်။ ရှောင်လို့ရပါ့မလား။

(မရပါဘူးဘုရား။)

မရနိုင်တဲ့ဘဝမျိုးကြီး ရနေတာကိုး။

(တင်ပါ့ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com


အဲဒါ တဏှာသမုဒယကြောင့် ဒုက္ခမျိုးစုံ မလိုချင်လည်းရ၊ လိုချင်လည်းရ၊ လူ့ဘဝရလာတော့ အကောင်းဆုံးဘဝပါ။ ဘာကြောင့် အကောင်းဆုံး အဖိုးတန်ဆုံးဘဝ ဖြစ်ရတာတုန်း။ ဘုရားရှင်ရဲ့တရားတွေကို တစ်လုံးတစ်ပါဒ နားထောင်ရတယ်။ အရိုးတွေ အသားတွေ ပိန်ကျသွားအောင်အထိ ကျင့်ကြံပြီး ဆက်လက်ရှုမှတ်တော့ ခန္ဓာကိုယ် ယှဲ့ယှဲ့ကလေး၊ ယှဲ့ယှဲ့ကလေး တင်မကဘူး၊ အားထုတ်ရတယ်။ ဒါ လူ့ဘဝရနေလို့ပေါ့။

(ဟုတ်ပါတယ်ဘုရား။)

♦♦♦

www.burmeseclassic.com

www.burmeseclassic.com

အာနာပါနကျင့်ပြီးမှ ဘုရားပွင့်

ဘုရားရှင်က

သမထတရားတွေကို

သာသနာပမှာပဲ ကျင့်ရမယ်၊

သာသနာတော်တွင်းမှာ

မကျင့်ရဘူးလို့

မဟောခဲ့ဘူးဗျ။

ဘုရားအဆူဆူဟာ

ဒီအာနာပါနကို ကျင့်ပြီးမှ

ပွင့်ကြတာပါဗျ. . . ။

ကျေးဇူးရှင်

မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com


## မုဒ္ဒိတုကမျတာဉာဏ်

မုဒ္ဒိတုကမျတာဉာဏ်ကို အားထုတ်တော့ ဘယ်လိုတွေ့တုန်း။

(ရင်ထဲမှာရှိတဲ့ ဟဒယရုပ်ကို အစပြုပါတယ်ဘုရား။ ခန္ဓာ အဖြစ်အပျက်ကိုတွေ့တယ်ဘုရား။ နောက်တော့ အပျက်တွေပဲ တွေ့တယ်ဘုရား။ ငြီးငွေ့လာတယ်ဘုရား။ ပျင်းလာတယ်ဘုရား။ အဲဒီရုပ်နာမ်အပျက်တွေ သူတို့နဲ့လွတ်ရင်၊ ကင်းရင် ကောင်းမှာပဲလို့ စိတ်ထဲထင်မိပါတယ်ဘုရား။)

ဘင်္ဂဉာဏ်ကစပြီးတော့ အပျက်တွေချည်း လာခဲ့တာပါပဲ။

(တင်ပါဘုရား။)

အပျက်ရှုတော့ အပျက်တွေ့တာပေါ့။ ဉဒယဗ္ဗယဉာဏ် အဲဒါက အဖြစ်ရော အပျက်ရောတွေ့တယ်။ မုဒ္ဒိတုကမျတာဉာဏ် ကျတော့ အပျက်ချည်းပဲတွေ့တယ်။

(တင်ပါ့ဘုရား။)

ဒီဘက်ကိုက အပျက်ချည်းပဲတွေ့မယ်။

(တွေ့ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



အခုအားထုတ်တာ ကျေနပ်ရဲ့လား။

(ကျေနပ်ပါတယ်ဘုရား။ ဒီအပျက်တွေကနေ လွတ်ချင်တဲ့စိတ်၊ ကင်းချင်တဲ့စိတ်တွေ တဖွားဖွားပေါ်လာတယ်ဘုရား။)

ခန္ဓာကိုယ် တစ်ကိုယ်ကောင်လုံးလား။

(တင်ပါဘုရား။ တစ်ကိုယ်ကောင်လုံး ပေါ်ပါတယ်ဘုရား။)

အပျက်တွေချည်းလား။

(အပျက်တွေချည်းပါဘုရား။)

၃၁-ဘုံ အကုန်လုံး ပျက်ရမှာချည်းပဲ။

(တင်ပါဘုရား။)

သင်္ခါရာအနတ္တာ - ဘယ်လိုပြုပြင်ပြုပြင် ရရဲ့လား။

(မရပါဘူး။)

အေး - ပြုပြင်လို့မရတဲ့အရာတွေပဲ။ မရဘူးမဟုတ်လား။

(မရပါဘူးဘုရား။)

အစမထင် သံသရာက စပြီးပျက်လာတာကလား။ ဟုတ်သလား။

(တင်ပါဘုရား။)

ဖြစ်လိုက်ပျက်လိုက်၊ ပျက်လိုက်ဖြစ်လိုက်နဲ့ ဖြစ်နေကြတာ မဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

ငြီးငွေ့စရာကြီးပေါ့နော်။

(တင်ပါ့ဘုရား။)

ကဲ - နောက်တစ်ယောက် ဘယ်လိုတွေ့သလဲ။

www.burmeseclassic.com

www.burmeseclassic.com



(ရုပ်တွေဟာ တဖျတ်ဖျတ်နဲ့ ပျက်နေတာတွေ့ပါတယ်ဘုရား။ ရုပ်တွေကလည်းပျက်၊ နာမ်တွေကလည်းပျက်နဲ့ တွေ့နေရတော့ ရုပ်တွေနာမ်တွေနဲ့နေရတာ ငြီးငွေ့ပြီးတော့ မလိုချင်တဲ့စိတ်တွေ၊ မြေပေါ်ချွတ်ပုံပြီးတော့ ထားလို့ရရင် ထားလိုက်ချင်တဲ့စိတ်တောင် ပေါက်လာမိပါတယ်ဘုရား။

သူ့အလိုလိုဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို မြတ်နိုးတွယ်တာမှုမရှိတော့ဘဲနဲ့ အဲဒီရုပ်နာမ်တွေထဲကနေ ထွက်ချင်တဲ့စိတ်၊ လွတ်မြောက်ချင်တဲ့စိတ်ပဲ ဖြစ်နေမိပါတယ်ဘုရား။)

နောက်တစ်ယောက် ဘာတွေတွေ့တုန်း။

(ရုပ်ကြီးက နာတယ်၊ ကျင်တယ်၊ ထုံတယ်၊ ကိုက်တယ်ဘုရား။ နောက် တဖြည်းဖြည်းနဲ့ပျောက်သွားတယ်။ ဖြစ်နေတာကရုပ်၊ သိနေတာကစိတ်၊ အဲဒီကနေထွက်ပြီး ဟဒယမှာပဲ ကပ်ထားပါတယ်ဘုရား။

သွားရင်းသွားရင်းနဲ့ ဝေဒနာကုန်တော့ ရုပ်ကြီးရှိနေတော့ ဝေဒနာအသစ် ပြန်ဖြစ်ပြန်တယ်ဘုရား။ သိထားတဲ့နေရာကတော့ ဟဒယမှာပဲထားပါတယ်ဘုရား။ ဟဒယက ဒီလိုနောက်ဆုတ်ဖြစ်ပျက် ဖြစ်တတ်တယ်။ အပေါ်အောက်လည်း ဖြစ်တတ်တယ်။ တစ်ခါတလေကျရင် ဟစိဟစိနဲ့ အသေးကလေးလည်း ဖြစ်တတ်ပါတယ်။ အကြီးကြီးလည်း ဖြစ်တတ်တယ်။ အဲဒီအချိန်မှာ လုပ်နေတဲ့ကိုယ်ကို တွန်းပို့သလိုပဲဘုရား။ ငုတ်တုတ်ကြီးဆိုပေမယ့်။)

ဖြစ်တာပျက်တာကို တွေ့နေရပြီဆိုပါတော့။

(တင်ပါဘုရား။ ဖြစ်တာပျက်တာ တွန်းပို့သလိုပဲဘုရား။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုတွန်းပို့နေတဲ့အချိန်အခါမှာ ခန္ဓာကိုယ်ကိုကြည့်လိုက်တယ်ဘုရား။ သူ့ဟာသူ အလိုလိုဖြစ်ပြီးမြင်တယ်ဘုရား။ အဲဒီဖြစ်နေတာကိုမြင်လျက်နဲ့ ဆက်လုပ်ရင်းနဲ့ ရုပ်ရှိပြန်တော့ ဝေဒနာက ပြန်ပေါ်ပါတယ်ဘုရား။

ဆက်ပွားနေရင်း ဝေဒနာကို လျစ်လျူရှုလိုက်ပါတယ်ဘုရား။ လျစ်လျူရှုပြီးတော့ အမှတ်တရားပေါ် သတိထားပြီးတော့ ပွားနေတဲ့အချိန်မှာ ဖြစ်ပျက်တွေဆက်နေတော့ ကြောက်သွားတယ်ဘုရား။

ဝေဒနာကို လျစ်လျူရှုထားပြီးတော့ အဲဒီနေရာမှာ တပည့်တော်က ဉာဏ်မမီတော့ပါဘူးဘုရား။ အဲဒါနဲ့ဆက်ပြီးတော့ တရားကို နှလုံးသွင်းပြီးတော့ ပွားများနေပါတယ်ဘုရား။)

သီလရှင်က ဘယ်လိုတွေ့တုန်း။

(ဟဒယနှလုံးအိမ်ကနေ ရုပ်ကိုချုပ်ကြည့်တဲ့အခါမှာ စိတ်တွေဟာ ဖြစ်လိုက်ပျက်လိုက်နဲ့ တွေ့ရှိရပါတယ်ဘုရား။ ရုပ်ကိုချုပ်ကြည့်တဲ့အခါမှာ ဖြစ်လိုက်ပျက်လိုက် မမြဲတာကို တွေ့ရှိရပါတယ်ဘုရား။

အဲဒီအပေါ်မှာ စိတ်ကလေးက ငြိုးငွေ့ပြီးတော့ ကင်းလွတ်ချင်တဲ့ဆန္ဒကလေးတွေ ထ,ထပေါ်ပါတယ်ဘုရား။ လွတ်လိုတဲ့ဆန္ဒကလေးတွေ မမြဲတာကို တွေ့ရှိရပါတယ်ဘုရား။ စိတ်ကလေးတွေက ငြိုးငွေ့နေတာကို ထ,ထပြီးတော့ပေါ်တယ်။ အဲဒါကလေးတွေ သတိထားလိုက်ရင် လွတ်လွတ်သွားပြန်တယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com


မွေးညင်းပေါက်တွေထဲက အခိုးတွေထွက်တယ်ဘုရား။ ပထမတော့ ဒီလက်ပဲထင်ရှားတယ်ဘုရား။ တစ်ကိုယ်လုံးခြုံကြည့်လိုက်တော့ တစ်ကိုယ်လုံးမှာရှိတဲ့ မွေးညင်းပေါက်တွေကနေ အငွေ့ကလေးတွေထွက်တယ်ဘုရား။ အဲဒီလိုပူပြီးလို့ရှိရင် အေးသွားပါတယ်ဘုရား။ ပူလိုက်အေးလိုက်နဲ့ မမြဲခြင်းသဘောတရားတွေပါပဲဘုရား။)

နောက်ကော။

(တင်ပါဘုရား။ စိတ်ကလေးတွေကလည်း ပေါ်ပြီးပျောက်၊ ပေါ်ပြီးပျောက်၊ ပေါ်ပြီးပျောက်နဲ့ ဘာတစ်ခုမှမမြဲတာကို တွေ့နေရပါတယ်ဘုရား။)

ဒါကြောင့် မုဋ္ဌိတုကမျှတာဉာဏ်တဲ့။ ဒီလိုဖြစ်ပျက်နေတော့ ကင်းလွတ်ချင်တဲ့စိတ်တွေ ပေါက်မလာဘူးလား။

(ပေါက်လာပါတယ်ဘုရား။)

မုဋ္ဌိတုကမျှတာဉာဏ်။ ဒီဉာဏ်တွေရောက်လာရင် နိဗ္ဗာန်တံခါးဝတဲ့။ စာက,စာကဆိုတယ်။

ဒီလိုအားထုတ်ရင်းတွေ့တော့ ဘဝသံသရာကြီး ငြီးငွေ့လို့ဖြစ်တာနဲ့ပျက်တာပဲရှိတာပဲ။ ဒီဉာဏ်ကတော့ တွေ့သမျှအပျက်ချည်းထဲပဲ။

(တင်ပါဘုရား။)

နောက်သီလရှင်ကော။

(တရားကိုရှုးစိုက်ပြီး မှတ်တဲ့အခါမှာ ကိုယ်လက်ဆိုလည်း ကိုယ်လက်၊ နားရွက်ဆိုလည်း နားရွက်၊ တစ်လွှာချင်းခွာပြနေသလို

www.burmeseclassic.com

www.burmeseclassic.com


ပါပဲဘုရား။ လက်ဆိုလည်း လက်တွေ၊ ခြေထောက်ဆိုလည်း ခြေထောက်တွေ၊ တစ်လွှာချင်းခွာပြနေသလိုပါပဲဘုရား။ သာယာစရာအကြောင်းမရှိဘူးဆိုတာ သိပါတယ်ဘုရား။ ပြီးတော့ ငြီးလည်းငြီးငွေ့ပါတယ်ဘုရား။ အကျိုးအကြောင်းမှတ်တဲ့အခါမှာတော့ အေးငြိမ်းနေပါတယ်ဘုရား။)

အဲဒါတွေ ရေးမထားဘူးလား။

(ရေးထားပါတယ်ဘုရား။)

ရေးထား၊ ဒါတွေက မှတ်တမ်းတွေ။ ရေးထားတဲ့အခါကျတော့လည်း နေရပ်၊ အသက်၊ အဲဒီလိုထည့်ရေးထား။ ဟို အာနာပါနမှတ်တမ်း [ဓမ္မရသစာတမ်းများ] လို၊ အဲဒီလိုရေး။ နေရပ်၊ အသက် အပြည့်အစုံ ဟုတ်ပြီလား။

(တင်ပါဘုရား။)

အာနာပါနမှတ်ပြီး မိမိတို့တွေ့တဲ့၊ မြင်တဲ့ဟာတွေရေးစုပေါင်းပြီးတော့ ဖတ်လို့ရအောင် မှတ်ထားရတယ်နော်။

ဟိုသီလရှင်။

(တွေ့ပါတယ်ဘုရား။)

ဟို … ဒကာမကြီး။

(တွေ့ပါတယ်ဘုရား။)

မုဋ္ဌိတုကမျတာဉာဏ်တဲ့။ ပြန်ပြီးတော့ သုံးသပ်တဲ့နေရာမှာ ဥဒယဗ္ဗယဉာဏ်ကစပြီးတော့ မုဋ္ဌိတုကမျတာဉာဏ်ထိအောင် ဘယ်နှစ်ဉာဏ်တုံး။

(ခြောက်ဉာဏ်ပါဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ခြောက်ဉာဏ်နော်။

(တင်ပါဘုရား။)

အဲဒီခြောက်ဉာဏ် မှတ်မိသေးရဲ့လား။

(မှတ်မိပါတယ်ဘုရား။)

ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ အဲဒီခြောက်ဉာဏ်ကို ပြန်ပြီး တော့ သုံးသပ်ပြီးမှ သွားရတာ။

(တင်ပါဘုရား။)

ဘယ်ဉာဏ်ကစပြီး သွားရမှာတုန်း။

(ဥဒယဗ္ဗယဉာဏ်ပါဘုရား။)

ဥဒယဗ္ဗယဉာဏ်ကနေ ဘယ်ဉာဏ်ထိသွားရမှာတုန်း။

(မုဉ္စိတုကမျတာဉာဏ်အထိပါဘုရား။)

ဥဒယဗ္ဗယဉာဏ်လည်း သွားခဲ့ပြီ၊ ဘင်္ဂဉာဏ်လည်း သွားပြီးခဲ့ပြီနော်။

(တင်ပါ့ဘုရား။)

* * *

www.burmeseclassic.com

www.burmeseclassic.com


# ပဋိသင်္ခါဉာဏ်

ယခု ပဋိသင်္ခါဉာဏ်ပွားမယ်။ ပဋိသင်္ခါဉာဏ်ဆိုတာ ပြန်လည်သုံးသပ်တာကို ခေါ်တာနော်။

(တင်ပါ့ဘုရား။)

အဲဒီ ၆-ဉာဏ်ပေါင်းပြီးတော့မှ ပွားရမှာ။ မှတ်မိကြရဲ့လား။

(မှတ်မိပါတယ်ဘုရား။)

ဘယ်နှစ်ဉာဏ်ပွားရမှာလဲ။

(၆-ဉာဏ်လုံးပွားရမှာပါဘုရား။)

ဘယ်ဉာဏ်ကစတာတုန်း။

(ဥဒယဗ္ဗယဉာဏ်ကစတာပါဘုရား။)

ပြောစမ်းပါဦး။

(ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒာဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်တို့ ဖြစ်ပါတယ်ဘုရား။)

အဲဒီတော့ကို ပွားပွားပြီးတော့ ဥဒယဗ္ဗယဉာဏ်ကပြီး ပွားခဲ့ပြီနော်။ ကဲ - အဲဒါကိုစပြီးပွားပြီး စုစည်းပြီးတော့ပွားပြန်

www.burmeseclassic.com

www.burmeseclassic.com


ကြမယ်။ စုစည်းပြီး တစ်လုံးတစ်စည်းတည်း။ အဲဒါက ပစ္စဝေက္ခဏ ဉာဏ်လို့ခေါ်တယ်။ ဥဒယဗ္ဗယဉာဏ်ကနေစပြီး ပွားခဲ့တာ။

(တင်ပါဘုရား။ ပွားတတ်ပါတယ်။)

ကိုယ်ပွားခဲ့ဖူးသားတွေပဲနော်။

(တင်ပါဘုရား။)

ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒာဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်ထိအောင် ပဋိသင်္ခါဉာဏ်ထိအောင် အဲဒီလိုပြန်ပြီးပွားရမယ်။ ပဋိသင်္ခါဉာဏ်ဆိုတာ ဥဒယဗ္ဗယ ဉာဏ်ကစပြီးတော့ ပွားခဲ့ရမှာ။ မှတ်မိကြသလား။

(မှတ်မိပါတယ်ဘုရား။)

ဒါဖြင့် အဲဒီဉာဏ်တွေကို ပြန်ပြီးတော့ သုံးသပ်ကြပါ။ ကျင့်ကြံကြ ပွားများကြ။

သင်္ခါရုပေက္ခာဉာဏ် ယခုတစ်ဘဝထဲနဲ့ အကျွတ်အလွတ် ဖြစ်အောင် ငါကြိုးစားမယ်လို့ အဲဒီလိုစိတ်ကထား။ ပစ္စေကဗုဒ္ဓါ၊ အရိယာသာဝကတို့ အဲဒီလို သင်္ခါရုပေက္ခာဉာဏ်ကျတော့ အလောင်းတော်ကြီးတွေ ရှေးအဆက်ဆက်က ဖြစ်လေရာဘဝ ရသေ့တွေဘာတွေ ဖြစ်ခဲ့တာ။ သင်္ခါရုပေက္ခာဉာဏ်ရောက်ရုံပဲ များတယ်။

သင်္ခါရုပေက္ခာဉာဏ်ဆိုတာ နောက်ကိုပြန်လှည့်သွားတာ။ ရှေ့ဆက်မသွားတော့ဘူး။ သင်္ခါရုပေက္ခာဉာဏ်ရောက်တော့ စိတ်ဆိုတာ အလွန်လျင်မြန်တာကိုး။ ဥပါဒ်ဌီဘင်၊ စိတ္တက္ခဏဆိုတာ ခဏလေး။ အခိုက်အတန့်ပဲ။ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ဆိုတာ အာမှကြာ

www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်ဘူး။ ဟိုဘက်ဆိုတော့ ဖိုလ်ကူးသွားတာ။ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်ဆိုတာ ဘာမှမကြာဘူး။ ဖလဋ္ဌာန်ကျတော့ ကြာတာပေါ့။ ဟိုဘက်ကိုကျတော့ ကြာတာပေါ့။ သောတာပတ္တိပုဂ္ဂိုလ် ဟုတ်ဘူးလား။

(တင်ပါဘုရား။)

သတ္တက္ခတ္တုပရမသောတာပန် ... စသည်ဖြင့် ဟုတ်လား။

(တင်ပါဘုရား။)

အဲဒါကြောင့် ဘုရားအလောင်းတော်တွေဟာ နောက်ကို မဆုတ်ရင် သင်္ခါရုပေက္ခာဉာဏ်ရောက်ရင် ဟိုဘက်ကမ်းကူးသွားမှာပေါ့။ ဟိုဘက်ကမ်းကူးသွားရင် ဒီဘက်ကိုကူးလို့မရတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားဖြစ်အောင် ကျင့်လို့မရတော့ဘူး။ မဂ်ဉာဏ်ရောက်သွားရင် သမ္မတ္တနိယာမ၊ သောတာပန်က သကဒါဂါမ် ဆင့်ကဲဆင့်ကဲ။

(တင်ပါ့ဘုရား။)

ဒါကြောင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရအောင် ရှေ့တိုးပြီးတော့ အားမထုတ်ဘူး။ သင်္ခါရုပေက္ခာဉာဏ်လောက်သာပဲနော်။

သင်္ခါရုပေက္ခာဉာဏ်ဆိုတာ နက်ဖြန်မှကူးနိုင်မှာ။ ဒီနေ့ ပဋိသင်္ခါဉာဏ်ကို ထပ်ပြီးမှ ပွားများကြ၊ ကျင့်ကြံကြ၊ အားထုတ်ကြဦး။

(တင်ပါဘုရား။)

သာဓု ... သာဓု ... သာဓု ...။

* * *

www.burmeseclassic.com

www.burmeseclassic.com



# ဓာတိရလာ မသက်သာ

**ဆန္ဒဝတော ကိံ နာမကမ္မံ နသိဇ္ဈတိ** - တဲ့။

ဆန္ဒဆိုတာ ဖြစ်ချင်တဲ့ဆန္ဒအားကြီးတာကွယ့်။ ဘုရားဖြစ်ရန် ဆန္ဒတွေပြင်းပြပြီး အားထုတ်ခဲ့တာကွယ်။ ဘုရားရှင်ရဲ့ မေတ္တာ ကရုဏာဟာ တယ်ကြီးတာကိုး။ ရချင်တဲ့ဆန္ဒ၊ ဖြစ်ချင်တဲ့ဆန္ဒ၊ မဖြစ်မနေကြိုးစားမယ်ဆိုတဲ့ဆန္ဒ၊ သတ္တဝါတွေအပေါ် သနားကရုဏာကြီးမားသောဆန္ဒ၊ ဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

အဲဒီတော့ အဓိပတိပစ္စယောပေါ့။ အဲဒီလို အဓိပတိဆန္ဒ အဓိပတိဝီရိယ၊ အဓိပတိလုံ့လ အဓိပတိပေါ့။

ဆန္ဒသာပြင်းထန်ပါစေ၊ ခွဲလုံ့လ၊ ဝီရိယတွေနဲ့ နောက်မဆုတ်ဘူးဟေ့။ ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်က ဗျာဒိတ်တော်ပေးခဲ့တယ်။ ဖြစ်ပေါင်းစုံပဲ။ တိရစ္ဆာန်လည်းဖြစ်တာပဲ။

ဆန္ဒာကိုယ်ကို သတိကိုကပ်ထား။ အဲဒီလိုကပ်ထားပြီးမှ ဝီရိယကို အသုံးချ။ မဖြစ်မနေဆိုတဲ့ ဝီရိယာဓိပတိ၊ ဆန္ဒာဓိပတိ၊ စိတ္တာဓိပတိတွေနဲ့ အားထုတ်ကြမယ်၊ ဟုတ်တယ်မဟုတ်လား။

www.burmeseclassic.com



(တင်ပါဘုရား။)

ဆန္ဒာဓိပတိ၊ ဆန္ဒကပြင်းထန်၊ ဖြစ်လေရာဘဝမှာ ပညာတွေကပါခဲ့ပြီ။ ပွားများပြီးတိုင်း အမှတ်ကပါခဲ့တာ။ ဘယ်ယခုခေတ် တကယ့်ပညာရှင် ပဂေးကြီးတွေ သိပါ့မလား။

(မသိပါဘုရား။)

မသိနိုင်ဘူး။ မိမိအသိနဲ့ မိမိဉာဏ်က မိမိကိုယ်ကို ကယ်မရမယ်။ စေတနာသဒ္ဒါတရားကလည်း စေတနာဆိုတာ ကံ၊ စေတနာဟံဘိက္ခဝေ ကမ္မံဝဒါမိဆို၊ စေတနာရှိမှလည်း ယခုအားထုတ်နေကြတာ စေတနာရှိလို့ပေါ့။

စေတနာမရှိ ဘယ်အားထုတ်မတုန်း။ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် အားလုံးပေါ့နော်။ ကံဆိုတာ ကမ္မကလာတာမဟုတ်လား။ နေ့စဉ်ပြုလုပ်နေကြတာ ကံတွေမဟုတ်လား။ ကမ္မ = ကံမဟုတ်လား။

(တင်ပါဘုရား။)

အဲဒီလိုလာတာ။ မ္မ နှစ်လုံးကိုချေဖျက်လိုက် ကံ။ ကံဆိုတာ အပြုအမူပေါ့။ သူ့အကုသိုလ် သူပြုလုပ်တာပေါ့။ အဓိပတိပစ္စယော၊ အာရမ္မဏပစ္စယောလို့ဆိုတာမဟုတ်လား။ ၂၄-ပစ္စည်းရှိတာမဟုတ်လား။ အကြောင်းတရားကလည်း ၂၄။ အကျိုးတရားကလည်း ၂၄ မျိုးရှိတာ။ သူ့အကြောင်းနဲ့ သူ့အကျိုး။ ဟေတုသူ့အကြောင်းနဲ့ ဟေတု သူ့အကျိုး ဟုတ်ပြီလား။ သူ့အကြောင်းနဲ့ သူ့အကျိုးပေါ့။ ဟုတ်မဟုတ် စဉ်းစားကြည့်လေ။ ဟေတုပစ္စည်းတစ်ခုတည်းကို ဟေတုပစ္စည်းမှာ လောဘ၊ ဒေါသ၊ မောဟ၊ ဒါ အကုသိုလ်မဟုတ်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါဘုရား။)

အကုသိုလ်နော်။ အကုသိုလ်ဆိုရင် ဒုက္ခ။ အကုသိုလ်ဝင်ရင် ဒုက္ခဆင်းရဲခြင်းဖြစ်တယ်။ အကျိုးပေးသော်လည်းပဲ ဆင်းရဲစွာ အကျိုးပေးမယ်။ ဒုက္ခဝိပါကဆို၊ အဲဒီလိုဘုရားဟောတယ်။ အလောဘ၊ အဒေါသ၊ အမောဟ၊ အလောဘဆိုတာ လောဘ ပယ်တာ၊ အဒေါသဆိုတာ မေတ္တာ၊ အမောဟဆိုတာ ပညာ။ ယခု မေတ္တာပို့နေကြတယ်ဆိုတာ အဒေါသ။ ဒေါသ ထွက်နေရင် ဘယ်မေတ္တာပို့လို့ဖြစ်မှာတုန်း။ ဖြစ်ပါ့မလားဟေ့။

(မဖြစ်ပါဘူးဘုရား။)

စိတ်မချမ်းသာမှုဖြစ်နေရင် အကုသိုလ် ဒေါမနဿတွေ ဖြစ်နေရင် မေတ္တာပို့လို့ဖြစ်ပါ့မလား။ အမောဟဆိုတာ ပညာကွ။ ပညာဉာဏ်နဲ့သုံးသပ်တာ။ အဲဒါ ဟေတုပစ္စယောကွ။ အာရမ္မဏ ပစ္စယောက လောဘ ဒေါသ မောဟ အကုသိုလ်ကို အကြောင်း ပြုပြီးတော့ အကုသိုလ်အာရုံလာမှာမဟုတ်လား။

(အကုသိုလ်အာရုံပြုတာပါပဲဘုရား။ )

ဟုတ်တယ်မဟုတ်လား။

(ဟုတ်ပါတယ်ဘုရား။)

ဒါတွေဟာ ပုထုဇဉ်ဘဝ ဘယ်သူမှမရှောင်နိုင်ဘူး။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရမှအေးမှာ။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတာ တရားရမှ အေးမှာမဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



အကျိုးနဲ့အကြောင်းပဲ။ ကောင်းကောင်းလုပ်ရင် ကောင်းသောအကျိုးပေးမှာပေါ့။ မကောင်းတာလုပ်ရင် မကောင်းသော အကျိုးပေးမယ်။ ဟုတ်တယ်မဟုတ်လား။

(တင်ပါဘုရား။)

ယခု ဆင်းဆင်းရဲရဲအားထုတ်နေရသော်လည်း ကောင်းသောအာရုံပေါ့။

အကျိုးပေးတော့လည်း ကောင်းသောအကျိုးတွေပေးတာပေါ့။ ကောင်းတာတွေလုပ်ခဲ့ရင် တစ်ဘဝနဲ့တစ်ဘဝ ဆက်ပြီး အကျိုးပေးနေတော့တာ။ ဒါကြောင့် လူ့ပြည်နတ်ပြည် ဗြဟ္မာ့ပြည် ရောက်အောင် ပို့ပေးတာ။ ပဋိသန္ဓေဉာဏ် ဒီဉာဏ်တွေအထိ ရောက်ခဲ့ပြီး စောစောစီးစီးရခဲ့ကြပြီးမဟုတ်ဘူးလား။

(တင်ပါဘုရား။)

ဣမိနာဟံ ဥဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓတိဗ္ဗော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ-တဲ့။ ကဲ ဘယ်လောက်ဝမ်းသာစရာကောင်းသလဲ။ နိယတဂတိကော - လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံတိုင် မြဲသော လားရာဂတိရှိသည်ဖြစ်၍။ စူဠသောတာပန္နောနာမ၊ ဘုရားရှင်၏ မေတ္တာကလေးဖြင့် စူဠသောတာပန်ကလေး ဖြစ်ရရှာလေ၏။ အဲဗျာ - နီးမလာဘူးလား။ နီးလာပြီဗျာ။ အဲဒီကနေပြီး ဘဝ အဆက်ဆက်သွားလာခဲ့ရတာ။ ယနေ့ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယ ဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ အားလုံးစုပြီး တစ်စုတစ်စည်းတည်း ပဋိသန္ဓေဉာဏ်ကျင့်ကြံပွားများနေကြတာ မဟုတ်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



(ဟုတ်ပါတယ်ဘုရား။)

ဘာဉာဏ်တုန်း။

(ပဋိသင်္ခါဉာဏ်ပါဘုရား။)

အေး - ပဋိဆိုတာ တစ်ဖန်၊ သင်္ခါရဆိုတာ မိမိလုပ်ခဲ့တာတွေကို ပြန်လည်စစ်ဆေးတာကိုခေါ်တယ်။ ပြန်ပြီး သုံးသပ်တာကိုခေါ်တယ်။ ပြန်ပြီးစစ်ဆေးသုံးသပ်တဲ့ဉာဏ်ပညာကိုခေါ်တယ်။ စပြီးပြောမယ်။ ပြန်လည်ဆင်ခြင်သုံးသပ်တာကို ဥဒယဗ္ဗယဉာဏ်ကနေ ဘယ်အထိတုန်း။

(မုဥ္စိတုကမျတာဉာဏ်အထိပါဘုရား။)

အဲဒါကို ပြန်လည်ဆင်ခြင်သုံးသပ်တာကို ပဋိသင်္ခါဉာဏ်လို့ခေါ်တယ်။

(တင်ပါဘုရား။)

ပြန်ပြီးတော့ပွားများရတာပေါ့။ ပွားများလို့ရောဖြစ်ရဲ့လား။

(ဖြစ်ပါတယ်ဘုရား။)

ပွားများတဲ့အခါကျတော့ ပွားများတဲ့အလိုက်မှတ်။

(မှတ်ပါတယ်ဘုရား။)

ပဋိသင်္ခါ၊ အဲဒီပဋိသင်္ခါဉာဏ် ပွားများသုံးသပ်ပုံတွေကို နောင်လည်း မှတ်တမ်းတစ်ခုရအောင်မှတ်။ နောင်လည်း သာသနာပြုချင်ရင် ပြုလို့ရအောင် လွယ်အောင်ပေါ့။

(တင်ပါ့ဘုရား။)

နောင်လည်းမှတ်တမ်းအနေနဲ့ရအောင် ရေးထားကြ၊ ပွားများကြပါ။

www.burmeseclassic.com

www.burmeseclassic.com


(တင်ပါဘုရား။)

ဥပမာ–တံငါသည်ဆိုပါတော့ တံငါသည်က ဆောင်းကြီးနဲ့ ငါးဖမ်းတယ်။ ငါးဖမ်းတော့ မိရော။ ရေအောက်ထဲမှာမိတယ်။ ငါးမိတော့ အားရပါးရနဲ့ ဆောင်းကြီးကိုဆယ်ယူလိုက်တယ်နော်။ ဝမ်းသာအားရနဲ့ ဆယ်ယူလိုက်တာ။ ဆယ်ယူလိုက်တော့ တံငါသည်က ဝမ်းသာအားရနဲ့ပေါ့။ ဆယ်လည်းယူလိုက်တော့ လည်ပင်းသုံးရစ်နဲ့ မြွေဟောက်ကြီးဖြစ်နေပါလေရော။

ငါးမိတယ်ထင်ပြီး အစကတော့ ဝမ်းမြောက်ဝမ်းသာနဲ့ပေါ့။ မှားတာက ငါး၊ မိတော့ မြွေဟောက်။ ငါးအောက်မေ့ပြီး ဝမ်းမြောက်ဝမ်းသာနဲ့ ဆယ်ယူတာနော်။

ဆယ်ပြီး လည်ပင်းဆုပ်ကိုင်ထားလိုက်တယ်။ လွှတ်ရင် လည်းကိုက်မှာပေါ့။ ရန်သူကို ဆုပ်ကိုင်ထားတာကိုး။ ကိုက်မှာပေါ့။

(တင်ပါဘုရား။)

ဘယ်လိုလုပ်မတုန်း။ ခုခေတ်မှာ မြွေတွေ့တဲ့လူက လည်ပတ်ရမ်းပြီး လွှင့်ပစ်တာပေါ့။ အခုလည်း လှည့်ပတ်ရမ်းပြီး လွှင့်ပစ်လိုက်တယ်။ သွားရော့လဟယ်လို့။

တံငါယောက်ျား ငါးဆောင်းသမားသည် မြွေဟောက်ကို ဆောင်းနဲ့အုပ်ဖမ်းမိသဖြင့် ငါးမှတ်၍ နှစ်သက်၍နေသောအခါနှင့် ယောဂီသည် အတ္တဘောကိုယ်ကြီးကို ခုနေတုန်းက ငါးမှတ်လို့ ဖမ်းခဲ့သော ငါးမိတယ်ထင်ပြီး နှစ်သက်တယ်မဟုတ်လား။

(တင်ပါဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ငါးရခါစ နှစ်သက်နေသောလူနှင့်တူ၏တဲ့။ ငါးရယ်လို့ ဖမ်းတာ မြွေဟောက်ကြီး။ ဘယ့်နှယ့်တုန်း။

(၁) ဤမြွေဟောက်ကို ဆောင်းအပြင်ဘက်သို့ထုတ်၍ ကြည့်သောအခါ လည်ရစ်သုံးရစ်မြင်တာနှင့် ယောဂီပုဂ္ဂိုလ်သည် ခန္ဓာကိုယ်ကြီးကို ခွဲခြမ်းစိတ်ဖြာကာ သင်္ခါရဓမ္မ ရုပ်နာမ်တို့ကို လက္ခဏာသုံးချက်တင်၍မြင်တာနှင့်တူလှ၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး။ ခုနေက မြွေဟောက်ကြီးမြင်တော့ လည်ရစ်သုံးရစ်မြင်တာလို၊ ခုလည်း သင်္ခါရတရားတွေနဲ့ မြင်လိုက်ရတော့ အနိစ္စ-မမြဲတဲ့သဘော တရားတွေမဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

အနိစ္စ မမြဲတဲ့သဘောတရားတွေ၊ ဒုက္ခ ဆင်းရဲတဲ့သဘော တရားတွေ၊ အနတ္တ အစိုးမရတဲ့သဘောတရားတွေ၊ ဆက်ပြော လိုက်ဦးမယ်။

(၂) ငါးဆောင်းသမားသည် ရေမြွေဟောက်ကို ဆောင်း အပြင်ဘက်သို့ထုတ်၍ ကြည့်သောအခါ လည်ရေးသုံးရစ်မြင်တာ နှင့် ယောဂီပုဂ္ဂိုလ်သည် ခန္ဓာကိုယ်ကြီးကို ခွဲခြမ်းစိတ်ဖြာထားပြီး သကာလ သင်္ခါရဓမ္မရုပ်နာမ်တို့ကို လက္ခဏာရေးသုံးချက်တင်ပြီး မြင်တာနဲ့တူလှ၏။ မတူဘူးလား။

(တူပါတယ်ဘုရား။)

(၃) ငါးဆောင်းသမားသည် လည်ရစ်သုံးရစ်ကိုမြင်ရ သဖြင့် မြွေဟောက်မှန်းသိ၍ ဆတ်ဆတ်တုန်အောင်ကြောက်သော အခါ၌၊ မြွေဟောက်က ကိုယ့်ကိုကိုက်မှာစိုးလို့ ကြောက်တာပေါ့

www.burmeseclassic.com


နော်။ ဆတ်ဆတ်တုန်အောင် ကြောက်သောအခါ၌ ယောဂီပုဂ္ဂိုလ်သည် ဘယဉာဏ်ကို တည်ဆောက်သောအခါနှင့်တူလှ၏။ မတူဘူးလား။

(တူပါတယ်ဘုရား။)

(၄) ငါးဆောင်းသမားသည် ရေလယ်ခေါင်မှ အမှန်သိ၍ ကိုက်လျှင်သေတတ်သော အပြစ်မြင်တာနှင့် ယောဂီပုဂ္ဂိုလ်သည် အာဒီနဝဉာဏ်ဆိုက်၍ ရုပ်နာမ်တို့၏ အပြစ်ကိုမြင်တာနှင့် တူလှသည်။ မတူဘူးလား။

(တူပါတယ်ဘုရား။)

အပြစ်တွေချည်းပဲ။ မြွေဟောက်ကြီးကိုင်ထား၊ မပစ်ရင် ကိုက်တာပေါ့။ အဲဒါကြောင့် အာဒီနဝဉာဏ်နဲ့တူတယ်တဲ့။

ငါးဆောင်းသမားသည် ရေပြင်ကျယ်မှ အမှန်သိ၍ ကိုက်လျှင်သေတတ်သော အပြစ်မြင်တာနှင့် ယောဂီပုဂ္ဂိုလ်သည် အာဒီနဝဉာဏ်ဆိုက်၍ ရုပ်နာမ်တို့၏ အပြစ်မြင်တာနှင့် တူလှ၏။

(၅) ငါးဆောင်းသမားသည် ကိုင်ပြီးသောမြွေကို ပစ်ချင်သော်လည်း ရုတ်တရက်မပစ်ဝံ့ဘဲနဲ့ ငြီးငွေ့၍နေတာနဲ့ ရန်သူနှင့်ထိတွေ့နေရတာ ငြီးငွေ့မနေပေဘူးလား။

(ငြီးငွေ့နေပါတယ်ဘုရား။)

ဒီရန်သူနဲ့ လွတ်မှဖြစ်မှာပေါ့နော်။

(၆) ငါးဆောင်းသမားသည် ကိုင်ပြီးသောမြွေကို ပစ်ချင်သော်လည်း ရုတ်တရက်မပစ်ဝံ့ဘဲနဲ့ ငြီးငွေ့ပြီးနေရတာနဲ့ ယောဂီပုဂ္ဂိုလ်သည် နိဗ္ဗိန္ဒာဉာဏ်ကို ဆိုက်၍ နေတာနှင့်တူ၏။ မတူဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



(တူပါတယ်ဘုရား။)

ဦးငွေ့စရာကြီး။ ၃၁-ဘုံကြည့်စမ်းလေ။ အေး - နေ့စဉ်နဲ့ အမျှ ဒုက္ခတွေ၊ ဘုရားက ဒုက္ခတစ်ခုတည်း ဟောထားတာ၊ ဒုက္ခံ တေမကံဝဋ္ဋံ။ ကိလေသဝဋ္ဋ၊ ကိလေသဝဋ္ဋတွေဆိုတာ လောဘ၊ ဒေါသ၊ မောဟတွေပေါ့။ အဲဒီကိလေသာက အရေးကြီးတာ။ လောဘ၊ ဒေါသ၊ မောဟတွေ ရှိတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ စီးပွားရေး ရှာကြတာပေါ့။ စဉ်းစားကြည့် လေ။ ဉာဏ်မီသမျှ အကျယ်ဖြန့်ပြီးစဉ်းစားကြည့်ရင် မြင်လာ အောင်ကြည့်ပေါ့။

(တင်ပါဘုရား။)

(၇) ငါးဆောင်းသမားသည် ကိုင်ပြီးသားမြွေကို ပစ်ချင် သော်လည်း မပစ်ဝံ့ဘဲနဲ့ ငြီးငွေ့ပြီးနေရတာနဲ့ ယောဂီပုဂ္ဂိုလ်သည် နိဗ္ဗိန္ဒာဉာဏ်ကိုဆိုက်၍နေတာနဲ့တူလှ၏။ မဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

မိနေတာကိုး။

(၈) ငါးဆောင်းသမားသည် မြွေကိုလွှတ်ချင်သောစိတ်နဲ့ ယောဂီပုဂ္ဂိုလ်သည် မုဉ္စိတုကမျတာဉာဏ်ကိုဆိုက်နေတာနှင့် တူ၏။

လွှတ်ချင်တော့တာကိုး။ ဘေးတွေမြင်၊ အပြစ်တွေမြင်လာ တာကိုး။

ငါးဆောင်းသမားဟာ ငါးကြီးမှတ်လို့ဖမ်းလိုက်တာ။ ငါး ကြီးမဟုတ်ဘဲနဲ့ မြွေဟောက်ရန်သူတွေ့နေတယ်။ မိမိလည်း

www.burmeseclassic.com

www.burmeseclassic.com



နောက်နောက်တုန်းက လူပြောသူပြော ဆုတွေဘာတွေတောင်း ကြနဲ့နော်။ ကိုယ်အလိုရှိတဲ့ လူ့စည်းစိမ်တွေ၊ နတ်စည်းစိမ်တွေ၊ ဗြဟ္မာစည်းစိမ်တွေ၊ ဧကရာဇ်၊ ပဒေသရာဇ်၊ စကြာမင်း သူတို့လည်း သေတာပဲ။ မသေဘူးလား။

(သေပါတယ်ဘုရား။)

ဘဝတွေအဆက်ဆက် အဲဒီလိုသေခဲ့ရတာ။

(တင်ပါဘုရား။)

ဇာတိရလာရင် ဘယ်ဘဝမှမသက်သာဘူး။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘယ်ဘဝကိုမှ ချီးမွမ်းတော်မမူဘူးတဲ့။ ၃၁-ဘုံ၊ လူ့ဘုံ၊ နတ်ဘုံ အကုန် တစ်ပြားမှမချီးမွမ်းဘူးတဲ့။ နောက်ဆုံး မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရမှအေးမှာ။ နိဗ္ဗာန်မရမချင်း ဒီလိုပဲ တလည်လည်နဲ့နေသွားကြရမှာ။ ကြောက်သလား။

(ကြောက်ပါတယ်ဘုရား။)

အဟုတ်ကြောက်တာလား။

(တင်ပါဘုရား။)

အဟုတ်ကြောက်တာလား။ အဟုတ်ကြောက်ရင် အဟုတ်ကြိုးစားကြဗျာ။

(သာဓု ... သာဓု ... သာဓု ...။)

* * *

www.burmeseclassic.com

www.burmeseclassic.com


# သင်္ခါရုပေက္ခာဉာဏ်

ယခုရတဲ့ဘဝကြီးကို ဘဝပဒေသာကြီး၊ ဘဝသိဒ္ဓိကြီးလို့ မှတ်လိုက်ကြ။

ဘယ်အတွက် ဘဝပဒေသာကြီး၊ ဘဝသိဒ္ဓိကြီးလဲလို့ မှတ်ရမည်လဲလို့ဆိုရင် ယခုရသည့် လူ့ဘဝကြီးက နတ်သမီးကို အလိုရှိလျှင် နတ်ပြည်ကိုရောက်နိုင်တယ်။ လူ့ပြည်ကိုအလိုရှိလျှင် လူ့ပြည်ကိုရနိုင်တယ်။ ဗြဟ္မာပြည်ကိုအလိုရှိလျှင် ဗြဟ္မာ့ပြည်ကို ရနိုင်တယ်။

နိဗ္ဗာန်ကိုအလိုရှိလျှင် နိဗ္ဗာန်ကိုရနိုင်တယ်။ သုခတရားကို ရှာမယ်ဆိုရင် အကောင်းဆုံးနိဗ္ဗာန်သုခကြီးကို ရနိုင်တယ်တဲ့။ ဒုက္ခတရားကြီးကိုရှာမယ်ဆိုရင်လည်း မကောင်းဆုံး မဟာအဝီစိ ငရဲကြီးအထိ ရောက်နိုင်တယ်၊ ရနိုင်တယ်တဲ့ဗျာ။

သို့သော်လည်း ဘဝသိဒ္ဓိ လူ့ဘဝကြီးကိုရပါလျက်နဲ့မှ မဂ်၏ အခြေ၊ ဖိုလ်၏အခြေ၊ နိဗ္ဗာန်၏အခြေဖြစ်တဲ့ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးကိုမှ မမြင်ရ၊ မတွေ့ရသော လူရှင်ရဟန်းတို့မှာ လူဖြစ်

www.burmeseclassic.com


ကျိုး နတ်ဖြစ်ကျိုးမနပ်ကြဘဲ ဖြစ်နေကြလေသည်တဲ့။ ထောက်ရာတည်ရာမရဘဲ ဖြစ်နေကြသည်တဲ့။

အဲဒါ အမှားကြီးတွေပါပဲတဲ့နော်။ မကောင်းချည်းထဲပါပဲ။

အဲဒီတော့ သင်္ခါရုပေက္ခာဉာဏ်တဲ့။ ယခုလောက၌ မဟာသမုဒ္ဒရာကြီးကို ဖြတ်သန်းသွားလာ၍ ကူးသန်းရောင်းဝယ်ခြင်းတွေ ပြုလုပ်ကြ၊ ပြုလုပ်၍နေကြတဲ့ နိုင်ငံခြား အင်္ဂလိပ် စူရတီ၊ ဂျာမဏီ၊ ဂျပန်ကုန်သည်ကြီးများတို့က မိမိတို့သင်္ဘော သွားလာနေကျများကို မဟာသမုဒ္ဒရာမှာ လေပြင်း မုန်တိုင်းထသော်လည်းကောင်း၊ ကမ်းခြေ လမ်းခြေမမြင်ဘဲ အရှေ့အနောက် တောင်မြောက် မသိသော်လည်းကောင်း၊ မာလိန်မှူးအထင်မှား၍ သင်္ဘောသွားငါးရာတို့ အသွားခက်လေသောအခါ မိမိတို့သင်္ဘောတွင်ပါရှိတဲ့ အိမ်မြှောင်ကိုအမှန်ထား၍ သွားကြရသဖြင့် သမုဒ္ဒရာတစ်ဘက်ကမ်းသို့ ကောင်းမွန်စွာရောက်ကြရသကဲ့သို့၊ ထို့အတူနိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဘက်သို့ကူးကြတဲ့ ယောဂီသူတော်ကောင်းတို့လည်း ရုပ်နာမ်ခန္ဓာများ မပြတ်အမြဲဖြစ်၍ ဟိုသံသရာမဟာသမုဒ္ဒရာကြီး ဖြတ်သန်း၍ကူးတဲ့အခါ ဝိတက် ဝိစာရတည်းဟူသော လှိုင်းတံပိုးများ အားကြီးစွာထ၍နေခြင်းကြောင့်နိဗ္ဗာန်တည်းဟူသော ကမ်းခြေသည် မမြင်နိုင်။ မမြင်နိုင် မထင်နိုင်ခဲ့သော် အနိစ္စ ဒုက္ခ အနတ္တတည်းဟူသော လက္ခဏာအိမ်မြှောင်ကိုကြည့်၍ (အိမ်မြှောင်ကိုကြည့်ပြီးတော့ ခုတ်ရ မောင်းရသကဲ့သို့) ခုတ်မောင်းသည်ရှိသော် နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဘက်သို့ ကောင်းစွာရောက်ကြလိမ့်မည်တဲ့။

www.burmeseclassic.com

www.burmeseclassic.com


သင်္ခါရုပေက္ခာဉာဏ်ရောက်လာလို့ရှိရင်။ သမုဒ္ဒရာထဲမှာ သွားကြလာကြတဲ့ သင်္ဘောသားတွေ အိမ်မြှောင်ကိုမကြည့်ဘဲ ခုတ်မောင်း၍ရှိလျှင် သမုဒ္ဒရာထဲမှာ တလည်လည်နဲ့နေကြရမယ်။ အလိုရှိရာကမ်းခြေသို့ မရောက်နိုင်ကြပေ။

ထို့အတူ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဘက်ကိုကူးကြသည့် ယောဂီပုဂ္ဂိုလ်၊ သင်္ဘောသားတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော လက္ခဏာအိမ်မြှောင်ကိုမကြည့်ခဲ့လျှင် ရုပ်နာမ်ခန္ဓာ၊ သံသရာပင်လယ်ထဲမှာ တရှောင်းရှောင်း တပတ်ပတ် တလည်လည်နေရလိမ့်မည်။

သို့အတွက် ယောဂီပုဂ္ဂိုလ်သည် လက္ခဏာအိမ်မြှောင်ကို သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက ကမ်းခြေပျောက်သကဲ့သို့ နိဗ္ဗာန်ကမ်းခြေရောက်အောင် တကြည့်ထဲကြည့်၍ ကူးရမည်တဲ့။

ယောဂီတို့လည်း ယခု သင်္ခါရုပေက္ခာဉာဏ်၊ ယခု သင်္ခါရုပေက္ခာဉာဏ်က အရှင်ပစ္စေကဗုဒ္ဓါဆုတွေပန်သော ရသေ့တွေ ရဟန်းတွေ၊ အဂ္ဂသာဝက မဟာသာဝကဆုကြီးတွေပန်သော ပုဂ္ဂိုလ်တွေ၊ အဲဒီပုဂ္ဂိုလ်ကြီးတွေက သင်္ခါရုပေက္ခာဉာဏ်ရောက်ရုံပဲ အားထုတ်ကြတယ်။ ဟိုဘက်ရောက်သွားလို့ရှိရင် .... ဂေါတြဘူဉာဏ်၊ အနုလောမဉာဏ်။ အဲဒီဉာဏ်တွေရောက်သွားရင် နောက်ပြန်မလှည့်ဘူးတဲ့။ မဂ်ဉာဏ်ဖိုလ်ဉာဏ် ကူးသွားတာပေါ့။

ဒါကြောင့် ဘုရားအလောင်းများဟာ ဒီ သင်္ခါရုပေက္ခာဉာဏ်ရောက်ရုံ၊ ပစ္စေကဗုဒ္ဓါရဟန်း၊ ပစ္စေကဗုဒ္ဓါတွေ ဒီဉာဏ်

www.burmeseclassic.com

www.burmeseclassic.com


ရောက်ပြီးရင် နောက်ကိုပြန်လှည့်ပြီး ကူးရပြန်တာ။ ပြန်ပြီးတော့ ပွားများရပြန်တာ။ ကူးရပြန်တာ။ ဥဒယဗ္ဗယဉာဏ်က တစ်သံသရာ လုံးကိုခြုံပြီး ချုံးပြီး ဟောတော်မူတဲ့ဉာဏ်။ သင်္ခါရုပေက္ခာဉာဏ် တိုင်ရုံပဲ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ဆုကြီးမင်တွေ ဒီဉာဏ်ရောက်ရုံပဲ ပွားကြတယ်။ အားထုတ်ကြတယ်။

ဒါကြောင့် လူ့ဘဝဟာ ဘဝပဒေသာကြီး၊ မိမိတို့ တရား အားထုတ်တော့ ညောင်းတာတွေ၊ ကိုက်တာတွေ၊ မိုက်အောင့် တာ အဲဒါတွေဟာ အခိုက်အတန့်တွေပါ။ ယောဂီတို့ စဉ်းစားကြည့် စမ်းပါ၊ အဝီစိမှာ ငါးမိနစ် ဆယ်မိနစ်ခံရတာလောက် မဆင်းရဲ ပါဘူး။ ဟုတ်တယ်မဟုတ်လား။

(ဟုတ်ပါတယ်ဘုရား။)

အဝီစိငရဲဆိုတာ အမြဲတမ်းပူလောင်နေတာပဲ။

(တင်ပါဘုရား။)

တံတိုင်းအပြင်ဘက်ကိုထွက်သွားရင် ငရဲမီး တစ်ယူဇနာ လောက်က မျက်နှာအမွေးကျွတ်ကျတယ်၊ ငရဲခန်းတွေရှာကြည့်၊ မီးရောင်တွေထွက်သွားတယ်၊ ဘယ်လောက်ပူလောင်လိုက်မလဲ။ အလွန့်အလွန်ကြောက်စရာကောင်းတာ။ အသံကလေးကြားတာနဲ့ တင် ကြောက်စရာမကောင်းဘူးလား။

ကြားရဲ့လား၊ ကြားရင်ဂရုစိုက်။

(တင်ပါဘုရား။)

လူ့ဘဝဆိုတာ အကောင်းဆုံး၊ အဖိုးတန်ဆုံးပဲ၊ ဒီလိုဘဝ မျိုးကို ရဖို့မလွယ်ဘူး။ အဖိုးတန်တဲ့သာသနာတော်ကြီးနဲ့လည်း

www.burmeseclassic.com



တွေ့တယ်လေ။ အစစ်အမှန်တွေလည်းတွေ့တယ်လေ။ မိမိတို့ အာနာပါနပွားစဉ်တုန်းက ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂ နိမိတ်တွေရခဲ့တယ် မဟုတ်လား။

(ရခဲ့ပါတယ်ဘုရား။)

ရခဲ့တယ်နော်။ လူတိုင်း လူတိုင်း ယောဂီတွေ ရကြတယ် မဟုတ်လား။

(ရကြပါတယ်ဘုရား။)

မရကြသေးတဲ့သူရော ရှိသေးသလား။

(မရှိကြပါဘူးဘုရား။)

လူတိုင်းလူတိုင်း ထွက်လေဝင်လေကလေးကတော့ ရှိ တာပဲ။ မရှိဘူးလား။

(ရှိပါတယ်ဘုရား။)

အရှုအရှိုက်ကစပြီးတော့လေ။ ဘုရားရှင်ရဲ့တရားတော်တွေ၊ သဗ္ဗကာယပဋိသံဝေဒီတဲ့။ ဘုရားမှာခဲ့တဲ့တရားတွေ၊ ဘုရားမှာ တော်မူခဲ့တဲ့ တရားတွေလေ၊ သော သတော ဝ အဿသတိ၊ ကိုယ့်မှာရှိတဲ့ ထွက်လေဝင်လေကလေးမှတ်ကာမျှနှင့် တဖြည်း ဖြည်းနဲ့ သမာဓိတွေရလာ၊ အဲဒီက ပရိကမ္မနိမိတ်တွေ တွေ့လာ၊ ရလာ။ ပရိကမ္မနိမိတ်ကနေ ဥဂ္ဂဟနိမိတ်၊ ဥဂ္ဂဟနိမိတ်ကနေ ပဋိဘာဂနိမိတ်တွေ့လာ ရလာ။ ဆွဲလိုက်၊ ယူလိုက်၊ ပို့လိုက် ယူလိုက်၊ အဲဒီလို လေ့ကျင့်ခန်း တွေပြုလုပ်ရတဲ့အချိန်၊ စေတနာ တွေက ကုဋေတစ်သိန်းမကချုပ်သွားတယ်။ ဖြစ်လိုက်ပျက်လိုက် ပျက်လိုက်ဖြစ်လိုက်နဲ့လေ။

www.burmeseclassic.com

www.burmeseclassic.com



(တင်ပါဘုရား။)

အဲဒီလိုချုပ်သွားတာတွေဟာ ဘာမှ လုံးဝရှာမတွေ့အောင် ပျောက်သွားတာမဟုတ်ဘူး။ မိမိတို့၏သန္တာန်မှာ ဒီပဲရင်းဆရာတော်ကြီးက ဘရိတ်တုံးနဲ့နှိပ်လိုက်သလို သူ့စေတနာတွေက စွဲပြီးကျန်ရစ်နေတာတဲ့။ အဲဒီလိုစေတနာတွေကျန်ရစ်နေလို့ ဘုန်းကြီးတို့လူသားတွေ အားထုတ်နိုင်တာပေါ့။ သေသွားပြန် ပျောက်သွားပြန် လူ့ဘဝလာရောက်ပြန်၊ တရားအားထားလုပ်လို့ ရတာပေါ့၊ မဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

လူဖြစ်ပြန်၊ ပျောက်သွားရင် ဘာမှမပါဖြစ်နေမှာပေါ့။ ဒီလိုသာဆိုရင် ဘယ့်နှယ့်လုပ်မလဲ ဦးပဥ္စင်းတို့။

(တင်ပါဘုရား။)

ဘုရားအလောင်းတော်ကြီးတွေ ပြန်ပြီးဖြစ်နိုင်စရာမရှိဘူး။ ငရဲတောင်ကျသေးတာပဲမဟုတ်လား။

(တင်ပါဘုရား။)

ငရဲမီးတောင်လောင်သေးတာပဲ။ ငရဲမီးလောင်တော့လည်း အဲဒီစေတနာတွေက ဘယ်ပါမတုန်း။ ပါမလား။

(မပါပါဘူးဘုရား။)

ဘယ်ပါမတုန်း။ သူ့ခုတ် သူ့သတ္တိက ပါရက်ချည်းပဲဗျ။ အဲဒီလောက်ဝမ်းသာစရာကောင်းတယ်။ အဲဒီတော့ တစ်ကြိမ် တစ်ခါ ကိုယ်ပြုလုပ်ထားတဲ့ ဒါနကုသိုလ်၊ သီလကုသိုလ်၊

www.burmeseclassic.com

www.burmeseclassic.com



ဘာဝနာ ကုသိုလ်တွေ အဲဒီကုသိုလ်တွေက ခံလိုက်တော့ ဘတ်ဆို လွတ်သွားရော။ အဲဒီလောက်အားကိုးထိုက်တယ်ကွ။

အဲဒီတော့ ပဋိဘာဂနိမိတ်ရလာတော့ အဝေးအနီး အကြီး အသေး အကုန်ရတယ်။ ဘုရားရှင်ရဲ့ကျေးဇူးတော်တွေ၊ ဘုရားသာသနာနဲ့ တွေ့နေလို့၊ သာသနာတော်ကြီးနဲ့တွေ့ပြန် တော့လည်း နိဗ္ဗာန်မရောက်သေးဘူးလေ။ မရသေးဘူးထား။ အဝေးဘုရားတွေ ဖူးရတယ်။ ပဋိဘာဂနိမိတ်၊ အိန္ဒိယတို့၊ သီဟိုဠ်တို့၊ ရွှေတိဂုံတို့၊ ပြီးတော့ နတ်ပြည် စူဠာမဏိစေတီတို့၊ ပင်လယ်ကသစ်ပင်၊ မြကျောက်ဖျာ၊ သုဓမ္မာဇရပ်၊ ဝေဇယန္တာ ပြာသာဒ်တို့နော်။ ဒါ ဘုရားရှင်ရဲ့တန်ခိုးတော်တွေ၊ ကြီးမား လိုက်တာ။ ပကတိလူမျက်စိနဲ့ ဘယ်မြင်နိုင်မတုန်း။ လူ့လောကမှာ နက္ခတ်တာရာကြည့်တဲ့မှန်ပြောင်းတွေ၊ မှန်ဘီလူးတွေနဲ့ ကြည့် လို့မမြင်ရဘူး။ ပဋိဘာဂနိမိတ် ဆန်းကြယ်တယ်ဆိုတဲ့အကြောင်း လူ ၁၀၀ မှာ ကိုးဆယ် လေ့လာသင့်ပါတယ်။

နောက်ဆုံး သင်္ခါရုပေက္ခာဉာဏ်ဆိုတာ ဘုရား၊ ပစ္စေက သူတော်ကောင်းလောင်းလျာတွေ တစ်ဘဝအတွင်း ငါတော့ သေသေကြေကြေအားထုတ်မယ်ဆိုတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် တွေ၊ ဟိုဘက်ကျတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ် ကူးသွားတာပေါ့နော်။

အဲဒါကြောင့်မို့ ဒီနေ့ သင်္ခါရုပေက္ခာဉာဏ်ကို ပွားကြ၊ ပွားများကြရအောင်။

အကြောင်းတရားတွေဖြစ်၍သွားသောကြောင့် တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် ပျက်စီး၍နေကြရသော မမြဲ မမုန်း

www.burmeseclassic.com

www.burmeseclassic.com



နှလုံးမမှု လျစ်လျူရှုအပ်သောရုပ်နာမ်တို့သည် ငါ့ကိုယ်မဟုတ်၊ ငါ့ဥစ္စာမဟုတ်၊ သူဥ်းနေပါကလား။ ငါ့ဟာမဟုတ် သူဥ်းနေပါကလား။ အမြဲမပြတ် ဖိစီး၍နှိပ်စက်နေသောကြောင့် အလွန်တရာဆင်းရဲလှပါကလား။ အနှစ်သာရမရှိ၊ အလိုသို့မလိုက်၊ အစိုးမရ၊ ငါ့ကိုယ်ခန္ဓာမဟုတ်။ အနတ္တ၊ အနတ္တ။ အနတ္တ။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ သုံးပါးစလုံး ကြိုးစားအားထုတ်ပွားများကြ။

(သာဓု … သာဓု … သာဓု …)

* * *

www.burmeseclassic.com

www.burmeseclassic.com


# ထပ်ပြီးတော့ပွားများကြ

တရားပွဲက နက်ဖြန်ဆိုသိမ်းတော့မယ်။ အစကနေပြီး ဥဒ္ဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်ကနေပြီး စပွားကြ။

(တင်ပါဘုရား။)

ဘုရားက သဗ္ဗညုတရွှေဉာဏ်တော်ကြီးနဲ့ မြင်တော်မူလို့ ဘုရားမသိတာ မမြင်တာမရှိဘူး။ အကုန်လုံး ဥပမာအားဖြင့် ဟိုနောက်နောက်ကတွေလည်း ပြောခဲ့တယ်။ တောင်ပေါ်မှာ မီးထွန်းထားတာကိုမြင်ရတယ်မဟုတ်လား။ ရှေးနီးနားကလူတွေ။ သဗ္ဗညုတရွှေဉာဏ်တော်ကြီးနဲ့ မြင်တော်မူလို့ ထားခဲ့တာ။ ဘုရားဂုဏ်တော်တွေလေ။ စူဠာမဏိစေတီတို့၊ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာတို့၊ ပင်လယ်ကသစ်ပင်တို့၊ သုဓမ္မာဇရပ်တို့၊ ဝေဇယန္တာတို့ အဲဒါတွေ လည်း ဖူးပြီးခဲ့ရပြီ။

အဲဒါတွေဖူးပြီးတော့ တစ်ခါတည်း ဝိပဿနာကူးလိုက်တော့ နာမရူပ ပရိစ္ဆေဒဉာဏ်၊ အဲဒါတွေသိလို့ ပစ္စယပရိဂ္ဂဟဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဥပမာအားဖြင့် ဒီဘဝမှာ လူလာဖြစ်ကြတယ်။ ရုပ်နာမ် နှစ်ဖြာ ဖြစ်ပေါ်လာ၊ ငါကအကြောင်းပဲ။ အဝိဇ္ဇာကြောင့်၊ တဏှာ ကြောင့်၊ ဥပါဒါန်ကြောင့်၊ ကံကြောင့်၊ အကြောင်းတရားတွေလည်း သိခဲ့ရပြီးမဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

အေး - အဲဒီအကြောင်းတရားတွေလည်း ရှေးကလည်း ရှိကြဦးမှာပဲ၊ ရှေ့လည်းဆက်ရဦးမယ်၊ မဆက်ချင်ဘူးလား။

(မဆက်ချင်ပါဘူးဘုရား။)

မဆက်ချင်ရင် ဘယ့်နှယ့်လုပ်မတုန်း။ ကြိုးစားပွားရင်တော့ ရတာပေါ့။ ဖြစ်ပျက်ဆုံးတာ နိဗ္ဗာန်သာ၊ ခန္ဓာကိုယ်တွင်ရှုတဲ့။ ပွားများကြ၊ ပွားများကြလျှင် တဖြည်းဖြည်းနဲ့တော့ ရောက်ရမှာ ပေါ့နော်။ တစ်ဘဝတည်းနဲ့မရောက်ရင်လည်း လူ့ဘဝကလေးနဲ့ သုဂတိအလား မြဲတယ်တဲ့။

လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံတို့မှာ သုဂတိမြဲနေရင် ကြောက် စရာမရှိဘူး။ အားငယ်စရာမရှိဘူး။ ဟောဒီလို ဘုရားပေးထား တဲ့ဆေးတွေကိုစားနေရသလိုပဲ။

(တင်ပါဘုရား။)

အားကိုးကြ။ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တွေ၊ ဒါကြောင့်မို့ ပဋိသန္ဓေဉာဏ်ကို အထူးအထွေဟောစရာ မလိုဘူး။ ထပ်ပြီးတော့သာ ပွားကြဖို့၊ အားထုတ်ကြဖို့ပဲလိုတာ၊ ကောင်းကောင်းပွားများအားထုတ်ကြပါ။ ဆရာမရှိ နည်းမသိဘူး၊

(တင်ပါဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ဆရာကောင်းသော် မဂ်လမ်းပေါ်၊ ဆရာမကောင်း မဂ်လမ်းပြောင်းတဲ့။ ရှေးက သူတော်ကောင်းတွေရေးထားတဲ့စာမှာ၊ ခု နည်းတွေသိနေပြီလေ။

(တင်ပါ့ဘုရား။)

မိမိရဲ့စေတနာ၊ မိမိရဲ့ သဒ္ဓါတရား၊ မိမိရဲ့ဝီရိယ၊ မိမိရဲ့ဆန္ဒ၊ ဝီရိယာအဓိပတိ၊ ဆန္ဒာဓိပတိ၊ စိတ္တာဓိပတိ၊ အဓိပတိတွေ တပ်ပြီးတော့ခါ ဆည်းပူးရတယ်။

(တင်ပါဘုရား။)

အဓိပတိဆိုတာ အကြီးအကဲ၊ ဘာလုပ်လုပ် အဓိပတိ အကြီးအကဲမပါရင်မပြီးဘူး။ ဝီရိယဝတော ကိံနာမကမ္မံ နသိဇ္ဈတိ၊ မရတာမရှိဘူး။ မိမိတို့မှာ လူ့ဘဝလေးရခိုက် ဘုရားကိုလည်းတွေ့၊ အမျိုးစုံလည်းတွေ့ခဲ့ပြီနော်။ ကြိုးစားပွားပေါ့နော်။ နောင်ခါကျတော့ တရားပွားများ အခိုက်အတန့်သည်မှာနေတဲ့အခါ ဒီနည်းကို ပွားဦးပေါ့။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com


## အားထုတ်ဖူးမှသိ

ယနေ့ သင်္ခါရုပေက္ခာဉာဏ်ဆိုတာ ပြီးတာပါပဲ။ အစကနေပြီး ရှုကြိုက်ကစပြီး ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ဥဒယဗ္ဗယဉာဏ်ကစပြီးပွားလို့ပို။ နှစ်သိန်းလေးသောင်းထုထည်ရှိသော မဟာပထဝီမြေကြီးကို ဘယ်သိပ္ပံပညာရှင်ကြီးတွေကတူးတူး မရဘူး။ တရားဓမ္မမှန်ပြောင်းနဲ့ကြည့်မှရတာ ဟုတ်သလား။

(ဟုတ်ပါတယ်ဘုရား။)

ယောဂီတို့လည်း တရားဓမ္မမှန်ပြောင်းနဲ့ကြည့်ကြ။

(တင်ပါဘုရား။)

ပွားများအားထုတ်ကြ။ ကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်၊ ဥဒယဗ္ဗယဉာဏ်ကစပြီး ပွားများအားထုတ်ကြိုးစားကြ။

ဗုဒ္ဓ ဓမ္မာ အစိန္တိယျာ ဘုရားဂုဏ်တော်၊ တန်ခိုးတော်တွေဘယ်သူမှကြံစည်လို့မရဘူး။ ဘုရားရှင်ရဲ့ဂုဏ်တော် ကျေးဇူးတွေ၊ တရားတော်ရဲ့ဂုဏ်တော် ကျေးဇူးတွေဟာ အလွန့်အလွန် သိမ်မွေ့တယ်၊ အလွန့်အလွန်နူးညံ့တယ်၊ အလွန့်အလွန်ဆန်းကြယ်တယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



နက်နဲတယ်။ တရားအားထုတ်ဖူးတဲ့လူမှသိတာ။ တရားအားမထုတ်ဖူးတဲ့သူက ဘာမှမသိဘူး။ ယုံကြည်နိုင်စရာမရှိဘူး။

ဒါကြောင့် ၃၁-ဘုံကျင်လည်နေရလည်း တရားအားထုတ်ဖူးသွားတဲ့သူက ဘုရားဂုဏ်ကျေးဇူး၊ တရားဂုဏ်ကျေးဇူးတွေကို ကြည်ညိုလေးစား ပွားများပြီး အကုသိုလ်ကို မပြုလုပ်မိတော့ဘူးဗျာ။ ဗုဒ္ဓအာစရိယာဆိုတဲ့အတိုင်း ဘုရားရှင်ရဲ့တရားတော်တွေကို ပွားများရတော့ ကြည်ညိုလေးစားပြီး လှိုက်လှိုက်လှဲလှဲ ပီတိတွေဖြစ်လို့ တစ်ကြိမ်တစ်ခါကြည်ညိုရတိုင်း ကုဋေတစ်သိန်းမက တန်တယ်ဟုတ်လား။

(တင်ပါဘုရား။)

ကုဋေတစ်သိန်းဖြစ်ပျက်တယ်ဆိုတာ မျက်စိတစ်မှိတ် လျှပ်တပြက်အတွင်းမှာ၊ ဟုတ်ပြီလား။ ဥပါဒ်ဌီနဲ့လိုက်ရင် ဥပါဒ်တစ်သိန်း ဌီကုဋေတစ်သိန်း၊ ဘင်တစ်သိန်း၊ ဘယ်နည်းမှာတုန်း။

(တင်ပါဘုရား။)

ခဏခဏကြည်ညိုလေ၊ ခဏခဏ ကုသိုလ်ဇောတွေရတယ်၊ အေး - ဟုတ်ပြီလား။ အဲဒီလိုကုသိုလ်ဇောတွေဖြစ်လာတာ။ ဒါ မိမိတို့ရဲ့ကံတရားတွေ၊ ကံစေတ်တွေပေါ့။ အဲဒါပါသွားတော့ ပါရမီစေတ်တွေပေါ့နော်။ အင်မတန်အားရစရာကောင်းတယ်နော်။ လူ့ဘဝရတဲ့အခါလေးလုပ်ရတာ။ ဘယ်လောက်ဆန်းကြယ်တုန်း။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတွေဖြည့်ပြီးတော့ ပေးတော်မူခဲ့တဲ့တရားတွေ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကလည်း အားထုတ်ဖြစ်လို့ပေါ့။ အရင်ကလည်း ကံစာတ်တွေ၊ ပါရမီဓာတ်တွေပါလာလို့ပေါ့၊ ဒီဓာတ်တွေက ဘယ်တုန်းက ပါလာတယ်လို့ ရေတွက်လို့ရမတုန်း။ ဒီဓာတ်တွေက ပျောက်ပျက် နေတာမဟုတ်ဘူး။

(တင်ပါဘုရား။)

အာသေဝနပစ္စည်းတွေ၊ ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော ... ရှေးဖြစ်သောတရားတို့သည် ဟိုရှေးရှေးက ဘယ်ဘဝကပြုခဲ့သော ကုသိုလ်တွေလို့ ဘယ်သိမလဲ။ ဘုရားမှသာသိတာပေါ့။ ပုရိမာ ပုရိမာ ကုသလာဓမ္မာ - ရှေးရှေးကဖြစ်သော ကုသိုလ်တရားတို့သည်၊ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ - နောက်နောင်ကဖြစ်သော ကုသိုလ်တရားတို့အား၊ အာသေဝနပစ္စယေန - အာသေဝနပစ္စည်းဖြင့်၊ ပစ္စယော - ကျေးဇူးပြုတတ်သည်၊ ဟောတိ - ဖြစ်၏တဲ့။

အာသေဝနဆိုတာ အခါခါ ထုံမွှမ်းတာ။ အေး အဲဒီသတ္တိ၊ အဲဒီဓာတ်တွေ၊ အဲဒီဓာတ်တွေက ပျောက်တာမဟုတ်ဘူး။ မပျောက် ဘူး။

အခုက ပျောက်ပျောက်နေကြတယ်။ ဘယ့်နှယ့်လုပ်မတုန်း။ ဘုရားတောင်ဖြစ်နိုင်စရာမရှိဘူး။ ဒီပကံရာမြတ်စွာဘုရားရှင် လက်ထက်ကစပြီးတော့ လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်း ကျင့်ကြံ ခဲ့တာနော်။

(တင်ပါဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ခွေးတွေ၊ ဝက်တွေ၊ ကြက်တွေရော မဖြစ်ဘူးလား။

(ဖြစ်ပါတယ်ဘုရား။)

ဖြစ်တာပေါ့။ ဖြစ်ပေမယ့် အလောင်းတော်ကြီးတွေကျ တော့ သူ့ဟာသူသိတယ်။ သူ့အလိုလိုသိတယ် ပါရမီတော်တွေက။ အဲဒါ အာသေဝနသတ္တိတွေပဲ။ အနန္တရတို့-သမနန္တရတို့-နတ္ထိတို့-ဝိဂတတို့-အဲဒါတွေကလည်း ထပ်ခါထပ်ခါ အဲဒီလိုဖြစ်ကြတာ။ သူက ထပ်ပြီးပါရမီဖြည့်လိုက်တော့ အကြိမ်ကြိမ်အဖန်ဖန် ဓာတွေကကဲနေတာ။

ဝိပဿနာမှာဆိုရင် ဖြစ်တာပျက်တာတွေ နှမ်းများလှော် လိုက်တဲ့အခါ တဖျောက်ဖျောက်နဲ့မြည်သလို တဖွဲ့ဖွဲ့နဲ့ တဖျောက် ဖျောက်နဲ့ ခန္ဓာကိုယ်မှာလည်း ကမ်းပါးကြီးတွေပြိုကျသလိုဖြစ် နေတာ တွေ့တယ်မဟုတ်လား။

(တွေ့ပါတယ်ဘုရား။)

ဖြစ်ရင် ပျက်ရက်ကြီးတွေပဲ။ နာရီတိုင်း နာရီတိုင်း၊ မိနစ် တိုင်း မိနစ်တိုင်းနော်။ ထိုင်နေဆဲအခါလည်း ဖြစ်ပျက်နေတာချည်း ပဲနော်။

(တင်ပါဘုရား။)

ဖြစ်ရင်ပျက်ရက်ချည်းထဲပဲနော်၊

(တင်ပါဘုရား။)

ဒါ ခမ္မော။ သူ့သဘောတရားသူဆောင်နေလို့ ပျက်ကာ ပျက်ကာ ဆောင်နေတာကို ပကတိမျက်စိနဲ့ကြည့်ရင် မမြင်နိုင်ဘူး။ ထိုင်နေရင်လည်း ထိုင်နေတဲ့အလိုက် ဖြစ်ရက်ပျက်ရက်ပဲ။ စိတ်

www.burmeseclassic.com

www.burmeseclassic.com



ကူးကလေးနဲ့နေလည်း စိတ်ကူးကလေးက ဖြစ်ရက်ပျက်ရက်ပဲ။ ကြံစည်တွေးတောနေတုန်း ပထမအတွေးပျောက်သွားပြန်ပြီးနောက် အသစ်တစ်ဖန်ပြန်ရောက်လာပြန်ပြီး ပထမကြံနေတာတွေက ပျောက်သွားလိုက်၊ ဒုတိယတစ်ခါ ပြန်ရောက်လိုက်နဲ့၊ ပထမ ကုသိုလ်ရေးတွေအာရုံ ပြုပြီးရှိနေသော်လည်း ဒုတိယအကုသိုလ်က လာပြန်ပြီး အကုသိုလ်ကံပျောက်သွားပြီး ကုသိုလ်ကလာပြန်ပြီး။ ဒီလိုပဲ ဖြစ်လိုက်ပျက်လိုက် ဖြစ်မနေဘူးလား။

(တင်ပါဘုရား။)

ကုသိုလ်တစ်လှည့်၊ အကုသိုလ်တစ်လှည့်လည်း ဖြစ်တတ်တာပဲ။ ပုထုဇဉ်တို့သဘာဝ ကုသိုလ်များတဲ့အခါ ကုသိုလ်၊ အကုသိုလ်များတဲ့အခါ အကုသိုလ်၊ ကုသလံဓမ္မံ၊ ကုသိုလ်တရားကို၊ ဘာဝေဟိ၊ ကုသိုလ်တွေဖြစ်အောင် ပန်းလျှုလည်းကုသိုလ်၊ ရေလျှုလည်းကုသိုလ်၊ ဝေယျာဝစ္စကုသိုလ်၊ အကုန်လုံး ကုသိုလ်ချည်းထဲပဲ။ ကုသလံဓမ္မံ-ကုသိုလ်တရားကို အဲဒီကုသိုလ်တွေကို အကြောင်းပြုပြီးတော့ ကုသလောဓမ္မော-ကုသိုလ်တရားသည် ဖြစ်၏။ အကြောင်းတွေကောင်းတော့ အကျိုးတွေလည်း ကောင်းလာတာပေါ့။

အဲလိုလာတာပဲ။ အကုသိုလ်လည်း အကုသိုလ်အကြောင်းပေါ့။ ဒါကြောင့် ကုသိုလ်ပဲဖြစ်ဖြစ် အကုသိုလ်ပဲဖြစ်ဖြစ် အလောင်းတော်ကြီးတွေ၊ သူတော်ကောင်းတွေက သေက္ခာဝါ ပုထုဇ္ဇနာဝါ အရဟန္တာဝါ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊ သေက္ခာဝါ-သေက္ခပုဂ္ဂိုလ်တို့သည်လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ပုထုဇ္ဇနာဝ-ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ အရဟန္တာဝ-ရဟန္တာပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ကုသလံ၊ ကုသိုလ်စိတ်ကို၊ အနိစ္စတော -အနိစ္စအားဖြင့်၊ ဒုက္ခတော-ဒုက္ခအားဖြင့်၊ အနတ္တတော-အနတ္တအားဖြင့်၊ ဝိပဿန္တိ-ဝိပဿနာရှုကြကုန်၏။ ကုသိုလ်စိတ်တွေ ပြုကျင့်ပြီးမှ ဝိပဿနာရှုတာ။ ဝိပဿနာရှုပြီးတော့ ပါရမီထူးတွေ ဖြစ်မသွားဘူးလား။

(ဖြစ်သွားပါတယ်ဘုရား။)

ချမ်းသာကြီးပဲ။ ဘုရားက ဘာမှ လိုလေသေး မရှိဘူးထားခဲ့တာ။ အကုန်လုံး ကုသိုလ်ကလည်းပဲ အနိစ္စရှုနေတဲ့ အခါဖြစ်-ပျက်။ အကုသိုလ်ကနေ ကုသိုလ်ကို ကျေးဇူးပြုမသွားဘူးလား။ အကုသိုလ်စိတ်ကလေး တစ်ကြိမ်တစ်ခါအောင်းမိပြီးရင်ကြံလိုက်တယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တပွားလိုက်ရင် သြော် ငါကြံတဲ့ အကုသိုလ်စိတ်ကလေးဟာ ပျောက်သွားမှာပေါ့။ အာရုံပြုလိုက်တော့ ကုသိုလ်စိတ်ဖြစ်မသွားဘူးလား။

(ဖြစ်သွားပါတယ်ဘုရား။)

ခုနေက ကြံလိုက်တဲ့ အကုသိုလ်စိတ်ကလေးတွေ အနိစ္စအကြောင်းပြု၍ ကုသလော ဓမ္မော-ကုသိုလ်တရားသည်ဟောတိ-ဖြစ်၏။ အမျိုးမျိုးအဖုံဖုံဟောထားခဲ့တာ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ကျေးဇူးတော်တွေ။ ဘုရားသာသနာနဲ့တွေ့ရသည်မှ ဘုရားပေးတော်မူတဲ့ သံသရာခရီးက ဗုဒ္ဓေါဗောဓေယျ-ငါဘုရား သစ္စာ ၄-ပါးကိုသိလျှင် ဘုရားဖြစ်မယ်ပေါ့ ဟုတ်သလား။

www.burmeseclassic.com

www.burmeseclassic.com


(ဟုတ်ပါတယ်ဘုရား။)

ဗုဒ္ဓေါ ဗောဓေယျ-သတ္တဝါတွေအားလုံး သစ္စာလေးပါး သိစေရမယ်။ မုတ္တော မောစေယျံ-သံသရာကလွတ်စေရမယ်။ အကုန်လုံးမြင်တော်မူလို့ မှာသွားတာတွေနော်။ ဒါန၊ သီလ၊ ဘာဝနာ ဒါတွေ ဖြည့်ကြရမယ်လို့ မြင်တော်မူ သိတော်မူတာပေါ့။

အလောင်းတော်မြတ်ရဲ့ ပကတိမျက်စိဟာ သူလိုကိုယ်လို ပကတိမျက်စိမဟုတ်ဘူး။ ဘုရားအလောင်းဗျာ။ အေး - ဒါကြောင့် ဗုဒ္ဓေါ ဗောဓေယျံ၊ မုတ္တော မောစေယျံ-သစ္စာလေးပါး ကို သိစေရမယ်၊ သံသရာကလွတ်စေရမယ်၊ ကြံမိးဝါးတာပေါ့။ ဗုဒ္ဓေါ ဗောဓေယျံ အရှင်ဘုရားတို့ သိနေကြတာပဲ။

(တင်ပါဘုရား။)

ဘုရား တရား သံဃာ ရတနာသုံးပါး တောင်းပန်လို့ သမထတွေအားထုတ်ရ၊ သမထတွေအားထုတ်ပြီးတော့ ဘုရား တွေဖူးရ၊ ကြည်ညိုရ၊ အဲဒီကနေပြီးတော့ ဝိပဿနာ ပုဗ္ဗကိစ္စ ရှေ့ပြေး၊ အဲဒီကနေပြီးတော့ သမ္မသနဉာဏ်ကူးလာကြတာပဲ။

အေး ဘုရားရဲ့ဂုဏ်တော်၊ တရားရဲ့ဂုဏ်တော်၊ သံဃာရဲ့ ဂုဏ်တော်တွေပဲ။ တကယ်ယုံကြည်ပြီးကျင့်ရင် တကယ်အကျိုး ပေးတယ်။ တကယ်အကျိုးပေးသန်တယ်။ ဘေးဥပါဒ်အန္တရာယ် လည်း ကင်းရှင်းတယ်။ ရန်အသွယ်သွယ်လည်း ကင်းရှင်းတယ်။ တကယ်ယုံကြည်လို့ ဘုန်းကြီးတို့ တကယ်ဖူးပြီးကြကုန်ပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com



# ဂုဏ်တော်ပွားပြီး မြစ်ကြီးကူး

ရှေးက ကုက္ကုဋဝတီပြည် မဟာကပ္ပိနမင်းကြီးဟာ အမတ်တစ်ထောင်နဲ့ မြင်းစီးပြီးထွက်လာတယ်။ ကုသဝတီပြည်ကြီးက မဟာကပ္ပိနမင်းကြီးဟာ မြင်းစီးပြီးထွက်လာတော့ အပရစ္ဆာဆိုတဲ့မြစ်ကိုတွေ့တယ်။ အဲဒီလိုတွေ့တော့ မဟာကပ္ပိနမင်းကြီးဟာ ဘုရားရှင်ရဲ့ဂုဏ်တော်တွေကို ဆင်ခြင်လိုက်တယ်။ အာရုံပြုတယ်။ နီလဝါဟနာမြစ်ကိုတွေ့ပြန်တော့ တရားဂုဏ်တော်တွေ ဆင်ခြင်လိုက်တယ်။ စန္ဒဘာဂါမြစ်ကိုတွေ့တော့ သံဃာ့ဂုဏ်တော်တွေကို ဆင်ခြင်လိုက်တယ်။ အဲဒီလိုဂုဏ်တော်တွေဆင်ခြင်ပြီးနေလိုက်တော့ အဲဒီအမတ် ၁၀၀၀ ဟာ မြင်းစီးပြီး မြစ်ထဲဆင်းချသွားတယ်။ မြစ်ရေဟာ ပထဝီဓာတ်ထဲမှာ မာကျောပြီးမှ ဖြစ်သွားသလိုဖြစ်လာတာ။

အဲဒါကြောင့် အမတ်တွေက မြစ်ထဲကို မြင်းတွေစိုင်းချသွားတာနော်။ ကဲ ဘယ်လောက်များ ဘုရားဂုဏ်တော်ကြီးမားသလဲနော်။

မိဖုရားကြီးဖြစ်တဲ့ အနော်ဇာဒေဝီကလည်း အမတ်ကတော်(၁၀၀၀) ခြံရံပြီးတော့ ထွက်လာပြန်ပြီး မြင်းရထားစီးပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဂုဏ်တော်တွေရည်စူးပြီး အာရုံပြုလို့ထွက်လာကြတာ မိဖုရားကြီးရော၊ သတ္တိမကောင်းဘူးလားကွ။

(ကောင်းပါတယ်ဘုရား။)

နင်တို့ဆို ကူးဝံ့ကြမလား။ ဟ - မဖြေကြပါလား။ ဟိုဘက်ကမ်းရောက်ရင် အရိမေတ္တယျဘုရားနဲ့ ဧကန်တွေ့မယ်ဆိုရင် ကူးဝံ့ကြသလား။

(ကူးဝံ့ပါတယ်ဘုရား။)

ဟုတ်ပါ့မလား။

အနော်ဇာဒေဝီမိဘုရားကြီးကလည်း အမတ်ကတော် (၁၀၀၀) နဲ့ မြင်းစီးပြီးထွက်လာကြတာ၊ သူကလည်း အဲဒီမြစ်ကြီးသုံးစင်းရောက်တော့ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တွေကို အာရုံပြုပြီး ဆင်ခြင်လျက် မဟာကပ္ပိနမင်း မြစ်ကြီးကူးသွားသလို ကူးသွားတယ်ဗျာ။ ဘုရားဂုဏ်တော်တွေ မကြီးကျယ်ဘူးလား။

(ကြီးကျယ်ပါတယ်ဘုရား။)

အာရုံပြုဆင်ခြင်တာနဲ့ ဟိုမှာ တိရစ္ဆာန်တွေဘောင် ဘာမှ မဖြစ်ဘူး။ ရေတွေက မဟာပထဝီဓာတ်ဖြစ်ပြီး မာကျောသွားတာပေါ့ ဟုတ်လား။ အဲဒါကို ကျောက်ဖြာကြီးခေါ်မှာပေါ့လေ။ ဘုန်းတွေ၊ ကံတွေ၊ ပါရမီတွေက ပါလာကြတော့ ဟိုဘုရားက လမ်းတစ်ပက်လောက်က လာကြိုတယ်။ မဟာကပ္ပိနမင်းကြီးနဲ့ အနော်ဇာမိဖုရားကို ဘုရားက ဘယ်နေနိုင်ပါ့မလဲ၊ လာကြိုတယ်။

ဘုရားနဲ့တွေ့ပြီး တရားဟောတော်မူလိုက်တော့ ဇေယျာဦးကျွတ်ဆိုတွေဖြစ်ပြီး ကျွတ်တမ်းဝင်သွားကြပြီ။ စွန့်နိုင်တာကတော့ ထီး

www.burmeseclassic.com



တော်၊ နန်းတော်၊ အခြံအရံတွေလည်းစွန့်နိုင်တယ်။ ပါရမီတော်တွေ အားမကောင်းဘူးလားကွ။ ကံတွေကလည်းပါကြတာကိုး။

ကြည့်စမ်း တိုင်းတော်၊ ပြည်တော်၊ ထီးတော်၊ နန်းတော်တွေလည်း စွန့်လို့၊ စွန့်ရက်တယ်၊ စွန့်နိုင်တယ်။ မင်းတို့ ဒီမှာ တရားလာအားထုတ်တော့ အိမ်ပြန်ပြန်လည်လည်ရောက်နေကြတာမဟုတ်လား။ မရောက်ဘူးလား။

(ရောက်ပါတယ်ဘုရား။)

ဟိုမှာကြည့်စမ်း။ ထီးတော်နန်းတော်၊ ပြည်တော်တွေကို စွန့်ပြီး ထွက်လာလိုက်ကြတာ၊ ပထမမြစ်ကြီးတစ်စင်းတွေ့တယ်။ ဘုရားဂုဏ်တွေကိုအာရုံပြုပြီး ကူးသွားခဲ့တယ်။ ဒုတိယမြစ်ကြီးတစ်စင်းတွေ့ပြန်တယ်။ ဒါလည်း တရားဂုဏ်တော်တွကို အာရုံပြုပြီး ကူးချသွားပြန်တယ်။ နောက် တတိယမြစ်ကြီးတစ်စင်းတွေ့ပါတယ်။ သံဃာ့ဂုဏ်တွေကို အာရုံပြုပြီး ကူးချသွားပြန်တယ်။ နည်းနည်းကလေးမဟုတ်ဘူး။ မြစ်သုံးစင်းတောင် ဖြတ်ကူးရတာ လွယ်ပါ့မလား။

သုံးစင်းစလုံး အောင်အောင်မြင်မြင် ချောချောမောမောဖြစ်ပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ရောင်ခြည်တော်တွေ ကွန့်မြူးပြီး ကြိုနေတယ်။ ဘယ်လောက်ကြည်ညိုစရာကောင်းသလဲ။ ဘုရားနဲ့တွေ့ပြီး တရားတွေနာလို့ ဧဟိဘိက္ခု ကျွတ်တမ်းဝင်သွားကြလေသည်။

ကဲ အရှင်ဘုရားတို့၊ သီလရှင်တို့၊ ယောဂီတို့၊ ဘုရားကကြိုရမလား၊ ကြည့်စမ်း၊ မဟာကပ္ပိနမင်းကြီးတို့လို ပါရမီရှင်

www.burmeseclassic.com



တွေကို ဘုရားက လာကြိုရလောက်အောင် ဘုရားရှင်အပေါ်မှာ ကြည်ညိုတာ။ ယခု အရှင်ဘုရားတို့၊ သီလရှင်တို့၊ ယောဂီတို့လည်း ပါရမီထူး၊ ကံထူး၊ ဓာတ်ခံတွေပါအောင် တရားကို ကျင့်ကြံပွားများ အားထုတ်ကြ။

(တင်ပါဘုရား။)

နောက်ဆုံးတရားအနေနဲ့ သိမ်းလိုက်ကြစို့ရဲ့။

(တင်ပါဘုရား။)

တရားသိမ်းတယ်ဆိုပြီး ပစ်မထားကြနဲ့။ အစ ဥဒယဗ္ဗယ ဉာဏ်ကစပြီး အားထုတ်ကြ။

(တင်ပါဘုရား။)

ဒါမှ ဘုရားဟောတော်မူတဲ့ ဗုဒ္ဓေါဗောဓေယျ-မုတ္တော မောစေယျ-လွတ်စေရမယ်လို့ ကြိမ်းဝါးတော်မူတာ။ ဒါမှ လူ့ပြည်ကနေပြီး ကြိုးစားမှ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ချီးမွမ်းရာရောက်မယ်။ ဒီဘုရားတစ်ဆူထဲ ချီးမြှောက်တာမဟုတ်ဘူး။ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြတဲ့ ဘုရားရှင်အဆူဆူကိုလည်း ချီးမြှောက်ရာမရောက်ဘူးလား၊ ပူဇော်ရာမရောက်ဘူးလား။

(ရောက်ပါတယ်ဘုရား။)

ပူဇော်ရာလည်းရောက်တယ်၊ ကြည်ညိုရာလည်းရောက်တယ်။ ကိုယ့်သာသနာတော်ကြီး ချီးကျူးရာလည်းရောက်တယ်။ အားလုံးကို အကျိုးပြီးစီးတယ်။ ကဲ အဲဒီအတိုင်း အားထုတ်နေကြ။

(သာဓု ... သာဓု ... သာဓု ...)

* * *

www.burmeseclassic.com

www.burmeseclassic.com



## အနုလောမဉာဏ်

အနုလောမဉာဏ်ကတော့ ကန္တီဆရာတော်ဘုရားကြီးများက အထူးပြောမပြပါဘူး။ ဒါပေမယ့် ဘုန်းကြီးတို့၊ သီလရှင်တို့၊ ယောဂီတို့ သိထားဖို့ နည်းနည်းပြောဦးမယ်။

(မှန်ပါဘုရား။)

အနုလောမဉာဏ်ပွားမယ်ဆိုရင် ရှေးကလိုပွားတာပါပဲ။ အထူးမဟုတ်ပါဘူး။

အကြောင်းတရားတွေ သူ့အလိုလိုဖြစ်ပျက်နေသောကြောင့် တရိပ်ရိပ်တဖွဲဖွဲ တသဲသဲဖြစ်ပျက်နေတဲ့ မချစ်မမုန်း နှလုံးမမူ လျစ်လျူရှုအပ်တဲ့ ရုပ်နာမ်တို့ဟာ ငါမဟုတ်၊ သူဉ်းလို့နေပါ တကား၊ အနှစ်မရှိ၊ အလိုသို့မလိုက်၊ အစိုးမရ၊ ကိုယ်မဟုတ် အနတ္တ ... အနတ္တ ... အနတ္တ ဆိုပြီး ပွားရုံပါပဲ။

အဲဒီလိုပဲ ရုပ်နာမ်ခန္ဓာတွေကို ဘေးအဖြစ်၊ အပြစ်အဖြစ်၊ ပြင်းမုန်းငြီးငွေ့စရာအဖြစ်နဲ့ ရှုရတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး အဲဒီလိုဖြစ်ပျက်နေတဲ့ ရုပ်နာမ်ခန္ဓာကြီးက လွတ်ငြိမ်းရပါမှု၊ ဖဲသွားရပါမှု ကောင်းလေစွဆိုပြီး အနုတ္တသဘော တရားပေါ်အောင် ရှုပွားကြရမယ်။

ဥဒယဗ္ဗယဉာဏ်နဲ့ ဘင်္ဂဉာဏ်တွေပဲ အရေးကြီးတာပါ။ ဒါကြောင့် အနုလောမဉာဏ်ဆိုတာကတော့ အထက်က ရှုမှတ်ပွားများခဲ့တာတွေကို တစ်ဖန်ပြန်လည်သုံးသပ်ဆင်ခြင်ပြီး အလျော်အားဖြင့် ရှုမှတ်ပွားများ ဆင်ခြင်ပြန်တာပါပဲ။ အထူးအနေနဲ့ ရှုမှတ်ရတာမျိုးမဟုတ်ပါဘူး။ ဆန်ကောတင်ပြန်လည်စစ်ဆေးတဲ့ သဘောလို့ပဲ မှတ်ထားကြ။ ဟုတ်ပြီလား။

(မှန်ပါဘုရား။)

* * *

www.burmeseclassic.com

www.burmeseclassic.com



# လမ်းမတော်ကြီး

ကဲ ကိုယ့်အဆင့်အတန်းနဲ့ကိုယ် တရားအသီးသီးလည်း ရလာကြပါပြီ။ တရားပွဲကတော့ သိမ်းလိုက်ပြီဆိုပြီး မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ အပ္ပမာဒေန သမ္ပာဒေထလို့ ဘုရားမှာတဲ့စကားလို မမေ့မလျော့ မပေါ့မဆ သတိတရားဖြင့် လုံ့လဝီရိယနဲ့နေကြပါ။ ဟုတ်တယ်မဟုတ်လား။

(ဟုတ်ပါတယ်ဘုရား။)

ကိုယ့်ကိုယ်ကိုလည်း ယခုအချိန်ကစပြီးတော့ လွတ်ဖို့ ကျွတ်ဖို့ဆိုတာ ကိုယ့်အားကိုယ်ကိုးမှရတာ။ ကိုယ့်လုပ်ခကိုယ် ရမှာ။ ကိုယ့်နေ့တွက် ကိုယ်ရမှာ နားလည်တယ်မဟုတ်လား။

(နားလည်ပါတယ်ဘုရား။)

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မွေးဖွားတော်မူလာစဉ်က စပြီးတော့ အားလုံးသောသတ္တဝါတွေ ရင်ဝယ်သားကဲ့သို့ သနား တော်မူလှတဲ့အတွက်ကြောင့် ဗုဒ္ဓေါမောဝေယျ - ငါ သစ္စာတရား

www.burmeseclassic.com

www.burmeseclassic.com



၄-ပါးကိုသိလျှင် သင်တို့လည်း သစ္စာလေးပါးကို သိရမယ်လို့ ကြိမ်းဝါးလာတာ။ တိဏ္ဏောတာရေယျံ - သံသရာကလွတ်စေရ မယ် - လူ့ပြည်ကနေပြီးတော့ အဲဒီလိုကြိမ်းဝါးလာတာ။ အဲဒီတော့ လွတ်ဖို့ကျွတ်ဖို့ အားထုတ်ဖို့ရာဆိုတာကလည်း လူ့ဘဝကလွဲလို့ ဘယ်ဘဝမှမရဘူး။ ဘယ်ဘဝကမှ မလွယ်ဘူး။ အဝိဇ္ဇာအမှောင် ဆိုတာက ဖြစ်ရာဘဝတိုင်းပါတာ။ မပါဘူးလား။

(ပါပါတယ်ဘုရား။)

လူဖြစ်လည်း အဝိဇ္ဇာအမှောင်ကပါရဲ့၊ နတ်ဖြစ်လည်း အဝိဇ္ဇာအမှောင်ကပါတာပဲ။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်သွားရင်တော့ တဖြည်းဖြည်းလွတ်သွားတော့တာပေါ့။ လူစဖြစ် ကတည်းက စပြီး အဝိဇ္ဇာအမှောင်က ပါလာတာ။ အမိုက်မှောင်ထဲ နေခဲ့ရတာ။ အမိုက်တောကြီးထဲကလာရတာမဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား။)

ဘုန်းကြီးရော၊ လူတွေရော အကုန်လုံး အမိုက်တွေချည်း ထဲပဲ။ ဖြစ်လိုက်ပျက်လိုက်၊ အိုလိုက်နာလိုက် သေလိုက်နဲ့ ဇာတိ ဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခတွေ။ ရှေ့ကိုလည်း ဇာတိဒုက္ခတွေက လာဦးမှာ။ မရဏဒုက္ခတွေကလည်း လာဦးမှာ။ ဗျာဓိဒုက္ခတွေက လာဦးမှာ။ ရှောင်လို့မရ တိမ်းလို့မရ။ ဘယ်သူ မှ မရှောင်နိုင် မတိမ်းနိုင်ဘူး။ ပုထုဇဉ်ဘဝနဲ့။

ဝိသုဒ္ဓါရုံဆရာတော်က ရေးထားတယ်လေ။

*"ရန်သူဝိုင်းထား ထိုယောကျ်ားကား ပြေးသွားဖို့ခဲ လမ်းပေါက်သာလျှက် ပြေးမထွက် လမ်းတွက်မဟုတ်ချေ။"*

www.burmeseclassic.com



လမ်းကတော့ မဂ္ဂင်ရှစ်ပါးဆိုတဲ့လမ်းမတော်ကြီးလေ။ မှတ္တောမောစေယျံ၊ အေး - လူတွေလွတ်အောင်ကျင့်ကြံဖို့ထားခဲ့တာ။ ဘုရားက ပီပီပြင်ပြင် လမ်းမတော်ကြီးကထားခဲ့တာ။ အဲဒါ ဝေနေယျသတ္တဝါတွေကို ဒီမဂ္ဂင်ဖောင်ကြီးပေါ်တင်လို့ ခေါ်ဆောင်သွားတာ။ အဲဒီဖောင်ကြီးပေါ် ဘုန်းကြီးတို့၊ အရှင်ဘုရားတို့ မပါခဲ့ဘူး။ မစီးနိုင်ခဲ့ဘူး။ မပါဘူးဆိုတာ မစီးနိုင်ခဲ့လို့ မပါတာပေါ့။

သင်္ခါရတရားတွေချည်းထဲပေါ့။ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံ၊ သုံးဘုံစလုံး၊ သင်္ခါရတွေချည်းပဲ။ ဖြစ်လာရင် ပျက်ရမှာချည်းပဲ။ သဗ္ဗေသင်္ခါရာ အနိစ္စာ ဟုတ်လား။ အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ပြီးရင် ပျက်သွားတာပဲ။ သင်္ခါရတရားတွေ အကုန်လုံး ဘာမှမကျန်ဘူး။ တောတောင်ရေမြေ သမုဒ္ဒရာ ဘာမှ မကျန်ဘူး။ အနိစ္စာဝတသင်္ခါရာ...တဲ့။

သင်္ခါရတွေ ဘာဖြစ်မှာတုန်း။ ဖြစ်ရင် ပျက်သွားမှာ။ ဖြစ်ပြီးပျက်တယ်ဆိုတာ ဘယ့်နှယ့်တုန်း။ ဖြစ်ရင်ပျက်မယ်။ ပျက်တော့ ချုပ်သွားတာတဲ့။ ဖြစ်ရင်ပျက်၊ ပျက်ရင်ရင်တဲ့... ဒီလိုလာခဲ့ရတာ။ အမိုက်တောကြီး၊ မှောင်တဲ့အခါမှောင်လိုက်၊ လင်းတဲ့အခါလင်းလိုက်။

အခုတင် တရားဓမ္မတွေအားထုတ်လို့ ကိုယ်တိုင်ကိုယ်ကျ ရှုကြပွားကြ၊ အားထုတ်ကြတော့ အလင်းခတ်ကလေးတွေ ရကြတာပေါ့။ ဝိဇ္ဇာခတ်ကလေးတွေ၊ ဝိဇ္ဇာဉာဏ်ကလေးတွေ၊ သည်အဝိဇ္ဇာက မိမိတို့အားထုတ်တဲ့အခါ မလာနိုင်ဘူး။ ရံဖန်ရံခါ

www.burmeseclassic.com



အလင်းဓာတ်တွေက ဝိဇ္ဇာဉာဏ်တွေပေါ့။ ဝိဇ္ဇာဓာတ်တွေပေါ့။ အားထုတ်နေကြတဲ့အခါ ဘုရားရှင်ရဲ့ဂုဏ်တော်တွေ အာရုံပြုနေတဲ့အခါ ဝိဇ္ဇာဉာဏ် ဝိဇ္ဇာဓာတ် အလင်းဓာတ်တွေပေါ့။ ဘုရားဂုဏ်တော်တွေ ရွတ်ဆိုအာရုံပြုတဲ့အခါ ဝိဇ္ဇာဉာဏ် ဝိဇ္ဇာဓာတ် အလင်းဓာတ်တွေပေါ့။ သံဃာ့ဂုဏ်တော်တွေကို အာရုံပြုတဲ့အခါ ဝိဇ္ဇာဓာတ် အလင်းဓာတ်တွေပေါ့။

အဲဒါတွေ ရတနာသုံးပါး၊ ကံကံ၏အကျိုးတရားတွေပေါ့။ မိမိတို့ ယုံယုံကြည်ကြည်နဲ့ အားထုတ်လာခဲ့တာ။ သူ့အဆင့်အတန်းအလိုက် ဝိဇ္ဇာဉာဏ်တွေဖြစ်ခဲ့ပြီ။ ဝိဇ္ဇာဉာဏ် တွေရခဲ့ပြီ။ မှောင်နေတယ်ဆိုတဲ့ တိုက်ခန်းတစ်ခုထဲမှာကြည့်ရင် ကုတင် ခြင်ထောင် ခေါင်းအုံးကအစ မမြင်နိုင်ဘူးမဟုတ်လား။

(တင်ပါဘုရား။)

BURMESE CLASSIC

အလင်းရောင်တွေလင်းနေတဲ့ ဆီမီးရောင်တွေ၊ လျှပ်စစ်ရောင်တွေ လင်းနေတဲ့အခါ အမိုက်မှောင်ပျောက်သွားတယ်။ အဲ - မင်းသွားတော့လို့ ပြောတဲ့အတိုင်းပဲ။ အနတ္တတရားတွေ သူ့ဟာသူ ပျောက်သွားတယ်မဟုတ်လား။

(ဟုတ်ပါတယ်ဘုရား။)

အမှောင်ဓာတ်တွေဟာ အလင်းရောင်လာတော့ ပျောက်ကွယ်သွားတာပဲ။ ခုလည်းပဲ တစ်သံသရာလုံးကပါလာတဲ့ အဝိဇ္ဇာတွေဟာ ဝိဇ္ဇာဉာဏ်လာတော့ တစ်ခါတည်း ပျောက်သွားတယ်။ အဲဒါ ဘုရားရှင်သာသနာနဲ့တွေ့လို့ ပျောက်ရတာ။ ဒီကံတွေက သံသရာကပါခဲ့တာ။ သံသရာက ဖြည့်ခဲ့တဲ့ပါရမီတော်တွေ၊ မိမိ

www.burmeseclassic.com

www.burmeseclassic.com


သဏ္ဍာန်မှာ တစ်သံသရာလုံးကပါခဲ့တဲ့ အဝိဇ္ဇာအမှောင်ကို မဖျောက်နိုင်ဘူးမဟုတ်လား။

(ဟုတ်ပါတယ်ဘုရား။)

ဘုရားရှင်ရဲ့တရားတော်တွေက သတိကလေးတစ်လုံးနဲ့ ဖျောက်ခဲ့တယ်။ ဝီရိယကလေးတစ်လုံးနဲ့ဖျောက်ခဲ့တယ်။ ပယ်ခဲ့တယ်။

BURMESE CLASSIC

တရားဓမ္မရှုပ်သိမ်းလိုက်တော့လည်းပဲ ကိုယ့်ကိုယ်ကို အားစိုက်ပြီး အတ္တာဟိ အတ္တနော နာထော၊ ကော ဟိ နာထော ပရော သိယာ၊ ကိုယ့်ကိုယ်ကိုအားကိုးမှ၊ ဘုရားရှင်ကိုယ်တော် မြတ်ကြီး အလောင်းတော်မွေးဖွားစဉ်က ဟောတော်မူခဲ့တဲ့ မုတ္တော မောစေယျံထဲပါမှာ။ ကိုယ်လုပ်တာ ကိုယ့်နောက်ပါမှာ။

ဂေါတမဘုရားရှင်ကိုယ်တော်မြတ်ကြီးက သော သတော ဝ အဿသတိလို့ မှာတော်မူခဲ့တယ်။ သတိကလေးတစ်လုံးထဲ ဟောတော်မူခဲ့တယ်။ ဂင်္ဂါဝါဠု သဲစုမက ဒီကမ္ဘာမှာ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ပွင့်တော်မူကြသော အဲဒီဘုရားရှင်တွေလည်း ကြည်ညိုရာ ပူဇော်ရာရောက်တယ်။ ဘုရားတစ်ဆူ ဟောတော်မူတဲ့တရားက ကျန်တဲ့ဘုရားတွေက ဟောဒီလို ဟောတော်မူတယ်လို့ ဟောခဲ့ကြတာပဲ။

ဒီလိုဆိုရင် မိမိတို့ကြိုးစားအားထုတ်ခဲ့တာတွေ ဂေါတမ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအမှူးထားပြီးတော့ ဂင်္ဂါဝါဠု သဲစုမက သမုဒ္ဒဝါဠု သဲစုမက ပွင့်တော်မူကြတဲ့ ဘုရားတွေ၊ ဂုဏ်တော် ကျေးဇူးတော်အနန္တတွေကို ကျေးဇူးအာရုံပြုပြီးတော့

www.burmeseclassic.com



တရားတော်တွေကို ကြည်ညိုရာ ပူဇော်ရာမရောက်ဘူးလား။ ပူဇော်ရာရောက်ရင် ဓမ္မံသရဏံဂစ္ဆာမိ ဖြစ်မသွားဘူးလား။

(ဖြစ်သွားပါတယ်ဘုရား။)

ဓမ္မံသရဏံဂစ္ဆာမိဖြစ်သွားရင် ဗုဒ္ဓံသရဏံဂစ္ဆာမိနဲ့အတူတူ ဖြစ်သွားတာပဲ။

(တင်ပါဘုရား။)

အဲဒါ တစ်ခုကိုတစ်ခု အကျိုးပြုတယ်နော်။ မုတ္တော မောစေယျံ-ဆိုတဲ့အတိုင်း တိဏ္ဏော တာရေယျံ-ဆိုတဲ့အတိုင်း တဖြည်းဖြည်းကူးကြရမှာပေါ့တဲ့။ တဖြည်းဖြည်း လွတ်ကြရမှာ ပေါ့။ တဒင်္ဂချင်း၊ တဒင်္ဂချင်း အဲဒီလိုပယ်သတ်ပြီးတော့ ကူး ကြရမှာပဲ။

အေး - ကနေ့ကစပြီးတော့ နေ့တိုင်း နေ့တိုင်း ကိုယ့်ဟာ ကိုယ်အားထုတ်ကြပြီးတော့မှ ဥဒယဗ္ဗယဉာဏ်ကစပြီးတော့ ကန္နီဆရာတော်ကြီးက ဥဒယဗ္ဗယဉာဏ်ရောက်ရုံပဲ။ ဟိုဘက်ကိုဆို သူ့ဟာနဲ့သူ အလိုလိုသွားတာတဲ့။ အဲသလို ဥဒယဗ္ဗယဉာဏ်က စပြီးတော့ ကိုယ့်ဟာကိုယ်လည်း အားထုတ်ကြ။ ကြိုးစားကြဗျား။

(သာဓု ... သာဓု ... သာဓု ...)

* * *

ပဓာနပါရဂူကျမ်း ပြီး၏။

*နိဗ္ဗာနပစ္စယော ဟောတု။*

www.burmeseclassic.com